သိပ္ပံဒေသင်

မန်းတို့ငါသခင်



စာမူခွင့်ပြုချက်အမှတ်	၄၄၉ / ၂၀၀၀ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	၃၆၁ / ၂၀၀၀ (၆)
ထုတ်ဝေကာလ	၂၀၀၀ ပြည့်နှစ်
အုပ်ရေ	၄၀၀
ကန့်ဖိုး	၁၀၀ ကျပ်
ထုတ်ဝေသူ	ဦးကျော်ကျော်
	ဝတ္ထုထွန်းစာပေ
	အမှတ် -၉၀(ဘီ)၊ ၅-လမ်း
	လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	ဦးသန်းဝင်း
	ကျော်ပုံနှိပ်တိုက်
	အမှတ်(၂၃၉)၊ ခေမာသီလမ်း၊
	မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
မျက်နှာဖုံးရိုက်	ဦးတိုးဝင်း၊ (မြ ဝ၂၄၃၁)
	နေလရောင် အော့ဖ်ဆက်
	၉၆/ခ၊ ၁၁-လမ်း၊
	လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဗိုလ်ချုပ်ကြီးမှူးကြီး ဦးနေဝင်း ဆရာဝန်ထံ

ဓာတ်ကူသို့လ်သီဟအောင်

ပန်းတိုက်သခင်

(ပ + ဒု)

၄-အုပ်တွဲ သိုင်းစာစဉ်

တက္ကသိုလ်သီဟအောင်

ပန်းတို့၏သခင်

(ပထမပိုင်း)

ဒုတိယဝန်အရေးသိုးပျံး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အစေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အစေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အစေး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သတောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ထိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ာက်သိုင်းကွက်

ါင်ကျင်းမြို့....
ခတောင်ဘက်ငါးမိုင်ခန့်အကွာတွင်ရေပူစမ်းရှိသည်။
ါင်ကျင်းမြို့ ရေပူစမ်းသည် လန်ကျိုးနယ်တွင် ထင်ရှား
ူသိများသော နေထူတစ်ခုဖြစ်လေသည်။

* * *

ါးဗွင်အိုင်....
ာဝဒေသလျောက် ဖြစ်ပေါ်နေသော အိုင်ကြီးတစ်ခု
ည်။

ထိုရေအိုင်မှရေများသည် တဖွဲဖွဲမြည်ကာ ဆူပွက်လျက်ရှိသည်။ နဂါးဗွက်အိုင်မှ စီးထွက်လာသော ရေများသည် မြေနိမ့်ရာ အရှေ့ဘက်သို့ စီးဆင်းသွား၏။

စဉ်ဆက်မပြတ် စီးဆင်းနေသော ထိုရေများသည် ပေါင်ကျင်းမြို့နှင့် ငါးမိုင်ခန့်အကွာသို့ရောက်လျှင် အပူရှိန်လျော့ကာ သွားကာ ရေပူစမ်းအဖြစ် ပြောင်းလဲသွားလေသည်။

ရေပူစမ်းတွင် ရေချိုးလျှင် ကျန်းမာရေး ကောင်းသည်ဟူ၍ အချို့က ယုံကြည်ကြသည်။

ထို့ကြောင့် ရေချိုးဆိပ်တစ်ခု ဖြစ်ပေါ်လာသည်။

ရေချိုးဆိပ်တွင် ပေါင်ကျင်းမြို့မှလူများသာမက ရပ်ရွာမှ ရောက်လာသူများ ခရီးသွားများကပါ လာရောက် ရေချိုးလေ့ရှိကြသည်။

ရေပူစမ်းမှ ရေချိုးဆိပ်သို့ သွားရောက်ရေချိုးလေ့ရှိကြသည့် အလေ့အကျင့်ကြောင့်ပင်လျှင် ယင်းချောင်းငယ်သည် ပြဿနာတစ်ခုနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်လေသည်။

ယင်းချောင် ကြုံတွေ့ခဲ့ရသော ပြဿနာသည် ရုတ်တရက်ဆိုလျှင် အသေးအဖွဲပြဿနာတစ်ခုဟု ထင်ရ၏။

သို့သော်....

သို့ပြဿနာ၏ နောက်ကွယ်ဘွင် သိုင်းလောက တစ်ခုလုံး ကိုင်လှုပ်နိုင်သော အကြောင်းခြင်းရာများ ရှိနေသည် သိသူဘစ်ယောက်သာ ရှိသည်။

သို့လူမှာ ပေါင်ကျင်းမြို့တွင်းက လက်ဖက်ခြောက်ဆိုင်းသော အသက်မွေးဝမ်းကျောင်းပြုသည့် ယင်းချောင်၏ဖခင်ဖြစ်သူ ဖြစ်လေသည်။

* * *

ပြဿနာတစ်ရပ်....

ယင်းချောင်သည် မည်သို့သော ပြဿနာနှင့် ကြုံတွေ့ခဲ့ရသနည်း။

သို့နှင့်က နေ့သာသောနေ့တစ်နေ့ ဖြစ်သည်။

ယင်းချောင် တိတ်ဆိုးလေး မေတ္တာသက်ဝင်နေမိသော သိုင်ရှင်၏ သမီး ချိုကျင်းသည် အသည်းအမတ် ရောက်ခဲ့သော ရပ်ဝေးမှ ဆွေမျိုးများကို ရေပူစမ်းသို့ လိုက်လံသွင်းပေးခဲ့သည်။

ချိုင့်ဝှမ်းများအဖြစ်ရှိနေ၏။ နဂါးပုက်အိုင်မှ မြစ်ဖျားခံလာသော ရေပူစမ်းသည် စိမ်းလန်းသော တောအုပ်အတွင်းမှ ဖြတ်သန်းစီးဆင်းသွားခြင်း ဖြစ်လေသည်။

ရေပူစမ်းအနီးတွင် လှပသော ဆောင်စုံတော်ပန်းပင်များ ရောင်စုံ ကျောက်တုံးကျောက်ခဲများ နေရာယူထား၏။

ရေပူစမ်း၏ အထက်ပိုင်းတွင် အမျိုးသားများအတွက် ရေချိုးဆိပ်ရှိပြီး အောက်ဘက်ပိုင်းတွင် အမျိုးသမီးများအတွက် သီးခြားရေချိုးဆိပ်ရှိလေသည်။

ယင်းချောင်သည် အမျိုးသားနှင့် အမျိုးသမီး ရေချိုးဆိပ် နှစ်ခုကြား၌ သစ်ပင်ကြီး တစ်ပင်အောက်၌ တိုင်နေသည်။

သူက ချိုကျင်းတို့နောက်သို့ မယောင်မလည်ဖြင့် လိုက်လာခဲ့သော်လည်း အမျိုးသမီးများ ရေချိုးဆိပ်သို့ မသွားခဲ့ပေ။

နယ်နိမိတ်စည်းခြားသတ်မှတ်ထားခြင်းမဟုတ်သော်လည်း လူတိုင်းလူတိုင်း မိမိတို့၏ အသိစိတ်ဖြင့် လိုက်နာစောင့်ထိန်းရမည့် လူမှုရေးစည်းကမ်းကို ယင်းချောင်းက လိုက်နာခဲ့ခြင်း ဖြစ်လေသည်။

သို့သော်....

ယင်းချောင်သည် ချိုကျင်းထံမှ မေတ္တာတောင်းခံရန် အခွင့်အရေး ရလိုရင်ဖြင့် ရေပူစမ်းသို့ ယောင်မလည်ဖြင့် လိုက်သွားခဲ့သည်။

ဤတွင်....

* * *

သာယာသောနေ့တစ်နေ့ ဖြစ်ပါသည်။

နေခြည်ဖြာကျနေသည်။

ကောင်းကင်ပေါ်တွင် မိုးသားတိမ်လိပ်များ ကင်းစင်စွာ ကြည်ပြာရောင်သန်းနေ၏။

ဥက်ကလေးများကအသံတစာစာပေးကာ ပျံသန်းသွားကြသည်။

မိုးကောင်းကင်အောက်တွင် စိမ်းလန်းသော သစ်တောများ၊ တောင်ကုန်း တောင်တန်းများ၊ လွင်ပြင်များနှင့်

ထိုစည်းကမ်းကို မသိကျိုးကျံုးပြုကာ ဖောက်ဖျက်သူကို တွေ့ရသောအခါ ယင်းချောင်တွင် ပြဿနာဖြစ်ပေါ်လာခဲ့ရတော့သည်။

ယင်းချောင်သည် ချိုကျင်းနှင့် အာဖဘ်မိန်းကလေးများ ရေချိုးဆိပ်မှ အပြန်လမ်းကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေစဉ်မှာပင် အမျိုးသမီးရေချိုးဆိပ်ဘက်သို့ သွားနေသူ ထစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အစိမ်းရောင်ဝတ်ဆင်ထားသော လူငယ် တစ်ယောက် ဖြစ်သည်။

ယင်းချောင်နှင့် သက်တူရွယ်တူခန့် ရှိသည်။

မျက်နှာနီစပ်စပ် ရှည်မျောမျော၊ ဂနာမငြိမ်သော မျက်လုံးများက အပျော်အပါး ခုံမင်သူတစ်ယောက်ဖြစ်ကြောင်း အထင်အရှားဖော်ပြ၍နေသည်။

ထိုလူငယ်သည် သိုင်းသမားများ ဝတ်ဆင်လေ့ရှိသော ကိုယ်ကျပ်အင်္ကျီကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသလို ခါးခိုင်ခေါင်းတစ်လက် ချိတ်ဆွဲထားပါသေးသည်။

ယင်းချောင်သည် ချိုကျင်းတို့ အပြန်လမ်းတွင် မေတ္တာစကား ပြောရကောင်းနိုး ဆားပြာဘဲနရကောင်းနိုးဝေခွဲမရ

ဖြစ်နေစဉ် အစိမ်းရောင်ဝတ်လူငယ်ကို တွေ့လိုက်ရသဖြင့် အံ့သြသွားလေသည်။

ထိုလူငယ်သည် အမျိုးသမီးများ ရေချိုးဆိပ်ဘက်သို့ သွားဖို့ ကြိုးစားနေသည် မဟုတ်ပါလား။

အမျိုးသမီးရေချိုးဆိပ်မှ ရေဆော့ကစားသောအသံ၊ ရယ်သံ၊ ပျော်ရွှင်မြူးတူးသံများကို သဲ့သဲ့ကြားနေရ၏။

ယင်းချောင်က ငေါက်ခနဲ ထရာလိုက်ပြီး...

'ဟေ့လူ....ခင်ဗျားဘယ်သွားမလို့လဲ'

ဟု လှမ်းမေးလိုက်လေသည်။

သူ၏အသံကြောင့် အစိမ်းရောင်လူငယ် ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။

ယင်းချောင်ကို လှမ်းကြည့်လာသည်။

ယခု ယင်းချောင်အား သတိပြုမိသွားဟန်ဖြင့်မျက်မှောင် ကြုတ်သွားလေသည်။

ယင်းချောင်က....

'အဲဒီတက်မှာ အမျိုးသမီးရေချိုးဆိပ်ပဲရှိတယ်ဗျ၊ ရေပူစမ်းမှာ ရေချိုးချင်တယ်ဆိုရင် ဟိုဘက်က အမျိုးသားရေချိုးဆိပ်ကိုသွားပါ'

အထက်ဘက်သို့ညွှန်ပြကာ ပြောလိုက်လေသည်။

ထိုလူငယ် ဘုမသိဘမသိဖြစ်နေသည်ဟု ယူဆကာ စေတနာဖြင့် လမ်းညွှန်ပေးလိုက်ခြင်းလည်း ဖြစ်လေသည်။

သို့သော်....

လူငယ်သည် မကျေမနပ်ဖြစ်သွားကာ ဂရုမစိုက်သောလေသံဖြင့် ပြောလာလေသည်။

'ငါသိတယ်၊ မင်းဘာမှဆရာလုပ်စရာမလိုဘူး'

'ဟင်'

ယင်းချောင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

လူငယ်က ရှေ့ဆက်သွားရန် ဟန်ပြင်နေလေသော ကြောင့်....

'ဟေ့လူ ငါဗျားသိတယ်ဆိုပြီး ဘာကြောင့်သွားချင်ရတာလဲ၊ မိန်းကလေးတွေ ရေချိုးတဲ့နေရာကို သွားဖို့မကောင်းပါဘူး'

ဟု မနေနိုင်တဲ့ ပြောလိုက်လေသည်။

လူငယ်က....

'ငါသွားမယ်ဆိုရင်ကော မင်းကဘာလုပ်ချင်သလဲ'

ဟု ရန်စကား ပြောလာလေသည်။

ယခု....

လူငယ်၏သဘာဝထားကို ယင်းချောင် နားလည်လိုက်ပြီဖြစ်လေသည်။

အမျိုးသမီးရေချိုးဆိပ်သို့သွားကာ မဖယ်မရာ ချောင်းမြောင်းကြည့်ရှုယုတ်ညံ့သော အကြံရှိနေသည် မဟုတ်ပါလား။

ရေချိုးဆိပ်တွင် ချိုကျစ်ရှိနေသဖြင့် ယင်းချောင်ဒေါသဖွားလေတော့သည်။

'မင်း တော်တော်အောက်တန်းကျတာပဲ'

ဟု ပြောပစ်လိုက်လေသည်။

'ဘာကွ'

လူငယ်သည် ချက်ချင်းပင် ယင်းချောင်ဘက်သို့ လှမ်းလာလေသည်။

အုံကြွစရာကောင်းလောက်အောင်ပင် ယင်းချောင်အနီး၌ တစ်မုဟုတ်ချင်း ဆောက်သာပြီး ယင်းချောင်အား ဆောင့်တွန်းလိုက်လေသည်။

'ဗုန်း'

ယင်းချောင် ဘာမှပြစ်ဆင်ချိန်မရလိုက်ဘဲ မြေပေါ်ဖင်ထိုင်လဲကျသွားတော့၏။

လူငယ်သည် ယင်းချောင်အား လက်ညှိုးငေါက်ငေါက်ထိုးကာ....

'မင်းလျာမရှည်နဲ့ငေါဘာလုပ်လုပ် မင်းဝင်ပြောစရာမလိုဘူး၊ အမျိုးသမီးရေချိုးဆိပ်ကိုသွားပြီး ငါကထိုင်ကြည့်နေတော့ကော ဘာဖြစ်သလဲ၊ ငါ့ကို အောက်ဘန်းကူဘယ်လိုနှောက်တစ်ခါ ထပ်ပြောကြည့်၊ မင်းကို ငါသတ်ပစ်မယ်'

ဟု ကြိမ်းမောင်းလိုက်လေသည်။

ထိုလူငယ်အား ပေါင်ကျင်းမြို့တွင် တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးပါတော့။

မျက်နှာစိမ်းတစ်ယောက်ဖြစ်ကြောင်း ယင်းချောင်သတိပြုမိလိုက်သည်။

အိမ်ရှင်ကည့်သည်အပေါ်သည်းခံခွင့်မည် ဖြစ်ပေလည်း စိတ်ထားယုတ်ညံ့သော ထိုလူငယ်ပေါ် ယင်းချောင် ဆည်းမခံနိုင်ပါခဲ့။

ကပျာကယာ လူးလဲထလိုက်ပြီး....

'မင်း ဘယ်လိုလုပ်လိုက်တာလဲ တစ်နယ်တစ်ကျေးကလာပြီး ဒီနေရာမှာ စော်စော်ကားကား လုပ်လို့တော့မရဘူး၊ မောင်းထုတ်ခံရလိမ့်မယ်'

ဟု ပြောလိုက်သည်။

လူငယ်မျက်လုံးပြူးကာ....

'ငါ့ကိုမောင်းထုတ်မယ်ဟုတ်လား၊ ကဲ....မောင်းထုတ်ချင်ညီးကွာ'

ယင်းချောင်ကို လက်သီးဖြင့် လှမ်းထိုးလိုက်လေသည်။

ယင်းချောင်က အသာအယာပင် ရှောင်တိမ်းပေးလိုက်၏။

'ယား'

ငြာသံပေးကာ လက်ယာလက်ကိုဝှေ့ယမ်းက်ာ ရှေ့ဆန့်သုတ်လိုက်လေသည်။

ယင်းချောင်၏လက်ငါးချောင်းသည် လူငယ်၏ဘိုက်ခိုက်ကြားမှ ထိုးဖောက်သွားလေသည်။

နဂါးတစ်ကောင်တိမ်တိုက်ကြားမှ ထိုးထွက်လာသကဲ့သို့ ဖြစ်သည်။

လူငယ် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ယင်းချောင်၏ ချေပတိုက်ခွက်ကို မည်သို့ရှောင်တိမ်းရမှန်းသည်း မသိတဲ့ ဖြစ်သွားသည်။

လူငယ် တောင့်တောင့်ကြီးဖြစ်သွားစဉ် ယင်းချောင်၏ဘဝါးစောင်းသည် လူငယ်၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ခဲလေသည်။

'ခွမ်း'

လူငယ်၏လက်ထဲမှခဲ မြေပေါ်လွတ်ကျသွားလေသည်။

ဘိုက်ပွဲကား ရုတ်ခြည်းပြီးဆုံးသွားသည်။

လက်သီးထိုးချက်အဆုံးမထင်သည့်ကို စတွေ့ရလျှင်....

'မင်း ရှောင်နိုင်ရင်ရှောင်ပေါ့'

ဟု ငေါက်ကာ ခေးဆွဲထုတ်ပြီး တရကြမ်းတိုက်ခိုက်လေသည်။

လူငယ်သည် သိုင်းပညာကို အဆင့်မြင့်မြင့် တတ်မြောက်သားကြောင်း ထင်ရှားပေါ်လွင်နေ၏။

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မယ်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ယင်းချောင် ထိတ်လန့်သွားလေသည်။

လူငယ်သည် အမှားကျူးလွန်သည့်အပြင် တစ်ဖက်သားအား ရက်ရက်စက်စက်တိုက်ခိုက်ဖို့ ဝန်မလေးသူဖြစ်ကြောင်း ထင်ရှားနေ၏။

သူ ရှောင်တိမ်းနေလျှင်လည်း အလွတ်ပေးမည်မဟုတ်ဘဲ လိုက်လံတိုက်ခိုက်နေလိမ့်မည်သာ ဖြစ်လေသည်။

လူငယ်အား ဟန့်တားဖို့ရာ ပြန်လည်တိုက်ခိုက်သည့်နည်းလမ်းသာ ရှိတော့ကြောင်းလည်း သဘောပေါက်လိုက်သည်။

ထို့ကြောင့်...

ယင်းချောင် သက်ပြင်းချလိုက်သည်။

မြေပေါ် တွင်ကျနေသောခေါင်းကိုကြည့်ကာ....

'ခေါင်းတောင် ယူမသွားနိုင်ဘော့ပါလား'

ဟု ရေရွတ်လိုက်သည်။

ခေါင်းကို ကောက်ယူကာ လွှင့်ပစ်ရန် ဟန်ပြင်ပြီးမှ ခေါင်းကောင်းတစ်လက် ဖြစ်နေသည်ကို တွေ့ရသဖြင့် လိုရမယ်ရ အသုံးပြုနိုင်ရန် သိမ်းထားလိုက်လေသည်။

ထစ်ပင်အောက်တွင် ပြန်လည်ထိုင်ချလိုက်၏။

မကောင်းသော စိတ်ထားရှိသည့် လူငယ်အား မောင်းထုတ်နိုင်လိုက်သဖြင့် ယင်းချောင် ကျေနပ်ပါသည်။

ထိုလူငယ်သည် နောက်နောင် မဆင်မခြင်ပြုလုပ်ခဲ့တော့မည် မဟုတ်ဟုလည်း ယုံကြည်မိ၏။

ချိုကျင်းတို့အား လူငယ်၏ မရှိးသားသော ဘေးဒဏ်မှ အကာအကွယ်ပေးနိုင်လိုက်ပြီဟု ယူဆလိုက်၍လည်း ကျေနပ်နေသည်။

ယင်းချောင်က လက်ချောင်းလေးများဖြင့် အားစိုက်ကာ ဖျစ်ညှစ်လိုက်သည်။

လူငယ်၏လက်တစ်ဖက် ဆွံ့ဆွံ့ကျိုးသွားလိမ့်မည် ဖြစ်လေသည်။

သို့သော်....

ယင်းချောင်က လက်ကိုပြန်လည်ရုပ်သိမ်းလိုက်လေသည်။

လူငယ်ကိုပြုံးပြရင်း....

'မင်းဟာ ညှဉ်းဆဉ်းတစ်ယောက်ဖြစ်နေလို့ ခွင့်လွှတ်လိုက်မယ်၊ ဒေါင်ကျင်းမြို့မှာလာပြီး ထင်တိုင်းကျလို့ဒတာ့ရမယ် မထင်နဲ့ မှားသွားလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

လူငယ်သည် ယင်းချောင်အား မုန်းတီးစွာကြည့်ရင်း....

'ဒီကနေ့ဖြစ်ပျက်ခဲ့တဲ့ကိုစ္စကို ငါဘယ်တော့မှမမေ့ဘူး၊ မင်းသတိထားပြီးနေပေတော့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

ချိုကျင်းအကြောင်း တွေးမိသောအခါ ယင်းခြောင်မှာ အရာရာအားလုံးကို မေ့လျော့သွားလေ့တော့သည်။

* * *

ပေါင်ကျင်းမြို့။

နေမွန်းတည့်တော့မည် ဖြစ်လေသည်။

လမ်းများပေါ်တွင် လူသွားလူလာ ရှင်းသွားလေသည်။

ထို့အတူ....

နံနက်စာစားချိန်ကိုကျော်လွန်သွားပြီဖြစ်ရာ စားသောက်ဆိုင်များ၌လည်း လူရှင်းသွားလေသည်။

နာမည်ကျော် ပေါင်ကျင်ဒို့ ထိပ်တန်း စားသောက်ဆိုင်၌လည်း လူရှင်းသွားသည်။

နေ့ခင်းကျပြီးမှ ရောက်လာကာ စားသောက်နေသူ သုံးလေးယောက်မျှသာရှိတော့၏။

နံနက်စာစားချိန်တွင် တစ်ဆိုင်လုံးလူပြည့်နေသဖြင့် လက်ခံသည်အောင် အလုပ်ရှုပ်ခဲ့ရာ ပင်ပန်းနေသော ဆိုင်လုလင်များမှာ ယခုမူအနားယူခွင့် ရကြလေတော့သည်။

စားသောက်လျက် ရှိနေသူ သုံးယောက်အတွက်လည်း လိုလေသေးမရှိ ဆောင်ရွက်ပေးပြီးပြီမို့ ထွေထွေထူးထူး ပြုပေးစရာမလိုတော့ပေ။

ထိုစားသောက်နေဆဲ ရှိသူများအနက် အသက်လေးဆယ်ခန့်ရှိသူတစ်ယောက်လည်း ပါဝင်နေပါသည်။

ထိုလူမှာ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းသူဖြစ်သည်။

မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ခါးၭ ခားတစ်လက်ချိတ်ဆွဲထားရာ သိုင်းလောကသားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားလေသည်။

ရေပူစမ်းဖြင့် နာမည်ကျော်သည့် ပေါင်ကျင်မြို့သို့ သိုင်းလောကသားများ ရောက်လာလေ့ရှိကြသဖြင့် မီးခိုးရောင်လူထွားကြီးကဲ့သို့ သိုင်းသမားတစ်ယောက်အား တွေ့ရသည်မှာ အဆန်းမဟုတ်ပါတော့ချေ။

သို့သော်လူထွားကြီးသည်အခြားသူများကဲ့သို့ ထမင်းဟင်းများသာ စားသောက်ခြင်းမပြုချေ။

အမဲသားပြုတ်ကြော် တစ်ပိဿာနှင့် အရက်တစ်အိုး မှာကြားလေသည်။

အရက်သောက်လိုက်၊ အမဲသားပြုတ်ကြော်စားလိုက်ဖြင့် အဝင်ကျနေ၏။

တစ်ခဏကြာလောအခါ အခြားသူများစားသောက်ပြီးစီးသွားပြီး ဆိုင်ထဲမှထွက်သွားကြသလို မီးခိုးရောင်ဝတ်လူထွားကြီးသည်လည်း စားသောက်ပြီးစီးသွားသည်။

အမဲသားပြုတ်ကြော် တစ်ပိဿာနှင့် အရက်တစ်အိုးကို တက်တက်စင်ပြောင်အောင် စားသောက်လိုက်ခြင်း ဖြစ်လေသည်။

ဆိုင်လူလင်အစ်ယောက်ကိုးခါကာ ကျသင့်ငွေ ပေးချေလိုက်၏။

သို့သော်....

ဆိုင်ထဲမှ ထွက်မသွားဘဲ ဆက်၍ထိုင်နေ၏။

ဆိုင်လူလင်အား....

'ကျုပ်က လူဘစ်ယောက်နဲ့ ချိန်းထားလို့ ဒီမှာပဲ ထိုင်စောင့်နေလိုက်ဦးမယ်'

'ရပါတယ်ခင်ဗျာ၊ ရပါတယ်'

ဆိုင်လူလင်များက ပန်းကန်ခွက်ယောက်များကို သိမ်းသည်းလိုက်ကြသည်။

မီးခိုးရောင်ဝတ် လူထွားကြီးက....

'ဒီအတိုင်း ထိုင်စောင့်နေရမှာ ပျင်းစရာကောင်းပါဘယ်၊ အရက်ဘစ်အိုး ပေးပါဦး'

နောက်ဆုံး အရက်တစ်အိုးမှာကြားလိုက်၏။

ဆိုင်လူလင်တစ်ယောက်က အရက်အိုးအား ယူဆောင်လိုက်သည်။

ဆိုင်ထဲ၌ စားသောက်သူဟူ၍ မီးခိုးရောင်ဝတ်လူထွားကြီး တစ်ယောက်သာလျှင် ရှိနေတော့သည်။

ထိုလူထွားကြီးက အေးဆေးဆေးဆေး အရက်သောက်နေလိုက်၏။

မကြာပါချေ။

ဆိုင်ထဲသို့ ပြေးလွှားဝင်ရောက်လာသော လူငယ်တစ်ယောက်အား တွေ့လိုက်ရလေတော့သည်။

* * *

အစိမ်းရောင် ဝတ်ထားသော လူငယ်တစ်ယောက်က ပေါင်ကျင့်ထိပ်တန်း စားသောက်ဆိုင် အတွင်းသို့ အပြေးအလွှား ဝင်ရောက်လာလေသည်။

သက်သောင့်သက်သာရှိနေကြသော ဆိုင်လုလင်များသည် ပင်လျှင် ဗျာများသွားကြလေသည်။

ပြေးဝင်လာသော လူငယ်အား ကြို့ဆိုလိုက်ကြလေသည်။

လူငယ်က ဆိုင်လုလင်များအား ဂရုမစိုက်ပါချေ။

ဆိုင်ထဲရောက်၍ ဟိုဟိုသည်သည် ကြည့်လိုက်ပြီး အရက်သောက်နေသော မီးခိုးရောင်ဝတ် လူထွားကြီးကို မြင်လျှင်....

'ဦးလေး ဟိုစင်း'

ဟု အလောတကြီးခေါ်ကာ ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။

မီးခိုးရောင်ဝတ်လူထွားကြီးက အပြေးတစ်ပိုင်း လှမ်းလာနေသော လူငယ်ကိုကြည့်ကာ သဘောကျစွာ ပြုံးလိုက်လေသည်။

'ငါ့တူ ကျင်းစန်း၊ မင်း ဘယ်လို ဖြစ်လာတာလဲ၊ ဒီလောက်တောင် ရေးကြီးသုတ်ပျာ ဖြစ်လာပုံ ထောက်ရင် မိန်းမချောလေးတစ်ယောက် တွေ့ထားပြီထင်တယ်'

ဟု ပြောလေသည်။

မီးခိုးရောင်ဝတ်လူထွားကြီးဟိုစင်းသည် အစိမ်းရောင်ဝတ် လူငယ်ကျင်းစန်း၏ပီဇကို ကောင်းစွာသိရှိ နားလည်ထားပုံ ရလေတော့သည်။

ကျင်းစန်းတ ခုံတစ်လုံးဆွဲကာ လူထွားကြီးဟိုစင်းနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

တစ်ဖန်....

အရက်တစ်ခွက်ကိုင်ရတာ တစ်ရှိန်ထိုးမော့ချလိုက်လေသည်။

ဟိုစင်း အံ့သြသွားသည်။

'ထူးထူးဆန်းဆန်း မင်းက အရက်တွေဘာတွေ သောက်နေလို့ပါလား'

ကျင်းစန်းက နောက်ထပ်တစ်ခွက် ငဲ့သောက်လိုက်ပြန်သည်။

ပြီးလျှင်....

'ကျွန်တော် အရက်မူးအောင်သောက်မှ ဖြစ်တော့မယ်၊ ဦးလေး ဟိုစင်း'

ဟု ပြောလေသည်။

ဟိုစင်းက....

'ဘာတွေများဖြစ်နေလို့လဲ ပြောစမ်းပါဦးကွ'

ကျင်းစန်းက....

'ဘာဖြစ်ရမလဲ၊ မျက်နှာကိုဝှေးနဲ့လှီးပစ်လိုက်ချင်လောက်အောင် ရှက်စရာကောင်းလို့ပေါ့'

'ဟေ'

ဟိုစင်း ပို၍ပြီးအံ့သြသွားလေသည်။

ယခုမှ....

ကျင်းစန်း၏ခါးဌ ဝေးချိတ်ထားသော်လည်း ဝေးအိမ်သာရှိမြီး ဝေးမရှိဘေဉသည်ကို ဟိုစင်း သတိပြုမိလိုက်လေသည်။

ကျင်းစန်းသည် ပြဿနာတစ်စုံတစ်ခုနှင့် ကြုံတွေ့ခဲ့ရပြီဟူလည်း ချက်ချင်းနားလည်လိုက်သည်။

ထို့ကြောင့်....

'ကျင်းစန်း၊ မင်းဘာဖြစ်လာတာလဲ ပြောစမ်း'

ဟု ခပ်ထန်ထန် မေးလိုက်လေသည်။

ဟိုစင်းမှာ သိုင်းလောကဌ် လျှမ်းလျှမ်းလောက် ကျော်ကြားနေသော မိုးကြိုးဂိုဏ်းမှ ဌာနခဲမှူးအဆင့်ရှိ အရေးပါသော သိုင်းသမားဖြစ်လေသည်။

ဟိုစင်းသည် ညီမတစ်ယောက်ရှိပြီး အိမ်ထောင်ကျသွားသော်အခါ ခင်ပွန်းသည်နှင့်အတူ လိုက်လံနေထိုင်ခဲ့သည်။

ဟိုစင်းက မိုးကြိုးဂိုဏ်းတွင် တာဝန်ထမ်းဆောင်ရင်း ညီမဖြစ်သူ မကျန်းမမာဖြစ်နေသောသတင်းကြားရသဖြင့် မိုးကြိုးဂိုဏ်းချုပ်ထံ ခွင့်ဆောင်းကာ သွားဆုက်တွေ့ခဲ့ခြင်း ဖြစ်သည်။

ဟိုစင်း၏ညီမသည် ဆေးဝါးကျွမ်းနပြီဖြစ်ရာဟိုစင်းဆုက်သွားပြီး မကြာမီ ကွယ်လွန်သွားခဲ့ရလေသည်။

သူမ မကွယ်လွန်မီ သူမ၏သား ကျင်းစန်းအား စောင့်ရှောက်ဖို့ အပ်နှံခဲ့သည်။

ဟိုစင်းက ကျင်းစန်းအား မိုးကြိုးဂိုဏ်းတွင်တာဝန်ထမ်းဆောင်ခိုင်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် ခေါ်သာခြင်းဖြစ်ခဲ့လေသည်။

ဟိုစင်း၏ ညီမဖြစ်သူက သို့ငြားပညာ ဆင်ကြေးပေးထား သဖြင့် ကျင်းစန်းမှာ သို့ငြားပညာတတ်မြောက်ထားခြင်း ဖြစ်လေသည်။

ယခု....

ကျင်းစန်းတွင် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း သိလိုက်ရသောအခါ ဟိုစင်း စိုးရိမ်သွားလေသည်။

ကျင်းစန်းကို စိုက်ကြည့်ရင်း အလောတကြီး မေးလိုက်ခြင်းဖြစ်သည်။

ကျင်းစန်းက....

'မြောရမှာတောင် ရှက်ဖို့ကောင်းပါတယ်ဗျာ'

ဟိုစင်းက....

'မင်းဘာဖြစ်လာတာလဲ၊ မင်းမြောမှ ငါသိရတော့မှာပေါ့၊ မင်းကို တစ်ယောက်ယောက်ကများ စော်ကားလိုက်လို့လား'

ကျင်းစန်းက....

'ဟုတ်တယ် ဦးလေးဟိုစင်း၊ ကျွန်တော်စော်ကားခံလိုက်ရတယ်ဗျ'

ဟိုစင်းက....

'ဘာပြောတယ်၊ မင်းစော်ကားခံလိုက်ရတယ် ဟုတ်လား'

မယုံနိုင်သော လေသံဖြင့် မေးလေသည်။

ကျင်းစန်း၏သို့ငြားပညာမခေမှုန်း သိထားရကား အစော်ကားခံလိုက်ရသည်ကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

ကျင်းစန်းက....

'ဟုတ်တယ်၊ ကျွန်တော်က ရေပူစမ်းမှာဆွဲပြီးရေချိုးနေလို့၊ ဒါဒေပမယ့်လူတစ်ယောက်က အကြောင်းမရှိအကြောင်းမရှာပြီး ကျွန်တော့်ကို စော်ကားလိုက်ဘယ်'

ဆိုစကားကြားလျှင် ဟိုစင်း မကျေမနပ် ဖြစ်သွားလေသည်။

'ဘာကွ၊ မင်းကို အကြောင်းမဲ့ စော်ကားလိုက်တယ်ဟုတ်လား'

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

ကျင်းစန်းက....

'ကျန်တော်က ရေပူစမ်းမှာ ယောကျ်ားရေချိုးဆိပ်နဲ့ မိန်းကလေးရေချိုးဆိပ် ခွဲခြားထားတာကို မသိဘူး၊ ဒါ ကြောင့် ကျန်တော်ကလမ်းမှားပြီး မိန်းမရေချိုးဆိပ်ဘက်ကို သွားမိတယ်၊ အဲဒါကိုအပြစ်ရှာပြီး ကျန်တော့်ကို ရန်လုပ် သွားတာပဲ'

'ဟောက်'

ဟိုစင်းက ခေါသတကြီး ဘက်ခေါက်လိုက်လေသည်။

'ဘယ်ကောင်လဲ ပြောစမ်း'

ကျင်းစင်းက....

'ကျန်တော်မသိဘူး'

'ဒါပေမယ့် စုံစမ်းကြည့်ရင်ရမှာပါ'

ဟိုစင်းက....

'ကောင်းပြီ သွားစုံစမ်းမယ်၊ တွေ့ရင်မှတ်လောက်သား လောက်ဖြစ်အောင် ဆုံးမလိုက်မယ်၊ ငါ့တူကိုထိလို့မရဘူးဆို တာ သိသွားစေရမယ်'

ထိုင်ရာမှဝုန်းခနဲထကာ ကျင်းစန်း၏လက်ကိုဆွဲပြီး ခေါ် သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'အား'

ကျင်းစန်းက လွှတ်ခနဲအော်လိုက်သဖြင့် ဟိုစင်း ရုံးသြ သွားလေသည်။

'မင်း ဘာဖြစ်တာလဲ'

ဟုလည်းမေးလိုက်၏။

ကျင်းစန်းက နာကျင်သွားသော လက်ကောက်ဝတ်ကို ပွတ်သပ်နေ၏။

သူ၏မျက်နှာ နီ့မဲ့နေလေသည်။

ဟိုစင်းက....

'မင်း လက်နာသွားတာလား'

ကျင်းစန်းက...

'ဟုတ်တယ်၊ ဦးလေးဟိုစင်း'

လက်ကို ဆွဲကိုင်လိုက်သည်နှင့် နာကျင်သွား ရသည်မှာ သဘာဝမကျကြောင်း ဟိုစင်းနားလည်ထား၏။

ထို့ကြောင့်....

'မင်း လက်ပြစမ်း'

ဟု ပြောလိုက်ရာ ကျင်းစန်းက နာကျင်သွားသောလက်ကို မဝံ့မရဲ ရှေ့သို့ဆန့်တန်းပြသသည်။

ဟိုစင်းက သေသေချာချာ အကဲခတ်ကြည့်လိုက်၏။

ထိုအခါ....

ကျင်းစန်း၏ ယာဘက်လက်ကောက်ဝတ်တွင် အနီစက်လေး ငါးစက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဟိုစင်းက....

'ဒါဘာတွေလဲ'

ဟု ရေရွတ်ကာ သေသေချာချာကြည့်လိုက်လေသည်။

ကျင်းစန်း၏လက်ပေါ်၌ ထင်ရှားစွာ ရှိနေသည့်အနီစက် ငါးစက်မှာ တစ်စုံတစ်ခုဖြင့် ထိခိုက်မိ၍ ဆွေးခြည်ဥနေခြင်း ဖြစ်ကြောင်း တွေ့ရ၏။

ကျင်းစန်းက အသားဖြူသဖြင့် အတိုင်းသားပေါ်လွင် နေခြင်းလည်း ဖြစ်လေသည်။

ဟိုစင်းက ကျင်းစန်းကိုကြည့်လိုက်၏။

ကျင်းစန်းက မဝံ့မရဲဖြင့်....

'အဲဒါ ဟိုးကောင်လက်ချက်ပေါ့'

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ဟိုစင်း အံ့သြသွားလေသည်။

'သူက မင်းရဲ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်တာနဲ့ ခြင်းလက်ထဲကခေး လွတ်ကျသွားပြီး လက်ပေါ်မှာ ဆွေးခြည် ကျန်ရစ်ခဲ့တာပေါ့ဟုတ်လား'

'ဟုတ်ပါတယ် ဦးလေးဟိုစင်း'

'ဒါ အတော့်ကိုအံ့သြစရာကောင်းတဲ့ကိစ္စပဲ၊ မင်းနဲ့တွေ့ခဲ့တဲ့လူဟာ သိုင်းပညာခေမှာမဟုတ်ဘူး၊ ပေါင်ကျင်းလို ဘာမြို့လေးမှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ရှိနေတာ နှိုင့်စရာပဲ၊ တကယ်လို့များ သူအသုံးပြုသွားတဲ့ သိုင်း ကွက်ဟာ ငါထင်သလိုဖြစ်နေမှယ်ဆိုရင်တော့မသွယ်ဘူး'

ကျင်းစန်းက....

'ဦးလေးဟိုစင်းက သူအသုံးပြုတဲ့သိုင်းကွက်ကို သိနေတယ်ဟုတ်လား'

ဟု မေးလေသည်။

ဟိုစင်းက ကျင်းစန်း၏လက်ပေါ်မှ ဆွေးခြည်ဥများကို စိုက်ကြည့်ကာ....

'ဒါလဲ မသေချာဘူး၊ ဒါပေမယ့် ဒီလိုဆွေးခြည်ဥသွေးစေးလောက်တဲ့ပညာဟာ နဂါးလက်သည်းသိုင်းကွက်ဖြစ်နိုင်တယ်၊ အသုံးပြုတဲ့လူက အတွင်းအား မပြည့်ဝသေးလို့လား၊ ဒါမှမဟုတ် သိုင်းကွက်ကိုမကျေညက်သေးလို့လား၊ တစ်ခုခုပဲ၊ နဂါးလက်သည်းသိုင်းကွက်ကိုသာ ကျွမ်းကျွမ်းကျင်ကျင် အသုံးချမယ်ဆိုရင် မင်းရဲ့လက်ကောက်ဝတ်က သွေးကြောတွေကို ပိတ်ဆို့ပြီး ဖျက်ဆီးပစ်နိုင်တယ်၊ ဒါမှမဟုတ်ရင်လဲ မင်းရဲ့လက်ကောက်ဝတ်မှာ ဆူးချွန်နဲ့ထိုးလိုက်သလို အနာပါက်ငါးပေါက်ဖြစ်သွားလိမ့်မယ်'

'ဗျာ'

ကျင်းစန်း အထိတ်တလန့်ရေရွတ်လိုက်လေသည်။

ဟိုစင်းက....

'မင်း ခုလောက်ပဲဒဏ်ရာရတာကံကောင်းတယ်လို့မှတ်ပါ၊ ဒီလူငယ်ဟာ နဂါးလက်သည်းသိုင်းကွက်ကိုသာ အသုံးပြုသွားခဲ့ရိုးမှန်ရင် ငါတို့ဟာ အင်မတန်နက်ရှိုင်းတဲ့ ပြဿနာတစ်ခုကို အစဖော်မိပြီပေါ့'

ကျင်းစန်းက နားမလည်နိုင်စွာဖြင့်....

'ဦးလေးဟိုစင်း ဘာတွေပြောနေတာလဲ'

ဟု မေးလိုက်လေသည်၊

ဟိုစင်း၏မျက်နှာတည်ကြည်လေးနက်နေပါသည်။

'ကျင်းစန်း ဟိုလူငယ်ကို လက်စားချေဖို့အလဉ်းစားနဲ့တော့မဟုတ်ဘူး၊ ငါလဲတင်္ကန်ိုင်မှာမဟုတ်ဘူး'

ဟု ပြောလေသည်။

ကျင်းစန်း မယုံနိုင်အောင်ဖြစ်ဆွားပြီး....

'ဦး... ဦးလေး ဟိုစင်း တကယ်ပြောနေတာလား'

ဟိုစင်းက....

'ဟုတ်တယ်၊ နဂါးလက်သည်းသိုင်းကွက် တတ်မြောက်တဲ့လူကို သိုင်းလောက ထစ်ခုလုံးကိုက သဲကြီးမဲကြီး

ရှာဖွေနေကြတယ်၊ နှစ်ပေါင်းကြာလှပြီပေါ့၊ ငါတို့ မိုးကြိုးဝိုက်ချုပ်ကိုယ်တိုင် သူ့ကိုရှာခဲ့ဘဲပဲ၊ သူ့ကိုတွေ့ရင် လျှို့ဝှက်တဲ့ကိစ္စကြီးတစ်ခု ပေါ်ပေါက်လာလိမ့်မယ်လို့ ပြောကြတယ်'

ကျင်းစန်းက....

'ဒါဆို ကျွန်တော်က ဒီအတိုင်း ခေါင်းငုံ့ခံနရတာမှာလား'

ဟု မကျေမနပ်ပြောလေသည်။

တိုစင်းက....

'မင်း ဒီလောက်ခံရတာကိုပဲ ဝမ်းသာဦး၊ မင်း သိပ်ကံကောင်းလို့ အသက်ရှင်နေရသေးတယ်ဆိုဘာမှတ်ထား'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ကျင်းစန်း ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

တိုစင်းက....

'ကဲ....တို့သွားကြရအောင်၊ ဒီမှာ ဆက်နေလို့မဖြစ်တော့ဘူး၊ အန္တရာယ်ရှိနိုင်တယ်၊ မြန်မြန်သွားကြမယ်'

ဟု လောဆော်လိုက်လေသည်။

ဒီမိအား အလွန်ချစ်ပြီး အမြဲတန်း အလိုလိုက်ခဲ့သောသူဖြစ်သူမှာ အပြောင်းလဲကြီး ပြောင်းလဲသွားသည်ကို ကြည့်ကာ ကျင်းစန်းမချင့်မရဲဖြစ်နေ၏။

တိုစင်းသည် ထိတ်လန့်နေသည့်အသွင်ရှိပြီး သူ့ကိုလည်း ကြိမ်းမောင်းနေသည်မဟုတ်ပါလား။

သူ့အား အနိုင်ယူသွားသည့်လူငယ်အား ဆုံးမဖို့ဘာမှမပြောတော့ချေ။

ကျင်းစန်းသည် ကောက်ကျစ်သောစိတ်ရှိပြီးညာဏ်များသူဖြစ်လေသည်။

တိုစင်း ပြောသည့်စကားများကို နားဆောင်ရင်း အကြံရလာသဖြင့် ဟန့်ဘားလိုက်လေသည်။

'နေပါဦး၊ ဦးလေးရဲ့'

တိုစင်းက....

'မင်းဘာလုပ်ဦးမလို့လဲ'

ကျင်းစန်းက....

'ကျွန်တော့်ကို တိုက်ခိုက်သွားတဲ့လူဟာ နဂါးလက်သည်းပညာတတ်မြောက်ထားတယ်ဟုတ်လား'

ဟိုစင်း တွေ့ဝေဆားပြီး....

'မကောဖျာဘူး ဟုတ်မယ် ထင်တာပဲ၊ ငါကြားဖူးတာနဲ့ မင်းရဲ့လက်က သွေးခြည်ဥဟာ တိုက်ဆိုင်နေသလိုပဲ'

ကျင်းစန်းက....

'နဂါးလက်သည်းဆိုင်း တတ်ခြောက်ထားတဲ့လူကို သိုင်းလောကသားတွေက သဲကြီးမဲကြီး လိုက်ရှာနေတာကော အမှန်ပဲလား'

ဟိုစင်းက....

'ဟုတ်တယ်လေ၊ ငါတို့မိုးကြိုးဂိုဏ်းချုပ်ထောင်မှ လိုက်ရှာခဲ့ဖူးသေးတာပဲ'

ကျင်းစန်းက....

'ဒါဖြင့် ဦးလေး ကံကောင်းသွားပြီ'

'ဘာ'

ဟိုစင်း ကြောင်အမ်းအမ်းဖြစ်သွားကာ....

'ငါက ဘာကို ကံကောင်းရမှာလဲ'

ကျစ်းစန်းက ရယ်မောလိုက်လေသည်။

'ဦးလေးရယ်၊ မိုးကြိုးဂိုဏ်းချုပ်ကိုယ်တိုင် သဲကြီးမဲကြီး လိုက်ရှာခဲ့တဲ့ လူဘစ်ယောက်ခဲ့သာဘင်းကို ဦးလေးက ပေးနိုင်ယ်ဆိုရင် မိုးကြိုးဂိုဏ်းချုပ်က ဦးလေးကို လျစ်လျူရှုထားမှာလား၊ ချီးမြှင့်မြောက်စားမှာ ကျိန်းသေပဲပေါ့'

ထိုစကားကြားလျင် ဟိုစင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'အင်း....နဂါးလက်သည်းဆိုင်းပညာ တတ်ထားတဲ့လူကို တွေ့အောင်ရှာရမယ်လို့ ဂိုဏ်းသားတွေ့အားလုံးကို အမိန့်ပေးထားတယ်၊ ရှာလို့တွေ့ထဲ့လူကို ချီးမြှင့်မြောက်စားမယ်လို့လဲ ပြောဖူးတယ်'

ဟု ရေရွတ်လိုက်သည်။

ကျင်းစန်းက....

'အခု ဘယ်သူမှ ရှာမတွေ့နိုင်ခဲ့တဲ့လူကို ဦးလေးရှာလို့ တွေ့နေပြီလေ'

ဟိုစင်းက....

'ဟာ....မသေချာတဲ့ ဂိုဏ်းချုပ်ကို သွားပြောလို့မဖြင့်ဘူး၊ သက်ကြာ ဆုမရတဲ့အဖြင့် အပြစ်ပေးခံနေရဦးမယ်'

စိုးရိမ်မကင်းသောလေသံဖြင့် ညည်းတွားလိုက်လေသည်။

ကျင်းစန်းက....

'ဒါလဲ မခက်ပါဘူး၊ စုံစမ်းကြည့်လိုက်ရင် ရတာပဲ'

'စုံစမ်းကြည့်ရမယ်'

'ဟုတ်တယ်လေ၊ မသေချာရင် အကြောင်းမဟုတ်ဘူး၊ သေချာနေတယ်ဆိုရင်တော့ မိုးကြိုးဂိုဏ်းချုပ်ဆီကိုအမြန်ဆုံး သတင်းပို့လွှဲရတာပေါ့'

ဟိုစင်းက အနည်းငယ်စဉ်းစားပြီး သဘောတူလိုက်လေသည်။

'ကောင်းပြီလေ၊ စုံစမ်းကြည့်ကြတာပေါ့'

ကျင်းစန်းက....

'ဦးလေး ဟိုစင်း၊ ဒီအတိုင်းတော့ မဖြစ်ဒေသးဘူးနော်'

ဟိုစင်း မျက်မှောင်ကြုတ်သွားသည်။

'မင်း ဘာပြောတာလဲ'

ကျင်းစန်းက....

'တကယ်လို့ ဦးလေးဟာ ဘယ်သူမှ မသိသေးတဲ့သတင်းမျိုးကြိုးဂိုဏ်းချုပ်ကို ပေးနိုင်ခဲ့လို့ ဂိုဏ်းချုပ်က ဆုချီးမြှင့်မယ်ဆိုရင် ဒီကိစ္စမှာ ကျွန်တော်လဲ တစ်ဝက်ဆိုင်တယ်ဆိုတာကို မမေ့ဖို့ပါဗျ'

ထိုစကားကြားလျှင်....

'ဟား....ဟား....ဟား'

ဟိုစင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

'ဖြစ်မှဖြစ်ရလေ ငါ့တူရယ်၊ ငါ့ကြီးပွားမှုတော့ မင်းကို မေ့ထားပါ့မလား၊ စိတ်ချ၊ သတင်းသာ မှန်ပါစေ၊ မိုးကြိုးဂိုဏ်းမှာ ရာထူးတစ်နေရာရအောင် ငါပြောပေးမယ်၊ ဟုတ်ပြီလား'

ကျင်းစန်း ကျေနပ်သွားဟန်တော့သည်။

'ဟား....ဟား....ဟား'

ဟိုစင်းနည်းတူ သဘောကျစွာရယ်မောလိုက်သည်။

ထို့နောက်....

တူဝရီးနှစ်ယောက် ဆိုင်ထဲမှ ထွက်သွားကြလေသည်။

ဆိုင်လုလင်များသည် ထအံ့ဘဲ ကြည့်နေကြသည်။

ကျင်းစန်းနှင့် ဟိုစင်းတို့သည် ဒေါသတကြီး ဆူဆူညံညံ အော်ဟစ်ပြောဆိုကြသည်။ တစ်ဖန် ကြောက်ရွံ့တွေဝေသွားကြသည်။

ယခုအခါ ရယ်ရယ်မောမော ဆိုင်ထဲမှဆွက်သွားကြသည် မဟုတ်ပါလား။

ကျင်းစန်းနှင့် ဟိုစင်းတို့အား နားမလည်နိုင်စွာကြည့်ကာ ကျန်ရစ်ခဲ့ကြလေးတာ့သည်။

* * *

နေစောင်းတော့မည်ဖြစ်သည်။

ယင်းချောင်သည် ဒလက်ဒလဲချွန်ကာ မှင်းသမ်းမကြီး အတိုင်း လျောက်လာခဲ့သည်။

ယခုန....

ယနေ့သည် သူ့အတွက် အပျော်ရွှင်ဆုံးနေ့ ဖြစ်ပေတော့သည်။

သူကြိုးစားခဲ့သမျှ အကျိုးခံစားရပြီ မဟုတ်ပါလား။

ရေချိုးဆိပ်မှ အပြန်လမ်းတွင် ချိုကျင်းတို့နောက်သို့လိုက်သွားခဲ့ရာမှ လမ်းတွင်ချိုကျင်း၏ ညွှဲသည်သူငယ်ချင်းများက တောပန်းများခွေးယူလိုကြသော်လည်း အခက်ကြုံနေရသဖြင့် ယင်းချောင်က ဝင်ရောက်ကူညီခဲ့လေသည်။

သို့ဖြင့်....

သူတို့သည် ပျော်ရွှင်စွာ အဖွဲ့ကျသွားကြလေသည်။

ချိုကျင်းနှင့်အဖော်ဘစ်စုအား ရေပူစမ်း၏မြောက်ဘက်ရှိ တောင်ပေါ်စေတီဘစ်ဆူသို့လည်း လိုက်လံပို့ဆောင်ပေးခဲ့ရသည်။

အတူသွား အတူစားရင်း ယင်းချောင်က သူ့မေတ္တာကို ဖွင့်ဟလိုက်ရာ ချိုကျင်းက ကြည်ကြည်ဖြူဖြူပင် လက်ခံခဲ့လေသည်။

ထို့ကြောင့်လည်း ယင်းချောင်အပျော်လွန်နေမိခြင်းဖြစ်လေတာ့သည်။

ယင်းချောင်သည် ခြေထောက်မြေမှာထိသည်ဟုပင် မထင်ရလေအောင် လျှောက်လာခဲ့ရင်း....

'ယင်းလက်ဖက်ခြောက်ဆိုင်'

ဟု ဆိုင်းဘုတ်တင်ထားသောအိမ်ဆိုင်တစ်ခုရှေ့သို့ရောက်မှ ခြေလှမ်းရပ်သွားလေသည်။

'ဖေဖေ....ဖေဖေ'

ဟု တကြော်ကြော်ခေါ်ရင်း အိမ်ထဲသို့လှမ်းဝင်လိုက်လေသည်။

အိမ်ထဲတွင် အဘိုးအိုတစ်ယောက်ရှိနေပါ၏။

ထိုအဘိုးအိုသည် အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းလူဖြစ်လည်း၊

ခန္ဓာကိုယ် ဗိုန်ပိန်ပါးပါး ရှိုးရှိုးကုပ်ကုပ်နေတတ်သူ ဖြစ်ပုံရ၏။

ယင်းချောင်ကိုမြင်လျှင်....

'ယင်းချောင်၊ မင်းတစ်နေ့လုံး ဘယ်လျှောက် သွားနေစာလဲ'

ဟု မေးလေသည်။

ထိုအဘိုးအိုမှာ ယင်းချောင်၏ဖခင် ယင်းကွေ့ ဖြစ်လေသည်။

ယင်းချောင်က....

'ကျွန်တော်က ဒီကနေ့ တော်တော် အလုပ်များခဲ့တယ် ဖေဖေရဲ့ သိလား'

ယင်းကွေ့ ပြုံးလိုက်လေသည်။

'ဘာလဲ၊ မြို့အနောက်ဘက်ပိုင်းက ကုန်စုံဆိုင်ပိုင်ရှင်ရဲ့ သမီး ချိုကျင်းနောက်ကို တကောက်ကောက် လိုက်နေရလို့ မဟုတ်လား'

ယင်းချောင်က ရယ်မောလိုက်လေသည်။

'ဖေဖေကလဲ'

ဖခင်ဖြစ်သူ၏ ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်လေသည်။

ယင်းကွေ့က သားဖြစ်သူ၏ကျောပြင်ကိုပုတ်သပ်ပေးလိုက်သည်။

သူ၏မျက်နှာ ပြုံးရွှင်နေလေသည်။

ယင်းချောင်ခြေလှမ်းတို့ တုံ့ခနဲရပ်သွားလေသည်။

ယခုမှ သူ၏လက်ထဲ၌ ဝေးကိုင်လာမိသည်ကို သတိပြုမိလေသည်။

'ဩော်... ဒီဝေးက လိုရမယ်ရသုံးလို့ရအောင် ယူလာခဲ့တာပါ'

ယင်းကွေ့က...

'ဘယ်သူ့ဝေးလဲ'

ယင်းချောင် ရယ်မောလိုက်သည်။

'ဟင်း...ဟင်း...အကယ်လို့ ခုယစ်ရာကောင်းတဲ့ သူပါပဲ ဖေဖေရယ်၊ ရေပူစမ်းမှာ အမျိုးသမီးတွေ့ရဲ့ ရေချိုးဆိပ်ကို သွားမလို့လေ'

ယင်းကွေ့က....

'အမျိုးသမီးရေချိုးဆိပ်ကို ဘယ်အမျိုးသားမှ မသွားရဘူးလေ'

ဟု ပြောလေသည်။

ယင်းချောင်က....

သားဖြစ်သူက အရွယ်ရောက်လာပြီဖြစ်သလို မိန်းကလေးတစ်ယောက်အား ပိုးပန်းတတ်နေသည်ကို သဘောကျနေမိသည်။

ကုန်စုံဆိုင်ပိုင်ရှင်၏သမီး ချိုကျွင်းနှင့်ဆိုလျှင် သဘောမတူနိုင်စရာ အကြောင်းမရှိဟုလည်း ယူဆထားသည်။

ယင်းကွေ့သည်တစ်ဦးတည်းသောသားဖြစ်သူယင်းချောင်အား လွန်စွာမှပင်ချစ်မြတ်နိုးလေသည်။

'ကဲ....ကဲ....ရေမိုးချိုး ပြီးရင်ထမင်းစားရအောင်'

ယင်းချောင်က....

'ဟုတ်ကဲ့...ဖေဖေ'

ချက်ချင်းပင် ထွက်သွားရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်....

ယင်းကွေ့သည် ယင်းချောင်လက်ထဲ၌ ဝေးလွတ် ဘစ်ချောင်းပါလာသည်ကို တွေ့မြင်လိုက်ပြီးအံ့ဩသွားလေသည်။

'သား....မင်းရဲ့လက်ထဲကဝေးကြီးက ဘာလုပ်တာလဲ'

ဟု မေးလိုက်သည်။

'ဟုတ်ပါတယ် ဖေဖေ၊ သူက အမျိုးသမီးရေချိုးဆိပ်ကို သွားတော့ ကျွန်တော်ကအကျိုးအကြောင်းရှင်းပြပြီး မသွားဖို့ တားမြစ်ခဲ့ပါတယ်၊ ဒါပေမယ့် သူက လက်မခံဘူး၊ မသွား သင့်ဘူးဆိုတာသူသိတယ်၊ ဒါပေမယ့်ရေချိုးနေတဲ့မိန်းကလေး တွေကို ချောင်းကြည့်ချင်လို့ တမင်သွားတာ'

ယင်းကွေ့က....

'တော်တော်ဆိုးတဲ့လူပဲ'

ဟု ပြောလေသည်။

ယင်းချောင်က....

'ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြပေမယ့် သူက လက်မခံဘူး၊ ကျွန်တော့်ကိုအောင် ပြန်ပြီး ရန်လုပ်သေးတယ်၊ စိတ်ထားသေးသိမ်တဲ့အပြင် အနိုင် ကျင့်ချင်တဲ့စိတ်ပဲရှိတယ်၊ ကျွန်တော်သာ မခုခံနိုင်ဘူးဆိုရင် ကျွန်တော့်ကို သတ်ပစ်မှာ သေချာတယ်'

ယင်းကွေ့က ငြိမ်နေ၏။

ယင်းချောင်က ဆက်ပြောလေသည်။

'သူက ခေးနဲ့တိုက်ခိုက်လာတယ်၊ ကျွန်တော်က မခုခံသို့ မရတော့ဘူး၊ ဒါကြောင့်....'

သူ၏ စကားမဆုံးမီ ယင်းကွေ့က ကြားဖြတ်ပြောလိုက် လေသည်။

'မင်းက သိုင်းပညာအသုံးပြုပြီး ဖြန့်တိုက်ခိုက်လိုက်တယ် ပေါ့၊ ဟုတ်လား'

ယင်းချောင်သည် ဖခင်၏အမူအရာပြောင်းလဲသွားသည်ကို သတိမပြုမိသေးပါချေ။

ချိုကျင်းနှင့် အဆင်ပြေလာသဖြင့် ဝမ်းသာနေသော အရှိန်ဖြင့်....

'သူကဒီလောက်ဘောင်ရိုင်းစိုင်းမောက်မာနေတော့ ကျွန် တော်လဲ မွတ်လောက်သားလောက်ဖြစ်အောင် ဆုံးမချင်စိတ် ဖြစ်ပေါ်လာတာနဲ့ သိုင်းကွက်တစ်ကွက်တည်း အသုံးပြုပြီး အနိုင်ယူပစ်လိုက်တယ်ဖေဖေ၊ သူ့လက်ထဲကခေး လွတ်ကျ သွားပြီး တစ်ချိုးတည်း ထွက်ပြေးတော့တာပဲ၊ ဟား.... ဟား....ဟား'

ယင်းချောင်က သဘောကျစွာ ရယ်မောနေသေး၏။

ယင်းချောင်က....

'ကျွန်တော်က သိုင်းကွက်များများ မသုံး ချင် တာနဲ့ အောင်းဆုံးသိုင်းကွက်ဖြစ်တဲ့နဂါးလက်သည်းသိုင်းကွက်ကို လက်သုံးလိုက်ပါတယ် ဖေဖေ'

ယင်းကွေ့က....

'နဂါးလက်သည်းသိုင်းကွက် ဟုတ်လား'

'ဟုတ်ပါတယ်ဖေဖေ'

'ယင်းချောင်'

ရုတ်တရက် ယင်းကွေ့ကအသံမာမာဖြင့် ခေါ်လိုက်ခြင်းကြောင့် ယင်းချောင်၏ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားလေသည်။

'ဘာဖြစ်လို့လဲ ဖေဖေ'

ယင်းကွေ့၏မျက်နှာ နီရဲကာ ခက်ထန်နေသည်။

အသက်ရှူသံပြင်းနေသဖြင့် ဒေါပွနေကြောင်း သိနိုင်လေသည်။

ဖခင်၏အတွင်ကိုကြည့်ကာ ယင်းချောင် အံ့သြသွားလေသည်။

ယင်းကွေ့က....

'ယင်းချောင်၊ မင်းကို ငါဘာပြောထားသလဲ'

'ဗျာ'

'နဂါးလက်သည်းသိုင်းကွက်ကို အသက်တေးနဲ့ မကြိုက်ဆုတ်မသုံးရဘူးလို့ မှာထားတယ် မဟုတ်လား'

ယင်းချောင် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ် ဖေဖေ'

ယင်းကွေ့က....

'ငါ့သေသေချာချာမှာထားပါလျက်နဲ့ မင်းကဘာကြောင့် ဖောက်သုံးရတာလဲ'

ယင်းချောင်က....

'ကျွန်တော်ကပြန်ပြီး မှတိုက်ခိုက်ဘူးဆိုရင် သူ့လက်ချက်ခံရဦးမှာပါဖေဖေ'

ယင်းကွေ့ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးဘူး'

သူက ယင်းချောင်ကို ကျောခိုင်းလိုက်သည်။

လက်နှစ်ဖက်နောက်ပစ်ကာ ပြုလင်းပေါက်အနီးသို့ လှမ်းသွားလိုက်၏။

ပြောင်းပေါက်ဘောင်ကိုမှီကာရပ်ရင်း အပြင်ဘက်သို့ ငေးမျှော်ကြည့်လိုက်လေသည်။

နေဝင်တော့မည်ဖြစ်သည်။

ကောင်းကင်ပေါ်တွင် တိမ်ဖြူများလေနှင့်အတူလွင့်မျော နေ၏။

ငှက်တစ်အုပ်ကလည်း အသံတစာစာပေးကာပျံသန်းသွား ကြသည်။

တိမ်တောက်နေသည့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ ပါတော့သည်။

သို့သော်....

ယင်းကွေ့၏မျက်နှာကား မသာမယာဖြစ်နေ၏။

နောင်တရခြင်းနှင့်စိုးရွံ့ခြင်း၏ အရိပ်သဏ္ဌာန်များ ထင် ဟပ်နေ၏။

ယင်းချောင်သည် အပြောင်းလဲကြီး ပြောင်းလဲသွား သော ဖခင်ဖြစ်သူကိုကြည့်ကာ ငိုင်သွား၏။

သူ့အား သိုင်းပညာသင်ပေးစဉ်ကမူကြားခဲ့သော စကား များကိုလည်း ပြန်လည်သတိရလာလေသည်။

'ငါ့သား....ဖေဖေတို့ သိုင်းပညာ တတ်မြောက်ထားတယ် ဆိုတာ ဘယ်သူ့ကိုမှမပြောရဘူး၊ ဘယ်သူမှမသိစေရဘူး၊ သို့ဝှက်ထားရမယ်'

'ငါ့သားကို ဖေဖေ သိုင်းပညာသင်ပေးခဲ့တာ အရေးကြုံ ခဲ့သက်လုံကောင်းဖို့ပဲ၊ နဂါးလက်သည်းသိုင်းကွက်ကို သေ ချာ ရှင်ရေး ကိစ္စမကြုံဘဲ ဘယ်တော့မှ ထုတ်မသုံးလေနဲ့'

ဖခင်မှာကြားထားသော စကားများကို ပြန်လည်ကြား ယောင်ရင်း ယင်းချောင် နောင်တရလာသည်။

သူ၏စိတ်အာရုံသည် ချိုကျင်းထံသို့ရောက်နေသဖြင့် ချို ကျင်းတို့အပေါ် စိတ်ထားမကောင်းသည့် အစိမ်းရောင်ဝတ် လူငယ်အား မှတ်မလောက်သာလေလောက်ဖြစ်အောင် ဆုံးမရန် နဂါးလက်သည်း သိုင်းကွက်ကို အလွယ်တကူထုတ်သုံးလိုက် ခြင်း ဖြစ်လေသည်။

ထိုအတွက်ကြောင့် သူ၏ဖခင်စိတ်ထိခိုက်နေပြီ မဟုတ်ပါ လား။

ဖခင်၏စကားကို နားမထောင်သည့် သားအဖြစ် ကိုယ့်ကို ကိုယ် အပြစ်တင်နေမိသည်။

သူ့အား အလွန်ချစ်ခင်မြတ်နိုးပြီး အလိုလိုက်ထားတော ကြီးမှာ သူ့အတွက် စိတ်မချမ်းမသာဖြစ်ရသည်မှာ ခဲ့ပြီး သော်နိုင်စရာကောင်းသောကိစ္စဖြစ်သည်ဟု ယူဆမိလေသည်။

ကို့အပြင်....

ဆိုင်းပညာ တတ်မြောက်ထားခြင်းသည် လျှို့ဝှက်ရမည့် ဒုစရိုက်မှုတစ်ခုမဟုတ်ဟု ယုံကြည်မိသည်။

သို့သော်လည်း မည်သူမမမသိစေရန် လျှို့ဝှက်ထားရသည်မှာလည်း အဓိပ္ပာယ်မရှိဟု ယူဆမိသည်။

ယင်းချောင်က အမျိုးမျိုး တွေးတောနေစဉ်မှာပင် ဖခင်ဖြစ်သူ ယင်းကွေ့၏စကားသံ ထွက်ပေါ်လာလေသည်။

'ငါ့သား၊ သေရေးရှင်ရေးကိစ္စဆိုတာ မင်းမကြုံဖူးသေးဘူး၊ အခု မင်းဖြစ်ပျက်လာခဲ့တာဟာ သေရေးရှင်ရေး ကိစ္စလို့ မဆိုနိုင်ဘူး'

ယင်းချောင်က ဖခင်အနီးသို့လှမ်းသွားလိုက်ပြီး....

'ဖေဖေ၊ ကျွန်တော်က မခုခံရင် ပြန်ပြီးမတိုက်ခိုက်ရဘူး ဆိုရင် သူများလက်ချက်နဲ့ ဒုက္ခရောက်မှာပဲ မဟုတ်လား၊ အခန့်မသင့်ရင် သေသွားနိုင်ပါတယ်၊ ဒါက သေရေး ရှင်ရေး ကိစ္စမဟုတ်ရင် ဘယ်လိုပြောမလဲ'

ဟု စောဒကတက်လိုက်လေသည်။

ယင်းကွေ့ဆည် သားဖြစ်သူတက်သို့ လှည့်ကြည့်လိုက်ပြီး....

'သေရေးရှင်ရေး ကိစ္စဆိုတာ ဘယ်နည်းလမ်းမျိုးနဲ့မှ ရှောင်ရှားလို့ မရနိုင်တဲ့ကိစ္စမျိုးကို ဆိုလိုတာပဲ'

ဟု အစချီကာ ရှင်းလင်းပြောပြလိုက်လေသည်။

'ကောင်းပြီ၊ ခရုပူစမ်းမှာဖြစ်ပျက်ခဲ့တဲ့ ကိစ္စမှာ ငါ့သားဘက် သူ့ကိုယ်သူကာကွယ်ပြီး မဟန့်တားဘူးဆိုရင် ခုလိုပြဿနာပေါက်လာမလား'

ယင်းချောင်က....

'ဒါတော့ ဖေဖေ၊ သူက...'

ယင်းကွေ့က....

'ဖေဖေမေးတာကိုသာ ဖြေပါ'

ယင်းချောင် ဆက်ပြောင်းချလိုက်ပြီး....

'ပြဿနာဖြစ်လာစရာအကြောင်းမရှိပါဘူးဖေဖေ'

'ကောင်းပြီ'

ယင်းကွေ့သည် ယင်းချောင်တက်သို့ပြန်လှည့်ကာ....

'သူ့ရဲ့လုံခြုံရေးဟာ လူ့ကျင့်ဝတ်ကိုဖောက်ဖျက်ခံနေဘာမို့ သားပြီးတားဆီးသင့်တယ်ဆိုတာဖေဖေသက်ခံပါတယ်၊ ဒုစေပ

မယ့် သားဘက်ကလဲ ဖေဖေမှာကြားထားတဲ့အတိုင်း စောင့်ထိန်းလိုက်နာဖို့လိုတယ်၊ ခုတော့ သားဘက်က ပျက်ကွက်ခဲ့တာပဲ'

'ကျွန်တော်က'

'ငါ့သားက နဂါးလက်သည်းသိုင်းကွက်ကို ထုတ်သုံးမှု သူ့ကိုခုခံနိုင်မှာလား၊ အနိုင်ယူနိုင်မှာလား'

ယင်းချောင်က ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုမဟုတ်ပါဘူး ဖေဖေ'

ယင်းကွေ့က....

'တခြားသိုင်းကွက်တွေသုံးပြီး ခုခံလို့မရဘူးလား'

'ရပါတယ်ဖေဖေ'

'တခြားသိုင်းကွက်တွေနဲ့ကော အနိုင်ယူလို့မရနိုင်ဘူးလား'

'ရ....ရနိုင်ပါတယ်ဖေဖေ'

ယင်းချောင်သည် မလိမ်ဝံ့ဘဲ အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ယင်းကွေ့က....

'တခြားသိုင်းကွက်တွေနဲ့အနိုင်ယူနိုင်ပါလျက်နဲ့ နဂါးလက်သည်းသိုင်းကွက်ကိုထုတ်သုံးတာ ငါ့သားအမှားကြီးမှားတာပေါ့၊ ဒါဟာ တစ်ဖက်လူကိုပညာပြချင်တဲ့သဘော၊ မင်းတက်ငါကပို့တောင်တယ်လို့ ဝင့်ကြွားပြချင်တဲ့သဘောဆိုတာ ထင်နေတာပဲ'

ယင်းချောင် ခေါင်းငုံ့ထားလိုက်သည်။

ဖခင်၏စကား သွေးထွက်အောင် မှန်ကန်နေသည်မဟုတ်ပါလား။

ယင်းကွေ့က ဆက်ပြောသည်။

'ဖေဖေပြောတဲ့သေရေးရှင်ရေးကိစ္စဆိုတာ ကိုယ့်အသက်အန္တရာယ်ထိခိုက်မယ့်ကိစ္စ၊ ဘယ်လိုနည်းမျိုးနဲ့မှခရှာင်ရှားလို့မရနိုင်တဲ့အခြေအနေမျိုးကိုဆိုလိုတာပဲ၊ တစ်ဖက်လူကိုပြန်ပြီးအနိုင်ယူဖို့ဆိုတာ မပါဘူး၊ နဂါးလက်သည်းသိုင်းကွက်သုံးပြီး တစ်ဖက်လူကို အနိုင်ယူနိုင်တယ်ဆိုမှုတော့ သေရေးရှင်ရေးဆိုတာ ဘာအဓိပ္ပာယ်ရှိဖော့မှာလဲ'

ယင်းချောင် မတတ်နိုင်တော့ပါ။

'ကျွန်တော် မှားသွားပါတယ်ဖေဖေ'

ဇာ့ ဝန်ခံလိုက်ရပြန်လေသည်။

ယင်းကွေ့က....

'သားရဲ့အမွှားဟာ ခုလိုဝန်ခံလိုက်တာနဲ့ပြီး သွားမယ်ဆိုရင် အရေးကြီးဘူးပေါ့၊ ဒါပေမယ့် နောက်ဆက်တဲ့ပြဿနာတွေ ပေါ်ပေါက်လာမယ်ဆိုရင် ဖေဖေတို့ရဲ့အားချမ်းသာယာတဲ့ဘဝလေး ပျက်စီးသွားရမှာ အသေအချာပဲ'

ယင်းချောင်က ဖခင်ဖြစ်သူအား ခေါင်းမော့ကြည့်လိုက်၏။

ယင်းကွေ့က တည်ကြည်သောမျက်နှာထားဖြင့် အလေးအနက်ထားကာ ပြောနေသည်ကို တွေ့ရလေသည်။

'တစ်ဖက်လူဟာ နဂါးလည်သည်းသိုင်းကွက်မှန်း မသိပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ'

ယင်းချောင်က....

'ဖေဖေ၊ ဖေဖေ့စကားကို အလေးအနက် မထားခဲ့တဲ့အတွက် ကျွန်တော်မှာ အပြစ်ရှိပါတယ်ဖေဖေ၊ ကျွန်တော်ကို အပြစ်ပေးပါ'

ဟု ပြောလိုက်လေသည်။

ယင်းကွေ့က မချိပြုံးပြုံးလိုက်ပြီး....

'သားကို အပြစ်ပေးတော့ကော၊ ဖြစ်ပြီးသားကိစ္စတွေကို ပြန်ပြီးပြုပြင်လို့ရနိုင်တော့မလား'

'ကျွန်တော်'

ယင်းချောင်မည်သို့ ပြောရမှန်းမသိဖြစ်သွားလေသည်။

ယင်းကွေ့က....

'ထကယ်တော့ အပြစ်ရှိတာ ဖေဖေကိုယ်တိုင်ပဲ၊ သားကို သာ နဂါးလက်သည်းသိုင်းကွက် သင်ပေးမထားဘူးဆိုရင် ခုလိုဖြစ်လာစရာအကြောင်းမရှိနဘဲဘူးပေါ့၊ ဒီတော့ အပြစ်ပေးစရာရှိရင် ကိုယ့်ကိုယ်ကို အပြစ်ပေးရမှာပဲ'

'ဖေဖေ'

ယင်းချောင်က အထိတ်တလန့်ခေါ်လိုက်လေသည်။

ယင်းကွေ့က....

'ဖေဖေရဲ့ မျိုးဆက်ဆိုလို့ သားတစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် ဖေဖေရဲ့အမွေကိုဆက်ခံနိုင်အောင် သားကိုသင်

ပေးခဲ့တာပဲ၊ ကဲ... ပြီးတဲ့ကိစ္စတွေကို ထားလိုက်ပါတော့ နောက်နောင် ဒီလိုမဖြစ်ရအောင် ဆင်ခြင်ပါ'

ယင်းချောင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်ဆင်ခြင်ပါ့မယ်ဖေဖေ'

ယင်းကော့က တည်ကြည်သောမျက်နှာထားဖြင့်....

'တို့သားအဖအတွက် အထုပ်အပိုးတွေကို ကြိုတင်ပြင်ဆင်ထားရမယ်၊ ဒီနေရာကနေ အချိန်မရွေး ရှောင်တိမ်းသွားနိုင်အောင် ကြိုတင်စီစဉ်ထားရမယ်'

ဟု ပြောလေသည်။

* * *

နွေသစ်တစ်နွေအစပျိုးလာပြီဖြစ်ပါသည်။

ပေါင်ကျင်းမြို့လေးသည် နွေးထွေးသောနေဆောင်ခြည်နှင့် အတူ လှုပ်ရှားသက်ဝင်လာလေသည်။

စျေးဆိုင်များ၊ စားသောက်ဆိုင်များ၊ အလုပ်ရုံများ တံခါးဖွင့်လိုက်ကြပြီဖြစ်သည်။

အိမ်တိုင်း အိမ်တိုင်းမှလည်း စကားသံ၊ လှုပ်ရှားသံများ ညံက်ပေါလာသည်။

ထို့အတူ....

ယင်းလက်ဖက်ခြောက်ဆိုင်သည်လည်း တံခါးဖွင့်လိုက်ကြ ဖြစ်လေသည်။

နဂါးလက်သည်း ဆိုင်းကွက်အား ဖော်ထုတ်အလုံးပြုမိသည့်အကျိုးဆက်က သူတို့၏ အေးချမ်းသာယာသော ဘဝသေး ပျက်စီးသွားရတော့မည်လော။

ယင်းခွေးငယ် ဘာကိုမှ နားမလည်နိုင်တော့ပေ။

ယခုနှတ်ဝှေ...

ပေါင်ကျင်းမြို့နှင့် မနီးမဝေးရှိ အခြားမြို့လေးတစ်မြို့သို့ ကျိုးတို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ရာ သူက လိုက်သွားလိုသည်။

လိုက်ရန်မဖြစ်နိုင်တော့သည့် အခြေအနေနှင့် ကြုံနေရသဖြင့် ယင်းခွေးငယ် အကြီးအကျယ် စိတ်ဝေတ်ကျနေရလေသည်။

ဆိုင်လုပ်ငန်းအဝဝကို အောက်ခြေသိမ်း လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးပါသော်လည်း ယနေ့အဖို့ အလုပ်လုပ်ရသည်ကို စိတ်မပါတော့ပါ။

ဆိုင်ဖွင့်ဖြီးသည်နှင့် မီးဖိုငါးလုံးတွင် မီးမွေးကာ ရေနွေးအိုး တည်လိုက်လေသည်။

လက်ဖက်ခြောက် လာဝယ်သူမျှားအား လက်ဖက်အမျိုးအစားအလိုက် ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်ရန် နမူနာအား

ယနေ့...

သာယာလှုပသော နေ့ဖြစ်သော်လည်း ယင်းခွေးမှာမူ စိတ်ရှုပ်ထွေးနေလေသည်။

ဓာတ်ယင်းကွေ့က ဆိုင်လုပ်ငန်းအဝဝကို ဆောင်ရွက်ရန် သူ့အား တာဝန်ပေးထားသည်မဟုတ်ပါလား။

ယင်းကွေ့ကိုယ်တိုင်မူ သူ၏အခန်းတွင်း၌ တံကုပ်ကုပ်ဖြင့် အလုပ်ရှုပ်နေလေသည်။

တစ်ညလုံးလည်း မအိပ်ပါ။

'ဖေဖေ ဘာတွေလုပ်နေဝါလိမ့်'

ထိုအတွေးက ယင်းခွေးငယ်ထံတွင် ရှိသော်လည်း ဖခင်၏ အခန်းအနီးသို့ ချဉ်းကပ်မယှားစံ့ခဲ့ချေ။

အလုပ်အပိုး ပြင်ဆင်နေခြင်းဟုသာလျှင် ယေဘုယျ နားလည်ထားလေသည်။

ယင်းကွေ့သည် ဤနေ့အား စွန့်ခွာရောပ်တိမ်းသွားရလောက်အောင် အဓိကြီးနေရပြီလား။

ဘယ်မှမသွားမလာရဘဲ ဆိုင်ထဲ၌ အကျဉ်းချထားရသလို ခံစားသည်ဟု ယူဆထားလေသည်။

ယနေ့အဖို့ ယင်းကဲ့သို့ ဆိုင်ကို လှမ်းကြည့်မည် မဟုတ်ဖြင့် ယင်းချောင် ဘာမှမတတ်နိုင်တော့ပါ။

ဆိုင်ခင်းကျင်းပြီးသည်နှင့် ခုံဘစ်လုံးဆွဲကာ ဆိုင်ချရင်း ကျင်း၏အကြောင်းကို တွေးတော စဉ်းစားနေလိုက်လေတော့သည်။

ယနေ့ သူ ဆောက်မလာသဖြင့် ချိုကျင်းက မည်သို့ယူဆသည်နည်း။ ချိုကျင်းနှင့် ဝေးရမည်ဖြစ်၍ ဤမြို့မှ ခွဲခွာရှောင်သွားရမည်ဆိုသော ဖခင်၏ အကြံကိုလည်း သဘောမတွေ့နိုင်ပါ။

စိတ်ရှုပ်လာသဖြင့် ယင်းချောင် ဆတ်ခနဲ ထရပ်မိလိုက်သည်။

ထိုင်ရမလို ထရမလို သွားရမလို ဂနာမငြိမ်ဖြစ်နေစဉ်မှာပင် ထံသို့ ဝင်လာသူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

* * *

ဖြင့် အသင့်ကျိုချက်ထားသော ရေနွေးကြမ်းများ ချပေးရလေသည်။

ရေနွေးကြမ်းရပြီး မြည်းစမ်းကြည့်ပြီး သဘောကျသည့် လက်ဖက်ခြောက်ကို ဝယ်နိုင်ပေသည်။

ထို့ကြောင့်လည်း ဆိုင်ဖွင့်သည်နှင့် ရေနွေးကြမ်းအမြည်းပေးဖို့ ရေနွေးအိုး တည်ရခြင်း ဖြစ်သည်။

မီးဖိုပေါ်၌ ရေနွေးအိုးများတင်ပြီးလျှင် တစ်ဆိုင်လုံးကို တံမြက်စည်းလှည်းကျင်းကာ သန့်ရှင်းရေး ပြုလုပ်လိုက်သည်။

တစ်ဖန် လက်ဖက်ခြောက်ပုံများကိုအစီအရီ ထပ်ထားလိုက်လေသည်။

ဗာဟီရ အလုပ်များလှသည်တော့ မဟုတ်ပါ။

ဆိုင်ခင်းပြီးသည်နှင့် လက်ဖက်ခြောက် ဝယ်မည့်သူကို စောင့်ရင်း ဝယ်သူလာမှ ရေနွေးကြမ်းအမြည်းပေးကာ ကြိုက်ရာကို ရောင်းချဖို့သာ ရှိလေသည်။

သို့သော်....

ဝယ်သူအား စိတ်ရှည်လက်ရှည် ထိုင်စောင့်နေရသော အလုပ်ကို ယင်းချောင် စိတ်အပျက်ဆုံး ဖြစ်မိတော့သည်။

ဆိုင်ထဲသို့ လူတော်ယောက် လှမ်းဝင်လာလေသည်။

ထိုလူမှာ အသက်လေးဆယ်ကျော်ခန့်ရှိသူ ဖြစ်သည်။

အနီဆောင် အင်တိုးစားများ ဝတ်ဆင်ထားပြီးဟန့်မူထူးခြားမဲ့သောအသွင် ရှိနေသည်။

ဆိုင်ထဲသို့ဆောက်လာလျှင် စကားတစ်လုံးမျှမပြောသေးတဲ့ကျီးကန်းတောင်းမှာက် အကဲခတ်ကြည့်နေ၏။

နဂိုကပင် စိတ်ရှုပ်နေသော ထင်းချောင်မှာ ထိုလူ၏ပုံပန်းသဏ္ဌာန်ကို တွေ့ရသလောအခါ ပေတာမကျနိုင်အောင် ဖြစ်သွားလေသည်။

'ဒီလူဖော့ ဆိုင်မှာလာပြီး ခိုးချင်ဝှက်ချင်စာယ် ဆိုရင် ရုတန်ဆိုင်ကိုသွားဖို့ ကောင်းစာယ်၊ ဒီကိုလာရင်တော့ လက်ဖက်ခြောက်ပဲရမယ်'

ဟု စိတ်ထဲ ရေရွတ်လိုက်လေသည်။

မည်သို့ဆိုစေ....

စျေးဝယ်သူတဝကို ခံယူဆောင်ရွက်ရာ....

'ကြွပါခင်ဗျာ၊ ကြွပါ'

...ပျူငှာငှာ ဖိတ်ခေါ်ကာ နေရာထိုင်ခင်း ပေးလိုက်သည်။

...လူက စကားထစ်လုံးမှမပြောဘဲ ထိုင်ချလိုက်၏။

...းချောင်က အသင့်နှပ်ထားသော ကြေကွဲရုံးအိုး လေးလုံးကို ထိုလူ့ရှေ့တွင် ချပေးလိုက်သည်။

...ခန္ဓာကြမ်းငါးအိုးမှာ လက်ဖက်ခြောက် ငါးမျိုးဖြင့် ...နှပ်ထားခြင်း ဖြစ်လေသည်။

...ခန္ဓာကြမ်းများကို အရသာခံပြီး မိမိနှစ်သက် သဘော...သည့် လက်ဖက်ခြောက်ကို ဝယ်ယူနိုင်အောင် စီစဉ်ပေး...ခြင်း ဖြစ်လေသည်။

...သော်....

...လူသည် ရောနှောကြမ်းလည်း မသောက်၊ စကားလည်း...ဘဲ မလှုပ်မယှက်ထိုင်နေ၏။

...းချောင်ကလည်း ဘာမှမမေးဘဲ လျစ်လျူရှုထားလိုက်သည်။

'ခင်ဗျား ဘယ်လောက်ကြာကြာ ကျောက်ရုပ်လိုထိုင်နေကြည့်သေးတာပေါ့'

'ဒီလူက မဟုတ်သေးပါဘူး၊ မောင်းထုတ်ပစ်လိုက်မှထင်
ဘယ်'

ဟု တွေးလိုက်သည်။

ထိုလူထံသို့ လှမ်းသွားရန်ဟန်ပြင်လိုက်စဉ်မှာပင် ဆိုင်ထဲသို့
ောက်ထပ်လူတစ်ယောက် ဝင်ရောက်လာသည်ကိုတွေ့မြင်လိုက်
ရသည်။

* * *

ဆိုင်ထဲသို့ လူတစ်ယောက်ဝင်ရောက်လာပြန်လေသည်။

ထိုသူသည် ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထား
သည်။

ဦးခေါင်းပေါ်တွင် အပြားကြီးသော ခေမာက်ဝိုင်းကြီး
ခေါင်းကို ဆောင်းထားသည်။

ဆိုင်ထဲသို့ဝင်ရောက်လာပုံမှာ ဟိတ်ဟန် အပြည့်ရှိနေ၏။

သို့သော်....

ဟု စိတ်ထဲတွေးထားလိုက်လေသည်။

ထိုလူအား ဂရုမစိုက်ဘဲ လုပ်စရာရှိသည်များကို လုပ်ကိုင်
နေလိုက်သည်။

ယင်းကွေ့ကသည်း အိမ်ထဲမှထွက်လာခြင်းမရှိပါ။

ဆိုင်ထဲ၌ အပ်ချုပ်ကြားရလောက်အောင်ပင် တိတ်ဆိတ်
နေပါတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ထိုလူ၏ရှေ့၌ ချပေးထားသော ရေနွေးကြမ်းအိုးများပင်
အေးစက်သွားပြီ ဖြစ်သည်။

တိုလူက တစ်ခွက်မျှ ငဲ့မသောက်ခဲ့ပေ။

လူက မလှုပ်မယှက် ထိုင်နေသော်လည်း မျက်လုံးများက
ကျီးကန်းတောင်းမှောက်ဖြင့် တစ်ဆိုဇီလုံးကို အကဲခတ်ကြည့်
နေ၏။

ထိုလူသည် မရိုးသားသော လူတစ်ယောက် ဖြစ်ကြောင်း
စစ်စစ်ထက်ဆစ်စ ထင်ရှားလာလေတော့သည်။

ယင်းချောင်က မကျေမနပ် ဖြစ်လာသည်။

ခေမာက်ဆောင်းထားသဖြင့် မျက်နှာတစ်ဝက်သာပေါ်လေရာ ထိုလူမှာမည်သို့သောလူစားဖြစ်ကြောင်း ရုတ်တရက် ခန့်မှန်း၍ မရချေ။

ထိုလူ သည်ဆိုင်ထဲသို့ရောက်လာရင်း....

'ရေနွေးကြမ်းကောင်းကောင်း သောက်ချင်တယ်'

ဟု ပြောလာလေသည်။

အသံကို နားထောင်ခြင်းဖြင့် လူရွယ်တစ်ယောက် ဖြစ်ကြောင်း ထင်ရှားလေသည်။

ယင်းချောင်သည် လက်ဖက်ခြောက်ဝယ်မည့်ဖောက်သည် ယခုမှ အမှန်တကယ် ရောက်လာပြီဟုတွေးကာ....

'ထိုင်ပါခင်ဗျာ၊ ရေနွေးကြမ်းကို အရင်သုံးဆောင်ကြည့်ပါဦး၊ ပြီးမှ ကြိုက်ရာလက်ဖက်ခြောက်ကို ဝယ်ယူအားပေးလို့ ရပါတယ်ခင်ဗျာ'

ဖိတ်ခေါ်ရင်း နေရာထိုင်ခင်း ပေးလိုက်လေသည်။

ကျောက်လှပ်အလား မလှုပ်မယှက် ထိုင်နေသူနှင့်မျက်နှာချင်းဆိုင်တွင် နေရာချပေးလိုက်ခြင်း ဖြစ်လေသည်။

ထိုလူအား ထမင်အနှောင့်အယှက် ပြုလိုက်ခြင်းဖြစ်သည်။

သို့သော်....

ထိုလူသည် မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ဆက်၍မလှုပ်မယှက် ထိုင်နေတော့သည်။

ခေမာက်ဆောင်းထားသူက ခေမာက်ကို မချွတ်ပါ။

ထိုလူနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ယင်းချောင်ချပေးသော ရေနွေးကြမ်းကို တစ်မျိုးပြီးတစ်မျိုး ပြောင်းကာသောက်နေ၏။

ယင်းချောင်က အနီးတွင် ရပ်နေလိုက်သည်။

ခေမာက်ဆောင်းထားသူက ပထမ ရေနွေးကြမ်းအိုးကို ခေသောက်လိုက်သည်။

'အင်း....မဆိုးဘူး'

ဟု မှတ်ချက်ချလိုက်သည်။

ဒုတိယ ရေနွေးကြမ်းအိုးကိုင်ခဲ့သောက်လိုက်သည်။

သက်ဖက်ခြောက်အရသာခံကာတစိမ့်စိမ့်သောက်လိုက်ခြင်းဖြင့်သည်။

ခန်မော်ကလေးထားသူကြောင့် မလှမ်မယှက် ထိုင်နေသူ ကောင်မလေးသွားရလိမ့်မည် မဟုတ်ပါလား။

သူက ကြားဝင်ထောက်ခံ ပြောဆိုလိုက်သေး၏။

'ဟုတ်ပါတယ်ဗျာ၊ လက်ဖက်ခြောက်ကောင်းကောင်း သောက်ရဖို့ မလွယ်ပါဘူး၊ ကျွန်တော်တို့ဆိုင်က လက်ဖက်ခြောက်ကို တစ်ခါသောက်ပြီးရင် တစ်သက်လုံး စွဲသွားစေရ အောင်လို့ ဆာမခံပါတယ်ဗျာ'

ခေါမောက်ဆောင်းထားသူက ရယ်မောလိုက်လေသည်။

'ဘယ်ညွှန်းပါလား၊ ကျုပ်က အကြံဉာဏ်ခဲ့ ပေးလိုက်ဦးမယ်'

ယင်းချောင်က....

'ပြောပါဗျာ'

ခမောက်ဆောင်းထားသူက....

'လက်ဖက်ခြောက်ကို အရသာခံပြီး သောက်သုံးတဲ့အခါ ပုံသဏ္ဌာန်အမျိုးမျိုးရှိတယ်၊ လက်ဖက်ခြောက်ကောင်းဖို့ အပ်ရှိတင်သာမကဘူး၊ သောက်တဲ့လူရဲ့ အရည်အချင်းလဲ လိုသေးတယ်'

ပြီးလျှင်....

'ဒါလဲ ကောင်းတာပဲ'

ဟု ရေရွတ်လိုက်သည်။

သူ့ဇနီးလက်က တတိယရေခွန်းကြွမ်းအိုးကို လှမ်းလိုက်ပြီး လေသည်။

ယင်းချောင်က စိတ်ရှည်လက်ရှည် စောင့်ကြည့်နေလိုက် လေသည်။

ခမောက်ဆောင်းထားသူက....

'လက်ဖက်ခြောက်အရွက်ရင့်ကို သောက်ရတာက အရသာ တစ်မျိုး၊ အရွက်နုကို သောက်ရတာက အရသာတစ်မျိုး၊ အညှန့်အပူးတွေကို သောက်ရတာက တစ်မျိုး၊ ထူးဟန်သူ တော့ သောက်လို့ကောင်းတာချည်းပါပဲ'

လက်ဖက်ခြောက်အရသာ ခြီးမွှမ်းခန့်း ဖွင့်နေသေးသည်၊

လက်ဖက်ခြောက်အကြောင်း အဘေဘလေး နားလည် ထားပုံမျိုး ဖြစ်လေသည်။

ယင်းချောင် ဆက်ဆာကျသွားသည်။

ယင်းချောင်အံ့သြသွားသည်။

'သောက်တဲ့လူရဲ့အရည်အချင်းလဲလို့လိုသေးတယ်ဆိုတာ ဘယ်လိုသဘောမျိုးလဲဗျာ၊ ရှင်းပြနိုင်ရင် ရှင်းပြပါလား'

ဟု မေးလိုက်လေသည်။

ခမောက်ဆောင်းထားသူက....

'ရေနွေးကြမ်းကို သောက်တဲ့အခါမှာ ရေနွေးပူမှာ ခက်ပြီးသောက်တာက အရသာတစ်မျိုး၊ လက်ဖက်ခြောက် နှံ့ထားပြီး ရေနွေးအေးသွားမှ သောက်တာက အရသာတစ်မျိုး၊ သောက်တတ်တဲ့လူအပေါ်မှာ မူတည်ပြီး ပြောင်းလဲသွားနိုင်သေးတာပဲ မဟုတ်လား'

ဟု ရှင်းပြလေသည်။

ယင်းချောင် သဘောကျသွားလေသည်။

'ဒီနှာင်ကြီးဟာ လက်ဖက်ခြောက်နဲ့ပတ်သက်လို့ အခုတော်ကို ကျမ်းကျမ်းကျင်ကျင်သိတာပဲ'

ဟု ချီးကျူးလိုက်လေသည်။

ခမောက်ဆောင်းထားသူက ရယ်မောလိုက်လေသည်။

'ကျုပ်က လက်ဖက်ခြောက်သာမကဘူး၊ လူကဲ့ခတ်လဲ တော်တယ်ဆိုတာ မှတ်ထားပါ၊ ဟဲ....ဟဲ....ဟဲ'

ယင်းချောင်က....

'လူကဲ့ခတ် တော်တယ်ဆိုတော့ နှောင်ကြီးဟာ'

သူ့စကားမဆုံးမီ ခမောက်ဆောင်းထားသူက ကြားဖြတ် ပြောလိုက်လေသည်။

'လက်ဖက်ရည်ကြမ်းကိုဒေးမူသောက်လို့ကောင်းတဲ့အခါမျိုးရှိသလို တချို့ကိစ္စတွေဟာလဲ နှစ်ပေါင်းများစွာကြာမှ အဖြစ်မှန်ပေါ်ပေါက်လာတဲ့သဘောရှိတယ်လေ'

ဤတွင်....

တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေသူမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။

ထိုအခိုက်မှာပင်....

'သားရေ'

ခေါ်သံနှင့်အတူ ယင်းကွေ့က အိမ်ထဲမှ ထွက်လာသည်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

* * *

ယင်းကွေ့က အိမ်ထဲမှထွက်လာသည်။

ယင်းချောင်အား လှမ်းခေါ်ဖို့ ဟန်ပြင်ရင်း ခမောက်ဆောင်းထားသူနှင့် အနီရောင်ဝတ်ဆင်ထားသူတို့ ရောက်ရှိနေကြသည်ကိုတွေ့မြင်သွားလျှင်မခေါ်တဲ့ နေလိုက်လေသည်။

ချက်ချင်းပင် အိမ်ထဲလှည့်ဝင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အနီရောင်ဝတ်ဆင်ထားသူက....

'ကျုပ်က ဟောဒီတစ်ဆိုင်လုံးကို ဝယ်မယ်ဆိုရင် ဘယ်လောက်ပေးရမလဲ'

ဟု မေးလာလေသည်။

သူ၏အသံသည် အနိမ့်အမြင့်မရှိ ထွက်ပေါ်လာ၏။

ခံစားချက်ကင်းမဲ့သောအသံမျိုးလည်း ဖြစ်သည်။

ယင်းကွေ့ ခြေလှမ်းတုံ့ခနဲရပ်သွားသည်။

အနီရောင်ဝတ်ဆင်ထားသူအား လှမ်းကြည့်လိုက်၏။

လက်ဖက်ခြောက်အမျှားအပြား ဝယ်ယူမည့်ဖောက်သည်ဆိုပါက ယင်းချောင်နှင့် မဖြစ်တဲ့ သူကိုယ်တိုင်အရောင်းအဝယ် စကားပြောရလိမ့်မည်မဟုတ်ပါလား။

ယင်းချောင်ကလည်း ဖပင်ဖြစ်သူအား လှမ်းကြည့်လိုက်လေသည်။

အနီရောင်ဝတ်ထားသူ၏ စကားသံ ထွက်ပေါ်လာပြန်လေသည်။

'ကျုပ်က လက်ဖက်ခြောက်ဘင်မကဘူး၊ ဆိုင်ကိုရော ဆိုင်ထဲက လူတွေကိုပါဝယ်မယ်'

ခမောက်ဆောင်းထားသူက ရယ်မောလိုက်လေသည်။

ယင်းချောင် မနေ့ကမနုပ်ဖြစ်သွားသည်။

ထိုလူသည် စကားမပြောဘဲနေတော့လည်း တစ်လုံးမှမပြောချေ။

ပြောလာသောအခါ တစ်လုံးတစ်ခဲကြီး ဖြစ်နေ၏။

သို့သော်....

သူ၏စကားသည် သာမာန်ကုန်သော စကားများတော့မဟုတ်ပါချေ။

ယင်းချောင်က....

'ခင်ဗျား စိတ်မမှန်ရဲ့လား၊ ဘာတွေပြောနေတာလဲ'

သူက အနီရောင် ဝတ်ထားသူနှင့် ထိပ်တိုက်ရင်ဆိုင်ရန် ပန်ပြင်နေခြင်းဖြစ်သည်။

ယခုတစ်ကြိမ်....

ယင်းကဲ့သို့ ဟန့်တားခြင်းမပြုဘဲ လက်ပိုက်ကြည့်နေသည်မှာ အံ့သြစရာကောင်းလှပေစော့သည်။

ယင်းချောင်၏စကားကြားလျှင် အနီရောင် ဝတ်ထားသူက ဟားတိုက်ရယ်မောလိုက်လေသည်။

'ဟား.... ဟား... ဟား'

သူ၏ ရယ်မောသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'ကျုပ်က ဘယ်လောက်တတ်နိုင်လို့လဲဟုတ်လား'

ဟုလည်း မေးလိုက်သည်။

ယင်းချောင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျား ဝယ်ချင်တယ်ဆိုရင်တော့ တတ်နိုင်မှု ဖြစ်လိမ့်မယ်နော်'

ထိုလူက....

ဟု အော်ပြောလိုက်သည်။

ထိုလူက....

'မင်းတို့သားအဖကိုရော ဘယ်လောက်ပေးရမလဲ'

'ဟာဗျာ'

'ခဏခဏကစပြီး လူးဇာတ်ပစ္စည်းဆော ကစ်ဆိုင်လုံးကို ငါဝယ်လိုက်ပြီ'

'ဟား....ဟား....ဟား'

ယင်းချောင်က ဟားတိုက်ရယ်မောလိုက်လေသည်။

ကြီးကျယ်လှသောထိုလူကို စိတ်ထဲ ခပ်ချဉ်ချဉ်ဖြစ်သွားစေ...

'ဆိုင်ကပစ္စည်းတွေဆော ကျုပ်တို့သားအဖကိုရော ဝယ်ချင်တယ်ဆိုရင် ခင်ဗျားဘတ်နိုင်မှု ဖြစ်မယ်နော်'

ဟု ပြောလိုက်သည်။

ယင်းချောင်သည် သို့သို့သိပ်သိပ်နေရမည်ဆိုသော ဖခင်၏ အမူအရာကို မေ့လျော့နေပြန်ပြီဖြစ်လေသည်။

ဟု ပြောလိုက်သည်။

ခမောက်ဆောင်းထားသူက ယင်းချောင်အား မျက်လုံးသွဲ့ကြည့်လာလေသည်။

သူက ဘက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ဆိုင်းလာကမှာ မိုးကြိုးဂိုဏ်းဟာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ဆိုင်းအုံးကြီးတွေထဲမှာ တစ်ခုအပါအဝင်ပါပဲ၊ မိုးကြိုးဂိုဏ်းက ထိပ်ဘန်းဌာနမှူးတွေသာ ဒီလိုမိုးကြိုးသွား လက်နက်မျိုးကို ကိုင်ဆောင်ခွင့်ရှိတယ်'

ဟု ပြောလေသည်။

'ဟား....ဟား....ဟား'

အနီရောင်ဝတ်ဆင်ထားသူကရယ်မောလိုက်ပြန်လေသည်။

'မင်းက ဒီနေရာနဲ့မဆိုင်တဲ့လူ မဟုတ်လား၊ မင်းပြောသလိုပဲ ကျုပ်ဟာ မိုးကြိုးဂိုဏ်းကဌာနမှူးခွဲနှိုးရိုပဲ၊ ဒီနေရာမှာ ကျုပ်အတွက်အရေးကြီးတဲ့ကိစ္စတွေရှိနေတယ်၊ ဒါကြောင့် မင်းသွက်သွားရင်ကောင်းမယ်'

ခမောက်ဆောင်းထားသူအား မောင်း ထုတ် လိုက် လေသည်။

'သိပ်ဘက်နိုင်ထာပေါ့၊ မင်းတို့ဟာ ဟောဒီ ပစ္စည်းလောက် တန်ဖိုးရှိလို့လား'

စကားဆုံးလျှင် ပစ္စည်းတစ်ခုအား ထုတ်ယူကာ စားပွဲပေါ် ပစ်ချလိုက်လေသည်။

'ခြွမ်း'

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာ၏။

ယင်းချောင် ယင်းကွန့်ခမောက်ဆောင်းထားသူတို့မှာ တိုလူပစ်ချလိုက်သောပစ္စည်းကို လှမ်းကြည့်လိုက်၏။

စားပွဲပေါ်တွင် ရွှေဆုံ ဘဒိတ်ဖိတ်တောက်ပနေသော မိုးကြိုးသွားသင်္ကေတနှိုးရှိသော လက်နက်ဘစ်ခုရှိနေသည်ကို တွေ့ရ၏။

ထိုမိုးကြိုးသွားလက်နက်ကို မြင်ရသောအခါ ယင်းချောင်အမူမူဆားဆွဲသည်။ ယင်းကွန့်ကား အဆိပ်ပြင်းသော မြွေတစ်ကောင်ကို တွေ့လိုက်ရသည့်နှယ် မျက်နှာပျက်သွားလေတော့သည်။

ယင်းချောင်က....

'ခင်ဗျားက ဒီပစ္စည်းလေးနဲ့မျှား ဝယ်လို့ရမယ်ထင်နေလို့လား'

ခဒမာက်ဆောင်းထား သူကလည်း ရယ်မောလိုက်သည်။

'ဟဲ....ဟဲ....ခင်ဗျားကဒီနေ့ထိုကိုတကယ်မဝယ်ရသေးဘူး၊ ဒါကြောင့် ကျုပ် နေ့ခင့်ရှိပါသေးတယ်၊ ခင်ဗျားဝယ်ပြီးပြီ ဆိုရင်တော့ ကျုပ်သွားပါ့မယ်ဗျာ'

ဆန်းဆုင်ဝတ်ဆင်ထားသူ(၀၇) မိုးကြိုးဂိုဏ်းမှ ဌာနမှူး ချိန်ရိန်၏မြားဦးသည် ယင်းချောင်တို့သား အဖအာက်သို့ လှည့်သွားလေသည်။

ယင်းချောင်နှင့်ယင်းကွေ့တို့အား ကြည့်လိုက်ပြီး....

'ကဲ....ခင်ဗျားတို့ကော ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်လေသည်။

ယင်းကွေ့က ရှေ့သို့လှမ်းထွက်လာသည်။

သူ၏အသွင်သည် လူမမာအဘိုးအိုတစ်ယောက်ပမာ ဖြစ်ထွားဏ်။

တုန်တုန်ချိချိဖြစ်နေသလို ကြောက်ရွံ့ထိတ်လန့်နေ၏။

ကြောင်နှင့်တွေသော ကြွက်ငယ်တစ်ကောင်အလား။

ယင်းချောင်သည် ဖခင်ကိုကြည့်ရင်း အံ့သြသွားလေသည်။

မိုးကြိုးဂိုဏ်းဌာနမှူးချိန်ရိန့် ခမမာက်ဆောင်းထားသူတို့ ဆောက်နေသည်ကိုတွေ့ရသဖြင့် အကဲခတ်ကြည့်ခဲ့သည်။

ယင်းကွေ့၏အကြည့်များသည် လျှို့ဝှက်၍နေသည်။

သူ၏အသွင်သည် တိုက်ပွဲဝင် စစ်သူကြီး တစ်ယောက်အလား ရဲရင့်သောခြေလှေ့ကြီးတစ်ကောင်အလား။

ယခုမူ....

အဖြောင်းလဲကြီး ပြောင်းလဲသွားသော ဖခင်၏အသွင်ကြောင့် ယင်းချောင် အံ့သြမဆုံးအောင်ဖြစ်နေရတော့သည်။

ယင်းကွေ့သည် မိုးကြိုးဂိုဏ်းမှချိန်ရိအနီးသို့ ဆောက်သွား၏....

'ဆရာလေးရယ် ကျုပ်တို့ဟာ ကောင်းဆောင်း ကောင်းယ် လုပ်ကိုင် စားသောက်နေကြတာပါ၊ ဒီဆိုင်လေးဟာ ကျုပ်တို့အသက်ပါ၊ ဆောင်းလို့မဖြစ်ပါဘူးဗျာ၊ တောင်းပန်ပါတယ်'

ဟု ဦးနှိမ်ချကာတောင်းပန်လေသည်။

ဖခင်၏အပြုအမူကြောင့် ယင်းချောင် မကျေမနပ်ဖြစ်သွားမိသော်လည်း အကြောင်းတစ်ခုခု ရှိရမည်ဟုတွေးကာ ငြိမ်နေခဲ့လိုက်လေသည်။

မိုးကြိုးဝိုဏ်းမှ ဌာနမှူးချိန်ရိ၏မျက်နှာ ခက်ထန်သွား လေသည်။

'အဝိုတွေ ပြောမနေပါနဲ့ဗျာ၊ ခင်ဗျားရဲ့ ဘဝအမှန်ကို ဖုံးကွယ်ထားလို့ မရတော့ပါဘူး၊ ဒီမြို့ကို ကျုပ်တို့ မိုးကြိုး ဂိုဏ်းက ဌာနခွဲမှူးဟိုစင်းနဲ့ ကျင်းစန်းတို့ တူဝရီး ထောက် လာတဲ့ကြားခါ ကျင်းစန်းဟာ ခင်ဗျားရဲ့သားနဲ့ ရင်ဆိုင်ခဲ့ရ တယ်၊ ခင်ဗျားရဲ့သားက ကျင်းစန်းကို အနိုင်ယူဖို့အတွက် နဂါးလက်သည်း သိုင်းကွက်ကို ထုတ်သုံးခဲ့တယ်၊ ဒါကြောင့် သိုင်းလောကတစ်ခွလုံး သဲကြီးမဲကြီး ရှာခဲ့ကြတဲ့ နဂါးသရဲ လုံးကွေ့ဟာ လက်ဖက်ခြောက်ရောင်းတဲ့ လူအဖြစ်နဲ့ ဟောဒီ ပါဒကျင်းမြို့မှာ ဇာတ်မြုပ် ပုန်းအောင်းနေတယ် ဆိုတာ ပေါ်ပေါက်လာရတာပေါ့ဗျာ၊ခင်ဗျားဆက်ပြီးဟန်ဆောင်ဖို့ ကြိုးစားပါနဲ့တော့၊ မရတော့ပါဘူးဗျာ'

ထိုစကားကြားလျှင် ယင်းချောင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ၏ဖခင်က နဂါးလက်သည်း သိုင်းကွက်အား သေရေး ရှင်ရေးကြုံမှသာထုတ်သုံးရန် တင်းကျပ်စွာသတိပေးခဲ့သည်မှာ လျှို့ဝှက်သော အကြောင်းကိစ္စများ ရှိနေခြင်းကြောင့် ဖြစ် ကြောင်း နားလည်လေတော့သည်။

'ငါမှားပြီ'

သည်း နောင်တကြီးစွာဖြင့် ရေရွတ်လိုက်မိလေသည်။

ငြင်းကွေ့ကမူ....

ာ်ဆွ ဘာတွေ ပြောနေတာလဲ၊ မိတ်ဆွေ ပြောနေ ကို ကျုပ်ဖြင့် ဘယ်လိုမှလဲ နားမလည်နိုင်ပါလား'

ပြောလိုက်၏။

က မိုးကြိုးဂိုဏ်းဌာနမှူးချိန်ရိ၏စွပ်စွဲချက်ကိုအကြောက် ငြင်းဆန်မည့် သဘောရှိလေသည်။

ိန်ရိက ရယ်မောလိုက်လေသည်။

ား....ဟား....ဟား'

ူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ

နဂါးသရဲလုံးကွေ့ဟာ သတ္တိပြောင်မြောက်တဲ့ လူတစ် ယောက်ဆို ကြားဖူးပါတယ်ဗျာ၊ ဒီလောက်တောင် သွေး ပြိမ့်မယ်လို့ မထင်မိပါဘူး၊ ခင်ဗျား ဘယ်လောက်ပဲ ဆောင်နေပေမယ့် မိုးကြိုးဂိုဏ်းရဲ့လက်အောက်က ခင်ဗျား ကိုမှာ မဟုတ်တော့ပါဘူး'

ဟုဖြတ်ပြတ်သားသားပြောသည်။

ယင်းကွေ့အတွက် ရွေးချယ်စရာလမ်းမရှိတော့သည့်အ
အနေ ဖြစ်လေသည်။

သို့တိုင်....

'မိတ်ဆွေလေး၊ ကျုပ် တောင်းပန်ပါတယ်ဗျာ၊ မိတ်
လေးဘာတွေပြောနေတယ်ဆိုတာ ကျုပ်မသိပါဘူး၊ ကျေ
ပြုပြီး မနှောင့်ယှက်ဖို့ တောင်းပန်ပါတယ်'

ဟု တောင်းပန်ပြန်သည်။

'မည်သို့ဆိုစေ....

ချိန်ရိုက ချမ်းသာပေးတော့မည် မဟုတ်ကြောင်း
ရှာ၏။

ဖခင်ဖြစ်သူတွင် လျှို့ဝှက်သော အတိတ်ဇာတ်ခြ
ရှိရမည်ဖြစ်ကြောင်း ယင်းချောင်ထည်း နားလည်လိုက်သ

ဖခင်၏ လျှို့ဝှက်ချက်များကို သိလိုလာပြီး ချိန်ရို
မောင်းထုတ်ပစ်လိုစိတ်များ ဖြစ်ပေါ်လာ၏။

သူ၏ သဘောအတိုင်းဆိုလျှင် နဂါးလက်သည်း
ကွက်ကို အသုံးပြုကာ ချိန်ရိုအား တိုက်ခိုက်မိမည်ဖြစ်သ

ဆိုသို့ အသုံးပြုတိုက်ခိုက်ခြင်းဖြင့် အနိုင်ရလိမ့်မည်ဟုလည်း
ကြည်ဖားလေသည်။

သို့သော်....

ယင်းကွေ့သည်ကား သာမန်ဓားသည် တစ်ယောက်၊ စသာ
ကောက်ရှိ့ထိတ်လန့်သူတစ်ယောက်ပမာ တောင်းပန်တိုးလျှိုး
၏။

ယင်းချောင်သည် ဖခင်ကိုကြည့်ကာ မချင့်မရဲ ဖြစ်လာ
ခဲ့တော့သည်။

သို့စဉ် ချိန်ရို၏အသံ မိုးခြိမ်းသံပမာ ကျယ်လောင်စွာ
ပေါ်လာလေသည်။

နဂါးသရဲ လုံခွေ့၊ ခင်ဗျားအဖမ်းခံပြီးမိုးကြိုးဂိုဏ်းကို
ခွဲမလား၊ ဒါမှမဟုတ် အသက်အသေခံမလား၊ ကြိုက်တဲ့
ဘို့ ရွေးပေခွေ့'

ယင်းကွေ့က....

ဘူးပါဗျဲ....ဒုက္ခပါပဲ'

ညည်းတွားနေ၏။

သူကားနဂါးသရဲလုံကွဲ့ဖြစ်ကြောင်း ဘယ်သောအခါ
ဝန်ခံမည် မဟုတ်သည်မှာ ထင်ရှားနေပါတော့ဘည်။

မိုးကြိုးဂိုဏ်းဌာနချုပ်မှ ချိန်ရိသည် ယင်းကွဲ့ကိုကြည့်
ရင်း ဒေါသဖြစ်ကာ ဒေါပွလာလေသည်။

'ကောင်းပြီ၊ ခင်ဗျားဘယ်လောက် ဟန်ဆောင်နိုင်မလ
ခင်ဗျားရဲ့ နဂါးလက်သည်း သိုင်းကွက်ကို ထုတ်မသုံးဘဲ
နိုင်မလား ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် မိုးကြိုးလက်နက်ကို စားပွဲပေါ်မှ ဆွဲ
လိုက်၏။

သူတာ ယင်းကွဲ့အား တိုက်ခိုက်တော့မည် ဖြစ်လေသည်

ယင်းကွဲ့သည် ချိန်ရိစွပ်စဲသကဲ့သို့နဂါးသရဲလုံကွဲ့ဆို
ဖြစ်နေသည်လော။

သိုင်းလောကတစ်ခုလုံး သဲကြီးမဲကြီးရှာဖွေခြင်း ခံရသူဖြ
နေသည်လော။

ယင်းချောင်သည် ဖခင်ကိုတစ်လည့် ချိန်ရိကို တစ်လည့်
ကြည့်ကာ ဝေခွဲမရ ဖြစ်နေ၏။

အကယ်၍....

ချိန်ရိက တိုက်ခိုက်လာလျှင်လည်း သူက စိတ်မပူပါချေ။

သူ၏ဖခင်သည် သိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်း
သူက တောင်းစွာသိရှိထားသည် မဟုတ်ပါလား။

ပေါင်ကျင်းမြို့တွင် ယင်းကွဲ့အား လက်ဖက်ခြောက်
ရောင်းသည့် ရိုးသားသော အဘိုးကြီးတစ်ယောက်အဖြစ်သာ
လျှို့ ဆီထားကြပေသည်။

ယင်းကွဲ့ သိုင်းပညာထတ်သည်ကို မည်သူမှမသိပါ။

ယင်းကွဲ့က လျှို့ဝှက်စွာနေထိုင်ခဲ့ခြင်းကြောင့် ချိန်ရိ
ပြောသကဲ့သို့ သိုင်းလောကတစ်ခုလုံး အလိုရှိနေသူဖြစ်ရမည်
ဟု ယင်းချောင် လက်ခံလာလေတော့သည်။

'ဖေဖေ့ကို တာကြောင့်များ သိုင်းလောကတစ်ခုလုံးက
အလိုရှိနေကြတာပါလိမ့်'

'ဖေဖေ့နာမည်ဟာ တကယ်ပဲ နဂါးသရဲလုံကွဲ့ဖြစ်နေ
သလား'

'ဖေဖေက ဘာကြောင့် ဘဝမှန်ကိုလျှို့ဝှက်ပိုးကွယ်ထား
ရတာလဲ'

ဟု အမျိုးမျိုးတွေးတောနေမိလေတော့သည်။

ထိုအချိန်တွင်....

'ခင်ဗျား သတိသာထား'

ချိန်ရိက တိုက်ခိုက်ရန်ဟန်ပြင်နေ၏။

သို့သော်....

စားပွဲပေါ်တင်ထားသော မိုးကြိုးသွားလက်နက်ကို ဆွဲယူလိုက်သောအခါ ရုတ်တရက်ဆွဲယူ၍မရဘဲ ဖြစ်နေ၏။

ယင်းကဲ့သို့မဖြစ်နေသော ချိန်ရိ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ဆွဲယူ၍မရသည့် မိုးကြိုးသွားလက်နက်ကို လှမ်းကြည့်လိုက်၏။

ထိုအခါ....

မိုးကြိုးသွားလက်နက်ပေါ်တွင် ရေဒေးကြမ်းအိုးတစ်အိုးက ဖိထားလျက်ရှိပြီး ထိုရေဒေးကြမ်းအိုးအား ခဗမာက်ဆောင်းထားသောလူရွယ်က လက်ဖြင့်ကိုင်ထားသည်ကို တွေ့ရလေသည်။

မိမိအား နှောင့်ယှက်မည့်သူ တစ်ယောက် ရှိနေပြီဖြစ်ကြောင်း ချိန်ရိ ဆတောပေါက်သွားလေတော့သည်။

ခဗမာက်ဆောင်းထားသော လူရွယ်ကို ခပ်စိုင်းစိုင်းကြည့်နေ၏....

'ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်ဘဲ ဘေးဖယ်နေတာကောင်းလိမ့်မယ်၊ မိုးကြိုးဂိုက်းဆိုတဲ့နာမည်ကိုကြားဖူးတယ် ဟေ့တော်လား'

ဟု ခြိမ်းခြောက်လိုက်လေသည်။

ခဗမာက်ဆောင်းထားသော လူရွယ်က ကြောက်ရွံ့သွားခြင်း မရှိသည့်အပြင် ရယ်မောလိုက်လေသည်။

'ဟဲ့....ဟဲ့....ဟဲ့၊ ကြားဖူးပါတယ်ဗျာ၊ ခါပေမယ့် မိုးကြိုးဂိုက်းကလူတွေဟာ အပြစ်မရှိတဲ့လူတစ်ယောက်ကို ဒုက္ခပေးနေတာကိုတော့ ကျုပ်က ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းပဲဗျ'

'ဘာကွ'

ချိန်ရိ ဒေါပွသွားလေသည်။

လူရွယ်က....

'သူဟာ ဝက်ခြောက်ဆုံးပြီး ရိုးရိုးသားသားလုပ်ငိုစားသောက်နေတာကို ခင်ဗျားမမြင်ဘူးလား၊ ဘာတွေမကုတ်မဟပ်လာပြီး စွပ်စွဲခဲ့နေရတာလဲ'

ချိန်ရိုက....

'ဟိတ်....စကားမရှည်နဲ့၊ ထူဟာ သိုင်းလောကတစ်ခုလုံး
ဟာ အလိုရှိနေတဲ့ နဂါးသရဲ လုံကွေ့ပဲ'

လူရွယ်က....

'ဟောာ....မဟုတ်တာတွေ ပြောနေပြန်ပါပြီ၊ ခင်ဗျား ဘာ
ကြောင့် ထင်ရာမြင်ရာ စွပ်စွဲနေရတာလဲ၊ ခင်ဗျား မယုံရင်
ပေါင်ကျင်းမြို့ထဲ သွားစုံစမ်းကြည့်မေါ့၊ လက်ဖက်ခြောက်
ဆောင်းတဲ့ အဘိုးကြီး သိုင်းလောကနဲ့ ဘာမှမပတ်သက်ဘူးဆို
တာ တစ်မြို့လုံးက ပြောကြလိမ့်မယ်'

ယင်းကွေ့က အားကိုးအားထားရသွားသဖြင့်ဦးခေါင်း
တဆတ်ဆတ် ညိတ်လိုက်လေသည်။

သူ၏အဖေသည်လူရွယ်ပြောသည့်အတိုင်းဖြစ်သည်ဟူသော
သဘောမျိုးတည်း။

ယင်းချောင်ကား ဖခင်ဘက်မှ ကြားဝင် ပြောဆိုလာ
သည့် လူရွယ်ကို အံ့သြသောအကြည့်ဖြင့် ကြည့်နေ၏။

ချိန်ရိ မဲ့ပြုံးပြုံးလိုက်သည်။

ယင်းကွေ့အား ရင်မဆိုင်မီ လူရွယ်နှင့်ဦးစွာ ရင်ဆိုင်
ရလိမ့်မည်ဖြစ်ကြောင်း သဘောပေါက်သွားပြီဖြစ်သည်။

သူ၏မိုးကြိုးသွားလက်နက်ကို ဆွဲယူ၍မရအောင် အတွင်း
အား အသုံးပြုကာ ရေခဲနှုန်းကြမ်းအိုးဖြင့် ဖိထားကတည်းက
ခေသူမဟုတ်ကြောင်းလည်းပေါ်လွင်နေ၏။

'မိုးကြိုးဂိုဏ်းရဲ့ကိစ္စထဲကိုဝင်ရှုပ်ရဲ့တာနည်းတဲ့သတ္တိမဟုတ်
ဘူး၊ အောင်းပြီဒီကနေ့ မင်းနောင်တရစေရမယ်'

ဟု ကြိုးဝါးကာ ခြေထောက်ဖြင့် လျှပ်တစ်ပြက် ကန်
ကျောက်လိုက်သလို မိုးကြိုးသွားလက်နက်ကိုလည်း အားကုန်
ဆွဲယူလိုက်လေသည်။

လူရွယ်ကလည်း လှုပ်ရှားလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် စားပွဲပေါ်သို့ ဝေ့ခနဲထောက်ရှိသွား
လေသည်။

ထိုအခါ....

'ဝုန်း'

ချိန်ရိ၏ ခြေထောက်ကန်ချက်သည် လူမရှိတော့သည့်ထိုင်
ခုံကိုသာလျှင် ကန်ကျောက်မိသွားပြီး ထိုင်ခုံမှာ ကျိုးပဲ့ပျက်
စီးသွားလေတော့သည်။

ဝေဒဲဖရ ဇဝေဇာဖြစ်နေသည်။

လူရွယ်ကမူ ဇဟားဟားရယ်မောရင်း....

'မိုးကြိုးဂိုဏ်းက ဌာနမှူးကြီး ဘယ်လိုဖြစ်သွားတာလဲဗျ'

ဟု လှောင်ပြောင်လိုက်လေသည်။

ချိန်ရီကား ဒေါသခြောင်းခြောင်းထွက်နေပါတော့သည်။

ကြမ်းပြင်ပေါ်မှလူးလိမ့်ခုန်ထရင်း....

'ခဏကောင် မင်းက မိုးကြိုးဂိုဏ်းကိုစော်ကားရဲတယ်ပေါ့လေ၊ သေဖို့သာပြင်ထား'

ဟု အော်ငေါက်ကာ လက်ထဲရောက်နေပြီဖြစ်သော မိုးကြိုးသွားလက်နှက်ဖြင့် ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဝင်းလက် တောက်ပသော ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာ၏။

ယင်းကဲ့ ကပျာကယာနောက်ဆုတ်လိုက်၏။

မိုးကြိုးဂိုဏ်းမှ မိုးကြိုးသွားလက်နှက်၏အစွမ်းကို သိနေပုံရ၏။

လူရွယ်သည် စားပွဲပေါ်သို့ရောက်သွားလျှင် မိုးကြိုးသွားအား ဖိထားသော ရေနွေးကြမ်းအိုးကိုမယူကာ မိုးကြိုးသွားကို လှုတ်ပေးလိုက်လေသည်။

ဤတွင်....

အားဖြင့်ဆွဲယူလိုက်သော ချိန်ရီမှာ အရှိန်ဖြင့်နောက်ပြန်လန်လဲကျသွားလေတော့သည်။

'ဝုန်း'

လူရွယ်သည် ချိန်ရီ၏အဖြစ်ကိုကြည့်ကာ....

'ဟား....ဟား....ဟား'

သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။

ယင်းခဏသည်ပင် ကြမ်းပြင်ပေါ် ခြေကားရား လက်ကားရားဖြစ်သွားသည့် ချိန်ရီကိုကြည့်ရင်း သတိလက်လွှတ်ဖြစ်ကာ ရယ်မောလိုက်ခင်လေသည်။

ယင်းကဲ့က မလုံပ်မယှဉ်ရပ်နေ၏။

သူ၏မျက်နှာတွင် ကြောက်ရွံခြင်း စိုးရိမ်ခြင်းဟူသော အမူအရာမျှးမရှိတော့ပါ။

မိုးကြိုးသွားလက်နက်သည် ရိပ်ခနဲဖြင့် လူရွယ်ထံသို့ တိုးဝင်သွားလေသည်။

အဘယ်၍....

လူရွယ်သာ စားပွဲခုံ၌ ရှိနေမည်ဆိုပါလျှင် မိုးကြိုးသွားလက်နက်ထိမှန်ကာ ဒုက္ခရောက်သွားရမည်မှာ သေချာနေပါ၏။

သို့သော်....

လူရွယ်သည် စားပွဲပေါ်မှ ရုတ်ခြည်းပျောက်ကွယ်သွားလေသည်။

မိုးကြိုးသွားလက်နက်သည် စားပွဲကိုကျော်ဖြတ်ကာ အိမ်တိုင်တစ်လုံးကိုထိသွား၏။

အလွန်ထက်မြက်သော လက်နက်ဖြစ်သလို အားစိုက်ပစ်လွှင့်လိုက်ခြင်းကြောင့် အိမ်တိုင်သည် တိခနဲ ပြတ်သွားလေသည်။

လူတစ်ယောက်အား ထိမှန်သွားပါက မတွေးဝံ့စရာ ဖြစ်လေသည်။

မိုးကြိုးသွား လက်နက်သည် ဝေ့ကာ ဝဲကာဖြင့် ချိန်ရိန်၏ လက်ထဲသို့ ပြန်လည်ရောက်ရှိသွားလေသည်။

လူရွယ် မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

ချိန်ရိသာမက အားလုံးကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ထို့စဉ်....

'မိုးကြိုးသွားလက်နက်က ဘယ်ဆိုးလို့လဲ'

ရယ်သံစွက်နေသော လူရွယ်၏စကားသံ ထွက်ပေါ်လာသည်။

ချိန်ရိ၏ နောက်ကျောဘက်မှ ထွက်ပေါ်လာခြင်းဖြစ်၏။

'ဟင်'

ချိန်ရိ ရင်ထိတ်ကာ ကပျာကယာ နောက်လှည့်ကြည့်လိုက်သည်။

ထို့အခါ....

ယှဉ်၍ နောက်ကျောဘက် မလှမ်းမကမ်းတွင် ဟန်ပါပါ ခုပ်နေသော လူရွယ်အား တွေ့လိုက်ရလေသည်။

ချိန်ရိသည် ဒေါသတကြီးဖြစ်သွားပြီး ပြေးဝင်တိုက်ခိုက်ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

'လက်ဖက်ခြောက်ရောင်းတဲ့ဆိုင်ကို လာပြီးမှတော့ ရေနွေးကြမ်း သောက်လိုက်ပါဦးဗျာ'

လူရွယ်ကပြောကာ လက်ထဲကိုင်ထားသော ရေနွေးကြမ်းအိုးအား ဝေ့ယမ်းလိုက်၏။

ရေနွေးများသည် ဖွားခနဲပစ်လွင့်လာလေသည်။

ချိန်ရီ ထိတ်လန့်သွားကာ ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

သူ၏လှုပ်ရှားမှု နောက်ကျသွားသည်ဖြစ်ရာ မျက်နှာတွင် ရေနွေးကြမ်းများ ထိမှန်သွားလေတော့သည်။

'အား'

ချိန်ရီ အထိတ်တလန့် အော်လိုက်သည်။

အခြေအနေမဟန်မှုန်း သတောပေါက်သွား၏။

လူရွယ်အား မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်တော့မှန်း သိလျှင် မနေစံ့တော့ပါချေ။

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ဆိုင်အပြင်ဘက်သို့ ထွက်ပြေးသွားလေတော့သည်။

'ဟား....ဟား....ဟား'

လူရွယ်က သဘောကျစွာ ရယ်ချလိုက်လေတော့သည်။

* * *

'ကိစ္စမရှိပါဘူး ငါ့ညီရယ်၊ ဒါတွေက အသေးအဖွဲပါ၊ ကျုပ်ရှေ့မှာ မတရားလုပ်ရင် ဘယ်သူပဲဖြစ်ဖြစ် ကျုပ်က ခွင့်မခိုက်ဘူး၊ မတရားလုပ်ဘာကို လက်ပိုက် ကြည့်မနေနိုင်ဘူး၊ အားနည်းတဲ့ဘက်က ဝင်ပြီးကူညီမှာပဲ'

ဟု ပြောလေသည်။

ယင်းချောင်မှာ လူရွယ်အား ခင်မင်ရင်းနှီးလိုစိတ်များ ဖွဲ့ပေါ်လာလေသည်။

'ဒါပေမယ့် နောင်ကြီးရဲ့နာမည် ဘယ်လိုခေါ်သလဲဆိုတာ ပြောပြနိုင်မလားဗျာ'

ဟု မေးလိုက်လေသည်။

လူရွယ်က....

'ကျုပ်နာမည် ကြူးလင်လို့ ခေါ်ပါတယ်ဗျာ'

ထိုစဉ်....

'ယင်းချောင်.... မင်း နောက်ဆုတ်လိုက်စမ်း'

ယင်းခက္ခ၏အသံ ထွက်ပေါ်လာလေသည်။

ချိန်ရီ ထွက်ပြေးသွားပြီ ဖြစ်လေသည်။

ယင်းကေ့အား ဒုက္ခပေးမည့်သူ ထွက်ပြေးသွားပြီဖြစ်ရာ ယင်းချောင် ဝမ်းသာသွားလေသည်။

ကပျာကယာ ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

လူရွယ်အား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ကျွန်တော်တို့ကို ကူညီခဲ့တဲ့အတွက် ခကျားဇူးတင်ပါတယ်ခင်ဗျာ'

ဟု ပြောလိုက်လေသည်။

လူရွယ်က ရယ်ခေါလိုက်သည်။

ယင်းချောင်သည် ဖခင်ဖြစ်သူအား လှည့်ကြည့်ကာ နောက်ဆုတ်လိုက်လေသည်။

ယင်းကွေ့သည် ကြူးလင်ဆိုဆော လူရွယ်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး....

'မင်းနာမည် ကြူးလင်ဆိုတော့ ချန်အန်း သိုင်းလုလင်သုံးဖော်နဲ့ ဘယ်လိုများပတ်သက်နေသလဲ'

ဟု မေးလိုက်လေသည်။

ကြူးလင်က ရယ်မောလိုက်သည်။

'ဟဲ....ဟဲ....ဟဲ ဦးကဗဟုသုတကြွယ်ဝသားပဲ၊ ကျနော်တော် ဟာ ချိန်အန်းသိုင်းလုလင်သုံးဖော်မှာ တစ်ယောက်အပါအဝင် ဖြစ်တဲ့ ကျားလေးကြူးလင်ပါခင်ဗျာ'

ယင်းကွေ့က....

'လက်စသတ်တော့ မင်းဟာ ကျားလေးကြူးလင်ကိုး အောင်ပြီ၊ မင်းက ဘာကြောင့် ဒီနေရာကိုရောက်လာတာလဲ၊ ပြောပါ'

ဟု ခပ်မြတ်မြတ် မေးလိုက်လေသည်။

ယင်းချောင် အံ့သြနေသည်။

သူတို့အား ကူညီခဲ့သည့်ကြူးလင်သည်လည်း သိုင်းလောကသားတစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား။

ကြူးလင်သည် ချိန်ရိုက်ခဲ့သို့ သူ၏ဖခင်အား လာရောက်ဂါဝဖွဲ့သူ ဖြစ်နေသည်လော။

ယင်းချောင်သည် စိတ်ဝင်စားစွာနှင့် အခြေအနေစောင့်ကြည့်နေမိလိုက်လေသည်။

ကြူးလင်ကအခြေအနေမပေးသေးဘဲစားပွဲဆီကိုလှမ်းသွားသာ ထိုင်ခုံတစ်လုံးပေါ်တွင် အေးအေးဆေးဆေးထိုင်ချလိုက်လေသည်။

ပြီးလျှင် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ပြီး....

'အတော်ကောင်းတဲ့ရေနွေးကြမ်းပါပဲ၊ ဦးဟာဒီလိုဧတာ့ လေးတစ်မြို့မှာ လာပြီးခြေချနေတယ်၊ လက်ဖက်ခြောက်သုံးတဲ့လူအဖြစ် ဇာတ်မြုပ်နေတာ အဲဒါကို ဝီပြင်တာ အကြောင်းမသိရင် ဓာကယ်'

သူ၏စကားမဆုံးမီ ယင်းကွေ့က ကြားဖြတ်ပြောလိုက်လေသည်။

'မင်းက ဒီကိုဘာရည်ရွယ်ချက်နဲ့ လာခဲ့တယ်ဆိုဘာပြော'

ကြူးလင်ဏာ....

'ထင်နေတာမဟုတ်ပါဘူး၊ ဦးဟဒန္တဂါးသရဲလုံးကွေ့ဆို တာ ကျွန်တော်သိပါတယ်'

ယင်းကွေ့က....

'ဓင်း'

ကြူးလင်က လက်ကာပြလိုက်လေသည်။

'ကျွန်တော်ဟာ ဦးကိုဒုက္ခပေးချင်ရင် ခိုးရိုးရဲလုပ်ရပ်တွေ လက်ပိုက်ကြည့်နေမှာပေါ့၊ ဦးကိုကူညီချင်တဲ့စိတ်ရှိလို့သာ ခိုးရိုးကို မောင်းထုတ်လိုက်တာပါ။ ကျွန်တော်တစ်ခုပြောချင် တယ်၊ ဦးတို့ ဒီမှာဆက်နေလို့မဖြင့်တော့ပါဘူး၊ ချိန်ရီ ကြောင့် ဦးရဲ့သတင်းဟာ သိုင်းလောကမှာ ပေါက်ကြား သွားမှာ သေချာပါတယ်၊ ဒီနေ့ကုန် သိုင်းလောကသား တွေ မကြာခင် ရောက်လာကြပါလိမ့်မယ်'

ယင်းကွေ့က သက်ပြင်းချလိုက်သည်။

'ငါ့တူက ကျွပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ငါ့တူရဲ့ကျေးဇူးကို တယ်တော့မှမမေ့ပါဘူး'

ဟု ပြောလိုက်လေသည်။

ထူက ခပ်ပြတ်ပြတ်ပြောလိုက်ခြင်း ဖြစ်လေသည်။

ကြူးလင်က သက်ပြင်းချလိုက်သည်။

'အင်း....အမှန်အတိုင်းပြောရမယ်ဆိုရင် ကျွပ်က သိုင်း လောက တစ်နံတစ်လျား ခြေဦးတည့်ရာ လျှောက်သွားနေခဲ့ တယ်ဆိုပါတော့၊ ဒီလိုနဲ့ တစ်နေ့မှာရေးကြီးသုတ်ပျာဖြစ်နေ တဲ့လူတစ်ယောက်ကိုမမျှော်လင့်ဘဲ တွေ့လိုက်ရတယ်၊ အဲဒီလူ ကတော့ စောစောကထွက်ပြေးသွားတဲ့ချိန်ရီပေါ့'

ယင်းကွေ့က....

'မင်းက ချိန်ရီရဲ့လှုပ်ရှားမှုကို မသက်သာလို့ နောက်ယောင် ခံပြီး လိုက်လာတာပေါ့'

ကြူးထင် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါဘယ်ဗျာ၊ ဒီလိုဆောက်လာမှ သိုင်းလောကတစ် ခွလုံးက အလိုရှိနေတဲ့ နဂါးသရဲလုံးကွေ့ကို မိုးကြိုးပိုက်းက ခြွေဆုံမိထားတယ်ဆိုတာ သိရပါတော့တယ်ဗျာ'

ယင်းကွေ့က....

'ဓင်းက ကျွပ်ကိုနဂါးသရဲလုံးကွေ့လို့ ထင်နေတာပေါ့? ဟုတ်လား'

ကြူးလင် ရယ်မောလိုက်လေသည်။

'ကိစ္စမရှိပါဘူးဦးရယ်၊ ဦးတို့သာ ဒီနေ့ထုက အမြန်ဆုံး ရှောင်တိမ်းသွားကြပါ၊ ကဲ....ကျွန်တော့်ကိုလဲ သွားခွင့်ပြုပါဦး'

'ကောင်းပါပြီကွယ်၊ ကောင်းပါပြီ'

ယင်းကွေ့က ကြူးလင်အား ဆိုင်တံခါးဝအထိ လိုက်လံပို့ဆောင်ပေးလိုက်လေသည်။

ကြူးလင်သည် ယင်းကွေ့တို့အား နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

ချိန်ရိသည်လည်းကောင်း၊ ကြူးလင်သည်လည်းကောင်း ထွက်သွားကြပြီ ဖြစ်သည်။

ယင်းကွေ့သည် ကြူးလင်အား လိုက်လံပို့ဆောင်ပေးပြီးသည်နှင့် အိမ်ထဲသို့ ခပ်သုတ်သုတ်ပြန်ဝင်လာကာ....

'ကဲ....တို့သွားကြစို့'

ဟု ယင်းချောင်ကို ပြောလိုက်လေသည်။

ယင်းချောင်က....

'ဖေဖေ ဘယ်ကိုသွားရမှာလဲဟင်'

ယင်းကွေ့က....

'ဘယ်ကို သွားရမယ်ဆိုတာ ဖေဖေလဲ မပြောတတ်သေးဘူး၊ အရေးကြီးတာက ပေါင်ကျင်းမြို့နဲ့ ဝေးဒေါင်သွားဖို့ပဲ'

ယင်းချောင် ငိုင်သွားလေသည်။

လူ၏ ဖခင်သည် အထုပ်အပိုးများကို တစ်ညလုံး ပြင်ဆင်ထားခဲ့ပါသည်။

အချိန်မရွေး ထွက်သွားနိုင်အောင် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။

ဖခင်၏ လုပ်ရပ်ကို ယင်းချောင် နားမလည်နိုင်ခဲ့ပါ။

ယခုတော့....

သူတို့အိမ်ကလေးကို လည်းကောင်း၊ ပေါင်ကျင်းမြို့ကို လည်းကောင်း စွန့်ခွာပြီး ဝေးရာသို့ ထွက်သွားရတော့မည် ဖြစ်သည်။

ရက်ပိုင်းအတွင်းပြောင်းလဲသွားသော ဘဝအခြေအနေကို မယုံနိုင်အောင် ဖြစ်နေရလေသည်။

ထိုသို့ဖြစ်ခဲ့ရသည်မှာ သူက နဂါးလက်သည်း သိုင်းကွက်ကို ထုတ်ဖော် အသုံးပြုလိုက်မိခြင်းကြောင့် ဖြစ်ခဲ့လတော့သည်။

ယင်းကွေ့သည် ငေးငိုင်နေသော ယင်းချောင်၏နံဘေးမှ ဖြတ်ကာ အိမ်ထဲဝင်သွားသည်။

အိတ်နှစ်လုံးကိုဆွဲကာ ချက်ချင်းပြန်ထွက်လာပြီး....

'သွားစို့'

ဟု ပြောလေသည်။

ယင်းချောင်မှာ အိပ်မက်မက်ဆဲမှ လန့်နိုးလာသူပမာ ဖြစ်သွား၏။

'သွားရမယ် ဟုတ်လား'

ယင်းကွေ့က....

'ဟုတ်တယ်၊ ဒီနေရာကအမြန်ဆုံး ထွက် သွား နိုင် သလောက်ဝေးလေပဲ'

ယင်းချောင်က....

'ဖေဖေ... ကျွန်တော်တို့အိမ်ကို ဒီအတိုင်း ထားခဲ့ခဲ့တာမှာလား၊ ပစ္စည်းတွေကော လက်ဖက်ခြောက်အိတ်တွေကော ပြီးတော့....'

သူ၏စကားမဆုံးမီ ယင်းကွေ့က ကြားဖြတ်ပြောလိုက်လေသည်။

'မင်းခွဲအသက်ထက် ဘယ်အရာက ဝိုပြီးအရေးကြီးသလဲ ပြော၀ါ'

ယင်းချောင် ငိုင်သွားပြန်လေသည်။

ယင်းကွေ့က....

'တို့ ဒီနေရာကိုစွန့်ခွာပြီး ထွက်သွားမလား၊ ဒီမှာနေပြီး အသက်အလေခံမလား၊ မင်းကြိုက်တဲ့လမ်းကိုရွေး'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ယင်းချောင်မှာ ချစ်ရသူချို့ကျင်းနှင့်လည်း ဝေးရတော့မည်မို့ ငိုချင်စိတ်ပင်ဖြစ်ပေါ်လာလေသည်။

'ဖေဖေရယ် ဘယ်လိုတွေဖြစ်ကုန်တယ်ဆိုတာ ကျွန်တော့်ကိုသေချာပြောပြပါဦး၊ ကျွန်တော် ဘာမှနားမလည်နိုင်တော့လို့'

ဟု တောင်းပန်လိုက်သေသည်။

ယင်းကွေ့က....

ယင်းချောင်၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

ယင်းချောင် မည်သို့မျှမတတ်သာဘဲ လိုက်ပါသွားရလေ တော့သည်။

* * *

'မင်းသိချင်ရင် လမ်းကျမှခပြောပြမယ်၊ လာ သွား'

ယင်းချောင်၏လက်ကို ဆတ်ခနဲ ဆွဲခေါ်သွားလေသည်။

ယင်းချောင်လည်း မတတ်သာတော့ဘဲ ဖခင်ခေါ်ရာ နောက်သို့လိုက်ပါသွားရလေသည်။

တစ်ခဏအတွင်းမှာပင် သားအဖနှစ်ယောက် အိမ်အပြင် ဘက်သို့ရောက်သွားရလေတည်။

ယင်းချောင်သည် အိမ်ကလေးကို သံယောဇဉ်မကုန်သော အကြည့်ဖြင့်လှမ်းကြည့်ရင်း....

'ကျန်တော်တို့ထွက်သွားတာတော့ ဟုတ်ပါပြီ၊ အိမ်တံခါး တွေ ပိတ်ခဲ့ရင်ကောင်းမယ်ဖေဖေ၊ တော်ကြာ သူခိုးသူဝှက် တွေ....'

ယင်းကွေ့က....

'လာမှာလာစမ်းပါ၊ အိမ်တံခါးတွေဖွင့်ဆားတာ့ တို့ ထွက်သွားပြီလို့ ရုတ်တရက်ဘယ်ထင်ကြပါ့မလဲ၊ သူခိုးသူဝှက် တွေက ပစ္စည်းပဲယူမှာ၊ ဖေဖေ့နောက်ကို လိုက်နေတဲ့လူတွေ ကတော့ အသက်ပါနှုတ်ယူကြလိမ့်မယ်၊ ဘာမှ သံယောဇဉ် ဘယ်မနေနဲ့၊ လာ'

ချေးပြိုက်ပြိုက် စီးကျကာ နံစော်၍နေလေသည်။

တစ်ကိုယ်လုံး ထူရိုက်ဆားသလို နာကျင်နေသော်လည်း ခေတ္တအနားယူဖို့ မပြောဝံ့ပါ။

ပေါင်ကျိုးပြီမှ ထွက်လာကတည်းက နေ့ရောညပါ ရပ်နားခြင်းမပြုဘဲ ခရီးနှင်လာခဲ့ရခြင်း ဖြစ်သည်။

အစားအသောက်လည်း ကောင်းကောင်းမွန်မွန် မစားရပါ။

လမ်းခရီးတွင် ကြုံသလိုဖြစ်သလို စားသွားရ၏။

သို့ရာက်အတွင်း ပင်ပန်းနွမ်းနယ်မှုဒဏ်ကြောင့် ယင်းချွေးမှာ အတိုးအိုလေးဘစ်ယောက်ပမာ အိုစာသွားလေသည်။

သို့သော်....

ယင်းကဲ့သား ပြောင်းလဲသွားခြင်း မရှိချေ။

သို့ရာက်မဆိုဘားနှင့်၊ ရက်ပေါင်းသုံးဆယ် ခရီးနှင်ရမည့် သူ့ကိုလည်း မှုမှည့်ပို့မပေါ်ပါ။

ယင်းကဲ့သည် သံမဏိဖြင့် ထုထားသူ့ဘစ်ယောက်နှင့် တူနေတော့၏။

နေခြစ်ခြစ်ဘောက် ပူပြင်းနေ၏။

ပတ်ကြားအက်နေသော လွင်ပြင်ကိုကျော်ဖြတ်လာကြပြီး သောအခါ စိမ်းလန်းစိုပြည်နေသော တောအုပ်တစ်ခုသို့ ရောက်လာကြလေသည်။

ယင်းကဲ့သ ခရီးဆောင်အိတ်ကို ကျောပိုးကာ ရှေ့မှ ခပ်သွက်သွက်သွားနေဆဲ....

နောက်တလိုက်လာသော ယင်းချောင်မှာမူ ခြေထောက် မသယ်နိုင်အောင် ဖြစ်နေ၏။

သူ၏တစ်ကိုယ်လုံး ဖုန်များ သဲများပေကျံ နေသည်။

မိမိကဲ့သို့ လူငယ်တစ်ယောက်ထက်အသက်ကြီးရင့်နေပြီဖြစ်သော ဖခင်က ပို၍ခံနိုင်ရည်ရှိနေခြင်းကြောင့် ယင်းချောင်စာအုံတည်း ဖြစ်ရလေသည်။

ပင်ပန်းလှသည်ဟု မည်း်တွားဝံ့တော့ဘဲ ကုပ်ချောင်းချောင်းဖြင့် လိုက်သွားရလေသည်။

စိမ်းလန်းသော တောအုပ်ရှေ့သို့ ရောက်ရှိလာသောအခါ တောလမ်းနံဘေးတွင် ခရီးသွားများနားနေရန်ဆောက်လုပ်ထားသော ဇရပ်လေးတစ်ဆောင် ရှိနေသည်ကို တွေ့မြင်ရလေသည်။

ယင်းချောင် ဝမ်းသာသွားသည်။

ထို့ဇရပ်လေး၌ခေတ္တနားရလျှင် ကောင်းမည်ဟုတွေးလိုက်မိသည်။

ဖခင်ဖြစ်သူကို လှမ်းကြည့်လိုက်သောအခါ ရပ်နားမည့်အသွင် မရှိဘဲ ရှေ့ဆက်သွားရန် ပြင်နေသည်ကို တွေ့ရသဖြင့် စိတ်ဓာတ်ကျသွားရပြန်လေသည်။

ထို့စဉ်....

ယင်းကွေ့က ခြေလှမ်းရပ်သွားလေသည်။

ယင်းချောင်ကိုလှမ်းကြည့်ရင်း....

'တို့ဒီမှာ ခဏနားကြတာပေါ့'

ဟု ပြောလေသည်။

သုံးရက်အတွင်းပထမဆုံးအကြိမ်အဖြစ်နားခွင့်ရလိုက်ခြင်းနှင့်ပတ်သက်သည်။

ယင်းချောင်သည် ဇရပ်ပေါ်ပြေးတက်ပြီး လှဲချလိုက်လေသည်။

* * *

အေးမြသော လေပြည်လေညင်း ငွေ့ယှက်တိုက်ခတ်လာသည်။

မွေးကြိုင်းသင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံလာသည်။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝတေးသီကြွေးသံများကို ကြားနေရ၏။

လူသူကင်းဝေးသော အရပ်ဒေသတစ်ခုသို့ရောက်ရှိနေခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ယင်းကွေ့သည် ကျောပိုးအိတ်ထဲမှ ရေဘူးနှင့်မုန့်ခြောက်များ ထုတ်ယူကာ ယင်းချောင်ကို ကျွေးမွေးသည်။ သူကိုယ် တိုင်လည်း စားသောက်လိုက်လေသည်။

ယင်းကွေ့က ကြိုတင်စီစဉ်ထားခဲ့သဖြင့် လမ်းခရီး၌ ဒုက္ခ မရောက်ရခြင်းဖြစ်လေသည်။

အလောတကြီး စွန့်ခွာထွက်ပြေးလာခဲ့ကြရာ၌ကြိုတင်စီစဉ် ထားခြင်း မရှိပါက ယခုလောက်ဆိုလျှင် စားရေး သောက်ရေး အခက်ကြုံရတော့မည်ဖြစ်လေသည်။

ယင်းချောင်သည်စားသောက်ပြီးလျှင်မျက်ခွံများလေးလာသဖြင့် ဇရပ်မှတိုင်တစ်လုံးကိုကျောမှီကာ ငိုက်မျဉ်းလိုက်လေသည်။

ယင်းကွေ့က သားဖြစ်သူကိုကြည့်ကာ သက်ပြင်းအခါခါ ချမိလေသည်။

သူက အလိုလိုက်ထားခဲ့သဖြင့် ယင်းချောင်သည် ပျော့ညံ့သူတစ်ယောက်ဖြစ်နေပြီဟုလည်း တွေးမိလေသည်။

ယင်းချောင်ကား ဖခင်၏အတွေးကို မသိနိုင်ပါ။

သူက ငိုက်မျဉ်းနေရာမှ ချစ်ရသူ ချိုကျင်းကို သတိရလာ

ချိုကျင်းနှင့် ဝေးရပြီဟူသော အသိကြောင့် ဝမ်းနည်း ကြေကွဲလာကာ ငိုက်မျဉ်းလိုစိတ်များပင် ပျောက်ကွယ်သွားရ ာသည်။

ယင်းချောင် ပြုံးတူးပြဘာ ဖြစ်သွားသည်ကိုကြည့်ကာ ာင်းကွေ့က....

'မင်း ဘယ်လိုဖြစ်တာလဲ'

ဟု မေးလိုက်လေသည်။

ယင်းချောင်က....

'ကျွန်တော်တို့ ဘာကြောင့် ပေါင်ကျင်မြို့က ထွက်ပြေး ာခဲ့ကြရတာလဲ ဖေဖေ'

ဟု ပြန်မေးလိုက်လေသည်။

ယင်းကွေ့က....

'တို့ကို ဒုက္ခပေးမယ့်လူတွေ ရောက်လာကြပြီဆိုတာ မင်း ငြင်ဘူးလား'

ပါဘူး၊ သိုင်းလောကသားတွေက ဒီသိုင်းကွက်ကို ဘာကြောင့် သကြီးမဲကြီး ဖြစ်နေရတာယ်ဆိုတာပဲ အံ့သြစရာကောင်းနေ တာပါ'

ဟုပြောလိုက်သည်။

ယင်းကွေ့က....

'သိုင်းကွက်ကြောင့်မဟုတ်ဘူး၊ သူတို့ကိုဖေဖေ့ကို တွေ့ချင် နေကြတာကွယ်'

ယင်းချောင်က....

'ဖေဖေ့ကိုတွေ့ချင်တာ'

'ဟုတ်တာယ်၊ သိုင်းလောကမှာ နဂါးလက်သည်းသိုင်း ကွက်ကို အသုံးပြုတဲ့လူတာ ဖေဖေတစ်ယောက်ပဲရှိတယ်၊ ဖေဖေရဲ့မူပိုင်သိုင်းကွက်ဖြစ်တဲ့ နဂါးလက်သည်းသိုင်းကွက် ဟာ အသေအလေးအစွမ်းထက်ဘာ မှန်ပါတယ်၊ ဒီသိုင်းကွက် ကြောင့် ပိုပြီးထိခိုက်တဲ့၊ အစွမ်းရှိတဲ့သိုင်းကွက်တွေ၊ သိုင်း ညာရပ်တွေ သိုင်းလောကမှာ ရေတွက်လို့ကုန်နိုင်မှာမဟုတ် ပါဘူး၊ တကယ်ဆို သိုင်းကွက်ထက် ဖေဖေ့ကို ပိုပြီးတွေ့ချင် ကြတာပါ၊ ဖေဖေက ဇာတ်မြုပ်ပြီး ပုန်းအောင်းနေခဲ့တော့ ကယ်သူကမှ ရှာမတွေ့နိုင်ခဲ့ဘူးလေ၊ ဒါပေမယ့် ဖေဖေ့မူပိုင်

'သူတို့က ဘာကြောင့်ခုကွပေးချင်ရတာလဲ'

'မင်းက နဂါးလက်ဆည်းသိုင်းကွက်ကို ဖော်ထုတ်လိုက် တာကိုး'

'ကျွန်တော်....'

ယင်းချောင်သည် သူ၏အပြစ်ဖြစ်၍ ရုတ်တရက် မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ယင်းကွေ့က....

'တကယ်တော့ မင်းကို ငါနဂါးလက်သည်း သိုင်းကွက်ကို သင်ပေးမထားသင့်တာအမှန်ပဲ၊ တစ်နေ့ ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရနိုင်တယ်ဆိုတာကို ကြိုတင်စဉ်းစားမိသင့်တယ်၊ ငါ သဘောတော့ နောင်တစ်နေ့မှာ မင်းဟာ ငါ့ရဲ့ ပညာ အမွေဆက်ခံနိုင်ပါစေလို့ ရည်ရွယ်ပြီး သင်ပေးခဲ့တာ၊ ဘာပဲ ဖြစ်ဖြစ် ဒီသိုင်းကွက်တတ်နေရင် သိုင်းလောကမှာ တစ်နေ့ မဟုတ်တစ်နေ့ ပြဿနာပေါ်မှာပဲ၊ သင်ပေးမိတာကိုက ငါ့ အပြစ်ပဲ'

ယင်းချောင်က....

'ဖေဖေ့မှာ အဖြစ်မရှိပါဘူး၊ ကျွန်တော်က ရမ်းကားတဲ့ ဟိုလူယောင်ကို ဆုံးမလိုက်တာပဲ၊ တကယ်ဆို အပြစ်လွှဲမပြောနိုင်

သိုင်းကွက်ကို တွေ့သွားကြတော့ ဖေဖေ့ကို ခြေရာခံမိသွားကြတာပေါ့'

ယခုမှဖြစ်ရပ်မှန်ကို ယင်းချောင်နားလည်လိုက်ရလေသည်။

ဖခင်ဖြစ်သူကို အကဲခတ်ကြည့်ရင်း....

'သူတို့ဟာ ဖေဖေ့ကို ဘာကြောင့် တွေချင်နေရတာလဲ ဟင်'

ဟု မေးလိုက်လေသည်။

ယင်းကွေ့က....

'ဖေဖေ့ဆီမှာရှိနေတဲ့ ပစ္စည်းတစ်ခုကြောင့်ပဲသားရဲ့'

သူသည် ယင်းချောင်အပေါ် စိတ်ဆိုးနေသောအခါ မင်းနဲ့ ငါနဲ့ သုံးနှုန်းတတ်လေသည်။

စိတ်ဆိုးပြေသွားလျှင်ကား အသုံးအနှုန်းပြောင်းသွားပြီး ညင်ညင်သာသာရှိတတ်လေသည်။

ယင်းချောင်က....

'ဖေဖေ့ဆီမှာ ဘယ်လိုပစ္စည်းမျိုးရှိနေလို့လဲ'

စိတ်ဝင်စားစွာမေးလေသည်။

ယင်းကွေ့က ခေါင်းခါယမ်းလိုက်သည်။

'ဖေဖေ့ရဲ့ပစ္စည်းမဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ပစ္စည်းပါ။ ဘယ်လိုပစ္စည်းမျိုးလဲဆိုတာ ပြောပြနိုင်ခွင့်မရှိဘူး၊ သားသားလို့လဲ အကျိုးရှိမှာမဟုတ်တဲ့အပြင် ဒုက္ခတောင်ရောက်သေးတယ်၊ ဒါကြောင့် မသိချင်စမ်းပါနဲ့ သားရယ်'

မသိချင်ပါနှင့်ဟုဆိုမှ ပိုပြီးသိလိုကြသည်မှာ လူတို့၏ခံမှတာဖြစ်လေတော့သည်။

ယင်းချောင်က....

'ဖေဖေ....အသားစံရတော့လဲအံ့ဩတူးပေါ့၊ အနာခံရအော့လဲ ဘူတူးပေါ့၊ ကျွန်တော့််ကိုပြောပြလို့ မဖြစ်ဘူးလားဟင်'

ဟု စောဒကတက်လိုက်လေသည်။

ယင်းကွေ့က....

'ပြောလို့မဖြစ်ဘူး၊ စောင့်ထိန်းရမယ့်ဝတ္တရား ဖေဖေ့မှာရှိနေတယ်၊ တကယ်လို့မှာ့ား ခုလိုပြဿနာပေါ်ပေါက်မလာခဲ့ဘူးဆိုရင် ခုရက်ပိုင်းအတွင်းမှာပဲ ဖေဖေ့ဆီကို လူတစ်ယောက်ရောက်လာလိမ့်မယ်၊ ဖေဖေသိမ်းဆည်းထားတဲ့ပစ္စည်းကို သူ့

လက်ထဲအပ်လိုက်ရမှာ၊ ဒါဆိုရင် ဖေဖေ တာဝန်ကျေပြီပေါ့။ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ထီနိုးသိမ်းလာခဲ့ပြီးမှ ခုလိုဖြင့် တာ အတော်ကိုဝမ်းနည်းစရာကောင်းတာပဲ'

ဟုရှင်းပြရင်း ညည်းတွားလိုက်လေသည်။

ယင်းချောင်က....

'ဖေဖေက နှစ်ပေါင်းနှစ်ဆယ်လုံးလုံး သိမ်းဆည်းထားရတယ်ဆိုတော့ အနှောက်အယှက်ပေါ့။ ဖြစ်ရပေါ့နော်'

ယင်းကွေ့က....

'ဒါပေါ့သားရယ်၊ သိုင်းဓလောကတစ်ခုလုံး ကျမ်းထိမှောက်ခဲ့ဖြစ်သွားလောက်အောင် အရေးပါတာပေါ့၊ ဖေဖေ့တာဝန်က မပျောက်မပျက်ရှာလေအောင် ထိန်းသိမ်းတော်ရှောက်ထားပြီး ဒီပစ္စည်းနဲ့သက်ဆိုင်တဲ့လူရောက်လာရင် သူ့လက်ထဲကိုပေးအပ်ဖို့ပဲကွ'

ဟုပြောလေသည်။

ယင်းချောင်က....

'ဒီပစ္စည်းနဲ့သက်ဆိုင်တဲ့လူဟာ ဘယ်သူလဲဟင်'

ဟု မေးလိုက်ပြန်သည်။

ယင်းကွေ့ ခေါင်းခါယမ်းလိုက်သည်။

'ဖေဖေပြောပြလို့မဖြစ်ဘူးသား'

ယင်းချောင်က....

'ဒါထက် သူဟာ ရက်ပိုင်းအတွင်းရောက်လာတဲ့မယ်ဆို၊ ကျန်တော်တို့က ထွက်ပြေးလာခဲ့ကြပြီး သူက ပေါင်ကျင်းမြို့ကိုရောက်လာပြီး ကျန်တော်တို့ကိုလာရှာရင် ဘယ်လိုလုပ်ခဲလဲ ဖေဖေ'

ယင်းကွေ့က...

'အဲဒါခက်နေတာပေါ့၊ ဘယ်လိုလုပ်ရမလဲဆိုတာ ဖေဖေလဲမခြောတတ်တော့ဘူး'

ယင်းချောင်က....

'ကျန်တော်တို့ ပေါင်ကျင်းမြို့ကိုပြန်သွားကြရင် ကောင်းမလားဟင်'

ဟုမေးလိုက်၏။

အောင်သွားနိုင်လေလေ ကောင်းလေလေပဲ၊ ကဲ....လာ သွားရအောင်'

ပြောပြောဆိုဆို ထိုင်ရာမှထရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်....

ခြေသံများထွက်ပေါ်လာပြီး တောလမ်းအတိုင်း အဖြူဆောင်ဝတ်ဆင်ထားသူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်းကွေ့ မျက်မှောင်ကြုတ်သွားသည်။

ထရပ်ခြင်းမပြုတော့ဘဲ ခရီးတစ်ထောက်နားနေသော ခရီးသွားများပမာဟန်ဆောင်ကာ ဆက်၍ ထိုင်နေလိုက်ရလေတော့သည်။

* * *

အဖြူရောင်ဝတ်ထားသော လူတစ်ယောက်သည် ခြေလှမ်းမှန်မှန်ဖြင့်လှမ်းကာ ယင်းဇရပ်အနီးသို့ ရောက်လာလေသည်။

ယင်းကွေ့က....

'မဖြစ်ဘူး၊ ခုချိန်လောက်ဆို ပေါင်ကျင်းမြို့ထဲမှာ သိုင်းလောကသားတွေဟာ ခြေကျင်းလိမ်နေလောက်ပြီ၊ ဖေဖေတို့ပြန်သွားတာနဲ့ သားရဲတွင်းထဲဝင်လိုက်သလို ဖြစ်သွားတော့မှာပေါ့'

ယင်းချောင် ငိုင်သွားသည်။

အခြေအနေအရ ပေါင်ကျင်းမြို့သို့ ပြန်ဖို့ဆိုသည်မှာ မဖြစ်နိုင်တော့ပါ။

ချိုကျင်းနှင့် တစ်သက်လုံးတွေ့ရတော့မည်မှာ သေချာနေ၏။

ယင်းချောင်က....

'ငါ့ကိုခွင့်လွှတ်ပါတော့ ချိုကျင်းရယ်'

ဟု စိတ်ထဲမှညည်းတွားလိုက်လေသည်။

ယင်းကွေ့က....

'ကဲ....ဒီလောက်အနားယူပြီးရင်တော်လောက်ပြီ၊ ရှေ့ခရီးဆက်ရအောင်၊ ခုချိန်မှာ ပေါင်ကျင်းမြို့နဲ့ ဝေးဝေးရောက်

ယင်းကွန့်နှင့် ယင်းချောင်တို့သည် ထိုလူယောကျ်ားမသိ မသာ အကဲခတ် ကြည့်ရှုလိုက်ကြလေသည်။

လူယောကျ်မှာ အသက်ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်ခန့် သာရှိဦး မည်ဖြစ်လေသည်။

လူယောကျ်လေးဖြစ်သော်လည်း ယောကျ်ားပီသစွာ ကျားကျားလျားလျားရှိလေသည်။

အဖြူရောင်အင်တိုအစားမျှားကို သပ်သပ်ရပ်ရပ်ဝတ်ဆင် ထား၏။

ခင်းကျင်းသားလေးအလား ချောမော ခန့်ညားယောရှုပ်သွင်ရှိနေသည်။

မိန်းကလေးများ ဝိုင်းဝိုင်းလည်နေမည့် ယောကျ်ားချော လေးတစ်ယောက် ဖြစ်မနေတော့သည်။

လူယောကျ်သည် ဇရပ်ခန့်သို့ ချောက်လှမ်းလျှင် ခြေလှမ်းရပ် လိုက်သည်။

ဇရပ်ပေါ်၌ရှိနေသော ယင်းကွန့်နှင့်ယင်းချောင်တို့အား ပြုံးပြလိုက်သည်။

'ခရီးတစ်ထောက် နားနေကြတာလားဗျာ'

ဟု နှုတ်ခွန်းဆက်စကား ပြောလာလေသည်။

အပြောအဆို ယဉ်ကျေးသိမ်မွေ့ကာ မျက်နှာပြုံးလည်း ပြုံလေသည်။

ယင်းချောင်သည် လူယောကျ်အား ခင်မင်ရင်းနှီးလိုစိတ်များ ဘဖွားဖွားပေါ်လာ၏။

ထိုလူယောကျ်လည်း မျက်နှာမြင် ချစ်ခင်ပါစေဟူသော ဆု ဘောင်းမျိုး ပြည့်သူဟုဆိုနိုင်လေတော့သည်။

မည်သူ့အပေါ်မှ ယုံကြည်ခြင်း မရှိနိုင် လောကအောင် ဖြစ်နေသော ယင်းကွန့်သည်ပင် လူယောကျ်အား ပျူပျူငှာငှာ ဆက်ဆံလိုက်လေသည်။

'ဟုတ်ပါဘယ်ကွယ်၊ နေပူကဲ့ကဲ့လွင်တီးခေါင်က ဖြတ် လာရတော့ ပင်ပန်းနွမ်းနယ်နေတာနဲ့ ခရီးတစ်ထောက်နား နေဘာပါ၊ မောင်ရင်လေးကော မနားတော့ဘူးလား'

လူယောကျ်က....

'ကျွန်တော်လဲခရီးဝေးကသာခဲ့ရတာဆိုတော့ခဏလောက် နားမလားလို့ စိတ်ကူးထားပါဘယ် ခင်ဗျာ'

ဟု ပြောတာ ဇရပ်ပေါ်တက်လာသည်။

ထို့ကြောင့်....

'ဟုတ်ကဲ့၊ သွားကြတာပေါ့ ဖေဖေ'

ဟုပြောကာ သားအဖနှစ်ယောက် ထိုင်ရာမှ ထရပ်လိုက်ကြလေသည်။

ထိုအခါ လူငယ်က ...

'ဦးတို့ သွားကြတော့မလို့လား'

ဟု မေးလာလေသည်။

ယင်းကွေ့က....

'ဟုတ်တယ်၊ သွားတော့မယ်ကွယ့်'

လူငယ်က ပြုံး၍....

'ကျွန်တော်က နှောက်ယှက်တယ်လို့တော့ မထင်မှတ်စေ ရပါဘူးခင်ဗျာ၊ ဦးတို့မျာ့ သိကြမယ်ဆိုရင် ပေါင်းကျင်းကို့ရောက်ဖို့ ခရီးဘယ်လောက်များ လိုသေးသလဲဆိုတာ ပြောပြစေချင်ပါတယ်ခင်ဗျာ'

ဟု ပြောလေသည်။

ယင်းကွေ့တို့နှင့် ဓလုံမ်းမကမ်းတွင်ဆိုင်ချလိုက်ပြီး အနား ယူလိုက်လေသည်။

ယင်းကွေ့နှင့်ယင်းချောင်တို့ တစ်ယောက်ကိုတစ်ယောက် ပြုံင်တူကြည့်မိကြလေသည်။

ထိုလူငယ်သည် သာမန်ခရီးသွားတစ်ယောက်မှ ဟုတ်ပါ့ လေစ။

သူတို့အား နှောက်ယှက်ခံလိုက်လာသည့် သိုင်းလောက သားတစ်ယောက် ဖြစ်နေသည်လော။

လူငယ်ကား အန္တရာယ်ပြုမည့် အသွင်မရှိဘဲ အေးအေး လူလူ အနားယူနေလေသည်။

ယင်းကွေ့ သက်ပြင်းချလိုက်ပြီး....

'ကဲ....သားရေ၊ တို့တစ်တွေအနားယူနေတာလဲ ကြာသွား ပြီ၊ အချိန်ရှိတုန်း ခရီးဆက်ရအောင်'

ဟု ယင်းချောင်ကို ပြောလိုက်လေသည်။

ယင်းချောင်လည်း ဖခင်၏အရိပ်အကဲကို နားလည်နေပြီ ဖြစ်ပါသည်။

ပေါင်ကျင်းမြို့ဟူသော စာအားကြားလျှင် ယင်းကွေ့၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူတို့ပေါင်ကျင်းမြို့မှ ထွက်ပြေးလာကြသည်ကို လူယောက်သိရှိနေရှာလေဟု သံသယဝင်သွားကြလေသည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

* * *

မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာကြလေသည်။

ထိုမြင်းစီးသမားများသည် ဇရပ်ရှေ့သို့ ရောက်လျှင် မြင်းကို အရှိန်သတ်ရပ်တန့်ကာ လွှားခနဲလွှားခနဲ ခုန်ဆင်းလာကြလေသည်။

ဆိုလူများသည် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။

ယင်းချောင်သည် ထိုလူများအား တွေ့မြင်လိုက်ရသည်နှင့် ချက်ချင်းပင် သတိရလာလေသည်။

ယင်းကွေ့ မျက်နှာပျက်သွားသည်။

'မိုးကြိုးဂိုဏ်းစာ လူတွေပဲ'

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ထိုအနီရောင် ဝတ်ဆင်ထားသူများတွင် ယင်းကွေ့နှင့် ကတ်တူရွယ်တူခန့်ရှိ အဘိုးအိုတစ်ယောက် လိုက်ပါလာသည်ကို သူ့ရ၏။

ထိုအဘိုးအိုသည် အခြားအနီရောင်ဝတ်ထားသူများ ခြံရံစေ ဇရပ်ပေါ်သို့တက်လာရင်း....

'ဟား....ဟား....ဟား....ဟိုစင်းနဲ့ ချိန်ရိတို့ ကြားခဲ့ရတဲ့ ဆောင်းဟာ တကယ့်ကို မှန်နေပါလား'

တဟားဟား ရယ်မောကာ ကျယ်လောင်သော အသံဖြင့် ပြောလိုက်လေသည်။

ယင်းကွေ့သည် ထိုအဘိုးအိုကိုမြင်လျှင် မျက်နှာ ဖြူဖျော့ဖြူရော့ ဖြစ်သွားလေသည်။

'ခင်ဗျား....ခင်ဗျား....ခေးဘီလူး ဝေ့ထင်းအိုမ်'

ဟု ရေရွတ်လိုက်လေသည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က ဝေ့ထင်းအိမ်ပါပဲ၊ မင်းက ကျုပ်ကို မှတ်မိသေးတာကိုး'

ယင်းကွေ့က....

'ခင်....ခင်ဗျား ဘယ်လိုလုပ်ပြီး မိုးကြိုးဂိုဏ်းထဲ ရောက်သွားတာလဲ'

အနီရောင်ဝတ်ထားသော အဘိုးအို (၀၂) ခေးဘီလူး ဝေ့ထင်းအိမ်က ရယ်မောလိုက်ပြန်သည်။

'မင်းတောင် ပြောင်းလဲသွားခဲ့သေးတာပဲ၊ ကျုပ်ကကော ဘာကြောင့် မပြောင်းလဲနိုင်ရမှာလဲ'

ယင်းကွေ့က....

ဦး...သောကသားတွေဟာ အနက်ရောင် သိုင်းသမား ...ကျယ်လာတာကိုလက်ခံပြီးနေရာပေးမယ်ဆိုရင်ကော့ ...သာက ပျက်စီးဖို့အနေး မခေးတော့ဘူးဗျ'

...ထင်းအိမ်က....

...အပိုစကားတွေ ရပ်လိုက်ရအောင်၊ မင်းဆီမှာရှိနေ့ ...ကိုပေးမယ်ဆိုရင် တစ်ချိန်တုန်းက သိကျွမ်းခဲ့ဘူးတဲ့ ...ကို ထောက်ထားပြီး အသက်ချမ်းသာပေးလိုက်မယ် ...ုက်ရင်တော့ မင်းကိုညှာနိုင်မှာမဟုတ်ဘူး'

...းကွေ့က....

...ဗျားက သူခိုးခေးပြအလုပ်မျိုးကို လုပ်ချင်နေတုန်း

...ထင်းအိမ်က....

...းမရှည်နဲ့ပစ္စည်းပေးစမ်း'

...ခက်ထန်သောမျက်နှာထားဖြင့် ငေါက်လိုက်လေသည်။

...ချောင်မနေနိုင်တော့ပါဘူး။

...ဗျားတို့ မတရားလုပ်လို့ ရမယ်မထင်နဲ့'

ယင်းချောင်းသည် တစ်ချက်တည်းနှင့် ခံလိုက်ရသဖြင့်
က်ဆပ်တိုက်ခိုက်ရန် မဝံ့မရဲဖြစ်သွားလသည်။

ယင်းကွေ့ကခဝ့်ထင်းအိမ်ကို မကျေမနပ်ဖြင့်ကြည့်ကာ....

'ကျုပ်ရဲ့သား တစ်ခုခုဖြစ်သွားမယ်ဆိုရင်တော့ ကျုပ်က်
ုတ်နှိုင်မှာမဟုတ်ဘူး'

ပြောလိုက်သည်။

ခ့်ထင်းအိမ်က အံ့သြသောလေသံဖြင့်....

'သူက မင်းရဲ့သားဟုတ်လား'

မေးလေသည်။

ယင်းခကွေ့က....

'ဟုတ်တယ်'

ခ့်ထင်းအိမ်က....

'နေပါဦး၊ မင်းဘယ်တုန်းက အိမ်ထောင်ကျလို့ကာ
မင်းလေ့ကျင့်ခဲ့တဲ့သိုင်းပညာဟာ အိမ်ထောင်ပြုလို့မရ
ဘူးဆိုတာ ငါသိပါတယ်၊ ဟုတ်ပြီသူ့ကိုမင်းကမွေး
သားတာပဲဖြစ်မယ်'

ဟု ငေါက်ကာဝေ့ထင်းအိမ်ထံသို့ပြေးဝင်တိုက်ခိုက်လို
လေသည်။

ဝေ့ထင်းအိမ်က....

'သွားစမ်း'

ယင်းချောင်အား လုံးဝဂရုမစိုက်ဘဲ လက်ဝှေ့ယမ်းလို
င်....

'ဟုတ်
ကျုပ်ကို 'ဝုန်း'

ထ် 'အား'

'ခင်ယင်းချောင် လွင့်စဉ်သွားလေတော့သည်။

သွားတား 'သားမလုပ်နဲ့'

အ် ယင်းကွေ့ဟန့်တားလိုက်သော်လည်း နောက် ကျသွ
ဝေ့သည်။

ယင်းချောင်သည် အနားယူနေသော အဖြူရောင်
လူငယ်အနီးဌာ လဲကျသွားခြင်းဖြစ်၏။

လူငယ်က ကပျာကယာဖေးမပွေ့ထူပေးလေသည်။

ထိုစကားကြောင့်လျှင် ယင်းကျေးကျော ယင်းခြင်္သေ့ မျက်နှာပျက်သွားကြလေတော့သည်။

ယင်းကျေးက....

'မင်း ပါးစပ်ပိတ်ထားလိုက်စမ်း'

ဟု ဒေါသတကြီး ပြောလိုက်သည်။

'ဟား....ဟား....ဟား'

ဝေထင်းအိမ်က ဟားတိုက်ရယ်မောလိုက်ပြီး....

'မင်းဆီက ပစ္စည်းသာ ပေးလိုက်ပါ မင်းတို့ကို ငါ ဂရုမစိုက်တော့ပါဘူး၊ မင်းကငြင်းမယ်ဆိုရင်တော့ သုတ်ခြေ ရှင်းထင်းပစ်ပြီး ရယူခဲ့မှာပေါ့'

ယင်းကျေးက အံကြိတ်လိုက်သည်။

'ကျုပ်ဆီက ဘယ်တော့မှ မရတူးမှတ်ထား'

ဝေထင်းအိမ်မကျေမနပ်ဖြစ်သွားသည်။

'မင်းကသေချင်နေပြီကိုး၊ ကောင်းပြီ'

သူက လက်ဝှေ့ယမ်းပြလိုက်သောအခါ....

'ခြွမ်း....ခြွမ်း...ခြွမ်း'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

အနီရောင်ဝတ်ဆင်ထားကြသော မိုးကြိုးဂိုဏ်းသားများက လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ခေးရောင် လွှံရောင်များ တဖိတ်ဖိတ် တောက်သွားလေသည်။

ထိုစဉ်....

'အတော်ဆိုးတဲ့ လူတွေပါလား'

ညည်းတွားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝေထင်းအိမ်တို့လှမ်းကြည့်လိုက်သောအခါ အဖြူရောင် ဝတ်လူငယ်က ထိုင်ရာမှထလာသည်ကို တွေ့လိုက်ရလေသည်။

ဝေထင်းအိမ်က မကျေမနပ်ဖြစ်သွား၏။

'မင်းဘယ်သူလဲ၊ ကြားအချောင်မသေချင်ရင် ငါ့ရှေ့က ခြေမြန်ထွက်သွားစမ်း'

ဟု ငေါက်လိုက်လေသည်။

သူက ကြားဝင်ဟန့်တားရန်လည်း နောက်ကျနေပြီ ဖြစ်သလဲသည်။

လူငယ်ကား ကြောက်ရွံ့ထိတ်လန့်မှုမရှိချေ။

တည်ကြည်သော မျက်နှာထားဖြင့် မိုးကြိုးဂိုဏ်းသားများအား ရင်ဆိုင်လိုက်လေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျာ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မိုးကြိုးဂိုဏ်းသားများ တစ်ယောက်ပြီး တစ်ယောက် သွင့်စဉ်သွားကြလေတော့သည်။

* * *

လူငယ်က....

'ကျွန်တော်နဲ့ မဆိုင်ဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် မတရားလုပ်တာကိုတော့ ကျွန်တော်ဏ လက်ပိုက်ကြည့်မနေနိုင်ပါဘူးဗျာ'

ဝေ့ထင်းအိမ် မဲ့ပြုံးပြုံးလိုက်သည်။

'ဩော်....မင်းက ဒီလိုလား၊ အချောင်သေချင်ကယ်ပေါ့လေ၊ ကောင်းပြီ၊ မင်းရဲ့ ဆန္ဒ ပြည့်ဝရစေမှာပေါ့၊ ကဲ... ဒီကောင်ကို ရှင်းပစ်လိုက်ကြစမ်း'

ဟုသူ၏ နောက်လိုက်ဖြစ်သော မိုးကြိုးဂိုဏ်းသားများအား အမိန့်ပေးလိုက်လေသည်။

ထိုအခါ....

'ယား'

'သေပေတော့'

မိုးကြိုးဂိုဏ်းသားများသည် ငြာသံပေးကာ လူငယ်ထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ယင်းကဲ့သည် လူငယ်ဒုက္ခရောက်တော့မည်ဟု တွေးကာ စိုးရိမ်သွား၏။

မမျှော်လင့်သော အဖြစ်အပျက် ဖြစ်ပေါ်လာလေသည်။

မင်းသားလေး တစ်ပါးကဲ့သို့ နှုးညံ့ပျော့ပျောင်းသော လူငယ်က ကြမ်းတမ်းခက်ထန်သော မိုးကြိုးဂိုဏ်းမှ လူများအား အနိုင်ယူလိုက်ပြီး ဖြစ်လေသည်။

ယင်းကဲ့နှင့် ယင်းချောင်တို အံ့ဩသွားကြသည်။

ဝေထင်းအိမ်ကား ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'လက်စသတ်တော့ သိုင်းပညာရှင်လေး တစ်ယောက်နဲ့ လာပြီး တွေ့နေရတာကိုး၊ ကဲ....ကျုပ်ရဲ့ခေးချက်ကို ရှောင်ကြည့်ပါဦး'

စကားဆုံးလျှင် အပြားကြီးသော ခေးတစ်လက်ကို ထုတ်ယူကာ ဒေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

ဝေထင်းအိမ်သည် ခေးဘီလူးဟူကျော်ကြားခဲ့သော သိုင်းထမားကြီးတစ်ဦး ဖြစ်လေသည်။

သူ ကိုင်ဆောင်သော ခေးသည် ပိုသာချိန် တစ်ရာနှစ်ဆယ်လေးချိန်စီးပြီး သင်္ဃိဏ်များ၊ ကျောက်တုံးများကိုပင် ထင်ခြမ်းတဲ့အောင် ခုတ်ဖြတ်နိုင်စမ်းရှိလေသည်။

တစ်ချိန်က သိုင်းလောကတွင်နာမည်ပျက်ခဲ့ပြီး ယခုအခါ မိုးကြိုးဂိုဏ်းဌာထူးရှိသည့် သိုင်းသမားတစ်ယောက်အဖြစ် ပြန်လည်ထွက်ပေါ်လာခြင်းဖြစ်လေသည်။

ယင်းကဲ့သည် ဝေထင်းအိမ်အကြောင်းကို သိထားရကား....

'ဟေ့....သူငယ်၊ မင်း မြန်မြန်ပြေးပါ'

ဟု အော်ပြောလိုက်လေသည်။

သို့သော်....

လူငယ်သည် တွက်မပြေးဘဲ ဝေထင်းအိမ်နှင့် ထီပိတ်ကိုက်ရင်ဆိုင်လိုက်လေသည်။

'ဝုန်း....ဝုန်း....ဝုန်း'

ဝေထင်းအိမ် ဒေ့ယမ်းခုတ်ချလိုက်သဖြင့် လေတိုးသံများ စူးရှကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဝင်းလက်တောက်ပသော ခေးရောင်များလည်း ထွက်ပေါ်လာ၏။

ယင်းချောင်က....

'သေပါပြီ'

ဟု လွှတ်ခနဲအော်လိုက်မိလေသည်။

လူငယ်၏နေရာတွင် သူသာဆိုလျှင်ဝေ့ထင်းအိမ်၏ လက်ချက်ဖြင့် သေဆုံးသွားရမည်ဟု ယုံကြည်ထား၏။

လူငယ်ကား ဝေ့ထင်းအိမ်၏တိုက်ကွက်ကို ပုတ်ကာသိကာ ရှောင်တိမ်းလေသည်။

ဝေ့ထင်းအိမ်က ခေးကွက်တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ကာ ပြင်းထန်စွာတိုက်ခိုက်လေသည်။

သူ၏ ခေးချက်တိုင်း ခေးချက်တိုင်းသည် လူငယ်မရှုမလှဖြစ်သွားစေရန် ရည်ရွယ်လေသည်။

မည်သို့ဆိုစေ....

လူငယ်၏ အင်္ကျီစကိုပင်ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။

လူငယ်ကား တစ်ချက်ကလေး ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ဒုက္ခအယာပင် ရှောင်တိမ်းနေ၏။

ဝေ့ထင်းအိမ်သည် ခေးကွက်သုံးဆယ်ခန့် တိုက်ခိုက်ပြီးသည့်တိုင် ထိရောက်မှု မရှိလေသောအခါ စောချွေးပျံလာသည်။

လူငယ်ကသာ ပြန်လည်တိုက်ခိုက်လျှင် မိမိဒုက္ခရောက်ရတော့မည်ဟု နားလည်လာသည်။

ထို့ကြောင့် ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ ခေးကို ရှောင်တိမ်းကာ နောက်ဆုတ်လိုက်လေသည်။

လူငယ်ကို မျက်လုံးပြူး၍ ကြည့်ရင်း....

'မင်း....မင်း ဘယ်သူလဲဆိုတာ ပြောစမ်း'

ဟု မေးလိုက်လေသည်။

လူငယ် ပြုံးလိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသော်လည်း သူ၏အသွင်သည် ပန်းဥယျာဉ်အတွင်း၌ လေညင်းခံထွက်သူပမာ ရှိနေ၏။

'ကျွန်တော့်နာမည် လုယိကျုံးလို့ ခေါ်ပါတယ်ခင်ဗျာ'

'လုယိကျုံး'

ဝေ့ထင်းအိမ်သည် လုယိကျုံးဘက်သို့ပြန်လှည့်ကာ....

'မင်းက ဘာကြောင့်ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲ ဝင်ရှုပ်ချင်ရ
ာလဲ၊ ကျုပ်တို့ မိုးကြိုးဂိုဏ်းအကြောင်း မသိသေးဘူးထင်
ယ်'

ဟု ခြိမ်းခြောက်ပြောဆိုလိုက်၏။

လုယိကျုံးက အပြုံးမပျက်ပါဘူး။

'ကျွန်တော်က ဥိးရဲလုပ်ရင်မှာ မတရားဘူးထင်လို့ ဝင်
သားမြစ်မိတာပါ'

ဟု ရှင်းပြလေသည်။

ဝေ့ထင်းအိမ်သည်မှကျေမနပ် ဖြစ်နေသော်လည်း လုယိ
ကျုံးအား အနှိုင်ယူနိုင်မည်မဟုတ်ကြောင်းဆင်ခြင်မိရာ....

'ကောင်းပြီ၊ ဒီကနေ့ကိစ္စကို အကြွေးမှတ်ထားလိုက်မယ်၊
နောက်တော့ ပြန်တွေ့ကြသေးတာပေါ့!'

ဟုဆိုကာ လျင်မိုးကြိုးဂိုဏ်းသားများကို ခေါ်ဆောင်ကာ
ခေါပါမှ ဆင်းသွားလေသည်။

ခင်ဗျာပါဘျ။

'ဟုတ်ပါတယ်'

'ဒီလိုနှာမည်မျိုး တစ်ခါမှမကြားဖူးပါလား၊ မင်းရဲ့ဆရာ
ာတယ်သူလဲဆိုတာ ပြောစမ်း'

အဖြူဆောင်ဝတ်လူငယ် (ဝါ) လုယိကျုံးက ခေါင်းခါ
ယမ်းလိုက်သလဲသည်။

'ကျွန်တော့်ဆရာက သူ့နာမည်ကို ဘယ်သူ့ကိုမှပြောမပြ
ရဘူးလို့ မှာထားတာကြောင့် မပြောနိုင်တာကို ခွင့်လွှတ်ဖို့
တောင်းပန်ပါတယ်ခင်ဗျာ'

ဝေ့ထင်းအိမ်က ယင်းကွေ့ကို လှမ်းကြည့်ကာ....

'မင်းက သူနဲ့ပတ်သက်နေသလား'

ဟု မေးလိုက်လေသည်။

ယင်းကွေ့ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့ ဒီဇရပ်မှာ ခရီးတစ်ဆောက် နားရင်း ဆုံကြ
တာပါ'

'မင်း သူ့ကိုမသိဘူးပေါ့!'

'ဟုတ်တယ် မသိဘူး'

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဝေ့ထင်းအိမ်တို့လူစုသည် မြင်းဒုန်းစိုင်းနှင်ကာ လာဆူ လမ်းဆုံးတိုင်း ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

* * *

ဝေ့ထင်းအိမ်တို့ ထွက်သွားကြပြီဖြစ်သည်။

ယင်းကွေ့တို့ သားအဖမှာ အန္တရာယ်မှ လွတ်မြောက်လာကြပြန်ပြီ ဖြစ်လေသည်။

ယင်းကွေ့က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း....

'ကျေးဇူးတင်လိုက်တာကွယ်၊ မောင်ရင်လေးသာဝင်မကူ ဘူးဆိုရင် ကျုပ်တို့ဘယ်လောက်ဒုက္ခရောက်ဦးမယ်မဆိုနိုင်ဘူး'

ဟု ပြောလိုက်လေသည်။

လုယိကျုံးက ပြုံးလိုက်သည်။

'ကိုစွမ်ရှိပါဘူး ဦးရယ်၊ ကျွန်တော်က ခုလိုကူညီခွင့်ရတာ ကံပဲ ဝမ်းသာလှပါပြီ'

ယင်းကွေ့သည် လုယိကျုံး၏ အကြောင်းကို သိလိုသော်လည်း ဝေ့ထင်းအိမ်တို့လူစုက အပေါင်းအဖော်များ ခေါ်ကာ ပြန်လာနိုင်သည်ကို တွေးမိသဖြင့်....

'ကျုပ်တို့ အရေးတကြီး သွားစရာရှိနေသေးလို့ခွင့်ပြုပါဦးကွယ်'

ဟုပြောကာ....

'လာ....သား သွားကြစို့'

ယင်းချောင်၏လက်ကိုဆွဲကာ ဇရပ်ပေါ်မှ ဆင်းသွားလေသည်။

လုယိကျုံးသည် ယင်းကွေ့တို့အဝေးသို့ဇရောက်သွားသည်ထိ ငေးကြည့်နေပြီးမှ ဇရပ်ပေါ်မှဆင်းကာ ပေါင်ကျင်းရှိရာ ဦးတည်ထွက်ခွာသွားလေတော့သည်။

* * *

သို့ဝင်းလောကသားများ တဖွဲဖွဲ ရောက်ရှိသာခြင်းကြောင့်
ဆိုရမည် ဖြစ်လေသည်။

သို့ဝင်းလောကသားများ စုရုံးဆုံးရှုံးတတ်ကြသော
နေရာအတော်များများတွင် ပြဿနာများဖြစ်ပေါ်လာလေ့
သည်။

ယခုလည်း....

ပေါင်ကျင်းမြို့သို့ သို့ဝင်းလောကသားများ ရောက်ရှိလာ
ခြင်းကြောင့် ပြဿနာတစ်စုံတစ်ရာ ရှိနေသည်မှာ ထင်ရှား
နေပါတော့သည်။

ပေါင်ကျင်းမြို့ကလေး မငြိမ်မသက် ဖြစ်နေချိန်တွင် လုယီ
ကျုံးသည်လည်း ရောက်ရှိလာခဲ့လေတော့သည်။

* * *

လုယီကျုံးက လမ်းကြားလေးထိပ်၌ခြေလှမ်းရပ်လိုက်၏။

သမ်းထိပ်ရှိ ဝဲယာတစ်ဖက်တစ်ချက်မှ အဆောက်အအုံကြီး
များကို ကြည့်လိုက်သည်။

ပေါင်ကျင်းမြို့....

အစဉ် စည်ကားနေတတ်သော ပေါင်ကျင်းမြို့သည် ယခု
တလော တိတ်ဆိတ်ငြိမ်သက်နေလေသည်။

လမ်းများပေါ်တွင် လူသွားလူလာ နည်းပါးနေ၏။

အချို့သော စျေးဆိုင်များလည်း ပိတ်ထားကြသည်။

သွားလာလှုပ်ရှားနေသူများသည်လည်း ကျိုးလန့်စာစား
သောမျိုးဖြင့် ကသုတ်ကယက် သွားလာနေကြ၏။

ရက်ပိုင်းအတွင်း၌ အပြောင်းလဲကြီး ပြောင်းသွားသည်
ရသည်မှာ အံ့အားသင့်ဖွယ်ကောင်းလှပါသနည်း။

ဝဲဘက်မှ အဆောက်အအုံမှာ အပေါ်စိုင်ဖြစ်သည်။

ယာဘက်မှ အဆောက်အအုံသည်ကား စားသောက်ဆိုင်ကြီးတစ်ဆိုင်ဖြစ်ပြီး ယခုတော့ ပိတ်ထား၏။

ထိုဆိုင်နှစ်ဆိုင်ကို တွေ့ရလျှင် လုယိကျုံး ကျေနပ်သွားလေသည်။

'ဟုတ်ပြီ....အပေါ်ဆိုင်နဲ့ စားသောက်ဆိုင်ကြားက လမ်းကြားလေးထဲကို ဝင်သွားရမယ်၊ ယာဘက်ခြမ်းက အိမ်ခုနှစ်လုံးမြောက်မှာ ငါတွေ့ချင်တဲ့လူရှိနေမှာပဲ'

ဟု စွဲးတိုးရေရွတ်ပြီး လမ်းကြားထဲသို့ ဝင်လာခဲ့လေသည်။

ယာဘက်ခြမ်းသို့ ဂရုစိုက်ကြည့်ရင်း ရေတွက်လာခဲ့ရာ ခုနှစ်လုံးမြောက် အိမ်ရှေ့သို့ရောက်လျှင်....

'ဟင်'

လွှတ်ခနဲရေရွတ်ကာ ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။

ခုနှစ်လုံးမြောက်အိမ်ကို မှယုံကြည်နိုင်စွာကြည့်မိ၏။

ယခင်က ထိုနေရာတွင် အိမ်တစ်လုံးရှိနေခဲ့ခြင်းကြောင်း ထင်ရှားပါ၏။

ယခုတော့ ထိုအိမ်မှာ မီးလောင်ပြာကျသွားပြီဖြစ်သည်။

မီးလောင်ပြင်ကြားမှ မီးကျွမ်းထားသော တိုင်ငုတ်တိုများ အတိုင်းသားတွေ့နေရ၏။

လုယိကျုံး သက်ပြင်းချလိုက်သည်။

'ဘယ်လိုမျှား ဖြစ်ရတာပါလိမ့်'

နားမလည်နိုင်အောင်ဖြစ်နေစဉ် လူတစ်ယောက်က မသုမ်းကမ်းမှ ဖြတ်သန်းသွားလေရာ လုယိကျုံး ကပျာကယာခေါ်းလိုက်သွားပြီး....

'နော်ငြိုး....နော်ငြိုး၊ ခဏနေပါဦးဗျာ'

ဟု ဟန့်တားလိုက်လေသည်။

သို့သူက မနှစ်မြို့သောအသွင်ဖြင့်...

'ဘာကိစ္စလဲ'

ဟု တုံးတိတိမေးလာသည်။

လုယိကျုံးက မီးလောင်ပြင်ကို လက်ညှိုးညွှန်ပြရင်း....

ဟု မေးလိုက်လေသည်။

ထိုလူက....

'မင်းသိရင် ဘာကြောင့်မေးနေရတာလဲ'

ဟု အငေါ်တူးလိုက်၏။

လုယိကျုံးက သည်းခံကာ....

'ဒီလိုပါခင်ဗျာ၊ ကျွန်တော်က ယင်းလက်ဖက်ခြောက်ဆိုင်ပိုင်ရှင်နဲ့တွေ့ဖို့ ရပ်ဝေးကလာခဲ့ရတာပါ၊ ဒီကိုဆောက်တော့ ပြဿနာတွေ့ရတော့ကာမို့ ဘယ်လိုဖြစ်ရတယ်ဆိုတာ သိချင်လို့ပါခင်ဗျာ'

ဟု ကောင်းကောင်းမွန်မွန်ပြောလိုက်ရာ ထိုလူ၏မျက်နှာထားကား ပျော့ပျောင်းသာလေတော့သည်။

လုယိကျုံး၏ နှစ်လိုဖွယ်ကောင်းသော ရုပ်ဆင်နှင့်အပြုံးကခင်မင်ရင်းနှီးလာအောင် ဆွဲဆောင်မှုရှိသည်မဟုတ်ပါလား။

ထိုလူက....

'လက်ဖက်ခြောက်ဆိုင်ရှင်ယင်းကွေ့နဲ့သူ့ဆွေးယင်းချောင်တို့ဟာ ရိုးရိုးအေးဆေးနေကြတဲ့ လူကောင်းတွေပါ၊ မကြာသေးခင်က လူစိမ်းတွေဆောက်လာပြီး ရန်ရှာခဲ့တာကြောင့် ကြောက်လန့်ပြီး ဆိုင်ကိုပစ်ပြေးသွားကြတယ်၊ နောက်ထပ် ဆောက်လာတဲ့လူစိမ်းတွေကလဲ ယင်းကွေ့တို့သားအဖကိုမတွေ့ဘဲနဲ့ အိမ်နဲ့ဆိုင်ကို မီးရှို့ဖျက်ဆီးပစ်လိုက်ကြတယ်၊ ကံဆိုးစင်းလှဲ့ဘေးအိမ်တွေကိုပါမီးမကူးဘာခပါ၊ တော်တော်ကြီးတဲ့လူတွေ၊ ခုလဲ မြို့ထဲမှာ ခြေရှုပ်နေကြတာ၊ ပေါင်ကျင်းကို မြေလှန်ပစ်တော့မယ်တောင်ထင်ရတယ်'

ဟု ပြောလာလေသည်။

လုယိကျုံး သက်ပြင်းချလိုက်သည်။

သူတွေ့လိုသူအား တွေ့နိုင်တော့မည်မဟုတ်ကြောင်း နားလည်လိုက်၏။

မြို့ခံလူများကလည်း ဆိုင်းလောကသားများအား မဒကွေ့ပါဖြစ်နေကြမှန်း ထင်ရှားလေသည်။

သမ်းကြားထဲ၌ ကြာကြာမနေသင့်တော့မှန်း နားလည်မိပြီ....

'ခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော့် သွားခွင့်ပြုပါဦး'

ဟုခွင့်ပန်ကာ ထွက်လာခဲ့လေတော့သည်။

* * *

ယင်းကွေ့ကလည်း အန္တဆုယ်ကျဆုတ်လာတော့မည် ဖြစ်ကြောင်း ရိပ်မိခဲ့ပုံရသည်။

သိုင်းလောကသားများလက်ထဲမှ ယင်းကွေ့ လွတ်မြောက်နေသားသမျှ သူ့အတွက် မျော်လင့်ချက်ရှိနိုင်သေး၏။

ယင်းကွေ့အား လိုက်လံရှာဖွေရေးပမည်။

ယင်းကွေ့သည် မည်သည့်အရပ်၌ ဆုတ်ရှိနေပါသနည်း။

လုယိကျုံးသည် အတွေးလွန်နေသဖြင့် လမ်းမကြီးအတိုင်း ဒုန်းစိုင်းမောင်းနှင်လာနေသည့် မြင်းလှည်းသံကိုပင် မကြားမိအောင် ဖြစ်သွားလေသည်။

ယင်းလမ်းမကြီးအတိုင်း မြင်းလှည်းတစ်စီး ဒုန်းစိုင်းမောင်းနှင်လာနေပါသည်။

ထိုမြင်းလှည်းမှာ ပန်းကန့်များ အလှဖော်ထားသော မြင်းလှည်းယာဉ်တစ်စီးဖြစ်လေသည်။

ဆွတ်ဆွတ်ဖြူဖွေးသော အမွေးအမျှင်ရှိသည့် မြင်းဖြူလေးကောင်က မြင်းလှည်းကို ဆွဲခပြီးလာကြခြင်းဖြစ်သည်။

မြင်းလှည်းမောင်းလာသူမှာ ခရမ်းဆောင်ဝတ်မိန်းကလေး

လုယိကျုံးသည် ယင်းလက်ဖက်ခြောက်ဆိုင်ရှင် ယင်းကွေ့နှင့်တွေ့ဖို့ ရပ်ဝေးမှလာခဲ့သူဖြစ်ပါသည်။

ယင်းကွေ့ စောင့်မျော်နေသူလည်း ဖြစ်သည်။

သူတို့သည် တောလမ်းခရီး၌ဆုံတွေ့ခဲ့ကြသည်။

လုယိကျုံးက ယင်းကွေ့တို့အား အကူအညီပင် ပေးခဲ့သေး၏။

သို့သော်....

တစ်ယောက်ကိုတစ်ယောက် မသိကြသဖြင့် လူချင်းကွဲသွားကြပြီ ဖြစ်ပါသည်။

လုယိကျုံးသည် ယင်းကွေ့အကြောင်း တွေးတောစဉ်းစားရင်း လမ်းမကြီးအတိုင်း လျှောက်လာခဲ့မိလေသည်။

သူကယင်းကွေ့နှင့်တွေ့ရလျှင် ပစ္စည်းတစ်ခု ရရှိလိမ့်မည် ဖြစ်သည်။

ထိုပစ္စည်းသည် လည်းကောင်း၊ ယင်းကွေ့သည့် လည်းကောင်း သူ၏ဘဝတွင် အလွန်အရေးပါ၍နေပါသည်။

ယင်းကွေ့ထံ၌ သူရရှိမည့်ပစ္စည်းရှိနေသည်ကို သိုင်းလော

သူမသည် မိန်းမပျို လေးတစ်ယောက် ဖြစ်သော်လည်း မြင်းလှည်းမောင်းနှင်လာပုံမှာ ကြမ်းကမ်းလှသည်။

လက်ထဲတွင် ကျောပုတ်တစ်ချောင်းကိုင်ကာ တရွမ်းရွမ်း မြည်သံပေးနေသဖြင့် မြင်းဖြူကြီးများသည် ကစဉ့်နှိုင်းနေကြခြင်း ဖြစ်လေတော့သည်။

လုယိကျုံးသည် ယင်းလမ်းမပေါ်တွင် သွားနေသည်ဖြစ်ရာ ဦးနှိုင်းမောင်းလာသည့် မြင်းလှည်းနှင့် မလွတ်ကင်းဘဲဖြစ်နေ၏။

'ဘေးကို....ဘေးကို'

မြင်းလှည်းမောင်းသောမိန်းကလေးက အော်ပြောလိုက်သော်လည်း အတွေးလွန်နေသော လုယိကျုံးမှာ ရုတ်တရက် မကြားမိချေ။

မိန်းကလေး ဒေါပွသွားလေသည်။

ကျောပုတ်ကို ဝှေ့ခနဲမြည်အောင် ခဝဲ့ယမ်းကာ....

'ရပ်လိုက်စမ်း'

မြင်းများကို အော်ငေါက်ရပ်တန့်လိုက်လေသည်။

ထူးခြားသည်မှာ သူမသည် လက်ထဲတွင် ကျောပုတ်ကိုင်ဆောင်သော်လည်း မြင်းဇက်ကြိုးဆွဲကိုင်ထားခြင်းမရှိပေ။

မြင်းဖြူလေးကောင်တွင် ပချုပ်ကြိုးဇက်ကြိုး တပ်ဆင်ဆောင်းခြင်းလည်း မရှိပါ။

ကျောပုတ်သံပေးကာ တိန်းချုပ် မောင်းနှင်နေခြင်းဖြစ်သည်။

မြင်းဖြူလေးကောင်သည်လည်း ကျွဲ့ဆားရုတားဟန် ဘူသည်။ ချက်ချင်းပင်....

'တီး....တီး....ဟီး'

ကျယ်လောင်သော ဟီသံပေးကာ ပုတ်ရပ်လိုက်ကြ၏။

မြင်းလှည်း တုံ့ခနဲရပ်သွားလေတော့သည်။

မိန်းကလေးက အချိန်မီ ရပ်တန့်နိုင်လိုက်ခြင်းကြောင့်သာလျှင် လုယိကျုံးအား ဝင်မတိုက်မိခြင်းဖြစ်လေသည်။

သွားလာလှုပ်ရှားနေကြသော တစ်ယောက်စနှစ်ယောက် လမ်းသွားလမ်းလာများမူလည်း ဆိုမြင်ကွင်းကြောင့် ငေးခနဲ ဟာခနဲ ဖြစ်သွားကြလေသည်။

ယခုမှ လုယိကျုံးလည်း သတိဝင်လာလေတော့သည်။

လမ်းဘေးသို့ ကပျာကယာဆင်းလိုက်၏။

မြင်းလှည်းမောင်းသောမိန်းကလေး နှာခေါင်းရှုံ့လိုက်လေသည်။

'ခုမှ လမ်းဘေးဆင်းရသလား၊ လျှပ်စီးရဲတိုက်က မြင်းလှည်းလာနေတာတောင် လမ်းဖယ်မပေးတာ သေချင်လို့ပဲဖြစ်ရမယ်၊ သိကြသေးတာပေါ့'

ဟု ငေါက်ကာ ကျောပွတ်ဖြင့် ရိုက်ချလိုက်လေသည်။

'ရှမ်း'

ကျောပွတ်သည် မြွေဟောက်တစ်ကောင်ပမာ လုယိကျုံး၏ဦးခေါင်းသို့ တိုးဝင်လာလေသည်။

'မိန်းကလေး ကျုပ်ရှင်းပြပါရစေဦး'

လုယိကျုံးက အော်ပြောကာ ကပျာကယာရှောင်တိမ်းလိုက်လေသည်။

သို့သော်...

မိန်းကလေးသည် ဒေါသတကြီး ကျောပွတ်ဖြင့် လိုက်ရိုက်လေသည်။

လုယိကျုံးမှာ ရှောင်တိမ်းရန် မလွယ်တော့မှန်းသိ၍ သက်တစ်ဖက်ဆန့်ထုတ်ကာ ကျောပွတ်ကို ဖမ်းထားလိုက်၏။

'ဟင်'

မိန်းကလေးသည် သူမ၏ကျောပွတ်အား ဖမ်းဆွဲထားခံလိုက်သည်ကို တွေ့ရလျှင် ပို၍ဒေါသဖွားလေသည်။

'လွှတ်စမ်း'

ဟု အော်ငေါက်ကာ ကျောပွတ်ကို အတင်းပြန်ဆွဲယူနေသဖြင့် လုယိကျုံးမှာ မိန်းကလေးတစ်ယောက်နှင့် အငြင်းပွားလိုသဖြင့် ကျောပွတ်ကို လွှတ်ပေးလိုက်လေသည်။

ဤတွင် အားဖြင့်ဆွဲနေသောမိန်းကလေးမှာ ကိုယ့်အရှိန်နှင့် ကိုယ်ဟန်ချက်ပျက်ကာ မြင်းလှည်းပေါ် ဖင်ထိုင်ကျသွားလေသည်။

သူမသည် ရှက်လွန်းသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားတော့သည်။

လုယိကျုံးလည်း စိတ်မကောင်း ဖြစ်သွားလေသည်။

'ကျုပ်က တခင်လုပ်ကာမဟုတ်ပါဘူး၊ ကျုပ်ကိုခွင့်လွှတ်ပါဗျာ'

ဟု သောင်းပန်လိုက်လေသည်။

မိန်းကလေးမှာ အခဲမကျေနိုင်ဘဲ....

'ရှင့်ကို သတ်ပစ်မယ်'

ဟု ကြိုးဝါးကာ ဓားဆွဲပြီး မြင်းလှည်းပေါ်မှ ခုန်ဆင်းလာလေသည်။

ဆူဆူညံညံအသံများ ထွက်ပေါ်လာရာ....

'ကျွဲင်းကျင်း ဘာဖြစ်လို့လဲ'

မြင်းလှည်းအိမ်ထဲမှ ချို့လွဲသာယာသောအသံလေး ထွက်ပေါ်လာလေသည်။ ကျင်းကျင်းဆိုသော မြင်းလှည်းဧမာင်းသည့်မိန်းကလေး ခြေသွက်းတုံ့ခနဲရပ်သွားလေသည်။

မြင်းလှည်း အိမ်ဘက်သို့လှည့်ကာ အရှိအသေခပ်ရင်း....

'ကျွန်မတို့သွားမယ့်ခရီးမှာ လူတစ်ယောက်က ပို့တ်ဆို့ဟန့်တားနေလို့ပါသခင်မလေး'

ဟု ပြောလိုက်၏။

သူမ၏စကားအဆုံးတွင် မြင်းလှည်းအိမ် တံခါးပွင့်သွားပြီး မိန်းကလေးတစ်ယောက် ဆင်းလာလေသည်။

ထိုမိန်းကလေးမှာ အဝါရောင်အင်္ကျီအစားများ ဝတ်ဆင်ထားလေသည်။

ကြွေရုပ်ကလေးတစ်ရုပ်နှယ် ချောမောလှပသူလေး ဖြစ်သည်။

သို့သော် သူမ၏မျက်နှာမှာ ခက်ထန်တင်းမာနေလေသည်။

ကျင်းကျင်းကိုကြည့်ကာ....

'နှောင့်ယှက်နေတာ ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

သူမသည် ယေရှယ်နုံးကျိုးပြီး ချောမောလှပသည့်မှန်းသာသာ မာန်ကြီးသူလေးဖြစ်ကြောင်း လုယီးကျုံး အကဲခတ်မိလိုက်၏။

ကျင်းကျင်းက....

'သူပါပဲ'

လုယိကျုံးအား ညွှန်ပြကာ ပြောပြလေသည်။

မိန်းကလေးသည် လုယိကျုံးကိုကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။

'ရှင်က ဘာကြောင့် ဟန့်တားရဘာလဲ'

လုယိကျုံးက....

'ကျုပ်တောင်းပန်ပါတယ်ဗျာ၊ ကျုပ်က နှောင့်ယှက်လိုတဲ့သဘောနဲ့ တမင်လုပ်တာမဟုတ်ပါဘူး၊ အတွေးလွန်နေလို့ မြင်းလှည်းလာတာ မှသိလိုက်လို့ပါ၊ အသံကြားကြားချင်း လမ်းဘေးကိုဆင်းပြီး ရှောင်ပေးပါသေးတယ်'

သူက ရည်ရည်မွန်မွန်ပြောလိုက်သဖြင့် မိန်းကလေး၏ မျက်နှာထား ပျော့ပျောင်းသွားလေသည်။

သို့တိုင် သူမ၏လေသံတွင် မာနဓာတ်အသက်များ ပါဝင်နေဆဲဖြစ်လေသည်။

'ကျွန်မရဲ့မြင်းလှည်းကိုမြင်ရင် လျှပ်စီးရဲတိုက်သခင်မလေး စုချင်းရဲ့မြင်းလှည်းဆိုတာ လူတိုင်းသိကြတယ်၊ ဟန့်တားနှောင့်ယှက်ရင် ဘယ်လိုဖြစ်မယ်ဆိုတာကိုလဲ သိကြတယ်၊ ကျွန်မကိုယ်တိုင်ကလဲနှောင့်ယှက်လာတဲ့လူဆိုရင် တစ်ယောက်မှ

ခြွင်းသာမပေးခဲ့ဘူး၊ ရှင်က တမင်နှောင့်ယှက်တာမဟုတ်ဘဲ အတွေးလွန်နေတာဆိုတော့'

လုယိကျုံးက....

'ဘာယဉ်ပြောတာပါဗျာ၊ ကျုပ်မလိမ်ပါဘူး၊ ဒုန်းစိုင်းလာတဲ့ မြင်းလှည်းရှေ့မှာ သွားပြီးနှောင့်ယှက်ရင် ခြေခွာအောက်ကိုရောက်သွားမှာပေါ့၊ မဟုတ်ဘူးလားဗျာ'

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

'ဩော်....ဒုက္ခရောက်မှာကိုတော့ ရှင်သိတာသားပဲကိုး၊ ဒါပေမဲ့ မြင်းလှည်းလာတာ မသိရလောက်အောင် ရှင် အတွေးတွေးနေတယ်ဆိုတာ ပြောစမ်းပါဦး'

လုယိကျုံးက....

'ကျုပ်ရဲ့ဦးရီးတော်တစ်ယောက်ကို လာရှာတာ၊ သူက ရွှာမရှိတော့ဘူးဆိုတော့ ဘယ်များ လိုက်ရှာရမလဲလို့ တွေးနေတာပါ၊ ကျုပ်ကြောင့် အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်ဗျာ'

မိန်းကလေးက....

'ထားပါတော့လေ၊ နောက်တစ်ခါ ရှင် တွေးတော
စဉ်းစားတော့မယ်ဆိုရင် ကြိုတင်ပြီး လမ်းဘေးကလျှောက်
ပေါ့၊ ဟုတ်ပြီလား'

သူမ၏စကားကြောင့် လုယိကျုံး ရယ်မောလိုက်သည်။

မိန်းကလေးသည် ဘာမှဆက်မပြောတော့ဘဲ လုယိကျုံး
အား ငေးကြည့်နေ၏။

လုယ်ိကျုံးစာ ဦးညွှတ်လိုက်ပြီး....

'မိန်းကလေးပြောတဲ့စကားကို ကျိုးပ်မှတ်ထားပါမယ်
ကျိုးပ်ကို ခွင့်ပြုပါဦးဗျာ'

ဟု နှုတ်ဆက်စကားဆိုကာ ထွက်သွားလေတော့သည်။

* * *

လုယိကျုံး ထွက်သွားပြီဖြစ်လေသည်။

လျှပ်စီးရဲတိုက်မှ သခင်မလေးစုချင်း မလှုပ်မယှက်
နေဆဲ....

သူမသည် လုယိကျုံးထွက်သွားရာဘက်သို့ ငေးမောကြည့်
မြင်းလှည်းမောင်းသောမိန်းကလေး ကျိုင်းကျိုင်းက....

'သခင်မလေး ကျွန်မတို့သွားရအောင်'

ဟုပြောလိုက်မှ သတိဝင်လာလေသည်။

'ဩော်....ဟင်း....ဟင်း....သွားကြတာပေါ့'

သူမသည် မြင်းလှည်းပေါ်သို့ မတက်သေးဘဲ ကျိုင်းကျိုင်း
ကြည့်ကာ....

'ညည်း ဘယ်လိုသဘောရသလဲ'

ဟု ဒေးလိုက်လေသည်။

ကျိုင်းကျိုင်းက ပြုံးလိုက်လေသည်။

အကြင်းပါးသူပီပီ သခင်မလေးစုချင်း ဘာကိုဆိုလိုကြောင်း
နားလည်ထားလေသည်။

'သူက ယောကျ်ားချောတစ်ယောက်ပဲ သခင်မလေးရဲ့၊
မတော်ဝင် အော်ငေါက်ပြောဆိုခဲ့ပြီးတော့ သူ့မျက်နှာ
အားတုံ့အားနာ ဖြစ်သွားမိသေးတယ်'

'ဟုတ်တယ်လေ၊ ခါတိုင်းဆို သခင်မလေးသွားတဲ့လမ်းမှာ နှောင့်အယှက်ဖြစ်ပေါ်လာခင် အနည်းဆုံး ပါးကစ်ချက် ကိုက်ရိုက်ပြီး ဆိုးမခဲ့ကာပဲမဟုတ်လား၊ သူများတောင်းသို့ကော သခင်မလေး ကျေနပ်ခဲ့ဖူးလို့လား'

သခင်မလေးစုချင်း၏မျက်မှာမှာ ရှက်သွေးဖြန်းကာ ရဲခနဲ သွားလေသည်။

'အောက်စမ်းပါအေ'

နှုတ်ခမ်းစူကာ အော်ပစ်လိုက်သည်။

သို့နှောက် ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မြင်းလှည်း သို့ တက်သွားလေသည်။

မြင်းလှည်းတံခါးကိုလည်း ကျိုင်းခနဲမြည်အောင် ပိတ်ပစ် လိုက်၏။

ကျင်းကျင်းက ကောင်းကောင်ပေါ်မော့ကြည့်ကာ ပခုံးတွန့် ပြီး....

'နွေခေါင်ခေါင် မိုးရွာချရုံဘဝ်မကဘူး၊ လျှမ်စီးတောင် ပြီးမှာ သေချာသေးတော့ဘယ်'

ဟု ပြောလိုက်လေတော့သည်။

'ဟွန်း'

သခင်မလေးစုချင်း နှာခေါင်းရှုံ့လိုက်လေသည်။

သူမသည် လုယိကျုံး ထွက်သွားရုတက်သို့ တစ်ဖန်ပြန် လည် စောင်းငဲ့ကြည့်ပြီးမှ မြင်းလှည်းပေါ်တက်ရန် ဟန်ပြင် လိုက်လေသည်။

ကျင်းကျင်းက....

'ဒီကနေ့ မိုးရွာမယ်ထင်တယ်'

ဟူ၍ပြောလိုက်၏။

သခင်မလေးစုချင်း တုံ့ခနဲဖြစ်သွားပြီး....

'ကျင်းကျင်း နွေခေါင်ခေါင်ကြီး ဘယ်လိုလုပ် မိုးရွာမှာ လဲ၊ ညည်းစကားက အရင်းမရှိ အဖျားမရှိနဲ့'

ကျင်းကျင်းက ပြုံးစစဖြင့်....

'ဩော်....သခင်မလေးက ခါတိုင်းနဲ့မတူလို့ပါ'

'ဘယ်လို.. ငါက ဟုတ်လား'

ထိုစဉ်....

'ကျင်းကျင်း စကားမရှည်နဲ့၊ မြန်မြန်မောင်းတော့'

ဆခင်မလေး စုချင်း၏ အမိန့်ပေးသံ ထွက်ပေါ်လာလေတော့သည်။

ကျင်းကျင်း ခစ်ခနဲရယ်ကာ မြင်းလှည်းပေါ် ခုန်တက်လိုက်ပြီး ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

* * *

ပေါင်ကျင်းမြို့ကလေး တိတ်ဆိတ်ငြိမ်သက်နေသလို ပေါင်ကျင်ဘုံ ထိပ်တန်းစားသောက်ဆိုင်သည်လည်း လူရှင်းကာ တိတ်ဆိတ်နေလေသည်။

ဆိုင်ရှင်သည် ဆိုင်နှာမဲလိပ္ပက်သွားမည်ကို စိုးရိမ်ကာဆိုင်ပိတ်ခဲ့သော်လည်း ပေါင်ကျင်းမြို့၌ ဆောက်ရှိနေကြသောလူကြီးလောကသားများကြောင့် ပြဿနာတစ်စုံတစ်ရာ ပေါက်လာမည်ကို စိုးရိမ်နေမိလေသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်း၏နောက်ကွယ်တွင် ပြင်းထန်သောသတ်စားမှုမျိုး ရှိနေတတ်သည် မဟုတ်ပါလား။

အချို့ ဆိုင်လုလင်များသည် ဆိုင်ဖွင့်ထားသော်လည်း အလုပ်မဆင်းကြသဖြင့် စားသောက်ဆိုင်မှာပိုပြီးခြောက်ကပ်နေ၏။

စားသောက်သူများလည်း တစ်ယောက်စ နှစ်ယောက်စာသာ ရောက်လာကြလေသည်။

ယင်းကွေ့အား ရှာမတွေ့သဖြင့် ရည်ရွယ်ချက် ပျောက်နေသော လုံယိကျုံးသည် ထိပ်တန်းစားသောက်ဆိုင်သို့ ရောက်လာသည်။

စားသောက်ဆိုင်ဟူသည် လူအမျိုးမျိုး ဝင်ထွက်သွားလာကြသော နေရာများဖြစ်၍ သတင်းစုံစမ်း၍ ရနိုင်မည်ဟုမျှော်လင့်ခဲ့သည်။

တကယ်တမ်း ရောက်ရှိလာသောအခါ တိတ်ဆိတ်ခြောက်ကပ်နေသဖြင့် စိတ်ပျက်သွားရလေသည်။

ဆိုင်ထဲဝင်ပြီးမှ ပြန်ထွက်သွား၍ မကောင်းဘတ်သဖြင့် စားစရာ အနည်းငယ် မှာကြား စားသောက်လိုက်လေသည်။

လုယိကျုံး ဆိုင်ထဲ၌ရှိနေစဉ် လူတစ်ယောက်ဝင်လာပြီး ထိုင်ပင်မဆိုင်ဘဲ ချက်ချင်း ပြန်လည်ပြေးထွက်သွားသည်ကို သတိပြုမိလိုက်လေသည်။

'ဘယ်လိုလူမဂါလိမ့်'

သူ၏အတွေးမဆုံးမီ ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ အနီဆောင်ဝတ်ဆင်ထားသူတစ်စုသည် လူငယ်ဘစ်ဟောက်အားခြံရံကာ ဆိုင်ထဲသို့ဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုကိုမြင်လျှင် လုယိကျုံး မင်ထိတ်သွားလေသည်။

တောလမ်းခရီး၌ ယင်းကွေ့တို့အား နှောင့်ယှက်ခဲ့သဖြင့် သူဆုံးမလွှတ်လိုက်သော ခေါဘီလူးဝေ့ထင်းအိမ်တို့လူစု ဖြစ်နေသည် မဟုတ်ပါလား။

ယခုမူ....

စောစောက ဆိုင်ထဲသို့ဝင်လာသူသည် ဝေ့ထင်းအိမ်တို့အား အပြေးအလွှားသွားရောက်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း လုယိကျုံး သဘောပေါက်လိုက်လေတော့သည်။

ဝေ့ထင်းအိမ်တို့လူစုသည် လုယိကျုံးနှင့်မျက်နှာချင်းဆိုင် လှမ်းမကမ်းရှိ စားပွဲတစ်လုံးဆီသို့ ဦးဘည် ဆွဲးကြလေသည်။

သူတို့နှင့်အတူ လိုက်ပါလာသောလူယောက်ဖ ဟန်ပါပါဖြင့် ထိုင်ချလိုက်၏။

ဝေ့ထင်းအိမ်တို့က ဝိုင်းဖွဲ့ထိုင်ခြင်းမပြုဘဲ လူငယ်အား ခြံရံကာ ရပ်နေကြ၏။ ဆိုင်လုလင်တစ်ယောက်ဈေးပျာကယာ ရောက်လာသောအခါ ဝေ့ထင်းအိမ်က....

'ငါတို့ စားဖို့သောက်ဖို့လာတာ မဟုတ်ဘူး'

ဟု ငေါက်ထုတ်လိုက်သဖြင့် ဆိုင်လုလင် မှာ အပြေး တစ်ပိုင်း ပြန်ထွက်သွားလေတော့သည်။

လူငယ်သည် ငွေဆောင်အဝတ်အစားများ ဝတ်ဆင်ထား ပြီး အနီရောင်ဝတ်ရုံ လှမ်းခြုံထားလေသည်။

လုတိကျုံးနှင့် မျက်နှာချင်းဆိုင်ဖြစ်၍ တစ်ယောက်ကို တစ်ယောက် အတိုင်းသား တွေ့မြင်နေကြရလေသည်။

ထိုလူငယ်သည် မာန်မာနခက်ထန်ပြီး ဘဝင်မြင့်ပုံရလေ သည်။

လုယိကျုံးအား အတန်ကြာ အကဲခတ်ကြည့်ပြီးမှ....

'မိုးကြိုးဂိုဏ်းကို သိုင်းလောကတစ်ခုလုံးက လေးစားကြ ရတယ်၊ မိုးကြိုးဂိုဏ်းကလူတွေကို တွေ့တဲ့နေရာမှာ အရှိုအသေ ပေးကြရတယ်၊ မိုးကြိုးဂိုဏ်းကို စော်ကားရင်သေဒဏ် အပြင်

ဟု ခပ်စွာစွာ ပြောလာလေသည်။

တစ်ဖန်....

'ဆရာကြီး ဝေ့ထင်းအိမ်ကမိုးကြိုးဂိုဏ်းအပေါ် စော်ကား ခဲ့လို့ကို ဘယ်လိုအပြစ်ပေးမယ်ဆိုတာ ကျုပ်ကြည့်ချင်သေး တယ်'

ဝေ့ထင်းအိမ်ဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

ဝေ့ထင်းအိမ်က ဦးညွတ်လိုက်သည်။

'စိတ်ချပါသခင်လေး၊ အခုပဲမြင်တွေ့ရပါလိမ့်မယ်'

စကားဆုံးလျှင် မိုးကြိုးဂိုဏ်းသားများခြံရံကာ လုယိ ကျုံးထံ လှမ်းလာတော့သည်။

လုယိကျုံး စိတ်ပျက်သွားလေသည်။

မိုးကြိုးဂိုဏ်းသည် အငြိုးကြီးသော ဂိုဏ်းတစ်ခု ဖြစ် ကြောင်းလည်း သတောပေါက်လိုက်လေသည်။

ယခုအချိန်မှ ထွက်သွားလို့လည်း မဖြစ်နိုင်တော့၍စောင့် ကြည့်နေလိုက်ရတော့သည်။

ဝေ့ထင်းအိမ်တို့လူစုသည် အနီးသို့ ရောက်လာသည်နှင့် ထိတ်ခနဲခြင်းပင် မပြုတော့ဘဲ ဝိုင်းရံတိုက်ခိုက်လာကြလေသည်။

သူတို့သည် လုယက်ကျူးအား သုတ်သင်ရှင်းလင်းပစ်နိုင်ဖို့ သာလျှင် အဓိကထားနေကြလေဘဲသည်။

ဤပတစ်ပြက် ပြေးဝင် တိုက်ခိုက်လာကြသော ကြောင့် လုယက်ကျူးက မတက်သာတဲ့ ခုခံလိုက်ရလေသည်။

စားပွဲပေါ်၌ရှိနေသော ဝါးတူကားလေးများ ထည့်ထား သော ခွက်ကိုဆွဲယူလိုက်ပြီး ပစ်လွှင့်လိုက်သည်။

ခွက်ထဲမှ ဝါးတူကလေးများသည် မြားကလေးများပမာ ပစ်လွှင့်သွားပြီး မိုးကြိုးဂိုဏ်းသားများ၏ ခေါင်းကိုသာသော လက်များကို တည့်ဘည့်မတ်မတ် ထိမှန်သွားလေသည်၊

'ခွမ်း....ခွမ်း....ခွမ်း'

မိုးကြိုးဂိုဏ်းသားတို့သည် လက်နက်များကို မြှောက်ခွာမကိုင်နိုင်ဘဲတဲ့ ကြမ်းပြင်ပေါ် လွတ်ကျကုန်တော့သည်။

လက်နက်မရှိတဲ့ လက်ချည်းဗလာဖြစ်ကုန်ကြသော ကြောင့် ရှေ့မတိုးဝံ့တော့ဘဲ နောက်သို့ကပျာကယာ ပြန်သွက်သွား ကြတော့သည်။

'ဟင်'

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ထိုင်ကြည့်နေကြသော လူငယ်များ လွတ်ခနဲရေရွတ်လိုက်လေသည်။

ထိုင်ထူမူလည်း ဝုန်းခနဲထရပ်လိုက်ပြီး....

'အတော်အသုံးမကျတဲ့ကောင်တွေ'

ဟုငေါက်ကာ အနီးသို့ရောက်လာကာ မိုးကြိုးဂိုဏ်းသား များအား ပါးရိုက်ချလိုက်လေသည်။

တဖြန်းဖြန်းမြည်သံများ ထွက်ပေါ်လာပြီး အရှက်ရသွား သော မိုးကြိုးဂိုဏ်းသားများ ခေါင်းငုံ့ထားလိုက် ကြလေ သည်။

လူငယ်က ဝေ့ထင်းအိမ်ကိုလည်း ဆူပူကြိမ်းမောင်းလိုက် လေသည်။

'ခင်ဗျားလဲ အလကားပဲ၊ ဘာမှ အသုံးမကျဘူး၊ သိုင်း လောကမှာ နာမည်မရှိတဲ့ လူတစ်ယောက်ကိုတောင် မဆုံးမ နိုင်ဘူးလား၊ ကောင်းပြီ၊ ကျုပ် ဆုံးမပြမယ်၊ ခင်ဗျားတို့ ကြည့်ထားကြ'

စကားဆုံးလျှင် လက်ဝှေ့ယမ်းလိုက်လေသည်။

'ချမ်း'

ခေးမြောင်တစ်လက်သည် လုယိကျုံးထံသို့ ရိပ်ခနဲပစ်လွှင့်လာလေသည်။

လုယိကျုံးသည် အန္တရာယ်ရှိနေသဖြင့်မတတ်သာဘဲ လက်ဝှေ့ယမ်းပြီး ကာကွယ်လိုက်ရလေသည်။

လုယိကျုံးက လက်ဝှေ့ယမ်းလိုက်သောအခါ မမြင်ရသောလေလိုင်း ဖြစ်ပေါ်လာလေသည်။

ထိုလေလိုင်းသည် လူငယ်ပစ်လွှင့်လိုက်သော ခေးမြောင်ကို တစ်ပတ်လည်သွားအောင် ရိုက်ထုတ်ပစ်လိုက် နိုင်ကည့်အပြင် နဂိုပစ်လွှင့်လိုက်သောအရှိန်ထက် နှစ်ဆပို၍ လျင်မြန်သောအဟုန်ဖြင့် လာရာလမ်းအတိုင်း တိုးထွက်သွားလေသည်။

လူငယ်က လုယိကျုံးအား လုပ်ကြံလိုက်ခြင်းဖြစ်သည်။

သို့သော်....

သူ ပစ်လိုက်သော ခေးမြောင်သည် လုယိကျုံး ထံသို့မရောက်ဘဲ လမ်းခုလတ်တွင်ပင် လည်ထွက်သွားပြီး သူ့ထံသို့နောက်ကြောင်းပြန်လွှင့်လာသည်ကို တွေ့ရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေသည်။

'ဟာ'

လွတ်ခနဲအော်ရင်း အနီးရှိမိုးကြိုးဂိုဏ်းသားများကို တွန်းဖယ်၍ ရှောင်တိမ်းလိုက်ရလေသည်။

သို့တိုင်....

'ပြဲ'

ခေးမြောင်သည် သူ၏ဝတ်ရုံကိုရှုပ်ထိသွားပြီး စုတ်ပြဲသွားစေတော့သည်။

လူငယ်၏မျက်နှာကြီး မည်းမှောင်သွားလေသည်။

လုယိကျုံးအား ဆုံးမလိုပါမှ သူကိုယ်တိုင် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရသည် မဟုတ်ပါလား။

ထပ်မံတိုက်ခိုက်ဖို့လည်း မဝံ့ရဲတော့ပါ။

ထွက်ပြေး ရှောင်တိမ်းသွားရလျှင်လည်း အရှက်ကွဲမည်ဖြစ်သည်။

လူငယ်မှာ မည်သို့ဆုံးဖြတ်ရမှန်းမသိတဲ့ ဂနာမငြိမ်ဖြစ်နေသေတော့သည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်'

'ဟီး....ဟီး....ဟီး'

မြင်းခွာသံ မြင်းဟ်သံများ ထွက်ပေါ်လာကာ ဆိုင်ရှေ့ဘို မြင်းလှည်းတစ်စီး ရောက်ရှိလာလေသည်။

မြင်းလှည်းရပ်တန့်သွားသည်နှင့်....

'သခင်မလေး၊ ဒီမြို့မှာစားသောက်ဆိုင်ဆိုလို့ ဒီတစ်ဆိုင်ပဲ ဖွင့်ထားတယ်'

မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

ရှေ့ဆင့် နောက်ဆင့်ပင်....

'ဒါဆိုလဲ ဒီမှာပဲနားကြတာပေါ့'

အခြားမိန်းကလေး တစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

ထိုစကားသံများကိုကြားလျှင် လှယိကျုံးဘည် မြင်းလှည်းအမောင်းကြမ်းသော ကျင်းကျင်းဆိုသည့်မိန်းကလေး၊ ချောမောပြီး မာနကြီးသည့် သခင်မလေး စုချင်းတို့အား သတိရလိုက်လေသည်။

မှန်ပေသည်။

ကျင်းကျင်းနှင့် သခင်မလေး စုချင်းတို့ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

စကားသံများအဆုံးတွင် သူမတို့နှစ်ယောက် ဆိုင်ထဲဝင်လာကြသည်ကို တွေ့ရ၏။

ကျင်းကျင်းနှင့် သခင်မလေးစုချင်းတို့မှာ လှယိကျုံးကို မြင်သေးဘဲ အမှတ်တမဲ့ ဖြစ်နေ၏။

လူငယ်ဦးဆောင်သော မိုးကြိုးဂိုဏ်းသားများကား လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လူငယ်က....

'လျှပ်စီးရဲတိုက်က သခင်မလေးရောက်လာတာတွေ့လျက်နဲ့ ဘာကြောင့် အငိုအသော မပေးကြသေးတာလဲ'

ဟု ငေါက်လိုက်သည်။

မိုးကြိုးဂိုဏ်းသားများသည် ချက်ချင်းပင် ဦးညွတ်လိုက်ကြပြီး....

'လျှပ်စီးရဲတိုက် သခင်မလေးကို ဂါရဝပြုပါတယ်'

ဟု ပြုံင်တူကြွေးကြော်လိုက်ကြလေသည်။

စုချင်းသည် မိုးကြိုးဂိုဏ်းသားများကို မြင်လျှင်....

'ကျင်းကျင်း....အပြင်မှာ စောင့်နေ'

ဟု အမိန့်ပေးလိုက်သည်။

'ဟုတ်ကဲ့ သခင်မလေး'

ကျင်းကျင်းက ချက်ချင်း ထွက်သွားလေသည်။

စုချင်းသည် လူငယ်ထဲသို့ လှမ်းသွားရင်း....

'အစ်ကို ထင်းစန်းက ဒီမှာ ဆောက်နေတာကိုး၊ ဟင်... အစ်ကို့ ရဲဝတ်ရုံ စုတ်ပြဲနေပါလား၊ ဘယ်လိုဖြစ်တာလဲ'

နွတ်ဆက်စကားပြောစဉ် မျက်လုံးလျင်မြန်စွာဖြင့် လူငယ်၏ ဝတ်ရုံစုတ်ပြဲနေသည်ကို တွေ့မြင်သွားကာ အကျိုးအကြောင်း မေးလိုက်လေသည်။

လူငယ်မှာ မိုးကြိုးဂိုဏ်းမှ သခင်လေးထင်းစန်း ဖြစ်လေသည်။

မိုးကြိုးဂိုဏ်းနှင့် လျှပ်စီးဂိုဏ်းသည် မဟာမိတ်ဖွဲ့ထားကြပြီး မိုးကြိုးဂိုဏ်းချုပ်က သခင်လေးထင်းစန်းနှင့် သခင်မလေး

ဘို့အား လက်ထပ်ပေးရန် လျှပ်စီးရဲတိုက်ရှင်အား ကမ်း
သားလေသည်။

စန်းနှင့် စုချင်းတို့သည်လည်း လူငယ်ချင်း သိကျွမ်း
ပေတော့သည်။

အမေးစကားကြောင့် ထင်းစန်း ပို၍ အရှက်ရ
လေသည်။

သော ကြောင့်....

တို့မိုးကြိုးဂိုဏ်းကို စော်ကားဖို့ကြိုးစားလို့ ကျုပ်က
မမျှော်လင့်တဲ့ အလစ်အငိုက် ခံလိုက်ရလို့ ခုဆိုဖြစ်
ပဲ'

ကက်က အကောင်းချည်း ပြောလေသည်။

သည်လည်း မဲကျေနပ်ဖြစ်သွားပြီး....

ကို ကိုတောင် စော်ကားဝံ့တာ နည်းတဲ့သတ္တိမဟုတ်
သူလဲဆိုတာ ပြောစမ်းပါ၊ မှတ်လောက် သား
အောင် ကျွန်မ ဆုံးမပါရစေလား'

ငန်းက....

'ဟိုမှာ'

သူ့လက်ညှိုးထိုးရာသို့ လှမ်းကြည့်လိုက်သော် စုချင်း
လုယ်ကျုံးအား မြင်တွေ့သွားလေတော့သည်။

သူမ၏မျက်လုံးလေးများ ဝိုင်းစက်သွားပြီး....

'ဟင်....သူကိုး'

ဟု လွှတ်ခနဲရေရွတ်လိုက်မိတော့သည်။

လုယ်ကျုံးက သူမအား မချိပြုံးပြုံးပြလိုက်မိလေသည်။

ထိုစဉ်....

'ညီမ သူ့ကိုသိလို့လား'

ထင်းစန်းက မေးလာသည်။

စုချင်းက....

'သူ....သူ'

သူမသည် ထစ်ထစ်ငေါ့ငေါ့ဖြင့်နေပြီးမှ ရုတ်တရက်
ဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့်....

ျွန်မသိတယ်၊ ဖြစ်မှဖြစ်ရလေရှင်'

ပြောလိုက်လေသည်။

ူမ့်၏လေသံကြောင့် ထင်းစန်း မျက်ခမ်းတွင်ကြုတ်သွား

ူက ဘယ်သူလဲ'

ျင်း ရယ်မောလိုက်လေသည်။

ျွန်မရဲ့မိတ်ဆွေပါ့'

ာင်'

ိုကို ကျွန်မတို့အတူတူလာခဲ့ကြတာ ဒီဆိုင်မှာတွေ့ဖို့
ားကြတာ'

ူ့၏စကားများကြောင့် ထင်းစန်းသာမက ကာယကံ
ုယ်ကျုံးပါ ကြောင်းအမ်းအမ်း ဖြစ်သွားကြလေ
သည်။

ုံးက....

ျွန်မရဲ့မိတ်ဆွေက အစ်ကိုနဲ့ ဘယ်လိုနှိုင်းယှဉ်စရာရှိနေလို့
ပါဦး'

တို့ကြောင့်....

'အစ်ကို ဒီကိစ္စတွေဟာ တစ်ယောက် အကြောင်း တစ်ယောက် မသိကြသေးလို့ ကိုယ့်အချင်းချင်း နားလည်မှုလွဲပြီး ဖြစ်ခဲ့ရတာပါ။ သူဟာ ကျွန်မရဲ့ဓိတ်ဆွေဆိုတော့ အစ်ကို့ရဲ့ ဘေးဆွေပဲပေါ့။ ဖြစ်ပြီးတာတွေကို ဘယ်လိုမှသတောမထားနဲ့တော့'

ဟု ပြောလိုက်လေသည်။

ထင်းစန်း ဘဝင်မကျဖြစ်သွားလေသည်။

သူ့အား အရှက်ကွဲစေခဲ့သော လုယိကျုံးကို တစ်စက်သားမှ ကြည့်မရပါချေ။

လုယိကျုံးအပေါ် ရန်ငြိုးထားပြန်လျှင်လည်း စုချင်း၏ နောက်နာက ရှိနေပြန်သေး၏။

စုချင်းသည် ခေါင်းမာပြီး တဇွတ်ထိုးလုပ်တတ်သူလေးဖြစ်ကြောင်း သူကောင်းစွာ သိထား၏။

မာနလည်းကြီးသလို အောက်ကျိုးရမည်ကို အင်မတန်ဝန်လေးသူ ဖြစ်လေသည်။ သူမက ပြေရာပြေကြောင်း ပြောနေသည်ကို လက်မခံလျှင် သူ့အပေါ် စိတ်ကွက်သွားမည်မှာ သေချာ၏။

ဟု မေးလိုက်သည်။

ထင်းစန်းက မကျေမနပ်ဖြင့်....

'သူဟာ မိုးကြိုးဂိုဏ်းထားတွေကို စော်ကားခဲ့တယ်။ ထို့ကြောင့် ကျွန်မကို နာမည်ပျက်စေပြီး ဇာတ်မြုပ်နေတဲ့ နဂါးသံတို့ကို ဖမ်းမိကာနီးမှာသူဝင်ရှုပ်လို့ လွှတ်ပေးလိုက်ရတာ။ ဒါကြောင့် သူ့ကိုဆုံးမဖို့သာခဲ့တာ'

ထိုစကားမျာ်းကြားလျှင် မိမိလိုက်ရှာနေသော ယင်းတို့မှာ တောလမ်းခရီးမှ ဇရပ်ဆောင်တွင် သူကူညီလိုက်ခဲ့ဖြစ်နေကြောင်း လုယိကျုံးသိသွားလေတော့သည်။

'ဖြစ်မှဖြစ်ရလေ၊ လူချင်းတွေ့ခဲ့ကြတာတောင် ကိုယ်နဲ့ပြဿနာထားတဲ့လူမှန်းမသိလို့ လွဲဖြစ်အောင်လွဲခဲ့ရတာပါလား'

ဟူ၍ စိတ်ထဲမှ ညည်းတွားနေမိလေတော့သည်။

စုချင်း တွေဝေသွားသည်။

ထင်းစန်း၏စကားမှန်လျှင် မိုးကြိုးဂိုဏ်း၏စည်းကမ်းအရ ရန်သူဟုသတ်မှတ်ကာအပြစ်ပေးအရေးယူရမည်ဖြစ်လေသည်။

မိုးကြိုးဂိုဏ်း၏အရှိန်အဝါကြီးမားနေသဖြင့် လုယိကျုံးကဲ့သို့ရှောက်မည်ကို ပိုးရိပ်စိုက်ဝင်လာသည်။

စုချိုင်း ငြိုငြင်ခြင်းကို ထင်းစန်းမခံယူလိုပါ။

သူက စုချင်းအပေါ် အစဲအလန်းကြီး စွဲလန်းနေသည် မဟုတ်ပါလား။

မီးစတစ်ဖက်ရေမှုတ်တစ်ဖက်ဖြစ်နေ၍ ထင်းစန်းဆုံးဖြတ်ရ ခက်နေပါတော့သည်။

စုချင်းက....

'ကျနော်မပြောတာ လက်ခံမယ် မဟုတ်လား၊ ဖြစ်ပြီးသား ကိစ္စတွေကို ဘယ်လိုမှ သဘောမထားဘဲ မေ့ပစ်လိုက်ပါ မဟုတ်လား'

ဟု ထပ်မေးလာလေသည်။

ထင်းစန်း မတတ်သာတော့ဘဲ....

'အင်းလေ၊ ညီမရဲ့ မိတ်ဆွေဆိုရင်လဲ ကျုပ်က ဘယ်လို့မှ သဘောမထားတော့ပါဘူး'

ဟု ပြောလိုက်ရလေတော့သည်။

ထို့အပြင် လုယိကျုံး၏ရှေ့တွင် နေရမည်ကို မျက်နှာငယ်

'ညီမ၊ ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိသေးလို့ သွားလိုက်ဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့'

ဟု နှုတ်ဆက်ကာ မိုးကြိုးဂိုဏ်းသားများကိုခေါ်၍ ထွက်သွားလေတော့သည်။

* * *

ထင်းစန်းသည် မိုးကြိုးဂိုဏ်းသားများကို ခေါ်ဆောင်ကာ ထွက်သွားပြီ ဖြစ်လေသည်။

ပေါင်ကျင့် ထိပ်တန်းစားသောက်ဆိုင်အတွင်း၌ လူရှင်းသွား၏။

ဆူဆူညံညံအသံများလည်း ပျောက်ကွယ်သွားလေသည်။

လုယိကျုံးက ကြောင်အမ်းအမ်းဖြင့် ထိုင်နေဆဲ....

စုချင်းသည် ထင်းစန်းတို့ ထွက်သွားသည့် ဆိုင်အပြင် ဘက်သို့ ကြည့်လိုက်သည်။

လူမလည်း ထွက်ထွားတော့မည့် အသွင်မျိုးဖြစ်သည်။

သို့သော်....

သူမသည် ထွက်မထွားဘဲ လုယိုကျုံး ထံသို့ လှမ်းသွားလိုက်၏။

လုယိကျုံး သက်ပြင်းချလိုက်သည်။

သိုင်းဒေသကတွင် ထိပ်တန်းအဆင့်ရှိသော မာနရှင်လေးတစ်ယောက်နှင့် ပတ်သက်ရတော့မည်ဖြစ်ကြောင်း နားလည်လိုက်မိသလဲသည်။

စုချင်းသည် အနီးသို့ရောက်လာပြီး....

'ကျွန်မ ထိုင်မယ်နော်'

ဟု ပြောလာလေသည်။

လုယိကျုံးက....

'ထိုင်ပါ့မျာ၊ ထိုင်ပါ'

ပျူပျူငှာငှာပင် ပြောလိုက်၏။

စုချင်းသည် လုယိကျုံး နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပြီးမှ....

'ရှင်က ကျွန်မကို စိတ်ဆိုးနေပြီ ထင်တယ်'

ဟု ပြောလာလေသည်။

လုယိကျုံးက....

'ကျုပ်က ဘာကြောင့် စိတ်ဆိုးရမှာလဲဗျာ'

စုချင်း မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်နဲ့ပတ်သက်ပြီး ကျွန်မက လိမ်ပြောခဲ့လို့လေ'

'ဩော်'

'သူက အတော်ဆိုးတဲ့လူဆိုတာ ရှင် သိလား'

ထင်းစနှိုးကို ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

လုယိကျုံး ပြုံး၍ ဘာမှမပြောဘဲ နေလိုက်လေသည်။

စုချင်းက....

'မိုးကြိုးဂိုဏ်းချုပ်က သူ့ကို အရမ်းအလိုလိုက်ထားတာ
ဒါကြောင့်လဲ သူက ဘဝင်မြင့်နေတာပေါ့၊ အဖေရဲ့
ရှိန်အဝါ မိုးကြိုးဂိုဏ်းရဲ့အရှိန်အဝါနဲ့ ထင်ဆိုင်းနေတာ
ပြီးတော့ သူက ကျွန်မကိုလက်ထပ်ချင်တယ်တဲ့လေ'

ဩော်'

လုယိကျုံးက စုချင်း၏စကားကို စိတ်ဝင်စားသည့်အလား
ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

စုချင်းက....

'သူ့ရဲ့မိဘတွေကိုပြောပြီး ကျွန်မတို့အိမ်မှာလာပြီးအတင်း
အပူကပ်နေတာ၊ ဟင်း....ဟင်း....ကျွန်မက သူ့ကို အလိုက်
အထိုက်ဆက်ဆံနေပေမယ့် သူ့ကိုလက်ထပ်ဖို့ ဘယ်တုန်းကမှ
မစဉ်းစားဘူးရှင့်'

လုယိကျုံးက ခေါင်းညိတ်လိုက်ပြန်သည်။

စုချင်းက....

'ကျွန်မက သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံနေတာ
သူနဲ့ မိုးကြိုးဂိုဏ်းကို ရှိန်လို့မဟုတ်ဘူး၊ ကျွန်မတို့ လျှပ်စီး
ရဲတိုက်ဟာ မိုးကြိုးဂိုဏ်းကို လုံးဝ ဂရုမစိုက်ဘူးဆိုတာ မှတ်

လုယိကျုံးက....

'ကျုပ် ယုံပါတယ်ဗျာ'

ဟုပြောလိုက်လေသည်။

စုချင်းက....

'ရှင်က ဘာကြောင့်မိုးကြိုးဂိုဏ်းနဲ့ ပြဿနာဖြစ်ချင်တာ
လဲရှင်'

ဟု မေးလာလေသည်။

လုယိကျုံးက....

'ကျုပ်က ခရီးသွားရင် သူတို့မတရားအနိုင်ကျင့်နေတာ
ကိုတွေ့လို့ ဝင်ပြီးတားဆီးမိတာပဲ၊ အကြောင်းမဲ့ ရန်စစေခဲ့
ကားဘာမဟုတ်ပါဘူးဗျာ'

စုချင်းက....

'ရှင်ပြောတာ ကျွန်မယုံတယ်၊ ထင်းစန်းတို့ လူစုဟာ
လုပ်ချင်ရာလုပ်တတ်ကြတဲ့လူစားမျိုးတွေရှင့်၊ ဒါဆက် ရှင့်ရဲ့
သိုင်းပညာမဆိုးပါလား၊ ရှင့်ဆရာကဘယ်သူလဲ၊ ရှင့်ရဲ့အရည်

ခချင်းနဲ့ဆိုရင် ကျွန်မတို့လျှပ်စီးဂိုဏ်းမှာ အမှုထမ်းမယ်ဆို
င် ဆုတူးကောင်းကောင်း ရှိနိုင်တယ်နှင့်'

လုယိကျုံး ပြုံးလိုက်သည်။

စုချင်းက သူ့အား မျက်နှာသာပေးကာ လိုက်လိုက်
လျောလျော ရှိနေသဖြင့် မနေတတ်အောင် ဖြစ်သွားသ
သည်။

စုချင်းကိုယ်တိုင်လည်း တစ်လက်လုံး မာနကြီးတင်ခဲ့သား
နှင့် နေခဲ့ပြီး လုယိကျုံးနှင့်တွေ့မှလိုက်လျောစွာ ဆက်ဆံနေ
မိသည့် သူမ၏ အဖြစ်ကို အံ့သြမိသလိုသည်။

လုယိကျုံးသည် မာနကျလှသော သူမ၏အသည်းနှလုံး
ကို အရည်ပျော်ကျသွားစေသည့် မဟုတ်ပါလား။

သူမသည် လုယိကျုံးအား မြင်နေရလျှင် စိတ်ထဲပျော်
ပျော်ကြည်နူးလာသည်။

နှုးညံ့သိမ်မွေ့သော မိန်းကလေးတစ်ယောက်ဖြစ်လို့လာ
စည်။

လုယိကျုံးက သူမအား ဂရုစိုက်စလိုသည်။

လုယိကျုံးအတွက် အကျိုးဆောင်ပေးလိုသည်။

အဘယ်ကြောင့် ဆိုသို့သောစိတ်သဘောမျိုးဖြစ်ပေါ်လာ
သနည်း။

စုချင်း၏ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးသောခံစားချက်
ဖြစ်သည်။

မည်သို့ဆိုစေ သူမပျော်နေမိသည်ကား အမှန်ပင် ဖြစ်လေ
သည်။

'အယ်လိုလဲ ရှင်ဟာ ကျွန်မတို့ လျှပ်စီးရဲတိုက်မှာ အမှုထမ်း
သားး၊ ဖေဖေ့ကို ကျွန်မပြောပေးမယ်လေ'

ဟု ခံမေးလာသည်။

လုယိကျုံး ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်ကို ကူညီချင်တဲ့စေတနာကို ကျေးဇူးတင်ပါတယ်
ဒါပေမယ့် ကျုပ်ကလွတ်လွတ်လပ်လပ်နေချင်ပါတယ်၊
ကြောင့် လျှပ်စီးရဲတိုက်မှာ အမှုမထမ်းနိုင်တာကို ခွင့်လွှတ်
ပါ'

ဟု ဘောင်းပန်လိုက်လေသည်။

စုချင်းက....

'အင်းလေ ရှင်စိတ်မဆိုးပါဘူးဆိုရင်လဲ ကိစ္စမရှိပါဘူး၊ ဒါထက် ရှင်က လူတစ်ယောက်ကို လိုက်ရှာနေတယ်ဟုတ်လားဟင်'

လူယဝ်ကျုံးက....

'ဟုတ်ပါတယ်'

စုချင်းက်....

'ဘယ်သူ့ကိုများ လိုက်ရှာနေသလဲဆိုတာ ပြောပြနိုင်ရင် ပြောပြပါလား၊ ကျန်မတို့လျှပ်စီးရဲတို့က်ကလူတွေဟာ သိုင်းလောက နေရာအနှံ့အပြားမှာ ရှိနေကြပါတယ်၊ ကျန်မလူတွေကို အမိန့်ပေးလိုက်ရင် သူတို့ရှာဖွေပေးကြပါလိမ့်မယ်၊ ရှင်လိုက်ရှာနေတဲ့လူကို မြန်မြန်တွေ့နိုင်တာပေါ့ရှင်'

လူယဝ်ကျုံး တွေဝေသွားလေသည်။

စုချင်း၏ အကူအညီကို လက်ခံလိုက်လျှင် ယင်းကဲ့အား အမြန်ဆုံး ရှာတွေ့နိုင်မည့်အခြေအနေရှိလေသည်။

သို့သော် သူကိုယ်တိုင်လည်း မာနရှိသူဖြစ်ကြောင်း စုချင်းသိနိုင်မည် မဟုတ်ပါချေ။

သူတစ်ပါး၏အကူအညီကို မလိုချင်ပါ။

ကိုယ့်အားကိုယ်ကိုးလိုစိတ်ရှိသူဖြစ်လေသည်။

စုချင်းက....

'ရှင် ဘယ်သူ့ကိုလိုက်ရှာနေသလဲဆိုတာ ပြောပြပါလား'

ဟု မေးလာသေသည်။

လူယိကျုံးက....

'ကျုပ်ကို ကူညီချင်တာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒုါယ် နေပါစေတော့၊ ကျုပ်မရှာတော့ပါဘူး'

'ရှင် လိုက်မရှာတော့ဘူးဟုတ်လား'

'ဟုတ်ပါတယ်'

ချင်းက....

'အင်းလေ... ဒါတော့ ရှင့်သဘောပေါ့၊ ကဲပါလေထင်း ညီလူစုကြောင့် ရှင်အစားအသောက်ပျက်သွားရပြီမဟုတ် ကျန်မက အစားပြန်ပြီး ညှဉ့်ခံကျေးမွေးပါရစေရှင်'

ဆိုကာ ဆိုင်လုလင်များကိုခေါ်ပြီး စားသောက်ဖွယ်များ မှာကြားလိုက်လေသည်။

'ဟာ....နေပါစေ'

လုယိကျုံး ကပျာကယာ လက်ကာပြလိုက်သည်။

'ကျုပ်စားပြီးသွားပါပြီ၊ ဗိုက်လဲဝနေပါပြီ၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စလေးတစ်ခုရှိလို့ သွားပါရစေဦး'

ပြောပြောဆိုဆို ထိုင်ရာမှထရပ်လိုက်လေသည်။

'ရှင်က....'

စုချင်းသည် ဟန့်တားရန်ဟန်ပြင်ပြီးမှ ဘာမှမပြောဘဲနေလိုက်လေသည်။

လုယိကျုံးသည် စုချင်းအားနှုတ်ဆက်ကာ ထွက်သွားတော့သည်။

* * *

လုယိကျုံး ထွက်သွားပြီဖြစ်လေသည်။

ဖြူနီးစားကြီးသူမ၏ရှေ့မှပျောက်ကွယ်သွားခြင်းကြောင့် စုချင်း၏ရင်ထဲ ဟာသွားလေသည်။

သိကျုံးထိုင်ခဲ့သော ထိုင်ခုံကိုငေးကြည့်နေမိလေသည်။

ကား အပြောင်းလဲကြီး ပြောင်းလဲနေပြီ ဖြစ်သည်။

ရိုင်းလေးတစ်ယောက်အဖို့ အချစ်နတ်သမီးဖမ်းစား နုရပြီတည်း။

ကြာအောင် ငေးမောနေမိမှန်းမသိ။

ခင်မခလေး'

းကျင်၏ခေါ်သံသွက်ပေါ်လာမှ စုချင်းသည် သတိသည်။

ည်....ကျင်းကျင်း၊ ထိုင်လေ'

းကျင်းက စုချင်းနှင့်မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်

သည် ငေးငေးငိုင်ငိုင်ဖြစ်နေသော စုချင်းကို ကြည့်

ခင်မလေး ဘယ်လိုဖြစ်နေတာလဲ'

မးလိုက်လေသည်။

စုချင်းက ဘာမှမပြောဘေး။

ကျင်းကျင်းက....

'သခင်မလေး၊ မိုးကြိုးဂိုက်းက သခင်လေးထင်းစုံး
လူစုကို တွေ့လိုက်ရတယ်၊ ပြီးတော့ ဟိုလူကိုပါတွေ့တ
သူက ဒီဆိုင်ထဲရောက်နေတာကိုး'

စုချင်းက....

'ဟုတ်တယ်... သူထွက်သွားပြီ'

ကျင်းကျင်းက....

'သခင်မလေးရဲ့ အသည်းနှလုံးကိုပါ ယူသွားပြီ ချ
တော့'

'ဘယ်လို'

စုချင်းမျက်လုံးပြူးသွားသည်။

ကျင်းကျင်း ရယ်မောလိုက်သည်။

'ကျွန်မဟာ ငယ်ငယ်ကတည်းက သခင်မလေးနဲ့အ
နေလာခဲ့တာပါ၊ သခင်မလေးရဲ့ အကြောင်းကို တော

ာင်းကြီးသိတယ်၊ သခင်မလေးဟာ ဘယ်တုန်းကမျှား
တွေ့ခဝခင်းငိုင်နေခဲ့ဖူးလို့လဲ'

'ငါ... ငါ တကယ်ပဲ အမူအရာပျက်နေပြီလား'

'သခင်မလေးထင်တာထက်တောင် ဆိုးသေးတယ်'

'ဘကယ်'

'ဘကယ်ပေါ့'

စုချင်း သက်ပြင်းချလိုက်လေသည်။

ကျင်းကျင်းကိုကြည့်ကာ....

'ငါဘယ်လိုလုပ်ရမလဲ'

'ခွဲ'

စုချင်း၏အမေးကြောင့် ကျင်းကျင်း ပါးစပ်အဟောင်း
ဖြစ်သွားလေသည်။

စုချင်းကို နှားမသည်နိုင်စွာကြည့်ကာ....

'သခင်မလေး၊ ကျွန်မ ဘယ်လိုပြောရမှာလဲ'

စုချင်းက...

'ငါ...ငါလေ သူနဲ့တွေ့တော့ ဘယ်လိုဖြစ်နေမှန်းကို
တော့ပါဘူးဟယ်'

သူတို့သည် ညီအစ်မပမာ ရင်းနှီးချစ်ခင်ပြီး ပွင့်ပွင့်
လင်း တိုင်ပင်ပြောဆိုလေ့ရှိကြလေသည်။

ကျင်းကျင်းက ရယ်မောလိုက်လေသည်။

'ကျွန်မမူတ်မိပြီ၊ ငယ်ငယ်တုန်းက သခင်မလေးဟာ
စဆုံအချိန်ကလေးတစ်ရှပ်ကို လိုချင်ပေမယ့် မရလို့ သူ
လုံးလုံး ထမင်းမစားဘဲ စိတ်ကောက်ခဲ့ဖူးတယ်၊ ဘယ်
ချော့လို့မရဘူး၊ နောက်ဆုံး အရုပ်ကလေးကိုရမှ
တော့တယ်၊ အဲဒါ သူမျှားပိုင်တဲ့အရုပ်လေးလေ၊ သခင်
က လိုချင်တယ်ဆိုရင် ရမှကြိုက်တာ၊ သခင်မလေးလည်
ဆောက်လာကော နောက်နေ့မှာ မြောင်းထဲလွှင့်ပစ်လိုက်
မဟုတ်လား'

စုချင်း ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး၊ အခုဟာက အဲဒီလိုမဟုတ်ဘူး'

ကျင်းကျင်းက....

'ဒါဖြင့် အရုပ်ကလေးကိုရရင် တစ်သက်လုံး သိမ်းထား
မယ်ပေါ့'

ဟု မြို့းစစဖြင့် မြောလိုက်သည်။

'ညည်းနော်'

စုချင်းက နှုတ်ခမ်းစူကာ ရန့်တွေ့လိုက်လေသည်။

ကျင်းကျင်းက ရယ်မောရင်း....

'သံမဏိလိုမာကျောတဲ့ သခင်မလေးကို ဖယောင်းလို
အရည်ပျော်ကျသွားအောင် လုပ်နိုင်တဲ့အရုပ်ကလေးကို ကျွန်မ
တို့သြသွားရပြီ၊ ဒုါပေမယ့် တစ်ခုတော့ရှိတယ်နော်၊ အဲဒီ
အရုပ်ကလေးဟာ သူမျှားပိုင်ဆိုင်ထားတယ်ဆိုရင်ကော....'

'ဟင်'

စုချင်းမျက်နှာ ကွက်ခနဲပျက်သွားလေသည်။

ထိုင်ရာမှ ငေါက်ခနဲထရပ်လိုက်သည်။

သူမသည် ယုန်သူငယ်လေးပမာ နူးညံ့ပျော့ပျောင်းနေရာမှ
မာနကြီးသော လျှပ်စီးရဲတိုက်သခင်မလေး၏အသွင်သို့ ချက်
ချင်း ပြောင်းလဲသွားလေသည်။

* * *

သို့ဝိုးလောကသားများသည် မိန်းမဆိုးဂိုဏ်းဝင်များကို ခုံရှာမှန်းတိုးကဲ့ ဝေးဝေးရှောင်ရှားတတ်ကြပေသော့သည်။

ယခု...

မိန်းမဆိုးဂိုဏ်းဝင်ယုဒမသည် လုလင်ဖျိုလေးတစ်ယောက်အား ဖျားယောင်းသိမ်းသွင်းထားလိုက်ပြီဖြစ်သည်။

ထိုလုလင်ဖျိုသည် လူမျိုရှိုင်းခလေးဖြစ်ရကား ယုဒမကို ဘိမ်းတမ်းစဲ့နေပြီဖြစ်သည်။

ယုဒမက....

'မောင်လေးရယ်၊ မမတို့ မြို့ပြင်တစ်နေရာရာကို သွားကြရအောင်'

ယုဒပြောလိုက်လျှင်....

'သွားလေ မမ၊ ကျွန်တော်လိုက်ပို့မယ်'

ချက်ချင်းသဘောတူလိုက်လေသည်။

နှစ်ယောက်သား မြို့ပြင်သို့ဦးတည်ကာ ထွက်သာကြ၏။

ဘုံစဉ်...

အကြံသမားများ

ယုဒမသည် အသက်သုံးဆယ်ခန့်ရှိသော အမျိုးသမီးတစ်ယောက်ဖြစ်လေသည်။

သူမသည် အနက်ရောင်အင်္ကျီတိုအစားများ ဝတ်ဆင်ထားကာ မျက်နှာတွင် မှုန်နှံ့သာခြယ်သထားလေသည်။

သူမ၏မျက်လုံးများက စေ့နေကျဝတ်များကို ညှို့ယူဖမ်းစားနိုင်အောင် ညှို့အားပြင်းလှသည်။

အမှန်တော့ သူမသည် သို့ဝိုးလောကတွင် နာမည်ပျက်နေသော မိန်းမဆိုးဂိုဏ်းဝင်တစ်ယောက် ဖြစ်လေသည်။

မိန်းမဆိုးဂိုဏ်းသည် အလွန်ထူးဆန်းသော ဂိုဏ်းတစ်ခုအဖြစ် သို့ဝိုးလောကတစ်ခွလုံးက လက်ခံထားကြ၏။

ရှေ့တူရွမှလှမ်းလာနေသည့် လူငယ်တစ်ယောက်အား တွေ့လိုက်ရသောအခါ ယုမေ ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

ထိုလူငယ်မှာ လုယိကျုံးဖြစ်လေသည်။

ယုမေနှင့်အတူပါလာသော လုလင်က....

'မမ ဘာဖြစ်လို့လဲဟင်'

ဟုမေးလိုက်သည်။

ယုမေက ဘာမှပြန်မဖြေတဲ့ လုယိကျုံးအား မျက်တောင် မခတ်ကြည့်နေ၏။

လုယိကျုံးသည် သူတို့အား သတိမပြုမိတဲ့ ခြေလှမ်းမှန်မှန် ဖြင့်လျှောက်သွားရင်း တည်းခိုခန်းတစ်ခုရှေ့သို့ရောက်လျှင် ခြေလှမ်းရပ်လိုက်သည်။

တည်းခိုခန်းအား အကဲခတ်ကြည့်လိုက်ပြီး အတွင်းဘက်သို့ ဝင်သွားလေသည်။

ထို့နောက် ပြန်ထွက်မလာတော့ပေ။

အချိန်မှာ ညနေစောင်းနေပြီဖြစ်သည်။

လုယိကျုံးသည် ထိုတည်းခိုခန်းဦးပစ် တစ်ညတာတည်းခို ကာ အနားယူတော့မည်မှာ ထင်ရှားနေ၏။

ယုမေက သဘောကျစွာပြုံးလိုက်သည်။

'ငါ့တစ်သက်မှာ ဒီလောက်ချောတဲ့ယောကျ်ားမျိုး တစ် ခါမှမတွေ့ဖူးသေးဘူး၊ သူ့ကိုဖမ်းခေါ်သွားပြီး ငါ့ရဲ့ကျေး ကျွန်အဖြစ် သိမ်းသွင်းထားနိုင်ရင် ကောင်းမှာပဲ'

ဟု ရေရွတ်လိုက်လေသည်။

လုလင်ပျိုက....

'မမ ဘာတွေရေရွတ်နေတာလဲ၊ ဘာတွေသဘောကျပြီး ပြုံးနေတာလဲ၊ ကျွန်တော်တို့ မြို့ပြင်ကိုသွားရအောင်လေ၊ မမက ကျွန်တော်နဲ့နှစ်ယောက်တည်း အေးအေးဆေးဆေး တွေ့ချင်တယ်ဆို'

ဟု ပြောလာလေသည်။

ယုမေက လုလင်ပျိုအား လှည့်ကြည့်လိုက်၏။

သူမ၏မျက်နှာပေါ်မှ သကာဖုံးထားသော အပြုံးရိပ်မျာ ပျောက်ကွယ်သွားပြီဖြစ်သည်။

မင်းသားခေါင်းဆောင်းထားသော ဘီလူးနှပ် ခေါင်းလာသည်။

သူမ၏အသံသည် ခက်ထန်နေတော့သည်။

'မင်းဘစ်ယောက်တည်း သွားပေတော့'

လုလင်မျို အံ့သြသွားသည်။

'တင်....မမ ဘယ်လိုဖြစ်ရတာလဲ'

ယုမေက....

'ငါဘာဖြစ်ဖြစ် မင်းနဲ့မဆိုင်ဘူး၊ ခုချက်ချင်း ငါ့ရှေ့က ထွက်သွားစမ်း'

'ဟာဗျာ'

ယုမေသည် လူလင်မျိုအား ဂရုမစိုက်တော့ဘဲ လှည့်ထွက်လိုက်၏။

လုလင်မျို လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး...

'မမ ဘယ်သွားမလို့လဲ'

ယုမေ၏လက်ကို လှမ်းဆွဲလိုက်၏။

ဤတွင် ယုမေ၏လက်ဝါးသည် အံ့ပါခြောက်တက်သွားပြီး လုလင်မျို၏ပါးပြင်ပေါ်သို့ ကျရောက်သွားလေတော့သည်။

'ဖြန်း'

ဝါးရိုက်ခံလိုက်ရသဖြင့် လုလင်မျို ကပျာကယာ နောက်ဆုတ်လိုက်၏။

ယုမေကို မကျေမနပ်ကြည့်ရင်း....

'မမ ဘာဖြစ်လို့ ပါးရိုက်ရ....'

သူစကားဆုံးအောင် မပြောလိုက်ရပါဘူး။

ယုမေက လက်တစ်ဖက် ဖြန့်ပြလိုက်သည်။

သူ၏လက်သည်းရှည်များသည် ခွန်ထက်ကာ မည်းနက်၍နေ၏။

မကောင်းဆိုးဝါးတစ်ကောင်၏ ထက်သည်းများနှင့်ပင် တူနေပါတော့သည်။

'ငါ့ရဲ့လက်သည်းအောက်မှာ သေသွားခဲ့ကြတဲ့ မင်းလို ကောင်လေးတွေ မနည်းတော့ဘူး၊ မင်း ဒုက္ခမရောက်ချင်ရင်

ည....

ကောင်းကင်ပေါ်၌ လဝန်းထီန်းထိန်သာနေသည်။

လရောင်အောက်တွင် ဝန်းကျင်ဘစ်ခုလုံး သာယာလှပနေသေသည်။

ယုမေသည် တည်းခိုခန်းနှင့် မလှမ်းမကမ်းတစ်နေရာ၌ မှောင်ရိပ်ခိုကာ အကဲခတ်နေ၏။

သူမသည် လုယိကျုံးအား ယခုညတွင် ဖမ်းဆီးခေါ်ဆောင်သွားရန် ဆုံးဖြတ်ထားလေသည်။

လုယိကျုံးကဲ့သို့ လူစားမျိုးကိုသာ သူမ၏ကျေးကျွန်အဖြစ် ထားနိုင်ပါက မိန်းမဆိုးဂိုဏ်းတွင် သူမ အထင်ပေါ်ဆုံးဖြစ်သွားမည်ဟုလည်း ယုံကြည်ထားလေသည်။

ယုမေက တည်းခိုခန်းထဲသို့ တိတ်တဆိတ် ထိုးဖောက်ဝင်ရန် ဇွဲကြီးကြိုးစိုင် စောင့်ဆိုင်းနေစဉ်မှာပင် အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လူရိပ်နှစ်ခုသည် လျင်မြန်စွာရောက်လာကြပြီး တည်းခိုခန်းထဲသို့ ဝင်သွားကြသည်ကို တွေ့ရလေသည်။

ယုမေ အုံဩသွားလေသည်။

ငါ့ရှေ့ကထွက်သွား၊ ငါ့ကိုတွေ့ဖို့ ဘယ်တော့မှ မကြိုးစားနဲ့တော့'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

လုလင်ပျို ဝမ်းနည်းကြေကွဲသွားကာ....

'မမ သိပ်ရက်စက်ဘယ်ဗျာ'

ဟု ညည်းတွားရင်း ပြေးထွက်သွားလေတော့သည်။

ယုမေ မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်းလိုလူစားမျိုး ဆယ်ယောက်လောက်ကို ငါက လက်လွတ်ခံနိုင်တယ်၊ ဒါပေမယ့် တည်းခိုခန်းထဲဝင်သွားတဲ့ ကောင်လေးမျိုးကိုတော့ ဘယ်နည်းနဲ့မှ လက်လွတ်မခံနိုင်ဘူး၊ သူဟာ တစ်သောင်းမှာ တစ်ယောက်ဆိုတဲ့ လူစားမျိုးပဲ'

ဟု ရေရွတ်လိုက်သည်။

ထို့နောက်....

လုယိကျုံးဝင်သွားသည့် တည်းခိုခန်းဆီသို့ လှမ်းသွားလိုက်လေတော့သည်။

* * *

"မိုးကြိုးဂိုဏ်းက သခင်လေးထင်းစန်းနဲ့ ချန်အန်းလုလင် သုံးဖော်ထဲက ကျားလေးကြူးလင်တို့ပါလား၊ ညအချိန် မတော် ဘာလာလုပ်ကြတာပါလိမ့်"

သူမတွေးတောနေစဉ် တည်းခိုခန်းအပေါ်ဘက်ရှိ အခန်း တစ်ခန်းမှ ပြတင်းပေါက်တံခါးပွင့်သွားပြီး လူတစ်ယောက် ထိုးကူးသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်)

တက္ကသိုလ်သီဟအောင်

ပန်းတို့၏သခင်

(ဒုတိယပိုင်း)

ဗိုလ်တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဗို့ အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဗို့ အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဗို့ အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တည်းခိုခန်း။

လုယိကျုံးသည် ပေါင်ကျင်းမြို့မှ ထွက်လာခဲ့ပြီဖြစ်သည်။ သူက ယုင်းကွေ့အား လိုက်လံရှာဖွေရန် နောက်ကြောင်းသို့ကာ ခရီးနှင်လာခဲ့ခြင်းဖြစ်လေသည်။

သို့ဖြင့် ညနေစောင်းအချိန်တွင် မြို့ကလေးတစ်မြို့သို့ ရောက်လာလေရာ ရှေ့ခရီးဆက်ရန် မဖြစ်နိုင်တော့သဖြင့် တည်းခိုခန်းဘစ်ခုတွင် ဝင်ရောက်ရပ်နားလိုက်ရလေသည်။

လုယိကျုံးသည် စိတ်ရှုပ်ထွေးနေသလို ခရီးပန်းနေသည်။ သို့ကြောင့်လည်း တည်းခိုခန်းဦးပင် ညစာမှာယူစားသောက်ကာ စောစောစီးစီး အိပ်စက်အနားယူလိုက်လေသည်။

ပန်းတို၏သခင်(ဒု) ၅ ၅ ၅

ချိန်ရိထွက်သွားပြီးမှ ယင်းကွေ့သည် နဂါးသရဲလုံကွေ့အစစ်ဟုတ်မဟုတ် ဖော်ထုတ်နိုင်ရန် ကူညီဟန်ဆောင်ပြီးတမင်ရှောင်ထွက်သွားခဲ့ခြင်းဖြစ်လေသည်။

ယင်းကွေ့သည် ရိုးသားသူဖြစ်ပါက လက်ဖက်ခြောက်ဆိုင်၌ပင် ဆက်လက်၍ နေထိုင်မည် ဖြစ်လေသည်။

သို့မဟုတ်ဘဲ နဂါးသရဲလုံကွေ့ဖြစ်နေပါလျှင် ပြဿနာပေါ်လာပြီဖြစ်၍ ချက်ချင်း ထွက်ပြေးရှောင်တိမ်းသွားလိမ့်မည်ဟုကြည်ထားလေသည်။ ချိန်ရိယုံကြည်ထားသည့်အတိုင်းပင် ယင်းကွေ့တို့သားအဖ ထွက်ပြေးကြသဖြင့်နဂါးသရဲလုံကွေ့ ဖြစ်ပြီး သိုင်းလောကတစ်ခုလုံးက အလိုရှိနေသူဖြစ်ကြောင်းသိလိုက်ရလေသည်။

ကြူးလင်သည်ယင်းကွေ့တို့နောက်သို့ လိုက်ရန် စိုင်းပြင်နေစဉ် သခင်လေးထင်းစန်းတို့ ရောက်လာကြသဖြင့် မတတ်သာတဲ့ဇက်လျှော့လိုက်လေသည်။

မိုးကြိုးဂိုဏ်း၏ အရှိန်အဝါသည် ချန်အန်းလုလင် သုံးဖော်ထက် အတိုင်းမသိ ကြီးမားရကား ကြူးလင်သည် အကြံသမားပီပီ၊ သခင်လေးထင်းစန်းနှင့် အဆင်ပြအောင် နေခဲ့လေသည်။

ချိန်ရိအား တိုက်ခိုက်ခဲ့သည်မှာ ယင်းကွေ့အားလှည့်စားပြီး ဇာတိရုပ် ဖော်ထုတ်ဖို့ ရည်ရွယ်ခြင်းသာဖြစ်ပြီး မိုးကြိုးဂိုဏ်းအား ရန်စစေခြင်းသည့် သဘောမျိုးမဟုတ်ကြောင်း နားဝင်အောင် ရှင်းပြခဲ့လေသည်။

သို့ဖြင့်....

သခင်လေးထင်းစန်းသည် ကြူးလင်အပေါ် မည်သို့မျှ သဘောမထားတော့သည့်အပြင် သူစဲ့လန်းနေသော လျှပ်စီးစီတိုက်သခင်မလေး စုချင်းက လုယိကျုံးအား သူ့ထက်ပိုပြီး ဦးစားပေးနေသည်ကို မကျေနပ်သဖြင့် လုယိကျုံးအား ဆုံးမလိုကြောင်း ကြူးလင်ကိုဖွင့်ပြောပြကာ တိုင်ပင်ခဲ့လေသည်။

အကြံသမားကြူးလင်သည်သခင်လေးထင်းစန်း၏ယုံကြည်ကိုးစားမှုခံရလျှင် တွင်ကျယ်လာနိုင်ကြောင်းနားလည်သဖြင့် လုယိကျုံးအား ဆုံးမပေးရန် တာဝန်ယူလိုက်လေသည်။

သို့ဖြင့်....

ကြူးလင်နှင့်သခင်လေးထင်းစန်းတို့သည် လုယိကျုံးအား နှက်ပေးရန် တိတ်တဆိတ် ရောက်ရှိလာခြင်း ဖြစ်လေတော့သည်။

* * *

ကြူးလင်ကပြုံးလိုက်သည်။

'သူက နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေပြီဗျ'

ဟု လေသံဖြင့် ပြောလိုက်၏။

တစ်ဖန်....

'သင်းဘာတက်နိုင်မလဲ၊ ကျုပ်အခကြောင်း သိရမှာပေါ့ဗျာ'

ဟု ပြောကာ အခန်းနံရံမှပျဉ်ချပ်ကို ခေးဦးဖြင့် အသာဟလိုက်သည်။

ထို့နောက် ကွာဟသွားသော ပျဉ်ချပ်ကြားမှ တစ်ဖက်ခန်းသို့ ခေ့ကြည့်လိုက်၏။

တစ်ဖက်ခန်းရှိ ခုတင်တစ်လုံးပေါ်၌ လဲလျောင်းအိပ်ပျော်နေသော အသင်းသားတစ်ခုကို ခေးရေး တွေ့မြင်ရလေသည်။

ကြူးလင်က ထိုလူထံသို့ ဦးသည်ကာ....

'ဝှီး'

ဝါးစပ်ထဲမှ တစ်စုံတစ်ခုကို မှုတ်ထုတ်လိုက်လေသည်။

ကြူးလင်နှင့် ထင်းစန်းတို့သည် တည်းခိုခန်းရှေ့သို့ရောက်လာသည်နှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည်။

ကြူးလင်က ခေါင်းညိတ်ပြလိုက်ပြီး တည်းခိုခန်းအတွင်းသို့ ဦးဆောင်၍ ဝင်သွားလေသည်။

ကြူးလင်၏ ပါးနပ်မှုကြောင့် တည်းခိုခန်း ပိုင်ရှင်ထံမှ လုံခြုံကျွဲ့ ငှားရမ်းထားသည့် အခန်းကို သိလိုက်ရ၏။

ထင်းစန်းက လုခြုံကျွဲ့၏အခန်းနှင့် ကပ်လျက်အခန်းကို ငှားရမ်းလိုက်သည်။

ထို့နောက်....

နှစ်ယောက်သား တိတ်ဆိတ်စွာဖြင့် အခန်းတွင်းသို့ဝင်၍ အခြေအနေ ကြည့်လိုက်ကြလေသည်။

မြို့ငယ်လေးတစ်မြို့ဖြစ်သည်နှင့်အညီ တည်းခိုခန်းမှာထုံးစံအတိုင်း ဆောက်လုပ်ဆားခြင်းမဟုတ်ဘဲ ပျဉ်ထောင်အိမ်တစ်လုံးကို တည်းခိုခန်းအဖြစ်ဖြင့် ပြင်ဆင်ဖွင့်လှစ်ထားခြင်းဖြစ်လေသည်။

ထင်းစန်းတို့က အခန်းနံရံ၌ကပ်ကာခေျာင်းနားထောင်လိုက်ကြလေသည်။

မကြာပါဘူး။

တစ်ဖက်ခန်းမှ လူးလွန့်လှုပ်ရှားသောအသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကြူးလင်ကပြုံးလိုက်ပြီး....

'ခင်ဗျားကို နှောင့်ယှက်တဲ့လူတော့ ကျုပ်ခွဲအဆိပ်အပ် ထိသွားပြီ၊ တန်ခိုးရှင်တွေ ဆင်းကယ်ရင်တောင် ရတော့မှာ မဟုတ်ဘူး'

ဟု ထင်းစန်းအား ပြောလိုက်လေသည်။

ထင်းစန်း ကျေနပ်သွားသည်။

'ကောင်းပြီ....သူ့ဆီကိုသွားကြတာပေါ့'

'ခင်ဗျား သဘောပဲ'

နှစ်ယောက်သား အခန်းတွင်းမှ ထွက်လာကြသည်။

လုယိကျုံး၏ အခန်းတံခါးကို ကိုယ်စောင်းတိုက်၍ ဖွင့်ကာ ကျူးကျော်ဝင်ရောက်လိုက်ကြ၏။

ပထမတွင် ထင်းစန်း မဝံ့မရဲဖြစ်နေ၏။

လုယိကျုံး၏ သိုင်းပညာထက်မြက်သည်ကို လက်တွေ့ သိထားသည် မဟုတ်ပါလား။

တစ်စုံတစ်ခုမှားယွင်းခဲ့လျှင် ဒုက္ခရောက်နိုင်ကြောင်း ဆင်ခြင်မိလိုက်၍ ဖြစ်ပေသည်။

ကြူးလင်ကမူ ဘာကိုမှ အမှုမထားဘဲ အခန်းတွင်းသို့ခပ်သွက်သွက် လှမ်းဝင်လိုက်၏။

နှစ်ယောက်သားအခန်းတွင်းသို့ရောက်သွားကြသောအခါ ခုတင်ပေါ်၌ လုယိကျုံးအား မတွေ့ရတော့ပါ။

ကြူးလင် အံ့သြသွားသည်။

ချက်ချင်းပင် အသင့်ယူလာသော ဖန်ယောင်းတိုင်ကို ထွန်းညှိကာ ရှာဖွေကြည့်လိုက်သည်။

အခန်းတွင်း၌ လုယိကျုံး၏အရိပ်အယောင်ကိုပင် မတွေ့ရပေ။

ထင်းစန်းက....

'ဘယ်သူမှမရှိပါလား'

ဟု ရေရွတ်လိုက်၏။

ကြူးလင်က....

'ရှိတယ်ဗျ၊ သူ အိပ်ပျော်နေတာ ကျုပ် မူတ်ထုတ်လိုက်တဲ့ ဆေးပိန်းအပ်က သူ့ကို ခဏသေချာချာထိမှန်သွားတာ'

ထင်းစန်းက....

'ဒ ဖြင့် သူတယ်မှာလဲ'

ကြူးလင်က ဟိုဟိုသည်သည် ကြည့်လိုက်သည်။

ထိုအခါမှ ပြတင်းပေါက်ခါးတစ်ချပ် ပွင့်နေသည်ကို သတိပြုမိလိုက်သေသည်။

ကြူးလင် မျက်နှာပျက်သွားပြီး....

'ပြေးပြီ'

ဟုပြောကာ ပြတင်းပေါက်ဆီသို့ ပြေးသွားလိုက်၏။

ထင်းစန်းလည်း လိုက်လာသည်။

နှစ်ယောက်သား ပြတင်းပေါက်မှ ကြည့်လိုက်ကြလျှင် လန်ဆွင်ခရောက်တင် အမျိုးသမီးတစ်ယောက်က လူတစ်ယောက်အား ထမ်းပိုးကာ ပြေးလွှားသွားသည်ကို တွေ့ရပြီး လိုက်၍ရလောက်သေးသည်။

* * *

လူမောသည် လုယိကျုံးအား ဖမ်းဆီးခွန် တည်းခိုခန်းအနီးရှိ အခန်းငှါးရမ်းထဲမှခနက၊ ချောင်းမြောင်းခနသည်။

ထင်းစန်းနှင့်ကြူးလင်တို့ တည်းခိုခန်းတွင်းသို့ ဝင် ဆုတ်သွားကြပြီး မကြာမီမှာပင် အပေါ်ထပ်မှ ပြတင်း တံခါးတစ်ချပ်ပွင့်ကာ လူတစ်ယောက်ထိုးကျလာသည်ကို တွေ့ ရသဖြင့် ပြေးလွှားသွားပြီး အကဲခတ်လိုက်ခလသည်။

ဤတွင်...

မြေပေါ်ကျလာသူမှာ သူမလိုချင်နေသော လုယိကျုံး ဖြစ်နေသည်ကို တွေ့မြင်လိုက်ရခလသည်။

ယုဓမ အံ့ဩသွားလေသည်။

'ဘယ်လိုဖြစ်တာပါလိမ့်'

ချက်ချင်းပင် လုယိကျုံးအား စမ်းသပ်ကြည့်လိုက်လေသည်။

လုယိကျုံးမှာ သတိလစ်နေပါသည်။

ယုဓမသည် လုယိကျုံး၏သွေးကြောများကို စမ်းသပ်ပြီးလျှင်....

'ဒုက္ခပဲ၊ သူ အဆိပ်မိနေတာပါလား'

ဟု အထိတ်တလန့်ရေရွတ်လိုက်၏။

အခြေအနေကို သုံးသပ်ကြည့်လိုက်သောအခါ ထင်းစန်းနှင့် ကြူးလင်တို့က အကောက်ကြံခဲ့ကြခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ယုဓမသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့တဲ့ လုယိကျုံးအား ပခုံးပေါ်ထမ်းကာ ပြေးလွှားသွားလေတော့သည်။

* * *

ယုဓမသည် လုယိကျုံးအားထမ်းပိုးကာ တည်းခိုခန်းနှင့် ဝေးရာသို့ ပြေးထွက်လာခဲ့လေသည်။

ထင်းစန်းနှင့် ကြူးလင်တို့သည် ပတ်သက်၍ကောင်းသူများမဟုတ်ကြောင်း သူမနားလည်ထားလေသည်။

ထို့ကြောင့် ထင်းစန်းတို့လိုက်မလာမီ ဝေးရာပြေးရန် စိတ်ကူးထားလေသည်။

ဝေးဝေးသို့ပြေးလိုပါမူ လမ်းကြားလေးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်လိုက်သောအခါ ရှေ့ဆက်ပြေး၍ မရနိုင်လောက်အောင်အဖြစ်နှင့် ကြုံတွေ့လိုက်ရလေသည်။

ရှေ့တူရွှမ့လူအချို့သည် ဝါစင်တစ်ခုကို ထမ်းလာနေကြသည်ကို တွေ့ရခြင်းဖြစ်လေသည်။

ယုဓမက လမ်းကြားထဲသို့ အမှတ်တမဲ့ ပြေးဝင်လိုက်သဖြင့် ဝါစင်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားသည်ဟု ဆိုနိုင်ပါတော့သည်။

ဝါစင်မှာ လူသန်ကြီးလေးယောက်ထမ်းလာသော လှပသည့်ဝါစင်တစ်ခုဖြစ်လေသည်။

ရှေ့ဆုံးတွင် မိန်းကလေးတစ်ယောက်က မီးအိမ်တစ်လုံးကိုင်ဆောင်ကာ လမ်းပြလာလေသည်။

ထူးခြားသည်မှာ မိန်းကလေးကိုင်ဆောင်ထားသော မီးအိမ်မှ စိမ်းဖန့်ဖန့်အလင်းရောင်များ ထွက်ပေါ်နေခြင်းဖြစ်လေသည်။

ယုမေသည် ထိုလူစုအားတွေ့လိုက်ရပြီး စိမ်းဖန့်ဖန့်မီးအိမ်ကို မြင်လိုက်ရလျှင် မျက်နှာပျက်သွားလေတော့သည်။

သူမနောက်ကြောင်းလှည့်ကာ ပြန်ပြေးလိုပါသော်လည်း မဖြစ်နိုင်တော့မှန်း နားလည်လိုက်လေသည်။

ထို့ကြောင့် မလှုပ်မယှက် ရပ်နေလိုက်တော့သည်။

ဝေစင်နှင့်လူစုသည်လည်း ရပ်တန့်သွားကြသည်။

မီးအိမ်ဆွဲသားသော မိန်းကလေးသည် ဧရှ.သို့လှမ်းဆွဲလာပြီး....

'လက်စသတ်တော့ မိန်းမဆိုးဂိုဏ်းက နာမည်ကျော် ယုမေကိုး'

ဟုမြွေလေသည်။

ယုမေက ပြုံးပြလိုက်သည်။

'ဟုတ်ပါတယ် ညီမလေးပန်းပန်'

သူမသည် 'မီးအိမ်ဆွဲထားသော မိန်းကလေးကိုလည်းကောင်း၊ ဝေစင်ပေါ်ရှိ လိုက်ပါလာသူကိုလည်းကောင်း ငေးကြည့်နေသည်။

မီးအိမ်ဆွဲထားသောမိန်းကလေးသည် ယုမေက ညီမလေးလို့ခေါ်လိုက်သဖြင့် ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

ယုခမ္မကို စိုက်ကြည့်လိုက်ပြီး....

'ရှင့်ပါးစပ်ပိတ်ထားလိုက်စမ်း၊ ကျွန်မကို ညီမလေးလို့ခေါ်နဲ့'

ဟု ဟောက်လိုက်လေသည်။

ယုမေသည် သက်ပြင်းချလိုက်လေသည်။

သူမတို့မိန်းမဆိုးဂိုဏ်းအား ကြောက်သူက ကြောက်ကြပါသည်။

ထို့ပြင်....

လုံးဝဂရုမစိုက်သည့်အပြင် မတူမတန်ဟုသောထားကာ ရန်သူ၊ အထင်သေးသူများလည်း ရှိကြသေး၏။

ထိုသို့အမှုမထားသူများတွင် မီးအိမ်ဆွဲထားသောမိန်းကလေး ပန်ပန်တို့လူစုသည်လည်း ပါဝင်ပေသည်။

ပန်ပန်တို့လူစုသည် သိုင်းလောကဌ် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော မီးအိမ်ဂိုဏ်းမှ ဖြစ်ကြသည်မဟုတ်ပါလား။

ဝါစင်အတွင်း၌ လိုက်ပါလာသူမှာ မီးအိမ်ဂိုဏ်းမှ သခင်မှလေး ကျေဖုံးဖြစ်လေသည်။

ပန်ပန်က....

'သခင်မလေးလာနေတာကိုတွေ့လျက်နဲ့ ခုထိဒုးမထောက်သေးဘူးလား'

ဟု ငေါက်လိုက်မြန်လေသည်။

ယုမေ ခံပြင်းသွားသည်။

သို့သော်....

စိတ်ဆိုးသည့်အမူအရာ မျက်နှာပေါ်တွင် ပေါ်လွင်မလာအောင် ထိန်းချုပ်ထားရလေသည်။

မကျေနပ်သည့်စကားပြောဖို့မဆိုထားနှင့် ဟန်အမူအရာပင် မပြတ်သည့်အဖြစ်ပင်။

သူမ အမှားအယွင်းတစ်စုံတစ်ရာ ပြုလုပ်လိုက်သည်နှင့် အသက်ပျောက်သွားရလိမ့်မည် မဟုတ်ပါလား။

ယုမေသည် မြေပေါ်ဒူးထောက်ချလိုက်ပြီး....

'သခင်မလေးကို ဂါရဝပြုပါတယ်ရှင်'

ဟု ရိုသေစွာ ပြောလိုက်ရလေသည်။

သူမဒူးထောက်လိုက်သောအခါ ပခုံးပေါ်ထမ်းခေါ်လာသည့် လုယိကျုံးအား မြေပေါ်ချလိုက်ရလေသည်။

ထို့ကြောင့် သတိလစ်မေ့မြောနေသော လုယိကျုံးကိုးလုံး တွေ့မြင်သွားကြလေတော့သည်။

ဝါစင်ထဲမှ စကားသံလေးတစ်ချက် ထွက်ပေါ်လာသည်။

'ပန်ပန် သူက လူတစ်ယောက်ကိုထမ်းခေါ်လာတယ် ဟုတ်း'

ပန်ပန်သည် ဝါစင်ဘက်သို့လှည့်ကာ ဂါရဝပြုလိုက်သည်။

'ဟုတ်ပါတယ် သခင်မလေး'

ဝါစင်ထဲ၌လိုက်ပါလာသူမှာ မီးအိမ်ဂိုဏ်းသခင်မလေးဖုံး။

'မိန်းမဆိုးဂိုဏ်းကလူတွေ ထင်တိုင်းကျဲနေတာကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူးထင်တယ်၊ သူတို့ကြောင့် အမျိုးသမီးတွေအားလုံး နာမည်ပျက်ရလိမ့်မယ်'

ယုဒမ မျက်နှာပျက်သွားလေသည်။

ပန်ပန်က....

'ကောင်းပါပြီ သခင်မလေး၊ ကျွန်မဆုံးမလိုက်ပါ့မယ်'

စကားဆုံးလျှင် ယုဒမေဘက်သို့လှည့်လိုက်လေသည်။

ယုဒမထိတ်လန့်သွားသည်။

'ကျွန်....ကျွန်မရှင်းပြပါရစေဦး သခင်မလေးရယ်၊ ကျွန်မကို ချိမ်းသာမေးပါ၊ မတရားလုပ်လာတာမဟုတ်ပါဘူး'

ကပျာကယာတောင်းပန်လိုက်လေသည်။

ပန်ပန်က....

'ရှင်က ဘာတွေလိမ်ပြောဦးမလို့လဲ'

ဟု ငေါက်လိုက်သည်။

ယုဒမက....

'မှလိမ်ဝံပါဘူးရှင်၊ အဖြစ်မှန်ကဒီလိုပါ'

လုယိကျုံးအား သူမက ဖမ်းဆီးဖို့ ချောင်းမြောင်းခဲ့သည့်အဖြစ်ကို ထိန်ချန်ကာ ထင်းစန်းနှင့်ကြူးလင်တို့ကအကောက်ကြံခဲ့ကြသည်ကိုတွေ့ရသဖြင့် လုယိကျုံးအပေါ် စေတနာထားစာ ကယ်တင်လာခဲ့ခြင်းဖြစ်သည်ဟု ဖြောင့်ဖြိုက်ဖလသည်။

ပန်ပန်က လှမ်းကြည့်လိုက်သည်။

ယောကျ်ားချော လုယိကျုံးကိုမြင်လျှင်-သူမ၏ရင်ထဲလှုပ်ခွားသွားလေ၏။

'သူ့ကို ဘာကြောင့် ထင်းစန်းနဲ့ ကြူးလင်က ဒုက္ခပေးခဲ့ရတာလဲ'

ဟု မေးလိုက်သည်။

ယုဒမ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မလဲ မသိပါဘူး၊ မတော်တဆကြုံကြိုက်ခဲ့ရတာပါ၊ ကြုံးဂိုဏ်း သခင်လေး ထင်းစန်းနဲ့ ချန်အန်း လုလင်သုံးယောက်ထဲက ကြူးလင်တို့ဟာ သိုင်းဆလာကစည်းကမ်းကိုအရေးမထားဘဲ ထင်ရာလုပ်တတ်သူတွေဆိုတာသိထားလို့ လုတစ်ယောက် ဒုက္ခမရောက်ရလေအောင် ကယ်ဘင်လာတဲ့သဘောပါ'

ပန်ပန် နှာခေါင်းရှုံ့လိုက်သည်။

'ဩော်... ရှင့်ကိုတောင် ခြိုးကျူးရဲဦးမှာပေါ့ဟုတ်လား'

ယုမေက ခေါင်းငုံ့ထားလိုက်လေသည်။

ထိုစဉ်....

'ပန်ပန် ဘာကြောင့်စကားရှည်နေတာလဲ၊ သူ့ကိုမောင်းထုတ်လိုက်တော့ သူခေါ်တဲ့လူကိုသတိရအောင် လုပ်ပေးပြီး ပြန်လွှတ်လိုက်စမ်း'

ဝါစင်ထဲမှစကားသံ ထွက်ပေါ်လာလေသည်။

ပန်ပန်ကံ....

'ကောင်းပါပြီ သခင်မလေး'

ဟု ပြောကာ ယုမေအား စိုက်ကြည့်လိုက်ပြီး....

'သခင်မလေးပြောတာကို ရှင် ကြားတယ်မဟုတ်လား။ ကြားရင် ဘာလုပ်နေဘာလဲ'

ဟု ငေါက်လိုက်၏။

သူမသည် ယုမေအပေါ် တစ်စက်ကလေးမှ ကြင်နာသနားခြင်း မရှိချေ။

ယုမေက....

'ကောင်း.... ကောင်းပါပြီ၊ ကျွန်မသွားပါတော့မယ်'

စကားဆုံးလျှင် ဒူးထောက်ရာမှထကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *

ယုမေ ထွက်သွားပြီဖြစ်လေသည်။

လုယီကျုံးကား မြေပေါ်တွင် မလှုပ်မယှက်ဖြစ်ကာကျန်ခဲ့၏။

ပန်ပန်သည်လုယီကျုံးကိုကြည့်ကာ အလိုလိုစိတ်မကောင်းဖြစ်လာလေသည်။

ကူညီလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာလေသည်။

ထိုစဉ်....

'ပန်ပန် ညည်းဘာလုပ်နေတာလဲ'

ဝေါစင်ထဲမှ သခင်မလေးကျေဖုံး၏အသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ပန်ပန်က....

'မိန်းမဆိုးဂိုဏ်းက ယူးမရဲလက်ချက်ကြောင့် သတို့သမီးနေတဲ့လူကို စစ်ဆေးကြည့်နေတာပါသခင်မလေး'

သခင်မလေး ကျေဖုံးက....

'တို့သွားစရာရှိသေးတယ် မြန်မြန်လုပ်'

ဟု ပြောလိုက်လေသည်။

ပန်ပန်သည် လုယိကျုံးအိန်ခေးဘုရင် ဒူးထောက်ချလိုက်ပြီး ဆွေးခြေမျှားကို စမ်းသပ်ကြည့်လိုက်လေသည်။

မကြာပါချေ။

'လက်စသတ်တော့ သူကအဆိပ်မိနေတာကိုး'

ဟု ရေရွတ်လိုက်၏။

ဝေါစင်ထဲမှ သခင်မလေးကျေဖုံးက....

'ပန်ပန် ညည်းမျိုးသေးဘူးလား'

ဟု မေးလာပြန်လေသည်။

ပန်ပန်က.... ပါသည်။

'သခင်မလေး သူအဆိပ်မိလားပါတယ်၊ ချန်အန်းလူ ဘုံးဖင်က ကြူးလင်ရဲ့လက်ချက်ဖြစ်နိုင်ပါဘယ်'

ဟု ပြောလိုက်လေသည်။

ဝေါစင်ထဲမှသက်ပြင်းချသံ ထွက်ပေါ်လာလေသည်။

ဝေါစင်တွင် ကာရံထားသော ယဉ်ကျေးလှပသွေ့၏။

အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသော မိန်းမ ချောလေးတစ်ယောက်သည် ဝေါစင်ပေါ်မှ ဆင်းလာလေသည်။

ထိုမိန်းကလေးမှာ မီးအိုင်ဂိုဏ်းသခင်မလေးကျေဖုံး ဖြစ်လေသည်။

စုဖုံးသည် အသက်ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်ခန့်သာရှိ
ဝေါ
ယ်လေးအလား ချောမောလှပသူလေးဖြစ်သည်။
ဝေါစ
သည်ကို ကြား သိုင်းလောကမှလူငယ်လူရွယ်များက စိတ်ဝင်
သူမ၏မေတ္တာပန်းကို ဆွတ်ခူးလှမ်းလိုသူများ ဝိုင်း
လည်နေတော့သည်။

သို့သော်....

ကျော်ဖုံးသည် မေတ္တာရေးကို စိတ်မဝင်စားသေးပါချေ။

သူမအား မဲ့တ္တာတောင်းခံလာသူများနှင့် ပတ်သက်ပြီး
သူမက စည်းကမ်းချက်တစ်ခုထုတ်ထားလေသည်။

ထိုစည်းကမ်းမှာ သူမ၏ဝေါစင်ပေါ်၌ သူမနှင့်အတူလိုက်
ပါ စီးနင်းနိုင်သူအား ဖူးစာရှင်အဖြစ် ရွေးချယ်မည်ဟူ၍
တည်း။

ယနေ့အထိ ဝေါစင်ပေါ်၌ သူမနှင့်အတူလိုက်ပါစီးနင်း
နိုင်သူမရှိသေးပါချေ။

ကျော်ဖုံးသည် ပန်ပန်နှင့်လုယိကျုံးတို့အား အကဲခတ်ကြည့်
လိုက်ပြီး အနီးသို့လှမ်းလာလေသည်။

အနီးရောက်လျှင်....

'ဘယ်လိုဖြစ်နေလို့လဲ'

ဟု မေးလာလေသည်။

ပန်ပန်က အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ကျော်ဖုံးက....

'ကြူးလင်ရွှဲအဆိပ်မိသွားတာဆိုရင် မလွယ်ဘူး၊ မှုန်းစမ်း'

သူမသည် လုယိကျုံးအား စစ်ဆေးကြည့်လိုက်လေသည်။

'ဟင်'

လုယိကျုံး၏မျက်နှာကိုမြင်လျှင် လွတ်ခနဲရေရွက်လိုက်လေ
သည်။

ပန်ပန်က....

'သခင်မလေး၊ ဘာဖြစ်လို့လဲ'

ဟု မေးလိုက်လေသည်။

ကျော်ဖုံး ရုတ်တရက် အဖြေမပေးနိုင်ချေ။

သူမသည် လုယိကျုံးအား ငေးခမာ ကြည့်နေမိသည်မဟုတ်ပါလား။

လုယိကျုံးကား သတိလစ်မေ့မြောနေပြီး ဘာမှသိနိုင်မည်မဟုတ်ပါချေ။

ကျွဲဖုံးသည် လုယိကျုံးအား ကြည့်ရင်း ရင်ထဲဖေါ်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

သူမ၏ မျက်နှာသည်လည်း ရှက်သွေးဖြန်းကာ နီရဲသွား၏။

အံ့ဩစရာကောင်းလောက်အောင်ပင် သူမ၏ နှလုံးသားအရည်ပျော်ကျသွားလေသည်။

သတိလစ်နေသော လုယိကျုံး၏မျက်နှာသည် အပြစ်ကင်းစင်သောကလေးတစ်ယောက်နှင့် တူနေသည်။

ကျွဲဖုံး ကရုဏာသက်သလို ကြင်နာလိုစိတ်များဖြစ်ပေါ်လာလေသည်။

သူမ၏ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မဖြစ်ဘူးသော ခံစားချက်များပင်တည်း။

ပန်းပန်းက....

'သခင်မလေးရှင့် ခွန်အန်းလုလင်သုံးဖော်ထဲကကျားလေးကြူးလင်ဟာ အဖြူဆောင် သိုင်းသမားတစ်ယောက်လို့ အမျှားက ထက်ခံထားကြပေမယ့် တကယ်တော့ သူဟာ မြေခွေးတစ်ကောင်လို့ ကောက်ကျစ်စဉ်းလဲတဲ့လူတစ်ယောက်ပါ၊ သူက အဆိပ်တစ်မျိုးကို ကိုယ်တိုင်တီထွင်ပြီး ရံဖန်ရံခါမှ အသုံးပြုတတ်တယ်၊ သူ့ရဲ့အဆိပ်ကို သူကိုယ်တိုင်ဖြေးမှပဲ ရနိုင်တယ်'

ဟု ပြောလေသည်။

ကျွဲဖုံး မကျေမနပ်ဖြစ်သွားလေသည်။

'သူဘာဒီလောက်တောင် ယုတ်မာရသလား၊ ဒီလူကို ကော ဘာကြောင့် အဆိပ်နဲ့တိုက်ခိုက်ရတာလဲ'

ပန်းပန်းက....

'ဒါတော့ ကြူးလင်နဲ့တွေ့ပြီး မေးမှ ဖြစ်ပါလိမ့်မယ်၊ သခင်မလေး'

ကျွဲဖုံး ခေါင်းခါယမ်းလိုက်လေသည်။

'ကြူးလင်နဲ့တွေ့လို့မဖြစ်သေးဘူး'

ပန်းပန်းက....

'ဘာဖြစ်လို့လဲ သခင်မလေး'

ကျေဖုံးက အနည်းငယ်စဉ်းစားလိုက်ပြီးမှ....

'မိန်းမဆိုးဂိုဏ်းက ယူမေပြောသွားတဲ့ စကားအတိုင်းဆို ရင် ကြူးလင်ဟာ အစ်ကိုတော်ထင်းစန်းနဲ့ပတ်သက်နေလိမ့်မယ်'

သူမသည် ပန်ပန်ကိုကြည့်လိုက်သည်။

လုယိကျုံးအား ညွှန်ပြကာ....

'တို့က သူ့ကိုခေါ်သွားကြမယ်'

ဟု ပြောလိုက်လေသည်။

ပန်ပန်အံ့သြသွားသည်။

'သူ့ကိုခေါ်သွားမယ်ဟုတ်လား သခင်မလေး'

ကျေဖုံးက....

'ဟုတ်တယ်၊ တို့ခေါ်သွားပြီး ဆေးကုပေးရလိမ့်မယ်'

ပန်ပန်က....

'သခင်မလေး သူက'

သူမ၏စကားမဆုံးမီ ကျေဖုံးက ကြားဖြတ်ပြောလိုက်သည်။

'လူတစ်ယောက်ရဲ့အသက်ကို ကယ်ဆောင်းပါတယ်၊ တို့ခေါ်သွားကြတာပေါ့'

ပန်ပန်ဝမ်းသာသွားလေသည်။

သူမသည်လည်း လုယိကျုံးအား ကူညီလိုစိတ် ရှိနေသည် မဟုတ်ပါလား။

လုယိကျုံးသည် မိန်းကလေးများနှင့် ပတ်သက်လာလျှင် ကံဆောင်းသူ ဖြစ်နေပေတော့သည်။

ကျေဖုံးက....

'သူ့ကိုခေါ်လာခဲ့၊ တို့သွားမှဖြစ်မယ် တော်ကြာ'

သူမစကားဆုံးအောင် မပြောလိုက်ရပါဘူး။

အကြောင်းမှာအဝေးမှပြေးလာနေသောလူရိပ်နှစ်ခုကိုတွေ့ လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ကျေဖုံးမျက်နှာပျက်သွားပြီး....

ကျော်ဖုံးက မည်သူ့ကိုမှ ထမှုမထားတော့ချေ။

သူမ၏ ဝေါစင်ရှိရာသို့ ခပ်သွက်သွက် လှမ်းသွားလိုက်ပြီး ဒုယိကျုံးအား ဝေါစင်ပေါ် တင်လိုက်လေသည်။

သူမကိုယ်တိုင်လည်း ဝေါစင်ပေါ်သို့တက်ကာ ယင်းလိပ်ကို ချလိုက်သည်။

'သွားစို့'

သူမကအမိန့်ပေးလိုက်လျှင် အားလုံးသတိဝင်လာကြလေသည်။

ပန်ပန်က....

'သွားကြမယ်'

ဟု ပြောကာ မီးအိမ်ကိုကိုင်ကာ ရှေ့ဆုံးမှ လှမ်းထွက်သွား၏။

ဝေါစင်ထမ်းသွားသူများကလည်း ဝေါစင်ကိုထမ်းကာ သူ့နောက်ပါသွားကြလေတော့သည်။

* * *

'သူတို့လာကြပြီထင်တယ်'

ဟု ရေရွတ်လိုက်လေသည်။

ပန်ပန်လည်း ထိတ်လန့်သွားခဲ့သည်။

'ကျွန်တော့် ဘယ်လိုလုပ်ကြမလဲသခင်မလေး'

ဟု မေးလိုက်သည်။

ကျော်ဖုံးသည် ရုတ်တရက် မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်သွား၏။

ပြေးလွှားလာသော လူရိပ်နှစ်ခုသည် တစ်စထက်တစ်စ အနီးကပ်လာပြီဖြစ်လေသည်။

ကျော်ဖုံးက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့်....

'အားလုံး လှခန်းမပျက်စေနဲ့၊ သွားကြမယ်'

ဟု ပြောလိုက်သည်။

တစ်ဆက်တည်းပင် မြေပေါ်မှ လုတိုက်ကျုံးကို ဆတ်ခနဲ ခွေ့ချိုလိုက်၏။

ပန်ပန်သည် ကျော်ဖုံးကမည်သို့ပြုလုပ်လိမ့်မည်နည်းဟု တွေးတခြ ကြည့်နေ၏။

ပန်ပန်တို့သည် ရှေ့သို့ဆယ်ကိုက်ခန့်သွားလိုက်ကြပြီး ခြေလှမ်းရပ်လိုက်ကြရလေသည်။

အကြောင်းမှာ ပြေးလွှားလာသူ နှစ်ယောက်သည် သူတို့ရှေ့သို့ ရောက်လာကြသည် မဟုတ်ပါလား။

ထိုလူနှစ်ယောက်မှာ သူတို့တွေ့ထားသည့်အတိုင်း ထင်းစန်းနှင့် ကြူးလင်တို့ပင် ဖြစ်နေကြပေတော့သည်။

'ရပ်လိုက်စမ်း'

ကြူးလင်က အော်ငေါက်ဟန့်တားလိုက်၏။

သူက သခင်လေးထင်းစန်း၏ အရှိန်အဝါဖြင့် မာန်မာနထောင်လွှားနေခြင်း ဖြစ်လေသည်။

သို့သော် ပန်ပန်ကလည်း ခေသူမဟုတ်ပါ။

'မီးအိမ်ဂိုဏ်းသခင်မလေးရဲ့ ဝါစင်လာနေတာကို တွေ့လျက်နဲ့ ဟန့်တားစံတာ နည်းတဲ့သတ္တိမဟုတ်ဘူး'

ဟု ပြန်လည်အော်ငေါက်လိုက်လေသည်။

တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသလို အခြေအနေတင်းမာသွားလေတော့သည်။

ကြူးလင်သည် မီးအိမ်ဂိုဏ်း၏အမည်ကိုကြားလိုက်ရလျှင် သွက်ချင်းပင် မျက်နှာထား ပြောင်းလဲသွားလေတော့သည်။

'ကျုပ်တာ အတော်ကိုအသုံးမကျပါလား၊ မီးအိမ်ဂိုဏ်းက သခင်မလေးရဲ့ ဝါစင်ကို မမြင်မီအောင် မျက်စိမှုန်နေပြီထား၊ သခင်လေး....ကျုပ်ကို အပြစ်ပေးရင်ကောင်းမယ်'

မိုးကြိုးဂိုဏ်းသခင်လေး ထင်းစန်းဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

ထင်းစန်းက ရယ်မောလိုက်လေသည်။

'ဒီလောက်လဲမဟုတ်သေးပါဘူးဗျာ၊ ကျုပ်တို့ကအလောကြီး လိုက်လာခဲ့မိတာမဟုတ်လား၊ အမှတ်မထင်ဖြစ်သွားတာမျိုးပါ၊ ကိုစွမရှိဘူး၊ ညီမလေးကို ကျုပ်ပြောလိုက်မယ်ဗျာ'

ကြူးလင်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်ပြီး....

'သခင်လေးကို ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ပြောလေသည်။

ထင်းစန်းက ရှေ့သို့လှမ်းထွက်လိုက်ပြီး....

'ပန်ပန်....နင်တို့သခင်မလေးပါလာတယ်မဟုတ်လား'

ဟု ပန်ပန်ကို မေးလိုက်လေသည်။

ပန်ပန်က ဦးညွှတ်လိုက်လေသည်။

'ခွတ်တရက်ဆိုတော့ သခင်လေးမှန်းမသိလို့ ကျွန်မပြော ဆိုမိတာကိုခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ သခင်မလေးဟာ ဝါစင်ပေါ်မှာ ပါလာပါတယ်'

ထင်းစန်းက်....

'ကိစ္စမရှိဘူး'

ဟု ပြောကာ ဝါစင်ရှိရာသို့ လှမ်းသွားလေသည်။

ပန်ပန်က ဟန့်တားလိုက်သည်။

သို့သော် ဟန့်တားပိုင်ခွင့်မရှိသဖြင့် ရင်တထိတ်ထိတ်ဖြင့် လက်ပိုက်ကြည့်နေရလေသည်။

အကယ်၍....

ဝါစင်ပေါ်၌ လုယိကျုံးရှိနေသည်ကိုသာ ထင်းစန်း တွေ့မြင်သွားပါက အခြေအနေဆိုးဝါးသွားမည်ဟုယုံကြည် ထားပေတော့သည်။

အမှန်တော့....

သခင်လေး ထင်းစန်းနှင့် သခင်မလေး ကျွဲဖုံးတို့သည် ခမ်းကွဲမောင်နှမများ တော်စပ်ကြလေသည်။

ထင်းစန်း၏ မိခင်နှင့် ကျွဲဖုံး၏မိခင်တို့သည် ညီအစ်မ ခမ်းကွဲများ ဖြစ်ကြလေသည်။

မိုးကြိုးဂိုဏ်းနှင့် မီးအိမ်ဂိုဏ်းသည် အသွားအလာအဆက် အသွယ်လည်း ရှိကြပေသည်။

ထင်းစန်းက ဝါစင်အနီးသို့ရောက်လျှင်....

'ညီမလေး ကျွဲဖုံး'

ဟုခေါ်လိုက်လေသည်။

ဝါစင်ထဲမှ ကျွဲဖုံး၏အသံ ထွက်ပေါ်လာလေသည်။

'ဘယ်သူများလဲမှတ်တယ် အစ်ကိုတော့ ထင်းစန်းကိုး၊ ညကြီးအချိန်မတော့ ဘယ်ကိုသွားမလို့လဲ'

ထင်းစန်းက....

'ကျုပ်ကို ဒုက္ခပေးမယ့်လူတစ်ယောက်ကို လိုက်ရှာနေဘာ လေ'

လုယိကျုံးသည် ဝေါစင်ထဲ၌ရှိနေသော်လည်း ကျေဖုံးက ကိုယ်သုံးဖြင့် ကွယ်ထားသည့်အပြင် အမှောင်ရိပ်ကျနေသဖြင့် ရုတ်တရက် တွေ့မြင်ဖို့ မလွယ်ခေါ့။

သို့တိုင်....

ထင်းစန်းသည် သိုင်းသမားပီပီ မျက်စိလျင်သူဖြစ်ရာ ဤမြင်သွားမည်ကို ကျေဖုံး စိုးရိမ်နေလေတော့သည်။

ထင်းစန်းကို ပြုံးပြရင်း....

'အစ်ကိုထင်းစန်းက လျှပ်စီးဂိုဏ်းကသခင်ဓလေးစုံခွင်းကို လိုက်ရှာနေတာလား'

ဟု မေးလိုက်လေသည်။

ထင်းစန်းက စုခွင်းအမေါ် တန်းတန်းစွဲဖြစ်နေသည်ကို ကျေဖုံးလည်း သိရှိထားပေတော့သည်။

ထင်းစန်း မျက်နှာ နီရဲသွားလေသည်။

'ဟာ....မဟုတ်ဘာညီမလေးကလဲ ကျုပ်လူတစ်ယောက်ကို လိုက်ရှာနေတာ'

'ဘယ်သူလဲ ပြောပါဦး'

'သူက....'

ထင်းစန်း၏စကား တစ်ပိုင်းတစ်စဖြင့်ရပ်သွားသည်။

လုယိကျုံးအား သူကလူကိုသိထားသော်လည်း နာမည်ကို သေချာခြင်းကြောင့်ဖြစ်လေသည်။

ကျေဖုံးက....

'အစ်ကိုတော် မြောစမ်းပါဦး၊ ဘယ်သူ့ကို လိုက်ရှာနေတာလဲ'

ထင်းစန်းက ဟိုဟိုသည်သည် ကြည့်လိုက်ပြီး....

'ညီမလေး၊ ဒီတက်ကို လူတစ်ယောက် ထမ်းပြေးလာတဲ့ အမျိုးသမီးတစ်ယောက်ကို မတွေ့မိဘူးလား'

ဟု မေးလိုက်သည်။

ကျေဖုံးက....

'လက်စသတ်တော့ သူတို့ကို လိုက်ရှာနေတာကိုး'

'ဟင်'

ထင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ညီမတော် သူတို့ကိုတွေ့မိသလား၊ ပြောစမ်းပါ'

ဟု အလောတကြီး မေးလိုက်လေသည်။

ကျွဲဖုံးက....

'သူတို့ ဒီလမ်းကြားထဲကပဲ ဖြတ်ပြေးသွားတာ၊ အမျိုးသမီးရဲ့ ကိုယ်ဖောင်ပညာ တော်တော်ကောင်းတယ်၊ ကျွန်တို့ကိုမြင်တာနဲ့ ချက်ချင်းရှောင်ကွင်းသွားကြတာ၊ ခုချိန်ဆို မြို့ပြင်ကိုတောင် ရောက်သွားလောက်ပြီပေါ့'

ဟု ပြောလေသည်။

ထင်းစန်းက....

'ဟာ....မဖြစ်ဘူးလိုက်မှပဲ'

သူက် ချက်ချင်းထွက်သွားရန် ဟန်ပြင်လိုက်၏။

ကျွဲဖုံးက....

'အစ်ကိုတော် ဘာတွေမျှား ဒီလောက် အရေးကြီးနေတာလဲ၊ ကျွန်မကိုတောင် နှုတ်ဆက်မသွားတော့ဘူးလား'

ဟု ပြောလိုက်မှ ထင်းစန်း ခေါင်းကုတ်လိုက်ပြီး....

'ဟုတ်သားပဲ၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိလို့ သွားဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့'

ဟု နှုတ်ဆက်လိုက်လေသည်။

တစ်ဖန် ကြူးလင်ဘက်သို့ လှည့်ကာ....

'သွားစို့'

ဟုပြောလိုက်သည်။

ကြူးလင်က ထွက်မသွားသေးပါချေ။

ကျွဲဖုံးကို ဦးညွှတ်ကာ....

'သခင်မလေးကို ဂါရဝပြုပါတယ်ဗျာ၊ ညကြီးမင်းကြီး အနားမယူတဲ့ ခရီးသွားနေတာ အရေးကြီးတဲ့ အကြောင်းကိစ္စရှိလို့ထင်ပါရဲ့၊ ဘယ်လိုအကြောင်းကိစ္စလဲဆိုတာ ပြောပြပါလားဗျာ၊ ကျုပ်တို့ ကူညီနိုင်ရင် ကူညီပါရစေ'

ဟု ပြောလေသည်။

သူ၏စကားကြောင့် ထင်းစန်း ထွက်မသွားနိုင်သည့်အပြင် မျက်မှောင်ကြုတ်သွားလေတော့သတည်း။

'ဟုတ်သားပဲ၊ ညကြီးအချိန်မတော် ညီမလေးစာ ဘယ်ကို သွားမလို့လဲ'

ဟု မေးလာလေသည်။

ကျော်ဖုံး ဒေါပွသွားလေသည်။

ကြူးလင်ကြောင့် ထင်းစန်း သက်ဘမတင်းဖြစ်သွားသည် မဟုတ်ပါလား။

ကြူးလင်သည် ကောက်ကျစ် စဉ်းလဲသည့်အပြင် ဥာဏ် များသူ၊ အကင်းပါးသူဖြစ်ကြောင်း သူမ ရိပ်မိလိုက်၏။

လုယိကျုံးနှင့် ပတ်သက်ပြီး သူမအပေါ် သံသယဝင်နေ ကြောင်း ထင်ရှား၏။

ကျော်ဖုံးက ဒေါသစိတ်ကို ထိန်းချုပ်ကာ ဟန်ဆောင်ပြုံး လိုက်ပြီး....

'အစ်ကိုတော် သတင်းမကြားသေးဘူးလား'

ဟုမြန်မေးလိုက်လေသည်။

ထင်းစန်း ကြောင်အမ်းအမ်းဖြစ်သွားပြီး....

'သီမလေးက ဘာသတင်းကိုပြောတာလဲ'

ဟု ပြန်မေးလိုက်သည်။

ကျော်ဖုံးက....

'နဂါးသရဲလုံကွေ့နဲ့ ပတ်သက်လို့လေ'

ထင်းစန်းက....

'လုံကွေ့ဟာ ပေါင်ကျင်းမြို့မှာ လက်ဖက်ခြောက်ရောင်း တဲ့လူ အဖြစ်နဲ့ ဇာတ်မြုပ်နေခဲ့တာ၊ ခုတော့သူ့ရဲ့အကြောင်း ကို သိုင်းလောကသားတွေ သိသွားကြပြီမို့ ထွက်ပြေးတိမ်း ရှောင်သွားကြပြီလေ၊ ကျုပ်တို့ မိုးကြိုးဂိုဏ်းက လူတွေကို နေရာအနှံ့ထွက်ပြီး လိုက်ရှာခိုင်းထားပါတယ်၊ သူ ပြေးလို့ လွတ်မှာမဟုတ်ပါဘူး'

ကျော်ဖုံးက ရယ်မောလိုက်လေသည်။

'အစ်ကိုတော်က ဒီလောက်ပဲ သိသေးတာကိုး'

ထင်းစန်း မျက်မှောင်ကြုတ်သွားသည်။

'နေပါဦး၊ ညီမလေးက ဘာတွေများ ပိုပြီးသိထားသေး လဲ၊ ပြောစမ်းပါဦး'

ကျော်ဖုံးက....

'နဂါးသရဲလုံကွေ့ ရွှဲအိမ်ကို အစ်ကိုတော်တို့မိုးကြိုးဂိုဏ်းက မီးရှို့ဖျက်ဆီးခဲ့တာမဟုတ်လား'

ထင်းစန်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ'

ကျေဖုံးက....

'အစ်ကိုတော်တို့သာ မဖျက်ဆီးခဲ့ဘူးဆိုရင် ရွှေပုရပိုက်နဲ့ ပတ်သက်တဲ့ သဲလွန်စကိုရမှာပဲ'

'ဟင်'

ထင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျေဖုံးကို စိုက်ကြည့်လိုက်ပြီး....

'ညီမလေး ဘယ်လိုပြောလိုက်တာလဲ၊ ရွှေပုရပိုက်နဲ့ ပတ်သက်တဲ့ သဲလွန်စ ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်လိုမျှားလဲ၊ ပြောစမ်းပါဦး'

'နဂါးသရဲလုံကွေ့ ထွက်ပြေးသွားပြီး နောက်တစ်နေ့မှာပဲ သူ့ကိုလာရှာတဲ့လူတစ်ယောက် ပေါ်ပေါက်လာတယ်'

ထင်းစန်းက....

'ဟာ....ညီမလေးစာလဲ၊ နဂါးသရဲလုံကွေ့ကို လူတိုင်းစာတွေချင်နေကြတာပဲ မဟုတ်လား'

ကျေဖုံး ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး၊ အဲဒီလူဟာ သိုင်းလောကထဲကမဟုတ်ဘူး၊ ဒါပေမယ့် သိုင်းပညာအဆင့်မြင့်တဲ့ မျက်နှာစိမ်းလူငယ်တစ်ယောက်ဖြစ်နေတယ်၊ သူဟာ နဂါးသရဲလုံကွေ့ကိုလာရှာတာ၊ သူတို့ချင်း အချိန်းအချက်ရှိနေကြတယ်၊ ဒီလူငယ်တာလဲ ရွှေပုရပိုက်နဲ့ပတ်သက်နေရမှယ်လို့ သိုင်းလောကသားတွေက ဝေဖန်ပြောဆိုနေကြပြီး လိုက်ရှာနေကြပြီလေ၊ ကျန်မကတော့ ပေါင်ကျင်းမြို့ကို အရောက်နောက်ကျတော့ လုံကွေ့ကိုတွေ့တာနဲ့ အဲဒီလူငယ်ကိုလိုက်ရှာမလို့၊ ညဘက်တောင်မှပဲ ရေပန်းဘဲ ခရီးသွားနေကြတာပေါ့'

ဟု ရှင်းပြလိုက်လေသည်။

ထင်းစန်းက....

'လက်စသတ်တော့ ဒီလိုကိုး'

ကျွေဖုံးက....

'အစ်ကိုတော်တို့ကော လိုက်မရှာကြဘူးလား'

ဟုမေးလေသည်။

ထင်းစန်း ခေါင်းကုတ်လိုက်သည်။

'ကျုပ်လိုက်ရှာချင်ပါတယ်၊ ဒါပေမယ့် အရေးကြီးတဲ့ ကိစ္စရှိလို့ သွားလိုက်ဦးမယ်'

ကျွေဖုံးက....

'ကောင်းပါပြီ အစ်ကိုတော်'

ထင်းစန်းသည် ကြူးလင်းကိုခေါ်ကာ ထွက်သွားလေသည်။

ယခုတစ်ကြိမ်။

ကြူးလင်းသည် ဘာမှ စောဒကမတက်နိုင်တော့ဘဲ လိုက်ပါသွားရလေတော့သည်။

ထင်းစန်းနှင့်ကြူးလင်တို့ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလျှင် ကျွေဖုံးသည် ယင်းလိပ်ကို ပြန်ချထားလိုက်ပြီး....

'ကဲ....သွားကြမယ်'

ဟု အမိန့်ပေးလိုက်လေသည်။

ပန့်ပန်က လက်ခွေ့ယမ်းပြလိုက်သည်။

'သွားစို့'

သူမသည် ရှေ့ဆုံးမှနေ၍ မီးအိမ်ဖြင့်လမ်းပြကာ ထွက်သွားလေသည်။

ဝေစင်ထမ်းထားသောလူများကလည်း လိုက်ပါသွားကြလေတော့သည်။

* * *

ထင်းစန်း စိတ်ပျက်သွားလေသည်။

'တောက်....ဘယ်လိုမှ ရှာလို့မတွေ့ပါလား'

ဟုလည်း မကျေမနပ် ညည်းတွားလိုက်လေသည်။

ကြူးလင်က....

'ကျုပ်တို့ရှာလို့မတွေ့တာ လမ်းမှားပြီးလိုက်ရှာနေလို့ပဲ ဖြစ်မယ်ထင်တယ်'

ဟု ပြောလာလေသည်။

ထိုစကားကြောင့် ထင်းစန်း အံ့သြသွားပြီး....

'ငါ့ရဲ့ညီမလေး ကျေဖုံးကိုယ်တိုင်က ပြောလိုက်တာပဲ၊ ဟုတ်လိုလုပ် လမ်းမှားနိုင်မှာလဲ'

ကြူးလင်က....

'လမ်းမမှားရင် တွေ့ရမှာပေါ့ဗျာ'

ထင်းစန်း တွေဝေသွားလေသည်။

ကြူးလင်က....

သတို့သား

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာပြီဖြစ်လေသည်။

တစ်ညတာ အချိန်ကုန်ဆုံးသွားပြီဖြစ်သည်။

မုကြာမီ နေ့သစ်တစ်နေ့ ပေါ်ထွန်းလာတော့မည် ဖြစ်လေသည်။

မြို့ပြင်တွင် လူသူကင်းရှင်းနေ၏။

ထင်းစန်းနှင့်ကြူးလင်တို့သည် မြို့ပြစ်ဝယ် တဝဲလည်လည် ဖြစ်နေကြ၏။

ယုမေနှင့်လုယိကျုံးတို့အား လိုက်လံရှာဖွေခဲ့ကြပါသော်လည်း အရိပ်အယောင်ပင် မတွေ့ရပါချေ။

'သခင်လေး စိတ်မဆိုးဘူးဆိုရင် ကျုပ် စကားနည်းနည်း ပြောချင်ပါတယ်'

ဟု ခွင့်တောင်းလိုက်လေသည်။

ထင်းစန်းက ခေါင်းညိတ်လိုက်သည်။

'ပြောစရာရှိတာပြောပါ၊ ကျုပ်တို့နှစ်ယောက်ကြားမှာ စိတ်ဆိုးစရာဆိုဘာ မရှိပါဘူး'

ကြူးလင် ကျေနပ်သွားလေသည်။

'ဒီလိုပါသခင်လေး၊ ကျုပ်က မသက်ာစရာကောင်းတဲ့ အချိုက်တွေကို တွေးမိထားပါတယ်၊ ကျုပ်တို့လိုက်ရှာနေတဲ့ လူဟာ မီးအိမ်ဂိုဏ်းကလူတွေနဲ့ တွေ့ခဲ့ရတဲ့ လမ်းကြားထဲကို ဝင်ပြေးသွားတာပါ၊ မရွေးမနှောင်းမှာပဲ ကျုပ်တို့ထွေက် သွားတော့မှ မတွေ့ရတဲ့ပျောက်သွားတယ်'

ထင်းစန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

ကြူးလင်က....

အိမ်ဂိုဏ်းက သခင်မလေးဟာ ကျုပ်တို့လိုက်ရှာနေတဲ့ ကြိမ်းဒသတွေ့လိုက်ရမှာပဲ'

ထင်းစန်းက....

တွေ့လိုက်လို့လဲ ကျုပ်တို့ကို လမ်းညွှန်ပေးလိုက်တာပဲ လား'

ကြူးလင်က....

က အမှန်အတိုင်းလမ်းညွှန်ပေးရင် ကျုပ်တို့ ရှာလို့ မှာပေါ့'

ထင်းစန်းက....

တို့က တခြားနေရာကို ထွက်ပြေးသွားတာလဲ ဖြစ်နိုင်

ကြူးလင်က....

သားပါတော့လေ၊ ကျုပ်က မသက်ာစရာကောင်းစဲ့ ကို ပြောပြပါ့မယ်၊ ဝေါစင်ကို သခင်လေး သေသေ ကြည့်မိရဲ့လား'

မေးလိုက်သည်။

ထင်းစန်းက....

'ကြည့်မိသားပဲ၊ ဘာဖြစ်လို့လဲ'

ကြူးလင်းက....

'ကျုပ်စာ ဝေစင်အတော်များများ တွေ့ဖူးပါတယ် အခုတော့ ဝေစင်ထမ်းတဲ့လူတွေဟာ အလေးအပင်တစ်ခု ထမ်းထားရသလိုပဲ'

ထိုစကားကိုကြားလျှင်....

'ဟား... ဟား... ဟား'

ထင်းစန်းက ရယ်မောလိုက်လေသည်။

'ဝေစင်ကို ထမ်းပါတယ်ဆိုမှတော့ အလေးအပင်ထမ်း တာပေါ့၊ ဘာများဆန်းသွားလဲ'

ကြူးလင်းက....

'လူတစ်ယောက်ကို ထမ်းရရင် မသိဘူးပါဘူး၊ ယောက်စီးတဲ့ဝေစင်မှာ နှစ်ယောက်စီးရင် ထမ်းတဲ့လူ အဖို့ သိသာပါတယ်'

ထင်းစန်းက....

'ကျုပ်ညီမရဲ့ဝေစင်ထဲမှာနှောက်ထပ်လူတစ်ယောက် ရှိ ဘယ်လို ပြောချင်တာလား'

ကြူးလင်းက....

'အဲဒီလိုဖြစ်ဖို့များပါတယ်'

ထင်းစန်းက....

'မဖြစ်နိုင်တာပဲ၊ ကျုပ်ရဲ့ညီမက သူ့ရဲ့ဝေစင်ထဲကို နိုင်တဲ့လူကို လက်ထပ်ယူမယ်လို့ အတိအလင်း ကြေညာ ားဘာ သူက ဘယ်သူ့ကို ဝေစင်ပေါ်တင်မှာလဲ'

ကြူးလင်းက....

'ဒါတော့ ကျုပ်မသိဘူး၊ ဝေစင်ထဲမှာ လူနှစ်ယောက် ဘယ်ဆိုတာ ဝေစင်ထမ်းတဲ့လူတွေရဲ့ လှုပ်ရှားပုံကြည့် ကျုပ်ပြောနိုင်တယ်

ထင်းစန်းဒေါသဖွားလေသည်။

ဆူဇန်အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကြူးလင်က လက်ကာပြလိုက်သည်။

'သခင်လေးက စိတ်မဆိုးဘူးဆိုလို့ ကျုပ်ကပြောတာ
ဗျာ၊ သခင်လေးမေ့သွားပြီလား'

ဟု ပြောလိုက်မှ ထင်းစန်းက စိတ်ထိန်ချုပ်ထား
လေသည်။

'ကောင်းပြီ၊ ကျုပ်စိတ်မဆိုးဘူး၊ ဒါဖေမယ့် ဆ
စကားမှန်တယ်ဆိုတာကို သက်သေပြရလိမ့်မယ်'

ကြူးလင် ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ မီးအိမ်ဂိုဏ်းက သခင်မလေးရဲ့ နော
လိုက်သွားရင် အဖြေသိရမှာပါ'

ထင်းစန်း သဘောတူလိုက်လေသည်။

'ကဲ....သွားမယ်'

စိတ်မြန်လက်မြန်ဖြင့် ထွက်သွားလေသည်။

ကြူးလင်လည်း လိုက်ပါသွားလေတော့သည်။

* * *

ကျိန်းနှန်အရပ်....

ကျိန်းနှန်အရပ်သို့ရောက်လျှင် ဟိုလန်နယ်သို့ ဆူ
လမ်းခရီးနှင့် မြေလတ်ပိုင်းသို့သွားသော လမ်းခရီး
လမ်းဆုံလမ်းခွကို တွေ့ရမည်ဖြစ်လေသည်။

ခရီးသည်များ၊ ကုန်သည်ပွဲစားများ၊ ဒေသန
ရှာဖွေသူများ၊ သိုင်းလောကသားများ ဖြတ်သ
ထု အရပ်ဒေသလည်း ဖြစ်လေသည်။

ထိုလမ်းဆုံလမ်းခွသို့ ရောက်လျှင် ခရီးတစ်
ကြလေ့ရှိသည်မှာအစပြုကာ ခရီးသွားများကို အမှီသ
ရောင်းချသောဈေးဆိုင်၊ စားသောက်ဆိုင်၊ တည်းခိုခန
ပေါ်ပေါက်လာလေသည်။

ထိုလမ်းဆုံလမ်းခွအရပ်သည် နေ့ရောညပါ ဝင်ထွက်သွား
လာနေကြသူများဖြင့် စည်ကားနေသဖြင့် ညမအိပ်သောအရပ်
ဟုလည်း ဆိုနိုင်ပေတော့သည်။

မီးအိမ်ဂိုဏ်းမှ သခင်မလေးကျော်ဖုံးတို့လူစုသည် ညသန့်
ခေါင်အချိန်တွင် လမ်းဆုံလမ်းခွသို့ ရောက်လာကြလေသည်။

ဆုတ်သည် လူရွှင်သောတည်းခိုခန်းတစ်ခုတွင် ခေတ္တရပ်
နားပြီး တည်းခိုလိုက်ကြလေသည်။

* * *

ကျွဲဖုံးသည် တည်းခိုခန်းသို့ဆောက်လျှင် အခေါ်ထပ်
ထပ်လုံး ငှားရမ်းလိုက်လေသည်။

နောက်....

ားအစာများကို ကိုယ်တိုင်ချက်ပြုတ်စားသောက်မည်
ကာ မီးဖိုများ မီးဖိုခချောင်သုံးပစ္စည်းများကို မှာယူ
။

ိုင်ကား ကျွဲဖုံးက ငွေအများအပြားပေးလိုက်ခြင်း
ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုကာ လိုလေသေးမရှိ
ရွက်ပေးလေသည်။

ကျွဲဖုံးသည် ပန်ပန်အား အနီးပတ်ဝန်းကျင်တွင် ပရ
ဆေးပင်များရှာဖွေခိုင်းပြီး ကျိုချက်လိုက်လေသည်။

ထို့နောက် လုယိကျုံးအား တိုက်ကျွေးလိုက်လေသည်။
ပန်ပန်၏အကူအညီဖြင့်ပင် လုယိကျုံး၏အဖေ၏အင်္ကျီကို
ချွတ်လိုက်သည်။

ဒဏ်ရာကိုရှာဖွေလိုက်သောအခါ ပခုံးတစ်နေရာ၌ အညိုစက်
လေးတစ်စက်ကို တွေ့ရလေသည်။

ပန်ပန်က....

'သခင်မလေး၊ ဒါဟာ ဒဏ်ရာပဲဖြစ်မယ်ထင်တယ်'

ဟု ပြောလိုက်လေသည်။

ကျွဲဖုံး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

စကားဆုံးလျှင် လက်ဝါးတစ်ဖက်၌ အတွင်းအားစုစည်း
ကာ လုယိကျုံး၏ပခုံးကို လက်ဝါးဖြင့် ရိုက်ချိုလိုက်လေ
သည်။

'ဖပ်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

လုယိကျုံး၏ပခုံးရှိ အညိုစက်တလေးနေရာမှ အပ်ကလေး
တစ်ချောင်း ထိုးထွက်လာလေတော့သည်။

ကျွဲဖုံးသည် ထိုအပ်ကလေးကို ဆွဲနုတ်လိုက်ပြီး စစ်ဆေး
ကြည့်လိုက်၏။

အပ်ကလေးမှာ ခရမ်းရောင် တဖိတ်ဖိတ်တောက်ပနေလေ
သည်။

ပန်ပန်က....

'အပ်ကလေးကို ကင်းခြေမျှားတစ်ကောင်ပုံသဏ္ဌာန် ပြုလုပ်ထားပါလား'

ကျော်ဖုံး၏လက်ထဲမှအပ်ကို ကြည့်ကာ ရေရွတ်လိုက်လေသည်။

ကျော်ဖုံးက....

'ဟုတ်တယ်၊ အပ်မှာ ကင်းခြေမျှားရဲ့ခြေချောင်းကလေးတွေနဲ့တူတဲ့ ချိတ်ကလေးတွေရှိနေတယ်၊ ဒါဟာ ကြူးလင်မူပိုင်အသုံးပြုတဲ့ပစ္စည်းပဲ၊ သူကလဲပြီး ဘယ်သူမှ ဒီလိုအပ်မျိုး အသုံးပြုတာမရှိဘူး'

ပန်ပန်တာ....

'အဆိပ်ဖြေဆေးကလဲ သူတစ်ယောက်တည်းဆီမှာပဲ စုတယ်ဆို သခင်မလေး'

ကျော်ဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'တို့ကြိုးစားကြည့်ကြတာပေါ့'

'ဟုတ်ကဲ့'

သခင်မလေးကျော်ဖုံးသည် သွေးကြောများမှတစ်
အတွင်းအားကိုပို့ဆောင်ကာ အဆိပ်ထုတ်သည့် နည်း
မျိုးဖြင့် ကုသပေးလိုက်လေသည်။

ပန်ပန်သည် နံဘေးမှစောင့်ကြည့်နေသည်။

သခင်မလေးကျော်ဖုံး၏လုပ်ရပ်သည် အန္တရာယ်များ
လုပ်ရပ်တစ်ခုဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်

လုယိကျုံး မည်သူမည်ဝါဖြစ်ကြောင်း မသိရသေး

သို့တို့င်....

လုယိကျုံးအတွက် အတွင်းအားကို အကုန်ခံကာ
ပေးနေသည်မှာ အံ့သြစရာကောင်းလှပေသည်။

ထို့အပြင်....

အခုအချိန်၌ သခင်မလေးကျော်ဖုံးသည် လုယိကျုံး
ကုသပေးဖို့မလွဲပြီး အခြားဘာကိုမှ စိတ်မဝင်စား
အာရုံစိုက်မိလေသည်။

ပန်ပန် တိတ်တခိုးလေး သက်ပြင်းချမိပါသည်။

'သခင်မလေးဟာ သူ ဘဲဘလုပ်နေမိတယ်ဆိုတာကိုမှ တွေးမိရဲလား၊ သူဟာ သူစိမ်းယောကျ်ားလေးတစ်ယောက်ကို ဝေါစင်ပေါ်တင်ခေါ်လာမိပြီး သူ့ရဲ့ သံမဏိစည်းကမ်းကို ကော သတိမူရသေးရဲ့လား၊ သူမဟာ ယောကျ်ားမျိုတစ်ယောက်ကို အသားချင်းထိပြီး ဆေးကုပေးနေတယ်၊ ဒါဟာ အပျိုစင်လေးတစ်ယောက်အတွက် တကယ့်စွန့်စားမှုကြီးတစ်ရပ်ပဲ၊ သခင်မလေးဟာ ဒီလူအပေါ်မှာများ တိမ်းညွတ်နေပြီလား'

တွေးရင်း သူမရင်ထဲ လှုပ်ရှားလာလေသည်။

သူမသည်လည်း လုယီကျုံးကြောင့် စိတ်ထဲ ဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်ခံစားခဲ့ရလေသည်။

အပျိုစင်လေးဖြစ်သော သခင်မလေးသည်လည်း လုယီကျုံးအပေါ်တွင် တိမ်းညွတ်သွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

ထို့ကြောင့် သူမ နောက်ဆုတ်ရမည်ဖြစ်သည်ကို အလိုလို နှားလည် သဘောပေါက်လိုက်လေတော့သည်။

'ဒုက္ခပဲ'

သခင်မလေးကျေဖုံး၏ညည်းတွားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရမှ သတိဝင်လာလေသည်။

ပန်ပန်က....

'ဘာဖြစ်လို့လဲ သခင်မလေး'

ဟု မေးလိုက်လေသည်။

ကျေဖုံးက....

'ဒုက္ခပဲ၊ ကြူးလင်ဟာ အတော်ကို ကြောက်စရာကောင်းပါလား'

'ကြူးလင်က ဘာဖြစ်လို့လဲ သခင်မလေး'

'သူက တော်တော်အကျင့်ပုတ်တယ်၊ သူ့ရဲ့အဆိပ်ကို ဘယ်သူကမှ ဖြေမပေးနိုင်အောင် ကြိုတင်ကြံစည်ဖော်စပ်ထားတာပဲ'

ပန်ပန်က....

'ဒါဆို သူ့အတွက် ဘယ်လိုလုပ်မလဲ သခင်မလေး'

'သခင်မလေးလဲ ပင်ပန်းနေပါပြီ၊ အနားယူလိုက်ရင်
ကောင်းမယ်ထင်ပါတယ်'

ဟု ပြောလိုက်သည်။

ကျွဖုံးက သက်ပြင်းချလိုက်သည်။

'အင်း....ညည်းပြောတာ ဟုတ်တယ်၊ ခဏနားလိုက်ဦးမယ်၊
လမကြာခင် သတိရလာမှာပါ၊ ညည်း ခဏစောင့်ကြည့်
နေလိုက်ပါ'

စိတ်ချပါ သခင်မလေး'

ကျွဖုံးသည် လုယိကျုံးအား ပန်ပန်၏လက်သို့ အပ်ကာ
အခန်းထဲမှ ထွက်သွားလေတော့သည်။

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ပိုးကောင်မွှားကောင်လေးများ အော်မြည်သံကို ကြားရ
သည်။

ကျွဖုံးက...

'အဲဒါခက်တာပေါ့၊ သူ့ကိုသက်သာသွားအောင် ခဏ
သပေးထားလို့ရမယ်၊ ရှင်းရှင်းပျောက်ကင်းမှာတော့မဟုတ်
း၊ အတွင်းအားနဲ့ထိန်းချုပ်ပြီး အဆိပ်တွေကို သူ့ခံခန္ဓာ
ယ်တွင်းတစ်နေရာမှာ စုဆောင်းထားလိုက်ရတယ်'

ပန်ပန်က....

'ဒါဆို အဆိပ်က အချိန်မရွေးပြန်ပြီး ထကြွလာနိုင်တဲ့
ခြောင်္ကတယ်နော်'

'ဟုတ်တယ်'

ပန်ပန်က....

'သနားစရာကောင်းလိုက်တာ၊ သူ့ကို ဘယ်သူကမှ မကူညီ
ဲကြတော့ဘူးလား'

ကျွဖုံးက....

'သူ့ရဲ့ဓနုနှာ လုံးဝသက်သာပျောက်ကင်းသွားအောင်
ုသပေးရမှာပဲ'

ပန်ပန်က....

တည်းခိုခန်း၌ တည်းခိုနေကြသူများ အိပ်မောကျနေကြပြီ ဖြစ်သည်။

ယနေ့ည....

လမ်းဆုံလမ်းခွသို့ရောက်လာသော ခရီးသည်လည်း နည်းပါးလှသဖြင့် အေးချမ်းတိတ်ဆိတ်နေခြင်း ဖြစ်လေသည်။

ပန်ပန်သည် ခုတင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသော လုယိကျုံးကိုကြည့်ကာ သက်ပြင်းအခါခါချနေမိလေတော့သည်။

လုယိကျုံးအား သူမက စိတ်ဝင်စားနေမိပါသည်။

သို့သော်....

သူမအနေနှင့် ပို၍ဆိုင်ခွင့်မရှိတော့ပြီဖြစ်ကြောင်းနားလည်မိသည်။

လုယိကျုံးသည် သခင်မလေး ကျေဖုံးအတွက်သာ ဖြစ်ရမည် မဟုတ်ပါလား။ ပန်ပန်သည် မည်မျှကြာအောင် တွေဝေငေးမောနေမိမှန်း မသိ။

'အင့်'

ညည်းတွားသံတစ်ချက် ထွက်ပေါ်လာသည်။

လုယိကျုံး လူးလွန့်လှုပ်ရှားလာ၏။

ပန်ပန် သတိဝင်လာသည်။

'ရှင်....ရှင်....သတိရလာပြီလား'

ဟု မေးလိုက်သည်။

ထိုစဉ်....

'ကျွဲ'

အခန်းတံခါးပွင့်လာပြီး သခင်မလေးကျေဖုံး ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ပန်ပန်က....

'သခင်မလေး'

ဟု ခေါ်လိုက်သည်။

ကျေဖုံးက....

'ညည်းတစ်လုည့်သွားပြီး အနားယူလိုက်ဦး၊ ငါစောင့်ကြည့်နေလိုက်မယ်'

ဟု ပြောလာလေသည်။

ပန့်ပန့်က သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီ သခင်မလေး'

သူမသည် လုယိကျုံးနှင့်ပတ်သက်၍ဘာမှမပြောဘဲ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

* * *

ပန်ပန် ထွက်သွားပြီဖြစ်လေသည်။

ကျေဖုံးသည် ခုတင်အနီး၌ ထိုင်ချလိုက်သည်။

ထိုစဉ်....

'အင့်'

ညည်းတွားသံနှင့်အတူ လုယိကျုံး လှုပ်ရှားလာလေသည်။

ကျေဖုံး ဝမ်းသာသွားသည်။

'ရှင်....ရှင် သတိရလာပြီလား'

ဟု မေးလိုက်သည်။

မှုန်ပေသည်။ လုယိကျုံး သတိရလာပြီဖြစ်လေသည်။

လုယိကျုံးသည် ခုတင်ပေါ်မှ လူးလိမ့်ထလာပြီး....

'ကျုပ်....ကျုပ်'

သူက နတ်မိမယ်လေးအလား ချောမောလှပသည့် မိန်းကလေး တစ်ယောက်အား အခန်းတွင်း၌ တွေ့လိုက်ရခြင်းကြောင့် အုံသြသွား၏။

'မင်း....မင်း ဘယ်သူလဲ၊ ကျုပ်ရဲ့အခန်းထဲကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ'

ဟု မေးလိုက်လေသည်။

ကျေဖုံး ပြုံးလိုက်သည်။

'ရှင့်ကို ကျွန်မခေါ်လာတာလေ၊ ကျိန်းနုန် လမ်းဆုံမှာ ရောက်နေတာပေါ့'

'ဟင်'

လုယိကျုံး အုံသြသွားသည်။

သူက လှုပ်လှုပ်ရှားရှားပြုလုပ်လိုက်သောအခါတစ်ကိုယ်လုံး အားအင်ကုန်ခန်းကာ ပင်ပန်းနွမ်းနယ်နေသည်ဟု ခံစားလိုက်ရလေသည်။

ချက်ချင်းပင် ခုတင်ပေါ်ပြန်ထိုင်ချလိုက်ပြီး....

'ကျုပ်ဘယ်လိုဖြစ်သွားတာလဲ'

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ကျေဖုံ ကာ....

'ရှင် အဆိပ်မိထားတယ်'

'အဆိပ်'

'ဟုတ်တယ်၊ ရှင့်ကို ချန်အန်းလုလင်သုံးဖော်မှာ ပါဝင်တဲ့ ကျားလေး ကြူးလင်က အဆိပ်အပ်နဲ့ ပစ်လိုက်လို့ ရှင် ဒုက္ခ ရောက်ခဲ့ရတယ်၊ ရှင့်ကို မိန်းမဆိုးဂိုဏ်းက ယုဒမက ဖမ်းဆီး ခေါ်လာတာတွေ့လို့ ကျွန်မက လမ်းခုလတ်ကနေပြီးကယ်တင် ထားလိုက်ရတာ'

ကျေဖုံး ရှင်းပြလိုက်လေသည်။

လုယိကျုံးသက်ပြင်းချလိုက်လေသည်။

'လက်စသတ်ဒေတာ့ ကျုပ်ကို ကြူးလင်က ဒုက္ခပေးသွားတာကိုး'

ကျေဖုံးက....

'သူ့ရဲ့ အဆိပ်က အဒေတာ်ကိုကြောက်စရာကောင်းတယ်၊ အဆိပ်ဖြေဆေးဟာ သူ့ဆီမှာပဲရှိတယ်၊ သူကလွဲပြီး ဘယ်သူ ဘမှ အဆိပ်ကို ကုသမပေးနိုင်ဘူးရှင့်'

လုယိကျုံးက....

'တော်တော်ဆိုးတဲ့လူပဲ'

သူက ပေါင်ကျွဲမြို့မှ ထွက်လာခဲ့ပြီးနောက် မြို့ကလေး တစ်မြို့သို့ရောက်လာသောအခါ အချိန်လင့်နေပြီဖြစ်၍ဘည်းခိုခန်းတစ်ခုဝင်ရောက်တည်းခိုလိုက်လေသည်။

ညဘက် အိပ်မောကျနေချိန်တွင် တစ်စုံတစ်ယောက်၏ ချောင်းမြောင်း တိုက်ခိုက်ခြင်းခံခဲ့ရလေသည်။

လုယိကျုံး၏ ပညာမခေပါ။

သို့သော် အလစ်အငိုက် ဘိုက်ခိုက်ခံလိုက်ရသောကြောင့် ဒဏ်ရာရောက်ခဲ့ရလေသည်။

အဆိပ်လက်နက်ပုန်းဖြင့် တိုက်ခိုက်ခံရပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်သဖြင့် လုယိကျုံးသည် ပြတင်းပေါက်တံခါးကိုတွန်းဖွင့်ကာခုန်ထွက်ခဲ့လေသည်။

မြေပေါ်သို့ခြေချမိချိန်တွင် အဆိပ်တန်ခိုး ပြလာသဖြင့် ဘာမှမဘတ်နိုင်တော့ဘဲ မြေပေါ်လဲကျကာ သတိလစ်မေ့မြောသွားခဲ့လေသည်။

ထို့နောက် ဘာကိုမှ သတိမရတော့ဘဲ ယခုမှ ပြန်လည် သတိရလာခြင်း ဖြစ်မေတော့သည်။

လုယိကျုံးက ကျေဖုံးကို ငေးကြည့်နေမိလေသည်။

ကျေဖုံးက....

'ကျွန်မက အဆိပ်အပ်ကို ထုတ်ပေးပြီးပါပြီ၊ ရှင့်ရဲ့ခန္ဓာကိုယ်ထဲရောက်နေတဲ့ အဆိပ်တွေကို အတွင်းအားအသုံးပြုပြီး တစ်နေရာတည်းမှာ စုစည်းပေးထားလိုက်ပါတယ်၊ အသက်အန္တရာယ်ဘိုးရိမ့်စရာ မရှိတော့ပါဘူး၊ ဒါပေမယ့်....'

သူမက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

လုယိကျုံးက....

'အဆိပ်တွေက ခန္ဓာကိုယ်ထဲမှာ ရောက်နေတယ်ဆိုတော့ အချိန်မရွေး ထကြွလာနိုင်တယ် ဆိုပါတော့ဗျာ'

ကျေဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ရှင်'

လုယိကျုံးက....

'ကျုပ်ခဲ့ဖူးသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

ဟုလက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရှင်းပြောလိုက်လေသည်။

ကျေဖုံး ပြုံးလိုက်သည်။

'ကိစ္စမရှိဘူးရှင့်၊ ကျွန်မက ဒုက္ခရောက်နေတဲ့လူကိုတွေ့လို့ စေတနာနဲ့ကူညီတာပါ၊ ရှင့်အတွက် အဆိပ်ဖြေဆေးရဖို့ဟာ အရေးကြီးပါတယ်'

လုယိကျုံးက....

'ကျုပ်က ကြူးလင်နဲ့ သွားတွေ့လိုက်ပါ့မယ်'

ကျေဖုံး ခေါင်းခါယမ်းလိုက်လေသည်။

'ရှင် သွားလို့ မဖြစ်ဘူး'

လုယိကျုံး အံ့သြသွားသည်။

'ဘာဖြစ်လို့လဲဗျ'

ကျွဖုံးက....

'ရှင်သွားတွေ့ရင် ကြူးလင်က ရှင့်ကို သတ်ပစ်လိုက်မှာပေါ့'

သုယိကျုံး ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က သူနဲ့ ရင်ဆိုင်နိုင်ပါတယ်'

'ရှင် အဆို့ပ်မိထားတာ ဘယ်လိုလုပ်ပြီး ရင်ဆိုင်မလဲ'

'ကျုပ်'

လုယိကျုံး မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

သူ၏ ခွန်အားများ ပျောက်ကွယ်နေသဖြင့် သိုင်းပညာအသုံးပြုဖို့ ခက်ခဲနေသည် မဟုတ်ပါလား။

အကယ်၍....

သူကသိုင်းပညာကိုထုတ်ဖော်အသုံးပြုလိုက်ပါလျှင် အဆို့်တန်ခိုးပြလာပြီး ချက်ချင်းဒုက္ခရောက်သွားပေလိမ့်မည်။

ကျွဖုံးက....

'ဒါပေမယ့် မဖြစ်ပါနဲ့၊ ရှင့်အတွက်အဆိပ်ဖြေဆေးရအောင် ကျွန်မ တောင်းပေးပါ့မယ်'

လုယိကျုံးက သူမအား ကြည့်လိုက်၏။

ကျွဖုံးကလည်း ကြည့်နေသည်ဖြစ်ရာ မျက်လုံးချင်း ဆုံလိုက်မိလေသည်။

နှစ်ယောက်သား အတန်ကြာအောင် စိုက်ကြည့်နေမိကြလေသည်။

အတော်ကံဆိုးကြာမှ ကျွဖုံးသတိဝင်လာကာ ခေါင်းငုံ့ထားလိုက်လေသည်။

လုယိကျုံး သက်ပြင်းချလိုက်လေသည်။

'ညီမရဲ့ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး'

ဟု ပြောလိုက်လေသည်။

ကျွဖုံးက....

'ကိစ္စမရှိပါဘူး၊ ရှင် နေကောင်းသွားဖို့ကလွဲပြီး တခြားဘာမှ အရေးမကြီးပါဘူးရှင်'

လုယိကျုံးက မတ်တတ်ရပ်လိုက်သည်။

'ကျုပ်ကို ခွင့်ပြုပါဦး'

ဟု ခွင့်တောင်းလိုက်လေသည်။

ကျေဖုံးအုံဩသွားပြီး....

'ရှင် သူးတော့မယ်ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ရှင်... ရှင့်မှာ အဆိပ်မိနေတယ်ဆိုတာ ရှင်မေ့နေပြီလား'

လုယိကျုံးက....

'ကျုပ် မမေ့ပါဘူး'

ကျေဖုံးက....

'ဒါဖြင့် ရှင်က ကြူးလင်ကိုသွားရှာမယ်ပေါ့ဟုတ်လား'

'ဟုတ်တယ်'

'ရှင်.... ရှင်.... ဒုက္ခရောက်သွားလိမ့်မယ်'

လုယိကျုံးက....

'ကိစ္စမရှိပါဘူးဗျာ၊ သူက ကျုပ်ကို ဘာကြောင့် ဒုက္ခပေးချင်ရတယ်ဆိုတာ ကျုပ်ကဖြေရှင်းရုပါလိမ့်မယ်'

'ရှင် တော်တော်ခက်ပါလား'

ကျေဖုံးက ညည်းတွားလိုက်လေသည်။

လုယိကျုံးကဲ....

'ကျုပ်ကိုခွင့်ပြုပါဦးဗျာ'

ဟု နှုတ်ဆက်လိုက်၏။

ကျေဖုံးသည် လုယိကျုံးအား မည်သို့မှ ဟန့်တားရန် နှိုင်တော့မည်မဟုတ်ကြောင်း သဘောပေါက်လိုက်လေသည်။

သူမ ဝမ်းနည်းကြေကွဲလာတော့သည်။

ထို့စဉ်....

'ကျုပ်က ခစ်ဗျားရဲ့ ကျေးဇူးကို ပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်ဗျာ၊ တစ်နေ့ပြန်ဆုံတွေ့ကြသေးတာပေါ့'

လုယိကျုံးက နှုတ်ဆက်လိုက်ပြီး အခန်းတွင်းမှတိတ်ဆိတ်စွာပင် ထွက်ခွာသွားလေတော့သည်။

* * *

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာတော့မည် ဖြစ်လေသည်။

အရှက်ဦး၏ဆောင်ခြည်များ ထွက်ပေါ်လာ၏။

လမ်းဆုံလမ်းခွတွင် သွားလာလှုပ်ရှားသူများရှိလာသည်။

ဝန်းကျင်တစ်ခုလုံး လှုပ်ရှားသက်ဝင်လာလေတော့သည်။

လုယိကျုံးသည် လမ်းဆုံလမ်းခွကို ကျော်ခိုင်းကာ ထွက်လာခဲ့ပြီဖြစ်လေသည်။

ကြူးလင်အား သူကလိုက်ရှာပြီး အဘယ်ကြောင့် တို့က် ခိုက်ခဲ့ရသည်ကို ဖြေရှင်းရမည်ဖြစ်လေသည်။

လုယိကျုံးသည် လူရှင်းသော တောလမ်းတစ်နေရာသို့ ဆောက်လာသောအခါ အနောက်ဘက်မှ ပြေးလိုက်လာသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယိကျုံး ခြေလှမ်းရပ်သွားကာ လှည့်ကြည့်လိုက်လျှင် မိန်းစလေးတစ်ယောက်ပြေးလိုက်လာသည်ကို တွေ့မြင်လိုက်ရ လေသည်။

ထိုမိန်းကလေးမှာ ပန်ပန်ဖြစ်ပါသည်။

ပန်ပန်သည် အနီးသို့ရောက်ရှိလာသည်နှင့်....

'ရှင် တော်တော်ရိုင်းစိုင်းတဲ့လူပဲ'

ဟု အော်ငေါက်ကာ ပါးရိုက်ချလိုက်လေသည်။

လုယိကျုံး ကပျာကယာရှောင်တိမ်းလိုက်ပြီး....

'မိန်းစာလေးမင်းဘယ်လိုလုပ်လိုက်တာလဲ၊ မင်းကိုကျုပ်လဲ မသိပါလား'

ဟု ပြောလိုက်သည်။

ပန်ပန်က ခါးထောက်လိုက်ပြီး....

'မသိဘူးဟုတ်လား၊ ရှင်ကကျေးဇူးတရားကို ချက်ချင်း မေ့ပစ်တတ်တဲ့လူစားမျိုးပေါ့ဟုတ်လား'

'ဗျာ'

လုယိကျုံး အံ့သြသွားလေသည်။

ပန်ပန်က....

'သခင်မလေးက ရှင့်ကိုလူဆိုးတွေလက်ထဲက ကယ်တင် ပေးခဲ့တယ်၊ အဆိပ်ကြောင့် ဒုက္ခမရောက်အောင် ကူညီခဲ့ရ

တယ်၊ ရှင်ကတော့ သခင်မလေးကို ဥပေက္ခာပြုသွားတယ် ပေါ့ဟုတ်လား'

လုယိကျုံးသည် ယခုမှ ပန်ပန်နှင့် ကျေဖုံးတို့ ပတ်သက် နေကြောင်းကိုလည်းကောင်း၊ သူ့အဖေ အထင်မှားနေ သည်ကိုလည်းကောင်း သတိပြုမိသွားလေသည်။

ထို့ကြောင့်....

'ကျုပ်က ကြုံးလင်နဲ့သွားပြီး ဖြေရှင်းဖို့ သခင်မလေးကို ခွင့်တောင်းပြီး ထွက်လာခဲ့တာပါ'

ဟု ရှင်းပြလိုက်လေသည်။

ပန်ပန်က....

'ရှင် ခွင့်တောင်းပြီးထွက်လာလဲ့ မရဘူး'

'ဗျာ'

'ရှင်ဟာ သတို့သားကစ်ယောက်ဖြစ်နေပြီဆိုဘာ မမေ့နဲ့'

'ဟင်'

လုယိကျုံး အံ့သြသွားလေသည်။

ပန်ပန်ကို နှားလေညှိနိုင်ခဲ့ကြည့်ကာ....

'ကျုပ်....ကျုပ်က သတို့သားဖြစ်နေပြီ ဟုတ်လား'

'ဟုတ်ဘယ်'

လုယိကျုံး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘာမှ နှားမသည်နိုင်ဘော့ပါဘူးဗျာ'

ဟု ပြောလိုက်လေသည်။

ပန်ပန်က မဲ့ပြုံးပြုံးလိုက်သည်။

'ဩော်....ရှင်နှားမထည်ဘူးကိုး၊ ကောင်းပြီ ကျွန်မ ရှင့်ကို ရှင်းပြမယ်'

'ပြောပါဗျာ'

'ကျွန်မတို့သခင်မလေးမှာ စည်းကမ်းတစ်ခုဆုတ်ထားတာ ကို သိုင်းလောကတစ်ခုလုံး သိကြတယ်ရှင့်၊ သခင်မလေးရဲ့ စည်းကမ်းဟာ....'

သူမသည် ကျေဖုံးနှင့်ပတ်သက်ပြီး ရှင်းပြပြောဆိုလိုက် လေသည်။

လုယိကျုံး ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

ပန်ပန်က....

'သခင်မလေးက ရှင့်ကို နီးနီးကပ်ကပ် ဆေးကုပေးခဲ့ရသေးတယ်၊ မီနစ်မျှလေးတစ်ယောက်ဟာ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ခုလိုနီးနီးကပ်ကပ်ရှိနေခဲ့တာကို လူတွေသိသွားကြရင် ဘာပြောကြမလဲ၊ ရှင်က ဂရုမစိုက်ဘဲ ထွက်သွားနိုင်တာပေါ့၊ ကျွန်မရဲ့သခင်မလေးသာ အရှက်တကဲ့အကျိုးနည်း ဖြစ်ကျန်ရစ်နိုင်ရပြီ'

လုယီကျုံး မျက်နှာပျက်သွားလေသည်။

'ကျုပ်....ကျုပ် ဒီလိုဖြစ်မယ်မှန်း မသိလိုပါ'

ပန်ပန်က....

'ရှင်က သခင်မလေးအတွက် တာဝန်ယူမယ်မဟုတ်လား၊ သခင်မလေးရဲ့ အရှက်နဲ့ဂုဏ်သိက္ခာဟာ ရှင့်လက်ထဲမှာရှိနေပြီ၊ ရှင်ငြင်းလိုက်မယ်ဆိုရင် သခင်မလေးဟာ လူတောထဲမျက်နှာမပြဝံ့ဘဲ ရှက်တာနဲ့ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်မှာသေချာတယ်'

'ဟာ....ဒီလိုတော့ မလုပ်ပါနဲ့ဗျာ'

လုယီကျုံးက အထိတ်တလန့် ပြောလိုက်လေသည်။

ပန်ပန်ကို....

'ဒါဖြင့် သခင်မလေးရဲ့ သတို့သားအဖြစ်နဲ့ ရှစ်ကပြန်လိုက်ခဲ့မယ်မဟုတ်လား'

'ကျုပ်....ကျုပ်'

လုယီကျုံးသည် မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ပန်ပန်က မကျေမနပ်ဖြင့်....

'ဘာလဲ၊ ရှင် ငြင်းချင်သေးလို့လား'

လုယီကျုံး သက်ပြင်းချလိုက်သည်။

'သခင်မလေးဟာ ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့ အသက်သခင်ကျေးဇူးရှင် ဖြစ်နေပါပြီ၊ သူ့ရဲ့ကျေးဇူးကို ကျုပ်ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ သူ့ရဲ့ဇရှက်နဲ့ဂုဏ်သိက္ခာကို ဆာကွယ်စောင့်ရှောက်ဖို့ ကျုပ်မှာ တာဝန်ရှိနေတယ်ဆိုတာလဲ ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ၊ မြန်မြန်ပြော'

ပန်ပန်က ငေါက်လိုက်လေသည်။

လုယိကျုံးက....

'ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ဆောင်ရွက်စရာ ရှိနေသေးလို့ပါဗျာ'

ပန်ပန်က....

'မလို့ချင်ဘူး၊ ရှင်က သခင်မလေးနဲ့လိုက်တွေ့ရမယ်'

'ကျုပ်'

'ရှင်ငြင်းမယ်ဆိုရင် ကျွန်မအဆိုးမဆိုနဲ့၊ သခင်မလေးကို အရှက်ခဲတဲ့လူကို ကျွန်မတ လောကမှာ အသက်ရှင်လျက်မထားနိုင်ဘူး'

စကားဆုံးလျှင် ပန်ပန်က တိုက်ခိုက်ရန် ဟန်ပြင်လိုက်ထေသည်။

လုယိကျုံးက အနည်းငယ်စဉ်းစားလိုက်ပြီး....

'ကောင်းပြီ၊ ကျုပ် သခင်မလေးနဲ့လိုက်တွေ့ပါ့မယ်'

ဟု သဘောတူလိုက်လေသည်။

သူက ပန်ပန်အား ကြောက်ရွံ့၍မဟုတ်ပါ။

သခင်မလေးကျေဖုံးအပေါ် ကရုဏာသက်မိသဖြင့်အကျိုးအကြောင်း လိုက်လံရှင်းပြရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ထို့နောက်....

သူတို့နှစ်ယောက်သည် လမ်းဆုံလမ်းခွဆီသို့နောက်ကြောင်းပြန်လာခဲ့ကြလေတော့သည်။

* * *

ပန်ပန်က....

'သခင်မလေးကို ဂါရဝပြုလိုက်လေ'

ဟု ငေါက်လိုက်လေသည်။

လုယိကျုံး သက်ပြင်းချကာ....

'သခင်မလေးကို ဂါရဝပြုပါတယ်ခင်ဗျာ'

လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

ကျေဖုံးက....

'ရှင် ဘာကြောင့်ပြန်လာတာလဲ'

ဟုမေးလေသည်။

လုယိကျုံးက....

'သခင်မလေးကို ပြောစရာရှိလို့ပါ'

'ဘာရှင့်'

ပန်ပန်၏အသံ ကျယ်လောင်စွာ ထွက်ခေါ်လာလေသည်။

ကျေဖုံး ထက်ကာပြလိုက်သည်။

တည်းခိုခန်း။

လုယိကျုံးသည် သခင်မလေးကျေဖုံးရှိနေသည့် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်လေသည်။

သခင်မလေးကျေဖုံးစာ သူမ၏အခန်းတွင်းရှိ ထိုင်ခုံထဲလုံးတွင်ထိုင်ကာ ငေးငိုင်နေသည်ကို တွေ့ရလေသည်။

လုယိကျုံးနှင့်ပန်ပန်တို့ ဝင်လာကြသည်ကို တွေ့ရသော အခါ သူမ၏မျက်နှာ ပြုံးရွှင်သွားလေသည်။

သို့သော် မျက်နှာချက်ချင်းပြန်ညှိုးသွားပြီး ခေါင်းငုံ့ထားလိုက်လေသည်။

'သူပြောပါစေ'

ပန်ပန် နောက်ဆုတ်လိုက်လေသည်။

လုယီကျုံးက....

'ကျုပ်ဟာ အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် လူသစ်ယောက်ကို လိုက်ရှာနေရတာဖြစ်ပါတယ်၊ သူ့ကိုတွေ့အောင် ရှာရပါလိမ့်မယ်၊ မတွေ့ရသေးဘဲ ဘယ်လို ကိစ္စမျိုးလဲ အောင်ရွက်လို့ မဖြစ်ပါဘူး'

ကျေဖုံးက....

'ဘယ်လိုကိစ္စမျိုးလဲရှင်၊ ဘယ်သူ့ကိုလိုက်ရှာနေတာလဲ ပြောနိုင်ရင် ပြောပြပါလား'

'ကျုပ်က....'

လုယီကျုံး ပြောသင့်မပြောသင့် ဝေခွဲမရ ဖြစ်သွားသည်။

ကျေဖုံးက....

'ကျွန်မတို့မိုးအိမ်ဂိုဏ်းဟာ သိုင်းလောကမှာ အဖွဲ့ခံဂိုဏ်း အများကြီးရှိပါတယ်၊ ကျွန်မတို့ရဲ့ ဂိုဏ်းသားတွေဟာ သိုင်း

လောက တစ်နံတစ်လျား ဆွဲးလာလှုပ်ရှားနေကြပါတယ်၊ ဒါကြောင့် ရှင်လိုက်ရှာနေတဲ့လူကိုသာ သိရုမယ်ဆိုရင် ကျွန်မလူတွေကို ရှာခိုင်းလိုက်လို့ ရပါတယ်'

ဟု ပြောလေသည်။

သူမသည် တူညီလိုစိတ်ဖြင့် ပြောနေခြင်းဖြစ်ကြောင်းထင် ရှားပေတော့သည်။

လုယီကျုံးက....

'သခင်မလေးကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်လိုက် ရှာနေတဲ့လူဟာ ပေါင်းမြို့က လက်ဖက်ခြောက်ပိုင်ရှင် ယင်းကွေ့ဖြစ်ပါတယ်ဗျာ'

'ဟင်'

ယင်းကွေ့ဆိုသောအမည်ကို ကြားလိုက်ရလျှင် ကျေဖုံး ရော ပန်ပန်ပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

သူတို့ကြားသိခဲ့ရသော သတင်းများ မှန်ကန်နေပြီမဟုတ်ပါလော။

'လက်စသတ်တော့ ရှင်ဟာ ယင်းကွေ့လို့နာမည်ပြောင်းထားတဲ့ နဂါးသရဲ လုံကွေ့ကိုလိုက်ရှာနေတာကိုး၊ ဒုဝေထက် ရှင်ကဲ့ရှေ့ပုရပိုက်ကိုလိုချင်လို့ပေါ့ ဟုတ်လား'

လုယိကျုံးစာ....

'မဟုတ်ပါဘူး၊ ကျုပ်ရဲ့မိဘတွေကို လုပ်ကြံ့ သတ်ဖြတ်သွားတဲ့ လူဟာ ဘယ်သူလဲဆိုတာကို သိချင်လို့ပါ'

ကျေဖုံး အံ့သြသွားသည်။

'လက်စသတ်တော့ ရှင့်မိဘတွေဟာ ရန်သူ့ရဲ့လက်ချက်နဲ့ လုပ်ကြံခံခဲ့ရတာကိုး'

'ဟုတ်ပါတယ်ဗျာ'

'ရန်သူ ဘယ်သူဘယ်ဝါဆိုတာ ရှင်မသိဘူးပေါ့၊ ဟုတ်လား'

လုယိကျုံးက....

'ဟုတ်ပါတယ်ဗျာ ကျုပ်မသိပါဘူး၊ ရန်သူ ဘယ်သူဘယ်ဝါဆိုတာ ယင်းကွေ့က သိပါတယ်၊ သူတစ်ယောက်ပဲ ပြောပြနိုင်မှာမို့ပါ'

ကျေဖုံးက....

'ရှေ့ပုံရပိုက်နဲ့ ပတ်သက်ပြီး သိုင်းလောကသားတွေဟာ ယင်းကွေ့ကို လိုက်ရှာနေကြတာရော ရှင်သိပြီးပြီလား'

ဟု မေးလေသည်။

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ကျုပ်က သိုင်းလောကထဲကိုရောက်လာတာနဲ့ ဒီသတင်းကို ကြားပြီးပါပြီ'

ကျေဖုံးက....

'ရှင်ပြောခဲ့တဲ့ ယင်းကွေ့ဟာ သိုင်းလောကသားတိုင်း လိုချင်မက်မောနေကြတဲ့ ရှေ့ပုရပိုက်နဲ့ ပတ်သက်နေတယ် ဆိုဘာရော ရှင်သိသလား'

လုယိကျုံးက....

'ကျုပ် သတင်းကြားပြီးပါပြီ'

ကျေဖုံးက....

'ယင်းကွေ့စာ ဇာတ်မြုပ်ပုန်းအောင်းနေပေမယ့် သိုင်းလောကသားတွေက သူ့အကြောင်း သိသွားလို့ ထွက်ပြေးသွားပြီ'

လုဟိ ကျုံးက....

'ဟုတ်ပါတယ်၊ ပေါင်ကျင်းပြီကိုဆောက်တဲ့သူ့ကိုမတွေ့ရတော့ပါဘူး'

ကျေဖုံးက....

'အင်း....ယင်းကွေ့ကိုဒွါရမယ်ဆိုရင်ဒီတဲ့အတောင်ကိုခက်ခဲလိမ့်မယ်၊ သူတာတစ်ခါနိုက ဆနက်ဆောင် သိုင်းလောကမှာ လှုပ်ရှားလှုပ်ရှားကောက် ကျော်ကြားခဲ့သူတစ်ယောက်ပဲ၊ သိုင်းလောကအကြောင်းကောင်းကောင်းကြီးနားလည်ထားတယ်၊ ဆန္ဒရထ်ကို ဘယ်လို ရှောင်ရတိမ်းရမယ်ဆိုတာလဲ အတွေ့အကြုံရှိပြီးသားဖြစ်တယ်၊ ပြီးတော့ သူ့နှောက်ကို သဲကြီးမဲကြီး လိုက်နေကြသူတွေရှိတော့ ဆန္ဒရထ်သမသေးဘူးရှင့်'

လုယိကျုံးက....

'ကျုပ်ရဲ့ မိတ်တွေအကြောင်းသိရဖို့ သူ့ကို တွေ့အောင် ရှာရမှာပါ၊ ဘယ်လို အခက်အခဲနဲ့ တွေ့ရ တွေ့ရ ကျုပ်ဘ ထက်လျှော့မှာ မဟုတ်ပါဘူး'

ဟု တည်တည်ကြည်ကြည် မျက်နှာထားဖြင့် ပြောလေသည်။

ကျေဖုံးက....

'မွန်ပါတယ်လေ၊ ရှင့်ရဲ့ အခက်အခဲကို ကျွန်မ သဘော ပေါက်ပါတယ်၊ ရှင် သွားချင်တယ်ဆိုရင် သွားနိုင်ပါပြီ'

ဟု ခွင့်ပြုလိုက်လေသည်။

ထိုစကားကြားလျှင် ပန်းပန် မကျေမနပ် ဖြစ်သွားလေသည်။

'သခင်မလေး သူ့ကို လွှတ်လိုက်လို့မဖြစ်ဘူး'

ဟု ပြောလေသည်။

ကျေဖုံးက လက်ဝှေ့ယမ်းပြလိုက်သည်။

'သူ သွားပါစေ'

'သခင်မလေး'

ပန်းပန်သည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်ပြီးမှ ဘာမှ မပြောတော့ဘဲ နောက်ဆုတ်လိုက်၏။

'ကျေးဇူးပါပဲဗျာ၊ ကျုပ်ကိုခွင့်ပြုပါဦး'

လုယိကျုံးက ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။

ပန်ပန်က....

'ဘယ်သူလဲ'

ဟု မေးလိုက်၏။

အပြင်ဘက်မှ....

'ကြူးလင်ပါ၊ သခင်မလေးနဲ့ တွေ့ပါရစေဗျာ'

ကြူးလင်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။

ပန်ပန် မျက်နှာပျက်သွားလေသည်။

'သခင်မလေး ကြူးလင်ရောက်လာပြီ'

ဟု ကျေဖုံးအား လှည့်ပြောလိုက်သည်။

ကျေဖုံးက အနည်းငယ်စဉ်းစားလိုက်ပြီးမှ လုယိကျုံးကို ကြည့်ကာ....

'ရှင်က အခန်းထဲမှာပဲနေပါ'

ဟု မှာကြားလိုက်သည်။

ထို့နောက် ပန်ပန်နှင့်အတူ အခန်းတံခါးဖွင့်ကာ အပြင် ဘက်သို့ လှမ်းထွက်လိုက်လေသည်။

* * *

ကြူးလင်....

ကြူးလင်သည် အခန်းရှေ့၌ ရပ်နေ၏။

သူ၏ အသွင်သည် အလွန်နောင်တရနေသူ တစ်ယောက် ကဲ့သို့ ရှိနေ၏။

သခင်မလေး ကျေဖုံးကိုမြင်လျှင် ချက်ချင်းဦးညွတ်ဂါရဝ ပြုလိုက်လေသည်။

'သခင်မလေးကို ဂါရဝပြုပါတယ်'

ကျေဖုံးက....

'ရှင် ဘာလာလုပ်တာလဲ၊ အစ်ကိုတော် ထင်းစန်းဆော'

ဟု မေးလိုက်လေသည်။

ကြူးလင်က....

'သခင်လေးထင်းစန်း မပါပါဘူး၊ ကျုပ်တာအရေးကြီးတဲ့ ကိစ္စရှိလို့ လာခဲ့တာပါ'

ကျေဖုံးက....

'ဘယ်လို ကိစ္စရှိလို့လဲ၊ ပြောစမ်းပါဦး'

ဟု မေးလိုက်ပြန်သည်။

ကြူးလင်ကာ....

'ကျုပ်က အဆိပ်ဖြေဆေး ပေးချင်လို့ပါဗျာ'

'ဘာရှင့်'

'ကျုပ်ကို လူတစ်ယောက်ကို အဆိပ်အပ်နဲ့ ပစ်ခဲ့မိတယ်၊ အမှန်တော့ လူမှားသွားတာပါ၊ ကျုပ်ရဲ့မှားယွင်းမှုကြောင့်

အပြစ်မရှိတဲ့လူတစ်ယောက် ဒုက္ခရောက်သွားမှာကို မလိုလားပါဘူး၊ ဒါကြောင့် အဆိပ်ဖြေဆေး လာပေးတာပါ'

ထိုစကားကြားလျှင် ကျေဖုံးနှင့်ပန်ပန်တို့ ဝမ်းသာသွားကြလေသည်။

သို့သော်....

'နေပါဦး၊ ကျွန်မဘို့နဲ့ အဆိပ်ဖြေဆေးဘယ်လိုများ ပတ်သက်နေလို့လဲ'

ဟု ကျေဖုံးက မေးလိုက်လေသည်။

ကြူးလင်က....

'ကျုပ်က အရေးကြီးတဲ့ကိစ္စရှိလို့ သခင်လေးနဲ့အတူ ရပ်ခဲ့ဆိုကို သွားစရာရှိနေပါတယ်၊ ကျုပ်ဆီကအဆိပ်ဖြေဆေးကိုမရရင် အဲဒီကိစ္စ ဒုက္ခရောက်တော့မှာပါ၊ သူ့ကိုလိုက်ချာလို့ အချိန်မရတော့ပါဘူး၊ ဒါကြောင့် အဆိပ်ဖြေဆေးကို သခင်မလေးဆီမှာ အပ်ထားဖို့ သခင်လေးထင်းစန်းက အကြံပေးတာနဲ့ ခုလိုလာပေးရတာပါ'

ကျေဖုံးက....

'ဩော်....ကျွန်မဆီကို လာပြီး အကူအညီတောင်းတာပေါ့ဟုတ်လား'

ကြူးလင်က....

'ဟုတ်ပါတယ်ဗျာ'

ကျော်ဖုံးက....

'ကောင်းပြီလေ၊ အစ်ကိုတော်က ပြောလိုက်တယ်ဆိုတော့လဲ ကျွန်မလက်ခံရမှာပေါ့၊ အဆိပ်ဖြေဆေးပေးခဲ့နိုင်ပါတယ်ရှင်'

ကြူးလင်က....

'သခင်မလေး ကူညီမယ်ဆိုလို့ ဝမ်းသာလိုက်တာဗျာ၊ သခင်မလေးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ ဟောဒီမှာ အဆိပ်ဖြေဆေးပါ၊ ကျုပ်ကို သွားခွင့်ပြုပါဦးဗျာ'

ချက်ချင်းပင် အဆိပ်ဖြေဆေးပုလင်းထုတ်ပေးလိုက်၏။

ထို့နောက် ကျော်ဖုံးကို နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

* * *

အခန်းတံခါး ပြန်ပိတ်ထားလိုက်ပြီဖြစ်သည်။

ကျော်ဖုံးနှင့် ပန်ပန်တို့ ဝမ်းသာနေကြသည်။

လုယိကျုံးအား ကယ်တင်ရန် အဆိပ်ဖြေဆေးကို မမျှော်လင့်ဘဲ ရလိုက်ပြီမဟုတ်ပါလား။

ကျော်ဖုံးက....

'ရှင် ကံကောင်းသွားတယ်၊ ဟောဒီအဆိပ်ဖြေဆေးကို သောက်လိုက်ပါရှင်'

ဟု ပြောကာ ကြူးလင်ပေးသွားသောဆေးပုံလင်းလေးကို လှမ်းဖေးလိုက်လေသည်။

ပုလင်းထဲ၌ အနီဆောင်ဆေးလုံးလေးတစ်လုံးရှိနေသည်ကို တွေ့မြင်ရလေသည်။

လုယိကျုံးသည် ကြူးလင်နှင့်ကျော်ဖုံးတို့ ပြောဆိုနေကြသောစကားများကို ကြားသိထားပြီး ဖြစ်လေသည်။

ကျော်ဖုံး၏အရှိန်အဝါကြောင့် အဆိပ်ဖြေဆေးရလိုက်ခြင်းဖြစ်သည်ဟု ယုံကြည်မိလေသည်။

ကြူးလင်သည် အလွန်ကောက်ကျစ်စဉ်းလဲသူဖြစ်ကြောင်း သူမသိသေးပါချေ။

ကျေဖုံးက....

'သောက်လိုက်ပါရှင်၊ အဆိပ်ဝေဒနာဆာက်သာ ပျောက်ကင်းသွားမှ ရှင့်မိဘတွေကို လုပ်ကြံသွားတဲ့ ရန်အကြောင်း လိုက်ပြီးစုံစမ်းနိုင်မယ် မဟုတ်လား'

ဟု တိုတ်တွန်းလိုက်လေသည်။

လုံယိကျုံးက....

'ကျေးဇူးပါပဲဗျာ'

ဆေးပုလင်းထဲမှ အနီရောင်ဆေးလုံးလေးကိုထုတ်ယူကာ သောက်ချလိုက်လေသည်။

ကျေဖုံးနှင့်ပန်ပန်တို့က အခြေအနေကို အကဲခတ်စောင့်ကြည့်နေကြ၏။

ပန်ပန်က....

'ရှင်ဟာ သခင်မလေးရဲ့ကျေးဇူးကို မခမဲ့သင့်ဘူး၊ ရှင့်အတွက်နဲ့ သခင်မလေး ဘယ်လိုအခြေအနေ ရင်ဆိုင်ရမယ် ဆိုတာ ရှင်သိပါတယ်၊ ဒါကြောင့် ရှင့်ရဲ့ရန်သူကို ဖော်ထုတ်ပြီးတာနဲ့ သခင်မလေးဆီကို ပြန်လာရမယ်'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ကျေဖုံး၏မျက်နှာနီရဲသွားပြီး....

'ပန်ပန် မပြောနဲ့'

ဟု တားမြစ်လိုက်လေသည်။

လုယိကျုံး ပင့်သက်ရှိုက်လိုက်မိလေသည်။

ကျေဖုံးသည် သူ့အတွက် အရှက်နှင့်ဂုဏ်သိက္ခာကိုပင် မငဲ့ဘဲ ကူညီခဲ့ခြင်း နားလည်မိ၏။

မိန်းကလေးတစ်ယောက် နစ်နာစေသည့်လုပ်ငန်းရပ်မျိုး လုပ်သူဘည့် ယောကျ်ားကောင်းတစ်ယောက် မဖြစ်နိုင်ကြောင်းလည်း နားလည်ထား၏။

သို့သော်....

မိဘများအားလုပ်ကြံသွားသည့် ရန်သူကို ရှာဖွေရဦးမည် ဟုတ်ပါလား။

ကျေဖုံးကို စိုက်ကြည့်ရင်း....

'ကျုပ်ရဲ့ခန့်သူဟာ အင်ဓတန် ကြောက်စရာကောင်းတဲ့ ထုတစ်ယောက်ဖြစ်မှာ ထင်ရှားပါတယ်၊ ကျုပ်က သူ့ကို ဖော်ထုတ်ရင်ဆိုင်ပြီး အသက်ရှင်နေသေးရင်တော့ သခင်မလေးကို လာခေတ္တပါမယ်လို့ ကတိပေးပါတယ်'

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် ကျေဖုံး၏မျက်နှာ နီရဲသွားပြီး ခေါင်းကုံးလေးငုံ့ထားလိုက်လေတော့သည်။

ပန်ပန်က....

'ရှင့်ရဲ့ရန်သူက ကြောက်စရာကောင်းတယ်ဆိုရင် ဘာ ကြောင့် သခင်မလေးရဲ့အကူအညီကို မယူတာလဲ၊ ခုဆို ရှင်နဲ့သခင်မလေးဟာ ခဲ့ခြားလို့မှမရတော့တာ၊ ရှင့်ရဲ့အခ အခဲဟာ သခင်မလေးရဲ့အခက်အခဲပဲပေါ့၊ သခင်မလေး ကူညီဖြေရှင်းပေးရင် ရှင့်အတွက် ပိုမကောင်းဘူးလား'

ဟု ပြောလိုက်လေသည်။

ကျေဖုံးက ပန်ပန်အား ကျေးဇူးတင်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်လေသည်။

သူမပြောလိုသောစကားများကို ပန်ပန်က ပြောလိုက်သည် မဟုတ်ပါလား။

လုယိကျုံးက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျုပ်ဟာ ယောကျ်ားတစ်ယောက်ပါ၊ အခက်အ တစ်ခုကို ကိုယ့်ရဲ့အစွမ်းအစနဲ့ မဖြေရှင်းဘဲ သူတစ်ပါး အကူအညီကို ယူမယ်ဆိုရင် ယောကျ်ားမပီသရာကျပါ

ယ်၊ မိန်းကလေးဘစ်ယောက် အားကိုးအားထားပြုထိုက်တဲ့ ယောကျ်ားကောင်းတစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ ဟုတ်ပါဘူး၊ ကျုပ်ကို ကူညီကြတာကို ကျေးဇူးတင်ပါ ဘယ်၊ ကျုပ်ရဲ့အခက်အခဲကို ကိုယ့်ရဲ့အစွမ်းအစနဲ့ပဲ ဖြေ ရှင်းပါရစေဗျာ'

ပန်ပန် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

လုယိကျုံး၏စိတ်ထားမှာ ယောကျ်ားပီသပြီး လေးစား ဖွယ်ကောင်းနေသည်မဟုတ်ပါလား။

လုယိကျုံးသည် အဆိပ်ဖြေဆေးသောက်ပြီးပြီဖြစ်၍....

'ကျုပ်ကို ခွင့်ပြုပါဦးဗျာ'

ဟု နှုတ်ဆက်လိုက်၏။

ကျေဖုံးက....

'ကောင်းပါပြီရှင်၊ တကယ်လို့များ အကြောင်းတစ်ခုခု ကြောင့် ကျွန်မကိုတွေ့ချင်တယ်ဆိုရင် မီးအိမ်ဂိုဏ်းရဲ့ဌာနခွဲ တင်ခုခုမှာဝင်ပြီး အကြောင်းကြားသိုက်ပါရှင်'

လုယိကျုံးက....

'ကျုပ်မှတ်ထားပါ့မယ်'

စကားဆုံးလျှင် လှမ်းထွက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ်....

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး....

'ဝုန်း'

ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

* * *

'ဟင်'

'ဟာ'

ကျေဖုံးနှင့်ပန်းပန်တို့ အုံသြသွားကြလေသည်။

လုယိကျုံးသည် ကြမ်းပြင်ပေါ်လဲကျသွားပြီး တုတ်တုတ်မျှ မလှုပ်ခတော့တဲ့ ငြိမ်သက်သွားသည်မဟုတ်ပါလား။

ပန်ပန်က....

'ဘယ်လိုဖြစ်တာပါလိမ့်'

ဟု လှတ်ခနဲ ရေရွတ်လိုက်လေသည်။

ကျေဖုံးက....

'ဒါမရှိးသားဘူး'

သူမသည် ကြမ်းပြင်ပေါ်ဒူးထောက်ချလိုက်ပြီး လုယိကျုံး၏သွေးကြောများကို စမ်းသပ်ကြည့်လိုက်လေသည်။

ထိုအခါ....

လုယိကျုံး၏သွေးခုန်နှုန်းမှာ အလွန်မြန်ဆန်နေပြီး ပုံမှန်အတိုင်းမဟုတ်ဘဲ ဖောက်လဲဖောက်ပြန် ဖြစ်နေသည်ကိုသိလိုက်ရလေသည်။

'ဒုက္ခပဲ'

ကျေဖုံးလှတ်ခနဲ ရေရွတ်လိုက်လေသည်။

ပန်ပန်ပန်က....

'သခင်မလေး ဘာဖြစ်လို့လဲဟင်'

ပန်ပန်က တံခါးဖွင့်လိုက်သည်။

ထိုအခါ အပြင်တက်၌ရပ်နေသော ကြူးလင်ကို တွေ့မြင်လိုက်ရလေသည်။

ပန်ပန်ရောကျေဖုံးပါ အံ့သြသွားကြလေသည်။

ကြူးလင်က ရယ်ကျဲကျဲဖြင့်ရှိနေ၏။

ပန်ပန်က....

'ရှင် ဘာလာလုပ်တာလဲ'

ဟု မေးလိုက်လေသည်။

ကြူးလင်က....

'သခင်မလေး ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ကျုပ်က အလောတကြီးဖြစ်သွားလို့ ဆေးမှားပြီးပေးခဲ့မိတယ်ဗျ'

'ဘာရှင့်'

ကျေဖုံး ရင်ထိတ်သွားလေသည်။

ကြူးလင်က....

ဟု စိုးရိမ်တကြီးမေးလေသည်။

ကျေဖုံးက....

'တစ်ခုခုဘော့မှားနေပြီ၊ သူ့ရဲ့ခန္ဓာကိုယ်တွင်းက အဆိပ်ဝေဒနာ သက်သာပျောက်ကင်းမသွားတဲ့အပြင် ပိုတောင် ဆိုးလာသေးတယ်'

ပန်ပန်က....

'အဲဒါ ကြူးလင်ကိုယုံကြည်မိတာမှားပြီ၊ သူ့ဟာ အကောင်ကြံတာပဲဖြစ်မယ်'

ထိုစဉ်....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပန်ပန်နှင့်ကျေဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကျေဖုံးက လုယိကျုံးအားပွေ့ချီကာ ခုတင်ပေါ်တင်ပြီး စောင်တစ်ထည်ဖြင့် ဖုံးအုပ်ထားလိုက်၏။

'မပြောရမှာ ရှက်ပို့ဒကောင်းပါတယ်ဗျာ၊ ကျုပ်က အဆိပ်ဖြေဆေးနဲ့ ပန်းစည်းစိမ်ဆေးကို မှားပြီးပေးခဲ့မိတယ်'

'ရှင်... ရှင်'

ကျွဲဖုံး၏မျက်နှာ နီရဲသွားလေသည်။

ချက်ချင်းပဲ တို့က်ခိုက်ရန်ဟန်ပြင်လိုက်၏။

ကြူးလင်က....

'ကင်းခြေများအဆိပ်အပ်ထိထားတဲ့လူဟာ ပန်းစည်းစိမ်ဆေးကိုသောက်လိုက်ရရင် သွေးကြောတွေဖောက်ပြန်ပြီး နှမကူးခင် သေဆုံးသွားနိုင်ပါတယ်၊ ဇာသက်မသေချင်ရင် မိန်းကလေးတစ်ယောက်ရဲ့ ပြုစုယုယမှုကို ခံယူရပါလိမ့်မယ်၊ ကျုပ်က....'

'အရှက်မရှိ ဘာတွေလာပြောနေတာလဲ'

ပန်ပန်က ငေါက်လိုက်လေသည်။

ကျွဲဖုံးက....

'ရှင့်ယုတ်မာလှချည်လား၊ ဒါဟာ အစ်ကိုလုယိကျုံးဒုက္ခ ရောက် အောင် တမင်လုပ်တာပဲ၊ သေဖို့သာပြင်ထား'

သူမက အော်ငေါက်တိုက်ခိုက်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

ကြူးလင်က ချာခနဲလှည့်ကာ ဆိုင်အောက်ထပ်သို့ ပြေးဆင်းသွားလေသည်။

ကျွဲဖုံးက....

'မပြေးနဲ့'

ဟု အော်ငေါက်ကာ လိုက်သွား၏။

ထိုစဉ်....

ခုတင်ပေါ်တွင်ရှိနေသော လုယိကျုံး သတိရလာလေသည်။ သူ၏တစ်ကိုယ်လုံး ပူလောင်နေပြီး စိတ်ထဲတွင်လွန်စွာလှုပ်ရှားနေ၏။ အသက်ရှူသံမြန်ကာ ချွေးသီးချွေးပေါက်များ ကျဆင်းနေသည်။

အဆိပ်ဝေဒနာ မသက်သာသည့်အပြင် တစ်စုံတစ်ခုမှားယွင်းနေပြီဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့်....

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ခုန်ထွက်လိုက်ပြီးတစ်ဟုန်ထိုး ပြေးလွှားသွားလိုက်လေတော့သည်။

* * *

ကျေဖုံးသည် ဒေါသတကြီးဖြင့်ကြူးလင်နောက်သို့ပြေးလိုက်သွားလေသည်။

သို့သော်....

ဆိုင်အောက်ထပ်သို့ရောက်သွားသောအခါ ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားလေသည်။

အကြောင်းကား....

ဆိုင်အောက်ထပ်တွင် စားသောက်ခန်းမရှိနေပြီး စားပွဲတစ်လုံးဌာ ထိုင်နေသော ထင်းစန်းကိုတွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ကြူးလင်သည် ထင်းစန်းအနီးသို့သွားရောက်ထိုင်ချလိုက်လေသည်။ ကျေဖုံးက အံကြိတ်လိုက်သည်။

ကြူးလင်နှင့် ထင်းစန်းတို့မှာ တစ်ကြိတ်တည်း တစ်ညက်တည်းဖြစ်ကြောင်း သိလိုက်ရပြီ မဟုတ်ပါလား။

သူမသည် ခြေသံပြင်းပြင်းနင်းကာ လှမ်းသွားလိုက်ပြီး.....

'အစ်ကိုတော်က ဘာသတောသဲ'

ဟု မေးလိုက်လေသည်။

ထင်းစန်း ပြုံးလိုက်သည်။

'ထိုင်ပါဦး ညီမလေးရယ်၊ အေးအေးဆေးဆေးပေါ့'

ကျေဖုံးက....

'မနေနိုင်ဘူးအစ်ကိုတော် သူက'

သူမသည် ကြူးလင်အား လက်ညှိုးညွှန်ရင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

ထင်းစန်းက....

'ဘာဖြစ်လို့လဲညီမ ပြောပါဦး'

'သူ....သူက....'

'သူက ကျုပ်အတွက် အလုပ်လုပ်ပေးနေတာပါ'

ကြူးလင်ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သခင်လေးခိုင်းတဲ့အတိုင်း လုပ်ပေးနေတာပါ'

လုယိကျုံးဒေးဒုက္ခပေးရခြင်းသည် ထင်းစန်းကြောင့်ဖြစ်ကြောင်း ခေါင်းလွှဲပေးလိုက်လေသည်။

ကျေဖုံးက....

'အစ်ကိုတော်က လုယိကျုံးကို ဘာကြောင့်ဒုက္ခပေးရတာလဲ'

ဟု မကျေမနပ်ဖြင့် မေးလိုက်လေသည်။

ထင်းစန်းက....

'သူက ကျုပ်ကို ဒုက္ခပေးဖို့ကြိုးစားလို့ပေါ့'

'ဒုက္ခပေးဖို့'

'ဟုတ်တယ်'

'နေပါဦး၊ တယ်လိုဒုက္ခပေးချင်တာလဲ၊ ပြောစမ်းပါဦး'

ထင်းစန်းက....

'ညီမလေး၊ လျှပ်စီးဂိုဏ်းက စုချင်းကို သိတယ် မဟုတ်သား'

ကျေဖုံးနှာခေါင်းရှုံ့လိုက်လေသည်။

'သိသားပဲ အစ်ကိုတော်က တစ်ဖက်သတ်ကြိုက်နှလုံးမိတာတွေကိုတောင် ပူဆာရတယ်မဟုတ်လား၊ ဒါပေမယ့် စုချင်းက အစ်ကိုတော်ကို ဖုတ်လေတဲ့ငါးပဲ ရှိတယ်လို့တောင် သဘောမထားဘူးဆိုတာ ကျန်မသိတာပေါ့'

ထင်းစန်းက ရယ်မောလိုက်လေသည်။

'ညီမလေးကလဲ ပြောရဲ့မယ်၊ လူကြီးချင်း သဘောဘူးကြမှတော့ စုချင်းက ကျုပ်ကို လက်ထပ်ရမှာပေါ့'

ကျေဖုံးက....

'ဒါ အစ်ကိုတော်တို့ကိစ္စပဲ၊ ကျန်မနဲ့ဘာဆိုင်လို့လဲ'

ထင်းစန်းက....

'ဆိုင်တယ်ညီမလေး၊ လုယိကျုံးဆိုတဲ့ကောင်က စုချင်းကို ရယူဖို့ကြိုးစားနေတာ'

'ဟင်'

မမျှော်လင့်သောစကားကြားလိုက်ရလဖြင့် ကျွဲဖုံး အံ့သြသွား၏။ မကျေနပ်သည့် စိတ်မျှားလည်း ဖြစ်ပေါ်လာလေသည်။

ထင်းစန်းက....

'ဒီကောင်ဟာ ကောင်းတဲ့ကောင် မဟုတ်ဘူး၊ ရုပ်ချောတာလေးကို ပန်းပြပြီး မိန်းကလေးတွေကို ဖျက်ဆီးချင်နေတာ၊ ဒါကြောင့် ဟောဒီက မိတ်ဆွေလေး ကြူးလင်နဲ့ ပေါင်းပြီး ဒီကောင့်ကို ဆုံးမဖို့စီစဉ်ခဲ့တာ'

ကျွဲဖုံးမည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

ထင်းစန်းက....

'ညီမလေးလဲ ဒီကောင်နဲ့ ဝေးဝေးရှောင်နေတာကောင်းမယ်၊ တော်ကြာ ဦးနဲ့ဒေါ်ဒေါသိသွားရင် ညီမလေး အဆူခံနေရဦးမယ်'

ကျွဲဖုံးက....

'သူဟာ အစ်ကိုတော်ပြောသလို ယုတ်မာမယ့် လူတစ်ယောက် မဟုတ်ပါဘူး၊ သူ့ကို ကျွန်မ....'

သူ့စကားမဆုံးမီ ပန်ပန်သည် ဆိုင်အပေါ်ထပ်မှနေ၍ တဒုန်းဒုန်းမြည်အောင် ပြေးဆင်းလာကာ....

'သခင်မလေး လုယိုကျုံးမရှိတော့ဘူး ထွက်ပြေးသွားပြီ'

ဟု ပြောလာလေသည်။

'ဘာ....'

ကျွဲဖုံး အလန့်တကြားဖြစ်သွားသည်။

သူမသည် ဘာကိုမှစဉ်းစားမနေတော့ဘဲ ဆိုင်အပြင်ဘက် ပြေးထွက်သွား၏။

ပန်ပန်လည်း လိုက်သွားလေသည်။

ထင်းစန်းက....

'ခက်တော့တာပဲ'

ဟု ညည်းတွားလိုက်လေသည်။

ကြူးလင်က ရယ်မောလိုက်သည်။

'ဟိုကောင်ကို သခင်မလေးကျွဲဖုံးက ကယ်တင်ထားတယ်ဆိုတာ သခင်လေးယုံပြီမဟုတ်လား၊ ဟဲ့....ဟဲ့၊ ဘာမှ

မပူပါနဲ့တော့ဗျာ၊ ကျုပ်ရဲ့အဆိပ် နှစ်မျိုးတောင်မိထားပြီး ပါပြီ၊ ဒီဒကာင် မခံနိုင်တော့ပါဘူး'

ဟု ပြောလေသည်။

ထင်းစန်းက....

'ကြူးလင် ခင်ဗျား သေချာရဲ့လား'

ဟု မေးလိုက်သည်။

ကြူးလင်က....

'သိပ်ကို သေချာတာပေါ့ဗျာ၊ နောက်ထပ် တိုက်လေး လိုက်တဲ့အဆိပ်ဟာ သတိကောင်းလွတ်စေတဲ့ အာနိသင်ရှိတယ်။ ပထမမိထားတဲ့အဆိပ်နဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် ပိုဆိုးသွား ပြီး အရူးတစ်ဒယာက်လို ဖြစ်သွားလိမ့်မယ်၊ အထူးသဖြင့် မိန်းကလေးတွေနဲ့ပတ်သက်လာရင် စိတ်ဖောက်ပြန်သွားလိမ့် မယ်၊ ဟင်း....ဟင်း....ဒီကောင်ကရုပ်ချောတော့ မိန်းကလေး တွေ ကျနေတယ်မဟုတ်လား၊ သူဟာ မိန်းမနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုမထိန်းနိုင်တဲ့လူဖြစ်သွားရင် နာမည်ပျက်ပြီပေါ့။ တစ်သက်လုံး လူဘောထဲ မျက်နှာပြဝံ့ဘော့မှာမဟုတ်ဘူး။ ကျုပ်က မုတ်လောက်သားလောက်အောင် ဆုံးမချင်တာနဲ့ အခုလိုလုပ်လိုက်တာ'

ဟု အားရပါးရပြောလေသည်။

ဤတွင် ထင်းစန်းလည်း သဘောကျသွားပြီး ဟားတိုက် သံများလိုက်လေတော့သည်။

* * *

သွေးမျှားလည်း ပွက်ပွက်ဆူနေ၏။

ကြူးလင်၏အဓောက်ကြံမှုကြောင့် လုယိကျုံး အကြီး
ကျယ် ဒုက္ခရောက်နေရခြင်း ဖြစ်ပေတော့သည်။

မည်မျှကြာအောင် ပြေးလွှားလာမိမှန်းမသိ။

'ဝုန်း'

မြေပေါ်ထိုးထွက်နေသော သစ်မြစ်ဘစ်ခုကို ခလုတ်တိုက်မိ
လိုက်ပြီး ဝုန်းခနဲလဲကျိသွားရာ တစ်ကိုယ်လုံး နာကျင်သွား
စေသည်။

တိုအခါမှ အသိတရားဝင်ရောက်လာလေသည်။

'ဝါဘယ်ကိုရောက်နေပြီလဲ'

လုယိကျုံးသည် ပြူးကျယ်သောမျက်လုံးများဖြင့် ပတ်
ဝန်းကျင်ကို ကြည့်လိုက်လေသည်။

ဆိုစဉ်....

'ချင်တို့ မတရားမလုပ်နဲ့'

သုမ်းမကမ်းမှ အော်ငေါက်သံ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရ၏။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်နေ၏။

လုယိကျုံးသည် လေကိုဆန်ကာ တအားပြေးလာခဲ့ခြင်း ဖြစ်လေသည်။

သစ်ပင်ချုံပုတ်များသည် အနောက်ဘက်တွင် တရိပ်ရိပ်ဖြင့် ကျန်ရစ်ခဲ့သည်။

ဘယ်ရပ်ဘယ်ဝယ် ရောက်လေသည်မသိပါ။

သူ၏ဦးခေါင်းထဲ ပေါက်ကွဲတော့မတတ် နာကျင်ကိုက်ခဲနေ၏။

သူ၏မျက်နှာနှင့်မျက်လုံးများ နီရဲနေသည်။

အနီးပတ်ဝန်းကျင်၌ လူသူရှိနေသည်ထင်ကား။

ကြားလိုက်ရသောအသံသည် မိန်းကလေးတစ်ယောက်၏ အသံဖြစ်နေ၏။

လုယိကျုံးရင်ထဲ လှုပ်ရှားသွားလေသည်။

မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

ထို့နောက် အသံထွက်ပေါ်လာရာဆီသို့ လှမ်းသွားလိုက်လေသည်။

ထစ်ပင် ချုံနွယ်များကြားမှ တိုးဝှေ့ဖြတ်သန်းသွားရာ မကြာပါခဲ့၊ တောအုပ်အတွင်း၌ မြေကွက်လပ်တစ်ခုဝယ် သည်ကိုယည်းကောင်း၊ ထိုမြေကွက်လပ်တွင် လူလေးငါး ယောက်ရှိနေသည်ကိုလည်းကောင်း တွေ့လိုက်ရလေသည်။

လုယိကျုံးသည် တစ်ချက်တစ်ချက် သတိဝင်နေပြီး တစ်ချက်တစ်ချက် သတိလွတ်ကင်းနေသူပမာ ဖြစ်နေသည်။

ဟာ့...

သူက သတိဝင်နေလေသောအခါ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်နေကြောင်း ဆင်ခြင်မိလိုက်ပြီး ဆစ်ပင်တစ်ပင်နောက်

မြေကွက်လပ်၌ လူငါးယောက်ရှိနေပါသည်။

လူကြမ်းကြီးလေးယောက်က အသက်ဆယ့်ခုနစ်နှစ်ရှိ မိန်းကလေးတစ်ယောက်အား ဝိုင်းရံထားကြခြင်းဖြစ်လေသည်။

ထိုမိန်းကဲလေးမှာ အနီရောင်အင်္ကျီအစားများ ဝတ်ဆင်ထား၏။

ဦးခေါင်းပေါ်တွင် သိုးမွေးဖြင့်ရက်လုပ်ထားသော ဦးထုပ်တစ်လုံး ဆောင်းထားလေသည်။

သူမ၏တစ်စားဆင်ယင်ပုံနှင့် ရုပ်သွင်မှာ နယ်ခြားဒေသမှ လာသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

အေးမြသောနယ်ခြားဒေသတွင် နေထိုင်ကြီးပြင်းခဲ့သူပီပီ ပါးစပ်လေးမျှားနီရဲနေ၏။

အသားဆွတ်ဆွတ်ဖြူဝင်းဖွေးနေ၏။

ထူထဲသောမျက်ခုံး၊ နက်မှောင်သောဆံကေသာ၊ နီစွေးသောနှုတ်ခမ်းမျှားဖြင့် ချောမောလှပသူလေး ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

လူကြမ်းကြီးလေးယောက်သည် ထိုမိန်းကလေးအား ဝိုင်းရံထားကြပြီး တဟီးဟီးတဟားဟား ရယ်မောနေကြလေသည်။

မိန်းစလေး ဒေါပွနေပါသည်။

'ရှင်တို့ အေးအေးဆေးဆေး လမ်းဖယ်ပေးကြရင် ကောင်းမယ်'

ဟုပြောလိုက်သည်။

လူကြမ်းကြီးတစ်ယောက်က....

'မိန်းကလေး မင်းဟာ နယ်ခြားကနေ မျက်စိလည်လမ်းမှားပြီး ပြည်မကိုရောက်လာတာမဟုတ်လား၊ မင်းကို ကျုပ်တို့က ကူညီကြမလို့ပါ'

ဟုပြောလျှင် အခြားတစ်ယောက်က....

'ဟုတ်တယ် မိန်းကလေး၊ ကျုပ်တို့နဲ့လိုက်ခဲ့၊ မင်း ပျော်သွားစေရမယ်ကွယ့်'

ဟုဝင်ပြောရာ ကျန်လူသုံးယောက်မှာ သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်ကြလေသည်။

မိန်းကလေးအား ဝိုင်းဝန်းနှောင့်ယှက်နေကြခြင်း ဖြစ်ကြောင်း ထင်ရှားနေပါသည်။

လုယိကျုံး မနေနိုင်တော့ပါ။

မိန်းကလေးအား ကူညီမှုဖြစ်မည်ဟု တွေးတောကာလှုပ်ရှားရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ရှင်တို့မနှောင့်ယှက်နဲ့၊ ကျွန်မလူမသတ်ချင်ဘူး'

မိန်းကလေး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

လူကြမ်းကြီးများက ဂရုမစိုက်ဘဲ ဟားတိုက်ရယ်မောလိုက်ကြပြီးလျှင် တစ်ယောက်ချွေတိုးကာ....

'မင်းက ခေါင်းမာနေတော့လဲ ကျုပ်တို့အကြောင်း ပြရဲသေးတာပေါ့'

ဟု ကြိုးဝါးကာ မိန်းကလေး၏လက်ကို လှမ်းဆွဲလိုက်လေသည်။

မိန်းကလေး ခံပြင်းသွားပြီး....

'ဒီလောက်တောင်ဖြစ်လှတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် လက်ဝှေ့ယမ်းလိုက်လေသည်။

ရုတ်ကရက် အနီဆောင်အခိုးအငွေ့များ ထွက်ပေါ်လာကာ ထိုလူကြမ်းကြီး၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

ဤတွင်....

'အား'

လူကြမ်းကြီး၏အော်သံနှင့်ကြီး ထွက်ပေါ်လာလေသည်။

မြေပေါ် ဝုန်းခနဲလဲကျသွားကာ တစ်ကိုယ်လုံးတွန့်လိမ်သွားအောင် အကြောဆွဲသွား၏။

ပါးစပ်ထဲမှလည်း အမြှုပ်တစီစီထွက်လာသည်။

ထို့နောက် တစ်ကိုယ်လုံးမီးသွေးတုံးပမာ မည်းနက်သွားပြီး ငြိမ်ကျသွားလေတော့သည်။

အလွန်ပြင်းထန်သော အဆိပ်ဒဏ်ကို ခံလိုက်ရခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

'တင်'

'ဟာ'

ကျန်လေးယောက် ထိတ်လန့်သွားကြလေသည်။

မိန်းကလေးအား မျက်လုံးပြူးကာကြည့်လိုက်ကြ၏။

မိန်းကလေးက....

'ရှင်တို့ထွက်သွားကြရင် ကောင်းမယ်'

ဟု ပြောလေသည်။

ဘုမ္မ၏အသံ တုန်ခါနေ၏။

သူမကြောင့် လူကြမ်းကြီးတစ်ယောက် ဒုက္ခရောက်သွားရသည်ကို စိတ်ထိခိုက်နေပုံရလေသည်။

လူကြမ်းကြီးသုံးယောက်စာ အဖော်တစ်ယောက်ခံလိုက်ရသော်လည်း အခြေအနေကို နားမလည်နိုင်ကြသေးပါချေ။

'ဒွေးမ ငါတို့အဖော်ကို သတ်ပစ်လိုက်တယ်ပေါ့လေ၊ သိကြသေးဘာပေါ့'

ဟု အော်ငေါက်ကာ လူကြမ်းကြီး တစ်ယောက်သည် ဒေးဒွေ့ယမ်းပြီး အပြေးတစ်ပိုင်း ဝင်တိုက်ခိုက်လိုက်သည်။

မိန်းကလေးက....

'ရှင်တို့ မတရားမလုပ်ကြနဲ့

ဟု အော်ဟစ်လိုက်၏။

သူမသည် လူကြမ်းကြီးအား ကြောက်ရွံ့ ထိတ်လန့်ပုံ မရပါချေ။ ပြန်လည် တိုက်ခိုက်ခြင်း မပြုလိုၟ်သာ တားမြစ်ခြင်းဖြစ်နေကြောင်း ထင်ရှားလေသည်။

လူကြမ်းကြီးကား ဒေါသတကြီးဖြင့် ပြေးဝင်တိုက်ခိုက်လိုက်၏။

သို့တိုင်....

မိန်းကလေးအနီးမဆောက်မီ တစ်လံခန့်အကွာတွင် ခန့်ကိုယ် ဆတ်ခနဲတုန်ခါသွားပြီး မြေပေါ်လဲကျသွားလေသည်။

မြေပေါ်ဆောက်လျှင် ပထမလူကဲ့သို့ပင် အကြောမျှားဆွဲနေပြီး မကြာမီ ငြိမ်ကျသွားလေတော့သည်။

ကျန်လူနှစ်ယောက် မျက်နှာပျက်သွားကြသည်။

မိန်းကလေးအား တိုက်ခိုက်ခြင်းမပြုဝံ့တော့ပါဘူး။

ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

မိန်းကလေးက....

"ရှင်တို့ သွားကြပါဘော့'

ဟု ပြောလေသည်။

ထိုလူနှစ်ယောက်က အံ့ကြိတ်ရင်း...

'မိန်းကလေး မင်း ကျုပ်တို့အကြောင်းကို တစ်နေ့ သိရမယ်'

ဟု ကြုံးဝါးကာ ထွက်ပြေးသွားကြလေတော့သည်။

* * *

လူကြမ်းကြီးနှစ်ယောက် သေဆုံးသွားကာ ကျန် နှစ်ယောက်မှာ ထွက်ပြေးသွားကြပြီဖြစ်လေသည်။

မိန်းကလေးသည် မြေပေါ်လဲကျနေသူ နှစ်ယောက်ကို ကြည့်လိုက်ပြီး....

'ရှင်တို့ကသာ ကျွန်မကို ဒုက္ခမပေးဘူးဆိုရင် အခုလိုဖြစ်စရာ အကြောင်းမရှိပါဘူးရှင်'

ဟု စိတ်မကောင်းစွာပြောလေသည်။

သူမသည် ထွက်သွားရန်တန်ပြင်လိုက်ပြီးမှ....

'ဘယ်သူလဲ ထွက်ခဲ့ပါ'

လုယိကျုံး ပုန်းအောင်းနေရာတက်သို့မျက်နှာမူကာအော်ပြောလိုက်လေသည်။ လုယိကျုံးက တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေသည်ကို ရိပ်မိသွားပုံရလေသည်။

လုယိကျုံးသည် မနေနိုင်တော့ဘဲ ပုန်းကွယ်ရာမှ ထွက်လိုက်လေသည်။ မိန်းကလေးသည် လုယိကျုံးကို မြင်လျှင် မျက်နှာမှာငြုတ်သွားလေသည်။

'ရှင်ကဆော့ ကျွန်မကို ဒုက္ခပေးမလို့လား'

ဟု မေးလာလေသည်။

လုယိကျုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဒုက္ခမပေးပါဘူး၊ မင်းကိုကူညီမလို့ပါ၊ ဒါပေမယ့်....'

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

မိန်းကလေး၏နောက်မှ လူရိပ်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

မိန်းကလေးသည် လုယိကျုံးမျက်နှာ ပျက်သွားသည်ကို တွေ့ရသည်နှင့် အုံသြသွားပြီး....

'ရှင်....ဘာဖြစ်တာလဲ'

ဟု မေးလေသည်။

လူကြမ်းကြီးနှစ်ယောက်သည် တကယ်တမ်း ထွက်သွားခြင်းမပြုသေးဘဲ တိတ်တဆိတ်ချောင်းမြောင်းနေကြပြီး မိန်းကလေးအား အလစ်တိုက်ခိုက်ရန် ကြိုးစားလာကြခြင်း ဖြစ်ပေတော့သည်။

လုယိကျုံးက....

'ဘေးဖယ်လိုက်'

ဟု အော်ပြောကာ ရှေ့သို့ခုန်ဝင်သွားပြီး လူကြမ်းကြီးနှစ်ယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

အကယ်၍....

လုယိကျုံးသာ ကြားဝင်ကူညီခြင်း မပြုလျှင် မိန်းကလေးသည် လူကြမ်းကြီးနှစ်ယောက်၏ အလစ်တိုက်ခိုက်မှုကိုခံရဘဲ မည်ဖြစ်လေသည်။

လုယ်ကျုံးနှင့် လူကြမ်းကြီးနှစ်ယောက် ထိပ်တိုက်ရင်ဆိုင်လိုက်ကြသည်။

ဤတွင်....

'ဝုန်း'

'အား'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာပြီး လူကြမ်းကြီးနှစ်ယောက် အဝေးသို့ လွင့်စဉ်သွားကြလေသည်။

သူတို့သည် မြေပေါ်မှ ကပျာကယာလူးလိမ့်ထလိုက်ကြပြီး နောက်ထပ် အကောက်မကြံရဲကြတော့ဘဲ တစ်ချီးတည်းထွက်ပြေးသွားကြလေတော့သည်။

* * *

အကောက်ကြံခဲ့သည့် လူကြမ်းကြီးနှစ်ယောက် ထွက်ပြေးသွားကြပြီ ဖြစ်သည်။

လုယ်ကျုံးသည် အတွေ့အကြုံနုနယ်လှသည့် မိန်းမချောလေးကို ကယ်တင်နိုင်လိုက်ပြီ ဖြစ်လေသည်။

မိန်းစာလေးက လုယ်ကျုံးအား ဦးညွတ်ကာ....

'ကျွန်မနာမည် မေဝါးလို့ ခေါ်ပါတယ်၊ မြောင်နယ်ခြားက လာခဲ့တာပါ၊ ကျွန်မကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်'

ဟု ပြောလာလေသည်။

လုယ်ကျုံးက....

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က....'

သူ့စကားဆုံးအောင် မပြောနိုင်ပါချေ။ လူပ်ရှား တိုက်ခိုက်လိုက်ခြင်းကြောင့် ခန္ဓာကိုယ်ထဲမှ အဆိပ်များထကြွလာလေသည်။

သူ၏ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

သူ၏မျက်လုံးများ ရဲရဲနီလာသည်။

'မိန်းကလေး မြန်မြန်ပြေးပါ'

ဟု အော်ပြောလိုက်လေသည်။

မိန်းကလေး (၀၂) မေဝါးက လုယ်ကျုံး၏ ပြောင်းလဲသွားမှုကြောင့် အံ့သြသွားပြီး....

'ရှင်ဘယ်လိုဖြစ်သွားတာလဲ'

ဟု တအံ့တသြမေးလေသည်။

လုယ်ကျုံး ခေါင်းခါယမ်းလိုက်သည်။

'မိန်းကလေး....မြန်မြန်ပြေးပါ'

မေဝါးအား သူ့ရှေ့မှောက်မှ ရှောင်တိမ်းသွားရန်တိုက်တွန်းနေ၏။

မေဝါးသည် လုယ်ကျုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်ပြီး....

'လက်စသတ်တော့ ရှင်အဆိပ်မိထားတာကိုး'

ဟု ရေရွတ်လိုက်လေသည်။

လုယ်ကျုံးက....

'ဟုတ်တယ်၊ မသမာသူ တစ်ယောက်က ကျုပ်ကို စိတ်ဖောက်ပြန်သွားအောင် စိတ်ရိုင်းတွေ့ခင်လာအောင် အဆိပ်ခတ်ပြီး ဒုက္ခပေးထားတယ်၊ ကျုပ်က အဆိပ်ဒဏ်ကိုကြာကြာ

ခံနိုင်မှာမဟုတ်ဘူး၊ မိန်းကလေး ကျေးဇူးပြုပြီး ကျုပ်နဲ့ဝေးဝေးကို ပြေးပါတော့'

စကားဆုံးလျှင် မည်သို့မျှမဟန်နိုင်တော့ဘဲ မြေပေါ် ဒူးထောက်ကျသွားလေသည်။

သူ၏ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေ၏။

ချွေးသီး ချွေးပေါက်များလည်း ကျဆင်းလာသည်။

သူက လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ကာ အံ့တင်းတင်းကြိတ်ရင်း အဆိပ်ဒဏ်ကို တောင့်ခံနေ၏။

မေဝါးသည် အခြေအနေကို နားလည် သဘောပေါက်သွားလေသည်။

'လက်စသတ်တော့ ရှင်ဟာ လူယုတ်မာ တစ်ယောက်ရဲ့သားချက်မိတာကိုး၊ ဘာမှမပူနဲ့ ရှင့်ကို ကျွန်မကူညီမယ်'

ဟု ပြောကာ ရှေ့တိုးလာ၏။

'မလာနဲ့....သွား....သွား'

လုယ်ကျုံးက အသံကုန် အော်ဟစ်လိုက်လေသည်။

သို့သော် မေဝါးက နားမထောင်ဘဲ ရှေ့တိုးလာ၏။

ရုတ်တရက်....

လုယိကျုံးသည် တိရစ္ဆာန်ရိုင်း တစ်ကောင်ပမာ ဝူး
ဝါးဝါးအော်ဟစ်ရင်း မေဝါအား ခုန်အုပ်လိုက်လေသည်။

အမှတ်တမဲ့မို့ မေဝါးမရှောင်နိုင်တော့ပါ။

'ဝုန်း'

နှစ်ယောက်သား မြေပေါ်လဲ ကျသွားလေတော့သည်။

* * *

ကောင်းစောင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

ကြယ်ကလေးများလည်း မလင်းတစ်လှည့် လင်းတင်း
ဝင်းလက်တောက်ပနေ၏။

ကြယ်ရောင် လရောင်အောက်တွင် ဝန်းကျင်တစ်ခု
သာယာလှပနေတော့သည်။

အေးမြသော ညလေတိုက်ခတ်လာသောအခါ မွေး
သော ညမွေးပန်းရနံ့များ ကြိုင်လှိုင်နေ၏။

ထို့အတူ....

ခိန်းကလေးတစ်ယောက်၏ တီးတိုးရှိုက်သံလည်း လွင့်
ခေါ်ဝါးသည် ကျုံ့ကျုံ့လေးထိုင်ကာ တီးတိုး ငိုရှိုက်
နေသည်။

သူမ၏ ဆံကသာများပြေလျော့နေသလို ဆိုးမွေးဦးထုပ်
သည်း မြေပေါ်ကျနေ၏။

လုယိကျုံးက မလှမ်းမကမ်းတွင် ရှိနေ၏။

၏ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်နေသည်။

ခေါ်းကို မကြည့်ဝံ့အောင် ဖြစ်နေ၏။

ခေါ်း၏ တီးတိုးရှိုက်သံသည် သူ၏ အသည်းနှလုံးကို
ဒဏ်ပြင်းသလို ခံစားရလေသည်။

လုယုတ်မာကြူးလင်း၏ အဆိုပ်ကြောင့် အမှားကြီးမှားခဲ့
ရသည်။

ပင်သက်တာဖြေဖျောက်မရနိုင်သောအမှားကို ကျူးလွန်
ခဲ့ ဖြစ်ပေတော့သည်။

သိကျုံး ဦးခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး....

'ငါ လူ မဟုတ်တော့ဘူး၊ တိရစ္ဆာန်တစ်ကောင် ထင်တောင် ငါဆိုးရွားနေပြီ၊ ငါ အသက်ရှင်နေလို့ ဘာထူးတော့မှာလဲ'

ဟု နာကြည်းစွာအော်ဟစ်လိုက်လေသည်။

ထို့နောက် လူကြမ်းကြီးများ ကျကျန်ခဲ့သော တစ်လက်ကိုဆောက်ယူကာ သူ၏ ရင်ဝသို့ ပြန်လည်ထိုးငိုချလိုက်လေသည်။

လုယိကျုံးသည် မှားမိသည့် အပြစ်ကိုခံယူရန် မိမိကိုယ်ကို အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ထိုစဉ်....

'မလုပ်နဲ့'

ဟန်တားသံနှင့်အတူ သွယ်ပျောင်း နူးညံ့သော လက်ဆေးတစ်ဖက်က လုယိကျုံး၏ ဓားကိုင်ထားသောလက်ကို ဆုပ်ကိုင်ကာ ဟန်တားလာလေသည်။

လုယိကျုံးက် ဟန်တားလာသူကို ကြည့်လိုက်၏။

'ဟင်'

မေဝါးဖြစ်နေသည်ကို မတွေ့ရသဖြင့် အံ့သြသွားလေသည်။

မေဝါးသည် လုယိကျုံး၏ လက်တဲမှ ဓားကိုယူကာ အဝေးသို့ လွှင့်ပစ်လိုက်ပြီး မလှမ်းမကမ်း၌ သွား၍ ထိုင်ချလိုက်လေသည်။

လုယိကျုံးသည် သူမအား ငေးမောကြည့်နေမိလေသည်။

မေဝါးက....

'ကျွန်မက အစ်ကို့ကို ကြည့်လိုက်တာနဲ့ တယ်လိုအဆိပ်မျိုး မိထားတယ်ဆိုတာ သိခဲ့ပါတယ်ရှင်၊ အဲဒီအဆိပ်ကိုဟန့်တားနှိုင်ဖို့ဆိုတာ နည်းလမ်းတစ်ခုပဲရှိပါတယ်'

ဟု ပြောလေသည်။

မည်သို့သော နည်းလမ်းဖြစ်သည်ကို သူမ မပြောလည်း လုယိကျုံး သဘောပေါက်လိုက်ပြီ ဖြစ်လေသည်။

မေဝါးက....

'တစ်ယောက်လို အစ်ကိုသာ ဝင်မကယ်ခဲ့ရင် ကျွန်မ သေသွားလောက်ပါပြီ၊ ပြီးတော့ အစ်ကိုဟာ အဆိပ်ဒဏ်ကို ခံစားခဲ့ရတယ်ဆိုတာလဲ ကျွန်မ နားလည်ပါတယ်၊ အစ်ကို့မှာ အပြစ်

မရှိပါဘူး၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ မကြိုးစားပါနဲ့လားရှင်'

ပြောရင်း လုယိကျုံးအား မော့ကြည့်လာလေသည်။

သူမ၏ မျက်လုံးရွဲကြီးများတွင် မျက်ရည်များ ရစ်ဝိုင်းနေ၏။

ပါးပြင်ပေါ်၌ မျက်ရည်စီးကြောင်းကို တွေ့ရသည်။

ဆံပင်ပြေလျော့ကာ အဝတ်အစားကပိုကရိုနှင့် လရောင်အောက်တွင် ပန်းပုသဏ္ဌာန်ယ် လှချင်တိုင်းလှနေပါတော့သည်။

လုယိကျုံးသည် မေဝါးကို ငေးကြည့်ရင်း စကားမပြောနိုင်အောင် ဖြစ်နေ၏။

မေဝါးက....

'ကျွန်မဟာ မြောင်နယ်ခြားက အဆိပ်နန်းတော်ပိုဇ်ရှင် အဆိပ်သခင်မရဲ့ သမီးပါရှင်၊ နယ်ခြားမှာနေရင်း ပြည်မသိုင်းလောကအကြောင်းကို ကြားရဖန်များတော့ ကိုယ်တိုင် အရောက်လာချင်တာနဲ့ ဘယ်သူမှမသိအောင် တိတ်တဆိတ် ထွက်လာခဲ့တာပါ။ ရှေးရေစက်ကြောင့် အစ်ကိုနဲ့ ဆုံတွေ့ရတာလို့ သဘောထားရခတဲ့မှာပါ'

သူမသည် အတွေ့အကြုံနဲ့နယ်သလို နှလုံးသားဖြူစင်သူသဘော မနောကောင်းသူလေးဖြစ်ကြောင်း လုယိကျုံးနားလည်လိုက်ရလေသည်။

သူ၏အမှားအတွက် ရဲရဲဝံ့ဝံ့တာဝန်ယူဖို့ဆုံးဖြတ်လိုက်သည်။

'ညီမ ကျုပ်က ညီမကို လက်ထပ်ပါရစေ ခွင့်ပြုပါနော်'

ဟု တောင်းပန်လိုက်လေသည်။

မေဝါးက သူ့အား ငေးကြည့်နေပြီး ဘာမှမပြောချေ။

လုယိကျုံးသည် သူမ၏နံဘေးခွ ဝင်ထိုင်ချလိုက်ပြီး သူမ၏သက်ကလေးကို ကိုင်ထားလိုက်သည်။

'ကျုပ်ဟာ လူယုတ်မာတစ်ယောက်ကြောင့် ခုလိုဖြစ်ခဲ့ရတာပါ၊ ညီမခွင့်ပြုမယ်ဆိုရင် ကျုပ်ရှင်းပြပါရစေ'

မေဝါးက ခေါင်းညိတ်ပြလိုက်လေသည်။

လုယိကျုံးက ပေါင်ကျင်းမြို့သို့ ရောက်လာသည့်အချိန်မှစပြီး ဖြစ်ပျက်ခဲ့သမျှကို ရှင်းလင်းပြောပြလိုက်လေသည်။

မေဝါးက....

'ကြူးလင်နဲ့ သခင်လေးထင်းစန်းက အစ်ကို့အပေါ် အကောက်ကြံခဲ့ကြကာမှပါ့နော်'

လုယိကျုံးက....

'ဟုတ်ပါတယ် ညီမ'

မေဝါးက....

'အစ်ကို ဘာမှမပူနဲ့တော့ ညီမတို့ အဆိပ်နှန်းတော်ဟာ အဆိပ်အမျိုးမျိုးကို နှိုင်နှင်းပါတယ်၊ အစ်ကို့ရဲ့ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ အဆိပ်တွေကို သက်သာပျောက်ကင်းသွားအောင် ကျွန်မကုသပေးပါ့မယ်'

လုယိကျုံး ဝမ်းသာသွားလေသည်။

မေဝါးက....

'အစ်ကို့မှာ အဆိပ်နှစ်မျိုးမိထားတယ်ဆိုတော့ ရှုတ်တရက် သက်သာပျောက်ကင်းသွားဖို့မလွယ်သေးဘူး၊ အနည်းဆုံး တစ်လလောက်တော့ ကုသရလိမ့်မယ်၊ ဒါပေမယ့် သွေးရင်းလာရင်း ကုသပေးလို့လဲဖြစ်ပါတယ်၊ အစ်ကိုက ဆေးကုရင်း ယင်းကွေ့ဆိုတဲ့လူကို လိုက်ရှာနိုင်တာပေါ့'

လုယိကျုံးသည် မေဝါးအား မည်သို့ကျေးဇူးတင်ရမှန်း မသိအောင် ဖြစ်သွားလေသည်။

မေဝါးက....

'အဆိပ်ဒဏ်ကြောင့် အစ်ကိုရဲ့သိုင်းပညာက ငုပ်လိုက်ပေါ်လိုက်ဖြစ်နေဦးမှာပဲ၊ ခွန်အားကို အလွန်အကျွံအသုံးပြုတဲ့တိုက်ပွဲမျိုးကို ရှောင်ရှားရမယ်၊ ကျွန်မက ဆေးဖော်စပ်ပေးမယ်၊ ကျွန်မရဲ့ဆေးကို တစ်နေ့တစ်လုံးမှန်မှန်သောက်သွားလို့ တစ်လပြည့်ရင် အစ်ကိုဟာ လူကောင်းပကတိဖြစ်ပြီပေါ့'

လုယိကျုံးက....

'ဝမ်းသာလိုက်တာ ညီမရယ်၊ ညီမနဲ့မတွေ့ရင် ကျုပ်သေသွားရမှာအမှန်ပဲ၊ ညီမရဲ့ကျေးဇူးကို တယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး'

မေဝါးက....

'အစ်ကိုရယ် ကျွန်မတို့ဟာ သူစိမ်းတွေမှ မဟုတ်ကြတော့တာ၊ ကျေးဇူးတင်စကားပြောဖို့လိုသေးသလားရှင်'

ဟု ပြောကာ လုယိကျုံးအား ရွှန်းရွှန်းစားစား ကြည့်လိုက်လေသည်။

သူမသည် အဆိပ်နှန်းတော်မှ တိတ်တဆိတ်ခိုးထွက်ကာ သိုင်းလောကသို့ အလည်အပတ် ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

သိုင်းလောကသို့အရောက်တွင် မမျှော်လင့်ဘဲ လုယိကျုံးနှင့် ဆုံတွေ့မိခဲ့ရလေသည်။

သူမ၏ဘဝအတွက် မမှန်းဆနိုင်သော ပြောင်းလဲမှုကြီးတစ်ရပ်နှင့် ကြုံတွေ့လိုက်ရခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ....

လုယိကျုံးအား အသည်းနှင့်အောင် ချစ်မိသွားပြီဖြစ်ပါသည်။

သူတို့၏ဘဝသည် ပျော်ရွှင်ချမ်းမြေ့စရာကောင်းလိမ့်မည်ဟုလည်း ယုံကြည်ထားလေဘော့သည်။

* * *

တစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ဆယ်ရက်ဟူသော အချိန်ကိုပင် ကျော်လွှန်လာခဲ့ပြီ ဖြစ်သည်။

လုယိကျုံးနှင့် မေဝါးတို့သည် ပို၍ ရင်းနှီးလာကြပြီး တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်မှ အပျောက်မခံနိုင်သေ ချစ်သူများ ဖြစ်သွားကြလေသည်။

မေဝါးသည် လိုအပ်သည့် ပရဆေးများကို ရှာဖွေကာ ဆေးတစ်ဖုံဖော်စပ်ပြီး လုယိကျုံးအား တိုက်ကျွေးခဲ့လေသည်။

မေဝါးထံမှ အဆိပ်ဖြေဆေးကို သောက်ရသဖြင့် တစ်လ ပြည့်သောနေ့တွင် လုယိကျုံးမှာ ဝေဒနာများ ပျောက်ကင်း သွားကာ လူကောင်းမကတိ ဖြစ်လာပေလိမ့်မည်။

လုယိကျုံးသည်လည်း မေဝါး ကဲ့သို့ပင် ယခုမှ သိုင်း လောကထဲ ဆင်းလာခဲ့သူ ဖြစ်ပါသည်။

ထို့ကြောင့်လည်း သူတို့နှစ်ယောက်သည် ယင်းကွေ့အား လိုက်လံရှာဖွေရင်း သိုင်းလောက၏ ထင်ရှားသောနေရာများ သွားရောက်လည်ပတ် ခဲ့ကြလေသည်။

ယင်းကွေ့ (ဝါ) နဂါးဆရဲလုံကွေ့ သည် ပေါင်ကျင်း မြို့၌ထွက်ပေါ်ခဲ့ပြီး သိုင်းလောကသားများက သွားရောက် ရှာဖွေသောအခါ ထွက်ပြေးတိမ်းရှောင်သွားခဲ့လေသည်။

ထို့နောက်ပိုင်းတွင် ယင်းကွေ့၏ သတင်းပျောက်ဆုံး သွားခဲ့တော့သည်။

သိုင်းလောကသားများကား သဲကြီးမဲကြီး လိုက်လံရှာဖွေ နေကြဆဲပင် ဖြစ်လေသည်။

ယင်းကွေ့၏ သတင်းသည် ဟိုနေရာသည်နေရာမှ ထွက် ပေါ်လာ၏။

သို့သော် သိုင်းလောကသားများသွားရောက်ရှာဖွေသော အခါ မတွေ့ရပါ။

အချို့သော သတင်းများသည် မှန်ကန်မှုမရှိဘဲ ဖြစ်နေ သည်။

လုယိကျုံးကလည်း ယင်းကွေ့အား သဲကြီးမဲကြီးရှာဖွေ နေ၏။

သူ၏ရည်ရွယ်ချက်ကား သိုင်းလောကသားများနှင့် မတူ ပါချေ။

ယင်းကွေ့ကိုတွေ့ရလျှင် သူ၏မိဘများအား လုပ်ကြံသွား သောရန်သူ မည်သူမည်ဝါဖြစ်သည်ကို သိရမည်ဖြစ်၍ ရှာဖွေ နေခြင်းဖြစ်လေသည်။

သို့ဖြင့်....

မေဝါးနှင့်တွေ့ဆုံပြီး ဆယ်ရက်ကျော် အချိန်ကြာသော အခါ သူတို့နှစ်ယောက်သည် နာမည်ကျော် စီးဝူရေကန်သို့ ရောက်ရှိလာကြလေတော့သည်။

* * *

စီးဝူကန်....

စီးဝူကန်သည် ကျန်းနန်နယ်တွင်ရှိပြီး စာဖဲ့ မကုန်နိုင်အောင် သာယာလှပသော ရေကန်ကြီးတစ်ခု ဖြစ်လေသည်။

စီးဝူရေကန်သို့ တစ်ကြိမ်တစ်ခါမူ လာရောက်လည်ပတ်ရခြင်းမရှိလျှင် လူဖြစ်ရကျိုးမနပ်ဟုပင် ဆိုစကားရှိလေသည်။

လုယိကျုံးနှင့် မေဝါးတို့သည် ကျန်းနန်နယ်သို့ ရောက်လာကြသောအခါ စီးဝူရေကန်သို့ လာရောက်လည်ပတ်ခဲ့ကြလေသည်။

လေပြည်လေညင်း ဖွဲ့ယမ်းတိုက်ခတ်လာလေသည်။

ကန်ရေပြင်၌ လှိုင်းကြက်ခွပ်ကလေးများ ထသွား၏။

အဝေးတွင် စိမ်းလန်းသော တောအုပ်များကို တွေ့မြင်နေရ၏။

လုယိကျုံးနှင့် မေဝါးတို့သည် လက်ချင်းတွဲကာ ကန်ပေါင်ရိုးပေါ်မှ လမ်းလျှောက်လာခဲ့ကြလေသည်။

မေဝါး၏ မျက်နှာလေး ပြုံးရွှင်နေသည်။

'အစ်ကို၊ စီးဝူကန်ဟာ နာမည်နဲ့လိုက်အောင် သာယာလှပတာပဲနော်'

ဟု ပြောလေသည်။

လုယိကျုံးက....

'ဟုတ်တယ် ညီမ၊ ကျန်းနန်နယ်က စီးဝူရေကန်ကြောင့် နာမည်ကျော်နေတာပေါ့'

သူတို့ စကားတပြောပြောဖြင့် လျှောက်လာကြရာ တစ်နေရာသို့ အရောက်တွင်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျာ'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုယိကျုံးတို့ ခြေလှမ်းရပ်သွားကြသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြလေသည်။

မေဝါးက....

'တိုက်ပွဲဖြစ်နေတယ်'

ဟုအသံတိုးတိုးဖြင့် ပြောလာသည်။

လုံယိကျုံးက....

'ဟုတ်တယ်ညီမ၊ အစ်ကိုတို့ သွားပြီးအကဲခတ်ကြည့်ကြရအောင်'

'အစ်ကို့သဘောပဲလေ'

သူတို့နှစ်ယောက်သည် အသံပလံများ ထွက်ပေါ်လာရုံဆီသို့ဦးတည်ကာ ခပ်သွက်သွက် လျှောက်သွားကြလေသည်။

မကြာပါခဏ။

ဝါးရုံတောတစ်ခုအတွင်း၌ တိုက်ပွဲဖြစ်ပွားနေသည်ကို တွေ့မြင်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူတစ်စုက လူရွယ်တစ်ယောက်အား ဝိုင်းရံတိုက်ခိုက်နေကြခြင်းဖြစ်လေသည်။

လုယိကျုံးသည် တိုက်ပွဲကိုကြည့်ကာ....

'အများနဲ့တစ်ယောက် ဝိုင်းပြီး တိုက်ခိုက်နေကြတာကို လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး'

ဟုပြောကာ ပြေးထွက်သွား၏။

မေဝါး ဟန့်တားဖို့ အချိန်မရလိုက်ချေ။

လုယိကျုံးသည် တစ်ဟုန်ထိုးပြေးသွားပြီး အနက်ရောင်ဝတ်ဆင်ထားသောလူများအား တိုက်ခိုက်လိုက်လေသည်။

လူရွယ်မှာ ကူညီမည့်သူရောက်လာသဖြင့် အားတက်သွားပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား လက်တွဲညီစွာ တိုက်ခိုက်လိုက်ကြသည့်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျာ'

ားရှသောအော်ဟစ်သံများနှင့်အတူ အနက်ရောင်ဝတ်ဆင်းကြသောသူများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

အခြေအနေမဟန်မှန်းသိလျှင် ဆက်လက်တိုက်ခိုက်ခြင်းကြဘဲ ထွက်ပြေးသွားကြလေတော့သည်။

တိုက်ပွဲပြီးဆုံးသွား၏။

လူရွယ်က လုယိကျုံးအား ဦးညွှတ်ရင်း....

'ညီလေးကိုကျေးဇူးတင်လိုက်တာ၊ ငါ့ညီသာဝင်မကူရင် ကျုပ်ကော့မထွယ်ဘူး'

ဟုပြောလေသည်။

လုယိကျုံးက....

'ကိစ္စမရှိပါဘူးဗျာ၊ မတရားတာတွေ့ရင် ကိုယ်တတ်နိုင်တဲ့ ဘက်က ကူညီရမှာပဲမဟုတ်လား'

လူရွယ်က....

'ငါ့ညီရဲ့စိတ်ထားကိုတော့ လေးစားသွားပြီ၊ ကျုပ် နာမည် ကျွန်းမင်လို့ခေါ်တယ်၊ ငါ့ညီကော'

လုယိကျုံးက....

'ကျွန်တော် လုယိကျုံး'

'လုယိကျုံး'

လူရွယ်(ဝါ) ကျွန်းမင်မှ လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

လုယိကျုံးက....

'ဟုတ်ပါဘယ်၊ ဘာဖြစ်လို့လဲ အစ်ကိုကြီး'

ကျွန်းမင် ကပျာကယာ ခေါင်းခါယမ်းလိုက်လေသည်။

'ဘာမှမဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး'

လုယိကျုံးက....

'ဧစောစောကလူတွေက နောင်ကြီးကို ဘာကြောင့်များ သိုက်ခိုက်ကြရတာလဲဗျာ'

ကျွန်းမင် သက်ပြင်းချလိုက်သည်။

'ငါ့ညီလဲ သိုင်းလောကသားဆိုတော့ ရှေ့ပုရပိုက်ရဲ့သတင်း ကြားမိမှာပေါ့၊ နဂါးသရဲလုံးကွေ့ သိုင်းလောကမှာ ပြန်ပြီးဘုက်ပေါ်လာတော့ သူ့ကိုတွေ့ရင် ရှေ့ပုရပိုက်ရှိတဲ့ နေရာကိုသိနိုင်မှာမို့ သဲကြီးမဲကြီးလိုက်ကြတာပေါ့၊ နဂါး သရဲလုံးကွေ့ကတော့ ထွက်ပြေးသွားပြီ၊ ဒါပေမယ့် သိုင်း လောကသားတွေကတော့ လိုက်ရှာနေကြတုန်းပဲ၊ အဖြူ ဆောင်သိုင်းသမားတွေကော အနက်ရောင်သိုင်းသမားတွေက ရှာကြတာဆိုတော့ သိုင်းလောကထဲလှုပ်ရှားသွားလာရင်း သိုဆုံတွေ့မိတဲ့အခါ တိုက်ပွဲတွေဖြစ်လာရတာပေါ့၊ စောစော

ကလူတွေဟာ မရဏဂိုဏ်းကလူတွေပါ၊ မရဏဂိုဏ်းဟာ သိုင်းလောကကို ဒုက္ခပေးနေတဲ့ အနက်ရောင်အဖွဲ့အစည်းတစ်ခုပေါ့'

လုယိကျုံး ပင့်သက်ရှိုက်မိလေသည်။

နဂါးသရဲလုံကွေ့ ကြောင့် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြပြီမဟုတ်ပါလား။

ကျန်းမင်က....

'ကျန်းနန်နယ်ထဲမှာ လူထူးလူဆန်းတွေရောက်နေကြတယ်လို့ သတင်းရတာကြောင့် ကျုပ်ကလာခဲ့တာ၊ မမျှော်လင့်ဘဲ မရဏဂိုဏ်းသားတွေနဲ့တွေ့ပြီး ပြဿနာဖြစ်ရတာပဲ'

လုယိကျုံး စိတ်ဝင်စားသွားလေသည်။

'လူထူးလူဆန်းတွေ ဟုတ်လား'

'ဟုတ်တယ်၊ သူတို့က လူတစ်ယောက်ကို လိုက်ရှာနေကြတယ်လို့သိရတယ်၊ သူတို့ရဲ့ဝတ်စားဆင်ယင်ပုံကို ကြည့်ပြီး မြောင်နယ်ခြားကသာတဲ့လူတွေလို့ ပြောကြတာပဲ'

ထိုစကားကြားလျှင် လုယိကျုံးသည် မေဝါးကိုလှည့်ကြည့်လိုက်မိ၏။

မေဝါးက မနီးမဝေးတွင်ရောက်နေပြီး သူတို့ ပြောဆိုနေကြသောစကားများကို ကြားထားပြီဖြစ်လေသည်။

ယခုအချိန်တွင် မေဝါးသည် ပြည့်မမှု မိန်းကလေးတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားလေသည်။

ထို့ကြောင့် ကျန်းမင်က သူမအား အမှုမဲ့အမှတ်မဲ့ဖြစ်သွား၏။

ကျန်းမင်က လုယိကျုံးအား နှုတ်ဆက်လိုက်သည်။

'ကဲ....ကျုပ်က ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်၊ နောင်ကြုံတွဲ့အခါ ငါ့ညီရဲ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်'

'တောင်းပါပြီခင်ဗျာ'

ကျန်းမင်က ခပ်သွက်သွက်ပင် ထွက်သွားလေသည်။

'အစ်ကို'

မေဝါးက အနီးသို့ဆောက်လာ၏။

လုယိကျုံးက....

'ညီမ မြောင်နယ်ခြားကလူတွေရဲ့ သတင်း ကြားလိုက်ရတယ်'

မေဝါးက....

'ဟုတ်တယ် အစ်ကို၊ ညီမ တိတ်တဆိတ် ခိုးယူလာတာကို သိလို့ လိုက်လာကြတာထင်တယ်'

လုယိုကျုံး ငိုင်သွားလေသည်။

'ဒါဆို ဘယ်လိုလုပ်ကြမလဲ'

မေဝါးက အနည်းငယ်စဉ်းစားလိုက်ပြီး....

'ကျွန်မတို့ ဆွေးတွေကြဘာဒေါ့'

'ဖြစ်ပါ့မလား ညီမရယ်'

'ဖြစ်ပါတယ်၊ တာမှမမူပါနဲ့၊ ညီမတာဝန်ထားပါ'

လုယိုကျုံး မဘတ်သာဘဲ သဘောတူလိုက်ရလေသည်။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

သူတို့သည် စီးဝူကန်မှထွက်လာကြပြီး သဘင်းစုံစမ်းသိုက်ကြလေသည်။

မကြာပါဘူး။

လူထူးလူဆန်းတစ်စုသည် ကျင်းလိန်မြို့၏ မြောက်ဘက် ဆယ်မိုင်ခန့်အကွာရှိကျင်းကျက်အရပ်တွင်ဆောက်ရှိနေကြောင်း သတင်းရလိုက်သဖြင့် ကျင်းကျက်အရပ်သို့ လိုက်သွားကြလေတော့သည်။

* * *

စားသောက်ဆိုင်လေး။

လုယိုကျုံးနှင့် မေဝါးတို့သည် ကျင်းကျက်အရပ်သို့ ဆောက်ရှိလာပြီး သဘင်းစုံစမ်းခဲ့ဆုမှ ဒေါ်မြင့်နယ်ခြားမှလာသူများ ရှိနေသည်ဟုဆို့သော စားသောက်ဆိုင်လေးသို့ဆောက်ရှိလာကြလေသည်။

ဆိုင်ဖွင့်သို့ ရောက်လာသည်နှင့်....

'စုန်း'

'အား'

စူးရှကျယ်လောင်သော အသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယိုကျုံးနှင့် မေဝါးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ထိုစဉ်....

ဆိုင်ထဲမှလူတစ်စု ဒရောသောပါး ပြေးထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများအနက် တစ်ယောက်က လုယ်ကျုံးတို့အား မြင်လျှင်....

'ဟော့....မသွားကြနဲ့၊ ဒုက္ခရောက်လိမ့်မယ်'

ဟု အော်ပြောသွား၏။

သို့သော်....

'ခစ်'

မေဝါးသည် ကြောက်လန့်ခြင်းမရှိသည့်အပြင်သဘောကျစွာ ရယ်မောလိုက်လေသည်။

လုယ်ကျုံးက....

'ညီမ ဘာရယ်တာလဲ'

ဟု မေးလိုက်သည်။

မေဝါးတ....

'ကျွန်မကိုလိုက်ရှာနေကြတဲ့လူတွေ ရောက်လာကြပြီလေ၊ သူတို့ဆိုင်ထဲမှာ ရှိနေဘယ်၊ တိုမှာ သူတို့ရဲ့ အမှတ်အသားဆိုင်တံခါးဝမှာ ရေးထားတယ်'

ဟု လက်ညှိုးညွှန်ပြလေသည်။

လုယ်ကျုံးလှမ်းကြည့်လိုက်သောအခါ စားသောက်ဆိုင်တံခါးပေါ်၌ ပန်းတစ်ပွင့်ပုံရေးသားထားသည်ကို တွေ့ရလေသည်။

မေဝါးက....

'အဲဒါ အဆိပ်နှုန်းတော်ရဲ့ အထိမ်းအမှတ် အဆိပ်ပန်းပုံပေါ့၊ ကျွန်မတို့အချိန်မီရောက်လာတာပဲ၊ ကျွန်မကို လိုက်ရှာနေကြသူတွေကသာ အဆိပ်ကိုအသုံးပြုခဲ့ရင်ဘယ်လိုမှ ဖြေရှင်းလို့ ရတော့မှာ မဟုတ်ဘူး'

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်,....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြင်းစီးသမားတစ်စုသည် ဆိုင်ရှေ့သို့ ရောက်လာကြပြီး လှည့်ခနဲ လှည့်ခနဲ ခုန်ဆင်းလိုက်ကြ၏။

ထို့နောက် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ဆိုင်ကို ဝိုင်းရံ ထားလိုက်ကြပြီး....

'ဟော့....သတ္တိရှိရင် အပြင်ထွက်ခဲ့'

ဟု အော်ခြောလိုက်ကြသည်။

တစ်ဆက်တည်းပင် အသင့်ယူလာသော မီးတုတ်များကို မီးညှိလိုက်ကြ၏။

ဆိုင်ထဲ၌ ရှိနေသူက ဆိုင်အပြင်ဘက်သို့ ထွက်လာခြင်း မပြုလျှင် ဆိုင်ကို မီရှို့ဖျက်ဆီးလိုက်ကြမည့်သဘော ရှိနေသည်။

'ဒုက္ခပါပဲ'

မေဝါး လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ထိုအချိန်မှာပင်....

'ဒီလောက်ဘောင် နှောင့်ယှက်ချင်နေကြတာ သိကြသားတာပေါ့'

ကြုံဝါးသံနှင့်အတူ ဆိုင်ထဲမှ လူရိပ်တစ်ခု ခုန်ပျံထွက်သာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရိပ် ထွက်ပေါ်လာသည်နှင့်....

'တိုက်ကြဟော့'

မြင်းစီးသမားများက ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ရုတ်တရက်....

'ဝုန်း....ဝုန်း....ဝုန်း'

ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

အနီရောင်မီးခိုးလုံးများ ထွက်ပေါ်လာပြီးလျှင်....

'အား'

'အွန့်'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လေသည်။

မြင်းစီးသမားများသည် တစ်ယောက်ပြီးတစ်ယောက်မြေပေါ်လဲကျသွားကြလေတော့သည်။

'ဒုက္ခပါပဲ'

မေဝါးက ညည်းညူလိုက်၏။

သူမသည် ရှေ့သို့လှစ်ခနဲ ပြေးသွားလေသည်။

'ညီမ'

လုယိကျုံး ဟန့်တားသော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

လုယိကျုံး ရင်ထိတ်သွားသည်။

မေဝါးနောက်သို့ ပြေးလိုက်သွားရ၏။

စားသောက်ဆိုင်ရှေ့သို့ရောက်လျှင် လဲကျနေကြသူများကြား၌ ရှေဆောင်ဝတ်ဆင်ကာ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာဖုံးတစ်ခုစွပ်ထားသူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

မေဝါးကား ကြောက်ရွံခြင်း မရှိပေ။

'ဦးလေး နှုန်းကုန်းလိန်'

ဟု ခေါ်လိုက်လေသည်။

ရှေဆောင်ဝတ်ဆင်ထားသူသည်လည်း မေဝါးကိုမြင်လျှင်ခမ်းသာအားရဖြစ်သွားပြီး....

'သခင်မလေး'

ဟု ခေါ်ကာ ပြေးလာလေသည်။

သူတို့နှစ်ယောက်သိကျွမ်းနေသည်ကို တွေ့ရတော့မှ လုယိကျုံး စိတ်အေးသွားရလေတော့သည်။

မေဝါးက....

'မြောင်နယ်ခြားကလူတွေ ရောက်လာကြပြီး သို့ငြားလာသားတွေကိုတိုက်ခိုက်နေတယ်ဆိုတဲ့သတင်းကြားလို့ ကျွန်မလိုက်လာခဲ့တာ'

ဟု ပြောလိုက်လေသည်။

ရှေဆောင်ဝတ်ထားသူ(ဝါ)နှုန်းကုန်းလိန်က....

'ဟုတ်တယ် သခင်မလေး၊ ကျုပ်ကသခင်မလေးကို လိုက်လာနေတာ၊ မတွေ့ရတဲ့နောက်ဆုံး ဒီနည်းလမ်းကို အသုံးပြုလိုက်ရတာပဲ'

မေဝါးက....

'ဦးလေးနှုန်းကုန်းလိန်လုပ်ပုံနဲ့ ပြဿနာတွေဖြစ်ကုန်တော့မှာပဲ'

ဟု ညည်းတွားလိုက်လေသည်။

နန်းကုန်းလိန်က....

'သခင်မလေးက ပြဿနာဖြစ်မှာကို မကြိုက်ဘူး၊ သူတစ်ပါးကို မထိခိုက်စေချင်ဘူးဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်က ဒီလိုနည်းလမ်းကို အသုံးမပြုရင် သခင်မလေးကို ရွာလွှဲတွေ့ဖို့မလွယ်လို့ပါ'

မေဝါး နှုတ်ခမ်းစူလိုက်သည်။

'ကျွန်မက ကျန်းနန်နယ်ကို ဆောက်မလာရင်ကော'

နန်းကုန်းလိန်က....

'သိုင်းလောကိုဆောက်လာရင် နာမည်ကျော် ကျွန်းနန်ကို တစ်နေ့မဟုတ် တစ်နေ့ ဆောက်လာမယ်ဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် သခင်မလေးဆောက်လာတာနဲ့ ကျုပ်ရွှဲသတင်းကြားရအောင် ခုလိုလုပ်နေရတာပါ'

မေဝါးက....

'ဦးလေးလုပ်တာ အကြောင်းမဟုတ်ဘူး၊ ကျွန်မတို့အဆိပ်နှုန်းဝေ့ နာမည်ပျက်လိမ့်မယ်'

ဟု အပြစ်တင်ပြောဆိုလိုက်လေသည်။

နန်းကုန်းလိန်က....

'အဆိပ်နှုန်းတော်နာမည်ပျက်လဲ့ အကြောင်းမဟုတ်ဘူး၊ သခင်မကြီးအတွက် ပိုပြီးအရေးကြီးပါတယ်'

'ဟင်'

မေဝါး လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

နန်းကုန်းလိန်၏လက်ဆွဲကိုင်လှုပ်ယမ်းရင်း....

'မေမေ....မေမေ ဘာဖြစ်လို့လဲဟင်'

ဟု အလောတကြီး မေးလိုက်လေသည်။

နန်းကုန်းလိန်က....

'သခင်မလေး ထွက်သွားပြီးကတည်းက သခင်မလေးရဲ့ [illegible]နဲ့ အိပ်ရာထဲလဲနေတယ်၊ သမားတော်ကြီးတွေက အစွမ်း[illegible]ကုသပေးကြပေမယ့် စိတ်ကြောင့်ဖြစ်တာမို့ ဆေဂါ

မပျောက်ကင်းနိုင်ဘူး၊ သခင်မလေး အမြန်ဆုံး အိမ်ပြန်မှ ဖြစ်မယ်'

မေဝါး ငိုင်သွားလေသည်။

သူမသည် သိုင်းလောကသို့ အသည်အပတ်ဆွက်လာဆုံမှ သူမ၏ဘဝသည် အပြောင်းလဲကြီးပြောင်းလဲသွားခဲ့ရပြီမဟုတ်ပါလား။

နှန်းကုန်းလိန်က....

'သခင်မလေး ပြန်လိုက်ခဲ့မှဖြစ်မယ်၊ သခင်မကြီးရဲ့အခြေအနေ စိုးရိမ်ရတယ်'

ဟု ပြောလာလေသည်။

မေဝါးသည် တွေဝေနေပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်....

'ကောင်းပြီ၊ ကျွန်မပြန်လိုက်ခဲ့မယ်၊ ဦးလေးကြောင့် အဆိပ်မိနေတဲ့လူတွေကို အဆိပ်ဖြေဆေးတိုက်လိုက်ပါဦး'

ဟု ပြောလိုက်၏။

နှန်းကုန်းလိန် ဝမ်းသာသွားလေသည်။

'ကောင်းပါပြီ သခင်မလေး'

ချက်ချင်းပင် လဲကျနေသော သိုင်းသမားများအားအဆိပ်ဖြေဆေးများ လိုက်လံတိုက်ကျွေးလိုက်လေသည်။

မေဝါးက လုယိကျုံးထံသို့ လှမ်းလာကာ....

'အစ်ကို၊ ကျွန်မ အိမ်ပြန်ရတော့မယ်'

ဟု ပြောလာလေသည်။

လုယိကျုံး၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

မေဝါးက....

'ကျွန်မ မပြန်မဖြစ်လို့သာပြန်ရမှာပါ၊ အစ်ကိုနဲ့မခဲခွဲချင်ပါဘူး အစ်ကို'

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ပြောပါညီမ'

မေဝါးက....

'အစ်ကို့ရဲ့ပြဿနာတွေကို ညီမ ကူညီပြီး မဖြေရှင်းပေးနိုင်အတွက် ညီမကို ခွင့်လွှတ်နော်'

'ဩော်....ညီမရယ်'

လုယိကျုံး ညည်းတွားလိုက်လေသည်။

မေဝါးတ....

'ကျွန်မပေးထားတဲ့ အဆိပ်ဖြေဆေးကိုလဲ မှန်မှန်သောက်ပါနော်'

'စိတ်ချ ညီမ'

မေဝါး၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

'ညီမသွားရတော့မယ်၊ တစ်နေ့ကျရင် ညီမဆီကို အစ်ကို လိုက်လာနိုင်မလားဟင်'

လုယိကျုံး လှိုက်လှိုက်လှဲလှဲ ဖြစ်လာသည်။

'စိတ်ချပါ၊ အစ်ကို့ရဲ့ ရန်သူတွေကို ဖော်ထုတ်ချေမှုန်းပြီးရင် ညီမဆီကို ဆက်ဆက်လာခဲ့ပါ့မယ်လို့ အစ်ကိုဖာတီပေးပါတယ်ကွယ်'

မေဝါးမျက်ရည်များကြားမှ ပြုံးလိုက်သည်။

'ဝမ်းသာလိုက်တာ အစ်ကိုရယ်'

ထို့စဉ်....

'သခင်မလေး ကျုပ်တို့သွားကြပါစို့'

နန်းကုန်းလိန်၏အသံ ထွက်ပေါ်လာလေသည်။

မေဝါး သက်ပြင်းချလိုက်ပြီး....

'ညီမမျော်နေပါမယ်ရှင်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

လုယိကျုံး ငိုင်နေ၏။

ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက်ရပ်ကာ နန်းကုန်းဝိန်နှင့် မေဝါးတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

လုယိကျုံးကား ပတ်ဝန်းကျင်ကို အမှုမထားနိုင်အားပါ ခဲ့။

ရီဝေသောမျက်လုံးများဖြင့်ခြေဦးတည့်ရာလျှောက်နေ၏။

ဘယ်ရပ်ဘယ်ဝယ် ရောက်သည်ကိုပင် အမှုမထားတော့ ပါ။

သူ၏မျက်လုံးထဲ၌ မေဝါး၏ ချစ်စဖွယ်ကောင်းနေသော မျက်နှာလေးကိုမြင်ယောင်နေမိသည်။

မေဝါးကား ခြောင်နယ်ခြားသို့ ပြန်သွားဖြို့ဖြစ်ပါသည်။

လုယိကျုံး၏ရင်ထဲမှ အသည်းနှလုံးသည် မေဝါးနှဖို့ အတူ ပါသွားသည်ဟု ခံစားနေရလေသည်။

သူတို့နှစ်ယောက်ပြန်လည်ဆုံဆည်းနိုင်ကြပါဦးမည်လော။

မည်မျှကြာသွားမှန်းမသိ။

'ခွပ်....ခွပ်... ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကိုကြားရမှ သတိဝင် လာလေသည်။

လုယိကျုံးက ခြေလှမ်းရပ်ကာကြည့်လိုက်၏။

သည်ပုတ်ထဲက သည်ပဲ

'ဂျုံမြိန်း'

မိုးခြိမ်းသံ ကျယ်လောင်စွာ တွက်ပေါ်လာလေသည်။

ကောင်းကင်ပေါ်ဝယ် လျှပ်စီးလျှပ်ပန်းများ ဖျိုးခနဲ ဖြတ်ခနဲ ဝင်းလက်ဘားလေသည်။

ကောင်းကင်ပေါ်၌ တိမ်ညိုတိမ်မည်းများ အလိပ်လိုက် အလိပ်လိုက်တက်သာသည်။

လေပြင်းများကသည်း ဘဟူးဟူးမြည်ကာ တိုက်ခတ်လာ လေသည်။

မြို့ပြင်မှ မိုးဖျားသန်းကောမည်းဖြစ်သည်။

မိုးစက်ကလေးများ တဖွားဖွားကျလာသည်။

တဖြည်းဖြည်းနှင့် မိုးအားကောင်းလာတော့မည်ဖြစ်လေသည်။

မိုးစက်မှုန်များကြားမှ မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကို တွေ့ရလေသည်။

လုယိကျုံးက ငေးကြည့်နေမိသည်။

မြင်းလှည်းသည် တစ်စထက်တစ်စနီးကပ်လာပြီး လုယိကျုံးအနီးမှ ဖြတ်သန်းသွားလေသည်။

လုယိကျုံးကား မလှုပ်မယှက်ရပ်နေဆဲ။

ရုတ်တရက်....

'ဟေး'

မြင်းများကို အော်ငေါက်လိုက်သောအသံနှင့်အတူ မြင်းလှည်းရပ်တန့်သွားလေသည်။

တစ်ဆက်တည်းပင်....

'ညီလေးပါဗား၊ မိုးရွာထဲဘာလုပ်နေတာလဲ၊ မြန်မြန်လာခဲ့လေ'

မြင်းလှည်းသမား၏အသံ ထွက်ပေါ်လာသည်ကို ကြား ရ၏။

ထိုအသံကိုကြားရလျှင် စီးဝူရောက်နှံအနီးသို့ သူကူညီခဲ့ဖူးသော ကျန်းမင်၏အသံဖြစ်ကြောင်း လုယိကျုံး မှတ်မိလိုက်လေသည်။

မရည်ရွယ်ပါဘဲ မြင်းလှည်းအနီးသို့ လှမ်းသွားလိုက်မိလေသည်။

ကျန်းမင်က မြင်းလှည်းမောင်းသူနေဆုဥ်ထိုင်နေပြီး မိုးကာဝတ်စုံကို ဝတ်ဆင်ထားခဲ့လေသည်။

'ညီလေး....ဘယ်သွားမလို့လဲ၊ ကျုပ် လိုက်ပို့ပေးပါ့မယ်၊ မြင်းလှည်းပေါ်တက်ခဲ့လေ'

ဟုခေါ်ပြောလေသည်။

လုယိကျုံးက မြင်းလှည်းပေါ်တက်ကာ ကျန်းမင်နှင့်ယှဉ်တွဲထိုင်ချလိုက်ပြီး....

'ကျန်တော် ဘယ်သွားရမှန်းမသိခဲ့ဘူး'

ဟု ညည်းတွားလိုက်မလေသည်။

'ဟား....ဟား....ဟား'

ကျန်းမင်က ရယ်မောလိုက်သည်။

'ငါ့ညီကိုကြည့်ရတာ ဟိုမိန်းကလေးက စွန့်ခွာသွားလို့ပဲ ဖြစ်ရမယ်'

ဟု မှတ်ချက်ချလိုက်သည်။

လုယိကျုံး မချိပြုံးပြုံးလိုက်လေသည်။

ကျန်းမင့်က....

'ငါ့ညီ သွားစရာမရှိတူးဆိုရင် ကျုပ်နဲ့လိုက်ခဲ့ပါလား'

ဟုပြောဆသည်။

လုယိကျုံး တွေဝေသွားပြီး....

'နောင်ကြီးက ဘယ်ကိုသွားမလို့လဲ'

ဟု မေးလိုက်၏။

ကျန်းမင်က....

'တိမ်ဖြူကိုဏ်းကိုသွားမလို့လေ၊ ကျုပ်က နောက်တာဒ်ကျနေပြီ၊ တခြားသိုင်းဆရာတွေ သွားနှင့်ကြပြီ'

လုယိကျုံးက....

'တိမ်ဖြူကိုဏ်းမှာ ဘာဖြစ်နေလို့လဲ'

ကျန်းမင်က....

'ဘာဖြစ်ရမလဲ၊ သိုင်းလောကတစ်ခုလုံး သဲကြီးမဲကြီး လိုက်နှာနေကြတဲ့ နဂါးသရဲလုံးကွေ့ကို တိမ်ဖြူကိုဏ်းက ဖမ်းမိထားပြီလို့ ဆတင်းတွက်ပေါ်နေလို့ပေါ့'

'ဟင်'

လုယိကျုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယခု သူ ကောင်းစွာသတိဝင်လာပြီဖြစ်သည်။

သိုင်းလောကသားများနည်းတူ နဂါးသရဲလုံးကွေ့နှင့် တွေ့ရဖို့ သူ့အတွက်လဲ အရေးကြီးလှသည်မဟုတ်ပါလား။

ကျန်းမင်က....

'ဘယ်လိုလဲ၊ ငါ့ညီလိုက်မယ်မဟုတ်လား'

ဟု မေးလျှင်....

'ကျွန်တော်လိုက်မယ်'

လုယ်ကျုံးက အားတက်သရော ပြောလိုက်လေသည်။

သို့ဖြင့်....

လုယ်ကျုံးသည် ကျွန်းမင်နှင့်အတူ လိုက်ပါသွားလေတော့သည်။

* * *

နေ့ခန်းနှိမ့်မှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်လေသည်။

ကျွန်းမင်သည် မြင်းလှည်းကို အရှိန်ပြင်းပြင်း မောင်းနှင်နေ၏။

တောလမ်းခရီးမှ ဖြတ်သန်းလာကြခြင်းဖြစ်၍ မိုးမချုပ်မီ နားခိုစရာတစ်နေရာ တွေ့မှဖြစ်မည်ဟု လုယ်ကျုံးအား ပြောပြလေသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မိုးစဲသွားပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးကား အေးစိမ့်နေ၏။

အလင်းရောင်အားပျော့သွားသလို အမှောင်ထုက လျင်မြန်စွာ ချဉ်းနင်းဝင်ရောက်လာလေသည်။

ထိုစဉ်....

မလှမ်းမကမ်းတစ်နေရာမှ မီးရောင်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျွန်းမင် စမ်းသာသွားသည်။

'မီးရောင်ရှိရင် လူရှိမှာပဲ၊ တို့သွားရအောင်'

ဟု လုယ်ကျုံးအား ပြောလေသည်။

လုယ်ကျုံးက....

'နောင်ကြီးသဘောပဲ'

ဟု သဘောတူလိုက်သည်။

မီးရောင်တွက်ပေါ်နေသော နေရာဆီသို့ဦးတည်ကာ မြင်းလှည်းကို မောင်းနှင်သွားကြရာ မကြာပါခေါ်။ သောအုပ်အတွင်းရှိ တိုကျောင်းပျက်တစ်ခုသို့ ရောက်ရှိသွားကြလေသည်။

ထိုအချိန်တွင်....

'ဂျိမ်း'

ဝိုးခြိမ်းသံ ကျယ်လောင်စွာတွက်ပေါ်လာပြီး မိုးရွာသွန်းလာပြန်လေသည်။

ကျန်းမင်က....

'လာ ညီလေး'

ဟုပြောကာ တို့ကျောင်းပျက်ထဲသို့ ဝင်သွားလေသည်။

လုယိကျုံးကလည်း လိုက်သွားသည်။

ဘုံကျောင်းပျက်ထဲသို့ရောက်လျှင် မီးအိမ်တစ်လုံးချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

သို့သော်....

လူသူတစ်စုံတစ်ယောက်မှမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။

လုယိကျုံး အံ့သြသွားပြီး....

'လူတစ်ယောက်မှ မရှိပါလား'

ဟု ရေရွတ်လိုက်လေသည်။

ကျန်းမင်က....

'ဟုတ်တယ်'

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ရာ မလှမ်းမကမ်း၌ မီးပုံတစ်ခုရှိနေပြီး မီးတောက်လောင်နေသည်ကို တွေ့ရပြန်သည်။

မီးပုံနံဘေး၌ စားကြွင်းစားကျန်များ တွေ့ရ၏။

မကြာသေးမီကပင် ဤနေရာ၌ တစ်စုံတစ်ယောက် ရှိနေခဲ့ကြောင်း ထင်ရှားပေါ်လွင်နေလေသည်။

ကျန်းမင်က....

'တယ်ရောက် သွားကြပါလိမ့်'

ဟု ရေရွတ်ရာ....

'မိတ်ဆွေတို့ သွက်လာခဲ့ကြပါဗျာ'

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် တို့ပြန်သံမကြားရပါချေ။

ကျန်းမင် ပခုံးတွန့်လိုက်သည်။

'တစ်ယောက်ယောက်က ဒီနေရာမှာ မိုးခိုခဲ့ပြီး မိုးဘိတ်စာနဲ့ ထွက်သွားလို့ပဲ ဖြစ်ရမယ်'

ဟု မှတ်ချက်ချလိုက်လေသည်။

အပြင်ဘက်တွင် မိုးသည်းထန်စွာ ရွာသွန်းနေပါသည်။

မိုးကြီးလေကြီး ကျရောက်နေသည့်အပြင် ညဘက်ရောက်နေပြီမို့ ခရီးဆက်ဖို့ မလွယ်တော့ပေ။

ထို့ကြောင့်....

'ကျုပ်တို့ ဒီမှာပဲ နားကြတာပေါ့၊ ဒီထက် သင့်လျော်တဲ့နေရာ မရှိတော့ဘူး'

ဟု ကျန်းမင်က ပြောလိုက်လေသည်။

'တောင်းပါပြီဗျာ'

လုယိကျုံးက သဘောတူလိုက်၏။

ကျန်းမင်က အသင့်ယူလာသော စားသောက် ဖွယ်ရာမျာ်းကို ထုတ်ယူကာ ကျွေးမွေးလေသည်။

'ကဲ....ငါ့ညီ စားလိုက်ဦး'

လုယိကျုံး အားတုံ့အားနာ ဖြစ်သွားလေသည်။

'နေပါစေ နောင်ကြီးရာ၊ ကျွန်တော် မဆာပါဘူး'

'ဘာလဲ ငါ့ညီက အားနာလို့လား၊ ကျုပ်ကို ကူညီခဲ့တဲ့ ငါ့ညီရဲ့ ကျေးဇူးက ပိုကြီးပါတယ်၊ ဘာမှ အားနာစရာမလိုပါဘူး၊ ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုလို သဘောထားကြတာပေါ့'

လုယိကျုံး ဝမ်းသာသွားလေသည်။

မမျှော်လင့်ဘဲ သိုင်းလောကမိတ်ဆွေတစ်ယောက် ရရှိလိုက်ပြီမဟုတ်ပါလား။

ငြင်းပယ်လျှင် ကျန်းမင် စိတ်မကောင်း ဖြစ်သွားမည်ကို စိုးရိမ်ကာ စားသောက်လိုက်ရလေတော့သည်။

ကျန်းမင်သည် လုယိကျုံးစားသောက်လိုက်သဖြင့် ကျေနပ်သွားပြီး....

'စားလို့ ကောင်းရဲ့လား'

ဟု မေးလေသည်။

လုယိကျုံးက....

'ဟုတ်ကဲ့၊ ကောင်းပါတယ်ဗျာ'

ကျွန်းမင်က ရယ်မောလိုက်လေသည်။

'ဟုတ်တယ်၊ အဆိပ်ပါတဲ့စားစရာတွေဟာ ထခြားစား စရာတွေထက် ပိုပြီး စားလို့ကောင်းတယ်ဆိုတဲ့စကား အမှန်ပဲ'

ဟု ပြောလေသည်။

'ဗျာ'

ကျွန်းမင်၏စကားကြောင့် လုယိကျုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'အဆိပ်ပါတဲ့ အစားအစာ ဟုတ်လား'

'ဟုတ်တယ်လေ'

'ဒါဆို'

'မင်းစားလိုက်တဲ့ အထဲမှာ အဆိပ်ခတ်ထားတာပေါ့'

'ဟင်'

လုယိကျုံး အံ့သြသွားလေသည်။

ကျွန်းမင်ကို မယုံနိုင်စွာကြည့်ရင်း....

'ကျွန်တော်စားခဲ့တဲ့စားစရာတွေထဲမှာ အဆိပ်ခတ်ထား တယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'နေပါဦး၊ တယ်သူက အဆိတ်ခတ်လိုက်တာလဲ'

'တယ်သူရှိရမလဲ၊ ငါပေါ့'

'ခင်...ခင်ဗျား'

'ဟား....ဟား....ဟား'

ကျွန်းမင်က ဟားတိုက်ရယ်မောလိုက်လေသည်။

လုယိကျုံး ခံပြင်းသွားသည်။

'ခင်ဗျား ဘာကြောင့်ဒီလိုလုပ်ရတာလဲ'

ကျွန်းမင်က....

'မင်းကို မေးစရာရှိလို့ပေါ့ကွာ၊ စီးဝူရောက်မှာ မင်းရဲ့ နာမည်ကိုကြားလိုက်ရတာ ငါ့မဟာက်ကောင်းသွားတာပဲ၊

ဒါကြောင့် စားစရာထဲ အဆိပ်ခတ်ပြီးကြိုတင်စီစဉ်ပေးခဲ့တာ မြောင်နယ်ခြားက ဟိုကောင်မလေး ထွက်သွားတော့ ငါ့ အတွက်ပိုပြီး အဆင်ပြေသွားတာပေါ့'

လုယိကျုံးက....

'လက်စသတ်တော့ ခင်ဗျားက ကျုပ်ကိုနှောက်ယှက်ခံ လိုက်ပြီး ဒုက္ခပေးဖို့ ကြိုတင်ကြံစည်ထားတာကိုး'

ကျန်းမင်က မငြင်းပါ။

'ဒါ....အမှုန်ပေါ့ကွာ'

အမှုန်အတိုင်း ဝန်ခံလိုက်ထေသည်။

လုယိကျုံးက....

'ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ဟု မေးလိုက်သည်။

ကျန်းမင်က....

'ငါ့ကို မင်းကိုသိထားလို့ပေါ့ကွ'

'နေပါဦး၊ ခင်ဗျားက'

သူ့စကားမဆုံးမီ ကျန်းမင်က လက်ကာပြလိုက်ပြီး....

'မင်းက သိုင်းလောကထဲ ရောက်လာပြီဆိုတော့ ချန်အန်း လုလင်သုံးဖော်ဆိုတဲ့ နာမည်ကိုတော့ ကြားဖူးမယ် ထင်တာပဲ'

ဟု မေးခလေသည်။

လုယိကျုံးသည် ကြူးလင်းကို ဖျတ်ခနဲသတိရလိုက်ပြီး....

'ခင်ဗျားက ကြူးလင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ဟု ပြန်ခမ်းလိုက်၏။

ကျန်းမင်က....

'သူနဲ့ငါဟာ သွေးသောက်မိတ်ဆွေတွေပေါ့'

လုယိကျုံးက....

'ဒါဖြင့် ခင်ဗျားဟာ ချန်အန်းလုလင်သုံးဖော်ထဲမှာတစ် ယောက်အပါအဝင်ပဲပေါ့ ဟုတ်လား'

'မှန်လိုက်လေကွာ'

အဲဒီ ရွှေပုရပိုက်ကြောင့်ပဲ သမားတော်ခြံဝင်းဟာ ညတစ်ညမှာ တိုက်ခိုက်ဖျက်ဆီး ခံလိုက်ရတာပဲ၊ ဒါပေမယ့်အသက်ရှင်ပြီး လွတ်မြောက်သွားခဲ့သူတွေ ရှိသလို ရွှေပုရပိုက်လဲ ပျောက်ဆုံးသွားတယ်၊ လွတ်မြောက်သွားတဲ့ လုံကွေ့ဆီမှာ ရွှေပုရပိုက် ပါသွားမှာပဲဆိုပြီး သူ့ကိုလိုက်ရှာနေကြတာပဲ'

လူယိကျုံးက ကျွန်းမင်းသား စိုက်ကြည့်နေသည်။

သူ့၏ရင်ထဲ တထိတ်ထိတ် ခုန်နေလေသည်။

ကျွန်းမင်းက ဆက်ပြောသည်။

'သိုင်းလောကသားတွေဟာ ရွှေပုရပိုက်ကြောင့် လုံကွေ့ကိုလိုက်ရှာနေတာ တုတ်ပဲပြီ၊ မင်းကကော ဘာကြောင့် သူ့ကို လိုက်ရှာနေရတာလဲဆိုတာ ဘယ်သူကမှ မစဉ်းစားကြဘူး၊ ကြားလင်လဲအတူတူပဲ၊ ဒါပေမယ့် ငါက စဉ်းစားမိလိုက်တယ်လေ'

လူယိကျုံး နှာခေါင်းရှုံ့လိုက်လေသည်။

'ခင်ဗျားက တံကယ်ညာကြီးရှင်ပဲ'

ဟု အငေါ်တူးလိုက်လေသည်။

ကျွန်းမင်က တဟားဟားရယ်မောရင်း....

အခုမှ အဖြစ်မှန်ကို လူယိကျုံး သဘောပေါက်သွားလေတော့သည်။

ကျွန်းမင်က...,

'ငါနဲ့ ကြားလင်ဟာ အမြဲတမ်း အဆက်အသွယ် ရှိကြတယ်လေ၊ ဒါပေမယ့် ငါက ကြားလင်လောက်တော့ မအဘူးက့၊ မင်းဘာကြောင့် ပေါင်ကျင်းမြို့ကိုရောက်လာရသလဲ၊ ဘာကြောင့် နဂါးသရဲ လုံကွေ့ကိုရှာရသလဲ၊ ဒါတွေကို ကြားလင်တာ မတွေးပေမယ့် ငါကတွေးတောဆင်ခြင်မိတယ်လေ'

လူယိကျုံး မျက်နှာပျက်သွားလေသည်။

ကျွန်းမင်းသည် ကြားလင်ထက်ပင်ဉာဏ်များပြီး ကောက်ကျစ်စဉ်းလဲသူဖြစ်ကြောင်း သိလိုက်ရလေသည်။

ကျွန်းမင်က ရယ်မောလိုက်ပြီး....

'ငါတွေးကြည့်တယ်၊ သိုင်းလောကသားတွေဟာ နဂါးသရဲ လုံကွေ့နှုန်းကို ဘာကြောင့် လိုက်နေကြသလဲ၊ အမှန်တော့ လုံကွေ့ဟာ တစ်ချိန်က သမားတော်ခြံဝင်းနဲ့ ပတ်သက်ခဲ့ဖူးတယ်၊ သမားတော်ခြံဝင်းပိုင်ရှင်ဆီမှာ သိုင်းလောကသားတွေ အင်မတန်မှ လိုချင်ကြတဲ့ ရွှေပုရပိုက်ရှိခဲ့ဖူးတယ်

'ကဲ....မင်းက ဘာကြောင့် လုံကွေ့ကို ရှာရတယ်ဆိုတာ အမှန်အတိုင်း ပြောပေတော့'

ဟုပြောလေသည်။

လုယိကျုံးက....

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် မပြောနိုင်ပါဘူး'

ကျန်းမင်၏ရယ်သံ ချက်ချင်းတိတ်ဆိတ်သွားလေသည်။

လုယိကျုံးအား မျက်ထောင့်နှိုက်ဖြင့်ကြည့်ရင်း....

'မင်းက အဆိပ်ဖြေဆေး မလိုချင်တော့ဘူးထင်တယ်'

ဟုငေါက်လိုက်၏။

လုယိကျုံး ခံပြင်းသွားလေသည်။

သို့သော် ကျန်းမင်အား အလျှော့မပေးရန် ဆုံးဖြတ်လိုက်၏။

ကျန်းမင်က....

'မင်းမပြောလဲ ငါသိတယ်ဆိုတာ မှတ်ထား၊ မင်းဟာ လုံကွေ့လိုပဲ သမားတော်ခြံဝင်းဖျက်ဆီးခံရတဲ့ညက အသက်မမသာဘဲ လွတ်မြောက်သွားတဲ့ လူတစ်ယောက်ဖြစ်ရမယ်'

လုယိကျုံး မျက်နှာပျက်သွားလေသည်။

ကျန်းမင်က ဆက်ပြောသည်။

'သမားတော်ခြံဝင်း ဖျက်ဆီးခံလိုက်ရတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ မင်းရဲ့အသက်အရွယ်နဲ့တွက်ကြည့်ရင် မင်းဟာ သမားတော်ခြံဝင်းပိုင်ရှင်ရဲ့သားပဲ ဖြစ်ရမယ်ဆိုတာ ငါကသိထားတာပေါ့'

'ခင်....ခင်ဗျား'

လုယိကျုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျန်းမင်က်....

'လုံကွေ့ကို ရှာမတွေ့ပေမယ့် ပိုပြီးအရေးပါတဲ့ မင်းကို ရှာလို့တွေ့ပြီဆိုတော့ ရွှေပုရိုက်ကို ငါကလဲပြီး ဘယ်သူရနိုင်ဦးမှာလဲ၊ ကဲ....ရွှေပုရိုက်ဘယ်မှာလဲပြောစမ်း'

ဟု ငေါက်လိုက်လေသည်။

လုယိကျုံးက....

'ကျုပ် မသိဘူး'

ကျန်းမင် မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက သေချာပိတ်လှုံခြင်းတာလား၊ ဘာဆိပ်ဖြစ်ဆေးမရုရင် မင်း သေသွားလိမ့်မယ်နော်'

လုယိကျုံးက....

'ကျုပ်မသိဘူး၊ သိရင်လဲမပြောဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ကျန်းမင် ဒေါပွသွားလေသည်။

'ကောင်းပြီ၊ မင်း ဘယ်လောက် ခေါင်းမာနိုင်မလဲ၊ ကြည့်ကြသေးတာပေါ့'

လုယိကျုံးအား တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။

သို့စဉ်....

အမှောင်ရိပ်ကျနေသော တုံးကျောင်းထောင့် တစ်နေရာမှ လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာပြီး....

'ဝါး....အိပ်ရေးပျက်လိုက်တာ ဘယ်သူတွေက ဒီနေရာမှာ လာပြီး ဆူဆူညံညံလုပ်နေတာလဲ'

အသံစူးစူးလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

'ဟင်'

မမျှော်လင့်တဲ့ကြားလိုက်ရသော အသံစူးစူးလေးကြောင့် ကျန်းမင်နှင့် လုယိကျုံးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ....

အမှောင်ရိပ်ကျနေသော တုံးကျောင်းထောင့် တစ်နေရာမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူကိုမြင်လျှင် ကျန်းမင် မျက်ခမ်းမှောင်ကြုတ်သွား၏။

ထိုလူမှာ အပြူးဆွေးဝတ်ဆင်ထားသော မိန်းမချောလေး တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလော။

ထိုမိန်းကလေးသည် မည်သည့်အချိန်က ဘုံကျောင်းပျက်ထဲ၌ ရောက်ရှိနေသည်မသိရပါ။

ကျန်းမင်က မကျေမနပ်ဖြင့်....

'မင်း ဘယ်သူလဲ၊ ဒီနေရာမှာ ဘာလာလုပ်တာလဲ'

ဟု မေးလိုက်လေသည်။

မိန်းကလေးက နှာခေါင်းရှုံ့လိုက်သည်။

'ရှင်ကဆော ဘယ်သူလဲ ဘာလာလုပ်တာလဲ'

ဟု ပြန်မေးလိုက်လေသည်။

'မင်း....မင်း'

ကျန်းမင်က ချက်ချင်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

မိန်းကလေး နှာခေါင်းရှုံ့လိုက်ပြီး....

'ချန်အန်းလုလင်သုံးဖော်ဟာ ကျားကြီး၊ ကျားလက်နဲ့ ကျားလေးလို့ နာမည်ခံယူထားပေမယ့် တကယ်တော့ မြေခွေးတွေထက်တောင် ကောက်ကျစ်စဉ်းလဲသေးတယ်၊ လူဘစ်ယောက်အပေါ် အကောက်ကြံတဲ့ကိစ္စမှာ အတော်ကိုအောက်တန်းကျတာပဲ၊ ရှင်က ယောကျ်ားပီပီ သတ္တိရှိရင် တစ်ယောက်ချင်း ရင်ဆိုင်ပါလားရှင့်'

ဟု ပြောလေသည်။

ကျန်းမင်က....

'မင်းဘာတွေပြောနေတာလဲ'

မိန်းကလေးက....

'ရှင့်ကိုပြောနေတာလေ'

'ဘာ....'

'ရှင့်လူတွေ ဘယ်ရောက်သွားပြီလဲဆိုတာ ရှင်သိသလား'

'မင်း....မင်း'

ကျန်းမင်လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

မိန်းကလေး ရယ်မောလိုက်လေသည်။

'ခစ်....ခစ်....ခင်'

သူမ၏ရယ်မောသံ ထွက်ပေါ်လာသောအခါ အလွန်နားထောင်ချင်ကောင်းလှသည်ဟု လုယိကျုံး တွေးလိုက်မိလေသည်။

ကျန်းမင်ကား ခံပြင်းဒေါသထွက်နေပါသည်။

'မင်း သေချင်လို့လား'

ဟု ငေါက်လိုက်၏။

မိန်းကလေးမျက်နှာ တည်ငြိမ်သွားလေသည်။

'သေချင်တာကရှိပဲ၊ ကျွန်မ မဟုတ်ဘူး'

'ကောင်းပြီ၊ မင်း တယ်လောက်အစွမ်းအစရှိလဲ ကြည့်ကြ သေးတာပေါ့'

စကားဆုံးလျှင် ကျွန်းမင်းသည် မိန်းကလေးအား တိုက် ခိုက်လိုက်လေသည်။

မိန်းကလေးက....

'ခစ်....ခစ် မြေခွေးသတ်ကို ဆုံးမရမယ်'

ဟု ပြောကာ လက်ညှိုးနှင့်လက်ခလယ်ကို ထောက်ထုတ် လိုက်လေသည်။

'ခြစ်'

လေတိုးသံတဉ်ချက် ထွက်ပေါ်လာလေသည်။

မခရွေးမနှောင်းမျာပင်....

'အယ်လေးဗျ'

ကျွန်းမင်းအထိတ်တလန့်အော်ဟစ်ကာ နောက်ဆုတ်သွား လေသည်။ သူ၏အင်္ကျီလက်အိုးကို ငုံ့ကြည့်လိုက်၏။

ထိုအခါ အင်္ကျီလက်အိုးခွံ အပေါက်လေးတစ်ပေါက်ဖြစ် ပေါ်နေသည်ကို တွေ့ရလေသည်။

ကျွန်းမင်း မျက်လုံးပြူးဆွံ့လေသည်။

'မင်း....မင်း'

မိန်းကလေးက....

'ကဲ....ခုတော့ ဘယ်သူကဆုံးမနိုင်မလဲဆိုတာ ရှင်သိပြီ မဟုတ်လား'

ကျွန်းမင်းက....

'မိန်း....မိန်းကလေးဟာ အရိုင်မဲ့တောင်ကုန်းနဲ့ ဘယ်လို ပတ်သက်နေဆဲလဲ'

ဟု မေးလိုက်သည်။

မိန်းကလေးက နှာခေါင်းရှုံ့လိုက်ပြီး....

'ရှင်ကတော့ ဘယ်လိုပတ်သက်နေတယ်လို့ ထင်သလဲ'

ဟု ပြန်မေးလိုက်လေသည်။

ကျွန်းမင်းက....

'မင်း...'

မိန်းကလေးက....

'ဘာလဲ၊ ရှင်က တို့ကိုက်ခိုက်ချင်သေးလို့လား'

ကျန်းမင် ကပျာကယာ ခေါင်းခါယမ်းလိုက်လေသည်။

'မ....မဟုတ်ပါဘူး၊ မိန်းကလေးဟာ အရိပ်မဲ့တောင်ကုန်းက သခင်မလေးချိုင်ယွဲ့များလား'

မိန်းကလေးက ရယ်မောလိုက်လေသည်။

'လက်စသတ်တော့ ရှင်က ကျွန်မကို သိနေတာကိုး'

ကျန်းမင်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ချက်ချင်းပင် ဒူးထောက်ချလိုက်ပြီး....

'သခင်မလေးမှန်းမသိလို့ ပြောဆိုမိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

ဟု တောင်းပန်လိုက်လေသည်။

မိန်းကလေးမှာ သိုင်းလောကဥ္စ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော အရိပ်မဲ့တောင်ကုန်းမှ သခင်မလေး ချိုင်ယွဲ့ဖြစ်လေသည်။

ကျန်းမင်သည် ချိုင်ယွဲ့အားမယှဉ်နိုင်မှန်း သတော ပေါက်မိလိုက်သဖြင့် ဒူးထောက်တောင်းပန်လိုက်ခြင်း ဖြစ်ပေတော့သည်။

ချိုင်ယွဲ့က....

'အင်း....ရှင်က ကျွန်မကိုသိနေတဲ့အပြင် ဒူးထောက်တောင်း ပန်နေတယ်ဆိုတော့လဲ ရှင့်အပြစ်တွေကို ခွင့်လွှတ်ရတော့မှာ ပေါ့လေ'

ထိုစကားကြားလျှင် ကျန်းမင် ဝမ်းသာသွားလေသည်။

'သခင်မလေးရဲ့ကျေးဇူးကို ကျုပ် ဘယ်တော့မှမမေ့ပါဘူးဗျာ'

ချိုင်ယွဲ့က....

'မ့လိုပါဘူး၊ ရှင်က နောက်တစ်ခါ ခုလိုကောက်ကျစ် စဉ်းလဲတဲ့အလုပ်မျိုး မလုပ်ရင်ပြီးတာပါပဲ'

ကျန်းမင်က....

'စိတ်ချပါသခင်မလေး၊ ကျုပ် နောက်နောင်ခုလို ဘယ် တော့မှမလုပ်တော့ဘူးလို့ ကတိပေးပါတယ်ဗျာ'

ချိုင်ယွဲ့က....

'ဒါဆို ရှင့်ကို ခွင့်လွှတ်လိုက်မယ်၊ ကဲ....သွားပေတော့'

'ကျေး....ကျေးဇူးပါပဲဗျာ'

ကျန်းမင်သည် ဒူးထောက်နေရာမှထကာ ချက်ချင်းထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

ချိုင်ယွဲ့ ဟန့်တားလိုက်လေသည်။

ကျန်းမင်က....

'သ....သခင်မလေး ဘာဖြစ်လို့လဲဗျာ'

ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မေးလိုက်လေသည်။

ချိုင်ယွဲ့ က....

'ဘာမှမဟုတ်ဘူး၊ ရှင့်လူတွေကို ဘယ်လိုလုပ်မလဲ'

'သူ...သူတို့'

'ကျန်မက သူတို့ကို သွေးကြောပိတ်ပြီးဖမ်းဆားဘယ်'

ကျန်းမင်က....

'သခင်မလေး ကြိုက်သလိုလုပ်နိုင်ပါတယ်'

ချိုင်ယွဲ့က နှာခေါင်းရှုံ့လိုက်သည်။

'ရှင် ဘော်တော်သစ္စာရှိတဲ့သူပဲ၊ ကျန်မရှေ့က မြန်မြန်သွက်သွားရင်ကောင်းမယ်'

ကျန်းမင် ဘာမှမပြောတော့ဘဲ ဘုံကျောင်းဟက်ထဲမှ သွက်ပြေးသွားလေတော့သည်။

* * *

ကျန်းမင် ထွက်ပြေးသွားပြီဖြစ်လေသည်။

လုယိကျုံးက အဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေ၏။

ချိုင်ယွဲ့သည် လုယိကျုံးထံသို့လှမ်းလာပြီး....

'သူက ရှင့်ကို အကောက်ကြံမယ်ဆိုတာ ရှင်မသိဘူးလား'

ဟု မေးလေသည်။

လုယိကျုံးက....

'ဟုတ်တယ်၊ ကျုပ်မသိခဲ့ဘူး'

ချိုင်ယွဲ့ကလေး....

'ချန်အန်းလုလင်သုံးဖော် နာမည်ကျော်နေကြပေမယ့် တကယ်တော့ မကောင်းတဲ့ဘက်မှာ ပိုပြီးထင်ရှားကြတာကို ရှင်မသိသေးဘဲကိုး'

လုယိကျုံးက....

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ဦးညွတ်ကာပြောလိုက်လေသည်။

ချိုင်ယွဲ့ကလေး....

'နေပါဦး၊ ရှင်ဟာ တစ်ချိန်က သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ သမားတော်ခြံဝင်းနဲ့ ပတ်သက်နေတာ အမှန်ပဲလား'

ဟု မေးလာလေသည်။

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

ချိုင်ယွဲ့ကလေး....

'ဘယ်လိုပတ်သက်နေမှုယ်ဆိုတာရော ပြောပြနိုင်မလား'

ဟု မေးလာသည်။

လုယိကျုံး သက်ပြင်းချလိုက်ပြီး....

'သမားတော်ခြံဝင်းပိုင်ရှင်ဟာ ကျုပ်ရဲ့မိတ်တွေပဲ ဖြစ်ကြပါတယ်'

'လက်စသတ်တော့ ရှင်ဟာ သမားတော်ခြံဝင်းပိုင်ရှင်ရဲ့သား ဖြစ်နေတာကိုး'

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့် ချေပုရပိုက်ကိစ္စဟာ ရှင်နဲ့ပတ်သက်နေတာပေါ့'

လုယိကျုံးက....

'ကျုပ်နဲ့ပတ်သက်နေတယ်ဆိုပေမယ့် ကျုပ်ယေယျကဖြစ်ခဲ့တဲ့ ကိစ္စတွေမို့ ကျုပ် ဘာမှမသိခဲ့ရပါဘူးဗျာ'

ချိုင်ယွဲ့ကလေး....

'အင်း....ရှင်ဟာ သမားတော်ခြံဝင်းပိုင်ရှင်ရဲ့သား ဖြစ်ဘယ်ဆိုတာကို သိုင်းလောတသားတွေ သိသွားကြရင် ရှင့်နောက်ကို သဲကြီးမဲကြီး ဝိုင်းလိုက်ကြတော့မှာပဲ'

လုယိကျုံး ဘာမှမပြောဘဲ နေလိုက်လေသည်။

ချိုင်ယွဲ့ကလေး....

'ရွှေပုရပိုက်နဲ့ဖတ်သက်လာရင် သို့ငြားလောကသားတွေဟာ အရှုံးအမြဲဖြစ်ကြတာပဲရှင့်၊ ရှင်ဟာ သမားတော်ခြံဝင်းနဲ့ ပတ်သက်နေတယ်ဆိုတော့ ရွှေပုရပိုက်အကြောင်း ရှင်သိရမယ်လို့ ယုံကြည်နေကြမှာပဲ'

လုယိုကျုံးက....

'ကျုပ် ဘာမှမဆိုပါဘူးဗျာ'

ချိုင်ယွဲ့သည် လုယိုကျုံးအား အကဲခတ်ကြည့်လိုက်မြဲ...

'ရှင့်စကားကို ကျွန်မယုံပါတယ်၊ ဒါပေမယ့် သို့ငြားလောကသားတွေအတွေ့ ယုံကြည်ကြမယ်မထင်ဘူး'

လုယိုကျုံးက....

'ကျုပ် ဘယ်တတ်နိုင်ပါ့မလဲဗျာ'

ချိုင်ယွဲ့က....

'ချန်အန်းလုလင်သုံးဖော်တာ အကင်းပါးတယ်၊ ကောက်ကျစ်တယ်၊ ခုလောက်ဆို ရှင့်အကြောင်း သို့ငြားလောကထဲမှာ သတင်းပျံ့သွားလောက်ပြီ၊ ရှင် ဘယ်လိုလုပ်မလဲ'

လုယိုကျုံးက....

'ဘာပဲဖြစ်ဖြစ် ရင်ဆိုင်သွားရမှာပေါ့ဗျာ'

'ဒါဆက် ရှင် အဆိုပ်ခံထားဘယ်ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

ချိုင်ယွဲ့က....

'ကျွန်းမင်ဆီက အဆိပ်ဖြေဆေးရရင် မလွယ်ဘူး၊ ရှင့်ကို ရောက်တော့မှာပဲ၊ နေဦး ကျွန်မ ဖြေဆေးလိုက်တောင်းဦးမယ်'

စကားဆုံးလျှင် ဘုံကျောင်းအပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

လုယိုကျုံး ငေးငိုင်တာကျန်ရစ်ခဲ့၏။

သူက စောင့်ဆိုင်းနေလိုက်သော်လည်း မိုးစင်စင်လင်းသည်အထိ ချိုင်ယွဲ့ ပြန်လည်ရောက်ရှိမလာတော့ချေ။

* * *

တိမ်ဖြူဂိုဏ်းကသာ လုံကွေ့အားဖမ်းဆီးထားပါက လုပ္ပူမည့်သူမရှာလှပေ။

သိုင်းလောကတွင် တိုက်ပွဲများဖြစ်ပေါ်လာတော့မည်မှာ ထင်ရှားနေပါတော့သည်။

မကြာမီ....

ဖျက်ဆီးခံခဲ့ရသော သမားတော်ခြံဝင်းပိုင်ရှင်၏သားသည် သိုင်းလောကသို့ ခြေချလာသည်ဟူသော သတင်းများ ထွက်ပေါ်လာလေသည်။

သမားတော်ခြံဝင်းပိုင်ရှင်၏သားသည် ရွှေပုရပိုက်တွင် ရေးသားမှတ်တမ်းတင်ထားသော သိုင်းပညာများကို တတ်မြောက်ထားပြီး မိဘများအားလုပ်ကြံသွားသည့် ရန်သူကို လိုက်လံရှာဖွေနေသည်ဟူသော သတင်းများထွက်ပေါ်လာသည်။

ထူးခြားလှသောသတင်းများကြောင့် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေလေတော့သည်။

* * *

သခင်လေးထင်းစန်းသည် အရက်တစ်ခွက် မော့သောက်လိုက်လေသည်။

သပွတ်အိမ်

သိုင်းလောကတွင် သတင်းထူးများ ထွက်ပေါ်လာလေသည်။

ရွှေပုရပိုက်အကြောင်းကိုသိထားသော နဂါးသရဲလုံကွေ့အား သိုင်းလောက၏ နာမည်ကြီးတိမ်ဖြူဂိုဏ်းက ဖမ်းမိထားသည်ဟူသော သတင်းထွက်ပေါ်လာသည်။

ထို့ကြောင့်....

သိုင်းလောကသားများသည် တိမ်ဖြူဂိုဏ်းသို့ ဦးတည်သွားကြလေသည်။

အကယ်၍....

ပြီးလျှင် သူနှင့်မျက်နှာချင်းဆိုင်ထိုင်နေသော ကြူးလင်ကို ကြည့်ကာ....

'ဘယ်လိုလဲ၊ ဟိုကောင် မသေသေးဘူးမဟုတ်လား'

ဟု မေးလိုက်လေသည်။

ကြူးလင် ဆက်ပြင်းချလိုက်သည်။

'ဟုတ်ဘယ်သခင်လေး'

ထင်းစန်းက....

'သူဟာခင်ဗျားရဲ့အဆိပ်နှစ်မျိုးမိတာတောင် ခုထိအသက်ရှင်နေသေးတာအံ့သြစရာပဲ၊ နေစမ်းပါဦး၊ ခင်ဗျားရဲ့အဆိပ် တွေက အစွမ်းဧော ထက်လှိုလား'

ကြူးလင်က....

'ဘယ်လိုပြောလိုက်ပါလိမ့် သခင်လေးရယ်၊ ကျုပ်အသုံးပြုလိုက်တဲ့ အဆိပ်ဟာ တစ်သက်မဟုတ်ဘူး နှစ်သက်စတာင် သေနိုင်လောက်အောင် ပြင်းတာပေါ့'

ထင်းစန်းက....

'ဒါဖြင့် သူကဘာကြောင့် မသေရတာလဲ'

ကြူးလင်က....

'ကျုပ်သခင်းစုံစမ်းကြည့်တော့ လုယဲကျုံးဟာ မြော
နယ်ခြားကလာတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွေ့ဆုံမိခဲ့ပြ
တယ်လို့ သတင်းရပါတယ်'

'ဘာ'

ထင်းစန်း၏မျက်လုံး ပြူးသွားသည်။

ကြူးလင် ရင်ထိတ်သွားပြီး....

'ကျုပ်ရဲ့အစ်ကိုလတ် ကျန်းမင်ဆီက သတင်းကြားရတ
ပါ၊ သေချာပါတယ်'

ထင်းစန်းက....

'သေချာတာ မသေချာတာ အသာထား၊ ပြောင်နေ
ခြားက လူတွေဟာ အဆိပ်ပညာ ကျမ်းကျင်ကြတယ်၊ ခ
ကြောင့် လုယဲကျုံး ခုထိအသက်ရှင်တာ ဖြစ်ရမယ်'

ကြူးလင်က....

'သူဟာ မိန်းကလေးတွေနဲ့ပတ်သက်ရင် အတော်ကို ဂ
ကောင်းတယ်၊ မိန်းကလေးတွေက သူ့ဆိုရင် ဘာမဆိုကျူ
ဖို့ ငန်မခံလေးဘူး'

ထိုစကားကြားလျှင် ထင်းစန်း ပိုပြီးဒေါသူသွားလေတော
သည်။

ပြီးလျှင် သူနှင့်မျက်နှာချင်းဆိုင်ထိုင်နေသော ကြူးလင်ကို ကြည့်ကာ....

'ဘယ်လိုလဲ၊ ဟိုကောင် မသေသေးဘူးမဟုတ်လား'

ဟု မေးလိုက်လေသည်။

ကြူးလင် သက်ပြင်းချလိုက်သည်။

'ဟုတ်ဘယ်သခင်ခလေး'

ထင်းစန်းက....

'သူဟာခင်ဗျားရဲ့အဆိပ်နှစ်မျိုးမိတာတောင် ခုထိအသက်ရှင်နေသေးတာအံ့သြစရာပဲ၊ နေစမ်းပါဦး၊ ခင်ဗျားရဲ့အဆိပ်တွေက အစွမ်းဇော ထက်လိုလား'

ကြူးလင်က....

'ဘယ်လိုပြောလိုက်ပါလိမ့် သခင်လေးရယ်၊ ကျုပ်အသုံးပြုလိုက်တဲ့ အဆိုင်ဟာ တစ်သက်မဟုတ်ဘူး နှစ်သက်တောင် သေနိုင်လောက်အောင် ပြင်းတာပေါ့'

ထင်းစန်းက....

'ဒါဖြင့် သူကဘာကြောင့် မသေရတာလဲ'

ကြူးလင်က....

'ကျုပ်သောင်းစုံစမ်းကြည့်တော့ လုယိကျုံးဟာ မြောင်နယ်ခြားကလာတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွဲဆုံမိခဲ့ကြတယ်လို့ သတင်းရပါတယ်'

'ဘာ'

ထင်းစန်း၏မျက်လုံး ပြူးသွားသည်။

ကြူးလင် ရင်ထိတ်သွားပြီး....

'ကျုပ်ရဲ့အစ်ကိုလတ် ကျန်းမင်ဆီက သတင်းကြားရတာပါ၊ သေချာပါတယ်'

ထင်းစန်းက....

'သေချာတာ မသေချာတာ အသာထား၊ မြောင်နယ်ခြားက လူတွေဟာ အဆိပ်ပညာ ကျွမ်းကျင်ကြတယ်၊ ဒါကြောင့် လုယိကျုံး ခုထိအသက်ရှင်တာ ဖြစ်ရမယ်'

ကြူးလင်က....

'သူဟာ မိန်းကလေးတွေနဲ့ပတ်သက်ရင် အတော်ကို ကံကောင်းတယ်၊ မိန်းကလေးတွေက သူ့ဆိုရင် ဘာမဆိုကူညီဖို့ ငန်မခံလေးဘူး'

ထိုစကားကြောင့်လျှင် ထင်းစန်း ပိုပြီးဒေါသသွားလေတော့သည်။

'တောက်'

ခံပြင်းစွာဖြင့် တက်ခေါက်ဖိုက်လေသည်။

စားပွဲကိုလည်း လက်သီးဖြင့်ထုကာ....

'ဒီကောင်ကြောင့် စုချွန်းကို ကျုပ်က လက်မလွှတ်နိုင်ဘူး'

ဟု ပြောလေသည်။

ရည်းစားလူလု အူနုကျွဲခတ်သလို ခံစားနေရခြင်း ဖြစ်ပေတော့သည်။

ကြူးလင်က....

'ကျုပ် ကြားရတဲ့ သတင်းအတိုင်းဆိုရင် အစ်ကိုလတ် ကျန်းမင်က သူ့ကို အဆိပ်ခတ်နိုင်လိုက်တယ်၊ ဒါပေမယ့် အရိပ်မဲ့တောင်ကုန်းက သခင်မလေး ချိုင်ယွဲ့က ကြားဝင် ဟယ်တင်လိုက်တယ်ဗျ'

ထင်းစန်းက....

'လာပြန်ပြီတစ်ယောက်'

ဟု ဒေါပွဖြင့် အော်လိုက်လေသည်။

ထို့စဉ်....

'သခင်လေး....သခင်လေး'

ခေါ်သံများနှင့်အတူ မိုးကြိုးဂိုဏ်းသားတစ်ယောက် ပြေး ဝင်လာသည်ကို တွေ့ရလေသည်။

ထင်းစန်းက....

'ဟေ့....အော်ကြီးဟစ်ကျယ်နဲ့ ဘာဖြစ်လာတာလဲ'

ဟု ငေါက်လိုက်သည်။

ဂိုဏ်းသားက ဦးညွှတ်ရင်း....

'သခင်လေးခင်ဗျာ၊ တိမ်ဖြူဂိုဏ်းကိုသွားနေကြတဲ့ မိုး ကြိုးဂိုဏ်းသားတွေဟာ လမ်းခုလတ်မှာ တိုက်ခိုက်ခံနေကြရပါ တယ်'

ဟု အစီရင်ခံလိုက်လေသည်။

'ဘာ'

ထင်းစန်းက ငေါက်ခနဲ ထရပ်လိုက်လေသည်။

'မိုးကြိုးဂိုဏ်းသားတွေကို ဘယ်သူက စော်ကားတိုက်ခိုက် တာလဲ၊ ပြောစမ်း'

ဟု မေးလိုက်သည်။

ဂိုဏ်းသားက....

'ဘယ်သူဘယ်ဝါဆိုတာ မသိရသေးပါဘူး၊ တိမ်ဖြူ ဂိုဏ်းကို သွားကြတဲ့ တခြား ဆိုင်းလောကသားတွေလဲ

လမ်းခုလတ်မှာ တိုက်ခိုက်လုပ်ကြံခံနေရပါတယ်၊ ဒါ့ကြောင့် ဆိုင်းလောကသားတွေဟာ လူသတ်သမားကို လိုက်ရှာနေကြပါဖြစ်'

ထင်းစန်းက....

'ခင်ဗျားဘယ်လိုသဘောရသလဲ'

ဟု ကြူးလင်ကို လှမ်းမေးလိုက်လေသည်။

ကြူးလင်က....

'တိမ်ဖြူဂိုဏ်းခွဲလက်ချက်ဆို မဖြစ်နိုင်ဘူးလား'

ထင်းစန်းက....

'ခင်ဗျားက ဘာကြောင့် သူတို့ကိုစွပ်စွဲရတာလဲ'

ကြူးလင်က....

'တိမ်ဖြူဂိုဏ်းကနဂါးသရဲလုံခွေကို ဖမ်းမိထားထယ်ဆို ခုခံရေပုရပိုက်ကိုမရခင်မှာ သူတို့လက်ထဲကလာပြီး လုယူမှာကို လက်ခံမှာမဟုတ်ပါဘူး၊ ဒါကြောင့် တိမ်ဖြူဂိုဏ်းကိုသာနေတဲ့ ဆိုင်းလောကသားတွေကို လမ်းခုလတ်ကနေ အလစ်တိုက်ခိုက် သုတ်သင်ပစ်တာ ဖြစ်ဖို့များပါတယ်'

ထင်းစန်းက ကြူးလင်၏အယူအဆကို လက်ခံလိုက်လေသည်။

'ကောင်းပြီ....မိုးကြိုးဂိုဏ်းကလူတွေပါ တိုက်ခိုက်ခံနေရပြီဆိုတော့ ကျုပ်ကလက်ပိုက်ကြည့်နေထိုက်မှုစ်ဘူး၊ လိုက်ဆွဲးမှုပဲဖြစ်မယ်'

ကြူးလင်က ဆိုင်ရာမှထလိုက်သည်။

'ကျုပ်လဲလိုက်မယ်'

ထင်းစန်းက....

'သွားကြစို့'

သူတို့သည် ကျောင်ဝင်ဒေပေးချောကာ စားသောက်ဆိုင်ထဲမှ ထွက်သွားကြလေတော့သည်။

* * *

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ဒလပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသောအခါမှေးကြိုင် သင်းပျံ့နေသာ ပန်းရနံ့များ လွင့်ပျံလာ၏။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝတေးသီကြွေးသံများလည်း ကြားနေရသည်။

လုယိကျုံးသည့် တောလမ်းအတိုင်း ခြေသွက်မှန်မှန်ဖြင့် လျှောက်လှမ်းလာခဲ့လေသည်။

သူက တိမ်ဖြူလိပ်သို့ ဦးတည်သွားနေခြင်း ဖြစ်သည်။
တိမ်ဖြူကိုကိုးက ဖမ်းဆီးထားသည့် နဂါးသရဲလုံကွေ့ကို တွေ့ရဖို့ အရေးကြီးလှသည် မဟုတ်ပါလား။
လုယိကျုံး ‘တာလမ်းမှုတ်လာစဉ်....
‘ဝုန်း’
‘အား’
‘အမယ်လေး’
‘သေပါပြီဗျ’
စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။
လုယိကျုံး ရင်ထိတ်သွားသည်။
ဒေါ်ဟစ်သံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ကပျာကယာ ပြေးသွားလိုက်၏။
တောအုပ်အတွင်းရှိ မြေကွက်လပ်တစ်ခုသို့ ရောက်သွားသောအခါ မြေပေါ်တွင် အတုံးအရုံး လဲကျနေသော မိုးကြိုးကိုကိုးသားများအား တွေ့မြင်လိုက်ရလေတော့သည်။

ဒုတိယပိုင်းပြီး၏။
(တတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်)



တက္ကသိုလ်သီဟအောင်

ပန်းတိုင်သစ်

(တ + စ သီမိန်း)

၄-အုပ်တွဲ သိုင်းစာစဉ်

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပါဂ်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓေနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုးမူဆိုးဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံ ရှန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သံသယ သားကောင်

လေဝှေ့ယမ်းတိုက်ခတ်လာသည်။
မှေးကြိုင်သင်းပျံ့သော ဘောပန်းရနံ့များအစား သွေးညှီနံ့များ လွှင့်ပျံ့လာ၏။
စူးရှသော အော်ဟစ်သံများ ပျောက်ကွယ်သွားပြီ ဖြစ်သည်။
မြေကွက်လပ်တွင် ရှိနေခဲ့သူအချို့သည် မကြာသေးမီက ပင် အသက်ရှင်သန်နေခဲ့ကြသော်လည်း ယခုတော့ လူသေအလောင်းတဝဿီ ပြောင်းလဲသွားပြီဖြစ်လေသည်။
လုယီကျုံးသည် အကျည်းတန်လှသော မြင်ကွင်းကိုကြည့်ရင်း မင်သက်မိသွားလေသည်။

ထိုလူများ၏ဝတ်စားဆင်ယင်ပုံကိုကြည့်ရှုဖြင့် မိုးကြိုးဂိုဏ်းဆရာများဖြစ်ကြောင်း ရိပ်မိလိုက်သည်။

မိုးကြိုးဂိုဏ်းသားများအား မည်သူက တိုက်ခိုက်လုပ်ကြံလိုက်ပါသနည်း။

လုယိကျုံး ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လူတစ်စုပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ပြေးလွှားရောက်ရှိလာကြသူများမှာ သိုင်းလောကသားများ ဖြစ်ကြလေသည်။

ယင်းကွေ (၀၇) နဂါးသရဲလုံကွေ့အား တိမ်ဖြူဂိုဏ်းမှ ပမ်းပိထားသည်ဟူသော သတင်းများကြောင့် တိမ်ဖြူဂိုဏ်းသို့ ဦးတည်လာခဲ့ကြသူများလည်း ဖြစ်လေသည်။

တောလမ်းခရီးမှ ဖြတ်သွားကြရင်း အော်သံဟစ်သံများ ထွက်ပေါ်လာကြသဖြင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်နေပြီဖြစ်ကြောင်း သတောပေါက်ကြပြီးလျှင် ပြေးလွှား ရောက်ရှိလာကြခြင်းဖြစ်လေသည်။

မြေကွက်လပ်သို့ရောက်လာကြသောအခါ လက်ချေသုံးဦးခန့်သော မိုးကြိုးဂိုဏ်းသားများကိုလည်းကောင်း၊ မလှုပ်မယှက်ရပ်နေသောလုယိကျုံးကိုလည်းကောင်း တွေ့မြင်လိုက်ရ၏။

သိုင်းသမားတစ်ယောက်က....

'ဟာ....တိမ်ဖြူဂိုဏ်းကိုသွားမယ့် မိုးကြိုးဂိုဏ်းသားတွေ သုပ်ကြဲခံလိုက်ရပြီ ဒီကောင်ကိုမလွတ်စေနဲ့'

ဟု အော်ပြောလိုက်လေသည်။

ဤတွင်....

ကျန်သိုင်းသမားများသည်လည်းလုယိကျုံးအပေါ်အထင်သွဲသွားကြပြီး ချက်ချင်းဝိုင်းရံတားလိုက်ကြလေတော့သည်။

* * *

လုယိကျုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ဝိုင်းရံထားကြသော သိုင်းသမားများကိုကြည့်လိုက်ပြီး....

'ခင်ဗျားတို့မှားမယ်'

ဟု ပြောလိုက်လေသည်။

သို့သော်....

သို့ငြားသမားများသည် အထင်လွဲနေကြပြီဖြစ်ရာ လုယိကျုံးကို ဆုံးမရန် တာစူနေကြ၏။

လုယိကျုံး၏စကားကို နားမဝင်ကြတော့ချေ။

ဝိုင်းရံထားကြသော သိုင်းသမားများအတွင်း၌ မိုးကြိုးဂိုဏ်းသားများ အချို့လည်း ပါဝင်နေကြပါသည်။

မိုးကြိုးဂိုဏ်းသားတို့သည် သူတို့၏အဖွဲ့သားများ ခံလိုက်ရသည်ကို တွေ့ရသဖြင့် ဒေါသထွက်သွားကြကာ....

'သေပေတော့'

ဗြာသံပေးရင်း ရှေ့ဆုံးမှဝင်ရောက်တိုက်ခိုက်လာကြလေတော့သည်။

လုယိကျုံးက ရှောင်တိမ်းသွားဖို့ ကြိုးစားလိုက်လေသည်။

သို့သော်....

'မင်းပြေးလို့လွတ်မလား'

'မလွတ်စေနဲ့ဝိုင်းထား'

'လိုက်ကြဟေ့'

'သေပေတော့'

မိုးကြိုးဂိုဏ်းသားများက အလွတ်မပေးဘဲ ဗြာသံပေးများကာ ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေသည်။

လုယိကျုံးထိတ်လန့်သွားလေသည်။

ရှောင်တိမ်းရှိမရတော့သလို ပြန်လည် ခုခံခြင်းမပြုလျှင် သွေ့ဆောက်ရတော့မည်ဖြစ်ရကား မည်သို့မျှ မတတ်သာတော့ဘဲ ခုခံတိုက်ခိုက်လိုက်ရလေတော့သည်။

ထိပ်တိုက်ရင်ဆိုင်ပိလိုက်သည်နှင့်....

'ဝူန်း'

'အား'

'ဆမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများက တစ်ခဲနက် ထွက်ပေါ်လာလေသည်။

'အဖြူဆောင်သိုင်းသမားတွေလုပ်ပြီးအမျှနဲ့ဘစ်ယောက်ဝိုင်းပြီးတိုက်ခိုက်နေကြတာ မချက်ဘူးလား'

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

လူရိပ်တစ်ခုသည် မြေကွက်လပ်သို့ ရိပ်ခနဲဝင်ရောက်ရှိလာပြီး လုယိကျုံးအား စိုင်းရံထားသည့် သိုင်းလောကသားများအား တိုက်ခိုက်လိုက်လေသည်။

ထိုလူရိပ်သည် ဝိုင်းရံထားကြသူများအား ပါးတစ်ချက်စီ ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။

'ဖြန်း....ဖြန်း....ဖြန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာလေသည်။

သိပ်းလောကသားများသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြ၏။

သူတို့အား ပါးရိုက်လိုက်သူကို အထိတ်တလန့်ဖြင့် ကြည့်လိုက်ကြလေသည်။

မိုးကြိုးဂိုဏ်းသားများ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြလေတော့သည်။

လုယိကျုံးသည် မိမိအတွက် အန္တရာယ်မဖြစ်ရလေအောင် ခြင်းဖြစ်ရှိသော ကြိုးကြိုးမားမားထိခိုက်ဒဏ်ရာရခြင်းမျိုး မရှိခဲ့ကြခြင်း ဖြစ်လေသည်။

ကို အကယ်၍....

လုယိကျုံးက ရန်သူဟုသတောထားပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်မည်ဆိုပါလျှင် မိုးကြိုးဂိုဏ်းသားများ မလွှမလွှဒုက္ခ ရောက်သွားကြမည်မှာ သေချာနေပါတော့သည်။

မိုးကြိုးဂိုဏ်းသားများ အခြေအနေမဟန်သည်ကို တွေ့ရလျှင် အခြားသိုင်းသမားများ မှန်နိုင်ကြပါတော့ချေ။

'ဟော့....ဘာလုပ်နေတာလဲ တိုက်ကြပါတော့လား'

ဟု တစ်ယောက်က အော်ပြောလိုက်လျှင် ကျန်လူများ ကလည်း ငြာသံပေးကာ ပြေးဝင်တိုက်ခိုက်ကြလေသည်။

ရှောင်တိမ်းရှဲ မှုရသည့် လုယိကျုံးမှာ အမျှးနှင့်တစ်ယောက် ရင်ဆိုင်နေရလေတော့သည်။

ထို့စဉ်....

သို့သော်....

မြေကွက်လပ်တွင် လုယိကျုံးတစ်ယောက်သာလျှင် ရှိနေပြီး အခြားလူသူတစ်စုံတစ်ယောက်မှ မတွေ့ရချေ။

မည်သူက အော်ငေါက်ခဲ့ပါသနည်း၊ မည်သူကပါးရိုက်ခဲ့ပါသနည်း။

သူတို့အား ပါးရိုက်ခဲ့သူများ လုယိကျုံးတော့မဟုတ်သည်ကို အားလုံးနှားလည်ထားကြလေသည်။

လုယိကျုံးမဟုတ်လျှင် မည်သူဖြစ်သနည်းဟု ဆိုရဖို့လည်း လူသူမတွေ့ရသဖြင့် ပါးရိုက်ခံရ၍ နာကျင်သည်ထက် အုံဩစိတ်က ပိုကဲနေကြလေတော့သည်။

လုယိကျုံးသည် အားလုံးကို ဝေ့ကြည့်လိုက်၏။

တစ်စုံတစ်ယောက်က သူ့အား ဝင်ရောက်ကူညီခဲ့ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်၏။

အခွင့်အရေးရခိုက် အချိန်မဖြုန်းတော့ဘဲ....

'ဟိတ်'

ငြာသံတစ်ချက်ပေးကာ မြေပေါ်ခြေဆောင့်ခုန်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ဝိုင်းရံထားသူများနှင့် ဝေးဆုံသို့ တိုးထွက်သွား၏။

လုယိကျုံး အဝေးသို့ရောက်သွားမှသိုင်းသမားများသတိဝင်လာကြလေသည်။

'ပြေးပြီဟေ့'

'လိုက်ကြ'

ငြာသံပေးကာ ပြေးလိုက်သွားကြလေသည်။

သို့သော်....

နောက်ကျနေပြီဖြစ်ရကား လိုက်၍ မမီတော့ပါချေ။

လုယိကျုံးသည် တောအုပ်အတွင်းသို့ လျင်မြန်စွာ ဝင်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

လေဝှေ့ယမ်း တိုက်ခတ်လာသည်။

ရော်ရွက်ဝါကလေးများ ကြွေကျလာ၏။

လုယိကျုံးက သစ်ပင်ကြီးတစ်ပင်အောက်၌ စိတ်ပျက်စွာထိုင်နေ၏။

သူ၏တစ်ကိုယ်လုံး ခြေးပြိုက်ပြိုက်စိုရွှဲနေ၏။

အထင်မှားနေကြသော သိုင်းလောကသားများလက်မှ ကိုယ်လွတ်ရုန်းကာ ထွက်ပြေးလာခဲ့ရသည် မဟုတ်ပါလား။

သူ့အား အထင်မှားသွားခြင်းကြောင့် မကျေမနပ်ဖြစ်နေလေသည်။

'သူတို့ဟာ အဖြူထောင်သိုင်းသမားတွေ လုပ်နေကြပြီးတော့ ဘာကြောင့် အဖြစ်မှန်ကို မစုံစမ်းကြဘဲ တိုက်ခိုက်ဖို့လောက်သာ စဉ်းစားနေကြတာလဲ'

ထက်ရုံးအားကိုးဖြင့် တိုက်ခိုက်ဖြေရှင်းခြင်းသည် ပို၍ မှားယွင်းသွားစေမည်ဟု နားလည်ထားလေသည်။

ထို့အပြင်....

'ငါ့ကို ဝင်ကူညီခဲ့တာ ဘယ်သူမျှားလဲ'

ဟု တွေးမိပြန်လေသည်။

သူ့အား တစ်စုံတစ်ယောက်က ဝင်ထောက်ကူညီခဲ့ခြင်းဖြစ်ကြောင်းကား ထင်ရှားနေပါသည်။

ထိုလူမှာ မည်သူဖြစ်ပါသနည်း။

အဘယ့်ကြောင့် သူ့အား ကူညီခဲ့ရပါသနည်း။

လုယိကျုံးသည် တွေးတောမရတော့သည့် နောက်ဆုံး တိမ်ဖြူဂိုဏ်းအကြောင်းသို့ အတွေးလှည့်သွားလေသည်။

'တိမ်ဖြူဂိုဏ်းဟာ နဂါးသရဲလုံးကွေ့ကို ဖမ်းမိထားတယ်ဆိုတာ ထကယ်ပဲသား'

ရှေ့မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို တွေးတောရင်း နောက်ဆုံးတွင် မူလရည်ရွယ်ချက်အတိုင်း တိမ်ဖြူဂိုဏ်းသို့ ဆက်၍ သွားရန် ဆုံးဖြတ်လိုက်လေသည်။

လုယိကျုံး ထိုင်ရာမှထကာ ဟိုဟိုသည်သည်ကြည့်လိုက်လေသည်။

ထိုတွင်....

ခပ်လှမ်းလှမ်း၌ မြို့ကလေးတစ်မြို့ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

လုယိကျုံးသည် ထိုမြို့ကလေးကို ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွားလိုက်လေတော့သည်။

* * *

တို့မ်ဖြူဂိုဏ်း....

တိမ်ဖြူဂိုဏ်းသည် သိုင်းလောကဌ် လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းအဖွဲ့အစည်းတစ်ခု ဖြစ်လေသည်။

တိမ်ဖြူဂိုဏ်း ဌာနချုပ်ကို တိမ်ဖြူတောင်ပေါ်၌ တည် ထောင်ထားပြီး အနှယ်နှယ်အရပ်ရပ်တွင် ဌာနခွဲများဖွင့်လှစ် ထားလေသည်။

တိမ်ဖြူဂိုဏ်းသည် မိုးကြိုးဂိုဏ်း၊ လျှပ်စီးဂိုဏ်းတို့နှင့် လည်း မဟာမိတ်ဖွဲ့ထားသည်ဖြစ်ဆု အင်အားအလွန်တောင့် တင်းသော သိုင်းအဖွဲ့ကြီးတစ်ခု ဖြစ်နေပါတော့သည်။

ယခု....

တိမ်ဖြူဂိုဏ်းမှ နဂါးသရဲလုံကွေ့အား ဖမ်းဆီးရမိထား သည် ဟူသော သတင်းများ ထွက်ပေါ်နေသည်။

သိုင်းလောကသားများသည် တိမ်ဖြူဂိုဏ်းရှိရာသို့ဦးတည် သွားကြသည်။

အချို့က တိမ်ဖြူတောင်နှင့် မနီးမဝေးရှိ မြို့ကလေးတစ် မြို့၌ ခေတ္တရပ်နားကာ အခြေအနေ စောင့်ကြည့်နေကြလေ သည်။

လုံယိကျုံးသည် သိုင်းလောကသားများ ရှိနေသော မြို့ ကလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိသွားခဲ့လေတော့ သည်။

* * *

မြို့ကလေးမှာ မြို့ငယ်လေးတစ်မြို့ဖြစ်သည်။

ယုခုတော့ သိုင်းလောကသားများ ရောက်ရှိလာခြင်း ကြောင့် လူစည်စည်ကားကား ဖြစ်လို့နေလေသည်။

လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထား ကြသူများ ဥဒ္ဒဟို သွားလာနေကြသည်။

လုံယိကျုံးသည်လည်း လူသွားလူလာကြား၌ ရောနှော ပါဝင်လာသည်။

သူက ဟိုဟိုသည်သည် ငေးမောကြည့်ရှုရင်း မြို့အတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်လေသည်။

သို့ဖြင့် တစ်နေရာသို့အရောက်တွင်....

'မိတ်ဆွေလေး ခဏနေပါဦး'

စကားသံတစ်ခုက် ထွက်ပေါ်လာ၏။

လုယိကျုံးက လှည့်ကြည့်လိုက်သောအခါ ခန္ဓာကိုယ်ဝဝ
ဝိုင့်ဖိုင့်ရှိသော လူရွယ်ဘစ်ယောက်သည် ပြုံးရွှင်သောမျက်နှာ
ထားဖြင့် လှမ်းလာနေသည်ကို တွေ့ရလေသည်။

လုယိကျုံး အံ့သြသွားလေသည်။

ထိုသူသည် အနီးသို့ရောက်လာပြီး....

'ညီလေးက လုယိကျုံးမဟုတ်လား'

ဟု မေးလာလေသည်။

လုယိကျုံးက ကြောင်အမ်းအမ်းဖြင့်....

'ဟုတ်ပါတယ်၊ မိတ်ဆွေက....'

'ကျုပ်က ကြူးဝူးရယ်ပါ၊ မင်းကိုကူညီမယ့်လူ တဲ့
ယောက်ပေါ့'

'ကျုပ်ကိုကူညီမယ့်လူ'

'ဟုတ်တယ်'

ကြူးဝူးရယ်ဆိုသူသည် ပတ်ဝန်းကျင်ကို တိုတိုသည်သည်
ငြည့်လိုက်ပြီး....

'ငါ့ညီ မင်းကိုလိုက်ရှာနေတဲ့လူတွေ အများကြီးရှိနေ
ယ်ဆိုတာ မင်းမသိဘူးလား၊ ဒီမြို့ထဲမှာ သိုင်းလောက
ား အတော်များများ ရောက်နေကြတယ်၊ ငါ့ညီကို တွေ့
ဘူးရင် မလွယ်ဘူး'

ဟု ပြောလာလေသည်။

သူ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားပြီ
ဖြစ်ပါသည်။

စိုးရိမ်ပူပန်သည့်အသွင်က အစားထိုး ဖြစ်ပေါ်လာသည်။

လုယိကျုံးက ထိုလူအား နားမလည်နိုင်စွာ ကြည့်လိုက်မိ
လေသည်။

ထိုလူက....

'ငါ့ညီဟာ သမားတော်ခြံဝင်းပိုင်ရှင်ရဲ့သား ဖြစ်တာပါ၊
ရှေ့ပုရပိုက်ကြောင့် သိုင်းလောကမှာ ထွက်ပေါ်လာတာ
ဖြစ်တယ်၊ နဂါးသရဲလုံကွေ့နဲ့တွေ့ဖို့ တိမ်ဖြူဂိုဏ်းကို ဦးတည်
သာနေတာပါ၊ လမ်းမှာ သိုင်းလောကသားတွေကို တိုက်ခိုက်
သုတ်သင်ပစ်နေတယ်လို့ သတင်းကြီးနေပြီကွ'

လုယိကျုံးက မျက်လုံးပြူးသွားပြီး....

'ဟာ ဟုတ်လား'

ဟု လွှတ်ခနဲ ပြောလိုက်လေသည်။

ကြူးဝူးရယ်ပြောသောစကားများမှာ တစ်ဝက်မှန်သော်လည်း တစ်ဝက်မှားနေသည် မဟုတ်ပါလား။

ကြူးဝူးရယ်က....

'ဘာပဲဖြစ်ဖြစ် ငါ့ညီကို တွေ့တာနဲ့ သို့ငြားသောကသား တွေ့ဇာ ပြဿနာရှာကြတော့မှာပဲ၊ ငါ့ညီလေ့ ဆက်မဆွားတဲ့ နောက်ကြောင်း လှည့်ပြန်ရင် ကောင်းလိမ့်မယ်၊ ကျုပ်က စေတနာနဲ့ သတိပေးတာနော်'

လုယိကျုံးဆည် ကြူးဝူးရယ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'မိတ်ဆွေက ကျုပ်ကိုဘယ်လိုလုပ်ပြီး သိနေတာလဲ၊ ဘာကြောင့်များ ကူညီချင်နေရတာလဲ'

ဟု မေးလိုက်လေသည်။

ကြူးဝူးရယ်က....

'ငါ့ညီ မင်းကိုဒုက္ခပေးမယ့်လူတွေရှိနေကြသလို ကူညီမယ့်လူတွေလဲ ရှိနေကြတယ်ဆိုတာ မင်းမယုံဘူးလား'

ဟု လျှို့ဝှက်သောလေသံဖြင့် ပြန်မေးလေသည်။

လုယိကျုံး ငိုင်သွားလေသည်။

သူက တိမ်ဖြူဂိုဏ်းသို့ ဆလာခရီးတွင် သိုင်းလောကသားများက အထင်မှားပြီး တိုက်ခိုက်ခဲ့ကြရာ ကြားဝင်ကူညီသူ တစ်ယောက်ကြောင့် အခက်အခဲမှ လွတ်မြောက်လာခဲ့ရသည် မဟုတ်ပါလား။

ကြူးဝူးရယ်သည် သူ့အား ကူညီခဲ့သူဟုထင်မှတ်သွားလေတော့သည်။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'နောင်ကြီးကို ကျေးဇူးတင်ပါတယ်ဗျာ'

ဟူ ပြောလိုက်လေသည်။

'ဟဲ....ဟဲ....ဟဲ....ဟဲ'

ကြူးဝူးရယ်က သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ ကျုပ်ရဲ့စေတနာက် နာယူဖို့ပြီးတာပါပဲ၊ ညီလေးက ခုလိုပြောင်ကျကျ ပြီး ထိုင်ခဲ့တာ အတင့်ရဲလွန်း မနေဘူးလား၊ သိုင်းလောက သားတွေသာ သတိပြုမိသွားကြရင် ချက်ချင်းရန်ရှာလာကြ မှာပဲ၊ ကျုပ်သတောကညီလေးဇာတရှောင်နေလိုက်ဖို့ ကောင်း တယ်'

လုယိကျုံး မျက်မှောင်ကြုတ်သွားလေသည်။

ကြူးဝူးရယ်က....

'ညီလေး ကျုပ်က အာန္တရုယ်ကို ရှောင်ပြေးရမယ် ဆိုတဲ့ သတောမျိုးပြောတာမဟုတ်ပါဘူး၊ ညီလေးသာ တိမ်ဖြူ ဂိုဏ်းရဲ့ လက်ထဲကျရောက်နေတဲ့ နဂါးသရဲ့ လုံကွေ့အတွက် လာခဲ့တာ မဟုတ်လား'

လုယိကျုံးက....

'ဟုတ်ပါတယ်ဗျာ'

အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ကြူးဝူးရယ်က ပြုံးလိုက်သည်။

'ညီလေးဘာမှမပူနဲ့၊ကျုပ်က ကူညီလက်စနဲ့ဆက်ပြီး ကူညီ မှာပါ၊ ညီလေးကို သိုင်းလောကသားတွေ မတွေ့မမြင်နိုင်၊

ဘန္တရုယ်မပြုနိုင်တဲ့ နေရာကနေပြီး တိမ်ဖြူဂိုဏ်းကို ရောက် အောင် ခေါ်သွားပါ့မယ်'

ထိုစကားကြားလျှင် လုယိကျုံး ဝမ်းသာသွားလေသည်။

'နောင်ကြီး တကယ်ပြောတာလား'

ကြူးဝူးရယ်က....

'တကယ်ပြောတာပေါ့ ငါ့ညီရယ်'

လုယိကျုံးက...

'နေပါဦး၊ နောင်ကြီးကကျန်တော့် ကိုဘာကြောင့်များ ကူညီချင်ရတာလဲဆိုတာကော ပြောပြနိုင်မလား'

ဟု မေးလိုက်လေသည်။

ကြူးဝူးရယ်၏မျက်နှာ တည်ကြည်သွားလေသည်။

'ညီလေး ကျုပ်ဘာကြောင့် ကူညီချင်ရတယ်ဆိုတာ ပြော ပြရရင် အံ့ဩသွားလိမ့်မယ်၊ သခားတော် ခြံဝင်းအပေါ်မှာ အသက်ပေးပြီး ဆစ်ခ်ာရှိခဲ့တာ နဂါးသရဲ့ လုံကွေ့တစ်ယောက် ဘည်း မဟုတ်ပါဘူး'

'သူ့ရဲ့အစ်ကို ကျားဘီလူး ဟူကျင်းလဲ ရှိပါသေးတယ်၊ ကျုပ်ဟာ ကျားဘီလူး ဟူကျင်းနဲ့ ပတ်သက်နေသူဆိုတာပဲ

လုယိကျုံးသည် ကြူးဝူးရယ်နောက်သို့ လိုက်သွားရင်း ပတ်ဝန်းကျင် အခြေအနေကြောင့် စိတ်ထဲ စနောင့်စနင်း ဖြစ်လာလေသည်။

ထို့ကြောင့်....

'ဗျို့....နောင်ကြီး၊ ကျွန်တော်တို့ ဘယ်ကိုသွားကြမှာလဲ'

ဟု ရှေ့မှသွားနေသော ကြူးဝူးရယ်အား လှမ်းမေးလိုက်လေသည်။

ကြူးဝူးရယ်က....

'တိမ်ဖြူကိုဏ်းကိုသွားကြမယ်လေ၊ ဘာဖြစ်လို့လဲ'

လုယိကျုံးက....

'ဒီလမ်းဟာ တိမ်ဖြူကိုဏ်းကို သွားတဲ့လမ်းလား'

ကြူးဝူးရယ် ခေါင်းခါယမ်းလိုက်သည်။

'ဒီလမ်းအတိုင်းသွားလို့တော့ ဆောက်မှာမဟုတ်ဘူး၊ မြို့ပြင်ကို ဆောက်မှ ကွေ့ပတ်ပြီးသွားကြရမှာ၊ ဒီအချိန်မှာ တိမ်ဖြူကိုဏ်းကို သွားနေကြတဲ့လူတွေ အတော်များနေတာကြောင့် ပေါ်ပေါ်ထင်ထင်သွားလို့မဖြစ်ဘူး၊ ကျုပ်က ညာဘက်ဆောက်မှသွားမလားလို့ တွေးမိတယ်'

ပြောပါရစေ၊ နောက်မှရှင်းပြပါ့မယ်၊ ကျုပ်တို့ မြန်မြန် သွားကြရအောင်လား'

လုယိကျုံး စိတ်ဝင်စားသွားသည်။

ကြူးဝူးရယ်သည် သူ့အား ကူညီလိုသူဟုလည်း ယုံကြည်သွားခဲ့။

ထို့ကြောင့်....

'ကောင်းပါပြီဗျာ'

ဟု ပြောကာ ကြူးဝူးရယ်နောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

အရှေ့တက်မြို့စွန်သို့ ဆောက်လာသောအခါ လူနေအိမ်ခြေကျပါးသွားပြီး သစ်ပင်ချုံနွယ်များ ပေါများလာသည်ကို တွေ့ရလေသည်။

လူသွားလူသာလည်း မရှိသလောက် ရှင်းရှင်းလင်းလင်း ဖြစ်နေ၏။

ဟု ပြောလေသည်။

လုယိကျုံး ငိုငိုဆွဲသည်။

ရှေ့ဆက်ရမည့်ခရီးအတွက် မည်သို့စီစဉ်ရမည်ကို ရုတ်တရက် တွေးမရဘဲဖြစ်နေသည်။

ကြူးဝူးရယ်စာ....

'ကျုပ်တို့ တစ်နေ့ရာဆုမှာခဏနားကြတာပေါ့၊ မကောင်းဘူးလား'

ဟု မေးလာသောအခါ လုယိကျုံး သဘောတူလိုက်လေသည်။

'နောင်ကြီးရဲ့သဘောပါပဲမျာ'

ကြူးဝူးရယ်က....

'တိမ်ဖြူကိုက်းထဲမှာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ရှိတာပါ၊ သူ့ရဲ့အကူအညီနဲ့ တိတ်တဆိတ်ခိုးဝင်ပြီး နဂါးသရဲလုံကွေ့ကို လိုက်ရှာကြတာပေါ့'

လုယိကျုံး စိတ်လှုပ်ရှားလာလေသည်။

ယင်းကွေ (ဝါ) နဂါးသရဲလုံကွေ့ကိုတွေ့ရလျှင် သူ၏မိဘများအား လုပ်ကြံသွားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရလိမ့်မည်ဖြစ်လေသည်။

ကြူးဝူးရယ်က....

'လာညီလေး'

ဟုပြောကာ လမ်းပြခေါ်သွား၏။

လုယိကျုံးလည်း လိုက်သွားလေသည်။

မကြာပါခဏ။

လမ်းက်လေး၏ ဝဲဘက်တစ်နေရာ၌ အိမ်အိုဟောင်းကြီးတစ်လုံး ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကြူးဝူးရယ်က....

'လာ....ညီလေး၊ ဟိုမှာ ခဏသွားနားကြရအောင်'

ဟုပြောကာ ခရေမှဉီးဆောင်ပြီး လှမ်းသွားလေသည်။

လုယိကျုံးလည်းလိုက်သွားရာ အိမ်အိုဟောင်းကြီးအတွင်းသို့ ရောက်ရှိသွားကြလေတော့သည်။

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

လူသွားလူလာပြတ်သော မြို့စွန်အိမ်အိုဟောင်းကြီးတစ်လုံးသို့ လုယိကျုံး ဆောက်ရှိသွားကြခြင်းဖြစ်သည်။

ကြူးဝူးရယ်က သဘောကျသွားလေသည်။

'ဒီအိမ်ကြီးက လူတွေစွန့်ပစ်သွားတာ အတော်ကြာပြီထင်တယ်၊ ကျုပ်တို့ ဒီမှာ အေးဆေးဆေးဆေး အနှောင့်ယှက်ရတာပေါ့၊ နေဝင်တော့မှ တိမ်ဖြူဂိုဏ်းကိုသွားကြမယ်'

လုယိကျုံးကလည်း သဘောတူလိုက်၏။

နှစ်ယောက်သား အိမ်အိုဟောင်းအတွင်းသို့ လှမ်းဝင်ရှာဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

'ဟင်း'

သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယိကျုံးကော ကြူးဝူးရယ်ပါ ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားကြလေသည်။

ကြူးဝူးရယ်က....

'ညီလေး သက်ပြင်းချလိုက်တာလား'

ဟု မေးလာသည်။

လုယိကျုံး ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း'

ကြူးဝူးရယ် မျက်မှောင်ကြုတ်သွားပြီး....

'ကျုပ်က သက်ပြင်းချသံ ကြားလိုက်မိသလားလို့'

လုယိကျုံးက....

'ဟုတ်တယ်၊ ကျုပ်လဲကြားလိုက်တယ်'

'ဒါဆို'

ကြူးဝူးရယ်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး....

'ဘယ်သူလဲ ထွက်ခဲ့စမ်း'

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်....

'ဟင်း'

ဆက်ပြင်းချသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။

ကြူးဝူးရယ် မျက်နှာပျက်သွားလေသည်။

'ငါ့ညီ မင်းကိုဒုက္ခပေးမယ့်လူတော့ လိုက်လာပြီထင်တယ်'

ဟု ပြောလေသည်။

ထိုစကားကြောင့် လုယိကျုံး စိုးရိမ်သွား၏။

ကြူးဝူးရယ်က....

'ဒီနေ့ဆုမှာ အန္တရာယ်မကင်းဘူး၊ တို့မြန်မြန်ထွက်ဘွားကြရအောင်'

'ကောင်းပါပြီဗျာ'

လုယိကျုံး သဘောတူလိုက်သည်။

သူတို့နှစ်ယောက်သည် အိမ်ဟောင်းကြီးအား ကျောခိုင်းကာ ထွက်သွားကြရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

'ဝှိန့်'

လေအေးတစ်ချက် ဝေ့ယမ်းတိုက်ခတ်လာလေသည်။

'ဖြန်း'

မြည်သံတစ်ချက်ထွက်ပေါ်လာပြီး ကြူးဝူးရယ်မှာ ပါးတစ်ချက် အရိုက်ခံလိုက်ရကာဖြင့် ထူပူသွားတော့သည်။

ကြူးဝူးရယ်သည် ပါးပြင်ကို ယောင်ယမ်းကာပွတ်ရင်း....

'ငါ့ကို ဘယ်သူပါးရိုက်တာလဲ'

ဟု အော်ပြောလိုက်လေသည်။

လုယိကျုံး ကြောင်အမ်းအမ်းဖြစ်နေ၏။

ကြူးဝူးရယ် ပါးရိုက်ခံလိုက်ရသော်လည်း ပါးရိုက် သူကို မတွေ့ရခြင်းကြောင့် ဖြစ်လေသည်။

ကြူးဝူးရယ်က....

'မင်းထွက်မလာသေးဘူးလား၊ ကျုပ်ကလိုက်ရှာလို့တော့ ရင် ဆက်သာမယ်မထင်နဲ့'

ဟု ပြောလိုက်၏။

ထို့စဉ်....

'ပါးရိုက်ခံရတာတောင် မမှတ်သေးဘူး၊ ကြီးကြီးကျယ် ကျယ် ပြောနေသေးတယ်'

စကားသံတချို့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ သည်။

လုယီကျုံးသည် ထိုစကားသံကိုကြားသည်နှင့်ဘုံကျောင်း ပျက်၌ တွေ့ခဲ့ရသော မိန်းကလေး၏အသံ ဖြစ်ကြောင်း ချက်ချင်း မှတ်မိလိုက်လေသည်။

ကြူးဝူးရယ်ဟာ....

'ဟာ့....စကားမရှည်နဲ့ ထွက်လာခဲ့စမ်း၊ ကျုပ် ကြူးဝူး ရယ်က မင်းကိုဒုက္ခပေးနေမယ်မထင်နဲ့'

ဟု အော်ပြောလိုက်ပြန်လေသည်။

ထိုအချိန်မှာပင်....

'ဟူး'

လေတိုးသံတစ်ချက် ထွက်ပေါ်လာလေသည်။

အရိပ်မည်းမည်းတစ်ခုသည် ရိပ်ခနဲ ထွက်ပေါ်လာပြီး ကြူးဝူးရယ်အနီးသို့ ဆောက်ရှိလာလေသည်။

'ဖြန်း....ဖြန်း....ဖြန်း'

ကျယ်လောင်သော မြည်သံများ ထွက်ပေါ်လာလေသည်။

ကြူးဝူးရယ်မှာ ဘာမှန်းမသိလိုက်ရဘဲ ပါးသုံးလေးချက် ဆက်တိုက်အရိုက်ခံလိုက်ရလေတော့သည်။

ကြူးဝူးရယ်၏ ပါးပြင်နှစ်ဖက်စလုံး ထူပူသွားသည်။

မျက်လုံးများလည်း ပြာဝေသွားကာ ကြယ်များလများ တွေ့မြင်လိုက်ရလေသည်။

သူ၏ခန္ဓာကိုယ်သည် ပတ်ချာယမ်းကာ ဒူယီးဒူယိုင် ဖြစ် သွားလေတော့သည်။

သို့တိုင်....

'ဟေ့....ငါ့ကိုစော်ကားတာ ဘယ်သူလဲ'

ဟု ငေါက်လိုက်သည်။

ကြူးဝူးရယ် ဒေါသထွက်သွားလေသည်။

'အံမယ်....ကျုပ်က မင်းကို ကြောက်နေရမှာလား၊ ကျုပ် ပါးကို ငါးချက်ရိုက်ရင် မင်းရဲ့ပါးကို အချက်ငါးဆယ် ခိုက်မယ်'

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

'ဖြန်း....ဖြန်း....ဖြန်း'

မိန်းကလေးက သွက်သွက်သက်လက်ပင် ပါးရိုက်ချလိုက် သည်။

ယခုတစ်ကြိမ် သူမ၏ရိုက်ချက် ပြင်းထန်ရကား....

'ဝုန်း'

ကြူးဝူးရယ်သည် တစ်ပတ်လည်ထွက်သွားပြီး မြေပေါ် ဆိုဒ်ကျသွားလေတော့သည်။

သူ၏ပါးနှစ်ဖက်မှာနီရဲကိုယောင်ကိုင်းလာသည့်အပြင်....

ဟု အော်ဟစ်နေသေး၏။

ထိုအခါ....

'ခွင့်မျက်လုံးလဲ ဖွင့်ကြည့်ပါဦး'

မိန်းကလေးတစ်ယောက်၏ ချိုလွင်သောစကားသံလေး ထွက်ပေါ်လာလေသည်။

'ဟင်'

ကြူးဝူးရယ်မှာ မူးဝေသွားသော ဦးခေါင်းကိုခါယမ်း လိုက်ပြီးမှ မျက်လုံးပြူးကာကြည့်လိုက်ရာ သူ၏ရှေ့တွင် ရပ် နေသော အဖြူဆောင်ဝတ်ဆင်ထားသည့် မိန်းကလေးအား တွေ့လိုက်ရလေသည်။

ကြူးဝူးရယ်က....

'မင်း....မင်း....ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

မိန်းကလေးက....

'ကျွန်မဘယ်သူလဲဆိုတာ ရှင်သိဖို့မတန်သေးဘူး၊ ခုချက် ချင်း ကျွန်မရှေ့က ထွက်သွားစမ်း'

'ထွေး'

မြေပေါ် တံတွေးဆွေးချလိုက်သောအခါ သွေးမျှားနှင့် အတူ သွားနှစ်ချောင်းထွက်ကျလာလေသည်။

ကြူးဝူးရယ်သည် မိန်းကလေးအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

သူစာ ဒေါသဖြစ်ခြင်းမျိုး မဟုတ်တော့ဘဲ ကြောက်ရွံ့ ထိတ်လန့်နေခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

မိန်းကလေးတ....

'ရှင်မသွားသေးဘူးလား'

ဟု မေးလိုက်ချင်....

'မင်း သတိသာ ထားနေပေတော့'

ကြူးဝူးရယ်က ကြုံးဝါးလိုက်ပြီး မြေပေါ်မှ လူးလိမ့် ထကာ ထွက်ပြေးသွားလေတော့သည်။

* * *

ကြူးဝူးရယ် ထွက်ပြေးသွားပြီဖြစ်လေသည်။

အိမ်အိုဟောင်းကြီးရှေ့၌ တိတ်ဆိတ်ငြိမ်သက် သွားလေသည်။

လုယိကျုံးသည် အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေးကို ငေးကြည့်နေ၏။ ထိုမိန်းကလေးသည် ဘုံကျောင်းတစ်ခုတွင် ကျန်းမာကာ သူ့အပေါ် အကောက်ကြံရန်ကြိုးစားခဲ့စဉ်က ကြားဝင်ကူညီဖူးသည့် မဟုတ်ပါလား။

ယခု ကြူးဝူးရယ်အား မောင်းထုတ်လိုက်သည်မှာအဘယ်ကြောင့်ပါနည်း။

ကြူးဝူးရယ်သည်လည်း သူ့အပေါ် အကောက်ကြံမည့်သူတစ်ယောက် ဖြစ်နေသည်လော။

လုယိကျုံး ငေးငိုင်နေစဉ်မှာပင် မိန်းကလေးတ သူ့ လှည့်ကြည့်လာပြီး....

'ခွင် ဘော်တော်အသုံးမကျတဲ့လူပဲ'

ဟု ပြောလာလေသည်။

'တင်'

လုယိကျုံး ပါးစပ်အဟောင်းသားဖြစ်သွား၏။

မိန်းကလေးက သူ့အားဖြစ်တင်ပြောဆိုလာသည်ဟုတ်ပါလား။

မိန်းကလေးက....

'ဘုံကျောင်းပျက်မှာ တချို့က ရှင်နှားလည် သဘောပေါက်ဖို့ ကောင်းတာပေါ့၊ ရှင်တော်တော် အ့တာပဲ'

'ကျုပ်....ကျုပ်'

'သူကရှင့်ကို ဒုက္ခပေးဖို့ လှည့်စားပြီးခေါ်လာတယ်ဆိုတာ ရှင် မသိဘူးလား'

'ဗျာ....'

လုယိကျုံး မယုံနိုင်အောင် ဖြစ်နေ၏။

မိန်းကလေးက....

'သူဘယ်သူလဲဆိုတာရှင်သိသလား'

လုယိကျုံးက....

'သူ....သူက'

မည်သို့ဆက်ပြောရမှန်းမသိ စကားတစ်ပိုင်းတစ်စဖြင့် ရပ်နှင့်သွားလေသည်။

မိန်းကလေး နှာခေါင်းရှုံ့လိုက်ပြီး....

'ဘာလဲ တောရပ်ထဲမှာ သိုင်းလောကသားတွေ ဝိုင်းပြီး တိုက်ခိုက်တုန်းက ရှင့်ကိုကူညီခဲ့တဲ့လူလို ထင်နေတာ မဟုတ်လား'

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

သူက အမှန်အတိုင်း ဝန်ခံလိုက်ခြင်း ဖြစ်လေသည်။

မိန်းကလေးက ရယ်မောလိုက်၏။

သူမ၏ရယ်သံသည် လှောင်ရယ်သံ ဖြစ်နေပါတော့သည်။

'ဖြစ်မှဖြစ်ရလေရှင်၊ သူကရှင့်ကို ကူညီတယ်ဆိုရင် ပါးစပ်ခံရပါ့မလား စဉ်းစားကြည့်ပါဦး'

လုယိကျုံး ခေါင်းကုတ်လိုက်လေသည်။

မိန်းကလေး၏စကား သဘာဝကျနေသည် မဟုတ်ပါလား။ မိန်းကလေးကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်

ထိုမိန်းကလေးသည် အလှပြင်ဖို့ စိတ်မကူးဘဲ ကံပိုကံ
နေသူလေး ဖြစ်လေသည်။

သို့သော် သူမသည် ချောမောလှပသော မိန်းကလေ
တစ်ယောက် ဖြစ်ကြောင်း အတိုင်းသား ပေါ်လွင်နေ၏။

ဖြစ်သလိုနေရှိပင် လူတကာ ငေးရလောက်အောင်ရှိနေ
လျှင် အလှပြင်လိုက်ပါက ဆိုဖွယ်ရာမရှိတော့ပြီ။

ထိုမိန်းကလေးသည် သူကြုံတွေ့ခဲ့ရသော လျှပ်စီးဂိုက်ခ
ဆင်မလေး စုချင်း၊ မီးအိမ်ဂိုက်မှသင်မလေး ကျေဖိုး
အဆိပ်နှန်းတာ်မှ သင်မလေး မေဝါးတို့နှင့် အလှချင်း
ပြိုင်နေပါသော်လည်း ကျတ်ဆတ်ဆတ် နိုင်လှသူလေး ဖြစ်
ကြောင်း ထင်ရှားနေပါတော့သည်။

မိန်းကလေးက....

'ရှင် ဘာကြောင့်ကြည့်နေတာလဲ၊ ရှင့်ကိုယူက ကယ်တင်
ခဲ့တယ်လို့ ထင်လို့လား'

ဟု ငေါက်လိုက်ပြန်သည်။

လုယိကျုံးက....

'ကျုပ်ဘတောပေါက်ဖျာ'

ဟု လေးတဲ့စွာ ပြောလိုက်သည်။

မိန်းကလေးက....

'ရှင် ဘာဘတောပေါက်တာလဲ'

လုယိကျုံးက....

'ကျုပ်ကို တကယ်တမ်း ကူညီခဲ့တဲ့လူဟာ မင်းပဲဆိုတာကို
သဘောပေါက်လာတာပါ'

'ခစ်...ခစ်...ခစ်'

မိန်းကလေးက ရယ်မောလိုက်လေသည်။

ယခုတစ်ကြိမ်....

သူမသည် ဟန်ဆောင်မှုကင်းစွာ ရယ်မောလိုက်ခြင်း ဖြစ်
လေသည်။

'ရှင်က တော်တော် အူကြောင်ကြောင်နိုင်တာပဲ'

ဟုလည်း ပြောလေသည်။

လုယိကျုံးသည် မိန်းကလေးအား အကဲခတ်ကြည့်နေ၏။

ဆိုမိန်းကလေးမှာ အပြင်ပန်း မာကျောကျော ရှိသော်လည်း အတွင်းသတော မဆိုးသူလေးဖြစ်ကြောင်း ရိပ်မိလိုက်၏။

မိန်းကလေးကလည်း လုယိကျုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး....

'နေပါဦး၊ ရှင်ဟာ သမားတော်ခြံဝင်းပိုင်ရှင်ရဲ့သား ဆိုတာရော အမှန်ပဲလား'

ဟု မေးလာလေသည်။

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

မိန်းကလေးက....

'ရှင်တော်တော်ခက်တဲ့ လူပဲ'

'ဗျာ'

'ရှင့်ကိုယ်ရှင် သမားတော်ခြံဝင်းပိုင်ရှင်ရဲ့သားပါလို့ လူတကာကိုတွေ့တိုင်း လိုက်ပြီး ဝန်ခံနေမယ်ဆိုရင် တစ်နေ့မဟုတ် တစ်နေ့ ဒုက္ခရောက်မှာပဲ မကြားဘူး'

လုယိကျုံး မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

မိန်းကလေးက....

'သိုင်းလောကသားတွေက ရှင့်အကြောင်းကိုသာ သိသွားရင် နဂါးသရဲလုံကွေ့ကို ဂရုစိုက်ကြတော့မှာ မဟုတ်ဘူး၊ ရှင့်နောက်ကို သဲကြီးမဲကြီး လိုက်ကြတော့မှာပဲ၊ ရှင်ဒုက္ခရောက်ဖို့သာ ပြင်ထားပေတော့'

လုယိကျုံးက ကြောင်အမ်းအမ်းဖြင့်....

'ကျုပ်....ကျုပ်က'

'တာလဲ ရှင်ဘာမှမသိဘူးလို့ ပြောမလို့လား၊ ချေပုရပိုက်နဲ့ ရှင်နဲ့ပတ်သက်နေတယ်ဆိုတာ သိုင်းလောကတစ်ခုလုံး နားလည်ထားကြတယ်ရှင့်'

လုယိကျုံးက....

'ချေပုရပိုက်ဆိုတာဘာလဲ'

ဟု မေးလိုက်လေသည်။

မိန်းကလေး မျက်လုံးပြူးသွားပြီး....

'ရှင်က ရွှေပုရပိုက်ကို မသိဘူးလား'

'ဟင့်အင်း... မသိဘူး'

လုယိကျုံး ခေါင်းခါယမ်းလိုက်လေသည်။

မိန်းကလေး နှာခေါင်းရှုံ့လိုက်လေသည်။

'ဟွန်း... ရှင့်ကိုကြည့်ရတာ ရိုးတယ်ထင်ရပေမယ့် တော်တော် ဆည်ပါလား'

'ဗျာ'

'ရှင်မသိဘူးလို့ လိမ်ပြောလို့ရမလား'

'ဟာ... ကျုပ်လိမ်ပြောတာ မဟုတ်ပါဘူးဗျာ'

'ရှင်က ရွှေပုရပိုက်အကြောင်း သိရမှာပဲ'

'ကျုပ်တကယ်မသိပါဘူးဗျာ'

မိန်းကလေး မကျေမနပ်ဖြစ်သွားသည်။

'ရှင် သိသိမသိသိ ကျွန်မဂရုမစိုက်ဘူး၊ ကျွန်မက တခြားလူတွေလို ရွှေပုရပိုက်ကို မက်မောနေတယ်လို့ မထင်နဲ့'

လုယိကျုံး စိတ်မကောင်းဖြစ်သွားလေသည်။

မိန်းကလေးသည် သူပြောသည့်စကားကို မယုံကြည်တဲ့ဖြစ်နေသည် မဟုတ်ပါလား။

မိန်းကလေးသည် လုယိကျုံးအား ရှုတည်တည်ဖြင့် ကြည့်ကာ...

'ရှင်က ရွှေပုရပိုက်နဲ့ ပတ်သက်နေသူဆိုတော့ သိုင်းလောကမှာ ဘယ်သူမှမယှဉ်နိုင်တဲ့ သိုင်းပညာတတ်မြောက်ထားမှာပေါ့၊ ရှင့်ကို ကူညီစရာမလိုပါဘူး၊ ကျွန်မသွားမယ်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ မြေးသွက်သွား၏။

တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

'သူဟာ ငါ့ကို အပြစ်တင်ပြောဆိုခဲ့ပေမယ့် တကယ်တော့ သူအညီပေးသွားခဲ့တာပါပဲ'

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သောရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယိကျုံး လှမ်းကြည့်လိုက်သောအခါ လူနှစ်ယောက်က ယ်မောရင်း လှမ်းလာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်အား တွေ့လိုက်ရလျှင် လုယိကျုံး ရင်ထိတ်သွား၏။

သူ့အား ဒုက္ခပေးခဲ့ကြသော ကျန်းမင်နှင့် ကြူးဝူးရယ်တို့ ဖြစ်နေကြသည် မဟုတ်ပါလား။

ကြူးဝူးရယ်က....

'ချိုင်ယံ့ထွက်သွားပြီဆိုတော့ မင်း ဘာတတ်နိုင်ဦးမှာလဲ'

မိန်းကလေး ထွက်သွားပြီဖြစ်သည်။

သူမသည် ခန္ဓာကိုယ် တစ်ချက်လှုပ်ရှားလိုက်သည်နှင့် မြင်ကွင်းမှ ရိပ်ခနဲ ပျောက်ကွယ်သွားခြင်းဖြစ်သည်။

'ကောင်းလိုက်တဲ့ကိုယ်ဖော့ပညာ'

လုယိကျုံး လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

ထိုမိန်းကလေးသည် ကိုယ်ဖော့ပညာနှင့်ပတ်သက်လာလျှင် သိုင်းလောကတွင် ပြိုင်ဘက်ကင်းသော အရိပ်မဲ့တောင်မှ သခင်မလေး ချိုင်ယံ့ဖြစ်နေသည် မဟုတ်ပါလား။

လုယိကျုံးက....

ဟု ပြောလာလေသည်။

လုယိကျုံးက....

'ခင်ဗျားတို့က ဘာသတောလဲဗျ'

ဟု မေးလိုက်သည်။

ကျွန်းမင်က....

'မင်းကို အလွတ်မပေးနိုင်လို့ပေါ့ကွာ'

လုယိကျုံးက....

'ကျုပ်ကို မဘရားလုပ်လာရင် ကျုပ်က သည်းခံမှာ မဟုတ်ဘူးဆိုတာ မှတ်ထားပါ'

ဟု ပြောလိုက်သည်။

ကြူးဝူးရယ်နှင့် ကျွန်းမင်တို့က လှောင်ပြောင်ရယ်မောလိုက်ကြလေသည်။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

သူတို့၏ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျွန်းမင်က....

'မင်းကို ညီလေးကြုံးလင်က အဆိပ်နဲ့ဒုက္ခပေးတားလိုက်သတ်ဆိုတာ ငါတို့မသိဘူးထင်နေသလား'

လုယိကျုံးက....

'ခင်ဗျားကော ကျုပ်ကို အဆိပ်ခတ်ခဲ့တာပဲမဟုတ်လား'

ဟု ပြောလိုက်သည်။

ကြုံးလင်နှင့်ကျွန်းမင်တို့မှာ သူ့အား ဒုက္ခပေးခဲ့ကြသူများပေတေ့သည်။

သူတို့၏အဆိပ်များကြောင့် လုယိကျုံး ဒုက္ခရောက်ခဲ့ရပြီးသက်ရှင်နေခြင်းကပင် ကံကောင်းလွန်း၍ဟု ဆိုနိုင်ပါတော့သည်။

ကြူးဝူးရယ်က....

'သူတို့နှစ်ယောက်တည်းမဟုတ်ဘူး၊ ကျုပ်လဲရှိသေးတယ်'

ဟု ဝင်ပြောလေသည်။

လုယိကျုံးက....

'ဘာဗျ'

ကြူးဝူးရယ်က....

'ကျုပ်ကလဲ မင်းကို အဆိပ်ခတ်လိုက်တယ်လေ'

'ဘာဗျ'

'ဒီဘက်ကိုလာရင်း မွေးကြိုင်တဲ့ပန်းရနံ့တွေကို မင်းမရှူရှိုက်ရဘူးလား'

လုယိကျုံးက ဘာမှမပြောဘဲ နေလိုက်လေသည်။

ကြူးဝူးရယ်က....

'အဲဒါငါကအဆိပ်မှုန့်နဲ့တိုက်ခိုက်လိုက်တာလေ၊ မင်းမသိတော့ အငိုက်မိပြီး ရှူရှိုက်မိခဲ့တာပဲမှတ်လား'

'ခင်....ခင်ဗျား'

လုယိကျုံး ခံပြင်းသွားလေသည်။

'ခင်ဗျားတို့ ဘာကြောင့်ကျုပ်ကိုအကောက်ကြံရတာလဲ'

ဟု မေးလိုက်သည်။

ကြူးဝူးရယ်က....

'ရွှေပုရပိုက်ကို လိုချင်လို့ပေါ့'

'ဘာဗျ'

'မင်းတာသမားတော်ခြုံဝင်းပိုင်ရှင်ရဲ့သားဆိုတာကျုပ်တို့သိနေကြပြီ၊ မင်းလိမ်လို့မရဘူး'

လုယိကျုံးက်....

'ခင်ဗျားတို့တာတွေလာပြောနေတာလဲ၊ ကျုပ်တာမှနားမလည်ဘူးဗျ'

ဟု အော်ပြောလိုက်လေသည်။

ကြူးဝူးရယ်က....

'ဟော့ကောင်၊ ငါတို့ချန်းအန်းလုလင်သုံးဖော်ကို လိမ်ညာလို့ရမယ်မျှား မှတ်နေသလား'

ဟု ခက်ထန်မာကျောစွာ အော်ငေါက်လာလေသည်။

'ဟင်'

လုယိကျုံး အံ့သြသွားသည်။

ကြူးဝူးရယ်သည်လည်း ချွန်းအန်းလုလင်သုံးဖော်တွင်ပါဝင်နေသည်မဟုတ်ပါလား။

'လက်စသတ်တော့ ခင်ဗျားလဲ လူယုတ်မာဘစ်ယောက်ပဲကိုး၊ ခင်ဗျားတို့ဟာ အဖြူရောင် သိုင်းသမားတွေလုပ်နေကြပြီးတော့ ဘာကြောင့်မျှား မကောင်းတဲ့အလုပ်တွေ လုပ်ချင်ကြရတာလဲဗျ'

ကြူးဝူးရယ်က....

'စကားမရှည်နဲ့၊ ရွှေပုရပိုက်ကိုပေးမလား၊ အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကိုရွေးပေတော့'

ဟု ပြောလေသည်။

လုယိကျုံးက....

'ကျုပ်က ဘယ်တော့မှအညံ့ခံမယ်မထင်ပါနဲ့ဗျာ'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

ကြူးဝူးရယ်က....

'မင်း ဘယ်လောက်ခေါင်းမာနိုင်မလဲ၊ ကြည့်ကြသေးတာပေါ့'

ဟု ကြုံဝါးကာ ပြောင်တိုက်ခိုက်လိုက်လေသည်။

ကျန်းမင်ကလည်း....

'ဒီကောင့်ကိုအလွတ်မပေးနဲ့'

ဟု ပြောကာ ပြေးဝင်လာလေသည်။

နှစ်ယောက်သားလက်တွဲကာ တိုက်ခိုက်လာကြခြင်း ဖြစ်သည်။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မယ်ဖွယ် ကောင်းအောင်းသန်နေပါသည်။

လုယိကျုံး ခံပြင်းသွားသည်။

'ခင်ဗျားတို့မဘထားလုပ်လို့မရဘူး'

ဟု ကြုံဝါးကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း... စုန်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ကြူးဝူးရယ်နှင့် ကျန်းမင်တို့ မသဲမကွဲ ညည်းတွားလ
အဝေးသို့ လွှင့်စဉ်သွားလေတော့သည်။

လုယိကျုံးက ဆက်၍တိုက်ခိုက်ခြင်းမပြုပါချေ။

မြေပေါ်မှ ကပျာကယာလူးလှိမ့်ထလာကြသည့် ကြူးဝူး
ရယ်နှင့် ကျန်းမင်တို့အား စိုက်ကြည့်နေလိုက်၏။

ကြူးဝူးရယ်နှင့် ကျန်းမင်တို့ ထိတ်လန့်သွားကြ၏။

လုယိကျုံးသည် သူတို့သုံးယောက်၏ အဆိပ်မိထားသော
လည်း အသက်ရှင်နေသေးသည့်အပြင် ပြန်လည်ခုခံတိုက်ခိုက်
နိုင်သေးသည်မဟုတ်ပါလား။

ကျန်းမင်က....

'ဒီကောင်ဟာ ဇွဲပုရပိုက်ကိုရဘားလို့ ခုလောက်အထိ
ကံကောင်းသွားတာပဲ ဖြစ်မယ်'

ကြူးဝူးရယ်က....

'ဘာပဲဖြစ်ဖြစ် ဒီကောင်ကို အလွတ်ပေးလို့ မဖြစ်ဘူး'

သူတို့သည် ဓားကိုယ်စီဆွဲထုတ်လိုက်ကြပြီး ထပ်မံတိုက်ခိုက်
ရန် ဟန်ပြင်လိုက်ကြလေသည်။

ဆိုစဉ် ဝင်းလက်ဘောက်ပဒေသာ အလင်းဆောင်တစ်ချက်
ပြင်ပေါ်လာ၏။

မဒရှားမနှောင်းမှာပင်....

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံထွက်ပေါ်လာကာ ကျန်းမင်နှင့်
ကြူးဝူးရယ်တို့မှာ မြေပေါ် ဘိုင်းခနဲဘိုင်းခနဲ လဲကျသွား
တော့သည်။

ထိုအဖြစ်အပျက်ကြောင့် လုယိကျုံးအုံ့သြသွားလေသည်။

ကြူးဝူးရယ်တို့အား မည်သူကတိုက်ခိုက်လိုက်ခြင်း ဖြစ်ပါ
သနည်း။

သူ့အား ကူညီခဲ့သည့် ချိုင်ယဲ့၏ လက်ချက်ပေလား။

ကြူးဝူးရယ်နှင့် ကျန်းမင်တို့ကား တုတ်တုတ်မျှမလှုပ်ကြ
တော့ပါ။

လုယိကျုံးက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ လူသူတစ်
တစ်ယောက်မှ မတွေ့ရပါဘူး။

ကြူးဝူးရယ်တို့အား ကြည့်လိုက်ပြန်သောအခါ တုတ်တုတ်
မှု မလှုပ်တော့တဲ့ သေဆုံးနေကြပြီ ဖြစ်သည်ကို တွေ့ရသ
သည်။

လုယိကျုံး ထိတ်လန့်သွားသည်။

'ဟင် သူတို့သေကုန်ကြပြီ'

ကြူးဝူးရယ်တို့အား တိုက်ခိုက်လိုက်သူမှာ လူ့အသက်ကို
ဖက်ရှက်ပမာ သဘောထားသူပြစ်ကြောင်း ထင်ရှားနေပါ
တော့သည်။

ချိုင့်ဝှေ့သည့် ရက်စက်ကြမ်းကြုတ်သော မိန်းကလေး
တစ်ယောက် ဖြစ်နေသည်လော။

ထိုစဉ်....

'မြန်မြန်လာကြဟေ့'

အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်လာသည်။

လူသေးငါးယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့
ရ၏။

ထိုလူများမှာ လျှပ်စီးဂိုဏ်းသားများ ဖြစ်ကြလေသည်။

လျှပ်စီးဂိုဏ်းသားများမှာ လုယိကျုံးနှင့် မြေပေါ်လဲကျ
သေဆုံးနေကြသော ကြူးဝူးရယ်တို့ကို တွေ့လျှင် ထိတ်လန့်
သွားကြသည်။

သို့သော်....

'ချန်းအန်းလူလင်သုံးယောက်ထဲက ကြူးဝူးရယ်နဲ့ ကျွန်
မတို့ သေနေကြပါလား'

'ဟုတ်တယ်၊ ဒီကောင်ဟာ မိုးကြိုးဂိုဏ်းသားတွေကိုဘိုက်
ကော့သွားတဲ့လူနဲ့ တူတယ်'

'ဒီကောင်ကို မလွတ်စေနဲ့'

တစ်ယောက်ကအော်ပြောလိုက်သလို အခြားတစ်ယောက်
က အချက်ပေး ခရာတစ်ခုကိုထုတ်ကာ မှုတ်ထုတ်လိုက်လေ
သည်။

'တူး'

သူတို့က အဖော်များ ခေါ်လိုက်ကြရာ အခြေအနေပိုဆိုးလာတော့မည်ဖြစ်ကြောင်း လုယိကျုံး တွက်ဆမိလိုက်လေသည်။

ထို့ကြောင့် ရှောင်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် လျှပ်စီးဂိုဏ်းသားများက အလွတ်မပေးဘဲ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

လုယိကျုံးက ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ....

'ခင်ဗျားတို့ မတရားမလုပ်နဲ့'

ဟု အော်ပြောကာ ရှောင်တိမ်းလိုက်လေသည်။

'မလွတ်စေနဲ့'

'ဝိုင်းထား'

'တိုက်ကြတော့'

လျှပ်စီးဂိုဏ်းသားများသည် လုယိကျုံးက တိုက်ခိုက်ခြင်း မပြုဘဲ ထွက်ခွာသွားနိုင်ရန်သာ ကြိုးစားနေသဖြင့် အားတက်သွားကြပြီး ဖြိ၍ တိုက်ခိုက်လိုက်ကြလေသည်။

ခေးရောစ်လှံဆရာများ ဖွေးဖွေးလှုပ်သွားသည်။

ငြားသံပေးသံများ တစ်ခဲနက် ထွက်ပေါ်လာ၏။

လုယိကျုံး အကျပ်ရိုက်သွားလေသည်။

ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ရှောင်ထွက်သွားဖို့ မလွယ်မှန်း သိလိုက်၏။

ထိုစဉ်....

'မြန်မြန်လာကြဟော့'

မလှမ်းမကမ်းမှ အော်ပြောလိုက်သော စကားသံများ၊ ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာသည်ကိုကြား လိုက်ရလေသည်။

သိုင်းသမားများ ထပ်မံ ဆောက်ရှိလာကြတော့မှာသေချာနေပေတော့သည်။

လုယိကျုံးက....

'မဖြစ်ထော့ဘူး'

ဟု တွေးပြီး ခုခံတိုက်ခိုက်ရန် ဟန်ဖြင်လိုက်လေသည်။

ထိုအချိန်မှာပင် ထူးခြားမှုတစ်ရပ် ဖြစ်ပေါ်လာသေသည်။

'မလွတ်စေနဲ့'

'ဝိုင်းထား'

သိုင်းသမားများသည် အော်ငေါက်ကာ ပြေးလွှားလာကြလေသည်။

လုယိကျုံး မနေနိုင်တော့တဲ့ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေသည်။

သိုင်းလောကသားများသည် လုယိကျုံး ထွက်ပြေးသွားသည်ကိုမြင်လျှင်....

'ပြေးပြီဟေ့ လိုက်ကြ'

ဟု အော်တစ်ကာ ပြေးလိုက်လာကြလေကဲ့သည်။

* * *

လျှပ်စီးလက်လိုက်သကဲ့သို့ ဝင်းလက် တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

ဤတွင်....

'အား'

'အမယ်လေး'

'ဝုန်း'

'သေပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လျှပ်စီးဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက်လဲကျသွားကြ၏။

'ဟာ'

လုယိကျုံးထိတ်လန့်သွားသည်။

သူ၏လက်ချက်မဟုတ်ပါဘဲ လျှပ်စီးဂိုဏ်းသားများ လဲကျသေဆုံးသွားရပြန်ပြီ မဟုတ်ပါလား။

'ငါ ဘယ်လိုဖြစ်တာပါလိမ့်၊ ဘာကြောင့် ဒီလောက် မောဟိုက်နေရတာလဲ'

ကျန်းမင်း၊ ကြူးဝူးရယ်နှင့် ကြုံးလင်တို့လုံးယောက်၏ အဆိပ်မျှားမိခဲ့ခြင်းကြောင့် အခု အဆိပ်တန်ခိုးပြလာခြင်း ဖြစ်ကြောင်း တွက်မိလေသည်။

မေဝါးပေးခဲ့သော အဆိပ်ဖြေဆေးတစ်လုံး ထုတ်ယူကာ သောက်လိုက်၏။

ဆေးပုလင်းလေးကို ကြည့်လိုက်ရာ ဆေးလုံးကလေးများ ကျန်ရှိနေသေးသည်ကို တွေ့ရလေသည်။

လုယိ ကျုံး သက်ပြင်းချလိုက်မိသည်။

'အင်း....ဒီဆေးလုံးလေးတွေကို တစ်နေ့တစ်လုံး မူနန်မွန် သောက်သွားရမယ်၊ ဆေးကုန်မှ ငါ့ရဲ့ခန္ဓာကိုယ်ထဲကအဆိပ် တွေ ရှင်းရှင်းလင်းလင်း ပျောက်ကင်းသွားမယ်လို့ မေဝါးက ပြောခဲ့တယ်၊ ခုတော့ ငါ့ရဲ့ခန္ဓာကိုယ်ထဲမှာ နောက်ထပ် အဆိပ်တစ်မျိုးတောင် ထပ်တိုးလာပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ'

ဟု စိတ်ပျက်စွာ ညည်းညူမိလိုက်လေသည်။

ထို့နောက်....

လုယိကျုံး ရှောင်ထွက်လာခဲ့လေသည်။

သို့ပေးလောကသားများသည် နောက်ကျစ်ရစ်ခဲ့ပြီး တဖြည်းဖြည်း ဝေးသွားလေတော့သည်။

လုယိကျုံးသည် ပြေးရင်းလွှားရင်း တောအုပ်အတွင်းသို့ ရောက်ရှိလာလေသည်။

ရုတ်တရက်။

မောပန်းနွမ်းနယ်သည့် ခံစားချက်များ ဖြစ်ပေါ်လာသလို ခြေလက်များ မသယ်ချင်အောင်ဖြစ်လာသည်။

လုယိကျုံးသည် မဟန့်နိုင်တော့ဘဲ ခြေလှမ်းရပ်ကာ သစ်ပင်တစ်ပင်အောက်၌ထိုင်ချကာ အမောဖြေလိုက်လေသည်။

ထိုစဉ်....

'ဟိုမှာတွေ့ပြီ'

'မလွတ်စေနဲ့'

'လိုက်ကြဟေ့'

ငြာသံပေးသံများ ထွက်ပေါ်လာလေသည်။

သိုင်းသမားအချို့သည် လက်နက်ကိုယ်စီ ဆဲကိုင်ကာ တစ်ဝုန်းထိုး ပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရ လေသည်။

လုယိကျုံး ထိတ်လန့်သွားသည်။

ထိုဝိဇ္ဇာမှ ကပျာကယာ ထရပ်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူက....

'မြန်မြန်လာ'

ဟု လှမ်းဆော်လိုက်သည်။

လုယိကျုံးက ထိုလူထံသို့ ပြေးသွားလေသည်။

သို့သူကလည်း လုယိကျုံးအား လက်ဆွဲကာ ပြေးလွှား လေသည်။

'ဘာမှမပူနဲ့ မင်းကိုငါကူညီမယ်'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။

လုယိကျုံး အံ့သြသွားသည်။

စကားသံ ထွက်ပေါ်လာရသူလှမ်းကြည့်လိုက်သောအခါ တောအုပ်ထဲမှ လူဘစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရခဲလသည်။

ထိုလူသည် အဝါရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာဖုံးဘစ်ခု စွပ်ထားလေသည်။

လုယိကျုံး မျက်မှောင်ကြုတ်သွားပြီး....

'ခင်ဗျား ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ထိုလူက....

'ငါဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ သိုင်းလောကသားတွေကမင်းကို ဒုက္ခပေးကြောင့်မယ်၊ ငါ့နောက်ကို မြန်မြန်လိုက်ခဲ့'

'ပြေးပြီဟေ့'

'လိုက်ကြ'

သိုင်းသမားများသည် ငြာသုံပေးကာ ပြေးလိုက်ကြ၏။

မျက်နှာဖုံးစွပ်ထားသူသည် ရက်ရက်စက်စက် တိုက်ခိုက် သုတ်သင်ပစ်လိုက်ခြင်း ဖြစ်သည်။

လိုက်မလာနိုင်ရန် ဟန့်တားသည့်သဘော မျိုး မဟုတ် ပါခေ့။

လုယိကျုံး အုံသြသွားသည်။

မျက်နှာဖုံးစွပ်ထားသူက....

'မြန်မြန်လာ'

လုယိကျုံး၏လက်ကိုဆွဲကာ ခေါ်သွားရာ ဘာမှမပြော သာဘဲ လိုက်သွားရလေတော့သည်။

* * *

လုယိကျုံးနှင့် မျက်နှာဖုံးစွပ်ထားသူတို့သည် တောင်ကုန်း တစ်ခုပေါ်သို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

သိုင်းလောကသားများ၏ အရိပ်အယောင်မျှပင် မတွေ့ရ တော့ပါ။ မျက်နှာဖုံးစွပ်ထားသူက ရက်ရက်စက်စက် တိုက် လုပ်ကြံပစ်လိုက်သဖြင့် လိုက်မလာရဲတော့သည်သဘော သေသည်။

လုယိကျုံးသည် မျက်နှာဖုံးစွပ်ထားသူအား မျက်မှောင် ကုတ်ကာ ကြည့်လိုက်သည်။

ဘိုလူမည်သူဖြစ်ကြောင်း သူမသိပါခေ့။

ဘိုလူက....

'ကျုပ် ဘယ်သူလဲဆိုတာကို မင်းသိချင်နေတယ် မဟုတ် မေးလာလေသည်။

လုယိကျုံးက....

'ဟုတ်ပါတယ်ဗျာ'

ဘိုလူက....

'ကျုပ် ဘယ်သူဘယ်ဝါဆိုတာထက် မင်းရဲ့ မိဘတွေကို သတ်ဖြတ်သွားတဲ့တရားခံ ဘယ်သူလဲဆိုတာကို မင်းမသိချင်ဘူးလား'

'ဗျာ'

'ဝါမေးနေတာ ဖြေပါဦး'

လုယိကျုံး စိတ်လှုပ်ရှားသွားလေသည်။

'ဦးစာ တရားခံကို သိနေလို့လားဗျာ'

ထို့လူစာ....

'ဟုတ်တယ်'

လုယိကျုံး အံ့သြသွားလေသည်။

ထိုလူက....

'လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်လောက်က သမားတော်ခြံဝင်းကို တိုက်ခိုက်ခဲ့ကြသူတွေ ဘယ်သူဘယ်ဝါ ဆိုတာကို ကျုပ်သိတားတယ်'

လုယိကျုံးက....

'ဒါဖြင့် တရားခံဟာ ဘယ်သူလဲဆိုတာ ပြောပြပါလား'

ဟု မေးလိုက်လေသည်။

ထိုလူက....

'ကျုပ် ပြောပြချင်တယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲဗျာ'

'ကျုပ်က မင်းဆီက ပစ္စည်းတစ်ခုကိုရမှ ပြောပြနိုင်မှယ်'

'ဘာပစ္စည်းများလဲဗျာ'

လုယိကျုံးက နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

ထိုလူက....

'ရွှေပုရုပိုက်'

'ဗျာ'

'ရွှေပုရုပိုက်ကိုပေးပါ၊ မင်းရဲ့မိဘတွေကို ဘယ်သူဘယ်သူတွေက လုပ်ကြံသတ်ဖြတ်သွားတယ်ဆိုတာကို ကျုပ်ပြောပြမယ်'

လုယိကျုံးခေါင်းခါယမ်းလိုက်လေသည်။

'ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဒွေပုရိုပိုက် ကျွန်တော့် ဆီမှာ မရှိပါဘူး'

ထိုလူ မကျေမနပ် ဖြစ်သွားလေသည်။

'မင်း ဘာကြောင့် လိမ်ပြောနေတာလဲ၊ မင်းရဲ့ ဗီဘတွေကို သတ်ဖြတ်သွားတဲ့တရားခံ ဘယ်သူဘယ်ဝါကို မဆိုချင်ဘူးလား၊ ဘာလဲ ငါကပြောမပြနိုင်ဘူးမျှား ထင်နေသလား'

လုယိကျုံးက....

'ကျွန်တော်....'

ထိုလူက....

'ငါပြောမယ်၊ သမားတော်ခြံဝင်းကို ဖျက်ဆီးခဲ့တဲ့လူတွေထဲမှာ မိုးကြိုးဂိုဏ်းချုပ် ထင်းရှောင် ကိုယ်တိုင် ပါဝင်ခဲ့တာပဲ'

'ဗျာ'

လုယိကျုံး မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

မိုးကြိုးဂိုဏ်းသည် နဂါးသရဲ လုံးကွေ့အား ဘဲကြီးမဲကြီး ခန့်ခဲ့ကြသည်။

ဒွေပုရိုပိုက်အား လိုချင်ရှာဖြစ်သည်။

မိုးကြိုးဂိုဏ်းသည် ဒွေပုရိုပိုက်နှင့်ပတ်သက်ပြီး ဂျေးယောင်ပင် ပိုင်ရှင်ဖြစ်သော သမားတော် ခြံဝင်းနှင့် ပတ်သက်ကြောင်း သိလိုက်ရပြီ ဖြစ်လေသည်။

ထိုလူက....

'မင်းရဲ့အဖေက မမျော်လင့်တဲ့ ဒွေပုရိုပိုက်ကို ရခဲ့တယ်၊ ကြောင့် မိုးကြိုးဂိုဏ်းဂိုဏ်းချုပ်ဟာ အပေါင်းပါတစ်စုနဲ့ သစ်အိုင်ဖမ်းလုပ်ကြံပြီး ဒွေပုရိုပိုက်ကို ရယူဖို့ကြိုးစားခဲ့တာပဲ'

လုယိကျုံးက....

'ပိုးကြိုးဂိုဏ်းချုပ်ဟာ သခင်းတော်ခြံဝင်းကို လုပ်ကြံလူသူတို့ဟာ ဘယ်လိုအခြေအနေအထားနဲ့ ဦးတည်ပြောနိုင်တာ'

ဟု ခေးလိုက်လေသည်။

ထိုလူက....

'သြော်.... မင်းကငါပြောတဲ့စကားကို မယုံဘူးပေါ့လေ'

လုယိကျုံးက....

'ဒီကိစ္စဖြစ်ပျက်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိနေပါပြီ၊ သိုင်းလောကဟာ ရှုပ်ထွေးပွေလီလှပါတယ်၊ ကျွန်တော် ကြုံတွေ့နေရတဲ့အခြေအနေအရ ဘယ်သူမှယုံကြည်လို့ မဖြစ်နိုင်လို့ပါ'

ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ထိုလူမကျေမနပ်ဖြစ်သွားလေသည်။

'နေပါဦး၊ ငါပြောတာမယုံဘူးဆိုရင် မင်းက ဘယ်သူ ပြောတဲ့စကားကို ယုံမှာလဲ'

လုယိကျုံးက....

'ကျွန်တော် ကျွန်တော်.ရဲ့မိဘတွေအကြောင်း သိချင်ရင် နဂါးသရဲလုံကွေ့.ကို တွေ့အောင်ရှာရမယ်လို့ ပြောပါတယ်'

ထိုလူက....

'နဂါးလုံကွေ့.ပြောတဲ့စကားကိုမှ မင်းကယုံကြည်နိုင်မှာ

'ဟုတ်ပါတယ်ခင်ဗျာ'

'အေး၊ နဂါးသရဲလုံကွေ့.ကိုမတွေ့ခင် မင်းဒုက္ခရောက် သွားလိမ့်မယ်ဆိုတာ မတွေးမိဘူးလား'

လုယိကျုံး ဘာမှမပြောဘဲ နေလိုက်လေသည်။

ထိုလူက....

'လုံကွေ့.ဘယ်ရောက်နေပြီလဲဆိုတာ မင်းသိသလား'

လုယိကျုံးက....

'တိမ်ဖြူဂိုဏ်းက ဖမ်းဆီးထားတယ်လို့ ဆတင်းကြားရပါတယ်'

ထိုလူက ဟားတိုက်ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လုယိကျုံးက....

'ဘာဖြစ်လို့ လုံကွေ့ကျွန်တော်ပြောတာများနေလို့ လား'

ဟု မေးလိုက်သည်။

ထိုလူက....

'ဒေးဟုတ်ဘယ်၊ ဘကယ်တော့ ဘိမ်ဖြူဂိုဏ်းဟာ မင်းရဲ့ ဆတင်းကိုကြားလို့ မင်းကိုဖမ်းဆီးနိုင်အောင် အကွက်ဆင်လိုက်တာပဲ'

'ဗျာ'

'လုံကွေ့အဖမ်းခံနေရတဲ့သတင်းကြားရင် မင်းကတိမ်ဖြူဂိုဏ်းကို ကျိန်းသေလာမယ်မဟုတ်လား'

'လုယိကျုံးက ထိုလူအား အကဲခတ်ကြည့်နေသည်။

ထိုလူက....

'ချေပုရပိုက်နဲ့ပတ်သက်ပြီး လုံခက္ခ့ကိုဖမ်းမိသာထက် မင်းကို ဖမ်းမိတာက ပို့ခေကာင်းဘူးလား၊ လုံခက္ခ့ကိုဖမ်းမိသားတယ်လို့ သတင်းလွှင့်လိုက်ရင် မင်းက ကျိန်းသေရောက်လာမယ် မဟုတ်လား'

လုယိကျုံးသက်ပြင်းချလိုက်သည်။

'လက်စသပ်တော့ ဒီလိုကိုး'

ထိုလူက...

'ခုဆိုရင် သိုင်းဓလာကသားတွေဟာ လုံကွေ့ထက်မင်းကို ပိုပြီးစိတ်ဝင်စားနေကြတယ်ဆိုတာ မင်းဖသိပဲကိုး၊ ချေပုရပိုက်နဲ့ပတ်သက်ပြီး ကာယကံရှင်ဖြစ်တဲ့ မင်းကပိုပြီးနှီးစပ်တယ်မဟုတ်လား'

လုယိကျုံးက....

'ခက်တာက ချေပုရပိုက်နဲ့ပတ်သက်ပြီး ကျွန်တော် တာမှ မသိဘာဝဲဗျ'

'မင်းသိမ်ပြောတာ'

'ဗျာ'

'ချေပုရပိုက်အကြောင်း မင်းဘိကိုသိရမယ်'

'ကျွန်တော် တကယ်ခသိပါဘူးဗျာ'

ထိုလူသည် လုယိကျုံးအား စိုက်ကြည့်လိုက်လေသည်။

လုယိကျုံးကသည်း ထိုလူအားငေးကြည့်နေသည်။

အတန်ကြာမှ....

'မင်းရဲ့ဆရာကဘယ်သူလဲ ပြောစမ်း'

ဟု မေးလိုက်လေသည်။

လုယိုကျုံး ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော် ပြောမပြနိုင်ပါဘူး၊ ဆရာက သူ့နာမည် ဘယ်သူ့ကိုမှ ပြောမပြရဘူးလို့ မှာထားလို့ပါ'

'ဩော်....ဒီလိုလား'

ထိုလူက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'ကောင်းပြီလေ၊ မင်းမပြောလဲ မင်းရဲ့သိုင်းပညာကို ဖော်ထုတ်လိုက်ရင် မင်းရဲ့ဆရာ ဘယ်သူလဲဆိုတာ သိရမှာပေါ့'

စကားဆုံးလျှင် လက်တစ်ဖက်ဆန့်ထုတ်ကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

လုယိုကျုံး ရင်ထိတ်သွားသည်။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

ဟုပြောကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

မမျှော်လင့်ဘဲ မြေပေါ်မှ ကျောက်ခဲတစ်လုံးအား ဝင်တိုက်မိလိုက်သောကြောင့်....

'ဝုန်း'

မည်သို့မျှမဟန်နိုင်တော့ဘဲ မြေပေါ်ပက်လက်လန် လဲကျသွားလေသည်။

ထိုသို့လဲကျသွားခြင်းကပင် ကံကောင်းသွားသည်ဟု ဆိုနိုင်တော့သည်။

ထိုလူ၏တိုက်ခိုက်မှုမှ ပုတ်ကာသီကာ လွတ်မြောက်သွားလေတော့သည်။

ထိုလူက မကျေမနပ်ဖြင့်....

'မင်း ဘယ်လောက်ရှောင်နိုင်မလဲ'

ဟု ငေါက်ကာ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လုယိုကျုံးက ကပျာကယာ လူးလိမ့်ထကာ....

'ခင်ဗျား မတရားမလုပ်နဲ့'

အော်ပြောရင်းက လက်ဝါးနှစ်ဖက်ဆန့်ထုတ်ကာ ခုခံလိုက်လေသည်။

ထိုအခါနှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီး....

'ဝုန်း'

ကျယ်လောင်သောအသံ ဆူကပေါ်လာလေသည်။

လုယ ကျုံးက နောက်ဆုတ်လိုက်ရသလို ထိုလူသည်လည်း ဒေါသဖြင့် နောက်ဆုတ်သွားရလေသည်။

လုယိကျုံးကို မယုံကြည်နိုင်စွာ ကြည့်ရင်း....

'မင်း....မင်း'

ထစ်ထစ်ငေါ့ငေါ့ ဒေရွတ်လိုက်လေသည်။

လုယိကျုံး၏ စန္ဒကိုယ် တဆတ်ဆတ်တုန်ယင်နေ၏။

မျက်နှာသည်း ရှုံ့မဲ့နေပြီး....

'ဝေါ့....ဝေါ့....ဝေါ့'

ပါးစပ်ဆဲမှ အသွေးများ အန်ထုတ်လိုက်လေသည်။

သူ၏ သွေးများသည် နီရဲမနေတဲ့ ပဉ်းနက်၍နေလေတော့သည်။

တိုလူက....

'မင်းဟာ ခွန်းအန်း လုသင်္ဘီးဖော်ရဲ့ အဆိပ် မိထားတာကို မင်းကြောကြာ နေရအောင့်မှာ မဟုတ်ဘူး၊ ဒဏ်ပုရပိုက်ငါ့ကိုပေးခဲ့ မင်းအသက်ခွမ်းသားရာရလိမ့်မယ်'

ဟု ပြောလေသည်။

ထိုလူသည် မိမိဘဝ မည်သည့်နည်းနှင့်မျှ ခွမ်းသာပေးမည် မဆုတ်ခကြောင်း လုယိကျုံး နားလည်လိုက်လေသည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတဲ့ ခွာခနဲ လူညှိကာ တောင်ကုန်းပေါ်မှ ပြေးဆင်းလာခဲ့လေသည်။

'မပြေးနဲ့'

ထိုလူကသည်း ငြာသံပေးကာ လိုက်လာလေတော့သည်။

* * *

လုယိကျုံးသည် တောင်ကုန်းပေါ်မှ ပြေးဆင်းလာခဲ့လေသည်။

သူ့ဘဝည် ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေသည်။

ခြေလှမ်းများလည်း မမှန်တော့ပါ။

တောင်ကုန်းအောက်သို့ ဆောက်လှဲ....

'ဝုန်း'

မြေပေါ်လဲကျသွားလေသည်။

'မပြေးနဲ့'

မျက်နှာဖုံးစွပ်ထားသူက အော်ငေါက်ရင်းလိုက်လာလေသည်။

လုယိကျုံးသည် လဲကျနေရာမှ ကပျာကယာ လူးလိမ့်ထကာ ရှေ့ဆက်ပြေးသွားရန် ကြိုးစားလိုက်၏။

ထိုစဉ်....

ချုံပုတ်တစ်ခု နောက်ကွယ်မှ လူရိပ်တစ် ခုန်ထွက်လာသည်။

လုယိကျုံး ရင်ထိတ်သွား၏။

ထိုလူသည် လုယိကျုံးအနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး လက်တစ်ဖက်ဆန့်ထုတ်လိုက်လျင် လုယိကျုံးအား သွေးကြောပိတ်ပြီးသား ဖြစ်သွားလေတော့သည်။

လုယိကျုံး ပျော့ခွေကျသွား၏။

ထိုလူသည် လုယိကျုံးအား ပခုံးပေါ်ဆမ်းလိုက်ပြီး ပြေးထွက်သွားလေသည်။

လုယိကျုံးတို့ ပျောက်ကွယ်သွားကြပြီး မရှေးမနှောင်းမှာပင် မျက်နှာဖုံးစွပ်ထားသူ ရောက်ရှိလာလေသည်။

လုယိကျုံးအား မတွေ့ရတော့သဖြင့် ဟိုဟိုသည်သည် ခွာဖွေကြည့်လိုက်၏။

ထို့နောက်....

'မင်း ပြေးလို့လွတ်မှလား'

ဟု အော်ငေါက်ကာ လုယိကျုံး ထွက်ပြေးသွားမည်ထင်ရှာသောဘက်သို့ မှုန်းဆဆ ပြေးလိုက်သွားလေတော့သည်။

* * *

သူသည် ဘယ်ရပ်ဘယ်ဝယ် ရောက်နေပြီမသိသလို ကြုံတွေ့ခဲ့သော အဖြစ်အပျက်များကို နားမလည်နိုင်အောင်ဖြစ်နေခဲ့ကြောင့်ပင်။

ယခု....

လုယိကျုံးသည် ကျောက်ဖျာကြီးတစ်ခုပေါ်၌ ငြိမ်သက်ရှိနေ၏။ မလှမ်းမကမ်းတွင် လူတစ်ယောက် ရှိနေပြီး လူက မီးပုံတစ်ခုပေါ်တွင် တောကြက်တစ်ကောင်ကို မီးကင်နေသည်။

တောကြက်ကင်မှ မွေးကြိုင်သော အနံ့အသက်များထွက်ပေါ်လာခြင်းကြောင့် လုယိကျုံး ငိုက်ဆာလာသည်။

ကျောက်ဖျာပေါ်၌ လဲလျောင်းခဲ့သည့် အဖေအထားမှ လူးလိမ့်ထလိုက်လေသည်။

သူ၏လှုပ်ရှားမှုကြောင့် တောကြက်ကင်နေသူက လှည့်ကြည့်လာ၏။

ထိုလူသည် အသက်ငါးဆယ်ကျော်ခန့် ရှိလေသည်။

ဖျဉ်ကြမ်းအင်္ကျီ ဝတ်ထားပြီး ဆင်းရဲနွမ်းပါးသူ တစ်ယောက်နှင့် တူလှ၏။ ဦးခေါင်းပေါ်တွင် ဆံပင်များ ရှုပ်ပွနေကာ ဖိုသိဖတ်သီ နေတတ်သူဖြစ်ပုံရလေသည်။

ဪ....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပ နေလေသည်။

သို့သော်....

လုယိကျုံးကား သာဓာဝအလှအပများကို မခံစားနိုင်အောင် ဖြစ်နေ၏။

အကြောင်းမူ....

ထိုလူသည် လုယိကျုံးသတိရလာပြီဖြစ်ကြောင်းတွေ့ရသည်နှင့် ကပျာကယာ လှမ်းလာပြီး ဦးညွတ် ဂါရဝပြုလိုက်လေသည်။

'သခင်လေး သတိရလာပြီလား'

လုယိကျုံးအံ့ဩသွားလေသည်။

'ဦးက'

'ကျုပ်က သခင်လေးကို ကာကွယ်စောင့်ရှောက်ဖို့ အခွင့်အရေးကို လက်မတင်လေး ဆုံးရှုံးသွားခဲ့ရပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါဗျာ'

ထိုလူက တောင်းပန်လေသည်။

လုယိကျုံးက....

'ဦးက ကျွန်တော့်ကို သိနေတယ်ဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူက....

'သခင်လေးဟာ သမားတော် ခြံဝင်းပိုင်ရှင် လုထင်းရှိခဲ့သားဆိုတာ ကျုပ်သိပါတယ်'

ထိုလူက မိမိအား သိနေသည်ဖြစ်ပြီး မိမိကမူသားမသိဟု တွက်မိသဖြင့် လုယိကျုံးက....

'ဦးက ဘယ်သူများလဲဗျာ'

ဟု မေးလိုက်လေသည်။

ထိုလူက....

'ကျုပ်နာမည် ဟူကျင်းပါ၊ သိုင်းလောကသားတွေက ကျားဘီလူး ဟူကျင်းလို့ခေါ်ပါတယ် သခင်လေး'

'ဟာ'

လုယိကျုံး လွတ်ခနဲအော်လိုက်လေသည်။

ထိုလူသည် သူ၏ဘဝတွင် အရေးပါသော လူနှစ်ယောက်ကျားဘီလူး ဟူကျင်း ဖြစ်နေသည် မဟုတ်ပါလား။

ကျားဘီလူးဟူကျင်းနှင့် ယခုလို တွေ့ဆုံရလိမ့်မည်ဟုလုံးဝမျှော်လင့်ခဲ့ခဲ့ချေ။

ဟူကျင်းက....

'ကျုပ်ဟာ တိမ်ဖြူကိုက်းက နဂါးသရဲ လုံကွေ့ကိုဖမ်းသားဘယ်ဆိုတဲ့ သတင်းရယ် သခင်လေးက သိုင်းလောက

ထဲ ဆင်းလာပြီဆိုတဲ့ သတင်းကို ကြားတာကြောင့် ဇာတ်
မြှုပ်ပြီး ပုန်းအောင်းနေရာကနေ ထွက်လာခဲ့တာပါ'

ဟု ပြောကြလေသည်။

လုယိုကျုံးဝမ်းသာနေပါသည်။

'ဦးကိုတွေ့ရတာ ကျွန်တော့် အတွက် ကံကောင်းတာပဲ
တစ်ချိန်က သမားတော်ခြံဝင်း တိုက်ခိုက်ဖျက်ဆီးခံရတဲ့ကိစ္စ
ပတ်သက်ပြီး စာရားခံတွေကို ဖော်ထုတ်ဆုံးမဖို့ ကျွန်တော်
သိုင်းလောကထဲကို ဆင်းလာတာပါ၊ ဦးက ကျွန်တော့်ကို
ကူညီမယ်လို့ ထင်ပါတယ်'

ဟူကျင်းက....

'သခင်လေး သိုင်းလောကထဲ ဆင်းလာတည်းက ဒီကိစ္စ
ပဲဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်ကူညီနိုင်သမျှ ကူညီမယ်
လို့ ဆုံးဖြတ်ပြီး ဇာတ်မြှုပ်နေရာကနေ ထွက်လာတာပါ၊ ဒါ
ပေမယ့်'

လုယိုကျုံးက....

'ဒါပေမယ့် ဘာဖြစ်သလဲဗျာ'

ဟူကျင်းက....

'သမားတော်ခြံဝင်းကို ဖျက်ဆီးသူးကြတဲ့တရားခံတွေနဲ့
ပတ်သက်ပြီး နဂါးသရဲလုံကွေ့က ပိုပြီးအရေးပါပါတယ်၊
ဦးကသာ သခင်လေးကို ကူညီနိုင်ပါလိမ့်မယ်'

လုယိုကျုံးက....

'နဂါးသရဲ လုံကွေ့ ဘယ်မှာရှိတယ်ဆိုတာကို ဦး သိ
သလား'

ဟု မေးလိုက်လေသည်။

ဟူကျင်းက....

'သူဟာ ပေါင်ကျင်းမြို့ကလေးမှာ လက်ဖက်ခြောက်
ကုန်သည်ဘဝနဲ့ ဇာတ်မြှုပ်နေတယ်လို့ သတင်းကြားရပါ
တယ်၊ ခုတော့ သူထွက်ပြေးတိမ်းရှောင်သွားပါပြီ၊ ဘယ်
ရောက်နေသလဲဆိုတာလဲ မသိနိုင်ပါဘူး'

လုယိုကျုံးက....

'တိမ်ဖြူဂိုဏ်းက သူ့ကိုဖမ်းမိထားတယ်ဆိုတာကော'

ဟူကျင်းက အနည်းငယ်စဉ်းစားလိုက်ပြီး....

'ဒီသတင်းဟာ သိပ်ပြီး မခိုင်လုံဘူးထင်ပါတယ်'

ဟူကျင်းက....

'အဲဒီလူဟာ တိမ်ဖြူဂိုဏ်းနဲ့ ပတ်သက်နေလိမ့်မယ်လို့ ကျုပ် ထင်မိပါတယ်'

လုယိကျုံး အံ့သြသွားသည်။

'တိမ်ဖြူဂိုဏ်းနဲ့ ပတ်သက်နေတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ သူ့ရဲ့ကိုယ်ဖော်ပညာကိုကြည့်ရင် တိမ်ဖြူ ဂိုဏ်းရဲ့ တိမ်ဖြူကိုယ်ဖော်ပညာ ဖြစ်ပုံရပါတယ်'

'ဒါ...ဒါ...ဒါ'

'သမားတော်ခြံဝင်းကို တိုက်ခိုက်ခဲ့တဲ့လူတွေထဲမှာ တိမ်ဖြူ ဂိုဏ်းချုပ်လဲ ပါဝင်လိမ့်မယ်လို့ ကျုပ် သံသယရှိခဲ့ပါတယ်'

လုယိကျုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး....

'မျက်နှာဖုံးစွပ်ထားတဲ့လူက တိမ်ဖြူဂိုဏ်းချုပ်ကိုယ်တိုင် ပါဝင်ခဲ့တယ်လို့ ပြောပါတယ်'

ဟု ပြောလိုက်သည်။

ဟူကျင်းက....

ဟု ပြောလေသည်။

လုယိကျုံးက....

'ဘာဖြစ်လို့လဲဟင်'

ဟူကျင်းက....

'နဂါးသရဲ့ လုံကွေ့ဟာ သိုင်းလောကမှာ ကျင်လည် ကျက်စားခဲ့စဉ်က သူ့ကို အသိုရှိနေတဲ့ အဖြူရောင် သိုး သမားတွေရဲ့ လက်ကနေ နှည်းလမ်းအမျိုးမျိုးနဲ့လွတ်အောင် ရှောင်နိုင်ခဲ့လို့ ဖြစ်တယ်၊ သိုင်းလောကသားတွေက သူ့ကို ဘဲ့ထူးနဲ့လိုက်အောင် နဂါးတစ်ကောင်လို ဇမ္ဗြလျှိုးပိုးပျံနိုင်ခဲ့ သရဲတစ်ကောင်လို အကောင်အထည် ရှာမန့်တဲ့နိုင်ဘူးလို့ ပြော ဆိုခဲ့ကြပါသေးတယ်'

'ဒါဖြင့် တိမ်ဖြူဂိုဏ်းက ဖမ်းထားတယ်ဆိုတာဟာ'

'သူတို့လုပ်ကြံသတင်း လွှင့်တာပဲဖြစ်ပါလိမ့်မယ်၊ နဂါး သရဲ့ လုံကွေ့ကို အကြောင်းပြုပြီး သခင်လေးကို ထောင် ချောက်ဆင်တာ ဖြစ်နိုင်ပါတယ်ဗျာ'

လုယိကျုံးက....

'ဒါဆို....ဟိုမျက်နှာဖုံးစွပ်ထားတဲ့လူ ပြောတဲ့စကား ရော နေကာခပါ'

ဟူကျင်းက....

'အမှန်ကိုဝန်ခံရရင် ကျုပ်ကော နဂါးသရဲလုံကွေ့ပါ ဘစ်ချိန်တုန်းက သိုင်းလောကမှာ ဒုစရိုက်မှုနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြတဲ့ အနက်ရောင်သိုင်းသမားတွေ ဖြစ်ခဲ့ကြပါတယ်၊ ကျုပ်တို့ကို အာဏာပိုင်တွေကရော အဖြူရောင်သိုင်းလောကသားတွေကပါ မျက်မုန်းကျိုးခဲ့ကြတယ်၊ ဖမ်းဆီးသုတ်သင်ပစ်ဖို့ ကြိုးစားခဲ့ကြတယ်၊ ကျုပ်တို့ကလဲ ရှောင်တိမ်းပြေးလွှားရင်း လစ်ရင်လစ်သလို ဒုစရိုက်မှုတွေ ကျူးလွန်ခဲ့ကြပါတယ်၊ ဒီလိုနဲ့ တစ်နေ့မှာ'

သူက အတိတ်မှဖြစ်ရပ်များကို ပြန်ပြောင်းပြောပြလိုက်လေသည်။

လုယိကျုံးက စိတ်ဝင်စားစွာဖြင့် နားထောင်နေလိုက်လေတော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေလေသည်။

မြင်းလှည်းတစ်စီးသည် တောလမ်းအတိုင်း ခရီးနှင်လာလေသည်။

'ဒါဆိုရင်တိမ်ဖြူဂိုဏ်းက နဂါးသရဲလုံကွေ့ကို ဖမ်းဆီးထားတယ်ဆိုတာဟာ လုပ်ကြံသတင်းဖြစ်နေတာ သေချာသွားပြီပေါ့'

လုယိကျုံးက....

'ဦးရယ်....သမားတော်ခြံဝင်း ဖျက်ဆီးခံရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး နဂါးသရဲလုံကွေ့နဲ့ ကျားဘီလူးဟူကျင်းတို့ဟာ အရေးပါတဲ့လူတွေလို့ ကျွန်တော်သိခဲ့ရပါတယ်၊ ကျွန်တော်ခံစိတ်တွေ တယ်လိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရတယ်ဆိုတာ ပြောပြနိုင်ရင် ပြောပြပါလားဗျာ'

ဟု မေးလိုက်လေသည်။

ဟူကျင်းက သက်ပြင်းချလိုက်လေသည်။

'အမှန်ကိုပြောရရင် ဒီကိစ္စမှာ ကျုပ်ဟာ မမျှော်လင့်ဘဲ ပါဝင်ပတ်သက်ခဲ့ရတာပါ၊ ဒါပေမယ့် ကျုပ် ဘယ်တော့မှ နောင်တရမှာမဟုတ်ပါဘူး၊ သခင်လေး သိချင်တယ်ဆိုရင် ကျုပ် ပြောပြပါ့မယ်'

လုယိကျုံး ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်လိုက်တာ ဦးရယ်'

အစီမံးရောဝတ်ဆင်ထားသူတစ်ယောက်သည် သစ်ပင်တစ်ပင်နောက်ကွယ်မှနေပြီး ချောင်းကြည့်နေပါ၏။

မြင်းလှည်းသည် ထိုလူရှိနေသောသစ်ပင်နှင့် တစ်စထက်တစ်စ နီးကပ်လာလေသည်။

သစ်ပင်နောက်ကွယ်၌ ပုန်းအောင်းနေသူမှာ ကျားဘီလူးဟူကျင်းဖြစ်လေသည်။

ဟူကျင်းသည် တဖြည်းဖြည်းနီးကပ်လာသော မြင်းလှည်းကိုကြည့်ကာ သဘောကျစွာ ပြုံးလိုက်လေသည်။

'ပွဲတော်ကိုလာကြတယ်ဆိုတော့ လက်ဝတ်လက်စားတွေ ဝတ်ဆင်လာကြမှာပဲ၊ ဟဲ....ဟဲ'

ဟူတွေးပြီး သစ်ပင်နောက်ကွယ်မှ ခုန်ထွက်ကာ....

'ရပ်လိုက်စမ်း'

ဟု အော်ငေါက်လိုက်လေသည်။

သူက ပိတ်ဟန့်တားလိုက်သဖြင့် မြင်းလှည်း ရှေ့ဆက်မသွားနိုင်တော့ဘဲ ရပ်တန့်သွားရလေသည်။

'ခြွေမ်း'

မြင်းလှည်းပေါ်တွင် ခရီးသည်ငါးယောက် လိုက်ပါလာကြ၏။

ခရီးသည်အားလုံးလိုပင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသလို ရွှေငွေလက်ဝတ်ရတနာများလည်း ဝတ်ဆင်ထားကြသည်။

ထိုခရီးသည်များသည် ရွှေဘင်အမ်းမြို့တွင်ကျင်းပနေသော ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲရန် လာခဲ့ကြသူများဖြစ်လေသည်။

ပွဲတော်လာပရိသတ်အတွက် လမ်းခရီးတွင် အန္တရာယ်အယုက် ကင်းရလေအောင် အာဏာသားများက လည်းကောင်း၊ အဖြူရွှေဝံသိုင်းသမားများကလည်းကောင်း တာဝန်ယူစောင့်ရှောက်ပေးကြလေသည်။

သို့တိုင်....

အကွက်ကောင်းစောင့်နေသော ခုစရိုက်သမားများသည် အနည်းငယ် အခွင့်အရေးရသည်နှင့် လုယက်တိုက်ခိုက်မှုကြိုးစားကြလေတော့သည်။

ယခုလည်း....

ဟူကျင်းသည် လက်နက်ကိုဆွဲထုတ်လိုက်ပြီး....

'မသေချင်ရင် မြင်းလှည်းပေါ်က ဆင်းကြစမ်း၊ ပါလာတဲ့ ရွှေတွေငွေတွေ အကုန်ထုတ်ကြ'

ဟု အော်ငေါက်လိုက်လေသည်။

မြင်းလှည်းထဲမှ ဆူဆူညံညံအသံများ ငိုသံများ ထွက်ပေါ်လာသည်။

စီးနင်းလိုက်ပါလာကြသူများသည်မြင်းလှည်းပေါ်မှဆင်းလာကြလေသည်။

မည်သူမျှ ထွက်ပြေးခြင်းမပြုဝံ့သလို ခုခံတိုက်ခိုက်ခြင်းသည်း မပြုဝံ့ကြပါဘေ။

ဟူကျင်းက....

'ရိုးတိုးယားတား မလုပ်ကြနဲ့နော်၊ အားလုံးသေသွားမယ်၊ ကျုပ်ဟာ ဒီလမ်းတစ်လျှောက်မှာ နာမည်ကြီးနေတဲ့ နဂါးသရဲလုံကွေ့ဆိုတာ မှတ်ထား၊ ကဲ....မြန်မြန်ထုတ်ကြစမ်း'

ဟူ၍ ပြောလိုက်လေသည်။

အမှန်တော့....

ရှောင်အမ်းမြို့သို့သွားသော လမ်းခရီး တစ်လျှောက်တွင် တကယ်တမ်းနာမည်ကြီးနေသူမှာ နဂါးသရဲလုံကွေ့ ဖြစ်လေသည်။

လုံကွေ့၏အမည်ကိုကြားလျှင် လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရုံသွားကြရလေသည်။

ထို့ကြောင့်လည်း ဟူကျင်းက လုံကွေ့၏အမှုကို အသုံးချလိုက်ခြင်းဖြစ်သည်။

ခရီးသည်များသည် လုံကွေ့ဟူသောအမည် ကြားလျှင် ထိတ်လန့်ကာ ပါရှိသမျှပစ္စည်းအားလုံးကို ထုတ်ပေးကြလေသည်။

ဟူကျင်း ဝမ်းသာနေ၏။

'ကဲ....အားလုံး မြင်းလှည်းပေါ်ပြန်တက်ပြီး ကျုပ်ရွှေ့ကမြန်မြန် ထွက်သွားကြစမ်း'

ဟု မောင်းထုတ်လိုက်လေသည်။

ခရီးသည်များသည် ပစ္စည်းများ ဆုံးရှုံးလိုက်ရသည်ကို နှမြောနေကြသော်လည်း အသက်ချမ်းသာရုံရလိုက်သဖြင့်

ဝမ်းသာသွားပြီး ချက်ချင်းပင် မြင်းလှည်းပေါ်တက်ကာ ထွက်သွားကြလေတော့သည်။

* * *

'ဟား....ဟား....ဟား'

ဟူကျင်းသဘောကျစွာ ရယ်မောလိုက်လေသည်။

ရရှိလိုက်သော ပစ္စည်းများကို အဝတ်တစ်ခုဖြင့် သိမ်းကြုံးထုတ်ယူလိုက်လေသည်။

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဟူကျင်း ရင်ထိတ်သွား၏။

ကပျာကယာ လှမ်းကြည့်လိုက်သောအခါ အစိမ်းရောင် ဝတ်ဆင်ထားသူ ယစ်ယောက် လှမ်းလာနေသည်ကို ဓတ္တုမြင် လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ဟူကျင်း မျက်မှောင်ကြုတ်သွားပြီး....

'ခင်ဗျားဘယ်သူလဲ၊ ဘာသဘောနဲ့ ရယ်တာလဲဗျ'

ဟု မေးလိုက်လေသည်။

ထိုလူက....

'သတောကျလို့ ရယ်တာပေါ့ဗျာ'

'ဘာကွ'

'ခြောက်....နဂါးသရဲ့ လုံကွေ့အတုကိုတွေ့ရလို့ သဘော ပြုံး ရယ်မိတာပေါ့ဗျာ'

'ဟား....ဟား....ဟား'

ဟူကျင်းကလည်း ရယ်မောလိုက်သည်။

'ဟုတ်တယ်နော်၊ ဒါထက် ခင်ဗျားက ဘယ်သူလဲ'

ထိုလူက....

'နဂါးသရဲ့လုံကွေ့'

'ဘာ'

'လုံကွေ့ကိုမမြင်ဖူးရင် သေသေချာချာကြည့်ထား'

ထိုလူက ရင်ကော့ပြီး ပြောလိုက်ခြင်းဖြစ်လေသည်။

ဟူကျင်းက....

'လက်စသတ်တော့ လုံကွေ့ဆိုတာ ခင်ဗျားကိုး'

အစိမ်းရောင်ဝတ်ဆင်ထားသူမှာ နာမည်ကျော်နှဂါးသရဲ လုံကွေ့ ဖြစ်သည်။



လုံကွေ့က....

'မြင်းလှည်းတစ်စီးကို နဂါးသရဲလုံကွေ့က ဝေးပြတိုက် ခိုက်သည်ကို ရှောင်အမ်းမြို့ကလူတွေ ထင်နေကြတော့မှာပဲ'

ဟူကျင်း ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ သူတို့ဟာ လုံကွေ့ကို အတော်ကြောက်ရွံ့ကြပုံရှိတယ်'

'ဒါပေမယ့် လုံကွေ့က ရုတာမှမဟုတ်ဘဲ'

ဟူကျင်းက....

'ဘာလဲ၊ ခင်ဗျားက လိုချင်လို့လား'

လုံကွေ့က....

'ဟုတ်တယ်လေ၊ ကျုပ်နာမည်ကိုအသုံးချခဲ့တော့ ကျုပ်လဲ ငြင်းဆိုင်ထားပေါ့'

ဟူကျင်း မကျေမနပ် ဖြစ်သွားလေသည်။

'ကျုပ်က အပင်ပန်းခံပြီး လုယက်ထားတာကို ဝေစု ခွဲလို့ရမလား'



လုံကွေ့က....

'ကျုပ်က ဒုစရိုက်လောကရဲ့စည်းကမ်းကို နားလည်ပါ တယ်၊ ခင်ဗျားဟာ ကျုပ်နာမည်ကို အသုံးမပြုခဲ့ဘူးဆိုရင် ဒီမှု ပြောစရာအကြောင်းမရှိပါဘူး'

ဟူကျင်းက....

'ကောင်းပြီ၊ ခင်ဗျားနာမည်ကို အသုံးပြုခဲ့တယ်၊ ဝေစုလဲ ပေးနိုင်ဘူး၊ ကဲ....ခင်ဗျား ဘာလုပ်ချင်သလဲ'

လုံကွေ့ ပခုံးတွန့်လိုက်သည်။

'မင်းက ဒီလိုသဘောထားတယ်ဆိုရင် ကျုပ်ကလဲ ခပ် ပြတ်ပဲ ဆက်ဆံရမှာပေါ့'

စကားဆုံးလျှင် ခြွင်းခနဲမြည်အောင် ခေးဆွဲထုတ်လိုက်လေသည်။

ဟူကျင်းကလည်း 'အားကျမခံ ခေးဆွဲထုတ်ရင်း....

'ခင်ဗျားလိုချင်တဲ့ဝေစုတော့ မရဘူး ခေးပဲရမယ်'

ဟု ပြောကာ စတင်တိုက်ခိုက်လိုက်လေသည်။

လုံကွေ့ကလည်း တိုက်ခိုက်လိုက်သည်။

သို့ဖြင့်....

နှစ်ယောက်သား ပြင်းထန်စွာ တိုက်ခိုက်သတ်ပုတ်နေကြလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်လေသည်။

နေမွန်းတည့်ချိန်မှစပြီး တိုက်ခိုက်ခဲ့ကြသည့် ဟူကျင်းနှင့် လုံကွေ့တို့သည် နေဝင်မိုးချုပ်သည်အထိ ဆက်၍ တိုက်ခိုက်နေကြ၏။

နှစ်ယောက်စလုံး မိမိတို့ တတ်မြောက်ထားသော သိုင်းကွက်များကို အစွမ်းကုန်ထုတ်ဖော်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြ၏။

သို့သော်....

အချိန်များသာ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ အနိုင်အရှုံး မပေါ်ချေ။ နှစ်ယောက်စလုံးကလည်း ဇွဲမလျော့ကြပါ။

တစ်ယောက်ကိုတစ်ယောက် အနိုင်ရသည်အထိ ပြတ်ပြတ်သားသား တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချထားကြလေသည်။

ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်လာသည်။

ကြယ်ကလေးများလည်း ထွက်ပေါ်လာ၏။

လေပြေလေညင်း ဝှေ့ယမ်းတိုက်ခတ်လာသောအခါ မှေးမှိုင်သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံ့လာသည်။

ထို့အတူ....

ငြာသံပေးသံ၊ လက်နက်အချင်းချင်း ပြင်းထန်စွာ ထိတွေ့သံများလည်း လွင့်ပျံ့လာလေသည်။

ဟူကျင်းနှင့် လုံကွေ့တို့ တိုက်ခိုက်နေကြဆဲ။

တိုက်ပွဲမှာ စာတင်ဖြစ်ပွားခဲ့ကြောင်း ဆွေးနွေးခြင်း မရှိတော့ပါဘူး။

သို့သော်....

သူတို့၏တိုက်ကွက်များသည် ဒေးကွေး လေးလံနေသော်လည်း ခွန်အားကို အပြည့်အဝအသုံးပြုနိုင်ကြသဖြင့် ကြောက်မက်ဖွယ်ကောင်းအောင် ခြင်းထန်နေဖေဘော့သည်။

သူတို့သည် လက်ရည်ညီနေကြပြီး မည်သူမျှ အသာစီးမရခဲ့။

သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ခြင်းဖြင့် နှစ်ယောက်သား ဒဏ်ရာကိုယ်စီ ရလာကြလေသည်။

သို့သော်....

သူတို့ ဆက်ပြီးတိုက်ခိုက်နေကြဆဲ။

ဒဏ်ရာများကြောင့် နှစ်ဦးစလုံး၏ ခန္ဓာကိုယ်ပေါ်တွင် သွေးခြင်းခြင်းနီရဲနေ၏။

အဝတ်အစားမျာ်းလည်း စုတ်ပြဲကုန်သည်။

လက်နက်များ ကျိုးပဲ့ကုန်သည်။

နောက်ဆုံး....

တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်ဖို့မဆိုထားနှင့် ကိုယ့်ကိုယ်ကိုပင် ခြေလှမ်မသယ်နိုင်အောင် ဖြစ်လာကြလေတော့သည်။

* * *

'အောက်အိုးအိုးအုတ်'

အဝေးမှကြွက်တွန်သံများ ထွက်ပေါ်လာလေသည်။

အရှေ့တောင်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာ၏။

အမှောင်ထုသည် ပါးလွှာသွားပြီး တဖြည်းဖြည်းနောက်ဆုတ်သွား၏။

အလင်းရောင်က တစ်စထက်တစ်စ အားကောင်းလာသည်။

မကြာမီ မိုးစင်စင်လင်းလာတော့မည် ဖြစ်သေသည်။

ဟူကျင်းနှင့် လုံကွေ့တို့ကား တိုက်ခိုက်နေကြဆဲ။

နောက်ဆုံး....

'ဝုန်း....ဝုန်း'

နှစ်ယောက်သား မည်သို့မျှမဟန့်နိုင်တော့ဘဲ မြေပေါ်လဲကျသွားကြလေသည်။

ဘူတို့ ပြန်ထမလာနိုင်ကြပါ။

မြေပေါ်တွင် လဲလျောင်းကာ အသက်ကိုလုံး၍ ရှူရှိုက်နေကြရ၏။

ယခု....

ဓားပြတိုက်၍ ရထားသောဗစ္စည်းများကို မည်သူမျှမမက်မောနိုင်ကြပါတော့ချေ။

သူတို့ ဒဏ်ရာပြင်းထန်စွာရထားကြပြီးဖြစ်သည်။

နှစ်ယောက်သား မြေပေါ်တွင် သည်အတိုင်း လှဲနေလိုက်ကြ၏။

မကြာပါချေ။

နွေးထွေးသော နံနက်ခင်း နေရောင်ခြည်သည် သူတို့၏ ခန္ဓာကိုယ်ပေါ်သို့ ထိုးကျလာလေသည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းစီးသမားတစ်ယောက်သည် တောလမ်းအတိုင်း ခရီးနှင်လာရင်း ဟူကျင်းတို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာလေသည်။

ထိုမြင်းစီးသမားသည် မြေပေါ်လဲကျနေကြသည့် ဟူကျင်းတို့အား တွေ့မြင်ရလျှင် မြင်းကိုအရှိန်သတ်စာ ရပ်တန့်လိုက်လေသည်။

ထို့နောက် မြင်းပေါ်မှ ခုန်ဆင်းလာလေသည်။

ဦးစွာ ဟူကျင်းကို စမ်းသပ်ကြည့်လိုက်၏။

ဟူကျင်းသည် လူတစ်ယောက်က အနီးသို့ ရောက်လာမှန်းသိနေသော်လည်း တစ်ကိုယ်လုံး လှုပ်ရှား၍ မရနိုင်အောင် ဖြစ်နေ၏။

လုံကွေ့လည်လည်း ထိုနည်းနှင့်နှင့် ဖြစ်လေသည်။

ထိုလူက လုံကွေ့ကို စမ်းသပ်ကြည့်လိုက် ပြန်သည်။

ဟူကျင်းက....

'အဲဒီလူဟာ သမားတော် ခြံဝင်းပိုဒ်ရှင် လုထင်းရီပဲ၊ သခင်လေးရဲ့အဖေပေါ့'

'ကျွန်တော် မဖေဖေ'

လုယီကျုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဖခင်ဟူသောစကားလုံးက သူ့၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာစေသည် မဟုတ်ပါလား။

ဟူကျင်းက ဆက်ပြောလိုက်သည်။

'သခင်လေးရဲ့အဖေက ကျုပ်တို့နှစ်ယောက်စလုံးကို သူ့ရဲ့သမားတော် ခြံဝင်းကို ခေါ်သွားပြီး ဆေးကုပေးခဲ့တယ်၊ ဒက်ရာမပျောက်မချင်း လိုအပ်သမျှ အစီအစဉ်တွေ ပြုလုပ်ခဲ့တယ်၊ လူကောင်းပကတိ ကျန်းမာသွားမှ ကျုပ်တို့ကိုသွားခွင့် ပြုလိုက်တယ်၊ ကျုပ်တို့ ထွက်မသွားခင်မှာ သူက စကားတစ်ခွန်းမှာလိုက်တယ်လေ'

လုယီကျုံးက....

'ဘယ်လိုစကားမျိုးလဲဗျာ'

ပြီးလျှင်....

'ဒီလူနှစ်ယောက်ကို ငါမကယ်ရင် သေရဘဲမှာပဲ'

ဟု ရေရွတ်လိုက်လေသည်။

ထို့နောက်....

* * *

ဟူကျင်းက သက်ပြင်းချလိုက်လေသည်။

စိတ်ဝင်စားစွာ နားထောင်နေသည့် လုယီကျုံးကို ကြည့်ကာ....

'ကျုပ်နဲ့ လုံကွေ့ဟာ အဲဒီလူသာမကဖမ်းရင် တကယ့်ကို သေဆုံးသွားကြရမှာပဲ၊ အဲဒီလူ ဘယ်သူလဲဆိုတာ သခင်လေး သိလား'

ဟု မေးလာလေသည်။

လုယီကျုံး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် ဘယ်လိုလုပ် သိနိုင်မှာလဲဗျာ'

ဟူကျင်းက....

'ကျုပ်တို့ရဲ့ မိဘက မွေးလိုက်တဲ့အသက် မရှိတော့ဘူးတဲ့၊ သူကယ်လိုက်တဲ့ အသက်ပဲရှိတော့တယ်တဲ့၊ ဒါကြောင့် ခုချိန်ထိ စပြီး ရှေ့ဘဝခရီးမှာ မကောင်းမှု တွေကို စွန့်ပယ်ပြီး လူကောင်းဘဝနဲ့ နေထိုင်သွားကြဖို့ မှာလိုက်တာပဲ'

လုယိကျုံးက ပြုံးလိုက်သည်။

သူ၏ဖခင်သည် မြင့်မြတ်သော သမားတော်တစ်ယောက် ဖြစ်ကြောင့်လည်း နားလည်လိုက်လေသည်။

ဟူကျင်းက....

'ကျုပ်တို့လဲ အဲဒီအချိန်ကစပြီး မကောင်းမှုတွေကို စွန့်လွှတ်လိုက်ကြတယ်၊ လူကောင်းဘဝနဲ့ နေထိုင်ခဲ့ကြတယ်၊ သခင်လေးအဖေရဲ့အသက်ကယ်တဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့နိုင်ကြဘူး၊ ဒါကြောင့် တစ်နှစ်မှာတစ်ကြိမ် လက်ဆောင်ပစ္စည်းတွေ သွားပို့ပေးပြီး ကျေးဇူးတင်စကားပြောတယ်၊ ဂါရဝပြုခဲ့တယ်'

လုယိကျုံးက....

'နဂါးသရဲ့ လုံကွေ့ကကော'

ဟူကျင်း ခေါင်းညိတ်လိုက်သည်။

'သူလဲ ဒီအဘိုင်းပဲ၊ တစ်ခါတစ်ခါ သမားတော်ခြံဝင်းမှာ ကျုပ်နဲ့ ဆုံတွေ့မိသေးတယ်၊ ကျုပ်တို့ဟာ ရန်သူတွေလို သဘောမထားကြတော့ဘဲ မိတ်ဆွေရင်းချာလို ဆက်ဆံခဲ့ကြတယ်၊ အမှန်ကိုဝန်ခံရမယ်ဆိုရင် နဂါးသရဲ့ လုံကွေ့ဟာ ကျုပ်ထက်စာရင် သမားတော်ခြံဝင်းကို ပိုပြီးအဝင်အထွက်များခဲ့တယ်'

လုယိကျုံးက....

'အကြောင်းတစ်ခုခုများ ရှိနေလို့လားဟင်'

ဟူ မေးလိုက်လေသည်။

ဟူကျင်းက....

'ရှိကောင်းရှိနိုင်တယ်၊ လုံကွေ့ဟာ သခင်လေးရဲ့အဖေဘက် ဆေးဖက်ဝင်တဲ့ပရဆေးပင်တွေ၊ သစ်သီးသစ်ဥတွေ ကို ဖွဲ့ပေးနေတယ်လို့တော့ သိရတယ်၊ တခြားကိစ္စတွေလဲ ကောင်းရှိနိုင်တာပေါ့'

လုယိကျုံးက....

'သမားတော်ခြံဝင်း ဘယ်လိုကြောင့် ဖျက်ဆီးခံခဲ့ရတယ်ဆိုတာ ပြောပြပါဦးဗျာ'

လုယိကျုံးက....

'ဖေဖေရခဲ့တဲ့ ဧရှပုရပိုက်ကြောင့် မသမာသူတွေက သမား
တော်ခြံဝင်းကို ဖျက်ဆီးခဲ့ကြတာပေါ့နော်'

ဟူကျင်းက....

'ဒါပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ သခင်လေးရဲ့
ဖေဖေဟာ ပြိုင်တက်ကင်းတဲ့ သမားတော်တစ်ယောက်ဖြစ်သလို
ဝင်းပညာလဲ ထိပ်တန်းအဆင့်မှာရှိဘယ်၊ သို့ငြင်းလောက
တစ်ခုလုံးရဲ့ ကြည်ညိုလေးစားခြင်းလဲ ခံရဘယ်၊ ဒါကြောင့်
ဘယ်သူကမှ မနှောင့်ယှက်ဝံ့ကြဘူး၊ သမားတော်ခြံဝင်း
ဖျက်ဆီးခံလိုက်ရတာ အံတော်ကို အံ့သြစရာကောင်းတယ်'

ထူက လုယိကျုံးကို စိုက်ကြည့်ကာ....

'သခင်လေးသိအောင်ပြောရမယ်ဆိုရင် တိမ်ဖြူဂိုဏ်းချုပ်
နဲ့ပဲ၊ မိုးကြိုးဂိုဏ်းချုပ် ထင်းရှောင်၊ လျှပ်စီးဂိုဏ်းချုပ်
ကျောင်းနဲ့ မီးအိမ်ဂိုဏ်းချုပ် ကျွန်တော်တို့ဟာ ခင်မင်
ရင်းနှီးတဲ့ မိတ်ဆွေတွေလဲ ဖြစ်ကြတယ်'

ဟု ဆက်ပြောလေသည်။

'ဟင်'

လုယိကျုံး အံ့သြသွားလေသည်။

ဟု မေးလိုက်လေသည်။

ဟူကျင်းက....

'အင်း....လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ကပေါ့၊ ကျုပ်ဟာ
ထုံးစံအတိုင်း သခင်လေးရဲ့အဖေကို ဂါရဝပြုဖို့ သမားတော်
ခြံဝင်းကို သွားခဲ့တယ်၊ လမ်းခရီးမှာ သခင်လေးရဲ့အဖေဟာ
ခရီးထွက်ရာက ထူးခြားတဲ့ဧရှပုရပိုက်တစ်ခုကို မဇ္ဈိမလင့်ဘဲ
ရလာခဲ့တယ်၊ အဲဒီဧရှပုရပိုက်ပေါ်မှာ ပြိုင်ဘက်ကင်းတဲ့ ဘိုင်း
ပညာတစ်ရပ်ကို ရေးသားမှတ်ဘမ်းတင်ထားတယ်၊ ဧရှပုရပိုက်
ကို သာရရှင် ဘယ်သူ့ကိုမှ မမှာမလို့ အာဒေသိုလ် ဘိုင်းလောက
တစ်ခုလုံးက စိတ်ဝင်စားနေကြတယ်ဆိုတဲ့ သတင်းတွေ ကြားခဲ့
ရတယ်'

လုယိကျုံးက....

'ဧရှပုရပိုက်အကြောင်းကို ဦးလေမသိဘူးပေါ့ ဟုတ်လား'

ဟူကျင်းက....

'ဟုတ်တယ်၊ ကျုပ်မသိဘူး၊ ကျုပ်က သတင်းတွေ ကြားရ
တာနဲ့ သမားတော်ခြံဝင်း မကြာခင် အန္တရာယ်ကျရောက်
တော့မယ်ဆိုတာ တွေးမိလိုက်တယ်၊ သို့ငြင်းလောကသားတွေ
ဟာ ထူးခြားတဲ့သိုင်းပညာတစ်ရပ်ရပ်နဲ့ ပတ်သက်လာရင်
အရူးအမူးဖြစ်တတ်ကြတယ်၊ မှားတယ် မှန်တယ်မဝေခွဲ
သာ ရုတ်ခြည်းတက်ကြတယ်ဆိုတာ ကျုပ်သိထားတယ်လေ'

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ဂိုဏ်းချုပ်များနှင့် သူ၏ဖခင်သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည်မဟုတ်ပါလား။

ရွှေပုရပိုက်အား သဲကြီးမဲကြီး ရှာဖွေနေကြသူများတွင် ထိုဂိုဏ်းချုပ်များလည်း ပါဝင်နေသည်မှာ အံ့ဩစရာကောင်းလှသည်။

ဟူကျင်းက....

'အဲဒီအချိန်ကတော့ မန်ပို၊ ထင်းရှောင်၊ စုကျောင်းနဲ့ ကျွန်တော်တို့ဟာ နာမည်ကြီးသိုင်းသမားတွေ ဖြစ်ကြပေမယ့် ခုလို ဂိုဏ်းချုပ်ကြီးတွေ မဖြစ်ကြသေးပါဘူး၊ သိုင်းလောကထဲမှာ တစ်ကိုယ်တော်ရပ်တည်ပြီး ကျင်လည်ကျက်စားနေခဲ့ကြသူတွေပါ၊ သမားတော်ခြံဝင်း ပျက်စီးသွားပြီးနောက်ပိုင်းမှ သူတို့ဟာ သိုင်းအဖွဲ့တွေထူထောင်ပြီး ဂိုဏ်းချုပ်ကြီးတွေ ဖြစ်လာကြတယ်၊ သူတို့အချင်းချင်း အဆက်အသွယ်ရှိနေကြတာကြောင့် နှစ်အနည်းငယ်အတွင်းမှာ အောင်မြင်လာခဲ့ကြတာ'

လုယိကျုံး တွေဝေသွားပြီး....

'သူတို့ဟာ သမားတော်ခြံဝင်း ပျက်စီးသွားတဲ့ကိစ္စမှာ ပါဝင်ပတ်သက်နေကြမယ်လို့ သံသယရှိနေတာလား'

ဟု မေးလိုက်လေသည်။

ဟူကျင်းက သက်ပြင်းချလိုက်သည်။

အမှန်အတိုင်းပြောရရင်တော့ ဟုတ်တယ်လို့ ဆိုရမှာပဲ'

လုယိကျုံးက....

'ဘာကြောင့်များလဲဗျာ'

ဟူကျင်းက....

'သိုင်းလောကမှာ လူတိုင်း ကြည်ညိုလေးစားခဲ့ကြရတဲ့ သမားတော်ခြံဝင်းဟာ ရွှေပုရပိုက်ကို ရရှိပြီး မကြာခင်မှာပဲ လွယ်လင့်တကူ ဖျက်ဆီးခံလိုက်ရလို့ပဲ'

လုယိကျုံးသည် ဟူကျင်းအား ငေးကြည့် နေမိလေတော့သည်။

ဟူကျင်းက....

'ဒီကိစ္စမှာ အတွင်းလူတွေ ပါဝင်ပတ်သက်နေမယ်ဆိုတာ သေချာတယ်၊ ကျုပ် နောက်ထပ်ကြားခဲ့တဲ့ သတင်းတစ်ခုကတော့ သမားတော်ခြံဝင်း မပျက်စီးခင် ဆယ်ရက်လောက်လိုမှာ သခင်လေးရဲ့အဖေဟာ သူ့ရဲ့ ခင်မင်ရင်းနှီးတဲ့

'ဟင်'

'သမားတော် ခြံဝင်းကို ရန်သူတွေက တိုက်ခိုက်ဖျက်ဆီးလိုက်ကြတယ်၊ ခြံဝင်းတစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်နေတယ်၊ အတောင်ကို ကြောက်စရာကောင်းတဲ့ အဖြစ်ပါ'

ဟူကျင်းသည် ပြောရင်း အတိတ်မှဖြစ်ရပ်များကိုပြန်လည်ယောင်လာပုံရလေသည်။ သူ၏ မျက်လုံးများ ရီဝေနေတော့သည်။

* * *

ဟူကျင်း စိတ်လှုပ်ရှားနေသည်။

မြင်းကို အသေခွန့်နေမိသည်။

လမ်းခရီးတွင် ကြားခဲ့ရသည့် သမားတော် ခြံဝင်းနှင့် သက်သက်နေသော သတင်းများသည် ဆိုးဝါးလှသည်မဟုတ်လား။

သမားတော်ခြံဝင်းအပေါ် အန္တရာယ်ဆိုးကျရောက်တော့မည်ဖြစ်ကြောင်း နားလည်မိသဖြင့် အချိန်မီ အရောက်သွားစုံစမ်းဖြင့် မြင်းခုန်စိုင်းနှင့်နေမိခြင်း ဖြစ်မပတော့သည်။

မိတ်ဆွေတွေကို ဖိတ်ကြားပြီး ရှေပုရပိုက်ကို ပြသခဲ့တယ်ဆိုတာပဲ'

လုယိကျုံးက....

'ဒါဆို တိမ်ပြူဂိုက်းချုပ်တို့ လူစုကလဲ ပါမှာပေါ့နော်'

ဟူကျင်းက....

'ဟုတ်တယ်၊ သူတို့ပါတယ်'

လုယိကျုံးက....

'ဦးဂျ သမားတော်ခြံဝင်းကို ရောက်သွားခဲ့သေးတယ် မဟုတ်လား'

ဟု မေးသေသည်။

ဟူကျင်းက....

'ကျုပ်က ခါတိုင်းနှစ်တွေကလိုပဲ သခင်လေးရဲ့အဖေကို ဂါရဝပြုဖို့ လက်ဆောင်ပစ္စည်းတချို့ ယူသွားခဲ့ပါတယ်၊ ဒါပေမယ့် ကျုပ်ရောက်သွားတော့ သမားတော်ခြံဝင်းပျက်စီးနေပါပြီ'

သူစီးနင်းလာသောမြင်းမှာ ပါးစပ်မှ အမြှုပ်တစီစီထွက်လာသည်။ နောက်ဆုံး ရှေ့ဆက်မပြေးနိုင်တော့ဘဲ....

'ဝုန်း'

မြေပေါ် ခွေခေါက်လဲကျသွားလေတော့သည်။

ဟူကျင်းသည် မြင်းလဲကျသွားသည်နှင့် လျှပ်တစ်ပြက်ခုန်ထွက်လိုက်ပြီး မြေပေါ်သို့ ညင်သာစွာကျသွား၏။

သူ၏မြင်းကိုကြည့်လိုက်ရာ ရှေ့ဆက်စီးနင်းသွားဖို့ မည်သည့် နည်းနှင့်မျှ မဖြစ်နိုင်တော့ကြောင်း နားလည်လိုက်၏။

အရင်လိုမှ အနှေးဖြစ်ရလေသည်။

ဟူကျင်းသည် မြင်းကိုစွန့်၍ ကိုယ်ဖော့ပညာအသုံးပြုကာ ရှေ့ဆက်ပြေးလာခဲ့လေသည်။

သို့ဖြင့် အတန်ကြာ ပြေးလွှားသွားမိလျှင် အရှေ့ဘက်မှ မီးတောက်မီးလျှံများ ထွက်ပေါ်လာသည်ကို မြင်တွေ့လိုက်ရသလို စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကိုလည်း ကြားလိုက်ရလေသည်။

ဟူကျင်း ရင်ထိတ်သွားလေသည်။

သမားတော် ခြံဝင်းတွင် ပြဿနာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

'ငါ နောက်ကျသွားပြီ ထင်ပါရဲ့'

ဟူကျင်းက ပို၍အားစိုက်ကာ ပြေးသွားလိုက်လေသည်။

ဘစ်နေရာသို့အရောက်တွင်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဟူကျင်းက ပြေးသွားသောအခါ တောအုပ်အတွင်း၌ ဖြစ်ပွါးဖြစ်နေသည်ကို တွေ့ရလေသည်။

ဟူကျင်းက အကဲခတ်ကြည့်လိုက်သောအခါ အစိမ်းရောင်ဆင်ထားသူ တစ်ယောက်အား အနက်ရောင်ဝတ်စား

မျက်နှာဖုံးစွပ်ထားသူတစ်စုက ဝိုင်းဝန်းတိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်'

ဟူကျင်း ရင်ထိတ်သွားသည်။

အစိမ်းရောင်ဝတ်ဆင်ထားသူမှာ တစ်ချိန်က သူနှင့်သူသော်ကိုယ်သေ ငင်ဆိုင်ခဲ့ဖူးသောနဂါးသရဲကိုလုံကွေ့ဖြစ်နေသည်မဟုတ်ပါလား။

လုံကွေ့အား တိုက်ခိုက်နေကြသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရသော်လည်း အများနှင့်တစ်ယောက်မတရားဟုယူဆကာ....

'လုံကွေ့ ဘာမှမပူနဲ့ ကျုပ်လာပြီ'

ဟု အော်ပြောကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

လုံကွေ့သည် ဟူကျင်းကိုမြင်လျှင် ဝမ်းသာအားရ ဖြင့်သွားလေသည်။

'ဟူကျင်း၊ ခင်ဗျား ဆွေကလာတာအတော်ပဲ၊ သမားတော်ခြံဝင်းတော့ ဖျက်ဆီးခံလိုက်ရပြီ'

ဟု အော်ပြောလေသည်။

ဟူကျင်း ဒေါသထွက်သွားလေတော့သည်။

'သေပေတော့'

ဟူကြုံဝါးကာ အနက်ရောင်ဝတ်ဆင်ထားသူများအား ပြိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား လက်တွဲကာ တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြသည်နှင့်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ဆားသူများတစ်ယောက်ပြီးတစ်ယောက် သံကျသွားလေသည်။

မကြာပါဘူး။

အခြေအနေမဟန်မှန်းသိသွားသော အနက်ရောင် ဝတ်ထားကြသူများသည် ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

လုံကွေ့က....

'ဟူကျင်း၊ ခင်ဗျားရောက်လာလို့ပေါ့ဗျာ၊ ကျုပ်တင်ယောက်တည်းဆိုမလွယ်ဘူး၊ ခြံဝင်းပိုင်ရှင်ရဲ့ဇနီးနဲ့ကလေးကရှိသေးတယ်ဗျ'

'ဟင်'

ဟူကျင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'ဒါ....ဒါဖြင့် သမားတော်လုံထင်းရီကော'

ဟု အရေးတကြီးမေးလိုက်လေသည်။

လုံကွေ့က....

'သူ....သူ'

ဝုတ်တရက် လုံကွေ့၏မျက်လုံးအစုံမှ မျက်ရည်များစီးကျလာ၏။

ဟူကျင်းက အခြေအနေကိုသဘောပေါက်လိုက်လေသည်။

သမားတော် လုထင်းရီကဲ့သ ရန်သူ လက်ချက်ကြောင့် ဒုက္ခရောက်သွားရပြီတကား။

လုံကွေ့က....

'ချေပုရပိုက်ကို လိုချင်တဲ့လူတွေက သမားတော်ခြံဝင်းကို တိုက်ခိုက်ဖျက်ဆီးလိုက်ကြတာပဲ၊ ကျုပ်အ ခြံဝင်းပိုင်ရှင်ရဲ့ဇနီးသည်နဲ့ကလေးကို ကယ်ထုတ်လာခဲ့ရတာ'

ဟူကျင်းက....

'သူတို့ ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

လုံကွေ့က မလှမ်းမကမ်းတစ်နေရာသို့ ညွှန်ပြရင်း....

'တောအုပ်ထဲမှာ ပုန်းခိုခိုင်းထားတယ်'

'ကျုပ်တို့ သွားကြရအောင်'

ဟူကျင်းက တောအုပ်တစ်ဖက်သို့ လှမ်းသွားရန် ဟန်ပြင်လိုက်၏။

'နေဦး'

'ရန်သူတွေကို ဟန့်တားဖို့ ခင်ဗျားကို အကူအညီတောင်းချင်တယ်'

'စိတ်ချ'

ဟူကျင်းက လွယ်လွယ်ကူကူပင် သဘောတူလိုက်သည်။

လုံကွေ့က....

'ရန်သူတွေ ရောက်လာရင် ခင်ဗျားက အရှေ့ဘက်ကို မျှားခေါ်သွားပါ။ ကျုပ်တို့က အနောက်ဘက်ကို ပြေးမယ်၊ မကောင်းဘူးလား'

'ကောင်းတယ်၊ နောက်မှ ပြန်ဆုံကြတာပေါ့'

နှစ်ယောက်သား တိုင်ပင်ကာ တောအုပ်အတွင်းသို့ လှမ်း ဝင်သွားရန် ဟန်ပြင်လိုက်ကြစဉ်မှာပင်...

'မလွတ်နဲ့'

အော်ငေါက်သံများ ထွက်ပေါ်လာသည်။

လယ်နက်ကိုင်ဆောင်ထားကြသော မျက်နှာဖုံးစွပ်ထား သူများ ပြေးလွှားလာနေကြသည်ကို တွေ့လိုက်ရလေသည်။

လုံကွေ့ဟန့်တားလိုက်လေသည်။

ဟူကျင်းက....

'ဘာဖြစ်လို့လဲဗျ'

လုံကွေ့က....

'ကျုပ်က အကူအညီတစ်ခု တောင်းချင်လို့ပါ'

ဟူကျင်းက....

'ပြောပါဗျာ'

လုံကွေ့က....

'ရန်သူတွေဟာ ခြံဝင်းပိုင်ရှင်ရဲ့ ဒုနိုးသည်နဲ့ ကားသမား ကိုဝါဆုတ်သစ် ရှင်းလင်းပစ်ဖို့ လိုက်လာနေကြပါတယ်၊ ကျုပ်ကသူတို့ကို ကယ်ထုတ်ဘို့ဆုံးဖြတ်ထားတယ်'

ဟူကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခြံဝင်းပိုင်ရှင်ရဲ့ ကျေးဇူးဟာ ကျုပ်တို့ အပေါ်မှာ ရှိတာပဲ'

လုံကွေ့က....

ဟူကျင်းမှာ ခြံဝင်းပိုင်ရှင်၏ ဇနီးဆည်ထဲသို့ မသွားနိုင်တော့ပါ။

သူ၏ စာတိစကားအတိုင်း....

'ကဲ....ခင်ဗျားတို့ သွားကြပေတော့၊ ကျုပ်က ရန်သူတွေကို ဟန့်တားပြီး တစ်ဖက်လှည့်နဲ့ ခေါ်ထုတ်သွားမယ်'

ဟု လုံကွေ့အား ပြောလိုက်သည်။

ထို့နောက်....

'ယား....'

ခေါင်းကိုလက်ဖဝါးနှစ်ကိုင်ကာ ငြာသံပေးပြီး ရန်သူများထံသို့ ပြေးဆွဲးလိုက်လေတော့သည်။

* * *

တောကြက်ကင်မှ မွေးကြိုင်သော ရန်များ ထွက်ပေါ်လာ၏။

ဟူကျင်းက ကြက်တင်တစ်ခြမ်းကို လုယိကျုံးအား ပေးလိုက်သည်။

လုယိကျုံးက....

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော်မဆာလို့ပါ'

ဟု ငြင်းလိုက်သည်။

အမှန်တကယ်လည်း အတိတ်မှဖြစ်ရပ်များကို သိလာရသဖြင့် ရင်ထဲတင်းကျပ်နေ၏။

ဟူကျင်းက....

'သခင်လေးရဲ့ သွေးကြောတွေကို စမ်းသပ်ကြည့်ရတာ အဆိပ်မိထားပုံပဲ'

ဟု မြောလေသည်။

လုယိကျုံးက....

'ဟုတ်ပါတယ်၊ ကျွန်တော်မဒမျှင်လင့်ဘဲ အကောက်ကြံခံလိုက်ရတာပါ၊ အဆိပ်ဖြေးဆေးကို မှန်မှန်သောက်သွားရင် မကြာခင် သက်သာပျောက်ကင်း သွားမှာပါ၊ ဒါထက် ဦးနဲ့နဂါးသရဲလုံကွေ့တို့အကြောင်း ပြောပြပါဦးလား'

ဟု မေးလိုက်လေသည်။

ဟူကျင်း သက်ပြင်းချကာ....

'ကျုပ်တို့ လူချင်းကွဲသွားကြတယ်၊ ခုချိန်ထိ ပြန်မဆုံဖြစ်တော့ဘူးကွယ့်'

လုယီကျုံးက....

'ဒါဆို နဂါးသရဲလုံကွေ့ကိုတွေ့မှ ကျွန်တော်ရဲ့ မိတ်တွေကို လုပ်ကြံသွားတဲ့လူတွေ ဘယ်သူဘယ်ဝါဆိုတာ သိနိုင်မှာပေါ့နော်'

ဟူကျင်းက....

'ဒါအမှန်ပဲ၊ သမားတော်ခြံဝင်းကို ရန်သူတွေလာပြီး မှတိုက်ခင် တစ်ရက်အလိုကတည်းက လုံကွေ့ ဆောက်နှင့်နေတယ်လို့ သိရတယ်၊ ဘယ်လိုဖြစ်ပျက်ခဲ့တယ်ကိုတောကို သူက ကျုပ်ထက်ပိုပြီး သိနိုင်လိမ့်မယ်'

လုယီကျုံးက....

'သူ့ရဲ့သဘင်းကို တာများကြားမိထေးသလဲဗျာ'

ဟု မေးလိုက်လေသည်။

ဟူကျင်း ခေါင်းခါယမ်းလိုက်သည်။

'ကြားရဘာက အများကြီးပဲ၊ ဒါပေမယ့် တိကျသေချာတဲ့ သတင်းမျိုးတော့ မကြားမိသေးဘူး'

လုယီကျုံးက....

'သမားတော်ခြံဝင်းကို တိုက်ခိုက်ခဲ့တဲ့ လူတွေထဲမှာ တိမ်ဖြူဂိုဏ်းချုပ်လဲ ပါဝင်နေနိုင်တယ်လို့ ဦးမြောခဲ့သေးတယ်နော်'

ဟူကျင်းက....

'ဟုတ်တယ်၊ ဘာကြောင့်လဲဆိုတော့ လုံကွေ့နဲ့ကျုပ်က လူချင်း ခဲလိုက်ကြပြီးတဲ့နောက်မှာ ကျုပ်က ရန်သူတွေကို မျှားခေါ်သွားခဲ့တယ်၊ လုံကွေ့တို့ ပြေးလို့လွတ်လောက်ပြီ ယူဆမိတော့မှ ရန်သူတွေကို ခုခံတိုက်ခိုက်ခဲ့တာပေါ့၊ ကျုပ်က သမားတော်ခြံဝင်းကို ဖျက်ဆီးပစ်တဲ့ လူတွေကို သိုတ်သင်ပစ်ချင်တာပေါ့၊ ကျုပ်နောက်ကို လိုက်လာတဲ့ လူအဘော်များများကို ရှင်းပစ်လိုက်နိုင်မေမယ့် နောက်ထပ်လူ တစ်ယောက် ရောက်လာတော့ ကျုပ်ဒုက္ခရောက်ခဲ့ရတယ်၊ ဒဏ်ခံလူရဲ့ ကိုယ်ဖော်ပညာနဲ့ သိုင်းပညာဟာ အတော်ကိုကြောက်စရာကောင်းတယ်၊ ကျုပ်တယ်လိမ္မာမယ့်ဥနိုင်ခဲ့ဘူး၊ နောက်ဆုံး ဒဏ်ရာရပြီး ချောင်းထဲခုန်ဆင်းပြေးလို့ လွတ်မြောက်ခဲ့ရတာပဲ၊ သူတို့ကတော့ ကျုပ်ခဆသွားပြီလို့ ထင်နေမှာပေါ့၊ ဒေ့ နောက်ဆုံးမှရောက်လာပြီး ကျုပ်ကို တိုက်ခိုက်ခဲ့တဲ့ လူရဲ့ သိုင်းပညာကိုကြည့်ပြီး တိမ်ဖြူဂိုဏ်းချုပ် ဖြစ်နိုင်တယ်လို့ ကျုပ်ကထင်မိတာပေါ့'

လုယိကျုံးက....

'ဒါဆို မရေရာဘူးပေါ့'

ဟူကျင်း မျက်မှောင်ကြုတ်သွားပြီး....

'အင်း....ဟုတ်တယ်၊ မဟုတ်ဘူး သေသေချာချာ မပြော နိုင်တာ ခက်တာပဲ'

ဟု ညည်းတွားလိုက်လေသည်။

လုယိကျုံးက....

'ကျန်တော်က တိမ်ဖြူဂိုဏ်းကိုသွားပြီး စုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ်'

ဟု ပြောလိုက်သည်။

ဟူကျင်းက....

'ဖြစ်ပါ့မလား၊ သခင်လေး အဆို့ပ်မိထားတယ်မဟုတ်လား'

စိုးရိမ်သောလေသံဖြင့် ပြောလိုက်လေသည်။

လုယိကျုံးက....

'ကျန်တော်က....'

သူ စကားဆုံးအောင် မပြောလိုက်ရပါဘူး။

ခြေသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး လူတစ်စုံသည် တောင်ကုန်းပေါ်သို့ တက်ရောက်လာကြသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ဟူကျင်းလည်း မျက်နှာပျက်သွားပြီး....

'သခင်လေး၊ ကျုပ်တို့လူခဲ့ပြီး ပြေးမယ်၊ သခင်လေးက ဝဲဘက်ကိုပြေးပါ၊ ကျုပ်က ရန်သူကိုဟန့်တားပြီး ညာဘက်ကိုပြေးမယ်'

စကားဆုံးလျှင် ထိုင်ရာမှခုန်ထကာ တောင်ကုန်းပေါ်ဘက်လာသူများထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

လုယိကျုံးမှာ ရန်သူနှင့်ရင်ဆိုင်ဖို့ မဖြစ်သေးမှန်း နားလည်သဘောပေါက်သဖြင့် ရှောင်ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

ထိုင်ရာမှထကာ တောင်ကုန်းအောက်သို့ ပြေးဆင်းလာခဲ့လေသည်။

* * *

စောင့်ကြိုနေသူများသည် ချက်ချင်း ဝိုင်းရံထားလိုက်ကြသည်။

လုံယိကျုံးက ထိုလူများအား ဝေ့ကြည့်လိုက်ရာ အဝါရောင် ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီ ဆွဲကိုင်ထားကြသည်ကို တွေ့ရလေသည်။

ထိုလူတို့၏ဝတ်စားဆင်ယင်ပုံကိုကြည့်ရုံဖြင့် လျှပ်စီးဂိုဏ်းသူများဖြစ်ကြောင်း လုယိကျုံး ရိပ်မိလိုက်လေသည်။

အကယ်၍....

သမားတော်ခြံဝင်း ဖျက်ဆီးခံရသည့်ကိစ္စတွင် တိမ်ဖြူဂိုဏ်းချုပ်ဝါဝင်ပတ်သက်နေမည်ဆိုပါက လျှပ်စီးဂိုဏ်းချုပ်သည်း သတိထားရမည်ဖြစ်ပေသည်။

တိမ်ဖြူဂိုဏ်းနှင့် လျှပ်စီးဂိုဏ်းမှ ဂိုဏ်းချုပ်များသည် ဆွေဖခင်နှင့် ခင်မင်ရင်းနှီးခဲ့သူများ ဖြစ်ကြသည်မဟုတ်လား။

ထို့အပြင်....

သမားတော်ခြံဝင်းသည် အတွင်းလူများသစ္စာဖောက်၍ ဖျက်စီးခဲ့ရခြင်း ဖြစ်သည်မဟုတ်ပါလား။

ကူညီမယ့်သူ

တောင်ကုန်းအောက်တွင် စိမ်းလန်းသောတောအုပ်တစ်ခု ရှိနေသည်။

လုယိကျုံးသည် တောင်ကုန်းပေါ်မှ ပြေးဆင်းလာပြီး တောအုပ်ထဲသို့ဝင်ကာ ခြေဆုပ်ဖျောက်ဖို့ ကြိုးစားလိုက်၏။

သို့သော်....

တောအုပ်ထဲသို့ ရောက်သွားလျှင် သူ၏အတင်နှင့်အခြင်စခြားစီဖြစ်နေကြောင်း သိလိုက်ရလေသည်။

တောအုပ်အတွင်း၌ သူ့အား အသင့်စောင့်ကြိုနေသူတစ်စု ရှိနေသည်မဟုတ်ပါလား။

လုယိကျုံး ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

လုယိကျုံးက ဌာနမှူးကိုတစ်ချက်ကြည့်ပြီး ဘာမှမပြော နေလိုက်၏။

ဌာနမှူး ခေါင်းညှိတ်လေသည်။

'အရှိန်အဝိုင်းကောင် သေဖို့သာပြင်ထားဖေတော့'

ဟု အော်ငေါက်ကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

လုယိကျုံးချောင်တိမ်းဖို့အချိန်မရလိုက်ပါ။

ထို့ကြောင့် မည်သို့မျှတတ်သာဘဲ မြှောင်လည်တိုက်ခိုက်ရ လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေ သည်။

လျှပ်စီးဂိုဏ်းမှဌာနမှူး အဝေးသို့လွင့်စဉ်သွားတော့၏။

ဤတွင်....

လုယိကျုံးက သတိကြီးစွာထားပြီး အကဲခတ်နေစဉ်မှာ ပင်....

'ဂိုဏ်းချုပ်ကြီးကို အရှိအသေပြုပါဘယ်'

လျှပ်စီးဂိုဏ်းသားများ၏တည်တည့်တံ့တည်း ကြွေးကြော် သံများ ထွက်ပေါ်လာလေသည်။

လျှပ်စီးဂိုဏ်းသားများ ဘေးသို့ရှဲသွားကြလျှင် လူတစ် စောင်ဝါစင်တစ်ခုအားဆမ်းကာ ထွက်ပေါ်လာသည်ကို ဖွေ့ ခြင်ရလေသည်။

လုယိကျုံး သက်ပြင်းချလိုက်သည်။

သို့သော်လောကဥစ္စာ လျှမ်းလျှမ်းဘောက် ကျော်ကြားသော လျှပ်စီးဂိုဏ်းချုပ်နှင့် ဆုံတွေ့ရလေသည်။

လုယိကျုံးက တုံ့ဖြည်းဖြည်းနှိုးတပ်လာသော ဝါစင်ကို ငေးကြည့်နေစဉ်မှာပင်....

'မင်း ဘော်ဘော်ရှိုင်းပါလား၊ဂိုဏ်းချုပ်ကြီးလာနေတာ ကိုဘောင် ဂါရဝမပြုသေးဘူးလား'

လျှပ်စီးဂိုဏ်းမှ ဌာနမှူးတစ်ယောက်က ခေါင်းငေါက်လာ လေသည်။

'ဂိုဏ်းချုပ်ကြီးရှေ့မှာတောင် လျှပ်စီးဂိုဏ်းကလူကို ကော
ကားရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး'

အော်ငေါက်သံနှင့်အတူ လူတစ်ယောက်ကရှေ့သို့ လှမ်း
ထွက်လာလေသည်။

ထိုစဉ်....

'နောက်ဆုတ်လိုက်စမ်း'

ဝေါစင်ထဲမှ အမိန့်ပေးသံထွက်ပေါ်လာလေသည်။

ရှေ့သို့ထွက်လာသူသည် လုယိကျုံးအား တိုက်ခိုက်ခြင်း
မပြုဘဲ ချက်ချင်းနောက်ဆုတ်လိုက်လေသည်။

လုယိကျုံးက ဝေါစင်ကိုကြည့်လိုက်၏။

ရုတ်တရက်....

ဝေါစင်မှယင်းကဲ့ လှုပ်ရှားသွားပြီး လူရိပ်တစ်ခု ထွက်
ပေါ်လာ၏။

ထိုလူရိပ်သည် ကြိုးဖြင့်ဆွဲယူလိုက်သည့်အလား လုယိကျုံး
၏ရှေ့သို့ ရောက်ရှိလာလေသည်။

လုယိရှင်ကျုံး ရင်ထိတ်သွား၏။

ထိပ်သီးသိုင်းသမားကြီးတစ်ယောက်နှင့် ရင်ဆိုင်နေရပြီ
ဟုတ်ပါလား။

လုယိကျုံး၏ရှေ့သို့ရောက်ရှိလာသူမှာ လျှပ်စီးဂိုဏ်းချုပ်
ကျောင်းဖြစ်လေသည်။

ဤကျောင်းသည် လုယိကျုံးအား ခြေဆုံးခေါင်းဆုံးကြည့်
ပြီး....

'မင်းဟာ သမားတော်ခြံဝင်းပိုင်ရှင် လုထင်းရီရဲ့သား
ဟုတ်လား'

ဟု မေးလာလေသည်။

လုယိကျုံးက....

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် လုယိကျုံးက ဂိုဏ်း
ကြီးကို ဂါရဝပြုပါတယ်'

ပြောရင်း လက်နှစ်ဖက်ကိုဆုပ်ကာ ဦးညွတ် အရိုအသေပြု
လိုက်လေသည်။

စုကျောင်းသည် သူ့ဖခင်၏ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက် ဖြစ်ခဲ့သည်မို့ လေးလေးစားစား ဆက်ဆံလိုက်ခြင်း ဖြစ်သည်။

စုကျောင်းက....

'သမားတော်ခြံဝင်းပိုင်ရှင်ဟာ တစ်ချိန်တုန်းက ကျုပ်အတော်လေးရင်းနှီးခဲ့တဲ့ မိတ်ဆွေတစ်ယောက် ဖြစ်တယ် သမားတော်ခြံဝင်းကို ဘယ်သူတွေကတိုက်ခိုက်ဖျက်ဆီးလိုက် ကြသလဲဆိုတာကို ကျုပ်ကလိုက်ပြီး စုံစမ်းသေးတယ်၊ ဒါပေမယ့် ခုထိတရားခံကို ရှာမတွေ့သေးဘူး'

ဟု ပြောလာလေသည်။

လုယိကျုံးက....

'ဟုတ်ပါတယ်ခင်ဗျာ၊ တရားခံကိုဖော်ထုတ်ဖို့ သိုင်းလောကထဲကို ကျွန်တော်ဆင်းလာခဲ့တာပါ'

စုကျောင်း မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက တရားခံဖော်ထုတ်ချင်တယ်ဆိုရင် ကျုပ်တို့နဲ့လာပြီး တိုင်ပင်ဖို့ကောင်းတာပေါ့၊ ခုဘော့ တိမ်ဖြူဂိုဏ်းကလူတွေကိုကော၊ မိုးကြိုးဂိုဏ်းက လူတွေကိုကော၊ ပြီးတော့ ကျုပ်တို့ လျှပ်စီးဂိုဏ်းက လူတွေကိုပါ ရန်ရှာတိုက်ခိုက်နေတာ တော့ မကောင်းဘူးထင်ဘာပဲ'

'ဗျာ'

'မင်းရဲ့လုပ်ရပ်ဟာ လူကြီးတွေကို စော်ကားတာပဲ၊ မင်းအဖေနဲ့ ခင်မင်ရင်းနှီးခဲ့တာကို ထောက်ထားပြီး ခွင့်လွှတ်နေပေမယ့် မင်းကိုအတုယူပြီး တခြားလူတွေကပါ စော်ကားမှောက်ကား လုပ်လာနိုင်တယ်၊ ဒါကြောင့် ကျုပ်က တိမ်ဖြူဂိုဏ်း၊ မိုးကြိုးဂိုဏ်းတို့နဲ့ တိုင်ပင်ပြီး မင်းကို ထိုက်သင့်သလို ဆုံးဖြတ်လိုက်တာပဲ'

မမျှော်လင့်သောစကား ကြားလိုက်ရသောအခါ လုယိကျုံး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

စုကျောင်းက ခက်ထန်သော မျက်နှာထားဖြင့်....

'ဒုးထောက်ပြီး အေးအေးဆေးဆေး အဖမ်းခံစမ်း'

ဟု ငေါက်လိုက်လေသည်။

လုယိကျုံး မကျေမနပ်ဖြစ်သွားလေသည်။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်က....'

'စကားမရှည်နဲ့ ဒူးထောက်လိုက်စမ်း'

စုကျောင်းသည် လုယိကျုံးအား စကားပြောခွင့်ပင်မပေးတော့ချေ။

လုယိကျုံး ခံပြင်းသွားသဖြင့်....

'ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် ဒူးမထောက်နိုင်ပါဘူး'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

စုကျောင်းက....

'မင်း သေချင်ပြီထင်တယ်'

ပြောပြောဆိုဆို ရှေ့တိုးလာသည်။

သူကိုယ်တိုင် လုယိကျုံးအား တိုက်ခိုက်တော့မည့်သဘော ဖြစ်သည်။

လုယိကျုံး မည်သို့မျှ မတာ်သာတော့ဘဲ ပြန်လည်ခုခံရန် ဟန်ပြင်လိုက်ရ၏။

ထိုစဉ်....

'ဖေဖေ'

ချိုလွင်သော ခေါ်သံနှင့်အတူ မန်းကလေးတစ်ယောက် ရိပ်ခနဲ ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

လျှပ်စီးဂိုဏ်းမှ သခင်မလေး စုချင်းဖြစ်ပါသည်။

စုချင်းရောက်လာလျှင် အခြေအနေတစ်မျိုးတစ်ဖုံပြောင်းသွားလေတော့သည်။

* * *

စုချင်းရောက်လာသည်ကိုတွေ့လျှင် လုယိကျုံး ဝမ်းသာသွား၏။

စုချင်းသည် သူ့အားကူညီမည့်သူဖြစ်ကြောင်း ယုံကြည်သားလေသည်။

စုကျောင်းသည်လည်း သမီးဖြစ်သူအား တွေ့လိုက်ရသဖြင့် အံ့ဩသွား၏။

'သမီး၊ ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

ဟု မေးလိုက်လေသည်။

စုချင်းက....

'သူ့အတွက်လာခဲ့တာပေါ့'

လုယိကျုံးအား ညွှန်ပြကာ ပြောလိုက်လေသည်။

စုကျော်ငး အံ့သြသွားသည်။

'သမီး ဘယ်လိုပြောလိုက်တာလဲ'

စုချင်းက ပြုံးလိုက်သည်။

'သမီးက သူ့အတွက် ထာခဲ့တာပါဖေဖေ'

စုကျော်ငးသည် လုယီကျုံးအား မကျေမနပ် ကြည့်လိုက်ပြီးမှ စုချင်းတက်သို့ ပြန်လှည့်ကာ....

'သမီးက သူနဲ့ဘယ်လိုပတ်သက်နေလို့လဲ'

ဟု မေးလေသည်။

စုချင်းက....

'ဖေဖေ... အစ်ကိုလုကို သိုင်းလောကသားတွေက အထင်မှားနေကြပါတယ် ဖေဖေ'

စုကျော်ငးက....

'သမီး ဘာတွေပြောနေတာလဲ၊ သူဟာ သိုင်းလောက တစ်ခုလုံးက အလိုရှိခံနေတဲ့လူတစ်ယောက် ဖြစ်နေတယ်ဆိုတာ သမီး မသိဘူးလား'

စုချင်းက....

'ဖေဖေ... ဒီကိစ္စကို သမီးသိပါတယ်၊ သမီး ရှင်းပြပါရစေ ဖေဖေ'

စုကျော်ငး မကျေမနပ်ဖြစ်သွားလေသည်။

'သမီး ဒီကိစ္စ သမီးနဲ့ ဘာမှ မဆိုင်ဘူး၊ သမီးအေးအေးနေရင် ကောင်းမယ်'

စုချင်းက....

'ဖေဖေ၊ သမီးပြောပါရစေ၊ တံလျှပ်ဂိုဏ်းဟာ အစ်ကိုလုကို တွေ့ရာနေရာမှာ ဖမ်းဆီးရမယ်လို့ အမိန့်ထုတ်ထားတယ် မဟုတ်လား၊ ဒါကြောင့် သမီးရှင်းပြပါရစေ ဖေဖေ'

စုကျော်ငး သက်ပြင်းချလိုက်လေသည်။

သူက သမီးဖြစ်သူကို အလွန်ချစ်မြတ်နိုးလေသည်။

အမြဲတမ်း အလိုလိုက်ထားခဲ့သည်။

အခုလည်း သဘောမကျသည့်တိုင် အလျှော့ပေးလိုက်၏။

'ကောင်းပြီ၊ သမီး ဘာပြောချင်သလဲ'

စုချင်းက....

'ဖေဖေ....အစ်ကိုဟာ သမားတော် ခြံဝင်းပိုင်ရှင်ရဲ့သား ဖြစ်ပါတယ်၊ မိဘတွေလုပ်ကြံခံရတဲ့ကိစ္စကို ဖော်ထုတ်ဖို့ သိုင်းလောကထဲကို ဆင်းလာခဲ့တာပါ၊ အစ်ကိုရဲ့ မိဘတွေကို လုပ်ကြံသွားတဲ့ တရားခံကို နဂါးသရဲလုံကွေ့ တစ်ယောက်တည်း သိထားပါတယ်၊ တိမ်ဖြူဂိုဏ်းက လုံကွေ့ကို ဖမ်းဆီးထားတယ်ဆိုလို့လာရင်း လမ်းခရီးမှာ သိုင်းလောကသားတွေရဲ့ အထင်လွဲမှုခံရအောင် တစ်စုံတစ်ယောက်ကနေပြီး သိုင်းလောကသား အချို့ကို တိုက်ခိုက်ပြီး အပြစ်ပုံချခဲ့တာပါ၊ တကယ်တော့ အစ်ကို့မှာ ဘာအပြစ်မှမရှိပါဘူး'

ဟု ရှင်းပြလိုက်လေသည်။

စုံကျောင်းက....

'သမီး၊ သေချာရဲ့လား'

'သေချာပါတယ် ဖေဖေ'

'နေပါဦး၊ သမီး ဘာကြောင့် သူ့အကြောင်းကို သိနေရတာလဲ၊ ဘာကြောင့် သူ့ဘက်ကနေ ကာကွယ်ပြီးပြောနေရတာလဲ'

စုကျောင်းက မျက်မှောင်ကြုတ်ကာ မေးလိုက်ခြင်း ဖြစ်လေသည်။

စုချင်းက....

'ဖေဖေ၊ သူဟာ သမီးလက်ထပ်ဖို့ရည်ရွယ်ထားတဲ့သူပါ ဖေဖေ'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျင်....

'ဟာ'

စုကျောင်း လွှတ်ခနဲ အော်လိုက်၏။

ကပျာကယာ နောက်ဆုတ်သွားသည်။

သမီးဖြစ်သူကို မယုံကြည်နိုင်စွာ ကြည့်ရင်း....

'သ....သမီး ဘယ်လိုပြောလိုက်တာလဲ'

စုချင်းက....

'သူဟာ သမီးရဲ့ချစ်သူပါ ဖေဖေ'

ပြောရင်း မျက်နှာတစ်ခုလုံးနီရဲသွားကာ ခေါင်းငုံ့ထားလိုက်လေသည်။

လုယိကျုံးလည်း ထိတ်လန့်သွား၏။

စုချင်း ခေါင်းမော့လာသည်။

ဖခင်ဖြစ်သူကိုကြည့်ရင်း....

'ဘာဖြစ်လို့လဲ ဖေဖေ'

ဟု မေးလေသည်။

စုကျော်ငြိမ်က....

'သူဟာ သိုင်းလောကသားတွေကို ဒုက္ခပေးနေတဲ့လူတစ်ယောက်ဖြစ်နေလို့ပေါ့'

စုချင်းက....

'ဒီကိစ္စဟာမှားယွင်းမှုတစ်ခု ဖြစ်ပါတယ်၊ မကြာခင်မှာသမီးတို့ အမှန်တရားကို ဖော်ထုတ်ရှင်းပြမှာပါ'

'မလိုချင်ဘူး'

စုကျော်ငြိမ်က အော်လိုက်လေသည်။

စုချင်းက....

'ဒါဆိုလဲ ဖေဖေ့ စကားကို နားမထောင်နိုင်တဲ့အတွက် သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေ'

စုချင်းကို မယုံကြည်နိုင်စွာ ကြည့်နေမိလေသည်။

စုကျော်မှာမူ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

စကားမပြောနိုင်တဲ့ ကြက်သေသေကာငိုင်နေ၏။

အတော်ကလေးကြာမှ သတိဝင်လာပြီး....

'ဒီတစ်ခါတော့သမီးကို ဖေဖေ အလိုမလိုက်နိုင်တော့ဘူး၊ သမီးရဲ့အိမ်ထောင်ဘက်မှာ ဖေဖေကိုယ်တိုင် လက်ခံသတော်တူတဲ့ လူပဲဖြစ်ရမယ်'

ဟု ပြောလိုက်၏။

စုချင်းက....

'သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေရယ်'

ဟု တီးတိုးပြောလိုက်လေသည်။

စုကျော်ငြိမ် ဒေါပွသွားပြီး....

'သမီး....သမီးတို့ကို ဖေဖေ သတောမတူဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

'ဘာ'

စုကျော်ငြိမ်းက သမီးဖြစ်သူကိုမျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

စုချင်းက ခပ်တည်တည်ပင် ရှိနေ၏။

စုကျော်ငြိမ်းက ဒေါသစိတ်ကိုထိန်းရင်း....

'သမီးရဲ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးပေါ့ ဟုတ်လား'

ဟု မေးလိုက်လေသည်။

စုချင်းက....

'ဟုတ်ပါတယ် ဖေဖေ'

စုကျော်ငြိမ်း သက်ပြင်းချလိုက်သည်။

စုချင်းသည် အလွန်ခေါင်းမာသော မိန်းကလေး တစ်ယောက် ဖြစ်ကြောင်း သဘောပေါက်ထားသည် မဟုတ်ပါလား။

ထို့ကြောင့် သူကပင် အလျှော့ပေးကာ....

'သမီး ဒီကိစ္စမျိုးဆိုတာ အဖေ့ကိုတွေးတော စဉ်းစားပြီးမှ ဆုံးဖြတ်ရတဲ့ကိစ္စမျိုးကွယ့်၊ ဒါကြောင့် သေသေချာချာ စဉ်းစားစေချင်တယ်'

ဟု ချော့လိုက်လေသည်။

စုချင်းက....

'သမီး စဉ်းစားပြီးပါပြီ ဖေဖေ'

စုကျော်ငြိမ်း လက်ကာပြလိုက်သည်။

'မဟုတ်သေးဘူး၊ သမီးက....'

'သမီး သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးပါပြီ ဖေဖေ'

စုကျော်ငြိမ်း စိတ်ပျက်သွားလေသည်။

စုချင်းက လုယိကျုံးအား ရှေ့တွင်ထားပြီး ယခုကဲ့သို့ ပြောဆိုနေခြင်းသည် သူ့အတွက် အရှက်ရစရာ ကောင်းလှသည်ဟုထင်မိလေသည်။

စုကျော်ငြိမ်း မျက်နှာပူလာသည်။

လုယိကျုံးအား မကြည့်စံ့အောင်ဖြစ်သွား၏။

လျှပ်စီးဂိုဏ်းဝင်များသည် ကြာလျှင် သူ့အား ဝေဖန်လာကြတော့မည်ဟု စိုးရိမ်ပူပန်သဖြင့်....

'သမီး ဒီကိစ္စကို နောက်မှဆက်ပြီး တိုင်ပင်ဆွေးနွေးကြတာပေါ့'

ဟု ပြောလိုက်သည်။

တစ်ဆက်တည်းပင်....

'သွားကြမယ်ဟေ့'

လက်ဝှေ့ယမ်းကာ သူ၏ အဖွဲ့သားများကို အမိန့်ပေးလိုက်၏။

ဝါစင်ရှိရာသို့ ခပ်သွက်သွက်လှမ်းသွားပြီး ဝါစင်ပေါ် ခုန်တက်လိုက်လေသည်။

လျှပ်စီးဂိုဏ်ဝင်များသည် စုကျောင်းအား သယ်ဆောင်ကာ ချက်ချင်းထွက်ခွာသွားကြလေတော့သည်။

* * *

စုံကျောင်းနှင့် လျှပ်စီးဂိုဏ်သားများ ထွက်သွားကြပြီးဖြစ်သည်။

လုယိကျုံး ယခုမှ သက်ပြင်းချနိုင်လိုက်သည်။

အခက်အခဲတစ်ခုမှ လွတ်မြောက်လာခဲ့ရပြီမဟုတ်ပါလား။

စုချင်းက....

'အစ်ကို ကျွန်မကို စိတ်ဆိုးနေလားဟင်'

ဟု ပြောလာလေသည်။

လုယိကျုံးက....

'ဟာ....ကျုပ်က ဘာများစိတ်ဆိုးစရာ ရှိမှာလဲ၊ သခင်မလေးက ကျုပ်ကိုကူညီတာပဲ မဟုတ်လား'

ဟု ပြောလိုက်လေသည်။

စုချင်းက....

'ဟုတ်ပါတယ် ဒီလိုမှမပြောရင် ဖေဖေက အစ်ကို့ကိုဒုက္ခပေးမှာ သေချာပါတယ်'

လုယိကျုံး ပြုံးလိုက်သည်။

'ကျုပ်က ဆခင်မလေးကိုတောင် ကျေးဇူးတင်ရမှာပဲ'

စုချင်းက....

'ကျွန်မကို သခင်မလေးလို့မခေါ်ဘဲ ရင်းရင်းနှီးနှီး စုချင်းလို့ ခေါ်ပါလားရှင်'

လုယိကျုံးသည် စုချင်းအား စိုက်ကြည့်မိလေသည်။

သူသည် စုချင်း၏ ဝေါစင်ပေါ်တွင် လိုက်ပါစီးနင်းခဲ့ခြင်းသော ပထမဦးဆုံး ယောကျ်ားမျိုးဖြစ်ပါသည်။

စုချင်းက သိုင်းလောကတွင် အတိအလင်း ထုတ်ပြန် ကြေညာထားသည့် စည်းကမ်းအတိုင်းဆိုလျှင် သူက စုချင်းနှင့် လက်ထပ်ရမည့်သူ ဖြစ်လေသည်။

ဘို့သော်....

သူမအား လက်ထပ်ဖို့ဆိုသည်မှာ မဖြစ်နိုင်သောကိစ္စတစ်ခု ဟု လုယိကျုံး နားလည်ထား၏။

စုချင်း၏ ဝေါစင်ပေါ်၌ လိုက်ပါခဲ့ပြီး စုချင်းအား လက်မထပ်လျှင် သူမသည် မည်သူ့ကိုမှ မျက်နှာပြုဝံ့မည် မဟုတ်ဘဲ အရှက်တကွဲအကျိုးနည်း ဖြင့်ရမည်မှာ သေချာသည်။

သူ့အား ကူညီသူ တစ်ယောက်သည် သူ့ကြောင့် ဒုက္ခရောက်ရမည်ကို လုယိကျုံး မလိုလားပါ။

စုချင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ရန် ခက်ခဲကာ အကြံအိုက်နေသေးတော့သည်။

ထိုစဉ်....

'အစ်ကို ကျွန်မတို့ဒီနေ့ရောက မြန်မြန်ထွက်သွားကြပါစို့'

စုချင်းက ပြောလာလေသည်။

လုယိကျုံးက....

'ကောင်းပြီလေ၊ သွားကြတာပေါ့'

သဘောတူလိုက်ပြီး ထွက်သွားရန် ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်....

'မင်းတို့ ဒီလိုထွက်သွားလို့ ရမလား'

အော်ငေါက်သံ ထွက်ပေါ်လာ၏။

တိမ်ဖြူဂိုဏ်းချုပ် ဖြစ်နိုင်သည်ဆိုသော မျက်နှာပုံစံပင်သူ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရတော့သည်။

* * *

'ရှင်ဘယ်သူလဲ ဒါက ဘာသဘောလဲ'

ဟု ငေါက်လိုက်လေသည်။

ထိုလူက....

'မိန်းကလေး ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်ပါနဲ့၊ အေးအေး ဆေးဆေး ဘေးဖယ်နေလိုက်တာ ကောင်းမယ်'

ဟု ပြောလေသည်။

စုချင်းက....

'ဟာ....ရှစ် ကျွန်မနဲ့ဘာကြောင့်မဆိုင်ရမှာလဲ၊အစ်ကိုလုကို ထိပါးလာမယ်ဆိုရင် ကျွန်မ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

ဟု ပြောရင်း ထိုလူနှင့်ရင်ဆိုင်ရန် ဟန်ဖြင်လိုက်လေသည်။

လုယိကျုံး မနေနိုင်တော့ဘဲ....

'သခင်မလေး ဘေးဖယ်လိုက်ပါဗျာ'

ဟု လှမ်းပြောလိုက်၏။

စုချင်း မျက်နှာပျက်သွားလေသည်။

လေဝှေ့ယမ်း တိုက်ခတ်လာသည်။

လူရိပ်တစ်ခုသည် ရွက်ကြွေ တစ်ခုပမာလေနှင့်အတူ ရောင်ရှိလာလေသည်။

လုယိကျုံးနှင့် စုချင်းတို့ ရင်ထိတ်သွားကြပြီး ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

မျက်နှာဖုံးစွပ်ထားသူသည် လုယိကျုံးကို မြင်လျှင်....

'ဟား....ဟား....ဟား'

သဘောကျစွာ ရယ်မောလိုက်လေသည်။

စုချင်း မကျေမနပ် ဖြစ်သွားပြီး....

လုယိကျုံး၏ စကားသည် သူမနှင့်ဘာမှမဆိုင်သလို ဖြစ်သည်ဟု ဆိုခြင်းကို ယူဆသွား၏။

သူမသည် မာနကြီးသူလေးပီပီ ရှက်လည်းရှက် ဒေါသလည်း ထွက်သွားလေသည်။

လုယိကျုံးအား တစ်ချက်ကြည့်လိုက်ပြီး....

'ကျွန်မ ဘေးဖယ်နေရမယ် ဟုတ်လား'

ဟု မေးလိုက်သည်။

လုယိကျုံးက စုချင်း၏ အဒေါ့ကို မရိပ်မိဘဲ သူ့ကြောင့် သူမ ဒုက္ခရောက်ရမည်ကို စိုးရိမ်သဖြင့်....

'ဟုတ်ပါတယ်၊ သခင်မလေး'

ဟု ပြောလိုက်လေသည်။

စုချင်းဝမ်းနည်းသွားလေသည်။

'ကောင်းပါပြီရှင်၊ ကျွန်မနဲ့မဆိုင်ဘူးလို့ သဘောထား ရင်လဲ ကျွန်မသွားပါ့တော့မယ်'

စကားဆုံးလျှင်ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

လုယိကျုံးက....

'သခင်မလေး....သခင်မလေး'

အော်ဟစ်ကာ တားဆီးလိုက်သော်လည်း စုချင်းက နားမထောင်တော့တဲ့ ပြေးလွှားသွားရာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

လုယိကျုံးသည် စုချင်းနောက်သို့ လိုက်သွားရန် ဟန်ပြင်ပြီးမှ ခြေလှမ်းရပ်လိုက်သည်။

မျက်နှာဖုံးစွပ်ထားသောရန်သူနှင့် ရင်ဆိုင်ရဦးမည် မဟုတ်ပါလား။

ထိုသူက....

'လုယိကျုံး မင်းက ရွှေပုရိပ်ကို ထုတ်ပေးရင်ကောင်းမယ်'

ဟု ပြောလာလေသည်။

လုယိကျုံးက....

'ရွှေပုရိပ်က ကျုပ်ဆီမှာမရှိဘူး၊ ဒီကိစ္စကို ကျုပ် ဘာမှမသိဘူးလို့ တယ်နှစ်ခါပြောရမလဲ'

ထိုသူက....

'မင်းသေချင်ပြီထင်တယ်'

လုယိကျုံးက မကျေမနပ်ဖြင့်...

'ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ရွှေပုရပိုက်ကို သဲကြီးမဲကြီး ဖြစ်နေရတာလဲ၊ ကောင်္ကသမားတော် ခြံဝင်းကို ဖျက်ဆီးခဲ့တဲ့လူတွေထဲမှာ ခင်ဗျားလဲပါမယ်ထင်တယ်'

ဟု ပြောလိုက်သည်။

ထိုလူက....

'သိပ်မှန်တာပေါ့ကွာ၊ မင်းအသက်ရှင်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်ခုတ် ကျူငုပ်မကျန်အောင် ရှင်းရမှာပေါ့၊ သေဖို့သာပြင်ထား'

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်တာ လုယိကျုံးထံသို့ ခုန်ဝင်တိုက်ခိုက်လာလေသည်။

လုယိကျုံးက သတိထားပြီး လက်နှစ်ဖက်ကို ရှေ့သို့ဆန့်လုတ်ကာ ရင်ဆိုင်လိုက်၏။

မျက်နှာဖုံးစွပ်ထားသူနှင့် လုယိကျုံးတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

ဣတ္တင်....

လုယိကျုံး၏လက်ဝါးတစ်ဖက်သည် ထိုလူ၏တိုက်ကွက်ကို ထိုးဖောက်ကာ ပခုံးကို ရိုက်ချမိလိုက်လေသည်။

'ဖုတ်'

မြည်သံသဲ့သဲ့ထွက်ပေါ်လာလေသည်။

ထိုလူသည် ဒယီးဒယိုင်ဖြင့် ချက်ချင်းနောက်ဆုတ်သွားရလေသည်။

လုယိကျုံးအား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး....

'မင်း....မင်း ရွှေပုရပိုက်ထဲက သို့ငံးကွက်ကို အသုံးပြုလိုက်တာဟုတ်လား'

ဟု မေးလာလေသည်။

လုယိကျုံး ကြောင်အမ်းအမ်းဖြစ်ကာ....

'ခင်ဗျား ဘာပြောတယ်ဗျ'

ထိုလူက....

'မင်းက ဘယ်လို သို့ငံးကွက်ကို အသုံးပြုလိုက်တာလဲ၊ ဒါဟာ ရွှေပုရပိုက်ထဲမှာ ပါဝင်တဲ့သို့ငံးကွက်မဟုတ်လား'

ဟု ထပ်မံလာလေသည်။

လုယိကျုံးခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘာမှမသိဘူး'

'မင်း သေဖို့သာပြင်ထား'

ထိုလူသည် ဒေါသတကြီးအော်ငေါက်ကာ ပြေးဝင်ဖိုက်ခိုက်လာ၏။

လုယိကျုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သားထိပ်ဘိုက်ရင်ဆိုင်မိကြပြန်လျှင် လုယိကျုံး၏ ဝက်ဝံးသည် ထိုလူ၏တိုက်ကွက်ကို ထိုးဖောက်ကာ ထိုလူ၏ရင်ဝကို ခွိုက်ချလိုက်လေသည်။

'ဖုတ်'

ထိုလူမှာ မြေပေါ်ဝင်ထိုင်ကျသွားလေသည်။

လုယိကျုံးကို မျက်လုံးပြူး၍ကြည့်ရင်း....

'မင်း....မင်း'

ဆစ်ဆစ်ငေါ့ငေါ့ရွတ်ကာ လူးလိမ့်နှုန်ထလာ၏။

ယခုကဲ့သို့ ခံလိုက်ရမည်ဟု လုံးဝမျှော်လင့်မထားခဲ့။

အကယ်၍....

လုယိကျုံး၏လက်ဝါးရိုက်ချက်တွင် အားမာန်ပါနေပါက အကြီးအကျယ် ဒုက္ခရောက်သွားရမည်ဖြစ်လေသည်။

အဆိပ်မိထားသဖြင့် လုယိကျုံး စိတ်တိုင်းကျ တိုက်ခိုက်နိုင်ခြင်း မရှိသည်ကပင် ကံကောင်းသွားသည်ဟု ဆိုရမည်ဖြစ်ပေသည်။

ထိုလူက အံတင်းတင်းကြိတ်ရင်း....

'မင်းသေဖို့သာပြင်ထား'

ဟု အော်ငေါက်ကာ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်၏။

လုယိကျုံးတလည်း ပြန်လည် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

ထိုစဉ် မျှော်လင့်သောပြောင်းလဲမှု ဖြစ်ပေါ်လာ၏။

လုယိကျုံး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

အတွင်းအား အသုံးပြုကာ တိုက်ပွဲဝင်လိုက်သဖြင့် အဆိပ်တန်ခိုးပြေလာခြင်း ဖြစ်လေသည်။

မျက်နှာဖုံးစွပ်ထားသူသည် အုံ့ဩသောအကြည့်ဖြင့် လုံယီကျုံးကို ကြည့်နေ၏။

လုယီကျုံး ကပျာကယာနောက်ဆုတ်လိုက်ပြီး....

'ဝေါ့'

မြေပေါ်သို့ သွေးများ အန်ချလိုက်၏။

သူ အန်ချလိုက်သော သွေးများမှာ သွေးမည်းများ ဖြစ်နေပါတော့သည်။

ထိုလူသည် လုယီကျုံး၏အဖြစ်ကို ကြည့်ရင်း....

'ဟား....ဟား....ဟား'

ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

'မင်း အဆိပ်သင့်ထားတယ်မဟုတ်လား၊ ကျုပ်လက်က ပြေးမလွတ်တော့ဘူးဆိုတာ မှတ်ထားပါ'

ဟု ကြုံးဝါးလိုက်သည်။

လုယီကျုံးအား ဖမ်းဆီးရန် ရှေ့တိုးလာလေသည်။

လုယီကျုံးသည် ထိုလူအား ရင်ဆိုင်သော်လည်း အားအင် ကုန်ခန်းကာ မောပမ်းနွမ်းနယ်နေပြီး မလှုပ်ရှားနိုင်အောင်ဖြစ်၍နေ၏။

အဆိပ်တန်ခိုးပြလာသဖြင့် ထိုလူ၏ လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည်ဟု နားလည်လာလေသည်။

ထိုစဉ်....

'ရပ်လိုက်စမ်း'

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

လူရိပ်တစ်ခုသည် မျက်နှာဖုံးစွပ်ထားသူနှင့် လုယီကျုံးတို့ နှစ်ယောက်ကြား၌ ရပ်တန့်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူသည် ကပျာကယာ နောက်ဆုတ်လိုက်၏။

ဟန့်တားလာသူကိုလည်း မကျေမနပ်ဖြင့် ကြည့်လိုက်လေသည်။

ထိုအခါမှ....

ဟန်ဘားလာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ မီးအိမ်ဂိုဏ်းမှ သခင်မလေး ကျွေဖုံးဖြစ်နေ၏။

ကျွေဖုံးသည် မျက်နှာဖုံးစွပ်ထားသူအား ဟန့်ကားပြီး လျှင် လုယီကျုံးဘက်သို့ လှည့်ကာ....

'ရှင် ဘယ်လိုဖြစ်တာလဲ'

ဟု မေးလိုက်လေသည်။

လုယီကျုံး ဘာမှမပြောနိုင်ချေ။

အဆိပ်ဒက်ကြောင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေကာ မြေပဲလဲကျမသွားရလေအောင် မနည်းထိန်းထားလိုက်ရလေသည်။

ကျွေဖုံး ရင်ထိတ်သွားသည်။

'ရှင် အဆိပ်မိထားတာ ခုတော့ အဆိပ်တန်ခိုးထက်လာပြီကို'

ဟု လှည့်ခနဲ ဒရွတ်လိုက်လေသည်။

လုယီကျုံးက....

'သခင်မလေး ဒီနေရာက မြန်မြန်ထွက်သွားပါဗျာ'

ဟု အားယူကာပြောလေသည်။

သူ့အတွက်ကြောင့် ကျွေဖုံးဒုက္ခရောက်သွားမည်ကိုစိုးရိမ်ခြင်းကြောင့် ဖြစ်မပတော့သည်။

ကျွေဖုံး ပြုံးလိုက်သည်။

'ကျွန်မအတွက် ဘာမှမစိုးရိမ်ပါနဲ့ရှင်၊ ကျွန်မက သူ့ကို မောင်းထုတ်ပြီး ရှင့်ရဲ့ဝေဒနာကို ဆေးကုပေးပါမှယ်'

ဟု ပြောလိုက်သည်။

ထို့နောက် မျက်နှာဖုံးစွပ်ထားသူတက်သို့လှည့်ကာရင်ဆိုင်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူ ဒေါသဖွနေသည်။

'ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ချင်တဲ့မိန်းကလေး သေဖို့သာပြင်းပေတော့'

ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကျွေဖုံးက....

'ရှင်က ဘာတစ်နိုင်ငံမှာမို့လဲ'

ဟု အော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ရင်ဆိုင်မိသည်နှင့် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

* * *

မျက်နှာဖုံးစွပ်ထားသူနှင့် ကျေဖုံးတို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေကြလေသည်။

မျက်နှာဖုံးစွပ်ထားသူသည် ထိပ်သီးသိုင်းပညာရှင် တစ်ယောက် ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေ၏။

သူ၏တိုက်ကွက်များမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေမိ၏။

ကျေဖုံးသည် ကိုယ်ဖော့ပညာအသုံးပြုရင်း ရှောင်တိမ်းပေးလိုက်သည်။

ထို့နောက် လက်နက်ပုန်းကလေးများအသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူမအသုံးပြုသော လက်နက်ပုန်းလေးများမှာ အချောင်းလေးများ ဖြစ်ကြလေသည်။

အပ်ကလေးများကို ပစ်လွှတ်လိုက်သည်နှင့် အလင်းတန်းများပမာ မျက်နှာဖုံးစွပ်ထားသူထံသို့ တိုးဝင်သွားလေသည်။

ထိုလူထိတ်လန့်သွားသည်။

ကပျာကယာ အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်၏။

'ဝှီး'

လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာသည်။

ပစ်လွှင့်သွားသော အပ်ကလေးများသည် မြေပေါ်ရောက်ပြာကျသွားလေသည်။

ကျေဖုံး နှာခေါင်းရှုံ့လိုက်ပြီး....

'ရှင် ဘယ်လောက်တတ်နိုင်မှာမို့လဲ၊ ရှောင်နိုင်ရင်ရှောင်ပေးတော့'

ဟု ကြိုးဝါးကာ ထပ်မံတိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်....

ကျေဖုံးပစ်လိုက်သည့် လက်နက်ပုန်းလေးများသည် ထိုလူ၏နှာခေါင်းပိုင်းသို့ လည်းကောင်း၊ ရင်ဘတ်နှင့် ခြေထောက်ပိုင်းသို့လည်းကောင်း သုံးနေရာခွဲကာ ပစ်လွှင့်သွား၏။

ကျေဖုံးသည် မီးအိမ်ဂိုဏ်း၏ အကျော်ကြားဆုံးသောတန်း လက်နက်ပုန်းကို အသုံးပြုလိုက်ခြင်း ဖြစ်ပေသည်။

မျက်နှာဖုံးစွပ်ထားသူသည် အလင်းတန်း လက်နက်ပုန်းကြောင်းကို ကောင်းစွာသိထားပုံရလေသည်။

ဟု အော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ရင်ဆိုင်မိသည်နှင့် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

* * *

မျက်နှာဖုံးစွပ်ထားသူနှင့် ကျွဲဖုံးတို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေကြလေသည်။

မျက်နှာဖုံးစွပ်ထားသူသည် ထိပ်သီးသိုင်းပညာရှင် တစ်ယောက် ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေ၏။

သူ၏တိုက်ကွက်များမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေမိ၏။

ကျွဲဖုံးသည် ကိုယ်ဖော့ပညာအသုံးပြုရင်း ရှောင်တိမ်းပေးလိုက်သည်။

ထို့နောက် လက်နက်ပုန်းကွယ်လေးများအသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူမအသုံးပြုသော လက်နက်ပုန်းလေးများမှာ အပ်ချောင်းလေးများ ဖြစ်ကြလေသည်၊

အပ်ကလေးများကို ပစ်လွှတ်လိုက်သည်နှင့် အလင်းတန်းများပမာ မျက်နှာဖုံးစွပ်ထားသူထံသို့ တိုးဝင်သွားလေသည်။

ထိုလူထိတ်လန့်သွားသည်။

ကပျာကယာ အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်၏။

'ဝှီး'

လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာသည်။

ပစ်လွှင့်သွားသော အပ်ကလေးများသည် မြေပေါ်ရောက် ပြုတ်ကျသွားလေသည်။

ကျွဲဖုံး နှာခေါင်းရှုံ့လိုက်ပြီး....

'ရှင်ဘယ်လောက်တတ်နိုင်မှာမို့လဲ၊ ရှောင်နိုင်ရင်ရှောင်ပေတော့'

ဟု ကြုံးဝါးကာ ထပ်မံတိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်....

ကျွဲဖုံးပစ်လိုက်သည့် လက်နက်ပုန်းလေးများသည် ထိုလူ ဦးခေါင်းပိုင်းသို့ လည်းကောင်း၊ ရင်ဘတ်နှင့်ခြေထောက် အောက်ပိုင်းသို့လည်းကောင်းသုံးနေရာခွဲကာပစ်လွှတ်သွား၏။

ကျွဲဖုံးသည် မီးအိမ်ဂိုဏ်း၏ အကျော်ကြားဆုံးသော အလင်းတန်း လက်နက်ပုန်းကို အသုံးပြုလိုက်ခြင်း ဖြစ်ပေတော့သည်။

မျက်နှာဖုံးစွပ်ထားသူသည် အလင်းတန်း လက်နက်ပုန်း အကြောင်းကို ကောင်းစွာသိထားပုံရလေသည်။

နောက်သို့ ဆယ်ပေခန့်ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက်၏။

'တောက်....တောက်....တောက်'

လက်နက်ပုန်းများသည် ပစ်မှတ်ကိုလွဲချော်ကာ မြေပေါ်
စိုက်ဝင်သွားပြန်လေတော့သည်။

ကျပ်ဖုံးသည် ထိုလူက သူမ၏ လက်နက်ပုန်းကို နှစ်ကြိမ်
တိုင်တိုင် ရှောင်တိမ်းသွားနိုင်ခဲ့ခြင်းကြောင့် အံ့သြသွား၏။

ထိုလူသည် ခေသူမဟုတ်သလို ရေရှည်ရင်ဆိုင်တိုက်ခိုက်ခဲ့
မည်ကြောင်း တွေးမိလိုက်လေသည်။

သူမသည် လုယိကျုံးအား ကယ်တင်ကာ ရှောင်ထွက်သွား
ရန် ဆုံးဖြတ်လိုက်လေသည်။

လုယိကျုံးတက်သို့ လှည့်ကြည့်လိုက်သောအခါ....

'ထင်'

မမျှော်လင့်ထောအဖြစ်ကြောင့် သူမ လျှပ်တခဲ ရေရွတ်
လိုက်၏။

အကြောင်းမှာ....

လုယိကျုံး ပျောက်ချင်းမလှ ပျောက်ဆုံးနေခြင်းကြောင့်
ဖြစ်လေတော့သည်။

'အစ်ကိုလု....အစ်ကိုလု'

ကျပ်ဖုံးက အော်ခေါ်လိုက်လေသည်။

သို့သော်....

လုယိကျုံး၏ တုံ့ပြန်သံ မကြားရပါ။

လူရိပ်လူယောင်လည်း မတွေ့ရတော့ပါ။

ကျပ်ဖုံးသည် မျက်နှာဖုံးစွပ်ထားသူကိုပင် ဂရုမစိုက်နိုင်
တော့ပါ....

'အစ်ကိုလု... အစ်ကိုလု'

ဟု တကြော်ကြော်ခေါ်ကာ ပြေးထွက်သွားလေတော့
သည်။

လုယိကျုံး မည်သည့်နေရာရောက်ရှိနေပါသနည်း။

* * *

လုယိကျုံးသည် မြင်းလှည်းတစ်စီးပေါ်၌ ရောက်ရှိနေ
သည်။

မြင်းလှည်းသည် တလှုပ်လှုပ်ဖြင့် သွားနေ၏။

မြင်းလှည်းအိမ်ထဲ၌ လူနှစ်ယောက်ရှိနေ၏။

လုယိကျုံးနှင့် ကျတ်ဆတ်ဆတ် အမူအရာရှိ မာကြော
ကြောနိုင်လှသော မိန်းကလေးတို့ဖြစ်ကြသည်။

ထိုမိန်းကလေးမှာ အရိပ်မဲ့တောင်မှသခင်မလေး ချိုင်ယို့ဖြစ်ကြောင်း လုယိကျုံးသိထားလေသည်။

ချိုင်ယို့သည် လုယိကျုံး၏ သွေးကြောများကိုနှိပ်နယ်ပေးလိုက်ပြီးမှ....

'ရှင် သက်သာရဲ့လား'

ဟု မေးလာလေသည်။

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ ကျုပ် သက်သာလာပါပြီဗျာ'

ချိုင်ယို့က....

'ရှင်ဟာ အဆိပ်မိထားမှန်းသိရင် ထစ်နေရာရာမှာ အေးဆေးဆေးနေပြီး အဆိပ်ပျောက်ကင်း သွားတဲ့ အထိ အနားယူဖို့ ကောင်းတယ်'

ဟု အပြစ်တင် ပြောဆိုလာလေသည်။

လုယိကျုံးက....

'ကျုပ်အတွက် အနားယူဖို့ အချိန်မရှိပါဘူးဗျာ'

ချိုင်ယို့က....

'ဘာလဲ၊ ရှင့်မိဘတွေကို သတ်သွားတဲ့တရားခံကို ဖော်ထုတ်ဖို့ ရှင်ကအသက်စွန့်ပြီးကြိုးစားမယ်ပေါ့ ဟုတ်လား'

လုယိကျုံး ဘာမှ မပြောဘဲ နေလိုက်လေသည်။

ချိုင်ယို့က....

'ရှင်က ကိုယ့်ကိုယ်ကို ဂရုမစိုက်ရင် ပိုပြီး ဒုက္ခရောက်သွားလိမ့်မယ်၊ ခုဆိုရင် သိုင်းလောကတစ်ခုလုံးက ရှင့်နောက်ကို လိုက်ကြီးမဲ့ကြီးလိုက်နေကြပြီရှင့်'

လုယိကျုံးက....

'ကျုပ် သိပါတယ်ဗျာ'

ဟု ပြောလိုက်သည်။

ချိုင်ယို့က....

'ကျွန်မ တစ်ခုပြောမယ်၊ ရှင် လက်ခံနိုင်မလား'

လုယိကျုံးက....

'ဘယ်လိုကိစ္စလဲဆိုတာ အရင်ပြောပါဗျာ'

ချိုင်ယို့က....

'ရှင်က ဘယ်သူ့ကိုမှ လိုက်ရှာနေစရာ မလိုဘူး၊ ရွှေပုရပိုက်ကို လိုချင်နေကြသူတွေကတော့ ရှင့်ကို မရှာဘဲ နေနိုင်ကြမှာ မဟုတ်ဘူး'

လုယိကျုံးက သက်ပြင်းချလိုက်သည်။

ချိုင်ယို့က....

'ရှင်ရဲ့မိဘတွေဟာ ရွှေပုရပိုက်ကြောင့် လုပ်ကြံခံနေခဲ့ရ တာပဲ၊ ရွှေပုရပိုက်နောက်ကို လိုက်နေကြသူတွေထဲမှာ ရှင့်ရဲ့ မိဘတွေကို သတ်သွားတဲ့လူတွေ ပါမလာဘူးလို့ ဘယ်သူ ပြောနိုင်မလဲ'

လုယိုကျုံးက....

'ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားပြောတာမှန်ပါတယ်'

ချိုင်ယွဲ့ကို....

'ဒီတော့ ရှင်က အပင်ပန်းခံလိုက်ရှာနေစရာမလိုဘဲ လူသတ် ဘရားခံက ရှင့်ဆီရောက်လာတဲ့အထိ အေးအေးဆေးဆေး ဆိုင်စောင့်နေတာက ပိုမကောင်းဘူးလား'

ဟု မေးလေသည်။

လုယိကျုံးက ပြုံးလိုက်သည်။

'မင်း ပြောတာမဆိုးပါဘူး၊ ဒါပေမယ့်...'

'ဒါပေမယ့် ဘာဖြစ်သလဲရှင်'

'ကျုပ်က စားပွဲ အိပ်ဖို့တောင် အချိန်ရပါတော့မလား'

မွှန်ပေသည်။

သိုင်းလောက်သားများသည် အဆက်မပြတ်တဲ့ပွဲဆောက်ရှိ လာကြတော့မည် ဖြစ်လေသည်။

မိုးလင်းမိုးချုပ် ရင်ဆိုင်ဖြေရှင်းနေရတာမျည် ဖြစ်သည်။

ချိုင်ယွဲ့က....

'ရှင်က ခုလို သွားလာနေမယ်ဆိုရင်ကော'

လုယိုကျုံး ပခုံးတွန့်လိုက်လေသည်။

ချိုင်ယွဲ့က....

'ကျွန်မက ရှင့်ကို အေးချမ်းတဲ့တစ်နေရာရာကို ခေါ်သွား ချင်လို့ စိတ်ကူးထားတာ၊ ရှင်သဘောမတူဘူးဆိုရင်လဲ ဘယ် ဘတ်နိုင်ပါ့မလဲရှင်၊ ဒါပေမယ့်....'

သူမသည် မြင်းလှည်းအိမ်ကို လက်ဝါးဖြင့် ပုတ်လိုက်၏။

ရုတ်တရက်....

'တီး....တီး....တီး'

မြင်းတီသံများ ထွက်ပေါ်လာလေသည်။

မြင်းလှည်း ရပ်တန့်သွားလေသည်။

ချိုင်ယွဲ့က မြင်းလှည်းတံခါးဖွင့်ကာ ဆင်းလိုက်၏။

လုယိကျုံးလည်း ဆင်းလိုက်သည်။

ထိုအခါ....

သာယာလှပသော ပန်းဥယျာဉ်လေး တစ်ခုကို တွေ့မြင် လိုက်ရလေသည်။

ပန်းဥယျာဉ်အလယ်တွင် လှပသော အိုမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။

လုယိကျုံး ကြောင်အမ်းအမ်းဖြစ်ကာ....

'ကျုပ်က ဘယ်လိုနေရာမျိုးကို ရောက်လာတာလဲ'

ဟု မေးလိုက်လေသည်။

ချိုင်ယွံဝေ....

'ရှင်က အာရိပ်မဲ့တောင်ကုန်းကို ရောက်လာတာပေါ့'

'ဗျာ'

'ဒီနေရာကို သိုင်းလောကသားတွေလာပြီး မနှောင့်ယှက်ရဲ ကြဘူးလေ'

'ကျုပ်က'

'ကျွန်မရဲ့ဆရာ ကိုယ်တိုင်က ရှင့်ကိုခေါ်လာပြီး ဒီမှာပဲ အနားယူခိုင်းဖို့ ပြောပါတယ်၊ တကယ်လို့ သိုင်းလောကသား တွေ ရောက်လာရင်လဲ ဆရာကပဲတာဝန်ယူပြီး ဖြေရှင်းပေးပါလိမ့်မယ်'

လုယိကျုံး သက်ပြင်းချလိုက်လေသည်။

ချိုင်ယွံဝေက....

'ကဲ....ဆင်းပါဦးရှင်'

ဟု ပြောလိုက်လေသည်။

လုယိကျုံး မတတ်သာတော့တဲ့ မြင်းလှည်းပေါ်မှ ဆင်းလိုက်ရလေတော့သည်။

* * *

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

လေဝှေ့ယမ်း တိုက်ခတ်လာသော အခါမှေးကြိုင်ဆင်းပျို့သော ပန်းရနံ့များ လွှင့်ပျံ့လာလေသည်။

ပျားပိတုန်း လိပ်ပြာများသည် ပန်းဝတ်ရည် စုပ်ယူရန် ပျံဝဲနေကြသည်။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးဆိုသံများကိုလည်း ကြားနေရ၏။

လုယိကျုံးသည် စိတ်ထဲ၌အလိုလိုနေရင်း ပျော်ရွှင်ကြည်နူးလာလေသည်။

ပူပင်သောကများ ကွယ်ပျောက်သွားသည်ဟု ခံစားလိုက်ရ၏။

ချိုင်ယွဲ့က....

'ကျွန်မတို့ အရိပ်မဲ့တောင်ကုန်းဟာ မသာယာဘူးလား ဆရာ'

လုယိကျုံးက....

'ကျုပ်ရောက်ဖူးတဲ့နေရာတွေထဲမှာ ဒီနေရာလောက် သာယာလှပတဲ့နေရာမျိုး မရှိခဲ့သေးပါဘူး'

ဟု ချီးကျူး ပြောဆိုလိုက်လေသည်။

ချိုင်ယွဲ့က ကျေနပ်သွားလေသည်။

'ကဲ....ကျွန်မနောက်ကိုလိုက်ခဲ့ပါရှင်'

ဟု ပြောကာ လမ်းပြခေါ်ဆောင်သွားလေသည်။

လုယိကျုံးက လိုက်သွားလေသည်။

နှစ်ယောက်သား လှပသော ပန်းခင်းကိုဖြတ်ကာ အိမ်လေးရှေ့သို့ ရောက်ရှိသွားကြလေသည်။

ချိုင်ယွဲ့က တံခါးခေါက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ချိုင်ယွဲ့ ညည်းပြန်လာပြီလား၊ တံခါးစေ့ရုံသာ စေ့ထားတယ် တွန်းဖွင့်ပြီး ဝင်လာခဲ့ပါ'

အတွင်းဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချိုင်ယွဲ့က....

'ကျွန်မရဲ့ဆရာပေါ့'

ဟု လုယိကျုံးကို ပြောပြပြီး တံခါး တွန်းဖွင့်လိုက်လေသည်။

လုယိကျုံးလည်း လိုက်ပါသွားရလေသည်။

အိမ်အတွင်းဘက်၌ သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားပြီး အဘွားအိုတစ်ယောက် ရှိနေသည်ကို တွေ့ရ၏။

ချိုင်ယွဲ့က ဦးညွတ်ဂါရဝပြုလိုက်သည်။

'ဆရာ....ဆရာ့ အမိန့်အတိုင်း သမားတော် ခြံဝင်းပိုင်ရှင် ခွဲထား လုယိကျုံးကို ခေါ်လာခဲ့ပါပြီ'

ဟု ရှိသေစွာ ပြောလေသည်။

အဘွားအို သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကောင်းတယ်၊ ကောင်းတယ်'

ချိုင်ယွဲ့က လုယိကျုံးဘက်သို့ ပြန်လှည့်ကာ....

'ဒါကတော့ ကျွန်မရဲ့ဆရာ ချိုင်ရှမ်း ဖြစ်ပါတယ်ရှင်၊ ညီးလောကသားတွေကတော့ ဆရာ့ကို အရိပ်မဲ့မယ်တော်ဘိုးထူးပေးထားပါတယ်'

ဟု မိတ်ဆက်ပေးလိုက်လေသည်။

လုယိကျုံးသည် သိုင်းလောကထုံးတမ်းစဉ်လာအရဉီးညွတ်ဂါရဝပြုလိုက်လေသည်။

'ဟုတ်ကဲ့၊ ကျွန်တော်က လုယိကျုံးပါ၊ ဘွားဘွားနဲ့ ခုလို သိကျွမ်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ဟု ပြောလိုက်လေသည်။

အဘွားအို(ဝါ)ချိုင်ရှမ်း ခေါင်းခါယမ်းလိုက်လေသည်။

'ဝမ်းမသာနဲ့ကွယ့်'

'ဗျာ'

'ကျုပ်က မင်းကိုခေါ်ခိုင်းတာ ဝမ်းသာစရာ စကားပြောမလို့မှ မဟုတ်တဲ့'

ဘွားဘွားက....

ချိုင်ရှမ်းက...

'ကျုပ်က ရှေ့ပုရပိုက်နဲ့ပတ်သက်ပြီး မင်းကိုမေးမလို့'

လုယိကျုံး စိတ်ပျက်သွားလေတော့သည်။

ချိုင်ယုံကိုသည်း လှမ်းကြည့်လိုက်၏။

ချိုင်ယုံသည်လည်း မျက်နှာပျက်နေသည်။

လုယိကျုံးအား သူမခေါ်လာမိသည်မှာ မှားပြီဟူသော သဘောမျိုး ဖြစ်ခဲ့လေသည်။

ချိုင်ရွှမ်းက....

'ရွှေပုရပိုက်ကိုရရင် သိုင်းလောကမှာ မြို့ငါအက်ကင်းတဲ့ သိုင်းသမားတစ်ယောက် ဖြစ်လာမယ်ဆိုတော့ ကျုပ်လဲ စိတ် ဝင်စားမိတယ်'

ဟု ပြောလေသည်။

လုယုံကျုံး သက်ပြင်းချိလိုက်ပြီး....

'ရွှေပုရပိုက်အကြောင်းကို ကျွန်တော် ဘာမှမသိပါဘူး'

ဟု ပြောလိုက်လေသည်။

ချိုင်ရွှမ်းမျက်မှောင်ကြုတ်သွားသည်။

'မင်း မသိဘူးဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'နေပါဦး၊ မင်းဟာ သမားတော်ခြံဝင်းပိုင်ရှင်ရဲ့သား မဟုတ်လား'

လုယုံကျုံးက....

'ဒါတော့ မှန်ပါတယ်'

ချိုင်ရွှမ်းက....

'ဒါဆို ရွှေပုရပိုက်ဟာ မင်းဆီမှာ ရှိရမှာပေါ့'

ဟု ပြောလေသည်။

လုယုံကျုံးက....

'မရှိပါဘူး၊ ခင်ဗျားသိုင်းလောကသားတွေတလဲ ကျွန်တော့်ဆီမှာ ရွှေပုရပိုက်ရှိတယ်အထင်နဲ့ လိုက်ရှာနေကြပါ ဘဲ'

ချိုင်ရွှမ်းသည် ချိုင်ယုံကို မျက်မှောင်ကြုတ်ကာ ကြည့်ပြီး....

'ညည်းက သူ့ဆီမှာ ရှာမကြည့်ဘူးလား'

ဟု မေးလိုက်လေသည်။

ချိုင်ယုံက....

'ရှာမကြည့်ရသေးပါဘူးဆရာ'

ချိုင်ရွှမ်း စိတ်ဆိုးသွားလေသည်။

'ညည်း ဘာကြောင့်မရှာတာလဲ'

ချိုင်ယ့်ိ ခေါင်းငုံ့ထားလိုက်လေသည်။

ချိုင်ရှမ်းသည် လုယ်ိကျုံးဘက်သို့ပြန်လှည့်ကာ တင်း ခက်ထန်အောမျက်နှာထားဖြင့်....

'ပြောစမ်း ရွှေပုရိုက်ဘယ်မှာလဲ'

ဟု မေးလာပြန်သည်။

လုယ်ိကျုံးက....

'ကျွန်တော် မသိပါဘူးခင်ဗျာ'

ဟု ထပ်ပြောလိုက်သည်။

ချိုင်ရှမ်းက....

'မင်းသေချင်ပြီထင်တယ်'

ဟု ငေါက်လိုက်လေသည်။

ချိုင်ယ့်ိက....

'ဆရာ'

ဟု ခေါ်လိုက်သည်။

သူမသည် လုယ်ိကျုံးအတွက်စိုးရိမ်သွားဟန်ရှိလေသည်။

ချိုင်ရှမ်းက လက်ကာပြလိုက်သည်။

'ညည်း တေးဖယ်နေလိုက်စမ်း'

ချိုင်ယ့်ိ ခေါင်းငုံ့ထားလိုက်လေသည်။

ချိုင်ရှမ်းသည် လုယ်ိကျုံးအား စိုက်ကြည့်လိုက်ပြီး....

'ပြောစမ်း ရွှေပုရိုက်ဘယ်မှာလဲ'

လုယ်ိကျုံးက ဘာမှမပြောဘဲ နေလိုက်၏။

သူ့ထံတွင် မရှိကြောင်းပြောပြီး ဖြစ်ရပ်ကား ထပ်မံ့ပြော မလိုတော့ဟု ယူဆထားလေသည်။

ချိုင်ရှမ်းက....

'သမားတော်ခြံဝင်းဖျက်ဆီးခံလိုက်ရတယ်၊ ခြံဝင်းပိုင်ရှာ သေဆုံးသွားတယ်၊ ဒါပေမယ့် သူရဲဇနီးသည်နဲ့ သားရှာ လွတ်မြောက်သွားခဲ့တယ်၊ သူတို့နဲ့အတူ ရွှေပုရိပါသွားတယ်ဆိုတာ ငါသိထားပြီးပြီ၊ မင်း လိမ်လို့မရ

ဟု ပြောလေသည်။

လူယဝကျုံးက ဘာမှမပြော။

ချိုင်ရှမ်းက....

'ကဲ....ရွှေပုရပိုက်ကိုပေးမလား၊ အသက်အသေခံမလား ကြိုက်တဲ့လမ်း ရွေးပေတော့'

ဟု ပြတ်ပြတ်ပြောလေသည်။

လူယဝကျုံး ငိုင်သွားသည်။

ရွှေပုရပိုက်လိုချင်သူတစ်ယောက်နှင့် တွေ့နေရပြန်ပြီမဟုတ်ပါလား။ လူတိုင်းလူတိုင်းသည် ရွှေပုရပိုက်ကိုလိုချင်မက်မောနေကြလေသည်။

'ရွှေပုရပိုက်ဟာ ဘယ်လိုပစ္စည်းမျိုးပါလိမ့်'

ဟု လူယိကျုံး တွေးလာမိလေတော့သည်။

* * *

အိမ်ထဲ၌ တိတ်ဆိတ်သွားသည်။

သာယာလှပမှုအပေါင်း ပျောက်ကွယ်သွားပြီဖြစ်သည်။

ချိုင်ရှမ်း၏ လိုချင်မက်မောမှုကြောင့် အရှုပ်ဆိုး အကျည်းသွားရခြင်း ဖြစ်လေသည်။

ချိုင်ယဝ စိတ်မကောင်းဖြစ်နေသည်။

သူမသည် ချိုင်ရှမ်း၏ ဘ.တွင် ဒုးထောက်ချလိုက်ပြီး....

'ဆရာ'

ဟု ခေါ်လိုက်လေသည်။

'ချိုင်ရှမ်းက...

'ညည်း ဘာပြောချင်လို့လဲ'

ဟု မေးလေသည်။

ချိုင်ယဝက....

'ဆရာရယ်.... ကျွန်မစုံစမ်းကြည့်ပြီးပါပြီ၊ ဒီကိစ္စတွေကို ဘာမှ မသိပါဘူး'

ချိုင်ရှမ်း မျက်မှောင်ကြုတ်သွား၏။

'သူဘာမှ မသိဘူး ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာလဲ ညည်းက သူ့အတွက် ကာကွယ် ပြောဆိုနေတာ'

ဟု ငေါက်သိုက်သည်။

ချိုင်ယဲ့ကို....

'မဟုတ်ပါဘူး ဆရာ၊ သူ တကယ် ဘာမှမသိလို့ပါ'

ချိုင်ရှမ်းက....

'သူသိတာမသိတာကို ညည်းဘာမှဝင်ပြောစရာအကြောင်း မရှိဘူး၊ ပါးစပ်ပိတ်ပြီး နောက်ဆုတ်နေလိုက်စမ်း'

ဟု ငေါက်လိုက်လေသည်။

ချိုင်ယဲ့က....

'ဆရာ'

ချိုင်ရှမ်း ဒေါပွသွားလေသည်။

'ငါက ပါးစပ်ပိတ်ထားလို့ ပြောနေတာ မကြားဘူးလား'

သူမသည် စိတ်မရှည်နိုင်တော့သည့်သဘောဖြင့် ပါးစိုက် ချလိုက်လေသည်။

'ဖြန်း'

မြည်သံကျယ်လောင်စွာ ဆွက်ပေါ်လာသည်။

ချိုင်ယဲ့၏ ချောမောလှပသောပါးပြင်လေးမှာနီရဲသွားလေတော့သည်။

ချိုင်ရှမ်းက လုယီကျုံးကို ညှဉ်ပြလိုက်ပြီး....

'သူဟာ ယောကျ်ားချောတစ်ယောက်ဖြစ်လို့ သိုင်းလောအလှဆုံးခိန်းကလေးတွေက သူ့ကို စိတ်ဝင်စားနေကြဆိုတဲ့ သတင်းကို ငါကြားပြီးပြီ၊ ဘာလဲ ညည်းကကောအပေါ် စိတ်ဝင်စားနေလို့လား'

'အို....'

ချိုင်ယဲ့ ရှက်သွားပြီး လှတ်ခနဲရေရွတ်လိုက်လေသည်။

ချိုင်ရှမ်းက....

'ကောင်းပြီ....သူ့ဆီက ရွှေပုရပိုက်ကို ရအောင်ယူပေးရင် သူ့ကို ညည်းလက်ထဲ အပ်လိုက်မယ်'

ဟု ပြောလေသည်။

ချိုင်ယဲ့ ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်....ကျွန်မ သူ့ကိုဘာမှမလုပ်ပါရစေနဲ့'

'ဘာပြောတယ်'

'ဆရာရယ် သူ့ကိုခွင့်လွှတ်လိုက်ပါ၊ ရွှေပုရပိုက် သူ့ဆီ မရှိပါဘူးရှင်'

ချိုင်ယဲ့က တောင်းပန်လိုက်လေသည်။

ချိုင်ရှမ်း ပိုပြီး ဒေါပွသွားလေသည်။

'လက်စသတ်တော့ ညည်းကသူ့ကို အကာအကွယ် ပေးဘာကိုး၊ ကောင်းပြီ သိကြသေးတာပေါ့'

ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

လုယိကျုံးနှင့် ချိုင်ယဲ့တို့အား ဒေါ့ကြည့်လိုက်ပြီး...

'နှစ်ယောက်စလုံးက ရွှေပုရပိုက် မရှိဘူးလို့ ပြောနေတာဟာ တစ်ကျိတ်တည်း တစ်ညာက်တည်း ဖြစ်ဘယ်ဆိုးထင်ရှားနေတာပဲ၊ ချိုင်ယဲ့ ညည်းကငါ့အပေါ် သူ့ဖောက်ဘယ်ပေါ့လေ'

ဟု ငေါက်လိုက်သည်။

ချိုင်ယဲ့ ထိတ်လန့်သွားလေသည်။

'မ...မဟုတ်ပါဘူး ဆရာရယ်'

သူမထည် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်။

ချိုင်ရွမ်းက ဂရုမစိုက်ချေ။

'ငါ့ကို သစ္စာဖောက်ရင် ဘယ်လိုအပြစ်ဒဏ် ခံရမယ်ဆို တာ ညည်းသိတယ် မဟုတ်လား'

ချိုင်ယဲ့က....

'ကျန်မ တောင်းပန်ပါတယ် ဆရာ၊ သူ့မှာ တကယ်မရှိ တာပါ၊ ရွှေပုရပိုက်နဲ့ ပတ်သက်ပြီး သူဘာမှ မသိပါဘူး ဆရာ'

ချိုင်ရွမ်းက....

'သူ့ဘက်ကနေပြီး ညည်းကာကွယ်ပြောဆိုနေကတည်းက မရှိးသားဘူးဆိုတာ ထင်ရှားနေတာပဲ'

ဟု စွပ်စွဲလိုက်၏။

ချိုင်ယဲ့ မည်သို့ရှင်းပြရမှန်းမသိအောင် ဖြစ်သွားသည်။

လုယိကျုံးသည် ချိုင်ယဲ့ကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားသည်။

ချိုင်ယဲ့သည်သူ့အပေါ် အကောက်ကြံလိုရှေ့လာခြင်း မဟုတ်ကြောင်း တင်ရှားနေလေသည်။

ချိုင်ရွမ်းကတစ်ဖက်လှည့်နှင့်သူမအား ခေါ်ခိုင်းလိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားနေသည်။

သို့မဟုတ်လျှင် သူမသည် လုယိကျုံးဘက်မှ ရပ်တည် ပြောဆိုပေးလိမ့်မည် မဟုတ်ချေ။

ချိုင်ရွမ်းကား ချိုင်ယဲ့အပေါ် မကျေမနပ်ဖြင့်နေပြီ။

'ကဲ သူ့ဆီက ရွှေပုရပိုက်ကို ညည်းရအောင် တောင်းပေးရမယ်၊ ဒါမှမဟုတ်ရန် ညည်း သေဖို့သာပြင်ထား'

ဟု ငေါက်လိုက်လေသည်။

ချိုင်ယဲ့က....

'ဆရာရယ် ရွှေပုရပိုက်က ဘာလုပ်ဖို့လဲ'

ဟု ပြန်မေးလိုက်၏။

'ဘာ'

ချိုင်ရှမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချိုင်ယွဲ့ကို မျက်လုံးပြူးၫြဲကြည့်ကာ....

'ရွှေပုရပိုက်ကို ဘာလုပ်ရမလဲ ဟုတ်လား၊ ရွှေပုရပိုက်ကို ရရင် သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းသမား တစ်ယောက် ဖြစ်လာမယ်ဆိုတာ ညည်းမသိဘူးလား'

ချိုင်ယွဲ့က....

'ဆရာရယ်၊ ရွှေပုရပိုက်ကို မလိုချင်ပါနဲ့လား'

'ဘာ'

'ရွှေပုရပိုက်ဟာ မကောင်းတဲ့ အတိတ်နိမိတ်ရှိတဲ့ ပစ္စည်းပါ၊ ဒီပစ္စည်းကိုရခဲ့လို့ သမားတော်ကြီးခြံဝင်း ပျက်စီးခဲ့ရတယ်၊ ခုချိန်ထိလဲ သဲကြီးမဲကြီးလိုက်ရှာရင်း သွေးထွက်သံယို တိုက်ပွဲတွေ ဖြစ်ပွားနေတုန်းပါပဲ'

ချိုဝိရှမ်းက ဟားတိုက်ရယ်မောလိုက်လေသည်။

'လက်စသတ်တော့ ညည်းက ငါ့ကိုဆုံးမနေတာကိုး၊ ချိုင်ယွဲ့.. ညည်းကဆရာလား၊ ငါကဆရာလား'

ချိုဝ်ယွဲ့က....

'ကျနှိ်....ကျနှိ်မက....'

ချိုင်ရှမ်းက....

'ညည်း ပါးစပ်ပိတ်ထားလိုက်စမ်း'

ချိုင်ဖွဲ့ ဘာမှမတတ်သာတော့ဘဲ ငြိမ်နေလိုက်ရ၏။

ချိုင်ရှမ်းက လုယဲကျုံးဘက်သို့ လှည့်ကာ....

'ကဲ....ရွှေပုရပိုက်ကိုပေးမလား၊ အသက်အသေခံမလား၊ ဆိုက်တဲ့လမ်းကိုရွေးမေတော့'

ဟု ငေါက်လိုက်လေသည်။

ယခုတစ်ကြိမ်....

ချိုင်ရှမ်းသည် လုံးဝညှာတာတော့မည် မဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

လုယဲကျုံး ခံပြင်းသွားသည်။

'ကျနှိ်တော့ ဆိမ္မာမှု မရှိတာ၊ ကျနှိ်တော် သိလဲ့မသိဘူး၊ ဒါကြောင့် ဘယ်လိုလုပ် ပေးနိုင်မှာလဲ'

ချိုဝ်ရှမ်းက....

'နှေဦး၊ မင်းရဲ့အမေဟာ သမားတော်ခြံဝင်းက လွတ်မြောက်သွားခဲ့တယ် မဟုတ်လား'

ဟု မေးလာလေသည်။

လုယဲကျုံးက ဘာမှမပြောဘဲ နေလိုက်လေသည်။

ချိုင်ရှမ်းက....

'ဟုတ်ပြီ၊ မင်းအမေဟာ မင်းကိုခေါ်ပြီး ထွက်ပြေးလွှတ်မြောက်သွားတယ်၊ မင်းအမေနဲ့အတူ ရှေ့ပုရပိုက် ပါသွားတယ်၊ ကဲ....ပြောစမ်း၊ မင်းရဲ့အမေ ဘယ်သူလဲ'

လုယိုကျုံး သက်ပြင်းချလိုက်သည်။

သူ့၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

'ကျွန်တော့်မေမေ ကွယ်လွန်သွားတာကြာပါပြီ၊ ကျွန်တော်တောင်မှ ကောင်းကောင်းမမှတ်မိလိုက်ပါဘူး ခင်ဗျာ'

ချိုင်ရှမ်းက....

'လက်စသတ်တော့ မင်းအမေကွယ်လွန်သွားပြီကိုး၊ ဒါဖြင့် မင်းကို ဘယ်သူက ကျွေးမွေး စောင့်ရှောက် ထားသလဲ၊ ပြောစမ်းပါဦး'

လုယိုကျုံးက....

'ဒေါ်လေး ကူးယင်ပါခင်ဗျာ'

သူ၏ဘဝမှန်ကို ထုတ်ဖော်မပြောသင့်ကြောင်း နှားလည်သွား၏။

သို့သော်....

လုယိုကျုံးက ယခုကဲ့သို့ ပြောပြနေသည်မှာ ချိုင်ယို့ဆွက် ဖြစ်လေသည်။

သူနှင့်ပတ်သက်ပြီး ချိုင်ယို့ဒုက္ခဆောက်နေသည်ကို မကြည့်ရက်ခြင်းကြောင့် ဖြစ်လေသည်။

ချိုင်ရှမ်း မျက်မှောင်ကြုတ်သွားသည်။

'ကူးယင် ဟုတ်လား၊ ဒီဘို့ ငါသိပြီ၊ သူဟာ ဘစ်ချိန်တုန်းက သိုင်းလောကမှာ နာမည်ကြီးခဲ့တဲ့ မာနခဲကူးယင်ပဲ ဖြစ်ရမယ်'

ဟု ပြောလေသည်။

လုယိုကျုံးက ငြိမ်နေလိုက်၏။

'ဟား....ဟား...ဟား'

ချိုင်ရှမ်းက ရယ်မောလိုက်လေသည်။

လုယိုကျုံး အံ့သြသွား၏။

'ဒီအတွေးကြီး စိတ်မှန့်သေးရဲ့လား'

ဟု တွေးလိုက်မိလေသည်။

ချိုင်ရှမ်းသည် အတန်ကြာအောင် ရယ်မောလိုက်ပြီးမှ....

'ဟုတ်ပြီ၊ ငါသဘောပေါက်ပြီ၊ လက်စသတ်ထော့ ဒီရုပိုက်ဟာ မာနခဲကူးယင်ရဲ့လက်ထဲ ရောက်နေတာကိုး'

'ဗျာ'

'ဘာလဲ၊ မင်း အံ့ဩနေသလား၊ ငါ ပြောပြမယ်၊ သမား တော် ခြံဝင်းပိုင်ရှင်လုထင်းရိန် မာနခဲကူးယင်တို့ဟာ တစ် ချိန်က ချစ်သူတွေ ဖြစ်ခဲ့ကြဖူးတယ်၊ လုထင်းရီဟာ သူ့ကို ဂရုမစိုက်ဘဲ ဆေးပညာကို ပိုပြီး ဂရုစိုက်တယ်ဆိုပြီး သူတို့ နှစ်ယောက်လမ်းခွဲလိုက်ကြတာ၊ အဲဒီနောက်ပိုင်းမှ လုထင်း ရီဟာ တခြားအမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက် တာပဲ'

လုယိကျုံး အံ့ဩသွားသည်။

သူ၏ ဖခင်အကြောင်းကို ချိုင်ရှမ်းက သိနေသည်မဟုတ် ပါလား'

'ဒေါ်ဒေါ်က ဘယ်လိုလုပ်ပြီး ဒီကိစ္စတွေကို သိနေရ တာလဲ'

ဟု မေးလိုက်လေသည်။

ချိုင်ရှမ်းက....

'မင်းရဲ့အဖေလုထင်းရီဟာ တစ်ချိန်က သိုင်းလောကမှာ အတော်ဆုံး ယောကျ်ားပျို တစ်ယောက်အဖြစ် ထင်ရှားခဲ့ ဖူးတာပေါ့၊ ဆေးပညာလဲ တော်တယ် ဆိုတော့ သိုင်း ဝိဇ္ဇာကတစ်ခုလုံးက သူ့ကိုစိတ်ဝင်စားခဲ့ကြတာ မဆန်းဘူး၊

သူနဲ့ပတ်သက်တဲ့ အကြောင်းကိစ္စတွေကို သိနေကြတာလဲ ဆေန်းတော့ဘူးပေါ့'

လုယိကျုံး သက်ပြင်းချလိုက်လေသည်။

ချိုင်ရှမ်းက ဆက်ပြောလိုက်သည်။

'မိန်းမသားတွေရဲ့စိတ်ဟာ ပြောရခက်တယ်၊ ကူးယင် ဟာ လုထင်းရိန်နဲ့ ခွာပြဲခဲ့ကြပေမယ့် လုထင်းရီအပေါ် စိတ် ကုန်တာ မဟုတ်ဘူး၊ လုထင်းရီက အိမ်ထောင်ပြုသွားတော့ အတော်ကို စိတ်နာပြီး သိလျှင် ဝတ်သွားတယ်၊ ဒါပေမယ့် သူဟာ လုထင်းရီအတွက်တော့ အကောင်းဆုံးမိတ်ဆွေဖြစ်နေ သေးတာပေါ့၊ သမ္မားတော်ခြံဝင်း ဖျက်ဆီးခံလိုက်တော့ မင်းရဲ့အဖေဟာ မင်းတို့သားအမိကို ကူးယင်ဆီကို ပြေးဖို့ မှာလိုက်ဘာပဲဖြစ်မယ်'

လုယိကျုံးသည် ချိုင်းရှမ်း ပြောသည့် စကားများကို နားထောင်ရင်း အဖြစ်အပျက်များ တဖြည်းဖြည်း ရှင်းလုံး ပေါ်လာသည်ဟု သိထားလိုက်ရလေသည်။

ချိုင်ရှမ်းက....

'ဒီကိစ္စဟာ ကူးယင်နဲ့ဆက်စပ်လိုက်ရင် ရှင်းသွားမှာပဲ၊ ကဲ.... ကူးယင် ဘယ်မှာလဲ၊ ပြောစမ်း'

ဟု မေးလေသည်။

လုယိကျုံး ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားမေးတိုင်း ပြောရမှာလား'

ချိုင်ရှမ်းသည် လုယိကျုံးအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ထို့နောက်....

'ဟား....ဟား....ဟား'

ကျယ်လောင်စွာ ဟားတိုက်ရယ်မောလိုက်လေသည်။

လုယိကျုံးမှာ ချိုင်ရှမ်းအပေါ် မည်သို့နားလည်ရမှန်း မသိအောင် ဖြစ်သွားရလေသည်။

ချိုင်ရှမ်းသည် ကုလားထိုင်တစ်လုံး၌ သွားရောက်ထိုင်ချလိုက်၏။

ဆက်၍ ရယ်မောနေသည်။

လုယိကျုံးက ချိုင်ယွဲ့အား လှမ်းကြည့်လိုက်သောအခါ ချိုင်ယွဲ့က ဒူးထောက်ကာ ခေါင်းငုံထားသည်ကို တွေ့မြင်ရလေသည်။

ချိုင်ရှမ်းက အားရပါးရ ရယ်မောပြီးမှ....

'ချိုင်ယွဲ့'

ဟု ခေါ်လိုက်၏။

ချိုင်ယွဲ့လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဝမ်းနည်းပါတယ် ခင်ဗျာ၊ ကျွန်တော် ပြောမပြနိုင်ပါဘူး'

သူ၏ကျေးဇူးရှင် ကူးယင်အား ဒုက္ခပေးမည့် လုပ်ရပ်မျိုးကို သူ ထက်ခံမည် မဟုတ်ပေ။

ချိုင်ရှမ်းက....

'မင်း မပြောတူးသား'

'ဟုတ်ပါတယ်'

'မင့်သေချင်ပြီထင်ကယ်'

ချိုင်ရှမ်း၏ စကားအဆုံးတွင်....

'ဖြန်း'

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာလေသည်။

လုယိကျုံး၏ ပါးပြင်တစ်ဖက် ထူပူသွားလေတော့သည်။

လုယိကျုံး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ချိုင်ရှမ်းက....

'ပြောစမ်း၊ မင်းကို ဆိုင်းပညာ သင်ပေးခဲ့တာ ကူးယင် မဟုတ်လား'

လုယိကျုံး ခံပြင်းသွားသည်။

'အမိန့်ရှိပါဆရာ'

ချိုင်ရွှမ်းက....

'မင်း....ဘယ်လိုဘဘောရသလဲ'

'ရှင်....'

'ဟင်း....ဟင်း....တို့ဟာ မကြာခင် ပြိုင်ဘက်ကင်း သိုင်းသမားတွေ ဖြစ်ကြတော့မယ်လေ'

'ဆရာရယ်'

ချိုင်ယဲ့ ညည်းတွားလိုက်လေသည်။

ချိုင်ရွှမ်းက....

'လူတိုင်းက ရွှေပုရပိုက်နောက်ကို သဲကြီးမဲကြီး လိုက်နေကြပေမယ့် အကျိုးအကြောင်း ဆင်ခြင်မိကြတာ မဟုတ်လား၊ ငါကတော့ သူတို့ထက် နှာတစ်ဖျားသာသွားပြီ၊ ရွှေပုရပိုက် ဘယ်မှာ ရှိတယ်ဆိုတာကို တွေးတောမှန်းဆလို့ ရပြီလေ'

လုယဲကျုံး ပင့်သက်ရှိုက်လိုက်သည်။

ချိုင်ရွှမ်းမေးသမျှ သူက အဖြေမပေးဘဲ နေခဲ့မည်ဆိုပါလျှင် ယခုလို ဖြစ်သာစရာ အကြောင်းမရှိခဲ့။

ချိုင်ရွှမ်းက ..

'ရွှေပုရပိုက်ကိုရယူဖို့ ညည်းကိုပဲ တာဝန်ပေးရလိမ့်မယ်'

'ဆရာ'

'ဘာလဲ ညည်းက ငြင်းမလို့လား'

'ကျွန်....ကျွန်မ'

'ငါပြောတာနားထောင်စမ်း'

ချိုင်ယဲ့ဟာမှာ မတတ်နိုင်ဘဲ ခေါင်းညိတ်လိုက်ရလေသည်။

'ဟုတ်....ဟုတ်ကဲ့ဆရာ'

ချိုင်ရွှမ်းသည် လုယဲကျုံးကို ညွှန်ပြတာ....

'ညည်းက သူ့နောက်ကို လိုက်သွားရမယ်'

ဟု ပြောလေသည်။

ထိုစကားကြောင့် ချိုင်ယဲ့ကောလုယဲကျုံးပါ ကြောင်းအမ်း ဖြစ်သွားကြလေတော့သည်။

ချိုင်ရွှမ်းက....

'ငါပြောတာ ကြားဘယ် မဟုတ်လား'

ဟု ခပ်ထန်ထန် မေးလိုက်သည်။

ချိုင်ယဲ့ကို....

'ဟုတ်....ဟုတ်ကဲ့ ကြားပါဘယ်ဆရာ'

ချိုင်ရွှမ်းက....

'သူ့ကိုခေါ်သွားပြီး လမ်းပြခိုင်း၊ ကူးယင်ကိုတွေ့အော
ရှာတွေ့ရင် ချေပုရပိုက်ကိုတောင်းခဲ့'

ဟု အမိန့်ပေးလိုက်လေသည်။

'ဟင်'

'ဟာ'

လုယ်ကျုံးနှင့်ချိုင်ယဲ့တို့ ထိတ်လန့်သွားကြ၏။

ယခုမူ....

ချိုင်ရှမ်း၏အကြံကို သဘောပေါက်သွား ကြလေတော
သည်။

ချိုင်ရှမ်းက....

'ချိုင်ယဲ့ ငါပြောတာ ကြားတယ်မဟုတ်လား'

'ဟုတ်... ဟုတ်ကဲ့ ကြားပါတယ် ဆရာ'

'ဒါဆိုညည်းက သူ့ကိုခေါ်ပြီး ထွက်သွားကြပေတော့'

'ကောင်းပါပြီဆရာ'

ချိုင်ယဲ့ ဘာမှ မတတ်နိုင်တော့ပါချေ။

လုယ်ကျုံးဘက်သို့ လှည့်ကာ....

'ကျွန်မတို့ သွားကြပါစို့ရှင်'

ဟု ပြောလိုက်လေသည်။

လုယ်ကျုံး သက်ပြင်းချလိုက်လေတော့သည်။

* * *

နှစ်ယောက်ထား ပန်းခင်းကို ဖြတ်သန်းပြီးနောက် မြင်းလှည်းအနီးသို့ ပြန်ရောက်သွားကြလေသည်။

ချိုင်ယွဲ့ဝိက....

'မြင်းလှည်းပေါ် တက်ပါရှင်'

ဟု ပြောလေသည်။

လုယိကျုံးက....

'ကျုပ်ကို ကူညီခဲ့တာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က ဒေါ်လေး ကူးယင်ဆီကို့တော့ လိုက်ပို့ပေးနိုင်မှာ မဟုတ်ပါဘူး'

ဟု သူ၏ သဘောထားကို ပြောပြလိုက်လေသည်။

ချိုင်ယွဲ့ဝိက....

'ကျွန်မ သဘောပေါက်ပါတယ်ရှင်'

လုယိကျုံးက....

'ဒါဖြင့်'

ချိုင်ယွဲ့ဝိက....

'ကျွန်မက ရှင့်ကို ဒုက္ခပေးပါတယ်'

'ဗျာ'

လေဒွေ့ယမ်းတိုက်ခတ်နေ၏။

ချိုင်ယွဲ့၏ အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်သွား၏။

ပန်းခင်းထဲမှ ဖြတ်လျှောက်သာရင်း ချိုင်ယွဲ့သည် ချောမော လှပသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း လုယိကျုံး သတိထားမိလိုက်လေသည်။

ချိုင်ရွှမ်း၏ မကျွေးဆော လုပ်ရပ်ကို မနှစ်မြို့သဖြင့် သူမသည် နှလုံးသားဖြူစင်သောသူလေးဖြစ်ကြောင်း ထင်ရှားနေပါသည်။

'ဆရာက ရှင့်ကို ကျေးမွေးပြုစု စောင့်ရှောက်ခဲ့သူဆီမှာ ရွှေပုရပိုက်ရှိနေလိမ့်မယ်လို့ ယူဆနေတာရှင်အသိပဲ့'

'ဟုတ်ပါတယ်ဗျာ'

ချိုင်ယဲ့က....

'ဆရာရဲ့ အယူအဆမှန်ကန်နေတယ်လို့ ကျွန်မယုံကြည်ထားပါတယ်ရှင်'

'ဟင်'

လုယိကျုံး ရင်ထိတ်သွားသည်။

ချိုင်ယဲ့ကို စိုက်ကြည့်ရင်း....

'မင်းလဲ့ယုံတယ်မဟုတ်လား'

ဟု မေးလိုက်သည်။

ချိုင်ယဲ့က....

'ဟုတ်ပါတယ်ရှင်၊ ရွှေပုရပိုက်ကိုရှင့်ရဲ့ဒေါ်လေးကူးယင်က သိမ်းထားလိမ့်မယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်၊ ပြီးတော့'

လုယဲ့ကျုံးက....

'ပြီးတော့ ဘာဖြစ်သလဲ'

ဟု မေးလိုက်သည်။

ချိုင်ယဲ့က....

'သူက ရွှေပုရပိုက်မှာ ရေးသားမှတ်တမ်းတင်ထားတဲ့ သိုင်းပညာရပ်တွေ ရှင့်ကိုသင်ကြားပေးခဲ့လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်'

လုယဲ့ကျုံးငိုင်သွားလေသည်။

ဒေါ်လေးကူးယင်သည် သူ့အားငယ်စဉ်ကပင် သိုင်းပညာသင်ကြားပေးခဲ့လေသည်။

တစ်ချိန်တွင် သိုင်းလောက၌ ပြိုင်ဘက်ကင်းသိုင်းသမားတစ်ယောက် ဖြစ်လာရမည်ဟု ပြောခဲ့သည်။

မိဘမျှားအား လုပ်ကြံသွားသည့် ရန်သူကိုဖော်ထုတ်ချေမှုန်းနိုင်မည်ဟု ပြောခဲ့သည်။

ဒေါ်လေးကူးယင် သင်ပေးခဲ့သောသိုင်းပညာဆည် ရွှေပုရပိုက်တွင် ရေးသားမှတ်တမ်းတင်ထားသော သိုင်းပညာရပ်များပင် ဖြစ်နေသည်လော။

ချိုင်ယဲ့က....

'ရှင့်ရဲ့ခန္ဓာကိုယ်ထဲမှာ ဆောက်နေတဲ့အဆိပ်တွေ သက်သာပျောက်ကင်းသွားရင် ရှင့်ရဲ့သိုင်းပညာတွေကို ပြန်ပြီးအသုံးပြုလာနိုင်မှာ၊ ရှင့်ရဲ့ရန်သူတွေကို ဖော်ထုတ်ချေမှုန်းနိုင်ပါစေလို့ ကျွန်မဆုတောင်းပေးလိုက်ပါတယ်ရှင်'

လုယဲ့ကျုံးက ဦးညွတ်သိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ဗျာ'

ချိုင်ယွဲ့ကို....

'ရှင်သွားပါတော့'

'ဗျာ'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် လုယိ ကျုံး အံ့သြသွားလေတော့သည်။

ချိုင်ယွဲ့ကို မယုံကြည်နိုင်စွာကြည့်ရင်း....

'ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ'

ဟု မေးလိုက်သည်။

ချိုင်ယွဲ့က....

'ရှင်သွားပါတော့'

'ကျုပ်'

'ခုချိန်မှာ ရှင်ရှောင်တိမ်းသွားတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်'

လုယိကျုံးသည် ချိုင်ယွဲ့၏စေတနာကို သိလိုက်ရသော အခါ ရင်ထဲဖောက်မပြန်နိုင်သောခံစားချက်မျိုး ဖြစ်ပေါ်လာလေတော့သည်။

ချိုင်ယွဲ့....

ချိုင်ယွဲ့သည် သတောထားဖြူစင်သည့်နှလုံးသားလှသည့် မာတာများမှကို မနှစ်မြို့သူဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် ကျွတ်ဆတ်ဆတ် မာကျောကျော ရှိသူလေးဟု ထင်ရသော်လည်း ဇာကယ်တမ်းတွင် လေးစား ထိုက်သော မိန်းကလေးဖြစ်နေကြောင်း ထင်ရှားပေါ်လွင်နေတော့သည်။

လုယိကျုံးက....

'ကျုပ်ထွက်သွားတာ ဟုတ်ပါပြီ၊ ခင်ဗျားက'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ချိုင်ယွဲ့က ပြုံးလိုက်သည်။

'ဘာလဲ ဆရာက ကျွန်မကို အပြစ်ပေးမှာကို ရှင်က စိုးရိမ်နေတာလား'

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

ချိုင်ယွဲ့ လက်ဘာပြုလိုက်သည်။

'ကိစ္စမရှိဘူး၊ ကျွန်မအတွက် မပူပါနဲ့ရှင်'

လုယိကျုံးက....

'မဟုတ်သေးဘူးလေ၊ ကျုပ်ကြောင့် သူတစ်ဖက်သား အုက္ခံဆောက်ရမယ့်ကိစ္စမျိုး ကျုပ်က မဖြစ်စေချင်တာ အမှန်ပါပဲ့'

ဟု ပြောလိုက်သည်။

ချိုင်ယွဲ့က....

'ကျွန်မရဲ့ဆရာက အပြစ်ပေးမယ်ဆိုရင်တော့ ဆရာ့တပည့်ရှင်းပဲ ကျွန်မကိုသတ်ပစ်မှာတော့ မဟုတ်ပါဘူးရှင်'

လုယိကျုံးက....

'သူက'

ချိုင်ယွဲ့က ကြားဖြတ်ပြောလိုက်သည်။

'ဆရာဟာ ခက်ထန်ကြမ်းတမ်းပေမယ့် ကျွန်မကို သမီးတစ်ယောက်လိုချစ်ပါတယ်၊ ဆရာ့အကြောင်း ကျွန်မလောက် ဘယ်သူကမှ သိနိုင်မှာ မဟုတ်ပါဘူးရှင်'

လုယိကျုံး သက်ပြင်းချလိုက်လေသည်။

ချိုင်ယွဲ့က မြင်းလှည်းမှ မြင်းတစ်ကောင်ကို ဖြုတ်ယူလိုက်သည်။

ပြီးလျှင်....

'ဟောဒီမြင်းကိုယူပြီး ရှင်ထွက်သွားပါတော့'

ဟုပြောလေသည်။

လုယိကျုံးက ဦးညွတ်လိုက်သည်။

'ခင်ဗျားရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ'

ချိုင်ယွဲ့ ပြုံးလိုက်လေသည်။

ခွတ်တရက်....

လုယိကျုံး၏ရင်ထဲ လှုပ်ရှားသွား၏။

ချိုင်ယွဲ့၏အပြုံးတွင် ထူးခြားသောအရိပ်အယောင်များ ပါဝင်နေသည် မဟုတ်ပါလား။

ထိုအရိပ်အယောင်များသည် ချစ်ခြင်းမေတ္တာတရား၏ စွန့်လွှတ်အနစ်နာခံသည့် အရိပ်အယောင်များ ဖြစ်နေပါတော့သည်။

လုယိကျုံး၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ချိုင်ယဲ့ဝိဇ....

'သွားပါတော့ရှင်'

ဟု ပြောကာ ခေါင်းငုံ့ထားလိုက်လေသည်။

လုယဉ်ကျေးသည် ချိုင်ယဲ့ဝိရှေ့မှ ထွက်မသွားရက်တဲ့ဖြစ်နေ၏။

သို့သော်....

သူမသွားရ မဖြစ်တော့ပါဘူး။

အခွင့်အရေးရခိုက် ထွက်မသွားလျှင် နောက်နောင်ဘယ်တော့မှ သွားခွင့်ရနိုင်တော့မည် မဟုတ်ဟု နားလည်ထားလေသည်။

ထို့ကြောင့်....

'ကျုပ်တို့ ပြန်ဆုံတွေ့နိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ'

ဟုပြောကာ မြင်းပေါ်ခုန်တက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'မင်းဘယ်ပြေးမလဲ'

ကျယ်လောင်သော အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယဉ်ကျေး ထိတ်လန့်သွားသည်။

ကပျာကယာ လှည့်ကြည့်လိုက်သောအခါ လူရိပ်အဓိခုနစ်ဝင်လာသည်ကို တွေ့လိုက်ရ၏။

ချိုင်ယဲ့ဝိက....

'အစ်ကို မြန်မြန်ပြေး'

ဟုအော်ပြောလေသည်။

ချိုင်ရှမ်းကား ချိုင်ယဲ့အား စိတ်မချ၍ လိုက်လာပြီဖြစ်လေသည်။

ချိုင်ယဲ့ဝိက လုယဉ်ကျေးအား လွှတ်ပေးလိုက်သည်ကိုတွေ့လိုက်ရလျှင် ဒေါသခြောင်းခြောင်းထွက်သွားပြီး....

'သေပေတော့'

ဟုအော်ငေါက်ကာ လုယဉ်ကျေးထံ ခုန်ဝင်ပြီး လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

အရိပ်မဲ့မယ်တော်ဟာသာ အမည်နှင့် လိုက်အောင်ပင် သူမ၏ လှုပ်ရှားမှု လျင်မြန်လှန်းလှပေတော့သည်။

လုယဉ်ကျေး ရှောင်တိမ်းခုန် ကြိုးစားလိုက်သော်လည်း နောက်ကျနေပြီဖြစ်ပါသည်။

ချိုင်ရှမ်း၏လက်ဝါးရိုက်ချက်ကြောင့် ဒုက္ခရောက်ရတော့မည် ဖြစ်လေသည်။

ထိုတဒင်္အခိုက်လေးမှာပင်....

'မလုပ်ပါနဲ့ဆရာ'

ချိုင်ယွဲ့က အော်ဟစ်တားဆီးရင်း ခုန်ဝင်လာ၏။

သူမသည် လုယက်ကျူးအား ဘေးသို့တွန်းထုတ်လိုက်ပြီး ချိုင်ရှမ်းနှင့် ရင်ဆိုင်လိုက်၏။

ဂျိတ်တွင်....

'ဝုန်း'

ချိုင်ရှမ်း၏လက်ဝါးသည် လုယက်ကျူးကိုမထိဘဲ ချိုင်ယွဲ့အား ရိုက်ချမိလေတော့သည်။

တတိယပိုင်းပြီး၏။

(စတုတ္ထပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

တက္ကသိုလ်သီဟအောင်

ပန်းတို၏သခင်

(စတုတ္ထပိုင်း ဇာတ်သိမ်း)

ဒုတိယတာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဖို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဖို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဖို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်
ကျင်ကြ။

— နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတ
ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှော
ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုရန်သူအဖြ
သတ်မှတ်ချေမှုန်းကြ။

နှောင်တာ

မမျော်လင့်သော ဖြစ်ရပ်နှင့် လုယက်ကျုံး ကြုံတွေ့လိုက်

ချိုင်ယဲ့က သူ့အားထွက်ခွာခွင့်ပြုလိုက်စဉ်မှာပင် သူ၏
ဖြစ်သော ချိုးဇင်ရှမ်းသည် ရုတ်ခြည်း ရောက်ရှိလာပြီး
ခိုက်လိုက်လေသည်။

ချိုင်ရှမ်းသည် ဒေါသကြီးသူ ဖြစ်ရကား သူ၏လက်ဝါး
ချက်တစ်ချက်ခံလိုက်ရသည်နှင့် လုယက်ကျုံး သေဆုံးသွား
သော ဖြစ်လေသည်။

လုယက်ကျုံးလည်း ရှောင်တိမ်းဖို့ အချိန်မရလိုက်ချေ။

ထိုစဉ်မှာပင် ချိုင်ယ့ိသည် အော်ဟစ်ဟန့်ဘားကာ ဒုတ်တုတ်ခုန်ဝင်လာပြီး လုယ့ိကျုံးကို အကာအကွယ်ပေးလိုက်လေသည်။

ဤတွင်....

ချိုင်ရှမ်း၏ လက်ဝါးရိုက်ချက်သည် လုယ့ိကျုံးအား ထိမှန်ခြင်းမရှိဘဲ ချိုင်ယ့ိအား ထိမှန်သွားလေတော့သည်။

* * *

'ချိုင်ယ့ိ'

ချိုင်ရှမ်း၏ အထိတ်တလန့်ခေါ်သံ ထွက်ပေါ် လာခဲ့သည်။

လုယ့ိကျုံးလည်း ထိတ်လန့်သွားသည်။

'ချိုင်ယ့ိ'

ကပျာကယာပြေးသွားပြီး ချိုင်ယ့ိကို ပွေ့ထူလိုက်လေသည်။

ချိုင်ယ့ိ၏ နှုတ်ခမ်းထောင့်မှ သွေးများစီးကျသည်။

သူမသည် ဒဏ်ရာပြင်းစွာရရှိလိုက်ပြီဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ချိုင်ယ့ိသည် လုယ့ိကျုံး၏ ရင်ခွင်ထဲ၌ ပျော့ခွေလျက်နေသည်။

တစ်ချက်ကြည့်လိုက်ရုံဖြင့် မည်သို့မျှ အခြေအနေမဟန်နိုင်သော့ကြောင်း လုယ့ိကျုံး အကဲခတ်မိသိုက်၏။

သူ၏ရင်ထဲဝယ် ဖော်မပြနိုင်သောခံစားချက်များဖြစ်ပေါ်သာ၏။

ဝမ်းနည်းကြေကွဲမှုများလည်း ဖြစ်လာသည်။

ကျတ်ဆတ်ဆတ် မာကျောကျော နို့ငုံလေ့သော ချိုင်ယ့ိသည် အဘယ်ကြောင့် သူ့အား အသက်ပေးကာကွယ်သွားရပါသနည်း။

'ချိုင်ယ့ိ....ချိုင်ယ့ိ'

လုယ့ိကျုံးက တကြော်ကြော် ခေါ်လိုက်လေသည်။

ချိုင်ရှမ်းက....

'ဟာ....ငါ့တပည့်ကို ချထားလိုက်စမ်း'

ဟု အော်ငေါက်လိုက်သည်။

လုယ်ကျုံးအား လက်ဝါးဖြင့် ရိုက်ချရန်ဟန်ပြင်လိုက်လေသည်။

လုယ်ကျုံးက လုံးဝဂရုမစိုက်ချေ။

ချိုင်ရှမ်းအား ကြောက်ရွံ့ခြင်းမရှိပါ။

ဒေါသကြီးပြီး မဆင်မခြင် လုပ်တတ်သော ချိုင်ရှမ်းသည် မကျေမနပ် ဖြစ်နေလေတော့သည်။

ချိုင်ရှမ်းသည် ရိုက်ချရန် ဟန်ပြင်ထားသော လက်ကို ချလည် ရုပ်သိမ်းလိုက်လေသည်။

လုယ်ကျုံးနှင့် ချိုင်ယုံတို့ကို မျက်လုံးပြူးကာ ကြည့်နေသည်။

ထိုစဉ်....

'အင့်....'

မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာ၏။

ချိုင်ယုံ မျက်လုံးပွင့်လာလေသည်။

လုယ်ကျုံးက....

'ညီမ သက်သာရဲ့လား၊ ဘာမှ မပူနဲ့၊ ညီမကို သမား ဘော်ဆီခေါ်သွားပြီး ဆေးကုပေးပါ့မယ်'

ဟု ပြောလိုက်လေသည်။

ချိုင်ယုံက ယဲ့ယဲ့လေးပြုံးလိုက်သည်။

'အစ်ကိုရယ်၊ အပင်ပန်းခံမနေပါနဲ့တော့ရှင်၊ ကျွန်မ ဆရဲ့ လက်ဝါးရိုက်ချက် ဘယ်လောက် ပြင်းတယ် ဆိုတာ ကျွန်မပဲ သိပါတယ်'

ချိုင်ရှမ်းက....

'ချိုင်ယုံ စကားမပြောနဲ့လေ၊ မောနေမယ်'

ဟု ပြောလာလေသည်။

သို့သော်....

သူမသည် ချိုင်ယုံ ရရှိသွားသော အတွင်းဒဏ်ကို ဆေးကုပေးဖို့ စိတ်မကူးပါချေ။

ဆေးကုရှိ မရနိုင်တော့ကြောင်း သတောပေါက်ထားသဖြင့် လက်ပိုက်ကြည့်နေလိုက်ခြင်း ဖြစ်လေတော့သည်။

လုယူကျုံး ဒေါ်သွားခဲ့လေသည်။

ချိုင်ကိုရှမ်း ကြည့်ကာ....

'ခင်ဗျား ရက်စက်လှချည်လား'

ဟု အော်ပြောလိုက်လေသည်။

ချိုင်ရှမ်းက....

'ဘာပြောတယ်'

'ခင်ဗျားက လူ့အသက်ကို တန်ဖိုးမထားဘူး၊ ကျုပ်ဆို သတ်ပစ်ချင်ကယ် မဟုတ်လား၊ ဒါကြောင့် ချိုင်ယူကြားတာ မံလိုက်ရဘာပဲ'

ချိုင်ရှမ်းက....

'ဟုတ်ဘယ်၊ ငါ့ကို မင်းကိုသတ်ပစ်ချင်တာ'

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

'ဆရာ'

ချိုင်ယူ၏ ခေါ်သံလေး ထွက်ပေါ်လာသည်။

ချိုင်ရှမ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ရိုက်ချရန် ဟန်ပြင်ထားသောလက်ဝါးကို ရုပ်သိမ်းထားနောက်သို့ ပြန်ဆုတ်လိုက်လေသည်။

ချိုင်ယူက....

'ဆရာရယ်၊ အစ်ကို့ကို ဒုက္ခမပေးဖို့ ကျွန်မတောင်းပန်ပါတယ်ရှင်'

ဟု ပြောလာလေသည်။

ချိုင်ရှမ်း မျက်နှာပျက်သွား၏။

ရုတ်တရက်....

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ တလိမ့်လိမ့် စီးကျလာလေသည်။

'ချိုင်ယူ ငါတည်းကို ဘယ်တော့မှ ဒုက္ခမရောက်စေချင်ဘူးဆိုတာ ညည်းသိပါတယ်'

ချိုင်ယူက....

'ဟုတ်ပါတယ်၊ ဆရာဟာကျွန်မအပေါ်မှာ သမီး ဘစ်ယောက်လို ချစ်တယ်ဆိုတာကို ကျွန်မ သဘောပေါက်ပါတယ် ဆရာ'

ချိုင်ရှမ်းက....

'ညည်းက ဘာကြောင့် သူ့အတွက် ကြားဝင်ဓံလိုက်ရတာလဲ'

ချိုင်ယ့်ိက....

'ကျန်မ....'

သူမ ရှေ့ဆက်မပြောနိုင်ခဲ့။

ချိုင်ရှမ်းက....

'ညည်းက သူ့အပေါ် မေတ္တာသက်ဝင်နေတယ် မဟုတ်လား'

ချိုင်ယ့်ိက....

'ဟုတ်ပါတယ်ဆရာ'

ထိုစကားကြားလျှင် လုယီကျုံး၏ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွား၏။

အကြောအချဉ်များလည်း တောင့်တင်းသွားသည်။

ချိုင်ယ့်ိသည် သူ့အပေါ် တစ်ဖက်သတ်မေတ္တာသက်ဝင်နေကြောင်း သိလိုက်ရပြီဖြစ်လေသည်။

သူမသည်အပေါ်ယံမာကျေခက်ထန်သော်လည်းအတွင်းစိတ်ကား နူးညံ့ပျော့ပျောင်းလှကြောင်း ယခု မှသိလိုက်ရလေသည်။

သူ့အပေါ် တစ်ဖက်သတ်မေတ္တာသက်ဝင်နေခြင်းကြောင့်လည်း သူဒုက္ခရောက်မည်ကို စိုးရိမ်ကာ အသက်ပေးကာကွယ်စောင့်ရှောက်သွားခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေတော့သည်။

ချိုင်ရှမ်းက....

'ချိုင်ယ့်ိ ဘယ်သူ့ကိုမှ မေတ္တာမထားရဘူးလို့ ငါပြောထားတယ်မဟုတ်လား'

ချိုင်ယ့်ိက....

'ဟုတ်ပါတယ်ဆရာ၊ ကျန်မကိုခွင့်လွှတ်ပါတော့'

လူယိုကျုံးက....

'သူ... ခုလိုဖြစ်ရတာ ခင်ဗျားကြောင့်ပဲ၊ ခင်ဗျားသာကျုပ်ကိုသတ်ဖို့မကြိုးစားဘူးဆိုရင် သူဒုက္ခရောက်မှာ မဟုတ်ဘူး'

ဟု အပြစ်တင်ပြောဆိုလိုက်လေသည်။

ချိုင်ရွှမ်းက....

'အဲဒါ မင်းကြောင့်'

'ဘာဗျ 'ရွှေပုရပိုက်အဖွဲ့ကြောင်း ကျုပ်ဘာမှမသိပါဘူး လို့ ခင်ဗျားကို ဘယ်နှစ်ခါပြောရမလဲ၊ ကျုပ်မှာ ရွှေပုရပိုက် တကယ်ပဲ ရှိနေတယ်ဆိုရင်ကော ခင်ဗျားနဲ့ ဘာဆိုင်သလဲ၊ ခင်ဗျားဟာ ကျုပ်ပိုင်ဆိုင်တဲ့ပစ္စည်းကို မတရားရယူချင်တာပဲ မဟုတ်လား'

'မင်း....မင်း'

ချိုင်ရွှမ်း ဒေါသတကြီးဖြစ်သွားသည်။

သို့သော်....

သူမသည် တို့ဟိုက်ခြင်းမပြုဘဲ နောက်ဆုတ် လိုက်လေသည်။

လုယိကျုံးပြောလိုက်သည့် စကားများက သူမ၏အသည်းနှလုံးကို ထိမှန်သွားသည် မဟုတ်ပါလား။

လုယိကျုံးက....

'ခင်ဗျားဟာ ထိပ်တန်းသိုင်းပညာရှင်ကစ်ယောက် ဖြစ်ပါလျက်နဲ့ ရွှေပုရပိုက် သိုင်းလောကမှာ ပြိုင်ဘက်ကင်းမယ် ဆိုတဲ့ လောဘစိတ်ရှိဘးကြောင့် ချိုင်ယွဲ့ဝိုခုလို ဖြစ်ရတာပဲ'

ချိုင်ရွှမ်း ခေါင်းငိုက်စိုက်ကျသွားလေသည်။

လုယိကျုံး၏ စကားများကို ပြန်လည်ခေျပနိုင်စွမ်းမရှိ တော့ချေ။

ချိုင်ယွဲ့က....

'အစ်ကိုရယ်၊ ဆရာ့ကို မပြောပါနဲ့လားရှင်'

ဟု တောင်းပန်လာလေသည်။

လုယိကျုံး သက်ပြင်းချလိုက်သည်။

'တောင်းပါဘြီ ညီမရယ်၊ ကျုပ်က စိတ်မထိန်းနိုင်တဲ့ ပြောမိတာကို ခွင့်လွှတ်ပါ'

ချိုင်ယွဲ့က....

'အစ်ကို....ကျွန်မက အစ်ကို့အပေါ်မှာ မာမာကျောကျော ဆက်ဆံမိတာကိုလဲ ခွင့်လွှတ်ပါနော်'

လုယိကျုံးက....

'ဒါတွေ့ အရေးမကြီးပါဘူး ညီမရယ်၊ ညီမရဲ့ ဝေဒနာ သက်သာပျောက်ကင်းသွားဖို့ပဲ အရေးကြီးပါတယ်'

'ကျွန်မ....'

ချိုင်ယ့်သည် မောဟိုက်ပြီး စကားမပြောနိုင်တော့ပေ။

ချိုင်ရှမ်းက....

'ချိုင်ယ့်....ညည်းမသေရဘူး'

ဟု အော်ပြောလိုက်သည်။

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယိကျုံးတို့ ထိတ်လန့်ကုန်ကာ လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ....

မျက်နှာဖုံးစွပ်ထားသူ လေးယောက် ဆောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများကိုမြင်လျှင် လုယိကျုံး ခံပြင်းသွားလေသည်။

လေးယောက်အနက် မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်သည် သူ့အားဖမ်းဆီးကာ ရွှေပုရပိုက် တောင်းဖူးသည် မဟုတ်လား။

ထိုလူသည် တိမ်ဖြူဂိုဏ်းချုပ် ဖြစ်နိုင်သည်ဟု ကျားဘီလူးဟုကျင်းက ပြောဖူးလေသည်။

ထို့အပြင်....

သမားတော် ခြံဝင်းအား တိုက်ခိုက်ခဲ့သူများတွင် ပါဝင်ခဲ့လိမ့်မည်ဟု ထင်ကြေးပေးခဲ့သည်။

လုယိကျုံးသည် ထိုလူများနှင့် စာရင်းရှင်းလိုစိတ်များဖြစ်ပေါ်လာလေတော့သည်။

မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်စာ ကျယ်လောင်သောအသံဖြင့်....

'စိတ်ချ၊ ခင်ဗျားတို့အားလုံး သေရမယ်'

ဟု ပြောလေသည်။

ချိုင်ရှမ်း ဒေါသသွားလေသည်။

ထိုလူလေးယောက်အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

တစ်ဖန် လုယိကျုံးဘက်လှည့်ကာ....

'မင်းက ချိုင်ယ့်ကို ခေါ်သွား'

ဟု ပြောလိုက်သည်။

လုယိကျုံးမှာ မကျေမနပ် ဖြစ်နေသော်လည်း မိမိသည် အဆိပ်မိထားသည့်အပြင် ချိုင်ယဲ့ကလည်း သေလုမျောပါး ဒဏ်ရာရထားသည်ဖြစ်ရာ မျက်နှာဖုံး စွပ်ထားသူများအား မယှဉ်နိုင်သည့်အတူတူ ရှောင်ထွက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ချိုင်ယဲ့ကို ပွေ့ယူပြီး လှမ်းထွက်သွား၏။

မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က....

'မင်း ပြေးလို့ရမလား'

ဟု အော်ငေါက်ကာ လက်ဝှေ့ယမ်းလိုက်လေသည်။

'ဝှစ်....ဝှစ်...ဝှစ်....'

လက်နက်ပုန်းလေးများသည် လုယိကျုံးထံသို့ ပစ်လွှတ်သွားလေသည်။

လုယိကျုံး ရှောင်နိုင်မည် မဟုတ်ပါ။

သို့သော်....

'ဒုဂါဘာလုပ်ဘာလဲ'

ချိုင်ရွှမ်းက ရုတ်တရက် လက်ဝှေ့ယမ်းလိုက်လေသည်။

'ခွဲမ်း....'

လက်နက်ပုန်းလေးများသည် တစ်စုံတစ်ခုဖြင့် ရိုက်ချခြင်းခံရသည့်အလား မြေပေါ်ကျသွားတော့သည်။

မျက်နှာဖုံးစွပ်ထားသူ မကျေမနပ် ဖြစ်သွားလေသည်။

'ချိုင်ရွှမ်း၊ ခင်ဗျားက ကိုယ်နဲ့မဆိုင်ရင် ဝင်မရှုပ်တဲ့ ဘေးနေတာ ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ချိုင်ရွှမ်းက....

'ဘာပြောတယ်၊ ကျုပ်နဲ့မဆိုင်ဘူး ဟုတ်လား၊ သူဟာ ကျုပ်တပည့်ရဲ့ ချစ်သူဆိုတာမသိဘူးလား'

မျက်နှာဖုံးစွပ်ထားသူ အံ့သြသွားလေသည်။

'ဘာပြောတယ်၊ ခင်ဗျားတပည့်ရဲ့ ချစ်သူဟုတ်လား၊ ခင်ဗျားရဲ့တပည့်ဟာ ရှုပ်ရည်ချောမောလှပသလောက် မာန ကြီးလွန်းပြီး ဘယ်သူ့ကိုမှ လူမထင်ဘူးလို့ သိုင်းလောကမှာ ဘင်းကြီးနေတာပဲ'

မျက်နှာဖုံး စွပ်ထားသူ တစ်ယောက်က....

'ချိုင်ရှမ်း၊ ကိုယ်နဲ့မဆိုင်ရင် မရှုပ်ပါနဲ့ဗျာ၊ ကျုပ်တို့က ကောင်လေးကို ရဖို့ဆိုရင် သိုင်းလောကတစ်ခုလုံးနဲ့ ရင်ဆိုင် ဘင်ဆုံးဖြတ်ထားကြတယ်၊ ဒီလောက်ဆိုခင်ဗျားသဘော ပေါက်မှာပေါ့'

ဟု ပြောလေသည်။

ချိုင်ရှမ်းက....

'သိုင်းလောကတစ်ခုလုံးနဲ့ ရင်ဆိုင်စရာ မလိုပါဘူး၊ ကျုပ် တစ်ယောက်တည်းနဲ့ ရင်ဆိုင်ဘာနဲ့ပဲ လုံလောက်နေပါပြီ'

မျက်နှာဖုံးစွပ်ထားသူက....

'အြော်....ဒီလိုလား'

စကားဆုံးလျှင် ချိုင်ရှမ်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက် လေသည်။

ကျန်မျက်နှာဖုံးစွပ်သုံးယောက်စလည်း ခိုင်းထားလိုက်ကြ သည်။

လေးယောက်သား လေးဖက်လေးထန်မှု မလွတ်အောင် ခိုင်းထားလိုက်ကြခြင်း ဖြစ်လေသည်။

ချိုင်ရှမ်းက....

'စကားမရှည်နဲ့၊ ကျုပ်ကအခုပဲ သူတို့နှစ်ယောက်ကို လက်ထပ်ပေးတော့မလို့'

ထိုစကားကြားလျှင် ဝေးရာသို့ လှမ်းထွက်သွားနေသော လူယိကျုံးမှာ ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားလေသည်။

ချိုင်ရှမ်းအား လှည့်ကြည့်လိုက်မိလေသည်။

ချိုင်ရှမ်းက....

'ရှင်တို့က ဘယ်သူတွေလဲ၊ ဒီနေရာဟာ ကျုပ်ရဲ့ပိုင်နက်ထဲ ကျူးကျော်ဝင်လာရင် အပြစ်ပေးခံရမယ်ဆိုတာ မသိဘူး လား'

ဟု ငေါက်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူလေးယောက် တစ်ယောက်ကို တစ် ယောက် ကြည့်လိုက်ကြလေသည်။

ချိုင်ရှမ်းအား ဦးဆုံးရှင်းပစ်ရမည် ဖြစ်ကြောင်းလည်း သဘောပေါက်ကြလေသည်။

သို့မှသာ လူယိကျုံးအား ဒုက္ခပေး နိုင်မည်ဖြစ်လေသည်။

'ဟား....ဟား....ဟား'

ချိုင်ရှမ်းက ဟားတိုက်ရယ်မောလိုက်လေသည်။

သူမသည် ငေးငိုင်နေသော လုယိကျုံးအား လှမ်းကြည့်လိုက်မိသော....

'ဟော့ကောင်လေး ဘာလုပ်နေတာလဲ၊ မင်း မသွားသေးဘူးလား၊ သေချင်ပြီထင်တယ်'

ဟု ငေါက်လိုက်လေသည်။

လုယိကျုံး ဘာမှမတတ်နိုင်တော့ပါဘူး။

ချိုင်ယွဲ့ကိုပွေ့ချီကာ တိုက်ပွဲနှင့်ဝေးရာသို့ ထွက်ခွာသွားလေတော့သည်။

* * *

လုယိကျုံးသည် ချိုင်ယွဲ့ကိုပွေ့ချီကာ ထွက်သွားပြီ ဖြစ်သည်။

လုယိကျုံးမြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ချိုင်ရှမ်းက မျက်နှာဖုံးစွပ်ထားသူ လေးယောက်ကို ကြည့်လိုက်လေသည်။

ထိုလူလေးယောက်သည်လည်း ချိုမ်ရှမ်အား ပြေးပေါက်ကာ ပိတ်ဆို့ထားလိုက်ပြီးမှ....

'ယား....'

တစ်ယောက်က ငြာသံပေးကာ စတင်တိုက်ခိုက်လိုက်လေသည်။

ချိုင်ရှမ်းက....

'ရှင့်ပညာ ဒါအကုန်ပဲလား'

ဟု ကြုံဝါးကာ အသာအယာ ရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ယား....'

ကျန်မျက်နှာဖုံးစွပ်ထားသူ သုံးယောက်ကလည်း ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

မျက်နှာဖုံးစွပ်ထားသောလူလေးယောက်သည်ရှေ့နောက်သာညှပ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ထိုလူလေးယောက်သည် ထိပ်တန်း သိုင်းပညာရှင်များ ဖြစ်ကြောင်း ချိုမ်ရှမ်း သဘောပေါက်လိုက်လေသည်။

ထို့ကြောင့်....

သူမ၏အကောင်းဆုံးဖြစ်သော အရိပ်မဲ့ ကိုယ်ဖော့ပညာကို အသုံးပြုကာ သွက်လက်စွာရှောင်တိမ်းရင်း အရိပ်မဲ့လက်ဦးသိုင်းကွက်ကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူမ၏ခန္ဓာကိုယ် လှုပ်ရှားလိုက်ရာ အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

မျက်နှာဖုံးစွပ်ထားသူ လေးယောက်ထဲသို့ လက်ဦးညွှန်လိုက်ရာ....

'ခြစ်....ခြစ်...ခြစ်'

စူးရှသော လေတိုးသံများ ထွက်ပေါ်လာလေသည်။

'သတိထား'

မျက်နှာဖုံးစွပ်ထားကြသူ တစ်ယောက်၏ အော်ဟစ်သံ ထွက်ပေါ်လာ၏။

ကျန်သုံးယောက် ကပျာကယာ နှောက်ဆုံတ် ရှောင်တိမ်းလိုက်ကြလေသည်။

ချိုင်ရှမ်း အသုံးပြုလိုက်သည့် အရိပ်မဲ့လက်ဦး ပညာကြောင့်....

'ဝုန်း....'

'ဖြောင်း....'

အနီးပတ်ဝန်းကျင်ရှိ သစ်ပင်၊ သစ်ကိုင်းများ တဖြောင်းဖြောင်း မြည်တာ ကျိုးပဲ့ကုန်လေတော့သည်။

မျက်နှာဖုံး စွပ်ထားသူ လေးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ချိုင်ရှမ်းအား လွယ်လင့်တကူ အနိုင်ယူဖို့ မလွယ်မှန်းသည်း သဘောပေါက်လိုက်ကြလေသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်....

'ခြွမ်း....ခြွမ်း....ခြွမ်း'

လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ချိုင်ရှမ်းသည် ထိုလူလေးယောက် ဆဲကိုင်လိုက်ကြသည့် လက်နက်များကို တွေ့မြင်လိုက်ရလျှင် မျက်မှောင်ကြုတ်သွားလေသည်။

'ရှင်တို့ ဘယ်သူတွေလဲ'

ဟု မေးလိုက်လေသည်။

မျက်နှာဖုံး စွပ်ထားသူ တစ်ယောက်က....

'ကျုပ်တို့ ဘယ်သူတွေလဲဆိုတာ မေးစရာမလိုဘူး၊ ငေဖွိသာ ပြင်ထားပေတော့'

ဟု ကြိုးဝါးကာ လက်နက်များ ဒေ့ှ်ယမ်းပြီး ပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

ချိုင်ရှမ်းက....

'ကျုပ်က ကြောက်နေရမှာလား'

ဟု အော်ငေါက်ရင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူမသည် ခါးစည်းကြိုးကို လက်နက်အဖြစ် အသုံးပြုလိုက်သည်။

သူမ၏လက်ထဲ ရောက်သွားသော ခါးစည်းကြိုးသည် တုတ်ချောင်းတစ်ချောင်းပမာ မာကျောတောင့်တင်း သွားလေသည်။

ဒေ့ှ်ယမ်းလိုက်သောအခါ....

'ဝှီး....ဝှီး....ဝှီး'

စူးရှသော လေတိုးသံများ ထွက်ပေါ်လာလေသည်။

ချိုင်ရှမ်းသည် လက်နက်ကိုင်ဆောင်ထားသော မျက်နှာဖုံးစွပ်ထားသူ လေးယောက်နှင့် ပြင်းပြင်းထန်ထန် ရင်ဆိုင် တိုက်ခိုက်လိုက်လေသည်။

လက်နက်များ ဆဲကိုင်လာကြပြီဖြစ်ရာ တိုက် ပွဲမှာ ပို၍ ကြောက်စရာ ကောင်းလာလေသည်။

ချိုင်ရှမ်းက မကြောက်မရွံ့ တိုက်ခိုက်နေဆဲ....

သို့သော်....

တိုက်ပွဲစတင်ခဲ့ချိန်က ထိုလူလေးယောက်အား အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားခဲ့သော်လည်း ရင်ဆိုင်ရစ်ဝဲ အချိန်ကြာလာသောအခါ ထိုလူလေးယောက်ကို ရင်ဆိုင်ဖို့မလွယ်မှန်း တဖြည်းဖြည်း သဘောပေါက်လာလေသည်။

မည်သို့ဆိုစေ၊ သူမက အံကြိတ်ကာ ရင်ဆိုင်တိုက်ခိုက်နေဆဲ ဖြစ်သည်။

မျက်နှာဖုံးစုပ်ထားကြသူများသည်လည်း စုပေါင်းကာ ဖိ၍ တိုက်ခိုက်ခြင်းဖြင့် ချိုင်ရှမ်းအား ဒုက္ခပေးနိုင်ကြောင်း သတောပေါက်လာကြလေသည်။

သူတို့၏ တိုက်ခိုက်မှုသည် ပို၍ ပြင်းထန်လာသည်။

'ယား'

ငြာသံပေးကာ ရေပက်မဝင်အောင် လေးဖက်လေးတန်း စိုင်းရံတိုက်ခိုက်ကြလေသည်။

ဓည်သို့ဆို စေ....

ချိုင်ရှမ်း၏ ကိုယ်ဖော့ပညာမှာ ပြိုင်ဘက်ကင်းလှသည် ဖြင့် ရက်ား ထိမလိုလိုနှင့် ပွတ်ကာသီကာ ရှောင်သွားနိုင်ခဲ့သည် ချည်း ဖြစ်လေသည်။

မျက်နှာဖုံးစုပ်ထားသူ လေးယောက်သည် မိမိတို့အသားစီး ရဇနမှန်း သိထားသော်လည်း ချိုင်ရှမ်းအား ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိကြသေးသဖြင့် ခံပြင်းလာကြလေသည်။

မျက်နှာဖုံးစုပ်ထားသူ တစ်ယောက်က....

'ခင်ဗျားတို့သုံးယောက် သူ့ကိုကြည့်ထား၊ ကျုပ်က ဟိုကောင်လေးနောက်ကို လိုက်သွားမယ်'

ဟု ပြောပြီး ခုန်ထွက်လိုက်လေသည်။

ထိုလူသည် လုယိကျုံးတို့နောက်သို့လိုက်ပြီး ဒုက္ခပေးတော့ မည် ဖြစ်လေသည်။

ချိုင်ရှမ်း ဒေါပွသွားလေသည်။

'ရပ်လိုက်စမ်း'

ဟု အော်ငေါက်ကာ ထိုလူကိုဟန့်တားရန် ပြေးဝင်လိုက် လေသည်။

အမှန်တော့....

ထိုလူသည် ချိုင်ရှမ်း စိတ်ပူသွားစေရန် လှည့်ကွက်ဆင် လိုက်ခြင်း ဖြစ်လေသည်။

ချိုင်ရှမ်းက လုယိကျုံးအတွက် စိတ်ပူကာ တရကြမ်း ဟန့်တားလာသောအခါ သူမ၏ သိုင်းကွက်ပျက်ပြားသွားလေ သည်။

ထိုလူသည် ထွက်သွားခြင်းမပြုဘဲ အလစ်အငိုက်ဖမ်းကာ ချိုင်ရှမ်းအား တိုက်ခိုက်လိုက်လေသည်။

ချိုင်ရှမ်း ရင်ထိတ်သွားလေသည်။

သူမ အလိမ်ခံလိုက်ရပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်၏။

ထို့ကြောင့်....

'ယား'

ခါးစည်းကြိုးဖြင့် ဝေ့ယမ်းရိုက်ထုတ်လိုက်ပြီး ကပျာကယာ နောက်သို့ ခုန်ချောင်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူ သုံးယောက်က ရွှေ့တက်လာကြ၏။

'သေပေတော့'

ဟုကြုံးဝါးကာ ချိုင်ရှမ်း၏နောက်ဆုတ်ရာလမ်းကိုပိတ်ဆို့တိုက်ခိုက်လိုက်လေသည်။

ချိုင်ရှမ်း ဘေးကျပ်နံကျပ် ဖြစ်သွားတော့သည်။

သူမအား လှည့်စားခဲ့သော မျက်နှာဖုံးစွပ်ထားသူက....

'ခင်ဗျား ဘာတတ်နိုင်သေးသလဲ'

ဟု ငေါက်ကာ လက်ဝှေ့ယမ်းလိုက်သည်။

သူ၏ အကောင်းဆုံး တိုက်ကွက်ကို ထုတ်ဖော် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

အဖြူရောင် အခိုးအငွေ့တန်း တစ်ခုသည် ချိုင်ရှမ်းထံသို့ ပစ်လွှင့်သွားလေသည်။

ချိုင်ရှမ်း မျက်နှာပျက်သွားပြီး....

'တိမ်ဖြူပိုက်ကွန်'

ဟု အော်ဟစ်လိုက်လေသည်။

မှန်ပေသည်။

ထိုအဖြူရောင် အခိုးအငွေ့တန်းသည် ပိုက်ကွန်တစ်ခု ဖြစ်နေပါတော့သည်။

ချိုင်ရှမ်း ကပျာကယာရှောင်လိုက်၏။

'ယား'

ငြာသံပေးခဲ့မျှား ထွက်ပေါ်လာသည်။

ကျန်မျက်နှာဖုံးစွပ်ထားသူ ဆုံးယောက်သည်လည်း လက်နက်ကိုယ်စီဝှေ့ယမ်းကာ တိုက်ခိုက်လာကြ၏။

တစ်ယောက်က လက်ဝှေ့ယမ်းလိုက်လျှင်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ခုက် ထွက်ပေါ်လာလေသည်။

ရုတ်တရက်....

မီးတောက်မီးလျှံတစ်ခုသည် မီးလုံးကြီးပမာ ထွက်ပေါ်လာကာ ချိုင်ရှမ်းထံသို့ ပစ်လွှင့်သွားလေသည်။

အခြားမျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က....

'ခင်ဗျား ရှောင်နိုင်ရင် ရှောင်ပေတော့'

ဟူသော ကြုံးဝါးသံနှင့်အတူ တိုက်ခိုက်လိုက်ပြန်ရာ....

'ဂျိမ်း'

ကျယ်လောင်သော မြည်ဟည်းသံကြီး ထွက်ပေါ်သာလေသည်။

မိုးကြိုးသွားသကဲ့သို့ ယက်နက်တစ်ခုသည် ချိုင်ရှမ်းထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာတော့သည်။

နောက်ဆုံး ကျန်နှစ်ယောက်က လက်နှစ်ဖက်ကို အဆက်မပြတ် ဝှေ့ယမ်းလိုက်ရာ....

'ဖျပ်....ဖျပ်...ဖျပ်'

အလွန်လင်းလက် တောက်ပသော အလင်းရောင်များ ဖျပ်ဖျပ် ဝင်းလက်သွားလေသည်။

ထိုအလင်းရောင်သည် စူးရှလွန်းသဖြင့် ချိုင်ရှမ်း၏ မျက်လုံးများ ပြာဝေသွားတော့သည်။

ချိုင်ရှမ်းက....

'မိုးကြိုး၊ လျှပ်စီး၊ မီးအိမ်၊ တိမ်ဖြူ'

ဟု အော်ဟစ်လိုက်လေသည်။

သူမအား တိုက်ခိုက်ကြသည့် မျက်နှာဖုံးစွပ်ထားသူ လေးယောက်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း သူမ သိရှိလိုက်ပြီ ဖြစ်သည်။

သို့သော်....

သူမအသိနောက်ကျသွားပြီ ဖြစ်လေသည်။

တိမ်ဖြူပိုက်ကွန်သည် အခိုးအငွေ့နှင့်သော်လည်းကောင်း အမွေးအမျှင်ကလေးများနှင့်သော် လည်းကောင်း အလားသဏ္ဌာန်တူလေသည်။

ချိုင်ရှမ်းက ခုခံရှောင်တိမ်းနေသည့် ကြားမှပင် ထိုထူးဆန်းသော တိမ်ဖြူပိုက်ကွန်သည် သူမ၏ ခန္ဓာကိုယ်ပေါ်၌ လွှမ်းခြုံသွားလေသည်။

အခိုးအငွေ့၊ အမွေးအမျှင်များက ရစ်သိုင်းသွားသကဲ့သို့ ဖြစ်နေပါတော့သည်။

ကြိုးဖြင့် ရက်လုပ်ထားသော ပိုက်ကွန်ကဲ့သို့ မာကျောခြင်း မရှိပါချေ။

ချိုင်ရှမ်းက ရုန်းဖန်လိုက်သည်။

တိမ်ဖြူပိုက်ကွန်သည် အခိုးအငွေ့နှင့်သာတူရကား လွယ်လင့်တကူ ရုန်းကန်၍ရမည် ထင်ရ၏။

သို့သော်....

တကယ်တမ်းတွင် သူမ၏လှုပ်ရှားမှုများနှေးကွေးလေးလုံးသွားရလေသည်။

ခြေလက်များကို ကြိုးဖြင့် ရစ်ပတ်ချည်နှောင်ထားသကဲ့သို့ ခံစားလိုက်ရ လွတ်လပ်စွာ လှုပ်ရှားရ၍ မရတော့ချေ။

ထိုအချိန်မှာပင်....

လှုပ်ပြက်သလို ဝင်းလက်သွားသောအလင်းရောင်ကြောင့် ချိုင်ရှမ်း မျက်လုံးများ ပြာဝေသွားရလေသည်။

သူမ၏မျက်လုံးများ ကန်းသွားပြီဖြစ်ကြောင်း သူမကိုယ်တိုင် မသိလိုက်ချေ။

ထို့ကြောင့်လည်း မိုးကြိုးသွားသဏ္ဌာန်လက်နက်က ချိုင်းနှင့်မြည်းစာ ပစ်လွှင့်လာစဉ်အခါ နားများ အူသွားပြီး ရှောင်တိမ်းခြင်းမပြုနိုင်တော့ပါချေ။

ထိုမိုးကြိုးသွားသဏ္ဌာန်လက်နက်သည် သူမ၏ရင်ဝဋ်တည့်တည့်စွာ စိုက်ဝင်သွားလေသည်။

'အမယ်လေး'

ချိုင်ရှမ်း အထိတ်တလန့်အော်ဟစ်လိုက်လေသည်။

သူမက ကမ္ဘာကယာနောက်ဆုတ်လိုက်ချိန်မှာပင် ပူဖြင်းသော မီးလုံးကြီးတစ်ခုသည် ထူမအား ထိမှန်ကာ မီးစဉ်လောင်သွားလေတော့သည်။

'ဝုန်း'

ချိုင်ရှမ်းသည် မြေပေါ် ပက်လက်လန်ကာ လဲကျသွားလေသည်။

သူမ၏တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်လောင်သွား၏။

မီးတောက်မီးလျှံများ၏ အရှိန်ပြင်းလွန်းလှကား ချိုင်ရှမ်းမှာ မီးသင်္ဂြိုဟ်ပြီးသား ဖြစ်သွားကာ တစ်ခဏအတွင်း မှာပင် ပြာပုံဘဝသို့ ရောက်ရှိသွားလေတော့သည်။

* * *

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ရယ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မျက်နှာဖုံးတပ်ထားသူ လေးယောက်သည် သတောကျစွာ ရယ်မောလိုက်လေသည်။

သူတို့သည် သိုဝ်းလောကဥ္စိ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော အရိပ်မဲ့တောင်ကုန်းမှ ချိုင်ရှမ်းအား အနိုင်ယူလိုက်နိုင်ပြီ မဟုတ်ပါလား။

ချိုင်ရှမ်းအား အနိုင်ယူနိုင်ဖို့ဆိုသည်မှာ မဖြစ်နိုင်သောကိစ္စသို့ပင်လောကသားများတို့ အမှတ်ပြုလေ့ရှိကြသည်။

သခ္ဓေတာ့....

ချိုင်ယဲ့မှာ အရိုးအသား ရှာမရအောင် လောကပေါ်မှ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က...

'ချိုင်ရှမ်းကမသေဘူး၊ ကျုပ်တို့ ဘယ်သူဘယ်ဝါတွေဟာ သိသွားပုံရတယ်'

ဟု ပြောလေသည်။

အခြားမျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က....

'သိသွားတော့ရော ဘာအရေးလဲဗျာ၊ သူက ဘယ်သူ့ကို ပြာနှိုင်မှာမို့လဲ'

အခြားတစ်ယောက်က ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်၊ အရေးကြီးတာက ဟိုကောင်လေးနောက်ကို ကြဖို့ပဲ၊ သူလွတ်သွားလိမ့်မယ်'

ဆိုစကားကြားလျှင် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

သူမ၏ မေတ္တာတရားကို လုယိကျုံး မလေးစားဘဲ မနေ
ခဲ့ပေ။

'ကျုပ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

လုယိကျုံးက တီးတိုး ရေရွတ်လိုက်လေသည်။

သူ၏စကားကို ချိုင်ယွဲ့ကြားနိုင်တော့မည် မဟုတ်ပါ
။

ထိုစဉ်....

'မြန်မြန်လာဟေ့'

အဝေးမှ အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်လာသည်
ကြားလိုက်ရလေသည်။

လုယိကျုံး ခံပြင်းသွားသည်။

မျက်နှာပုံစံဝယ်သား သူ့နောက်သို့
သားနောက်ပြီ မဟုတ်ပါလား။

လုယိကျုံး အံကြိတ်လိုက်သည်။

'တွေ့ကြသေးတာပေါ့'

'သွားစို့'

သူထို့သည် လုယိကျုံး ထွက်သွားရာနောက်ဆို့ချက်ခိုင်
ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

* * *

ရေပြည်လေညင်း ဒွေ့ယမ်းတိုက်ခတ်လာလေသည်။

ရော်ရွက်ဝါကလေးများ တဖြုတ်ဖြုတ် ကြွေကျလာ
သည်။

သစ်ပင်ကြီးအောက်တွင် မြေပုံမို့မို့လေးတစ်ခု ရှိ
သည်။

လုယိကျုံးက မြေပုံရှေ့တွင် ဒူးထောက်နေသည်။

သူ၏ မျက်ဝန်းအစုံမှာ ရီဝေနေ၏။

သေဆုံးသွားပြီဖြစ်သော ချိုင်ယွဲ့အတွက် ဝမ်းနည်း
ကွဲနေမိ၏။

ချိုင်ယွဲ့သည် သူ့အားကူညီရင်း အသက်စွန့်သွားခဲ့ရ
ဖြစ်သည်။

ဟု ကြုံးဝါးရင်း တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်

ထိုစဉ်....

'အစ်ကိုကြီး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်လေသည်။

လုယိကျုံး လှည့်ကြည့်လိုက်၏။

ထိုအခါ....

လူငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

လုယိကျုံး မျက်မှောင်ကြုတ်သွား၏။

'ငါ့ညီက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

လူငယ်က ဦးညွတ်ကာ....

'ကျွန်တော့်နာမည် ယင်းချောင်လို့ ခေါ်ပါတယ် ခင်ဗျာ'

'ယင်းချောင်'

'ဟုတ်ပါတယ်'

လုယိကျုံးက....

'နေပါဦး မင်းစကျုပ်ကို သိလို့လား'

ဟု မေးလိုက်သည်။

ယင်းချောင်ဆိုသော လူငယ်က....

'နောင်ကြီးဟာ သမားတော် ခြံဝင်းပိုင်ရှင်ရဲ့သား သခင်လေး လုယိကျုံး မဟုတ်လားဗျာ'

ဟု ပြောလေသည်။

လုယိကျုံး အံ့သြသွားသည်။

'မင်းက ကျုပ်ကိုသိနေတာကိုး၊ မင်းကိုတော့ ကျုပ်က မသိပါလား'

ယင်းချောင်က....

'နောင်ကြီးဟာ ပေါင်ကျင်းမြို့က ယင်းလက်ဖက်ခြောက် ဆိုင်ကို ဆောက်ခဲ့သေးတယ် မဟုတ်လားဗျာ'

ဟု မေးပြန်လေသည်။

လှယိကျုံး၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားလေသည်။

သူက ယင်းချောင်မြောသည့် စကားများကို ဆက်ပြော်တွေးတောမိလိုက်လေသည်။

'ဒါ...ဒါဆို မင်းဟာ ယင်းကွေ့အဖြစ်ဇာတ်မြုပ်ထားတဲ့ နဂါးသရဲ လုံကွေ့နဲ့ ပတ်သက်နေတာပေါ့ ဟုတ်လား'

ယင်းချောင်က....

'ဟုတ်ပါတယ်၊ နဂါးသရဲ လုံကွေ့ဟာ ကျွန်တော့်ရဲ့ အဖေပါ'

'မင်းရဲ့အဖေ'

'ဟုတ်ပါတယ်၊ သူဟာ ပေါင်ကျင်းမြို့မှာ ဇာတ်မြုပ်နေထိုင်ရင်း မိဘမဲ့ဖြစ်နေတဲ့ ကျွန်တော့်ကို ကောက်ယူမွေးစားခဲ့တာပါခင်ဗျာ'

မှုန်ပေသည်။

နဂါးသရဲလုံကွေ့သည် အိမ်ထောင်ရှိသူ မဟုတ်ပေ။

ပေါင်ကျင်းမြို့သို့ထွက်မှ ယင်းချောင်ကို မွေးစားခဲ့ခြင်းဖြစ်သည်။

ယင်းချောင်က ရေပူစမ်းတွင် မိုးကြိုးဂိုဏ်းမှ ဌာနခွဲမှူး ဟိုစင်း၏ တူဖြစ်သော ကျင်းစန်းနှင့် အချင်းများခဲ့ဆဲမှ နဂါးလက်သည်းသိုင်းကွက်ကို ထုတ်သုံးခြင်းကြောင့် ယင်းကွေ့အဖြစ် ဇာတ်မြုပ်နေသော နဂါးသရဲလုံကွေ့၏ ဖြစ်ရပ်မှုန် ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

သို့ပေးလောကသားများသည်လည်း လုံကွေ့အား သဲကြီးမဲကြီးလိုက်ရှာဖွေကြပေသည်။

လုံကွေ့သည့် အန္တရာယ်ကျရောက်တော့မည် ဖြစ်ကြောင်း ရှိပ်မိကာ ယင်းချောင်ကိုခေါ်ပြီး ပေါင်ကျင်းမြို့မှ ထွက်ပြေးတိမ်းရှောင်သွားခြင်း ဖြစ်သည်။

လမ်းခရီးတွင် မမျှော်လင့်တဲ့ လှယိကျုံးနှင့် တွေ့ဆုံပြီး ကူညီမှုခံရလေသည်။

လှယိကျုံးသာကူညီခြင်းမပြုလျှင် ယင်းချောင်နှင့်လုံကွေ့တို့ ဒုက္ခရောက်နေမည်မှာ သေချာနေပေတော့သည်။

လှယိကျုံးသည် ယင်းချောင်ကိုကြည့်ရင်း တဖြည်းဖြည်း အမှတ်မလာလေတော့သည်။

ယင်းချောင်က....

'ပေါင်ကျင်းမြို့ပြင်မှာ ကျွန်တော်တို့သားအဖနှစ်ယောက်ကို ကူညီခဲ့တာ မှတ်မိသေးလား နောင်ကြီး'

ဟု မေးလိုက်လေသည်။

လုယိကျုံး ခေါင်းညိတ်လိုက်လေသည်။

'မူတ်မိပါ့ဗြီ ညီလေးရယ်၊ ဒါထက် ဦးလေးလုံကွေ့ထော့'

'ဖေဖေက နောင်ကြီးကို ခေါ်ခိုင်းလိုက်လို့ပါ'

'ဟင်'

လုယိကျုံး ဝမ်းသာသွားလေသည်။

လုံကွေ့အားတွေ့ရမှု မိဘများ လုပ်ကြံခံရသည့်အဖြစ်ကို သေသေချာချာသိရမည်ဖြစ်သည်။

လုံကွေ့အား သူက လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။

လုံကွေ့အား မတွေ့ရဘဲ အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရလေသည်။

ယခုတော့....

မမျှော်လင့်ဘဲ ယင်းချောင်နှင့် တွေ့ရပြီး လုံကွေ့၏ သတင်းကိုရလိုက်ပြီ ဖြစ်လေသည်။

လုယိကျုံးက....

'ဦးလေးလုံကွေ့က ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ယင်းချောင်က....

'နောင်ကြီးကို စောဖို့နေပါတယ်၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

'ကောင်းပြီ'

လုယိကျုံးသည် ယင်းချောင်နှင့်လိုက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

လုယိကျုံးတို့ အတော်လေး ခရီးပေါက်လာကြပြီ ဖြစ်လေသည်။

နေ့မွန်းတည့်အချိန်သို့ ရောက်သောအခါ ယင်းချောင်းသည် အဆင့်ယူလာသော စားသောက်ဖွယ်ရာများကို ထုတ်ယူကာ ကျွေးမွေးလေသည်။

လုယိကျုံးလည်း စားသောက်ရင်း....

'ကျုပ်က ညီလေးတို့ကို ရှာဖွေဖို့ သိုင်းလောကထဲကို ဆင်းလာခဲ့ရတာပါ၊ ခုဆိုရင် သိုင်းလောကသားတွေကပါ ညီလေးတို့ကို လိုက်ရှာနေကြပြီဆိုတာကော သိရဲ့လား'

တဲ့ မေးလိုက်လေသည်။

ယင်းချောင်းက....

'ကျွန်တော် သိပါတယ်၊ အမှန်တော့ ကျွန်တော်ဟာ ဖေဖေမွေးထားတဲ့စကားကို အလေးအနက် မထားခဲ့မိလို့ ခုလို ဖြဿနာတွေ ဖြစ်ပေါ်လာခဲ့ရတာပါ'

လုယိကျုံးက....

'ညီလေး... ကျုပ်ကို ဘယ်လို ခြေထုခံမိတာလဲ ပြောပါဦး'

ရောဘဲ့ဒ်ဘွင် စီးဆင်းနေသည်။

မြစ်ထဲ၌ လှေယက်လေးတစ်စီး လှော်ခတ်နေလေသည်။

ထိုလှေကလေးသည် ပေါင်းမိုးပါသော ထံဝါလှေ အမျိုးအစား ဖြစ်လေသည်။

ယင်းချောင်းက ထိုလှေကလေးကိုင်းရမ်းကာ လုယိကျုံးအား ခေါ်ဆောင်လာခြင်း ဖြစ်လေသည်။

လှေပေါင်းမိုးအောက်တွင် နှစ်ယောက်သား ထိုင်ကာ လိုက်ပါလာကြလေသည်။

လှေသမားသည် ရေစုန်အတိုင်း မျောကာ လှော်ခတ်လာ၏။

ဟု မေးမြန်းပြန်သည်။

ယင်းချောင်က....

'ကျွန်တော်တို့ဟာ ပြေးရင်းလွှားရင်းနဲ့ နှောင်ကြိုးရဲ့ သတင်းကို စုံစမ်းခဲ့ကြပါတယ်၊ မကြာပါဘူး၊ သမားတော် ခြုံဝင်းပိုင်ရှင်ရဲ့သားဟာ အသက်ရှင်သန် လှုပ်ရှားခဲ့ပြီး မိတက်ိုသတ်တဲ့ တရားခံတွေကိုဖော်ထုတ်ဖို့ သိုင်းလောကထဲကို ဆင်းလာတယ်လို့ ကြားရပါတယ်၊ ဒါနဲ့ ဖေဖေက ကျွန်တော့်ကို လှုတ်လိုက်တာပါ၊ ကျွန်တော်လဲ သတင်းစုံစမ်းပြီး လိုက်ရှာခဲ့တာ၊ နောက်ဆုံး အရိပ်မဲ့တောင်ကုန်းမှာ အစ်ကို့ကြီးနဲ့ တွေ့ခဲ့ရတာပါပဲ'

ဟု ရှင်းပြလေသည်။

လုယိကျုံးက....

'ဒါထက် ဦးလေးလုံကွေ့ ရော'

ဟု မေးလိုက်သည်။

ယင်းချောင်က....

'ဖေဖေဟာ အောက်ပိုင်းက ဒေါင်းတောင်မှာ ရှိနေပါတယ်၊ သူကိုယ်တိုင် သိုင်းလောကထဲကို ဆင်းလာလို့ မဖြစ်လို့ ကျွန်တော့်ကို လှုတ်လိုက်တယ်'

လုယိကျုံးက....

'ကျုပ်ကို မျက်နှာဖုံး စွပ်ထားတဲ့ လူလေးယောက်က ဖမ်းပြီး ရန်ရှာနေကြတယ်၊ သူတို့ဟာ အတော်ကို ကြောက်စရာကောင်းတဲ့ ထိပ်သီးသိုင်းပညာရှင်တွေ ဖြစ်ကြတယ်'

ယင်းချောင်က....

'သူတို့ကို ကျွန်တော်လဲ တွေ့ပါတယ်၊ သူတို့ရဲ့လက်ချက်နဲ့ ခြိုပ်မဲ့တောင်ကုန်းက အတွားအိုချိုင့်ရှိမ်း သေဆုံးသွားခဲ့ရပြီ'

'ဟင်'

လုယိကျုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ၏နောက်သို့ သဲကြီးမဲကြီးလိုက်နေသူ လေးယောက်၏လက်ချက်ဖြင့် အရိပ်မဲ့အတွားအိုချိုင့်ရှိမ်းပင် သေဆုံးသွားခဲ့ရပြီဖြစ်ကြောင်း မသိရချေ။

ချိုင့်ရှိမ်းနှင့် ချိုင်ယွဲ့တို့ဆရာတပည့် နှစ်ယောက်အတွက် သို့လူများအား တစ်နေ့တွင် သုတ်သင် ရှင်းလင်းပစ်မည်ဟု သံဓိဋ္ဌာန်ဖြတ်လိုက်လေတော့သည်။

ယင်းချောင်က....

လုယိကျုံးသည် လုံကွေ့အား ချီးကျူးမိလိုက်လေသည်။

လုံကွေ့သည် သူ၏မိဘများအပေါ်တွင် အလွန်ပင်သစ္စာ ဘင်္ဂယောက် မဟုတ်ပါလား။

လုယိကျုံးငိုင်သွားသည်။

နှစ်ယောက်သား တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

လေကလေးများက တကျိကျိမြည်ကာ လှော်ခတ်နေ

ပွင့်ရိခြောက်သွေ့လှသဖြင့် လုယိကျုံး ငိုက်မျဉ်းလာ သည်။

ပြေးရလွှားရခြင်းကြောင့် မောပန်းလှပြီမဟုတ်ပါလား။

အလိုက်သိသော ယဝ်းချောဝ်က....

'နောင်ကြီး အနားယူလိုက်ဦးလေ၊ ကျွန်တော်တို့ ညနေ စောင်းတဲ့အထိ လှေစီးသွားကြရမှာ'

ဟုဖြောကာ လှေသမားနှင့် သွားဆောက်စကားပြောနေ ကြလေ၏။

'ကျွန်တော်ဟာ ဖေဖေ ပြောပြထားလို့ သိုင်းလောအကြောင်း သိသားပါတယ်၊ အခု နောင်ကြီးကို ရှာရင်း ဖေဖေက တာဝန်ပေးလိုက်တာကြောင့် သိုင်းလောတထပ် ကိုယ်တိုင်ဆင်းလာခဲ့ရပြီး သိုင်းလောတသားတွေအကြောင်း ကို လေ့လာတွေ့သိနေရပါပြီ၊ ဒါကြောင့်လဲ သူတို့က ချီဒိုင်ခန့် ရှင်ဆိုင်းနဲ့တုန်း ကျွန်တော်က နောင်ကြီးဆီကို အရောက်သာ နှိုင်းခဲ့တာပါ'

ဟု ရှင်းပြလေသည်။

လုယိကျုံးက....

'ဒါထက် ကျုပ်ရဲ့မိဘတွေကို လုပ်ကြံသွားတာ ဘယ်သူ ဘယ်ဝါတွေဆိုတာ သိလေးသိသလား'

ဟု မေးလိုက်လေသည်။

ယင်းချောဝ်က ခေါင်းခါယမ်းလိုက်လေသည်။

'မသိသေးဘူး၊ နောင်ကြီးရဲ့အကြောင်းကို ဖေဖေ ကျွန် တော့်ကိုတောင် ဖွင့်မပြောပါဘူး၊ ကျွန်တော်က သိုင်း လောကထဲကိုဆင်းကာမှ နောင်ကြီးနဲ့ပတ်သက်တဲ့ သတင်းတွေ ကို ကြားရတာပါ'

'ဩော်'

လုယိကျုံး တစ်ယောက်တည်း ကျွန်ရစ်သောအခါ မေဝါးပေးခဲ့သော အဆိပ်ဖြေဆေးတစ်လုံးကို သောက်လိုက်ပြီး လေ့ပေါင်းမိုးကို ကျော်မှီကာ အေးအေးဆေးဆေး အနားယူနေလိုက်၏။

မကြာပါချေ။

မျက်တောင်များ မှေးစင်းလာပြီး အိပ်ပျော်သွားလေသည်။

လုယိကျုံး ခေတ္တခဏအိပ်ပျော်သွားချိန်တွင် အိပ်မက်တစ်ခုမြင်မက်ခဲ့လေသည်။

* * *

လေဘဟူးဟူးတိုက်ခတ်နေသည်။

အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

ဖြူဖွေးသောနှင်းများသည်လည်း တောင်ပေါ်တွင်လွှမ်းမိုးထားလေသည်။

ထင်ရှားပင်များသည် ဟိုတစ်စုသည်တစ်စုဖြင့် နှင်းမြူများအောက်တွင် နစ်မြုပ်နေသည်။

ချက်တရက်ကြည့်လျှင် ထင်ရှားတောထဲမှ သစ်လုံးအိမ်လေးကိုတွေ့မြင်ရမည်မဟုတ်ပေ။

နေ့လယ်နေ့ခင်းအချိန်ဖြစ်သော်လည်း ထိုသစ်လုံးအိမ်လေးဆီတွင်ထွက်ပေါ်နိုင်ခြင်းကြောင့်သာလျှင် သတိပြုနိုင်ခြင်းဖြစ်သည်။

မှန်ပေသည်။

သစ်လုံးအိမ်ကလေးအတွင်း၌ မီးလင်းဖိုတစ်ခု ဖိုနေပြီး ချောင်းများကို တဖျစ်ဖျစ်မြည်ကာ တောက်လောင်နေကြောင့် မီးလင်းနေခြင်းဖြစ်လေသည်။

သို့မဟုတ်မူလျှင် ဝတ်ဆင်ထားသည့် ယ်လေးတစ်ယောက်က မီးဖိုထဲသို့ ထင်းများထည့်ပေးနေ။

မီးအရှိန်ကောင်းလာပြီး တစ်အိမ်လုံးသို့ အပူခံတပ်ပျံ့နှံ့ားတာ့မှ မီးလင်းဖိုအနီးမှခွာလိုက်လေသည်။

ထို့စဉ်....

'လုယိကျုံး'

ခေါ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

အိမ်စဲဘက် ပြတင်းပေါက်အနီး၌ ထိုင်ခုံတစ်လုံးရှိနေ
အမျိုးသမီးကြီးတစ်ယောက် ထိုင်နေပါသည်။

ထိုအမျိုးသမီးကြီးသည် ယမ်စဉ်ကာ အလွန်ချောမော
ခဲ့သူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။

သို့သော်....

သူမ၏ မျက်နှာသည် ရယ်ခြင်း၊ ပြုံးခြင်းကင်းမဲ့
အစဉ်သဖြင့် ခက်ထန်နေသဖြင့် အကျည်းတန်သည်ဟုပင် ထင်
လေတော့သည်။

'လာပါပြီ ဒေါ်လေးကူးယဉ်'

လုယိကျုံးက ချက်ချင်းပင် လှမ်းသွားလိုက်လေသည်။

အမျိုးသမီးကြီး၏ဒဏ်မှာ ကူးယင်ဖြစ်သည်။

တစ်ချိန်က သိုင်းလောကအတွင်း မာနကြီးဟု နာမည်ကြီး
ခဲ့သော သိုင်းသမားတစ်ယောက်ထည်း ဖြစ်လေသည်။

ကူးယင်သည် အနီးသို့ရောက်လာသော လုယိကျုံးကို
ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

လုယိကျုံးက....

'ဒေါ်လေး ရေနွေးကြမ်းယူမလို့လားဟင်'

ဟု မေးလိုက်လေသည်။

ကူးယင်သည် ငေးငိုင်နေခဲ့သည်မှာ သုံးလေးရက် ရှိနေပြီ
ဆာ နေထိုင်မကောင်း ဖြစ်နေ၍လားဟု ထင်မိလေသည်။

ကူးယင်က....

'မဟုတ်ဘူး၊ ငါကမင်းကို အရေးကြီးတဲ့စကား ပြောစရာ
ရှိ'

'ဟင်'

မမျှော်လင့်ဘဲ ကြုံးလိုက်ရသောစကားကြောင့် လုယိ
ကျုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကူးယင်က....

'လုယိကျုံး'

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ပြောပါဒေါ်လေး၊ ကျွန်ုပ်နားထောင်နေ
ပါတယ်'

ကူးယင်က....

'မင်းရဲ့မိဘတွေ ဘယ်သူဘယ်ဝါတွေဆိုတာ မင်းမသိ
ဘူးလား'

'ဗျာ'

လုယိကျုံး မျက်လုံးပြူးသွားလေသည်။

ကူးယင်က....

'ငါမေးနေတာပြောစမ်းပါဦး၊ မင်းရဲ့မိဘတွေအကြောင်း
မသိချင်ဘူးလား'

ဟု ထပ်မေးလေသည်။

လုယိကျုံးက....

'ကျွန်တော်သိချင်တာပေါ့ ဒေါ်လေးရယ်၊ ကျွန်တော့်
မိဘတွေဟာ ကျွန်တော်ငယ်ငယ်ကပဲ သေဆုံးသွားခဲ့ကြပြီ
ဒေါ်လေး ပြောခဲ့တာပဲ မဟုတ်လား'

ကူးယင်က....

'ဟုတ်တယ်၊ မင်း လသား အရွယ်မှာပဲ မင်းရဲ့မိဘတွေ
သေဆုံးသွားခဲ့ကြတာပဲ၊ ဒါပေမယ့် သူတို့ဟာ လူတစ်စုံ
လက်ချက်ကြောင့် သေဆုံးသွားကြရတာ'

'ဟင်....ဒေါ်လေး ဘယ်လိုပြောလိုက်တာလဲ'

လုယိကျုံးက မယုံကြည်နိုင်စွာဖြင့် မေးလိုက်လေသည်။

ကူးယင်က....

'မင်းရဲ့ မိဘတွေဟာ သူများသတ်လို့ သေကုန်ကြတာ
ကွယ့်'

'ကျွန်....ကျွန်တော်'

လုယိကျုံး မည်သို့ပြောရမှန်းမသိဖြစ်သွားလေသည်။

ကူးယင်၏ စကားကိုလည်း မယုံနိုင်အောင် ဖြစ်နေ၏။

ကူးယင်က....

'ငါက ဒီစကားကိုပြောမယ် ပြောမယ်နဲ့မပြောရက်ခဲ့ဘူး၊
တော့ မင်းလဲ အသက်နှစ်ဆယ် ပြည့်သွားပြီ၊ ဒါကြောင့်
မင်းရဲ့ဘဝမှန်ကို ဖွင့်ပြောဖို့ ငါဆုံးဖြတ်လိုက်တာပဲ'

ဟု ပြောလေသည်။

လုယိကျုံးက....

'ကျွန်တော်ဘဲနဲ့ ပတ်သက်ပြီး တွေးတောနေလို့ ဒီရက်ပိုင်း
မှာ ဒေါ်လေးကူးစိတ်ရှုပ်နေရတာကိုး'

ကူးယင်ကာ....

'ဟုတ်တယ်၊ မင်းကိုဖွင့်ပြောသင့်မပြောသင့် ငါကစဉ်းစား ချင့်ချိန်နေခဲ့တာ၊ ခုတော့ ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပြီ....'

ဟုပြတ်သွားသောလေသံဖြင့် ပြောလေသည်။

လုယိကျုံးက....

'ဒေါ်လေး၊ ကျွန်တော့်ရဲ့ မိဘတွေဟာ....'

သူ၏စကားမဆုံးမီ ကူးယင်က ကြားဖြတ်ပြောလိုက်သည်။

'ဘာလဲ....မင်းရဲ့မိဘတွေအကြောင်းကိုသိချင်နေပြီလား'

လုယိကျုံးက....

'ဟုတ်....ဟုတ်ပါတယ် ဒေါ်လေး'

ဟုအမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ကူးယင် မဲ့ပြုံးပြုံးလိုက်လေသည်။

'အင်းပေါ့လေ၊ နောက်ဆုံးတစ်နေ့မှာ မင်းကငါ့ကို မေ့သွားတော့မှာပဲ မဟုတ်ဘူး'

'ဟာ....ဒေါ်ထေးကူးကလဲ ကျွန်တော်ဒီလိုမဟုတ်ပါဘူး၊ ဒေါ်လေးကူးဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပါ၊ ကျွန်တော့်မိခင်ဆိုရင်လဲ မမှားပါဘူး'

ကူးယင် ပြုံးလိုက်လေသည်။

'မင်းတကယ်ပြောတာလား'

'တကယ်ပါ ဒေါ်လေးရယ်'

ကူးယင် သက်ပြင်းချလိုက်သည်။

'မင်းက ငါ့ကို မေ့မသွားရင် ဘာပဲပြီးလေ၊ မင်းရဲ့မိဘတွေဟာ သမားတော် ခြံဝင်းပိုင်ရှင်တွေပဲကွယ့်'

ဟုပြောပြလေသည်။

လုယိကျုံး၏ အသည်းနှလုံးထဲဝယ် သမားတော် ခြံဝင်းဆိုသောအမည် စွဲသွားတော့သည်။

ကူးယင်ကာ....

'မင်းရဲ့အမေဟာ မင်းကိုမမွေးဖွာပြီး မကြာခင်မှာဘဲ ရန်သူတွေက သမားခြံဝင်းကို တိုက်ခိုက်ခဲ့လို့ ဒုက္ခရောက်ခဲ့ကြရကယ်'

လုယိကျုံး စိတ်မကောင်း ဖြစ်သွားလေသည်။

သူ၏မိဘများသည် အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ကြရသည် မဟုတ်ပါလား။

သူ့အား မေးဖွားခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကြမ္မာဆိုးနှင့် ကြုံတွေ့ရခြင်းပေလော။

လုယိကျုံး ငိုင်နေမိလေသည်။

ကူးယင်က ဆက်ပြောလိုက်လေသည်။

'ခုလိုပဲ နှင်းတွေကျနေတဲ့ တစ်နေ့မှာပေါ့၊ မင်းရဲ့အမေဟာ တစ်ကိုယ်လုံးဒဏ်ရာဖရပွနဲ့ ငါ့ဆီကို ရောက်လာခဲ့တယ်၊ သူ့ရဲ့ လက်ထဲမှာလဲ လသားအရွယ် ကလေးတစ်ယောက်ကို ပွေ့ချီလို့၊ အဲဒီကလေးဟာ မင်းပဲပေါ့'

'ကျန်....ကျန်တော်'

'မင်းရဲ့အမေဟာ ငါ့ဆီကိုရောက်လာတယ်၊ သမားတော်နှစ်ဝင်းကို တိုက်ခိုက်ဖျက်ဆီးခံရတဲ့ အကြောင်း၊ ရန်သူလက်ချက်နဲ့ မင်းရဲ့အဖေ သေဆုံးသွားတဲ့အကြောင်း၊ သူကိုယ်တိုင်လဲ အခြေအနေ မဟန်တော့လို့ မင်းကို စောင့်ရှောက်ပေးဖို့အကြောင်းပြောပြီး ငါ့လက်ထဲကို အပ်တယ်'

လုယိကျုံးက...

'ဒါ....ဒါဖြင့် ကျန်တော့်မေမေရော'

'သူ သေသွားတယ်'

'ဟာ'

လုယိကျုံး လွတ်ခနဲ အော်လိုက်လေသည်။

သူ၏မိခင်ရောဖခင်ပါ အဖြစ်ဆိုးနှင့်ကြုံတွေ့ရကာ သေဆုံးသွားခဲ့ကြပြီ ဖြစ်သေသည်။

လုယိကျုံးသည် ကူးယင်ကိုကြည့်ရင်း....

'ကျန်တော့်ရဲ့မိဘတွေကို ဘယ်သူတွေက လုပ်ကြံသတ်ဖြတ်ခဲ့ကြတာလဲ၊ ဘာကြောင့်လဲဟင်'

ဟု အလောတကြီး မေးလိုက်လေသည်။

ကူးယင် ခေါင်းခါယမ်းလိုက်သည်။

'ဒီအကြောင်းကို ငါမသိဘူး၊ ဒါပေမယ့် မင်း ကြီးပြင်းလာတဲ့ တစ်နေ့ကျရင် ပေါင်ကျင်းမြို့က ယင်းလက်ဖက်ခြောက်ဆိုင်ကိုသွားပြီး ဆိုင်ပိုင်ရှင်ယင်းကွေ့နဲ့တွေ့ပါ၊ ယင်းကွေ့က မင်းရဲ့ဘဝဖြစ်စဉ်ကိုပြောပြလိမ့်မယ်လို့ မင်းရဲ့အမေက မှာကြားသွားခဲ့တာပါ'

'ဒါ....ဒါဆို'

'ဘာလဲ၊ မဝိုးက လုံကွေ့ကို သွားရှာချင်နေပြီလား'

'ကျွန်တော်....'

လူယိုကျုံးသည် ကူးယင်ကို တစ်ချက်ကြည့်ပြီး စကား ဆက်ပိုင်းဆက်စဖြင့် ရပ်ထားလိုက်လေသည်။

ကူးယင် မဲ့ပြုံးပြုံးလိုက်သည်။

'ဘယ်လိုလဲ၊ မင်းရဲ့ မိဘအခြောင်းတွေကို သိရပြီဆိုတော့ မင်း ထွက်သွားချင်နေပြီ မဟုတ်လား'

'ကျွန်....ကျွန်တော်'

'စိတ်ချ၊ မင်း သွားရမယ်'

လူယိုကျုံး ဝမ်းသာသွားလေသည်။

ကူးယင်က ပြတ်သားသော လေသံဖြင့်....

'မင်းရဲ့ မိဘတွေကို လုပ်ကြံသွားတဲ့ တရားခံတယ်သူတွေလဲ ဆိုတာကို ရှာဖွေဖော်ထုတ်ရမယ်၊ သူတို့ကို ချေမှုန်းပစ်ရမယ်၊ ဒါမှ ဘမလွန်ဘဝကို ရောက်နေကြတဲ့ မင်းရဲ့ မိဘတွေ ကျေနပ်နှိုင်ကြလိမ့်မယ်'

လူယိုကျုံးက....

'စိတ်ချပါ ဒေါ်လေး၊ ဒီကိစ္စကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်မယ်လို့ကျွန်တော်က ကတိပြုပါတယ်'

ကူးယင်က....

'မင်းကို ဝါသင်ပေးလိုက်တဲ့ သိုင်းပညာဟာ ဒီမြို့ပြင်ဘက် ကင်းတဲ့ သိုင်းပညာတစ်ရပ် ဖြစ်တယ်၊ ဒါပေမယ့် သိုင်း သောကထဲကိုရောက်ရုံ အစစအရာရာ သတိထားရလိမ့်မယ်၊ မင်းဟာ အတွေ့အကြုံ နည်းသေးတယ်ဆိုတော့ သိုင်းဘယ် လောက်ပဲတော်တော် သူတစ်ပါး လှည့်စားတာကို ခံရနိုင်တယ်၊ ဘယ်တော့မှ သတိမလစ်စေနဲ့'

ဟု မှာကြားလေသည်။

လူယိုကျုံး ဦးညွတ်လိုက်သည်။

'စိတ်ချပါ ဒေါ်လေး၊ ကျွန်တော် သေသေချာချာ မှတ်သားပါ့မယ်'

ကူးယင်က....

'မင်းကိုအရေးကြီးတာ ပြောရဦးမယ်'

လူယိုကျုံးက....

'ဟုတ်ကဲ့ပြောပါ ဒေါ်လေး'

သူက ဂရုစိုက်ပြီး နားထောင်နေလိုက်သည်။

ကူးယင်သည် အရေးမကြီးဘဲ ပြောမည်မဟုတ်ကြောင်း နားလည်ထားလေသည်။

ကူးယင်က....

'လုယိကျုံး မင်းဟာ မင်းရဲ့အဖေနဲ့ တူတယ်၊ မိန်းကလေးတွေဟာ မင်းကိုမြင်ရင် နစ်သက်စဲ့လမ်းကြလိမ့်မယ်၊ မင်းဟာ မိန်းကလေးတွေရဲ့ မာယာကို ရှောင်ရှားနိုင်မှ ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်ရင် မင်းအဖေလိုပဲ မေတ္တာရေးရာ အခက်အခဲတွေနဲ့ ကြုံတွေ့ရလိမ့်မယ်'

ဟု ပြောလေသည်။

လုယိကျုံး ပြုံးလိုက်မိလေသည်။

'ဒေါ်လေးရယ်၊ ကျွန်တော်ဟာ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ ကျွင်တော့် မိဘတွေရဲ့ ရန်သူကိုသာ ဦးစားပေးပြီး ရှာဖွေဖော်တုတ်မှာပါ'

ကူးယင်က....

'ကြည့်ဆေးတာပေါ့လေ၊ မေတ္တာရေးရာ ကြုံကြိုက်လာရင် တ်သဘကရောက်စရာတွေနဲ့ ကြုံရမယ်ဆိုကာ မှတ်ထားပါ'

'ဟုတ်ကဲ့ဒေါ်လေး'

ကူးယင် သက်ပြင်းချလိုက်လေသည်။

'လုယိကျုံး'

'ဟုတ်ကဲ့ ဒေါ်လေး'

'မင်းက ငါ့ဆီကိုပြန်လာဖို့ မလိုတော့ဘူး'

'ဗျာ'

လုယိကျုံး မျက်လုံးပြူးသွားလေသည်။

ကူးယင်က....

'ငါက မင်းကိုကယ်ချင်လို့ကယ်ထားတာ မဟုတ်ဘူး'

'ဒေါ်လေး'

လုယိကျုံးက အထိတ်တလန့် အော်လိုက်လေသည်။

ကူးယင်၏မျက်နှာ ခက်ထန်သွားသည်။

'ရှင်းရှင်းပြောမယ်၊ မင်းရဲ့ မိဘတွေကို ငါကမျက်နှာကာင် ကြည့်ချင်တာမဟုတ်ဘူး'

'ဒေါ်လေး'

'မင်းကိုငါက လက်ခံထားတာ၊ မင်းရဲ့မိဘတွေကြောင့် မဟုတ်ဘူး မင်းကိုသနားလို့၊ ဘာမှ အပြစ်မရှိတဲ့ ကလေး တစ်ယောက် နှင်းတောထဲမှာ ဒုက္ခရောက်ပြီး သေဆုံးသွားမှာ ကိုမကြည့်ရက်လို့ပါ၊ ရှင်းရှင်းပြောရရင် မင်းရဲ့မိဘတွေကို ငါကိုယ်တိုင်ဘောင် သတ်ပစ်ချင်တာ'

'ဗျာ'

လုယိကျုံး ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ဒေါ်လေး လိမ်ပြောနေတာ'

'ဘာ'

'ဒေါ်လေးက ကျွန်တော်သွားမယ့်ခရီးမှာ နောက်ဆံ မတင်းရလေအောင် တမင်ပြောနေတာ မဟုတ်လား'

'မဟုတ်ဘူး'

'ဒေါ်လေး လိမ်ပြောနေတာပါ'

ကူးယင် ဒေါပွသွားလေသည်။

'ကဲ.. ငါ့ကို လိမ်တယ်ပြောဦး'

ကူးယင်က....

'လုယိကျုံး မင်းသွားရင် ကောင်းမယ်'

ဟု ပြောလေသည်။

လုယိကျုံး ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါဒေါ်လေး၊ ကျွန်တော်သွားပါ့မယ် ဒါပေမယ့်'

'ဘာလဲ တစ်ချိန်ကျရင် မင်းက ငါ့ဆီကို ပြန်လာမယ်လို့ ပြောချင်တာ မဟုတ်လား'

လုယိကျုံးက....

'ဟုတ်ပါတယ်ဒေါ်လေး၊ဒေါ်လေးလဲ အသက်ကြီးပါပြီ၊ ကွန်တော် တစ်လှည့်ပြန်ပြီး လုပ်ကိုင်ကျွေးမွေးရင်း ကျေးဇူး ပြုပါရစေ ခင်ဗျာ'

ကူးယင်က နှာခေါင်းရှုံ့လိုက်သည်။

'မင်းအဖေလိုပဲ မင်းလဲတော်တော် အပြောကောင်းပါ ကား၊ မလိုချင်ဘူး၊ မင်းက ငါ့ရဲ့ကျေးဇူးကို နားလည် အောပေါက်တယ်ဆိုရင် ငါစကားကို နားထောင်ဖို့ပဲ တယ်၊ ငါ့ဆီကို ဘယ်တော့မှ ပြန်မလာရဘူး၊ သိုင်းလောက

ထဲ ဆင်းသွားတဲ့အခါ ဘယ်သူပဲမေးမေး ငါ့အကြောင်း
မပြောရဘူး'

လုယီကျုံးဝိုင်သွားလေသည်။

ကူးယင်သည် မာနကြီးပြီး စိတ်ဓာတ်ကြံ့ခိုင် မာကျော
ဖြစ်ကြောင်းကို သူ ကောင်းစွာ နားလည်သဘောပေ
ထားလေသည်။

ပြောပြီးသားစကားကို ဘယ်တော့မှ ပြန်ပြင်မည်မဟု
ပါချေ။ကူးယင်သည် လုယီကျုံးကိုမကြည့်တော့ဘဲ ကျောခိုင်
ထားလိုက်ပြီး....

'မင်း သွားတော့'

ဟု ပြောလိုက်လေသည်။

လုယီကျုံးသည် အတန်ကြာသည်အထိ ဒူးထောက်ကာ
ခေါင်းငုံထား၏။

နောက်ဆုံး....

'ကျန်တော် သွားပါတော့မယ်ခင်ဗျာ'

ဟု ဖြောလိုက်လေသည်။

ထိုအချိန်သည်....

သူ၏ အေးချမ်းသာယာသော ဘဝလေး ပျောက်ဆုံး
ပြီး ပူလောင်ခါးသီးသော ဘဝတစ်ခု အစပျိုးလိုက်
ဖြစ်ပေပေတော့သည်။

* * *

ယင်းချောင်က....

'ကျွန်တော်တို့ သွားရမယ့် မြို့ကလေးကိုဆောက်ပြီ၊ နောင်ပြီးနဲ့ ဒီမြို့မှာ တစ်ညနားပြီး မိုးလင်းမှ ခရီးဆက်ရမယ်၊ လေ၊ ကဲ.... လေ့ပေါ်ကဆင်းရအောင်'

ဟု ပြောလာလေသည်။

လုယိုကျုံးက....

'ကောင်းပြီ ညီလေး'

လေ့ပေါ်ငှိုးမိုးအောက်မှထွက်လိုက်သောအခါ လေ့သမ္မာန်းဆိုက်ကပ်ထားသည့် မြစ်ဆိပ်တစ်ခုသို့ ဆောက်နေပြီးမြစ်အထက်ပိုင်းတွင် စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ရှိနေသည်ကို တွေ့ရလေသည်။

ယင်းချောင်က....

'လာ.... နောင်ကြီး'

ဟုပြောကာ လုယိုကျုံးအား လက်ဆွဲခေါ်သွားလေသည်။

လုယိကျုံးလည်း လိုက်သွားသည်။

'အစ်ကိုကြီး၊ အစ်ကိုကြီး'

ချုတ်တရုတ်ထွက်ပေါ်လာသောခေါ်သံကြောင့်လုယိကျုံးဖျတ်ခနဲ လန့်နိုးလာလေသည်။

အိပ်မက်သည် ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။

မျက်လုံးဖွင့်ကာ ကြည့်လိုက်သောအခါ သူ၏ ရှေ့တွင် ယင်းချောင်ရောက်ရှိနေသည်ကို တွေ့ရလေသည်။

လုယိုကျုံးက မျက်လုံးကို ချက်ချင်းပွတ်ရင်း....

'ဘာဖြစ်လို့လဲညီလေး'

ဟု မေးလိုက်လေသည်။

သို့ဖြင့်....

နှစ်ယောက်သား မြစ်ဆိပ်ကိုဖြတ်သန်းကာ မြို့အတွင်းသို့ ရောက်ရှိသွားကြလေသည်။

မြို့ထဲ၌ စားသောက်ဆိုင်၊ စျေးဆိုင်၊ အရက်ဆိုင်၊ တည်း ခိုခန်း စသည်စသည်ဆိုင်များဖြင့် စည်ကားသိုက်မြိုက်နေသည်။

လုယိကျုံးက....

'ဦးလေးလုံခွေ့ ဆီကိုခရောက်ဖို့ အတော်သိုသေးသလား'

ဟုမေးလိုက်လေသည်။

ယင်းချောင်က....

'မဒေါ်းတော့ပါတူး၊ နွေဝက်ခရီးလောက်ပဲ လိုပါတော့ တယ်၊ ဒီမြို့ကလေးရဲ့ တောင်တက်စူးစူးကိုဦးတည်ပြီး သွား ယေ်ဆိုရင် နွေဝက်ခရီးလောက်ကျရင် ဒေါင်းတောင်ကို ရောက်သွားမှာပါ'

လုယိကျုံးက....

'ဦးလေးလုံခွေ့ဟာ ဒေါင်းတောင်မှာ ရှိနေတာ ဟုတ် လား'

ယင်းချောင်က...

'ဟုတ်ပါတယ်၊ ဖေဖေဟာ ဒေါင်းတောင်ခေါ်မှာပုန်းခို နေပါတယ်'

လုယိကျုံး သက်ပြင်းချလိုက်သည်။

'တို့က ဒီမြို့ကလေးမှာ မနားဘဲ ရွှေ့ခရီးဆက်သွားကြ မယ်ဆိုရင်ကော'

ယင်းချောင်က....

'နွေဘက်ဆိုရင်တော့ ကိစ္စမရှိပါဘူး၊ သွားကြမယ်ဆိုရင် အန္တရာယ်များလှပါတယ်ခင်ဗျာ'

လုယိကျုံး မျက်မှောင်ကြုတ်သွားသည်။

'အန္တရာယ်များဘယ် ဟုတ်လား'

'ဟုတ်ပါတယ် သခင်လေး'

'ခေါ်ပါဦး၊ ဘယ်လိုအန္တရာယ်များတယ်ဆိုတာ ပြောစမ်း ပါဦး'

ယင်းချောင်က....

'ဒေါင်းတောင်ကို သွားမယ်ဆိုရင် ဝက်ပါတောအုပ်ကို ဖြတ်သွားရပါလိမ့်မယ်၊ ဝက်ပါတောအုပ်မှာ အဆိပ်ပြင်းတဲ့ မြွေကင်းစတဲ့ သတ္တဝါတွေ ပေါများပါတယ်၊ ပြီးတော့ သစ်ပင်တွေဟာ တရွယ်တစားတည်း ဖြစ်နေတယ်ဆိုတော့ မှက်စိလည် လမ်းမှားပြီး တောအုပ်ထဲက မထွက်နိုင်အောင် ဖြစ်တတ်ကြပါတယ်၊ ဒေသခံတွေတောင်မှ ညဘက်မသွားဝံ့ကြပါဘူး'

ဟုရှင်းပြလေသည်။

သုယဝကျုံးက....

'အင်း....ညီလေးပြောတဲ့ အတိုင်းဆိုရင် အန္တရာယ်တော့ များတယ်၊ ဒါပေမယ့် ကျုပ်ဟာ ဦးလေးလုံကွေ့နဲ့တွေ့ရဖို့ အရေးကြီးနေတယ်၊ ဒါကြောင့် အခုပဲ ခရီးဆက်ကြတာပေါ့'

ယင်းချောင် မျက်နှာပျက်သွားလေသည်။

'နောင်ကြီး တကယ်သွားမလို့လား'

'ဟုတ်တယ်လေ'

'မနက်မှသွားလို့ မဖြစ်ဘူးလား နောင်ကြီးရဲ့'

လုယဝကျုံးက....

'အရိပ်မဲ့တောင်ကုန်းကို ညီလေးရောက်လာတော့ မျက်နှာဖုံးစွပ်ထားတဲ့ လူဆိုးတွေကို တွေ့ခဲ့တယ် မဟုတ်လား'

ယင်းချောင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....တွေ့ခဲ့ပါတယ်၊ အဘော်ကို ကြောက်စရာကောင်းတဲ့ လူတွေပါ'

လုယဝကျုံးက....

'သူတို့ဟာ ကျုပ်ရဲ့နောက်ကို တကောက်ကောက် လိုက်နေကြတယ်၊ ဒါကြောင့် ဦးလေးလုံကွေ့ကို အမြန်ဆုံးတွေ့ရမှ ဖြစ်လိမ့်မယ်'

ယင်းချောင်က....

'အဲဒီလူတွေဟာ'

'သူတို့ဟာ သိုင်းလောကမှာ လူသိများထင်ရှားတဲ့လူတွေပဲ ဖြစ်လိမ့်မယ်၊ ဒါကြောင့်သာ မျက်နှာမဖော်ဝံ့ဘဲ မျက်နှာဖုံး စွပ်ထားကြတယ်ဆိုတာ ထင်ရှားနေတာပဲ'

ယင်းချောင် ခေါင်းညိတ်လိုက်သည်။

'နောင်ကြီးခပြာတာ ဖြစ်နိုင်ပါတယ်'

လုယိကျုံးက....

'ထိပ်သီးသိုင်းဂိုဏ်းကြီးတွေကလဲ ကျုပ်ကို သဲကြီးမဲကြီး လိုက်ရှာနေကြတယ်၊ သူတို့ဟာ သိုင်းပညာ တော်တယ်၊ အင်အားတောင့်တင်းတယ်၊ အဆက်အသွယ် ကောင်းကြတယ်၊ ဒါကြောင့် ကျုပ်တယ်ကိုပဲရောက်နေရောက်နေကျုပ်ရဲ့ သတင်းကို ရသွားကြတာချည်းပဲ၊ ခုလဲ ဒီမြို့ကိုဆောက်နေပြီ ဆိုကာ သိချင်သိသွားကြမှာ'

ယင်းချောစ် မည်သို့ပြောရမည်မှန်းမသိ ဖြစ်နေလေတော့သည်။

လုယိကျုံးက....

'ကျုပ်က ဦးလေးလုံကွေ့ဆီကို သွားချင်ရတဲ့နောက် အကြောင်းတစ်ခုက ရန်သူတွေဟာ ဦးလေးလုံကွေ့ကို ကျုပ်က သွားတွေ့တာမှတ်ဆိုတာသိရင် ဦးလေးလုံကွေ့ကိုလဲ ကျိန်းသေအန္တရာယ်ပြုကြမှာပို့ပဲ'

ထိုစကားကြားလျှင် ယင်းချောင် ထိတ်လန့်သွားလေတော့သည်။

'ဟင်....ဒါ....ဒါဆို ဖေဖေလဲ အန္တရာယ်ရှိနေပြီပေါ့၊ ဟုတ်လား အစ်ကိုကြီး'

လုယိကျုံးက....

'ဟုတ်တယ်'

'ဒါ...ဒါဆို'

'ကျုပ်တို့က ဦးလေးလုံကွေ့ဆီကို အမြန်ဆုံး ဆရောက်သွားဖို့ အရေးကြီးနေပြီ'

ယင်းချောင် သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ၊ ကျွန်းတော်တို့ ဒေါင်းတောင်ကို သွားကြတာပေါ့'

ဟု သဒ္ဒတာတူလိုက်၏။

သို့သော်....

သူတို့ ချက်ချင်းမသွားဖြစ်ကြဘးချေ။

ခရီးဝေးသွားရမည်မို့ ညစာစား သောက်ရမည်ဖြစ်ပြီး ဝက်ပါတောအုပ်မှ ဖြတ်သန်းသွားရန် လိုအပ်သောပစ္စည်းများ ဝယ်ခြမ်းရဦးမည် မဟုတ်ပါလား။

သူတို့သည် ကုန်စုံဆိုင်နှင့်ဆက်လျက်ရှိသော စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ဝင်ရောက်လိုက်ကြလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်လေသည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုစိုးမိုးလာလေသည်။

မြို့ကလေးတစ်မြို့လုံး မီးအိမ်များထွန်းညှိထားလိုက်ကြပြီးဖြစ်သည်။

လုယိကျုံးနှင့်ယင်းချောင်တို့ ဝင်ရောက်စားသောက်လိုက်ကြသော ဆိုင်ကလေးဌာလည်း မီးအိမ်များထွန်းညှိလိုက်သဖြင့် တစ်ဆိုင်လုံး လင်းလင်းကျိုင်းကျပ် ဖြစ်သွားလေသည်။

လုယိကျုံးနှင့် ယင်းချောင်တို့သည် စားသောက်ဖွယ်ရာများမှာကြားကာ ခပ်သွက်သွက် စားသောက်လိုက်ကြလေသည်။

သူတို့သည် စားသောက်ပြီးသည်နှင့် ကုန်စုံဆိုင်သို့သွားကာ လိုအပ်သည့်ပစ္စည်းများ ဝတ်ယူလိုက်ကြလေသည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုယိကျုံးနှင့် ယင်းချောင်တို့သည် လိုအပ်သည့်ပစ္စည်းများကိုဝယ်ယူပြီး ဆိုင်ထဲမှ ထွက်လာကြချိန်မှာပင် မြင်းလှည်းဘစ်စီးသည် ဆိုင်ရှေ့မှဖြတ်သွားလေသည်။

ထို့နောက် စားသောက်ဆိုင်ရှေ့၌ ရပ်တန့်သွားလေသည်။

လုယိကျုံးက....

'ညီလေး သတိထား၊ သိုင်းလောကသားတွေ ဖြစ်နိုင်တယ်'

ဟု တိုးတိုးသတိပေးလိုက်လေသည်။

ယင်းချောင်က...

'ဟုတ်ကဲ့ အစ်ကိုကြီး'

သူတို့သည် မြင်းလှည်းနှင့်ဝေးရာသို့ ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

စကားတပြောပြောဖြင့် မြင်းလှည်းပေါ်မှ ဆင်းလာသူနှစ်ယောက်အား တွေ့လိုက်ရသောအခါ လုယိကျုံး ခြေလှမ်းကို ခနရပ်တန့်သွားလေသည်။

ယင်းခချောင်က....

'အစ်ကိုကြီး ဘာဖြစ်လို့လဲ'

ဟု မေးလိုက်လေသည်။

လုယိကျုံးက....

'ဒုက္ခပဲ၊ သူတို့ရောက်လာကြပြီ'

ဟု ညည်းတွားလိုက်လေသည်။

ယင်းခချောင်သည် မြင်းလှည်းပေါ်မှ ဆင်းလာသူနှစ်ယောက်ကို လှမ်းကြည့်လိုက်ပြီး....

'သူတို့က ဘာဖြစ်လို့လဲ အစ်ကိုကြီး'

'သူတို့ဟာ ကျုပ်ကို ဒုက္ခပေးဖို့ ကြီးစားနေကြတဲ့လူတွေပေါ့၊ သူတို့ကြောင့် ကျုပ် အဆိပ်မိခဲ့ဘးးတယ်'

'ဟင်'

ယင်းခချောင် ထိတ်လန့်သွားလေသည်။

မြင်းလှည်းပေါ်မှ ဆင်းလာသူနှစ်ယောက်မှာ မိုးကြိုးဂိုဏ်းမှ သခင်လေးထင်းစန်းနှင့် ချန်အန်းသိုင်းလုလင်သုံးဖော်မှ ကြိုးလင်တို့ ဖြစ်ကြလေတော့သည်။

ထင်းစန်းနှင့်ကြိုးလင်သည် အတယ်ကြောင့် ဤနေ့ဟူသို့ ရောက်လာကြပါသနည်း။

လုယိကျုံးက....

'ညီလေး တို့ ဒီနေရာက မြန်မြန်တွက်သွားမှဖြစ်မယ်'

ဟု ပြောလိုက်သည်။

'ကောင်းပြီ အစ်ကိုကြီး'

နှစ်ယောက်သား ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်မှာပင်....

စားသောက်ဆိုင်ထဲသို့ ဝင်ရန်ဟန်ပြင်နေကြသော ကြိုးလင်နှင့် ထင်းစန်းတို့မှ လုယိကျုံးအား အမှတ်မထင် တွေ့မြင်သွားကြလေတော့သည်။

ကြိုးလင် ပါးစပ်အဟောင်းသား ဖြစ်သွားပြီး....

'ဟာ....တိုမှာ'

ဟု လွတ်ခနဲ အော်လိုက်လေသည်။

ထင်းစန်းက....

'ဘာဖြစ်တာလဲ'

ပြောရင်း ကြိုးလင်ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ လူ
ကျုံးအား တွေ့မြင်သွားကြလေတော့သည်။

* * *

ကြိုးလင်နှင့် ထင်းစန်း....

ထင်းစန်းသည် မိုးကြိုးဂိုဏ်းမှ သခင်လေးဖြစ်သည်နှင့်
အညီ ဩဇာအရှိန်အဝါကြီးမားလှပေသည်။

ထင်ရှားပြီး အင်အားတောင့်တင်းသော မီးအိမ်ဂိုဏ်းနှင့်
လည်း ဆွေမျိုးတော်စပ်သူဖြစ်သည်။

ထို့ကြောင့် ကြိုးလင်ကထင်းစန်းအား မြောက်ပင့်ကာ
ပေါင်းသင်းခဲ့ပြီး ထင်းစန်းသဘောကျနေသည့် လျှပ်စီးဂိုဏ်း
မှ သခင်မလေးစုံချင်းနှင့်နီးစပ်အောင် ကြိုးစားလာခဲ့သည်။

စုံချင်းက လုယိကျုံးအား တစ်ဖက်သတ်မေတ္တာသက်ဝင်
နေကြောင်း သိရလျှင် ကြိုးလင်ကလုယ်ကျုံးအား အမျိုး
မျိုး ဒုက္ခပေးလေတော့သည်။

ကြိုးလင်ကြောင့် လုယ်ကျုံး အဆိပ်မိခဲ့သည့်အပြင် သွေး
လက်ပြန်စေသောဆေးကြောင့် မြောင်နယ်ခြားမှ မိန်းက
လေး မေဝါးနှင့် မှားယွင်းမိခဲ့ရလေသည်။

နောက်ပိုင်းတွင်....

လုယ်ကျုံးသည် သမားတော်ခြံဝင်း၏ မျိုးဆက်ဖြစ်ပြီး
လောကသားများနှင့် အငမ်းမရလိုချင်နေသော ရွှေပုရ
နှင့်ပတ်သက်နေသူဖြစ်ကြောင်း သိရသောအခါ ယူကြုံး
ဖြစ်သွားကြလေသည်။

သူတို့သည် လုယ်ကျုံးကို ဖမ်းမိဖို့အခွင့်အရေးရခဲ့ကြသေး
မဟုတ်ပါလား။

ထင်းစန်းနှင့် ကြိုးလင်တို့သည် လုယ်ကျုံးအကြောင်းကို
ချည်မပြတ် စုံစမ်းရင်း မိုးကြိုးဂိုဏ်းနှင့်မကင်းသော လှေ
းဘင်ယောက်၏သတင်းပေးချက်အရ လုယ်ကျုံးအား
ခံမိသွားကာ လိုက်လာကြခြင်းဖြစ်သည်။

လုယ်ကျုံး ထိုစားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်
သောက်နေကြသည်ဟူသောသတင်းကိုပင် ရထားပြီးပြီ
သည်။

ဆိုင်ထဲဝင်ရှာမှန် ဟန်ပြင်နေစဉ် ဆိုင်အပြင်ဘက်၌ လု
ကျုံးအား တွေ့လိုက်ရသဖြင့် အံ့သြသွားကြပြီး ဖြစ်လေ
သည်။

ထင်းစန်းက....

'ချုပ်တို့ကြားတဲ့သတင်း မှန်နေပြီ'

ဟု ပြောလိုက်သည်။

ကြုံးလင်က....

'ဒီကောင်ကို အလွတ်ပေးလို့မဖြစ်ဘူး'

စကားဆုံးလျှင် ရှေ့သို့လျှပ်တစ်ပြက် ခုန်ထွက်လို့
လှုယိုကျုံးတို့၏ ရှေ့သို့ ရိပ်ခနဲ ရောက်ရှိသွားကြလေ
သည်။

လှုယိုကျုံး ထိတ်လန့်သွားသည်။

'လာ....ညီလေး'

ယင်းချောင်၏လက်ကိုဆွဲကာ ပြေးထွက်သွားရန် ဟ
လိုက်၏ သို့သော် နောက်ကျနေပြီဖြစ်ပါသည်။

'ရပ်လိုက်စမ်း'

ကြုံးလင်က အော်ငေါက်ရင်း လမ်းပိတ်ဟန့်တား
လေသည်။ လှုယိုကျုံးသည် ပြေးမလွတ်တော့မှန်းသိလ
တင်းတင်းကြိတ်ကာ ရင်ဆိုင်လိုက်လေသည်။

'ဟား....ဟား... ဟား'

ကြုံးလင်က ဟားတိုက်ရယ်မောလိုက်လေသည်။

'လှုယိုကျုံး မင်းတယ်လောက်ပြေးပြေး နောက်ဆုံးတော့
ပြစ်ရွံလက်ထဲကိုရောက်လာဘဲပဲ မဟုတ်လား'

ဟု ပြောလိုက်လေသည်။

လှုယိုကျုံးက....

'ကျုပ်ကို အဆိပ်နဲ့တိုက်ခိုက်တဲ့အတွက် ခင်ဗျားနဲ့ စာရင်း
ရှင်းရလိမ့်မယ်'

ဟုပြန်ပြောလိုက်သည်။

ကြုံးလင်က ဟားတိုက်ရယ်မောလိုက်ပြန်လေသည်။

'ဟား....ဟား... ဟား မင်းက ငါ့ရဲ့အဆိပ်နှစ်မျိုးထိခဲ့တာ
ဘာင် ခုထိအသက်ရှင်နေသေးတာ ကံကောင်းလို့ပဲ'

ထို့စဉ်....

ထင်းစန်းသည် အနီးသို့ရောက်ရှိလာလေသည်။

'ကြုံးလင် ခင်ဗျားတို့ချိန်အနုံးလုလင် သုံးဖော်ဟာ ကျုပ်ရဲ့
သခင်ဆီမှာတော့ တကယ့်ကိုအသုံးမကျတဲ့လူတွေ ဖြစ်နေပြီ'

ဟု ပြောလေသည်။

ထိုစကားကြောင့် ကြုံးလင်မျက်လုံးပြူးသွားကာ....

'ဟင်....သခင်လေး ဘယ်လိုပြောလိုက်တာလဲ'

ထင်းစန်းက....

'အသုံးမကျလို့မကျဘူး ပြောတာပေါ့'

'ဗျာ'

'ခင်ဗျားက သူ့ကို အဆိပ်နှစ်မျိုးနဲ့ တိုက်ခိုက်ခဲ့တယ်။ ခင်ဗျားရဲ့ သွေးသောက်တွေကလဲ့ အဆိပ်ကိုအသုံးပြုပြီးတိုက်ခိုက်ခဲ့ကြတယ်၊ ဒါပေမယ့် ကြူးဝူရယ်နဲ့ ကျန်းမင်တို့ မမ္မလှ ခံလိုက်ကြရတာပဲ မဟုတ်လား'

ကြုံးလင် ဒေါသသွားလေသည်။

ကြူးဝူရယ်နှင့် ကျန်းမင်တို့သည် လုယိကျုံးအား တိုက်ခိုက်ဖို့ ကြိုးစားရင်း မမ္မလှ ခံလိုက်ကြရသည် မဟုတ်လား။

'တောက်....သခင်လေးကြည့်ထား၊ ဒီကောင်ကို ကျုပ်ဆုံးမပြမယ်'

ဟု ကြုံးဝါးလိုက်သည်။

ထို့နောက်....

'သေဖို့သာပြင်ထား'

ဟု အော်ငေါက်ကာ လုယိကျုံးထံခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

* * *

ကြုံးလင်နှင့် ထင်းစန်းကိုတွေ့ရလျှင် အခြေအနေ မဟန်မှန်း လုယိကျုံး သဘောပေါက်လိုက်လေသည်။

ထို့ကြောင့် ရှောင်ထွက်သွားလိုစိတ် ရှိပေသည်။

သို့သော်....

ကြုံးလင်ဘက် သူ့အပေါ် တစ်ချိန်လုံးအကဲခတ်ကြံခဲ့သူ ပြစ်ရကား ခံပြင်းဒေါသထွက်လာကာ ရှောင်ထွက်မသွားဘဲ ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

ရှေ့သို့လှမ်းထွက်လာကာ လက်ဝါးနှစ်ဖက်ကိုဆန့်ထုတ်ပြီး ခွင်ချလိုက်လေသည်။

တစ်ဟုန်ထိုး ဝင်ဆောက်တိုက်ခိုက်လာသည့် ကြုံးလင်နှင့် ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

ဤတွင်....

'ငှန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ကြုံးလင်ကောလုယ်ကျုံးပါ မြေပေါ်လဲကျသွားကြောင်း တောင့်သည်။

* * *

'ဟင်'

'ဟာ'

ယင်းချောင်နှင့် ထင်းစန်းတို့ လှုတ်ခနဲအော်လိုက်ကြသည်။

လုယ်ကျုံးကော ကြုံးလင်ပါ မြေပေါ်လဲကျသွားသည် မဟုတ်ပါလား။

'အစ်ကိုကြီး'

ယင်းချောင်က လုယ်ကျုံးအား ဖြေး၍ ပွေ့ထူလိုက်သည်။

'အင်း'

လုယ်ကျုံး ညည်းတွားလိုက်လေသည်။

'အစ်ကိုကြီး ဘယ်လိုနေသလဲဗျာ'

ယင်းချောင်က စိုးရိမ်တကြီး မေးလိုက်လေသည်။

လုယ်ကျုံးက....

'ကျုပ်အတွက် မစိုးရိမ်နဲ့'

ပြောရင်း အားယူကာထလာလေသည်။

ယင်းချောင်ကို မစိုးရိမ်နဲ့ပြောသော်လည်း သူ၏ခန္ဓာကိုယ် ယိမ်းယိုင်နေလေသည်။

အားယူကာ မတ်တတ်ရပ်ရင်းက....

'ဝေါ့'

ပါးစပ်ထဲမှ ဘွေးမည်းများ အန်ထုတ်လိုက်လေသည်။

'ဟား....ဟား....ဟား'

ထင်းစန်းက ဟားတိုက်ရယ်မောလိုက်လေသည်။

'ဘယ်လိုလဲ၊ ချန်အန်းသိုင်း လုံလင်သုံးဖော်ရဲ့ အဆိုပ်သင်းကို ဒုက္ခပေးနေပြီပေါ့လေ'

ဟု မြောလေသည်။

လုယဝ်ကျုံး ဘာမှပြန်မပြောနိုင်ဘဲ....

'ဝေါ့....ဝေါ့'

သွေးမည်းများကို အဆက်မပြတ် အန်ထုတ် နေတော့သည်။

ထင်းစန်းက....

'ကြုံးလင် ခင်ဗျားရဲ့ လက်ချက်ကြောင့် ဒီဟောင်ဘယ်လို ဖြစ်နေပြီလဲဆိုတာ ကြည့်ပါဦး'

ဟု မြောလိုက်သည်။

သို့သော်....

ကြုံးလင်သည် မြေပေါ်လဲကျနေပြီး တုတ်တုတ်မျှမလှုပ် တော့ချေ။

ထင်းစန်း အံ့သြသွားလေသည်။

'ကြုံးလင်'

ဟု ထပ်ခေါ်လိုက်သည်။

ကြုံးလင်ကား သူ၏ခေါ်သံကို ကြားနိုင်တော့မည်မဟုတ်ပါချေ။

လုယဝ်ကျုံး၏ခံပြင်းစိတ်ဖြင့် တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် မန္တမလှ ဇာတ်သိမ်းသွားပြီဖြစ်သည်။

လုယဝ်ကျုံးသည်လည်း အတွင်းအားကို အသုံးပြုမိလိုက်သဖြင့် ခန္ဓာကိုယ်ထဲမှ အဆိပ်များ ထကြွလာလေရာ မဟန်နိုင်ဘဲ အန်ထုတ်လိုက်ခြင်းဖြစ်ပေတော့သည်။

ထင်းစန်းသည်ကြုံးလင်ခံလိုက်ရသည်ကိုကြည့်ကာ လုယဝ်ကျုံးကို မယုံကြည်နိုင်စွာ ကြည့်လိုက်လေသည်။

လုယဝ်ကျုံးအား ယင်းချောင်က ဖေးမလိုက်သည်။

'အစ်ကိုကြီး'

လုယဝ်ကျုံးက အခြေအနေမဟန်မှန်း သဘောပေါက်ထားခြင်းကြောင့်....

'ညီလေး မြန်မြန်ပြေး'

ဟု မြောလိုက်လေသည်။

ယင်းချောင်က....

'မပူနဲ့အစ်ကိုကြီး၊ သူတို့ကို ကျွန်တော်မမှုဘူး'

သူက ရွှေ့သွိလှုမ်းထွက်ကာ လုယိကျုံးကိုအကာအကွယ်ပြုထားလိုက်လေသည်။

ထင်းစန်းသည် ကြုံးလင်ခံလိုက်ရသည်ကိုတွေးရလျှင် ထိတ်လန့်၍နေလေသည်။

သူက လုယိကျုံးနှင့် ကိုယ်တိုင်ရင်ဆိုင်ခဲ့ဖူးပြီး လုယိကျုံးကြောင့် အရှက်တကွဲ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ကိုယ်တိုင် ရင်ဆိုင်ဖို့ မဝံ့မရဲ ဖြစ်နေသည်။

လုယိကျုံးအား ကူညီမည့် ယင်းချောင်မှာ မည်ဘို့သော လူစားဖြစ်သည်ကိုလည်း မသိခဲ့ပေ။

ထို့ကြောင့် စတင်တိုက်ခိုက်ခြင်း မပြုဝံ့ဘဲ မကျေမနပ်ဖြင့် စိုက်ကြည့်နေလေသည်။

ယင်းချောင်က....

'ခင်ဗျားတို့ ဘယ်သူတွေပဲဖြစ်ဖြစ် ကျုပ်ရဲ့အစ်ကိုကြီးကို ထိပါးမယ်ဆိုရင် တိုက်ခိုက်ခုလိမ့်မယ်'

ဟု ယင်းချောင်က ပြတ်ပြတ်ပြောလိုက်လေသည်။

ထင်းစန်းက....

'မင်း ဘယ်သူလဲပြောပါ'

ယင်းချောင်က....

'ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ ခင်ဗျားတို့ဒီက ထွက်သွားမလား၊ မသွားဘူးလားပြောပါ'

ထင်းစန်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

လုယိကျုံး၏ သတင်းကြားလျှင် သူနှင့် ကြုံးလင်တို့က အမြန်ဆုံး လိုက်လာကြခြင်းဖြစ်၍ ကိုယ်ရံတော်များပဲ ခေါ်မလာပေ။

ယခု....

ကြုံးလင် ခံလိုက်ရပြီဖြစ်၍ သူ တစ်ယောက်ပဲရှိနေရကာ ယင်းချောင်တို့ဘက်မှ လူအင်အား လျော့လိုက်လေတော့သည်။

'မင်းတို့သတိထားနေပေတော့'

ဟု ပြောပြီး ချာခနဲလှည့်ကာထွက်သွား၏။

သူက မြင်းလှည်းကို ထားပစ်ခဲ့ပြီး ထွက်သွားခြင်း ဖြစ်သည်။

ယင်းခေါင် သဘောကျသွားလေသည်။

'ကောင်းတယ်၊ ကျန်တော်တို့ မြင်းလှည်းနဲ့ သွားကြတာပေါ့'

ဟု ပြောကာ လုယိကျုံးအား မြင်းလှည်းရှိရာသို့ တွဲခေါ်သွားလေတော့သည်။

* * *

ကောင်းကင်ပေါ်တွင် လသည် ထွက်ပေါ်လာပြီ ဖြစ်လေသည်။

ကြယ်ကလေးများလည်း ဝင်းလက် တောက်ပနေသည်။ အေးမြသော ညလေများက သုန်သုန်ညင်းညင်း တိုက်ခတ်နေပါသည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

မြင်းလှည်းတစ်စီးသည် မြို့ပြင်သို့ ဦးတည်ကာ မောင်းနှင်နေ၏။

မြင်းလှည်းမောင်းလာသူမှာ ယင်းချောင်ဖြစ်သည်။

ယင်းချောင်သည် ခွင်အားကုန်ခန်းကာ မောပန်းနွမ်းနယ်နေသော လုယိကျုံးအား မြင်းလှည်းပေါ်တင်ကာ မောင်းနှင်လာခဲ့ခြင်း ဖြစ်လေသည်။

သူတို့၏မြင်းလှည်းသည် မြို့ပြင်သို့ ရောက်လာချိန်တွင်...

'ရပ်လိုက်စမ်း'

အော်ငေါက်သံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်းချောင်မျက်မှောင်ကြုတ်သွားသည်။

မြင်းလှည်းကို တုံ့ခနဲ ရပ်တန့်လိုက်လေသည်။

တန့်တားလာသူကို လှမ်းကြည့်လိုက်ရာ လရောင်အောက်တွင် လမ်းပိတ်ကာ ရပ်နေသော မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ယင်းချောင် အုံ့ဩသွားပြီး....

'မင်းဘယ်သူလဲ၊ ဘာကြောင့် ဟန့်တားရသလဲ'

ဟု မေးလိုက်သည်။

မိန်းကလေးသည် ယင်းချောင်ကိုကြည့်ရင်း မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားက မိုးကြိုးဂိုဏ်းကလူလဲ မဟုတ်ပါလား'

ယင်းချောင်က....

'မိန်းကလေး မင်း လမ်းဖယ်ပေးရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

မိန်းကလေးသည် သူ၏စကားကို ဂရုမစိုက်ဘဲ ရှေ့တိုးလာ၏။

ယင်းချောင်က....

'မိန်းကလေး ဘာလုပ်မလို့လဲ'

မိန်းကလေးက မြင်းလှည်းအိမ်တံခါးကို ဆွဲဖွင့်လိုက်လေသည်။

ထိုအခါ....

မြင်းလှည်းအိမ်နံရံကို ကျောမှီကာ မိန်းမောနေသော လုယိကျုံးကို တွေ့မြင်လိုက်ရလေတော့သည်။

'ဟင်'

မိန်းကလေး ထိတ်လန့်သွားလေသည်။

'လုယိ ကျုံး ရှင်....ရှင့် ဘယ်လိုဖြစ်တာလဲ'

သူမသည် စိုးရိမ်တကြီး ပြောလိုက်သည်။

လုယိကျုံး၏ လက်မောက်ဝတ်မှု သွေးကြောများ
စမ်းသပ်ကြည့်လိုက်လေသည်။

လုယိကျုံးသည် အဆိုပ်မိထားကြောင်း ချက်ချင်းစမ်းသ
သိရှိသွားလေသည်။

ယင်းချောင်က မြင်းလှည်းပေါ်မှ ခုန်ဆင်းထာပြီး....

'မိန်းကလေး ဒါ တာလုပ်တာလဲ လွှတ်လိုက်စမ်း'

ဟု အော်ငေါက်ကာ တွန်းဖယ်ရန် ဟန်ပြင်လိုက်၏။

မိန်းကလေးကလည်း စိတ်မြန်လက်မြန်ရှိသလသည်။

'သွားစမ်း'

ချက်ချင်းပင် လက်ပြန်ရိုက်ထုတ်ပစ်လိုက်သလသည်။

ယင်းချောင်သည် မိန်းကလေးကို အဆင်သေးလိုက်မိ
ည်။

'ဝုန်း'

ဒေါသဖြင့် အဝေးသို့ လွှင့်ထွက်သွားလေသည်။

မိန်းကလေးက....

'ဘယ်သူကမျှားရှင့်ကို ဒီလောက်တောင် ရက်ရက်စက်စက်
ပ်လိုက်ရတာလဲ'

ဟု ညည်းတွားရင်း လုယိကျုံးအား ပွေ့ထူကာ ပခုံးပေါ်
ဆန်းပြီး လျင်မြန်စွာ ပြေးထွက်သွားလေသည်။

ယင်းချောင် ထိတ်လန့်သွားလေသည်။

'ဟေ့....ဟေ့.... ဒါဘာလုပ်တာလဲ'

ဟု အော်ပြောရင်း ပြေးလိုက်သွားလေတော့သည်။

* * *

မိန်းကလေးသည် လုယိကျုံးအား ထမ်းပိုးကာ လျင်မြန်
ပြေးထွက်သွားလေသည်။

ယင်းချောင်က လိုက်သွားသော်လည်း တစ်ခဏအ
မှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားသည်။

'ဒုက္ခပဲ'

ယင်းချောင် ညည်းတွားလိုက်လေသည်။

ထိုစဉ်....

'ဟိုမှာဟော့....မလွတ်စေနဲ့'

အော်ပြောသံများနှင့်အတူ လူတစ်စု ပြေးလွှားလာ
သည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်းချောင်အုံဩထိတ်လန့်သွားလေသည်။

'ဘယ်သူတွေပါလိမ့်'

ဟု တွေးစာ အကဲခတ်ကြည့်လိုက်၏။

ပြေးလွှားလာကြသူများသည် အနီးသို့ ရောက်ရှိလာကြမှ
ယင်းချောင်အား ဝိုင်းရံထားလိုက်ကြလေသည်။

ထိုအခါမှ....

ထင်းစန်းဦးဆောင်သော မိုးကြိုးဂိုဏ်းသားများ ဖြစ်နေ
ကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထင်းစန်းက....

'လုယိကျုံး ဘယ်မှာလဲ ပြောစမ်း'

ဟု မေးလိုက်သည်။

ယင်းချောင်က....

'ကျုပ်မသိဘူး၊ သိရင်လဲ မပြောနိုင်ဘူး'

ဟု ငြင်းလိုက်လေသည်။

ထင်းစန်းက....

'မင်း သေချင်နေပြီကိုး၊ ကောင်းပြီ သိကြသေးတာပေါ့'

စကားဆုံးသည်နှင့် လက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ....

'ယား'

မိုးကြိုးဂိုဏ်းသားများသည် ငြားသံပေးကာ ပြေးဝင်တိုက်
ိုက်လာလေသည်။

ယင်းချောင်ဘာမှ မတတ်နိုင်တော့သဖြင့် ပြန်လည်တိုက်
က်လိုက်ရလေသည်။

လရောင်အောက်တွင် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာ လေသည်။

ယင်းချောင်သည် သေရေးရှင်ရေးနှင့် ကြုံနေရပြီဖြစ်သည် နဂါးသရဲလုံးကွေ့၏ ခွင့်ပြုချက်ရထားပြီးဖြစ်ရကား နဂါး လက်သည်းသိုင်းကွက်ကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်သေ သည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျာ'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာ လေသည်။

မီးအိမ်ဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြလေတော့ သည်။

ထင်းစန်း မျက်လုံးပြူးသွားပြီး....

'ငေါ်းအသုံးပြုလိုက်တာ နဂါးလက်သည်းသိုင်းကွက်ဟုတ် လား'

ဟု မေးလိုက်လေသည်။

ယင်းချောင်မဲ့ပြုံးပြုံးလိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားတို့ အေးအေးဆေးဆေး ပြန်သွား ကြရင်ကောင်းမယ်'

ထင်းစန်းက ခါးထောက်ကာ....

'ဟား....ဟား....ဟား'

ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

ယင်းချောင် မျက်မှောင်ကြုတ်သွားသည်။

ထင်းစန်းသည် ဟားတိုက်ရယ်မောပြီးမှ....

'လက်စသတ်တော့ မင်းဟာ နဂါးသရဲလုံးကွေ့နဲ့ ပတ်သက် နေသူ တစ်ယောက်ကိုး၊ ကောင်းတယ်၊ လုယိကျုံးရော၊ လုံးကွေ့ကိုရော ကျုပ်က တွေ့ချင်နေတာပဲ၊ ကဲ....သူတို့ အဘယ်မှာလဲ ပြောစမ်း'

ဟု မေးလိုက်လေသည်။

ယင်းချောင်က....

'ခင်ဗျား ဒုက္ခရောက်ချင်ပြီထင်တယ်'

ထင်းစန်းက....

'ဩော်....ဒီလိုလား၊ ကောင်းပြီ၊ ဘယ်သူဒုက္ခရောက်ရမလဲ ဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် စတင်တိုက်ခိုက်လိုက်လေသည်။

ယင်းချောင်ကလည်း နဂါးလက်သည်းသိုင်းကွက်ကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထင်းစန်းက....

'မင်းတတ်ထားတာ ဒါအကုန်ပဲလား'

အော်ငေါက်ရင်း နဂါးလက်သည်းသိုင်းကွက်ကို ထိပ်တိုက်ရင်မဆိုင်ဘဲ လိမ္မာပါးနပ်စွာ ရှောင်တိမ်းပြီးမှ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ယင်းချောင်သည် အတွေ့အကြုံ အလွန်နုနယ်သူ ဖြစ်ပါသည်။

ထို့ကြောင့်....

ပါးနပ်သောထင်းစန်းနှင့် ရင်ဆိုင်လိုက်ရသောအခါ တစ်ခဏအတွင်းမှာပင် အရေးနိမ့်သွားလေတော့သည်။

'ဝူန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ယင်းချောင်သည် ထင်းစန်း၏ခြေထောက်ကန်ချက် ထိမှန်ကာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

'ဟား....ဟား....ဟား'

ထင်းစန်းက အနိုင်ရလိုက်သဖြင့် သဘောကျစွာ ရယ်မောလိုက်လေသည်။

မြေပေါ်မှ လူးလိမ့်ထလာသော ယင်းချောင်ကို စိုက်ကြည့်လိုက်ပြီး....

'မင်း ဘာတတ်နိုင်သေးသလဲ'

ဟု မြောလိုက်လေသည်။

ယင်းချောင်က အံ့တင်းတင်းကြိတ်ကာ....

'သိကြသေးတာပေါ့'

ဟု ကြုံးဝါးရင်း ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

သို့သော် ထင်းစန်းသည် ယင်းချောင်၏ပျော့ကွက်ကို သိထားပြီးဖြစ်ရကား အသာအယာပင် ပြန်လည်တို်က်ခိုက်နိုင်ခဲ့လေသည်။

ယခုတစ်ကြိမ်လည်း ယင်းချောင် ခံလိုက်ရပြန်လေတော့သည်။

'ဝုန်း'

'အား'

ကျယ်လောင်စူးရှသောအသံများထွက်ပေါ်လာလေသည်။

ယင်းချောင် မြေပေါ်လဲကျသွားလေသည်။

ထင်းစန်းသည် ယင်းချောင်၏ရင်ဝကို ခြေထောက်ဖြင့် ဖိနင်းထားလိုက်ပြီး....

'လုယိကျုံး ဘယ်မှာလဲ၊ ပြောစမ်း'

ဟု ငေါက်လိုက်သည်။

ထို့စဉ်....

'အစ်ကို လုယိကျုံး ဘယ်မှာလဲ'

အဝေးမှ စကားသံတစ်ချက်ထွက်ပေါ်လာသည်။

ထင်းစန်း မျက်နှာပျက်သွားပြီး....

'ဒီကောင်မလေး လာရှုပ်ပြန်ပြီ'

ဟု မကျေမနပ် ရေရွတ်လိုက်လေသည်။

စကားသံအဆုံးတွင် မိန်းကလေးတစ်ယောက် အနီးသို့ ရောက်ရှိလာလေသည်။

ထိုမိန်းကလေးမှာ မီးအိမ်ဂိုဏ်းမှ သခင်မလေးကျေပုံးဖြစ်လေသည်။

ကျေပုံးသည် ထင်းစန်းနှင့်ယင်းချောင်တို့၏ အဖြစ်အပျက်ကိုမြင်လျှင်....

'ဟင်....ဒါက ဘယ်လိုဖြစ်တာလဲ'

ဟု ရေရွတ်လိုက်သည်။

တစ်ဖန် ထင်းစန်းကိုကြည့်ကာ....

'အစ်ကို လုယိကျုံး ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ထင်းစန်းက....

'မသိဘူး'

ဟု ဘုတောလိုက်လေသည်။

ကျေဖုံး မကျေမနပ်ဖြစ်သွားသည်။

'စေငစောကပဲ အသံကြားလိုက်သေးတယ်'

ထင်းစန်းက....

'ဒါတော့ ကျုပ်လဲမသိဘူး'

ကျေဖုံးက....

'ဒါတော့ အစ်ကိုကြီး မပြောချင်လို့မဟုတ်လား'

ထင်းစန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျေဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'သြော်....အစ်ကိုကြီးက မပြောချင်ပဲကိုး၊ ကောင်းပြီလေ။ ကျန် မလဲ မပြောဘဲနေရုံပေါ့'

ထင်းစန်း မျက်မှောင်ကြုတ်သွားသည်။

'ညီမလေး မင်းဘာပြောစရာရှိလို့လဲ'

ကျေဖုံးက....

'ရှိတာပေါ့၊ ဒီအနီးတစ်စိုက်မှာ လျှပ်စီးဂိုဏ်းဏလူတွေကို တွေ့လိုက်ရသလား လို့'

'ဘာ'

ထင်းစန်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ကျေဖုံးထံသို့ ချက်ချင်းလှမ်းသွားလိုက်လေသည်။

သူက ယင်းချောင်ကိုပင် သတိမထားနိုင်တော့ချေ။

ကျေဖုံးကိုစိုက်ကြည့်ကာ....

'လျှပ်စီးဂိုဏ်းကလူတွေကို တွေ့မိလိုက်တယ်ဟုတ်လား'

ဟု မေးလိုက်သည်။

ကျေဖုံးက....

'အင်း....တွေ့မိတယ်လို့တော့ထင်တာပဲ'

ထင်းစန်းစိတ်ပျက်သွားလေသည်။

'ညီမလေး ကောင်းကောင်းပြောစမ်းပါ၊ လျှပ်စီးကိုက်းက လူတွေ ဆောက်လာပြီဆိုရင် စုချင်းလဲ ပါလာနိုင်တယ်'

ကျွဲဖုံးက....

'အင်း....ဒါဘာဖြစ်နိုင်တာပေါ့'

ထင်းစန်းက....

'ညီမလေး သူ့ကိုတွေ့မိသလား'

ကျွဲဖုံးက....

'အစ်ကိုတော်ရော လုယိကျုံးကိုတွေ့မိသလား'

ထင်းစန်းမတတ်သာတော့ဘဲ ခေါင်းညိတ်လိုက်လေသည်။

'တွေ့တယ်'

'ဘယ်မှာလဲ'

'မသိဘူး'

'ဟင်....အစ်ကိုတော်ကလဲ'

ထင်းစန်းသည် လူးလိမ့်ထလာသောယင်းချောင်ကိုညှဉ်ပြလိုက်ပြီး....

'သူ့ကိုမေးကြည့်ပေါ့'

ဟု ပြောလေသည်။

ကျွဲဖုံးသည် ယင်းချောင်ဘက်သို့လှည့်ကြည့်ကာ ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'အစ်ကို လူယိကျုံးကို ရှင်သိသလား'

ဟု မေးလိုက်လေသည်။

ယင်းချောင်ကလည်း ကျွဲဖုံးကို ပြန်လည်အကဲခတ်လိုက်သည်။

ကျွဲဖုံး လုယိကျုံးအား ဒုက္ခပေးမည့်သူမဟုတ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည်။

ထို့ကြောင့်....

'သိတယ်'

ဟု ပြောလိုက်၏။

ကျွဲဖုံးဝမ်းသာသွားလေသည်။

'အစ်ကို လုယိကျုံးဘယ်မှာလဲ ပြောပါရှင်'

ဟု မေးလိုက်လေသည်။

ထို့စဉ်....

'ညီမလေး လျှပ်စီးဂိုဏ်းကလူတွေကို ဘယ်မှာတွေ့ခဲ့တာလဲ ပြောပါဦး'

ထင်းစန်းက ကြားဖြတ်မေးလာလေသည်။

ကျေဖုံးက....

'ကျွန်မ မသိဘူး'

'ဟာ....ညီမလေးကလဲ'

ကျေဖုံးသည် ထင်းစန်းဘက်သို့လှည့်ကာ....

'အစ်ကိုတော်က ဘာကြောင့် သူတို့ကိုတွေ့ချင်နေရတာလဲ'

ဟု မေးလိုက်လေသည်။

ထင်းစန်းက....

'ညီမလေး သိပါတယ်လေ ကျုပ်က'

စကားဆုံးအောင်မပြောတတ် တဟဲဟဲ ရယ်မောလိုက်လေသည်။

ကျေဖုံးက....

'ဒါဖြင့် ကျွန်မတို့ အပေးအယူလုပ်ကြမယ် ဘယ်လိုလဲ'

ထင်းစန်း မျက်မှောင်ကြုတ်သွားလေသည်။

'အပေးအယူ'

'ဟုတ်တယ်လေ'

'ဘယ်လိုမျိုးလဲ ပြောပါဦး'

ကျေဖုံးကပြုံး၍....

'အစ်ကိုက လုယိကျုံးကို ဒုက္ခမပေးရဘူး'

ထင်းစန်း၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

'ဟာ....ဒါတော့'

'ဘာလဲ အစ်ကိုတော်က သူ့ကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ၊ လျှပ်စီးဂိုဏ်းက သခင်မလေးစုချင်းနဲ့ နီးစပ်သွားမှာကို စိုးရိမ်နေလို့မဟုတ်လား'

ထင်းစန်း မနေနိုင်တော့ပါချေ။

'ဟုတ်တယ်'

အမှန်အတိုင်း ဝန်ခံလိုက်ရလေသည်။

ကျေဖုံးက....

'ကောင်းပြီ၊ လုယိကျုံးက တခြားမိန်းကလေးတစ်ယောက်နဲ့ ရင်းနှီးသွားပြီဆိုရင်ရော'

ထင်းစန်းက....

'ဒါဆို ကျုပ်က ဘာကြောင့် သူ့ကို ဂရုစိုက်ရမှာလဲ'

ဟု ပြောလေသည်။

ကျေဖုံးက....

'ကျန်မက လျှပ်စီးဂိုဏ်းသခင်မလေးနဲ့ အစ်ကိုတော်နဲ့ နီးစပ်အောင် ကြိုးစားပေးမယ်ဆိုရင်ရော'

ထိုစကားကြားလျှင် ထင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ညီမလေး တကယ်ပြောတာလား'

'တကယ်ပေါ့'

'ဒါဆို ဘာမှမပူနဲ့၊ အခုအချိန်ကစပြီး လုယိကျုံးကို ဂရုမစိုက်တော့ဘူး'

ကျေဖုံး ဝမ်းသာသွားလေသည်။

'အစ်ကိုတော် တကယ်ပြောတာနော်'

'တကယ်ပေါ့၊ ကျုပ် ကတိပေးတယ်'

'ဒါဖြင့် ရွှေပုရပိုက်ကိစ္စရော'

ထင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

'ဒီကိစ္စကို ဖေဖေက စိတ်ဝင်စားနေပေမဲ့ ကျုပ်ကတော့ ဂရုမစိုက်ပါဘူး၊ ကျုပ်ဂရုစိုက်တာ စုချင်းတစ်ယောက်ပဲ ရှိတယ်'

ကျေဖုံးက....

'ကောင်းပြီ၊ အစ်ကိုတော် စိတ်ချလက်ချသာ နေပေတော့၊ စုချင်းနဲ့နီးစပ်အောင် ကျန်မတာဝန်ယူမယ်'

ထင်းစန်းက....

"ကျေးဇူးတင်လိုက်တာ ညီမလေးရယ်၊ ဒါထက် လုယိကျုံ
နဲ့ ဘယ်မိန်းကလေးက နီးစပ်သွားမှာလဲ"

ဟု မေးလိုက်သည်။

ကျေဖုံးက မကြားချင်ဟန်ဆောင်ကာ....

'ကျွန်မ သူ့ကို ခေါ်သွားတော့မယ်'

ဟုပြောကာ ယင်းချောင်ထဲဆီ လှမ်းသွားလိုက်လေသည်

ယင်းချောင်က သူမအား စိုက်ကြည့်နေ၏။

ကျေဖုံးစာ....

'ကဲ....အစ်ကိုလုယိကျုံးကို ဘယ်သူကမှ ဒုက္ခပေးမှာ
မဟုတ်တော့ဘူး၊ ကျွန်မတို့သွားရအောင်'

ဟု ပြောလိုက်လေသည်။

ကျေဖုံးဘည် မိမိတို့အား ကူညီမည့်သူဖြစ်ကြောင်း ယင်း
ချောင် သဘောပေါက်လိုက်သဖြင့် ချက်ချင်းပင် ကျေဖုံးနှင့်
အတူ လိုက်ပါသွားလေသည်။

ထင်းစန်းဆည် စာဖြည်းဖြည်းဝေးသွားသော ကျေဖုံးတို့ကို
ကြည့်ရင်း....

'လက်သေတ်တော့ လုယိကျုံနဲ့ နီးစပ်သွားမယ့် မိန်း
ကလေးဟာ သူကိုယ်တိုင်ဖြစ်နေတာကိုး'

ဟု ရေရွတ်လိုက်လေတော့သည်။

* * *

အတွင်းအာဖြင့် ဆေးကုပေးခြင်းသည် အန္တရာယ်များသော ကိစ္စတစ်ခုဖြစ်သည်။

ဆေးကုပေးသူသည် အတွင်းအာကုန်ခန်းသွားပြီး ရောဂါဝေဒနာ ခံစားရတတ်သည့်သဘောနှယ်ရှိ၏။

ကုသပုံနည်းလမ်းမမှန်ကန်လျှင် သွေးလေဖောက်ပြန်စေသော ဆေးကုသခံရသူ အသက်အန္တရာယ် ထိခိုက်တတ်၏။

ဆေးကုနေစဉ်အတွင်း အနှောင့်အယှက် ပေါလာပါက နှစ်ယောက်စလုံး ဒုက္ခတွေ့ရတတ်ပေသည်။

မည်သို့ဆိုစေ....

စုခွင်းသည် လုယိကျုံး၏ဝေဒနာ အမြန်ဆုံးသက်သာပျောက်ကင်းသွားစေရန် အန္တရာယ်များလှသော အတွင်းအာကိုအသုံးပြုသောနည်းလမ်းဖြင့် ကုသပေးလိုက်ခြင်း ဖြစ်ပေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

လုယိကျုံး၏ခန္ဓာကိုယ်မှ အငွေ့တထောင်းထောင်းထလာလေသည်။

ဖြူဖပ်ဖြူရော်ဖြစ်နေသော သူ၏မျက်နှာသည် တဖြည်းဖြည်း သွေးဆုတ်လွန်းလာလေသည်။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။

လဆုတ်ဖြင့် ဝန်းကျင်တစ်ခုလုံးသာယာလှပနေလေသည်။

မြို့ပြင်တစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် လူနှစ်ယောက်ရှိနေကြ၏။

လုယိကျုံးနှင့် လျှပ်စီးဂိုဏ်းမှ သခင်မလေးစုခွင်းတို့ ဖြစ်လေသည်။

စုခွင်းသည် လုယိကျုံးအား မြေပေါ်၌ တင်ပျဉ်ခွေထိုင်စေလိုက်ပြီး ကျောပြင်မှ သွေးကြောနေရာအချို့တွင် လက်ဝါးဖြင့်ကပ်ကာ အတွင်းအား ပို့ဆောင်ပေးခြင်းဖြင့် ကုသပေးလိုက်လေသည်။

ထိုစဉ်....

လူရိုင်းနှစ်ခု ပြေးလွှားရောက်ရှိလာကြလေသည်။

'ဟိုမှာ....ဟိုမှာ'

ယင်းချောင်၏အသံဖြစ်သည်။

ယင်းချောင်နှင့် ကျေဖုံးတို့သည် လိုက်လံ ရှာဖွေ ရင်း လုယိကျုံနှင့်စုချင်းတို့အား တွေ့မြင်သွားကြလေတော့သည်။

* * *

ယင်းချောင်နှင့် ကျေဖုံးတို့သည် သင်ပင်ကြီးအောက်သို့ ရောက်လာကြ၏။

စုချင်းက လုယိကျုံးအား ဆေးကုသပေးနေသည်ကို မြင်လျှင် ကျေဖုံးမျက်မှောင်ကြုတ်သွားလေသည်။

စုချင်း အခြေအနေ မကောင်းမှန်းလည်း ရိပ်မိသို့က်၏။

ထို့ကြောင့်....

သူမသည် စဉ်းစားခြင်းပင်မပြုနားဘဲစုချင်း၏ နောက် ကျောဘက်၌ထိုင်ချကာ လက်ဝါးနှစ်ဖက်ဆန့်ထုတ်ပြီးစုချင်း

လုယိကျုံး သက်သာလာပြီဖြစ်ကြောင်း ထင်ရှားသော သည်။

မှန်ပေသည်။

စုချင်းအား အချိန်မီ ဆေးကုမပေးနိုင်ပါက အင်အား ကုန်ခန်းနေသော လုယိကျုံး၏ခန္ဓာကိုယ်ထဲ၌ အဆိပ်များ လျင်မြန်စွာပျံ့နှံ့သွားပြီး သေဆုံးသွားရလိမ့်မည် ဖြစ်လေ သည်။

လုယိကျုံးသက်သာလာသော်လည်း စုချင်းကား အခြေ အနေမဟန့်ပါချေ။

သူမ၏မျက်နှာ သွေးဆုတ်ကာ ဖြူဖွေးသွားလေသည်။

မောတိုက်နွမ်းနယ်နေသဖြင့် ပြင်းထန်သော အသက်ရှူသံ ကို ဆတိုင်းသားကြားနေရလေသည်။

သူမသည် ဆက်လက်ကုသပေးရဦးမည်ဆိုပါလျှင် အတွင်း အားကုန်ခန်းသည့်ဝေဒနာကို မလွဲမသွေ ခံစားရတော့မည် ဖြစ်လေသည်။

သို့တိုင်....

စုချင်းသည် ရပ်ဘန့်ပစ်လိုက်ခြင်းမပြုဘဲ ဆက်ရှိကုသပေး နေ၏။

၏ နောက်ကျောဘက်၌ လက်ဝါးဖြင့်ကပ်ပြီး အတွင်းအား ပို့ဆောင်ပေးလိုက်သည်။

ယင်းချောင်တ သူတို့အား တဒုံ့တသြကြည့်နေမိတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

'အား'

လုယိကျုံး၏ အော်ဟစ်သံ ထွက်ပေါ်လာ၏။

ထို့နောက် မျက်လုံးဖွင့်လာလေသည်။

စုချင်းနှင့် ကျေဖုံးတို့လည်း မတ်တတ် ရပ်လိုက်ကြလေသည်။

သူတို့နှစ်ယောက်သည် ပင်ပန်းနွမ်းနယ်နေကြသော်လည်း လုယိကျုံးအတွက် စိတ်ချရပြီမို့ ကျေနပ်နေကြလေသည်။

ကျေဖုံးအား အချိန်မီဝင်ဆောက်ကူညီခြင်းမပြုလျှင် စုချင်း၏ အခြေအနေ ဆိုးရွားသွားနိုင်ပေသည်။

လုယိကျုံးကောင်းမွန်လာသည်ကိုတွေ့ရလျှင် ယင်းချောင်လည်း ဝမ်းသာသွားပြီး....

'အစ်ကိုကြီး၊ သက်သာသွားပြီနော်'

ဟု မြောလိုက်လေသည်။

လုယိကျုံးက....

'သက်သာသွားပါပြီဗျာ'

သူက စုချင်းနှင့် ကျေဖုံးတို့အား လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်လေသည်။

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးမမေ့ပါဘူးဗျာ'

စုချင်းက....

'ကိစ္စမရှိပါဘူးရှင်'

ကျေဖုံးက....

'ကျွန်မ ညံ့ဖျင်းခဲ့လို့ ကြုံးလင်က အစ်ကို့ကို အဆိပ်ခတ်နိုင်ခဲ့တာ ကျွန်မကို ခွင့်လွှတ်ဖို့ တောင်းပန်ရမှာပါ'

ဟု ပြောပြလေသည်။

စခြင်းရော ကျေပုံးပါ မိမိအား ကူညီခဲ့ကြပြီး ၎င်တို့သက်ဝင်နေကြကြောင်း လုယိကျုံး ရိပ်မိထားလေသည်။

နှစ်ယောက်စလုံးသည် ခြင်းရက်စရာမရှိသောမိန်းကလေးများဖြစ်ကြောင်းလည်း နားလည် သဘောပေါက်ထားလေသည်။

စုချင်းသည် ကျေပုံးက လုယိကျုံးအပေါ် ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံပြုနေသည်ကို တွေ့ရသောအခါ မကျေမနပ်ဖြစ်သွားလေသည်။

သူမသည် ရှေ့သို့လှမ်းထွက်လိုက်ပြီး....

'အစ်ကို၊ ကျွန်မတို့သွားကြပါစို့'

ဟု ပြောလိုက်လေသည်။

လုယိကျုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျေပုံးက....

'အစ်ကို ကျွန်မနဲ့အတူ မီးအိမ်ဂိုဏ်းကို လိုက်ခဲ့ရမယ်'

ပြောရင်း ရှေ့တိုးသွား၏။

စုချင်းက....

'ဒါက ဘာသဘောလဲ'

ဟု ငေါက်လိုက်သည်။

ကျေးဖုံးက....

'မီးအိမ်ဂိုဏ်းရဲ့ သခင်မလေးဟာ ဘယ်လိုစည်းကမ်းထုတ်ထားတယ်ဆိုတာ သိမှာပေါ့၊ အစ်ကိုဟာ ကျွန်မရဲ့ ဝေါစင်မေပါမှာ ကျွန်မနဲ့အတူ လိုက်ပါစီးနင်းဖူးတယ်ဆိုတာ မှတ်ထားပါ၊ မယုံရင် အစ်ကို့ကို မေးကြည့်နိုင်ပါတယ်'

ဟုပြောလေသည်။

စုချင်းက လုယိကျုံးဘက်သို့လှည့်ကာ....

'အစ်ကို သူပြောတာ အမှန်ပဲလား'

ဟု မေးလိုက်၏။

လုယိကျုံးက လိမ်ညာမပြောလိုသဖြင့်....

'ဟုတ်ပါတယ်'

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

စုချင်း မကျေမနပ်ဖြစ်သွားလေသည်။

'ဘာပဲဖြစ်ဖြစ် အစ်ကိုဟာ ကျွန်မတို့လျှပ်စီးဂိုဏ်းကိုလိုက်ခဲ့ရ မယ်၊ အစ်ကိုကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖေဖေ့ကို ပြောပြပြီး ကူညီဖြေရှင်းခိုင်းပါ့မယ်'

ကျေဖုံးက....

'ဒီလိုဘယ်ရပါ့မလဲ'

သူမသည် စုချင်း၏ရှေ့တွင် လမ်းပိတ်ကာ ရပ်လိုက်လေသည်။

စုချင်းက....

'ရှင်က ဘေးဖယ်လိုက်ရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ကျေဖုံးက....

'ဝမ်းနည်းပါတယ်၊ မဖယ်နိုင်ပါဘူး'

စုချင်းက....

'ရှင် ဒုက္ခရောက်ချင်ပြီထင်တယ်'

ကျေဖုံးက ရယ်မောလိုက်လေသည်။

'ကျွန်မကို ဒုက္ခရောက်မယ်လို့ပြောဝံ့တာ ရှင်တစ်ယောက် ပဲရှိသေးတယ်'

စုချင်းက....

'ပြောဝံ့တာမဟုတ်ဘူး၊ လက်တွေ့ပြနိုင်သေးတယ်'

စကားဆုံးလျှင် လက်ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကျေဖုံးက....

'ဒီလိုနဲ့ရမလား'

သူမကလည်း အားကျမခံ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်သည် တတ်မြောက်ထားသော သိုင်းပညာရပ်များကို ထုတ်ဖော်အသုံးပြုကာ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေတော့သည်။

လုံယိကျုံး ကြောင်အမ်းအမ်း ဖြစ်နေသည်။

ယခုလို ဖြစ်လာမည် မထင်မိပါချေ။

ထို့စဉ်....

'အစ်ကိုကြီး ဒါအခွင့်အရေးပဲ၊ ကျွန်တော်တို့ သွားကြ စမ်းပါ့'

ယင်းချောင်က ပြောလာလေသည်။

လုယိကျုံးက....

'သူတို့က....'

'သူတို့က အစ်ကိုကြီးအပေါ်မှာ ကောင်းကြပါတယ်၊ ဒါပေမယ့် သူတို့ရဲ့ နောက်ကွယ်မှာ သိုင်းလောကသားတွေရှိနေကြတယ်'

ယင်းချောင်က ကြုံတွေ့ခဲ့ရဆမျှကို ပြောပြလိုက်လေသည်။

လုယိကျုံး သက်ပြင်းချလိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် သူတို့ကို တားဆီးမှုဖြစ်မယ်'

ပြောရင်း စုချင်းနှင့် ကျေဖုံးတို့နှစ်ယောက်ကြားသို့ လှမ်း ဝင်လိုက်၏။

'ဟင်'

'ဟယ်'

ကျေဖုံးတို့ ထိတ်လန့်သွားကြလေသည်။

သူတို့ဆက်ပြီး တိုက်ခိုက်နေလျှင် လုယိကျုံးအား ထိခိုက် မှားတော့မည် မဟုတ်ပါလား။

ထို့ကြောင့် တိုက်ခိုက်မှုကို ရပ်တန့်ကာ ကျျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

လုယိကျုံးက သူတို့အား ကြည့်လိုက်ပြီး....

'ကျုပ်အတွက်ကြောင့်တော့ ခိုက်ရန် မဖြစ် ကြပါနဲ့ လို့ ဘာင်းပန်ပါတယ်ဗျာ၊ ကျုပ်ကဘယ်လိုမှ လိုက်နိုင်မှာမဟုတ် သေးပါဘူး၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ သွားစရာ ရှိသေးလို့ပါ'

ဟု ပြောလိုက်လေသည်။

စုချင်းက....

'အစ်ကိုက ဘယ်ကိုသွားမလို့လဲ'

ဟု ပျာပျာသလဲ မေးလိုက်လေသည်။

လုယိကျုံးက....

'ကျုပ်ရဲ့မိဘတွေကို လုပ်ကြံသွားတဲ့ ရန်သူကို ဖော်ထုတ် ဦးမှာပါ'

ဟု ခွင့်တောင်းလိုက်လေသည်။

ကျေဖုံးက....

'ကောင်းပါပြီရှင်၊ အစ်ကို့သားအတိုင်း ဖြစ်ရပါစေ ယ် အစ်ကိုရယ်၊ ရန်သူတွေကိုရှင်းလင်းပြီးရင်သာ မီးအိမ် ်ကိုလာခဲ့ဖို့ မမေ့ပါနဲ့ရှင်'

စုချင်းက....

'ကျွန်မတို့ လျှပ်စီးဂိုဏ်းကိုလဲ လာရမယ်နော်'

ဟု ပြောလာလေသည်။

လုယိကျုံးမှာ မိန်းမခချာလေး နှစ်ယောက်ကိုကြည့်ရင်း ပဲ့သက်ရှိုက်လိုက်မိလေသည်။

'ကောင်းပါပြီ၊ ကျုပ်လာခဲ့ပါ့မယ်'

စကားဆုံးလျှင် ယင်းချောင်ကို ခေါင်းညိတ်ပြကာ ခြေ လှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေသည်။

ယင်းချောင်ဇည်း ပြုံးလွှား လိုက်ပါသွားလေတော့ သည်။

* * *

ကျေဖုံးက....

'အစ်ကို ကျွန်မလဲ အစ်ကိုနဲ့အတူလိုက်ခဲ့ပြီး အစ်ကို့ကို ကူညီမယ်လေ'

ဟု အားတက်သရော ပြောလေသည်။

စုချင်းက....

'ကျွန်မလဲ လိုက်မှယ်'

ဟု အားကျမခံပြောလေသည်။

လုယိကျုံး သက်ပြင်းချလိုက်သည်။

'ကျုပ်ဟာ ယောကျ်ားတစ်ယောက်ပ'။ ကိုယ့်ခွဲအစ်မ်း အစေနဲ့ ရန်သူတွေကို ရင်မဆိုင်နိုင်ဘူးဆိုရင် ကျုပ် အာသက်ရှင် နေရတာ အာအဓိပ္ပာယ်ရှိတော့မှာလဲဗျာ'

ဟု ပြောလိုက်လေသည်။

စုချင်းနှင့်ကျေဖုံးတို့ ငြိမ်ကျသွားကြလေသည်။

လုယိကျုံးက....

'ညီမတို့ ကျုပ်ကိုကူညီခဲ့ကြတဲ့အတွက် ကျေးဇူးကို အယ် တော့မှ မေ့မှာ မဟုတ်ပါဘူး၊ ကျုပ်ကို သွားခွင့်ပြုကြ ပါဦး'

'ဘာပြောတယ်၊ သူဟာ ကျနော်မရှိခေါ်ပေါ်မှာလို့က
ာ စီးနင်းခဲ့ပြီးပြီ ကျနော်မရှိစည်းကမ်းကို သိုင်းလောကတစ်ခု
ုံး သိကြတယ်၊ ကျနော်မက ဘာကိုဆိုလိုဘယ်ဆိုတာ ခွင်နား
သည်မှာပေါ့'

စုချင်းခေါင်းညှိသွားသည်။

'ဘာစည်းကမ်းလဲ ကျနော်မနားမလည်ဘူး'

'ရှင်... ရှင်'

'ရှင့်ဘာသာ ဆုတ်ထားတဲ့စည်းကမ်းပဲ၊ ကျနော်က ဂရု
စိုက်ရမှာလား'

'တောက်....'

ကျွဲဖုံး ဒေါသဖြစ်ကာ တက်ခေါက်လိုက်လေသည်။

စုချင်းက....

'အစ်ကို လုယိကျုံးဟာ ကျနော်မအတွက်ဆိုတာ ရှင်းရှင်း
ပြောပါရစေ'

ဟု လေသံမာမာဖြင့် ပြောလေသည်။

ကျွဲဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'ညည်းသဘောနဲ့ ဘုယ်ဖြစ်ပါ့မလဲ'

လုယိကျုံးနှင့် ယင်းချောင်တို့ ထွက်သွားကြပြီ ဖြစ်လေ
သည်။

စုချင်းနှင့် ကျွဲဖုံးတို့ကား မလှုပ်မယှက် ရပ်နေကြဆဲ....
အတော်ကလေးကြာမှ စုချင်းက ကျွဲဖုံးကို ကြည့်လိုက်
ပြီး....

'အစ်ကို လုယိကျုံးကို ကျနော်တို့ လျှပ်စီးဂိုဏ်းကို ခေါ်
သွားမယ်လို့ ဆုံးဖြတ်ထားတယ်ရှင့်'

ဟု ပြောလိုက်လေသည်။

ကျွဲဖုံးက....

လရောင်အောက်တွင် နှစ်ယောက်သားပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

ညဉ့်နက်ပြီဖြစ်သည်။

အေးမြသောညလေများက တဟူးဟူးမြည်ကာ တိုက်ခတ်လာ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

သို့သော်...

ညဘက် သာယာလှပမှုအပေါင်း ပျက်စီးသွားရလောက်အောင်ပင် ပြင်းထန်သောတိုက်ပွဲတစ်ခုဖြစ်ပေါ်နေလေသည်။

စုံချင်းနှင့် ကျေဖုံးတို့ သဲကြီးမဲကြီးတိုက်ခိုက်နေကြခြင်းဖြစ်သည်။

သူတို့သည် သိုင်းကွက်ပေါင်းသုံးဆယ်ကျော် တိုက်ခိုက်ခဲ့ကြဖြစ်သည်။

သို့တိုင်...

စုံချင်းက....

'ဘာလဲ ရှင်မကျေနပ်တာလား ဘာလုပ်ချင်သလဲ'

ကျေဖုံးက....

'ဘာလုပ်ရမလဲဆိုတော့ ညည်းကို ဆုံးမရမှာပေါ့'

စုံချင်းက ရယ်မောလိုက်သည်။

'ရယ်စရာကောင်းလိုက်တာ ကျွန်မကို ဆုံးမမယ်ဆိုတော့ ရှင့်မှာ ဘယ်လောက်များ အစွမ်းအစရှိလို့လဲ'

သူမက စိန်ခေါ်လိုက်လေသည်။

ကျေဖုံးက....

'ဘယ်လောက်အစွမ်းအစရှိတယ်ဆိုတာ အခုပဲသိရမယ်'

စကားဆုံးလျှင် လက်ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

စုံချင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သို့ဖြင့်....

တစ်ယောက်ကိုတစ်ယောက်အနိုင်မရနိုင်ကြဘဲ လက်ခုပ်ညီမျှနေ၏။

စုချင်းကောာ ကျေဖုံးပါ မိဘများ၏ အလိုလိုက်ခြင်းခံရသော မိန်းကလေးများ ဖြစ်ကြလေသည်။

သိုင်းလောကဥ္စ လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ဂိုဏ်းများမှ သခင်မလေးမျှားလည်းဖြစ်ကြလေရာ မာန်မာနကြီးသူများဖြစ်နေကြ၏။

သူမတို့သည် လုယူကျုံးအပေါ်၌ မေတ္တာသက်ဝင်မိကြရကား အပြိုင်အဆိုင်ဖြစ်လာကြပြီး အနိုင်မခံအရှုံးမပေးလိုသောစိတ်ဖြင့် သဲကြီးမဲကြီးတိုက်ခိုက်နေကြခြင်း ဖြစ်ပေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား လေသည်။

အချိန်ကြာလာသည်နှင့်အမျှ ကျေဖုံးနှင့်စုချင်းတို့သည်း ခြေကုန်လက်ပန်းကျလာလေတော့သည်။

နောက်ဆုံး....

နှစ်ယောက်သား တိုက်ခိုက်နိုင်ခြင်း မရှိတော့ဘဲ နောက်ဆုတ်လိုက်ကြ၏။

လုံးဝမဟန်နိုင်တော့သဖြင့် မြေပေါ်ထိုင်ချလိုက်ကြလေသည်။

တစ်ယောက်ကိုတစ်ယောက် မကြည့်ဘဲ အမောဖြေနေကြသည်။

အတော်ကလေးကြာတော့မှ စုချင်းက....

'ရှင်နဲ့ကျန်မ ဒီလိုတိုက်ခိုက်နလို့ကတော့ ဘယ်တော့မှ အဖြေပေါ်လာမှာမဟုတ်ဘူး၊ ဒီကိစ္စကို အစ်ကိုလုယီကျုံးတစ်ယောက်ပဲ ဆုံးဖြတ်နိုင်မှာမဟုတ်လား'

ဟု စကားစလိုက်လေသည်။

ကျေဖုံးခေါင်းညိတ်လိုက်သည်။

'ဒါအမှန်ပဲ၊ ဒါပေမယ့် သူဟာကျန်မရဲ့ဝါစင်ပေါ်မှာ ကျန်မနဲ့အတူတူလိုက်ပါစီးနင်းခဲ့ဖူးတယ်ဆိုတာ'

သူမ၏စကားမဆုံးမီ စုချင်းက ကြားဖြတ်ပြောလိုက်လေသည်။

'ရှင်ရဲ့စည်းတမ်းနဲ့ အစ်ကိုလုယီကျုံးရဲ့ဆုံးဖြတ်ချက် ဘယ်ဟာက ပိုပြီးအရေးပါသလဲဆိုတာ ပြောစမ်းပါဦး'

ကျေဖုံးက....

၊ 'အစ်ကိုလုယိကျုံးရဲ့ဆုံးဖြတ်ချက်က အရေးကြီးတာပေါ့'

စုချစ်းက...

'ဒါဖြင့် သူကိုယ်တိုင်ပဲ ဆုံးဖြတ်ပါစေလား'

ကျေဖုံးသဘောတူလိုက်လေသည်။

'စောင်းပြီလေ'

စုချစ်းက....

'ရှင်သဘောတူတယ်ဆိုရင် ကျန်မသွားတော့မယ်'

ကျေဖုံးမျက်မှောင်ကြုတ်သွားသည်။

'အယ်သွားမလို့လဲ'

စုချစ်း ပြုံးလိုက်သည်။

'ကျန်မ အိမ်ပြန်တော့မယ်လေ'

'အိမ်ပြန်မယ်'

'ဟုတ်တယ်'

ကျေဖုံးက စုချစ်းကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

စုချစ်းက ထိုင်ရာမှထလိုက်ပြီး....

'အစ်ကိုလုယိကျုံးဟာ ဒုန်သူကိုချေမှုန်းပြီးသွားရင် တစ်ယောက်ယောက်ဆီကိုတော့ အရောက်လာလိမ့်မယ်လို့ ကျန်မထင်တယ်'

ဟု ပြောလေသည်။

ကျေဖုံးက....

'ဒါဖြစ်နိုင်တယ်'

စုချစ်းက....

'တကယ်လို့ ရှင့်ဆီကို အရင်လာမယ်ဆိုရင်တော့ ကျန်မတို့ကိုနဲ့ ကျုံးမကံပေါ့ရှင်'

ကျေဖုံး ပြုံးလိုက်လေသည်။

စုချစ်းက....

'သူက ရှင့်ဆီကိုမသွားဘဲ ကျန်မဆီကို လာမယ်ဆိုရင်လဲ ရှင်မနာလိုမဖြစ်ရဘူးနော်'

ကျေဖုံး မကျေမနပ်ဖြစ်သွားလေသည်။

စုချင်းက....

'ကျွန်မကတော့ အစ်ကို့နောက်ကိုလိုက်နေမယ့်အစား အိမ်မှာပြန်စောင့်နေတာ အကောင်းဆုံးဖြစ်မယ်ဆိုတာကိုသတော်ပေါက်လိုက်ပြီရှင့်၊ အစ်ကို့ရဲသဘောထားအမှန် ပေါ်လာတာကိုပဲ စောင့်နေတော့မယ်၊ ကဲ....ကျွန်မသွားပြီ'

ဝကားဆုံးလျှင် ကျေးဖုံးကို ကျောခိုင်းကာ ထွက်သွားလေသည်။

ကျေးဖုံသက်ပြင်းချလိုက်သည်။

'ရှင် မျော်မနေနဲ့ သူကကျွန်မတို့မီးအိမ်ဂိုဏ်းကို လာမယ်ဆိုတာ သေချာတယ်၊ ကျွန်မလဲ မီးအိမ်ဂိုဏ်းမှာပဲပြန်စောင့်နေတော့မယ်'

ဟု အော်ပြောလိုက်၏။

ထို့နောက် စုချင်းနှင့်ဆန့်ကျင်ဘက်အရပ်သို့ ထွက်သွားလေတော့သည်။

* * *

စုချင်းသည် အတော်ကလေးလှမ်းသွားလျှင် ခြေလှမ်းရပ်လိုက်သည်။

နောက်လှည့်ကာ ခိုးကြောင်ခိုးဝှက်ကြည့်လိုက်၏။

ကျေဖုံးကို မတွေ့ရတော့သဖြင့် ဝမ်းသာသွားလေသည်။

သူမ သတောကျစွာ ရယ်မောလိုက်လေသည်။

'ကဲ....ဘယ်နှယ်ရှိစ၊ ခုတော့ ငါလှည့်စားတာကို ခံလိုက်ရပြီ မဟုတ်လား'

ဟု ရေရွတ်လိုက်လေသည်။

သူမက ပြန်တော့မည်ဆိုသဖြင့် ကျေဖုံးသည်လည်း မီးအိမ်ဂိုဏ်းသို့ ပြန်သွားတော့မည်ဖြစ်ကြောင်း ယုံကြည်မိလေသည်။

စုချင်းသည် ကျေဖုံး၏ အရိပ်ဝင်အယောင်ကိုပင် မတွေ့ရတော့သဖြင့် စိတ်ချလက်ချဖြင့် လုယက်ကျုံးထွက်သွားရာဘက်သို့ ပြေးလွှားသွားလေတော့သည်။

ထိုစဉ်....

မလှမ်းမကမ်းတစ်နေရာ၌ သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် ခေါင်းပြူထွက်လာလေသည်။

ကျေဖုံးဖြစ်လေသည်။

ကျေဖုံးသည် ပြေးလွှားသွားသော စုချင်းကိုကြည့်ကာ နှာခေါင်းရှုံ့လိုက်လေသည်။

'ညည်းရဲ့အကြံကို ငါမသိဘူးမျှား ထင်နေသလား'

ဟု ရေရွတ်လိုက်သည်။

ထို့နောက်...

စုချင်းနောက်သို့ တိတ်တဆိတ် နောက်ယောင်ခံကာလိုက်သွားလေတော့သည်။

* * *

ဒေါင်းတောင်...

ဒေါင်းတောင်သည် အဝေးမှကြည့်လျှင် ဒေါင်း တစ်ကောင်၏ အသွင်သဏ္ဌာန်ရှိသဖြင့် တင်စားခေါ်ကြရာမှ ကြောသော် ဒေါင်းတောင်ဟု အမည်တွင်သွားခြင်း ဖြစ်လေသည်။

အရပ်ဦး၏ ဆောင်နီများသည် အာရှ.ဘက်မှ ဖျို့ အန်လာပြီ ဖြစ်လေသည်။

တစ်ညကာအဝိုန် ကုင်ဆုံးတော့မည် ဖြစ်သည်။

ဒေါင်းတောင်ဆီသို့ ဦးဘည်ကာ လူနှစ်ယောက် ခပ်သွက်သွက် သွားနေကြလေသည်။

ထိုလူနှင်ယောက်မှာ လုယိကျုံးနှင့်ယင်းချောင်တို့ ဖြစ်ကြလေသည်။

ယင်းချောင်သည် ဒေါင်းတောင်ကို တွေ့လိုက်ရတော့မှ သက်ပြင်းချလိုက်သည်။

နဖူးပေါ်မှ ချွေးများကိုသုတ်လိုက်ပြီး....

'ကျွန်တော်တော့ တကယ်ကို မယုံနိုင်အောင်ဘဲ'

ဟု ပြောလာလေသည်။

လုယိကျုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ယင်းချောင်ကိုကြည့်ကာ....

'ညီလေးဘာဖြစ်လို့လဲ'

ဟု မေးလိုက်လေသည်။

ယင်းချောင်က....

'ကျွန်တော်တို့က ညကြီးအချိန်မတော် ဝက်ပါတောအုပ်ထဲက ဖြတ်လာကြတာ ဘာမှမဖြစ်လို့ခပါ့'

လုယိကျုံးက....

'ခုဒီတော့ ကျုပ်လဲ မပြောတတ်ဘူး၊ ဒါထက်ညီလေးရဲ့ အဖေဟာ ဒေါင်းတောင်မှာ ရှိနေတယ်နော်'

'ဟုတ်ပါတယ်အစ်ကိုကြီး'

'ဒါဖြင့်သွားရအောင်'

'ကောင်းပါပြီခင်ဗျာ'

သူတို့သည် ဒေါင်းတောင်ဆီသို့ ဦးတည်ကာ ဆက်လက်လျှောက်လှမ်းသွားကြလေတော့သည်။

* * *

ထင်းစန်းသည် စာတိတည်သူမဟုတ်ပါ။

သူက လုယိကျုံးအား ခြေဆုခံမိပြီ ဖြစ်ကြောင်းကို မိုးကြိုးပစ်သို့အကြောင်းကြားပြီး ထိပ်တန်းသို့ငင်းသမားများခေါ်သွားလိုက်လေသည်။

ထင်းစန်း၏သတင်းသည် ပေါက်ကြားသွားပြီး သို့ငင်းလောကမှ အခြားသော သို့ဒ်းအဖွဲ့များ သိရှိသွားကြလေသည်။

ဤတွင်....

မီးအိမ်ဂိုဏ်း၊ လျှပ်စီးဂိုဏ်း၊ တိမ်ဖြူဂိုဏ်းတို့အပါအဝင် ဆခြားသော သိုင်းအဖွဲ့များသည် ဒေါင်းတောင်ဆီသို့ ဦးတည်ကာ ခရီးပြင်းနှင်လာကြတော့သည်။

* * *

သိုင်းလောကသားများသည် ဒေါင်းတောင်သို့ ဦးတည် ခရီးနှင်နေကြလေသည်။

ဒေါင်းတောင်နှင့် မသွမ်းမကမ်း၌ ရှိနေသော ဝက်ပါ အုပ်သို့ ဦးစွာပထမ ရောက်ရှိလာကြသူများမှာ မိုးကြိုး သားများ ဖြစ်လေသည်။

ထင်းစန်းကိုယ်တိုင် မိုးကြိုးဂိုဏ်းသားများကို ဦးဆောင် ခေါ်ခြင်းဖြစ်သည်။

သူတို့သည် လပြည့်ညသန်းခေါင်ယံအချိန်တွင် ဝက်ပါ အုပ်သို့ ရောက်လာခြင်း ဖြစ်လေသည်။

သူတို့အား လမ်းပြပေးသူက....

'ဒီတောအုပ်ကို ဖြတ်ကျော်ပြီးတာနဲ့ ဒေါင်းတောင်
တွေ့ရပါလိမ့်မယ်၊ ကိုယ့်ဘာသာ ဆက်သွားကြပေတော့

ဟု ညွှန်ပြကာ တစ်ချိုးတည်း လစ်ပြေးလေတော့သည်

ထင်းစန်းက မိုးကြိုးဂိုဏ်းမှ ဌာနမှူး ချိန်ရီ၊ ဌာနခွဲမှူး
ဟိုစင်းတို့အား မိုးကြိုးဂိုဏ်းသားများကို ဦးဆောင်လျှ
ရှေ့ပြေး စေလွှတ်လိုက်သည်။

ချိန်ရီတို့လူစု ဝက်ပါတောအတွင်းသို့ ဝင်မိလျှင် ကြုံ
ဆိုးနှင့် ရင်ဆိုင်လိုက်ရလေတော့သည်။

ကောင်းကင်ပေါ်တွင် လဝန်း ထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်

ဌာနမှူးချိန်ရီ၊ ဌာနခွဲမှူးဟိုစင်းတို့ ဦးဆောင်သော
မိုးကြိုးဂိုဏ်းသားများသည် ဝက်ပါတောအုပ် အတွင်း
ရောက်ရှိလာကြပြီဖြစ်သည်။

ဟိုစင်း၏တူ ကျင်းစန်းသည်လည်း လိုက်ပါလာ၏။

ကျင်းစန်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး

'အတော်ကိုသာယာလှပတဲ့နေရာပဲနော်၊ ကျွန်တော်တို့ကာ
နဂါးသရဲလုံကွေ့ကိုရော သမားတော်ခြံဝင်းရဲ့မျိုးဆက် လုယီ
ကျုံးကိုပါဖမ်းမိရင် သိပ်ကောင်းမှာပဲ'

ဟု ပြောလေသည်။

ဟိုစင်းက....

'ဘာလဲ၊ ငါ့တူက မိုးကြိုးဂိုဏ်းချုပ်က ရာထူးကြီးကြီး
ချီးမြှင့်မှာကို မက်မောနေတယ်ပေါ့လေ'

ကျင်းစန်းက....

'ဒါပေါ့ဦးလေးရယ်၊ မိုးကြိုးဂိုဏ်းမှာ ရာထူးကြီးကြီး
ရပြီဆိုရင် ကိုယ်လုပ်ချင်တာ လုပ်နိုင်ပြီမဟုတ်လား'

ဟိုစင်းက....

'အေး....ငါးစာကိုပဲကြည့်ပြီး ငါးမျှားချိတ်ကို မမြင်ဘတ်
ဘဲဖြစ်ဦးမယ်၊ ပေါင်ကျင်မြို့မှာ ခံခဲ့ရတာကို မင်း သင်ခန်းစာ
ယူဖို့ကောင်းတယ်'

ကျင်းစန်းက....

'အို....ဦးလေးဟိုကလဲ့ ဟိုတစ်ခါက အမှုမဲ့အမှုတ်မဲ့မို့
ခံလိုက်ရတာပါ၊ ဒီတစ်ခါ စောင့်ကြည့်ပါဦး'

အလှန်အဆိပ်ပြင်းသော ပင့်ကူကြီးများ၊ ကင်းခြေများများသည် သစ်ပင်သစ်ကိုင်းများပေါ်မှ ပြုတ်ကျလာလေသည်။

မိုးကြိုးဂိုဏ်းသားများသည် သဘာဝတရား၏ တိုက်ခိုက်ခြင်းကို အလူးအလိမ့် ခံလိုက်ရလေတော့သည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

အဆိပ်ပြင်းသောသတ္တဝါများ၏ တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် မိုးကြိုးဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားကြလေတော့သည်။

ခေါင်းဆောင်လာသော ချိန်ရှိ ထိတ်လန့်သွားပြီး....

'ပြေး....ပြေး'

ဟိုစဉ်းက....

'ကောင်းပြီ၊ ကြည့်သေးတာပေါ့'

တူဝရီးနှစ်ယောက် စကားကောင်းနေကြသည်။

'ဘာသံလဲဟေ့၊ နားထောင်ကြစမ်း'

ဌာနမှူးချိန်ရှိ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မိုးကြိုးဂိုဏ်းသားများ ရပ်တန့်သွားပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြ၏။

သူတို့သည် ဖြိုးဖြိုးဖြောက်ဖြောက်မြည်သံမျှား၊ သေချင်းသံများကဲ့သို့ တရှိန်ရှိန်မြည်သံများကို ကြားလိုက်ရခြင်း ဖြစ်လေသည်။

ချိန်ရှိက....

'ဒါဟာ အဆိပ်ပိုးကောင်တွေနဲ့မြွေဆိုးတွေရဲ့အသံပဲ၊ သတိထားကြဟေ့'

သူ၏သတိပေးစကားမဆုံးမီ မြွေဆိုးများ ဟိုမှသည်မှ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ဟုအော်ဟစ်ကာ ထွက်ပြေးလေသည်။

ဟိုစင်းနှင့်ကျင်းစန်းတို့တူဝရီးသည်လည်း ခြေဦးတည့်ဘူ ထွက်ပြေးကြလေသည်။

ဤတွင်....

ဝက်ပါတောအုပ်ဟူသောအမည်နှင့် လိုက်ဖက်အောင်ပင် တောအုပ်ထဲ၌ မျက်စိလည်ကာ တဝဲလည်လည်ဖြစ်နေကြပြီး လွတ်အောင်ထွက်မပြေးနိုင်ကြပါတော့ချေ။

မြေဆိုး၊ ဘင်းခြေများ အစရှိသော အဆိပ်သတ္တဝါများကား ပေါများလှသည်ဖြစ်ရကား မိုးကြိုးဂိုဏ်းသားများ အဖြစ်ဆိုးနှင့် ကြုံတွေ့လိုက်ကြရလေသည်။

ချိန်ရီ၊ ဟိုစင်းနှင့် ကျင်းစန်းတို့သည် သိုင်းကွက်များကို အသုံးပြု ကာတိုက်ခိုက်ကြပါသော်လည်း ရာထောင်ချီပြီးရှိနေသောအဆိပ်ပိုးကောင်များကြောင့် မည်သို့မျှ မတတ်နိုင်တော့ပါချေ။

အဆိပ်ပြင်းလှသောတောကြီးပင့်ကူတစ်ကောင်သည်ကျင်းစန်း၏ လည်ကုပ်ပေါ်သို့ပြုတ်ကျလာ၏။

'သွား....သွားစမ်း'

ကျင်းစန်းသည် ကြောက်လန့်တကြားအော်ဟစ်ကာ ပင့်ကူကြီးကို ပုတ်ထုတ်လိုက်သည်။

ပင့်ကူကြီးက သူ၏လက်ကိုကိုက်ချလိုက်ဆု....

'အမယ်လေးဗျ'

ကျင်းစန်းငယ်သံပါအောင် အော်ဟစ်လိုက်လေသည်။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး....

'ဝုန်း'

မြေပေါ်ခြေပစ်လက်ပစ်ပြုတ်ကျသွား၏။

တစ်ခဏအတွင်းမှာပင် သူ၏တစ်ကိုယ်လုံးမီးသွေးတုံးပမာ မည်းနက်သွားလေတော့သည်။

'ကျင်စန်း'

ဟိုစင်းက အော်ခေါ်လိုက်သည်။

ကျင်းစန်းထံသို့ တစ်ဟုန်ထိုးပြေးသွားလေသည်။

ရုတ်တရက်....

ချုံပုတ်တစ်ခုအတွင်းမှ မြေဟာက်ဟစ်ကောင်သည် ရိုင်ခနဲထွက်ပေါ်လာပြီး ဟိုစင်းဇာခြေထောက်ကို ပေါက်ခွလိုက်လေသည်။

ဟိုစင်း မရှောင်နိုင်ခဲ့ပါခြေ။

'အား'

စူးရှစွာ အော်ဟစ်ကာ လဲကျသွားတော့သည်။

ဟိုစင်းနှင့် ကျင်းစန်းတို့ မရှုမလှသဆိုးသွားကြသည်ကို မြင်လျှင် ချိန်ရိမျက်လုံးပြူးသွားသည်။

သူကထွက်ပြေးရန် ဟန်ပြင်နေစဉ် သူ၏ ခြေထောက်ဆောက်၌ လှုပ်လှုပ်ရွရွဖြစ်လာသဖြင့် ငုံကြည့်လိုက်ရာ ကင်းခြေမျှားမျှားကို တွေ့မြင်လိုက်လေသည်။

'သွား....သွားကြ'

ချိန်ရိက အော်ပြောရင်း ခြေထောက်ဖြင့်ဆောင့်၍ဆောင့်၍ နှင်းခဲ့လိုက်လေသည်။

ထိုအချိန်မှာပင် ကင်းခြေများ သုံးလေးကောင်သည် သူ၏ခြေထောက်ပေါ်သို့ တွယ်တက်လာပြီး ဝိုင်းဝန်းကိုက်ခဲလာ....

'အား'

ချိန်ရိ စူးရှစွာအော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

* * *

မိုးကြိုးငိုက်သားများအဖြစ်ဆိုးနှင့်ကြုံတွေ့လိုက်ရသကဲ့သို့ ညဉ့်အချိန်တွင် ဝက်ပါတောအုပ်အား ဖြတ်သွားရန်ကြိုးစားခဲ့ကြသည့် အခြားသော သိုင်းလောကသားများသည်လည်း အလားတူ အဖြစ်ဆိုးနှင့် ကြုံတွေ့ကြရလေသည်။

ဝက်ပါတောအုပ်အတွင်း၌ သိုင်းလောကသား အတော်များများ အာဂက်ဆုံးရှုံးသွားကြလေသည်။

ထို့ကြောင့် ဝက်ပါတောအုပ်သည် နာမည်ကြီးသွားပြီး သိုင်းလောကသားများ ကိုယ်တိုင်ပင် မဖြတ်ရဲအောင် ဖြစ်သွားတော့သည်။

ဝက်ပါတောအုပ်အား ဖြတ်သန်းနိုင်သူမှသာလျှင် ဒေါင်းတောင်သို့အရောက် သွားနိုင်ကြမည်ဖြစ်ပြီး ရွှေပုရပိုက်ကို ရယူနိုင်မှည်ဟု သတင်းများ ဖြစ်ပေါ်လာလေသည်။

မည်သို့ဆိုစေ....

နောက်တစ်နေ့နံနက်တွင် ဝက်ပါတောအုပ်သည် ပကတိ အေးချမ်းသာယာနေပြီး မည်သူမဆို လွယ်လင့်တကူဖြတ်သန်း သွားနိုင်သော နေရာတစ်ခုဖြစ်ကြောင်းလည်း ဖြစ်သွားခဲ့ပြန် လေတော့သည်။

တစ်နည်းအားဖြင့်ဆိုလျှင်....

လုယိကျုံးနောက်သို့ ရန်သူများလိုက်မလာနိုင်ရန် ဝက်ပါ တောအုပ်က တစ်ညတာ ဟန့်တားပေးခဲ့သည်ဟု ဆိုနိုင်ပေ တော့သည်။

* * *

နေခြည်ဖြာကျနေသည်။

နွေးထွေးသော နေရောင်ခြည်အောက်တွင် ဝန်းကျင်တ
ခုလုံး သာယာလှပနေလေသည်။

လုယိကျုံးနှင့် ယင်းချောင်တို့သည် ဒေါင်းတောင်ပေ
ရှိ အိမ်ကလေးတစ်လုံးသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်
ယင်းချောင်သည် ပျော်ရွှင်နေသည်။

အိမ်တံခါးခေါက်ရင်း....

'ဖေဖေ....ကျွန်တော်ပြန်လာပြီ'

ဟု အော်ပြောလိုက်လေသည်။

မရွေးမနှောင်းမှာပင်....

'ကျဲ'

အိမ်တံခါးပွင့်သွားကာ အဘိုးအိုတစ်ယောက် လှမ်းထွက်လာသည်။

ထိုအတိုးအိုမှာ ဘစ်ချိန်က အနှက်ရောင် သိုင်းလောကမှ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော နဂါးသရဲ လုံကွေ့ပင်ဖြစ်လေသည်။

'ဖေဖေ'

'သား'

သားအဖနှစ်ယောက် ပြန်လည်ဆုံတွေ့မိလိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက် သိုင်းဖက်ထားလိုက်ကြလေသည်။

ယင်းခဏအတွင်းက....

'ဖေဖေ....ကျွန်တော်က သခင်လေးကို တွေ့အောင်ရှာနိုင်ခဲ့ပါကြီးဖေဖေ'

ဟု ပြောလိုက်လေသည်။

ယင်းကွေ့(ဝါ) နဂါးသရဲလုံကွေ့ကဲ့ လုယိကျုံးကိုကြည့်လိုက်၏။

ချက်ချင်းပင်ဒူးထောက်ချလိုက်ပြီး....

'သခင်လေးကို ဂါရဝပြုပါတယ်ဗျာ'

ဟု အရိုအသေ ပြုလေသည်။

လုယိကျုံး အားတုံ့အားနာ ဖြစ်သွားလေသည်။

'အို....မလုပ်ပါနဲ့ ခင်ဗျာ'

ချက်ချင်းပင် လုံကွေ့ကို ပေးမလိုက်သည်။

လုံကွေ့သည် လုယိကျုံးအား မျက်ရည်မျှား ရစ်ဝိုင်းနေသော မျက်လုံးအစုံဖြင့် ကြည့်ရင်း....

'သခင်လေးဟာ သခင်ကြီးရဲ့ကိုယ်ပွားလို့တောင် ထင်မှတ်ရပါတယ်၊ ကျုပ်ဖြင့် သခင်လေးကိုတွေ့ရတာ သခင်ကြီးကို တွေ့ရတဲ့အတိုင်း ခံစားရပါတယ်'

ဟု ကြေကွဲသောလေသံဖြင့် ပြောလေသည်။

လုယိကျုံးက....

'ကျွန်တော့် ခွဲရုပ်သွင်ဟာ ကျွန်တော့် ရဲ့ဖေဖေနဲ့တူတယ် ဟုတ်လားဟင်'

ဟု မေးလိုက်လေသည်။

လုံကွေ့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် သခင်လေး၊ ခွဲခြားမရအောင် တူလှတယ်လို့ ကျုပ်ပြောရဲပါတယ်'

လုယိကျုံးသည် မမြင်တွေ့လိုက်ရသော ဖခင်၏ ရုပ်သွင်မှာ မိမိနှင့် ခွဲခြားမရအောင် တူနေသည်ကို သိလိုက်ရသော အခါ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

'ဦးရယ်၊ ကျွန်တော့် ရဲ့မိတွေ့ ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရတယ်ဆိုတာ ပြောပြပါလားဗျာ'

ဟု တောင်းပန်လိုက်လေသည်။

လုံကွေ့က....

'ကျုပ်က ဒီကိစ္စကို ရင်ထဲမျိုသိပ်ထားခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ တစ်နေ့ ဖွင့်ပြောပြီး ရန်သူတွေကိုချေ

နှိုင်းခွင့် ကြုံပါစေလို့ အမြဲတမ်း ဆုတောင်းနေခဲ့ရတာပါ၊ ခုတော့ ကျုပ်ရဲ့ဆုတောင်းပြည့်ပြီပေါ့'

တုန်ယင်လှိုက်လှဲသော လေသံဖြင့် ပြောလာလေသည်။

လုယိကျုံးက....

'ကျွန်တော့် ရဲ့မိဘတွေကို လုပ်ကြံသွားတဲ့ လူတွေဟာ ဘယ်သူဘယ်ဝါတွေများလဲဗျာ'

လုံကွေ့ အံ့ကြိတ်လိုက်သည်။

'သိုင်းလောကမှာ အဖြူရောင် သိုင်းဆရာကြီးတွေရယ်လို့ ထင်ရှားနေကြတဲ့ အဓိပတိဂိုဏ်းချုပ်ကြီး လေးယောက်နဲ့ အပေါင်းပါတွေပေါ့ကွယ်'

'သူတို့က'

'သူတို့ဟာ သခင်လေးရဲ့အဖေ မမျှော်လင့်ဘဲ ရလာခဲ့တဲ့ ရွှေပုရပိုက်ကို လိုချင်မက်မောလို့ အကောက်ကြံခဲ့ကြတာပဲ၊ ဒီတုန်းက လုံကွေ့သည် နာကြည်းဆွေးမြေ့သော လေသံဖြင့် အတိတ်မှဖြစ်ရပ်များကို ပြန်ပြောင်း ပြောပြလိုက်လေတော့သည်။

* * *

သမားတော်ခြံဝင်း....

သမားတော်ခြံဝင်းသည် သစ်ပင်ပန်းမန်များဖြင့်စိမ်းစိမ်းစိုစို ရှိနေလေသည်။

သမားတော်ခြံဝင်းပိုင်ရှင် လုထင်းရီသည် ပြိုင်ဘက်ကင်းသော သမားတော်ကြီးပီပီ သူ၏ခြံဝင်းအတွင်း၌ ဆေးဘက်ဝင်သော ပရဆေးပင်ပေါင်း တစ်ထောင်ကျော်ခန့် စိုက်ပျိုးထားလေသည်။

ထို့ကြောင့်လည်း သမားတော်ခြံဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ဆေးနံ့ရသည်ဟုပင် ပြောစမတ်တွင်ခဲ့လေသည်။

ယနေ့....

လုံကွေ့သည် အထုပ်အပိုးများဖြင့် သမားတော်ခြံဝင်းသို့ ရောက်ရှိလာလေသည်။

သူက အသက်ကယ်ခဲ့သော ကျေးဇူးကိုမမေ့လျော့သော အားဖြင့် လုထင်းရီအား တစ်နှစ်တစ်ကြိမ်လာရောက်ဂါရဝပြုရင်းလက်ဆောင်ပစ္စည်းများ ပေးလေ့ရှိပေသည်။

လုထင်းရီနှင့် တွေ့ဆုံပြီးသည့်နောက်ပိုင်းတွင် သူကောကျွေးဘီလူး ဟူကျင်းပါ လူကောင်းဘဝသို့ ရောက်သွားခဲ့သည်မဟုတ်ပါလား။

လုံကွေ့ကခြံဝင်းအတွင်းသို့ဝင်ရန် ဟန်ပြင်လိုက်သည်မှာ ခြံဝင်းထဲမှ စကားတပြောပြောဖြင့် ထွက်လာကြသော လူပျိုသမားနှစ်ယောက်အား တွေ့လိုက်ရလေသည်။

လုံကွေ့....

'မိတ်ဆွေတို့ အိမ်ထဲမှာ သမားတော်ကြီးလုထင်းရီရှိတယ်လုတ်လားဗျာ'

ဟု မေးလိုက်လေသည်။

အလုပ်သမားနှစ်ယောက်အနက် တစ်ယောက်သည် လုံကွေ့အား ကောင်းစွာ မှတ်မိနေ၏။

'အြော်....ခင်ဗျားကိုး၊ သမားတော်ကြီးရှိပါတယ် သူ့ရဲ့တပ်ဆွေတွေနဲ့ စကားပြောနေတယ် ဝင်သွားလေ'

လုံကွေ့က....

'ဧည့်သည်တွေ ရောက်နေတယ်ဟုတ်လား၊ ဘယ်သူတွေးလဲဗျာ'

အလုပ်သမားက....

'သခင်ကြီးနဲ့အရင်းနှီးဆုံး မိတ်ဆွေဆင်းရွှောင်ပါ'

လုံကွေ့က....

'မိုးကြိုးခေါ်းသမားထင်းရွှောင်လား'

'ဟုတ်ပါတယ်'

'သူက ဘာလာလုပ်တာလဲဗျ'

'သခင်ကြီးဟာ ခရီးသွားရင်း မမျှော်လင့်ဘဲ ရွှေပုရပိုက်
တစ်ခုကို ရရှိခဲ့တယ်၊ အဲဒီရွှေပုရပိုက်ပေါ်မှာ သိုင်းပညာ
ပတ်သက်တဲ့ အကြောင်းချပ်ရာတွေကို ရေးသားမှတ်တမ်း
တင်ထားတာမို့ မိုးကြိုးခေါင်းဆောင်ရှောင်ကို ခေါ်ပြတာပ'

'ဟင်'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် လုံကွေ
ရင်ထိတ်သွား၏။

လုထင်းရီသည် ရိုးသားပြီးစိတ်ထားဖြူစင်သူ ဖြစ်ရကား
ထူးခြားသော သိုင်းကျွမ်းတစ်ဆူကိုရခဲ့သော်လည်း ထိန်ဝှက်
ထားခြင်း မပြုချေ။

လုထင်းရီဏ ရွှေပုရပိုက်ရရှိထားသောသတင်းသည် သိုင်း
လောကသို့ ပျံ့နှံ့သွားသည်မှာ ဆေချလှပေသည်။

သိုင်းလောကသားများသည် သိုင်းပညာနှင့် ပတ်သက်
လျှင် အရှုံးတစ်ပိုင်းဖြစ်တတ်ကြပြီး ဘရားဘည် မတရားသည်
ကို မမှုဘဲ ထင်ရာလုပ်တတ်ကြသည့်သဘောကို ကောင်းစွာ
နှုံးလည်ထားလေသည်။

အဏ္ဏယ်၍....

လုထင်းရီရရှိထားသောသိုင်းကျွမ်းသည် အဖိုးတန်သိုင်း
ကျွမ်းတစ်ခုဖြစ်ပါက ကြိမ်းသေပြီဟုခံ ပေါ်ပေါက်လာ
သော်ဟု နှုံးသည်သိုက်းလေသည်။

ထို့ကြောင့်....

'ကောင်းပါပြီဗျာ၊ ကျုပ်အသမားတော်ကြီးနဲ့ သွား
တွေ့လိုက်ပါဦးမယ်'

ဟု အလုပ်သမားနှစ်ယောက်ကို နှုတ်ဆက်ကာ ခြံဝင်း
ထဲသို့ ဝင်သွား၏။

အလုပ်သမားနှစ်ယောက်လည်း ခြံဝင်းအပြင်ဘက်သို့
ထွက်သွားကြ၏။

လုံကွေ ကျောက်ပြားခင်းထားသော လမ်းအတိုင်း ဖြတ်
သွားလာခဲ့စဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာလေ
သည်။

မြင်းစီးသမားတစ်ယောက်သည် လုံကွေ့အား ဆတီမပြု
သေး မြင်းကိုဒုန်းစိုင်းစီးနင်းကာ ထွက်သွားသည်ကို တွေ့ရ၏။

လုံကွေ့က လှမ်းကြည့်လိုက်ရာ မိုးကြိုးခေါင်းဆောင်
ရှောင်ခြင်း မှတ်မိလိုက်လေသည်။

မိုးကြိုးခေါင်းထောင်ရှောင်သည့် အဘယ်ကြောင့်အရေးတကြီးဖြင့် ဒုန်းစိုင်းသွားရပါသနည်း။

လုံကွေ့၏စိတ်ထဲ လေးလံလာလေတော့သည်။

* * *

လုံကွေ့သည် ယင်းချောင်ယူလာပေးသော ရေနွေးကြမ်းခွက်ကိုယူကာ မှုတ်သောက်လိုက်လေသည်။

ပြီးမှ လုယိကျုံးကိုကြည့်ကာ....

'ကျုပ်ဟာ ဆခင်းကြီးလုထင်းရိန်ခဲ့ ဝင်တွေ့ခဲ့တယ်၊ ဆခင်ကြီးဟာ ရင်းရင်းနှီးနှီးပဲညွှေ့ခံပြီး သူဟာ ခရီးသွားရင်း ပြိုင်ဘက်ကင်းတဲ့ သိုင်းကျမ်းတစ်ဆူကို အကွဲရတင်ထားတဲ့ ရွှေပုရပိုက်တစ်ခု ရလာခဲ့တဲ့အကြောင်းကို ပြောပြတယ်၊ ကျုပ်က ဒီက်စွမျိုးဟာ သိုသိုသိပ်သိပ်ရှိရမယ့်အကြောင်း သတိပေးပေမယ့် သူကလက်မခံဘူး၊ သူ့မှာ ရန်သူမရှိလို့ ဘယ်သူကမှ ဒုက္ခပေးကြမှာမဟုတ်ဘူးလို့ ပြောတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ် စိတ်မချဘော့ဘူး၊ ရွှေပုရပိုက်နဲ့ပတ်သက်ပြီး တစ်ယောက်ယောက်က မကောင်းကြံတော့မယ်လို့ ကျုပ်စိတ်ထဲမှာယုံကြည်နေမိတယ်၊ ဒါကြောင့် ကျုပ်က ကျန်းမာရေးမကောင်းလို့ ဆေးကုချင်လို့ တစ်ညလောက် အနားယူပါရစေလို့ ခွင့်တောင်းလိုက်တယ်'

လုယိကျုံးက....

'ဖေဖေက ခွင့်ပြုခဲ့တာပဲလား'

လုံကွေ့ ခေါင်းညိတ်လိုက်သည်။

'သူဟာ ကြင်နာသနားတတ်တဲ့ လူတစ်ယောက်ပဲ၊ ကျုပ်ကို စမ်းသပ်စစ်ဆေးပေးမယ်၊ လိုအပ်ရင် ဆေးကုပေးမယ်ဆိုပြီး လက်ခံလိုက်တယ်လေ၊ အဲဒီမှာပဲ ပြဿနာဖြစ်ပေါ်လာတာပေါ့'

လုယိကျုံးသည် ဖြူစင်ရိုးသားသော ဖခင်ဖြစ်သူအပေါ် မကောင်းကြံခဲ့ကြသူများကို မုန်းတီးသွားလေသည်။

လုံကွေ့က....

'ကျုပ်ထင်တဲ့အတိုင်းပဲ၊ ညသန်းခေါင်အချိန်လဲဆောက်တော လူတစ်စုဟာ သမားတော်ခြံဝင်းကို စီးနင်းတိုက်ခိုက်ခဲ့ကြတာပဲ၊ အလုပ်သမားတွေ အခိုင်းအစေတွေကိုတောင် ချမ်းသာမပေးဘဲ သတ်ပစ်ကြတယ်၊ မျက်နှာဖုံးစွပ်ထားတဲ့ လူလေးယောက်က ခေါင်းဆောင်ကြတာပေါ့၊ သူတို့ရဲ့ သိုင်းပညာဟာ အတော်ကိုကြောက်စရာကောင်းတယ်၊ ဆခင်လေးရဲ့အဖေဟာ ရန်သူကို ရဲရဲစံ့ဝံ့ရင်ဆိုင်ခဲ့တယ်၊ ဒါပေမယ့် ဆခင်လေးနဲ့ဇနီးသည်ကို စိတ်မချနိုင်ဘူး၊ ရန်သူတွေကလဲ ဒီအားနည်းချက်ကိုသိထားလို့ လူစုခဲ့ပြီး ဆခင်လေးတို့သားအမိကို တိုက်ခိုက်ကြတယ်၊ တိုက်ပွဲပြင်းပြင်းထန်ထန်ဖြစ်ပြီး ဆခင်လေးရဲ့မိခင် ဒဏ်ရာရခဲ့တယ်'

လုယိုကျုံးက....

'ကျွန်ုပ်တော့်ရဲ့ဖခင်ကော'

ဟု မေးလိုက်လေသည်။

လုံကွေ့က ရဲတိတရက် အဖြေမပေးချေ။

လုယိုကျုံးက....

'ကျွန်တော့်ဖခင်ဟာ ရန်သူ့လက်ချက်နဲ့ အသက်ဆုံးရှုံးသွားခဲ့ရတယ်မဟုတ်လား'

လုံကွေ့ သက်ပြင်းချလိုက်လေသည်။

'ဟုတ်တယ်၊ ရန်သူတွေဟာ သမားတော်ခြံဝင်းကို မီးရှို့ပစ်လိုက်ကြတယ်၊ အခြေအနေ ရှုပ်ထွေးနေတဲ့အချိန်မှာပဲ ရန်သူတစ်ယောက်ရဲ့ မျက်နှာဖုံးကို သခင်လေးရဲ့အဖေက ဆွဲချွတ်နိုင်လိုက်တယ်၊ အဲဒီအခါမှ ရန်သူဟာ သူအခင်မင်ဆုံးဖြစ်တဲ့ မိုးကြိုးဓားထင်းရှောင် ဖြစ်နေတာကိုတွေ့လိုက်ရလို့ အံ့သြနေတဲ့အချိန်မှာ ထင်းရှောင်က ဓားနဲ့ခုတ်ချလိုက်လို့ ဒဏ်ရာရသွားတယ်၊ ကျန်တဲ့မျက်နှာဖုံးစွပ်သုံးယောက်က ဝိုင်းပြီးတိုက်ခိုက်ခဲ့ကြလို့ မဟန်နိုင်ဘဲ့ဘဲ့ သေဆုံးသွားရတာပဲ'

လုယိုကျုံးအံကြိတ်ကာ....

'လက်စသတ်တော့ ကျွန်တော့်အဖေကို လုပ်ကြံခဲ့တဲ့လူဟာ မိုးကြိုးဓားထင်းရှောင်ကိုး'

ဟု ပြောလိုက်၏။

လုံကွေ့က....

'ဟုတ်ဘယ်၊ သူဟာ ခုချိန်မှာ မိုးကြိုးဂိုဏ်းချုပ်အဖြစ် သိုင်းဓလေ့မှာ လူရိုင်းသရဲရိုင်းသဖြစ်နေတာ အဘတ်ကို ဝမ်းနည်းစရာကောင်းဘာပဲ'

လုယိုကျုံးက....

'ကျွန်တော့်မေမေကကော'

ဟု မေးလိုက်သည်။

လုံကွေ့က....

'သူကတော့ ဒဏ်ရာအပြင်းအထန် ရခဲ့ပေမယ့် ကျပ်ကံကောင်းလွန်းခဲ့ပါတယ်၊ သူ့ဆီမှာ ရွှေပုရပိုက်ပါသွားခဲ့တယ်လေ'

လုယိကျုံး အံ့သြသွားလေသည်။

'ရွှေပုရပိုက်က မေမေ့ဆီခွာဟုတ်လား'

လုံကွေ့က....

'ဟုတ်တယ်၊ သခင်မဟာ သခင်လေးနဲ့ ရွှေပုရပိုက်ကို ယူပြေးခဲ့တာပဲ၊ ရန်သူတွေသိုက်လာကြပေမယ့် လမ်းမှာ ကျားဘီလူးနဲ့တွေ့တော့ သူ့ကို အကူအညီတောင်းပြီး ရန်သူ

တွေကို သူကမျှားခေါ်သွားတာနဲ့ ကျုပ်တို့ကိုမျက်ခြည်ပြတ်သွားတယ်၊ ကျုပ်တို့လဲ ထွက်ပြေးလွတ်မြောက်သွားခဲ့တာပေါ့'

လုယိကျုံးက....

'မေမေက'

လုံကွေ့ကာ....

'အံ့သြစရာကောင်းတယ်၊ သခင်လေးရဲ့အမေဟာ သူ့ဒုက္ခရောက်နေချိန်မှာ သူ့ကို အမုန်းဆုံးလူတစ်ယောက်ဆီမှာ သွားပြီးအကူအညီတောင်းခဲ့တယ်'

'ဗျာ'

လုယိကျုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လုံကွေ့ကို နားမလည်နိုင်စွာကြည့်ရင်း....

'မေမေဟာ သူ့ကို အမုန်းဆုံးလူတစ်ယောက်ထံမှာ သွားပြီးအကူအညီတောင်းခဲ့တယ် ဟုတ်လား'

လုံကွေ့က....

'ဟုတ်တယ်'

လုယိကျုံးက....

'အဲ့ဒီလူဟာ ဘယ်သူမျှားလဲဗျာ'

လုံကွေ့က....

'မာနရှင် ကူးယင်ပေါ့'

'ဗျာ'

လုယိကျုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ယခု....

အဖြစ်အပျက်များကို သူက တဖြည်းဖြည်း နားလည်သဘောပေါက်လာပြီဖြစ်လေသည်။

လုံကွေ့က....

'ဒါပေမယ့် မာနရှင် ကူးယင်နေထိုင်တဲ့ တောင်အနီးကိုထောက်တော့ ကျုပ်ကိုမလိုက်ခိုင်းတော့ဘဲ ထွက်သွားခိုင်းခဲ့တဲ့ သခင်မလေးနဲ့ နောက်ဆုံးလမ်းခွဲခဲ့ရတဲ့ အဖြစ်ကို ကျုပ်ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး'

ပြောရင်း အတိတ်မှဖြစ်ရပ်များကို မြင်ယောင်လာဟန်ဖြင့် ငေးငိုင်သွားလေတော့သည်။

* * *

လေတဟူးဟူး တိုက်ခတ်နေသည်။

၀နှင်းကျင်တစ်ခုလုံး အေးစိမ့်နေ၏။

ဖြူဖွေးသော နှင်းမျှားက တဖွဲဖွဲကျနေသည်။

ဝန်းကျင်ဘစ်ခုလုံး မပီဒိုးဝါးဖြစ်နေပါတော့သည်။

ထုသိဉ်တု ခက်ထန်ကြမ်းတမ်းနေချိန်တွင် နှင်းဖုံးနေသော တောင်တစ်လုံးခြေရင်းသို့ လူနှစ်ယောက်ရောက်ရှိလာကြလေသည်။

လုံကွေ့နှင့် မေရှမ်းဖုံးတို့ ဖြစ်ကြလေသည်။

မေရှမ်းဖုံးသည် သမားတော်ခြံဝင်းပိုင်ရှင် လူထင်းရိ၏ ဇနီးသည် ဖြစ်လေသည်။

သမားတော် ခြံဝင်းအား ရန်သူမျှားက ဝင်ရောက်တိုက်ခိုက်ကြသောအခါ သူတို့သည် အပြင်းအထန် ခုခံခဲ့ကြပြီး လူထင်းရီကျဆုံးသွားတော့မှ မဟတ်သာဘဲ ထွက်ပြေးရှောင်တိမ်းလာခဲ့ကြခြင်း ဖြစ်ပေတော့သည်။

မေရှမ်းဖုံးသည် တစ်ကိုယ်လုံး ဒဏ်ဆူဗရပွရရှိထားကာ သွေးခြင်းခြင်း နီရဲနေ၏။

မိန်းမသားတစ်ယောက်အနေနှင့် ရရှိထားသော ဒဏ်ရာမှာ မျှပင်မမျှအောင် ဖြစ်လေသည်။

နှင်းတောင်ခြေသို့ရောက်လျှင် မေရှမ်းဖုံးက ခြေလှမ်းရပ်လိုက်လေသည်။

လုံကွေ့က....

'သခင်မလေး ရှေ့ဆက် မသွားနိုင်တော့ဘူး ဆိုရင်လဲ ကျုပ်က ထမ်းပိုး ခေါ်ဆောင်သွားပါ့မယ်'

ဟု ပြောလိုက်လေသည်။

မေရှမ်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မသွားနိုင်တော့လို့ မဟုတ်ဘူး'

'ဒါဖြင့်'

'ကျွန်မတို့ ရှေ့ဆက်သွားရရာ မလိုတော့လို့ပါ'

'မျာ....'

'ကျွန်မသွားချင်တဲ့နေရာကို ရောက်ပါပြီ'

'သခင်မလေး ဘယ်လိုပြောလိုက်တာလဲမျာ'

လုံကွေ့က နားမလည်နိုင်စွာ မေးလိုက်လေသည်။

မေရှမ်းဖုံးက....

'ကျွန်မက ဒီနေရာကိုအရောက်ပြီးလာနိုင်တာကိုကောင်းလှပါပြီရှင်၊ တောင်ပေါ်မှာက ကျွန်မတွေ့ချင်နေတဲ့ လူတစ်ယောက် ရှိနေတယ်လေ'

လုံကွေ့က....

'သခင်မလေးက ဘယ်သူ့ကို တွေ့ချင်တာလဲ'

မေရှမ်းဖုံးက....

'မာနရှင် ကူးယင်ပါ'

'ဩော်....'

လုံကွေ့သည် ဦးခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်ပြီး....

'သူက ဒီတောင်ပေါ်မှာ နေတာလား သခင်မ'

မေရှမ်းဖုံးက....

'ဟုတ်တယ်'

လုံကွေ့က....

'သူနဲ့ သခင်မနဲ့ တယ်လိုများ ပတ်သက်နေလို့လဲဗျ'

မေရှမ်းဖုံးသည် အားယူကာ ပြုံးလိုက်ပြီး....

'သူဟာ ကျွန်မပြောတဲ့ ကျွန်မကိုအမုန်းဆုံးလူပဲပေါ့ရှင်'

လုံကွေ့ ထိတ်လန့်သွားလေသည်။

မေရှမ်းဖုံး ဒုက္ခရောက်မည်ကို မလိုလှာသဖြင့်....

'သခင်မ သူကသခင်မကို မုန်းတီးနေတယ်ဆိုရင်လဲ သွား
မတွေ့တဲ့နေလိုက်ဟာ ကောင်းမယ်ထင်ပါတယ်'

ဟု ပြောလိုက်လေသည်။

မေရှမ်းဖုံးက....

'ဒီနေရာကိုရောက်အောင် တမင်လာခဲ့ပြီးမှ သွားမတွေ့တဲ့
နေလို့ ဖြစ်ပါ့မလား'

လုံကွေ့ ခေါင်းကုတ်လိုက်သည်။

မေရှမ်းဖုံးအား နားမလည်နိုင်စွာ ကြည့်လိုက်မိလေ
သည်။

မေရှမ်းဖုံးက....

'ကျွန်မရဲ့ခင်ပွန်းသည် လုထင်းရီနဲ့ မာနရှင်ကူးယင်တို့ဟာ
တစ်ချိန်ကချစ်သူတွေ ဖြစ်ခဲ့ကြပါတယ်၊ အစ်ကို လုထင်းရီဟာ
ဆေးပညာကိုအချိန်ပေးပြီး လေ့လာလိုက်စားနေတာကြောင့်
ကူးယင်က သူ့ကိုဂရုမစိုက်ဘူးထင်ပြီး လမ်းခွဲသွားခဲ့တာပဲ၊
အစ်ကိုလုက အကျိုးအကြောင်း ရှင်းပြပေမယ့် ကူးယင်က
လက်မခံတော့ဘဲ သူတို့ချင်းပြတ်စဲသွားပြီးတဲ့ နောက်ပိုင်းကျမှ
အစ်ကိုလုနဲ့ကျွန်မ လက်ထပ်ခဲ့ကြတာပါရှင်'

'ဩော်'

လုံကွေ့ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

မေရှမ်းဖုံးက....

'ကျွန်မတို့ လက်ထပ်ပြီးမှ ကူးယင်ဟာ အတော်ကို စိတ်
ဓိဒိုင်သွားဘယ်လို့ သိရပါဘယ်၊ အစ်ကိုလုကို လက်လွတ်
ဝုံးရှုံးလိုက်ရတာဟာ ကျွန်မကြောင့်လို့ မဆီမဆိုင်အပြစ်

ပုံပြီး ကျွန်မကို သင်ပစ်ချင်လောက်အောင် မုန်းတီးခဲ့တာ ပေါ့'

'ဆာဆိုင်လိုလဲ'

လုံးကွေ့က မကျေမနပ်ဖြင့် ပြောလိုက်လေသည်။

မေရှမ်းဖုံးက....

'ဆိုဝ်တာမဆိုင်တာ ကျွန်မ မသိဘူးရှင့်၊ သူကတော့ ကျွန်မကိုအမုန်းကြီး မုန်းနေတာပဲ'

လုံးကွေ့က....

'ဒါဖြင့် သူ့ဆီကို ဘာကြောင့် သွားချင်ရတာလဲ'

ဟု မေးလိုက်သည်။

မေရှမ်းဖုံးက....

'သူက ကျွန်မကို မုန်းတီးနေတယ်ဆိုတာ အစ်ကိုလုကို ချစ်လွန်းလို့ မဟုတ်လား ရှင်'

'ဟင်'

'အစ်ကိုလုကို ချစ်လွန်းတဲ့ လူတစ်ယောက်ဟာ အစ်ကိုလုရဲ့ သွေးသားကို လျစ်လျူရှုထားပါ့မလား၊ ဥပက္ခာ ပြုထားပါ့မလား'

လုံးကွေ့သည် မေရှမ်းဖုံးကို တအံ့တသြ ကြည့်လိုက်လေသည်။

ယခု....

မေရှမ်းဖုံး၏ ညည်ရွယ်ချက်ကို နားလည်သဘောပေါက်လာပြီဖြစ်သည်။

မေရှမ်းဖုံးသည် ခင်ပွန်းသည်သေဆုံးသွားပြီး သူမက်ယ်တိုင်လည်း အခြေအနေ မဟန်တော့သဖြင့် ရင်သွေးငယ်၏ နောင်ရေးကို စိတ်ချစေရန် တွေးတောကြံဆခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

သူမ၏အကြံသည် မည်သူမျှတွေးမိသော အကြံမျိုး ဖြစ်သည်။

မေရှမ်းဖုံးအား လုံးကွေ့ချီးကျူးမိလိုက်လောသည်း

မေရှမ်းဖုံးက....

'အစ်ကိုလုမရှိတော့ဘူး၊ ကျွန်မလဲ ကြာကြာနေနိုင်တော့မှာ မဟုတ်ဘူး၊ လောကအလယ်မှာ တစ်ကောင်ကြွက် တစ်ကျောက်နှာတဝန်ကျန်ရစ်ခဲ့မယ့် ကျွန်မရဲ့သားလေးကို သူ့ကပြုစုစောင့်ရှောက်ထားလိမ့်မယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်'

လုံးကွေ့က....

'သခင်မသာ စိတ်ချမယ်ဆိုရင် ကျုပ်ကို တာဝန်ပေးခဲ့ရင်လဲ ရပါတယ်၊ ကျုပ်က သခင်လေးကို တာဝန်ယူပြီး ပြုစုစောင့်ရှောက်သွားပါ့မယ်ဗျာ'

ဟု ခွင့်တောင်းလိုက်လေသည်။

မေရှမ်းဖုံး လက်မခံချေ။

'မဖြစ်ဘူး သားလေးကြီးပြင်းလာရင် သမားတော်ခြုံဝင်းကို ဖျက်ဆီးခဲ့တဲ့ ရန်သူတွေကိုရင်ဆိုင်ပြီး ချေမှုန်းရလိမ့်မယ်၊ သားလေးအတွက် ထိပ်တန်းသိုင်းပညာရပ်တွေတတ်မြောက်ထားဖို့ လိုလိမ့်မယ်'

လုံကွေ့က....

'ကျုပ်က သခင်လေးကို သိုင်းပညာသင်ကြားပေးနိုင်ပါသေးတယ်'

မေရှမ်းဖုံးက....

'ကျွန်မ ယုံကြည်ပါတယ်ရှင်၊ ဒါပေမယ့် ရှေ့ပုရပိုက်မှာ ရေးထားခဲ့တဲ့ သိုင်းကျင့်စဉ်တွေကို ကူးယင်ကသာ ဖတ်ရှုနားလည်နိုင်ပါလိမ့်မယ်'

'ဒါက'

'ရှေ့ပုရပိုက်ပေါ်မှာ မှတ်တမ်းတင်ထားတဲ့ သိုင်းကျင့်စဉ်တွေဟာ ခက်ခဲနက်နဲပြီး အစိုပ်ပွားယ်ရှုပ်ထွေးလှတယ်၊ ကူး

သာ ဖတ်ရှုနားလည်နိုင်လိမ့်မယ်လို့ အစ်ကိုလုကိုယ်တိုင် ပြောသွားတာပါ'

လုံကွေ့က....

'ဒါဖြင့် သခင်မက သခင်လေးနဲ့ ရှေ့ပုရပိုက်ကို ကူးယင်ရဲ့ထံထဲ အပ်နှံမယ်ဆိုပါတော့'

မေရှမ်းဖုံးက....

'ဟုတ်တယ်.... ပြီးတော့ ရှင့်ကို တာဝန် ပေးချင်သေးတယ်'

လုံကွေ့က....

'ပြောပါသခင်မ'

မေရှမ်းဖုံးက....

'ရှင်ကူညီနိုင်မယ်ဆိုရင် ကျွန်မသားလေး အသက်နှစ်ဆယ်ပြည့်တဲ့အခါနှိုင်းမှာ သူ့ရဲ့မိဘတွေကို ဘယ်သူတယ်ဝါက လုပ်ကြံသွားခဲ့တယ်ဆိုတာ ပြောပြပေးပါ'

လုံကွေ့ စိတ်မကောင်းဖြစ်သွားလေသည်။

'သခင်မရယ် ဒီလိုမပြောပါနဲ့'

မေရှမ်းဖုံးက....

'ကျွန်မရဲ့အခြေအနေကို ကျွန်မသိပါတယ်ရှင်၊ ကျွန်ေ
ကူညီမယ် မဟုတ်လား'

လုံကွေ့ သက်ပြင်းချလိုက်သည်။

'ကျုပ်က သခင်မတို့အတွက် အသက်စွန့်ရမှာတောင် ဝ
မလေးဖါဘူး ကျုပ်ကူညီပါမယ်'

မေရှမ်းဖုံး ကျေနပ်သွားလေသည်။

'ခုဖြင့်'

မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရမည်ဆိုသည်ကို ေ
ရှမ်းဖုံးက ပြောပြလိုက်လေသည်။

* * *

လုံကွေ့က လက်ဖက်ရည်ကြမ်းတစ်ခွက် သောက်လိုက်ပြီး
သည်။

လုယိကျုံးကား မလှုပ်မယှက်ရှိနေ၏။

ကူးယင်ထံသို့ သူမက မည်သို့မည်ပုံ ရောက်ရှိလာခဲ့ရပုံကို
သိရပြီး ဖြစ်လေသည်။

သူအသက်နှစ်ဆယ်ပြည့်သောနှစ်တွင် ကူးယင်ပြောခဲ့သော
စကားများကိုလည်း ပြန်လည်အမှတ်ရလာလေသည်။

လုံကွေ့က ရေနွေးကြမ်းခွက်ကို ပြန်ချထားလိုက်ပြီး....

'ကျုပ်တို့ဟာ နှစ်ပေါင်းနှစ်ဆယ် ကြာပြီး တဲ့နောက်
ပေါင်းကျင်းမြို့ကယင်းလက်ဖက်ခြောက်ဆိုင်မှာ ပြန်ပြီးဆုံတွေ့
ကြဖို့ ချိန်းဆိုလိုက်ကြတယ်၊ အဲဒီနောက် သခင်မလေးဟာ
ကလေးကိုပွေ့ချီပြီး တောင်ပေါ်ကို တက်သွားတော့တာပဲ၊
ကျုပ်တို့လမ်းခွဲလိုက်ကြတယ်၊ အဲဒီနောက်ပိုင်း တယ်တော့မှ
ပြန်မဆုံဖြစ်ကြတော့ဘူး၊ တကယ်လို့သာမေရှမ်းဖုံး အသက်
ရှင်ခဲ့ရင်....'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

လုယိကျုံးက....

'မမေမေဟာ ကျွန်တော့်ကို ဒေါ်လေးကူးရဲ့လက်ထဲအပ်
မကြာခင်မှာပဲ သေဆုံးသွားခဲ့ပါတယ်ခင်ဗျာ'

လုံကွေ့က....

'သူတို့နှစ်ယောက်စလုံး မရှိတော့တဲ့ကိုး/ အခု မင်းကို
ကူးယင်က လွှတ်လိုက်တာဟုတ်လား'

လုယိကျုံးက....

'ဟုတ်ပါတယ်ခင်ဗျာ'

လုံကွေ့က....

'သမားတော်ခြံဝင်းကို ဖျက်ဆီးခဲ့တဲ့ လူတွေကို မင်းရိပ်မိ လောက်ပြီ ထင်ပါတယ်'

လုယိကျုံးက....

'ဟုတ်ကဲ့....ကျွန်တော်ရိပ်မိပါပြီ ခင်ဗျာ၊ ကျွန်တော်က သူတို့နဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်သွားမှာပါ'

ဟု ပြောလိုက်၏။

ထိုစဉ်....

'လုယိကျုံး၊ မင်း ပြေးလို့မရတော့ဘူး၊ ထွက်လာခဲ့စမ်း'

အပြင်ဘက်မှ အော်ပြောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

မေတ္တာနှင့်မျက်ရည်

အပြင်ဘက်မှကျယ်လောင်သောစကားသံများ ထွက်ပေါ်လာသည်။

လုယိကျုံး၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။

ယင်းချောင်က....

'အစ်ကိုကြီး ရန်သူတွေလိုက်လာကြပြီ၊ အစ်ကိုကြီးက အဆိပ်မိထားတော့'

ဟု ပြောလေသည်။

လုယိကျုံးက....

'ဟုတ်တယ်လေညီလေး၊ သူတို့လိုက်လာတော့လဲ ကျုပ်က လိုက်မရှာရတော့ဘူးပေါ့'

စကားဆုံးလျှင် အိမ်အပြင်ဘက်သို့လှမ်းထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

'ခဏနေပါဦး သခင်လေး'

လုံကွေ့က ဟန့်တားလိုက်လေသည်။

လုယိကျုံးက....

'ဦးကဘာမျှးခပြောစရာရှိလို့လဲမျှာ'

လုံကွေ့က....

'တခြားတော့မဟုတ်ပါဘူး၊ သခင်လေး အဆိပ်မိထားတယ်ဆိုတာ'

လုယိကျုံး ငိုင်သွားလေသည်။

သူအဆိပ်မိထားသည်မှာ အမှန်ပင်ဖြစ်သည်။

မေဝါးပေးခဲ့သော အဆိပ်ဖြေဆေးကို မှန်မှန်သောက်နေခြင်းကြောင့်သာလျှင် ယခုတိုင် အသက်ရှင်နေခြင်းဖြစ်လေသည်။

ဆေးလုံးလေးမျှားကား သုံးလေးလုံးမျှ ကျန်သေး၏။

နောက်ထပ် သုံးလေးရက်လောက်ကြာမှ အဆိပ်မျှားကျေပျက်သွားစေသာ သိုင်းပညာကို အသုံးပြုလာနိုင်လိမ့်မည် ဖြစ်လေသည်။

လုံကွေ့က....

'သခင်လေး အဆိပ်မိထားတယ်ဆိုရင် ရန်သူနဲ့ရင်ဆိုင်ဖို့ မလွယ်ပါဘူး၊ ဒါကြောင့် သခင်လေးရှောင်တိမ်းသွားပါ၊ ကျုပ်တို့က ရန်သူကိုရင်ဆိုင်ထားပါ့မယ်'

ဟု ပြောလိုက်လေသည်။

လုယိကျုံး ခေါင်းခါယမ်းလိုက်သည်။

'ကိစ္စမရှိဘူး၊ ကျွန်တော်ရင်ဆိုင်မယ်'

လုံကွေ့က....

'သခင်လေး ဖြစ်ပါ့မလား'

'ရပါတယ်'

လုယိကျုံးသည် ရှောင်တိမ်းဖို့စိတ်မကူးတော့ဘဲ ခင်ကောင်ဖြီး အိမ်အပြင်ဘက်သို့ လှမ်းထွက်လာလိုက်လေတော့သည်။

* * *

လုယိကျုံးက အိမ်အပြင်ဘက်သို့လှမ်းထွက်လိုက်လေသည်။

ထိုအခါ....

အပြင်ဘက်၌ ထင်းစန်း ဦးဆောင်သော မိုးကြိုးဂိုဏ်းသားများကိုလည်းကောင်း၊ အခြားသော ဂိုဏ်းသားများကိုလည်းကောင်း တွေ့မြင်လိုက်ရလေသည်။

လုယိုကျုံး မဲ့ပြုံးပြုံးလိုက်လေသည်။

ထင်းစန်းတို့သည် ဝက်ပါတောအုပ်ကိုမဖြတ်ရဲတဲ့ ရှိနေခဲ့ကြ၏။

သို့သော်....

မိုးလင်းသွားသောအခါ အချို့သောသိုင်းလောကသားများက ဖြတ်သန်းသွားကြပြီး ဘာမှ မဖြစ်ကြလေသောအခါ အရဲစွန့်ပြီး ဖြတ်လာခဲ့ကြခြင်းဖြစ်လေသည်။

နေ့အချိန်တွင် အဆိပ်ပိုးကောင်များ၏ အန္တရာယ်ကို မတွေ့ရသည့်အပြင် လမ်းမှားမည်ကိုလည်း မစိုးရိမ်ရတော့ပေ။

ထင်းစန်းတို့လူစုသည် လုယိုကျုံးရှိနေသော အရပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

လုယိုကျုံးကိုမြင်လျှင် ထင်းစန်းက....

'ဟော့....မင်းအသက်မသေချင်ရင် ရွှေပုရပိုက်ကို ပေးပါ'

ဟု တောင်းလိုက်လေသည်။

လုယိုကျုံးက....

'ရွှေပုရပိုက်ကိုလိုချင်ရင် ကျုပ်ကို နှိုင်အောင် တိုက်ခိုက်နိုင်မှ ဖြစ်မှာယ်'

ထင်းစန်းက....

'ဩော်....ဒီလိုလား၊ ဟေ့ကောင်တွေ တိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

ဤတွင်....

'ယား'

မိုးကြိုးဂိုဏ်းသားများသည် ငြာသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

လုယိုကျုံးလည်း ဖြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျာ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာစေသာ မိုးကြိုးဂိုဏ်းသားများ မရှုမလှ အရေးနိမ့်သွားကြလေသည်။

ထင်းစန်းခြင်းသွားပြီး...

'သေပေတော့'

ဟု အော်ငေါက်ကာ ကိုယ်တိုင်ခုန်ဝင်တိုက်ခိုက်လိုက်၏။

လူယုံကျုံးက လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်လျှင်....

'စုန်း'

'အား'

ထင်းစန်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ပိုးကြိုးဂိုဏ်းသားများသည် အခြေအနေမဟန်မှန်းသိလျင် ထင်းစန်းကိုခေါ်ကာ ထွက်ပြေးရှောင်တိမ်းသွားကြလေတော့သည်။

အခြား သိုင်းလောကသားများသည် ရှေ့ပုရပိုက်အား လိုချင်စိတ်ဖြင့် လူယုံကျုံးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လူယုံကျုံးက ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'နောက်ဆုတ်လိုက်စမ်း'

အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။

လူရိပ်နှစ်ခုသည် ခုန်ပျံရောက်ရှိလာပြီး သိုင်းလောကသားများအား တိုက်ခိုက်လိုက်ကြလေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျာ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး သိုင်းလောကသားများ ဖရိုဖရဲ ဖြစ်သွားကြသည်။

အခြေအနေမဟန်သဖြင့် ထွက်ခွာပြေးရှောင်တိမ်းသွားကြပြန်လေတော့သည်။

လူယုံကျုံးက သူ့အား ဝင်ရောက်ကူညီလိုက်သူနှစ်ယောက်အား လှမ်းကြည့်လိုက်လေသည်။

ဘိုအခါ....

'ဟင်....ကျွဲဖုံး'

'စုချင်း'

တအံ့တသြ ရေရွတ်လိုက်မိသည်။

သူ့အား ကူညီသွန်သင်ယောက်မှာ ကျွဲဖုံးနှင့်စုချင်းတို့ ဖြစ်နေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ကျွဲဖုံးက ရယ်မောလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ သိုင်းလောကသားတွေက အစ်ကို့ကို ဒုက္ခပေးဖို့ ကြံစည်နေကြဘာကို သိလို့ကူညီဖို့ ကျွန်မလာခဲ့တာပါ'

စုချင်းက....

'ဆြော်....ညည်းက ကျွန်မနောက် လိုက်လာတယ်ပေါ့လေ'

ကျွဲဖုံးက....

'ကျွန်မက အယ်သူ့နောက်ကို လိုက်လာရမှာလဲ'

'ညည်း'

စုချင်းက တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လုယိကျုံးက ဟန့်တားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ဟူး....ဟူး....ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လူရိပ်လေးခု ပြုံးလျှံးရောက်ရှိလာသည်ကို တွေ့ရလေသည်။

စုချင်းနှင့်ကျွဲဖုံးတို့ တိုက်ခိုက်ခြင်းမပြုဖြစ်ကြတော့ချေ။

သူတို့သည် လုယိကျုံး၏ရှေ့တွင် အကာအကွယ် ပြုထားလိုက်ကြလေသည်။

ရောက်ရှိလာသူလေးယောက်မှာမျက်နှာဖုံးစွပ်ထားသူများဖြစ်ကြလေသည်။

လုယိကျုံး ဒေါသဖြစ်လာလေသည်။

'ခင်ဗျားတို့ရောက်လာပြီကိုး'

ဟု ပြောလိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူ လေးယောက်အနက် နှစ်ယောက်သည် စုချင်းနှင့်ကျွဲဖုံးတို့အား ဝင်တွေ့လိုက်ရသောအခါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

တစ်ယောက်က....

'မိန်းမလေးတွေ မင်းတို့ ထွက်သွားကြရင်ကောင်းမယ်ဟုးအော်ငေါက်လိုက်လေသည်။

စုချင်းက....

'စိတ်ချ၊ ရှင်တို့ကိုဆုံးမပြီးမှသွားမယ်'

သူမသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဘဲ စကားတိုက်ခိုက်လိုက်လေသည်။

ကျေဖုံးက....

'ကျွန်မလဲရှိသေးတယ်'

ဟုပြောကာ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူများသည် ပြန်လည်တိုက်ခိုက်ခြင်းမပြုကြဘဲ ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

ထိုဖြစ်ရပ်ကြောင့် လူယုံကျုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'သူတို့က ဘာကြောင့် ကျေဖုံးတို့ကို မတိုက်ခိုက်ကြတာပါလိမ့်'

သူတွေးတောနေစဉ်....

'ယား'

'ထေပေတော့'

ကျေဖုံးနှင့်စုချင်းတို့သည် ငြားသံပေးကာ မျက်နှာဖုံးစွပ်ထားသူများထံ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူများက နောက်ဆုတ်လိုက်ကြပြန်သည်။

လူယုံကျုံး မယုံနိုင်အောင်ဖြစ်နေ၏။

ထိုစဉ်....

'ခင်ဗျားတို့ ဒီလိုပဲ ရှောင်နေလို့ဖြစ်မလား'

မျက်နှာဖုံးစွပ်ထားသူတစ်ယောက်၏ မကျေမနပ်စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အခြားတစ်ယောက်က....

'ဟုတ်တယ်၊ သူတို့ကြောင့်တော့ ကျုပ်တို့ရဲ့ အစီအစဉ်အပျက်မခံနိုင်ဘူး'

ဟု ပြောလေသည်။

ချက်ချင်းရှေ့ သို့ခုန်ထွက်လာပြီး စုချင်းတို့အား တိုက်ခိုက်လိုက်လေသည်။

အခြား မျက်နှာဖုံး စွပ်ထားသူနှစ်ယောက် ထိတ်လန့်သွားကြ၏။

'မလုပ်နဲ့'

ဟု ကပျာကယာ တားမြစ်လိုက်ကြလေသည်။

သို့သော်....

မျက်နှာဖုံးစွပ်ထားသူ နှစ်ယောက်၏ လှုပ်ရှားတိုက်ခိုက်မှုမှာ လျင်မြန်လွန်းရကာ....

'အင့်...'

'အွန့်...'

မသဲမကွဲ ညည်းညူသံများ ထွက်ပေါ်လာလေသည်။

ကျွဲဖုံးနှင့် စုချင်းတို့မှာ မျက်နှာဖုံးစွပ်ထားသူ နှစ်ယောက်အား မယှဉ်နိုင်တဲ့ သွေးကြောပိတ် ခံလိုက်ရလေတော့သည်။

ယခု....

လုယက်ကျူးအား ကာကွယ်ပေးမည့်သူ မရှိတော့ပါ။

လုယက်ကျူးသည် မျက်နှာဖုံးစွပ်ထားသူများနှင့် ခင်ဆိုင်လိုက်လေသည်။

ယင်းချောင်နှင့်လုံကွေ့တို့က အိမ်ထဲမှ ပြေးထွက်လာကြ၏။

လုယက်ကျူး အဆိပ်မိထားသည်ဖြစ်ရာ သူတို့က ရန်သူကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်လေသည်။

လုံကွေ့က....

'သခင်လေး နောက်ဆုတ်လိုက်ပါ'

ဟု ပြောကာ ယင်းချောင်နှင့်အတူ မျက်နှာဖုံးစွပ်ထားသူ လေးလောက်ထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က....

'ဧသစမ်း'

ဟု ငေါက်ကာ လက်ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေသည်။

သူတို့ တိပ်တိုက်ရင်ဆိုင်မိသည်နှင့်....

'ဝှန်း....'

'အား'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

ယင်းချောင်သည် အဝေးသို့ လွင့်စဉ်သွားကာ မြေပေါ်ပဲကျပြီး သတိလစ်မေ့မြောသွားလေသည်။

လုံကွေ့လည်း နောက်ဆုတ်လိုက်ရ၏။

သို့သော်....

'လူယုတ်မာတွေ သိကြသေးတာပေါ့'

ဟု ကြုံးဝါးရင်း နဂါးလက်သည်း သိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေ၏။

မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က....

'မင်းရဲ့ နဂါးလက်သည်း သိုင်းကွက်ကို ကျုပ်ကကြောက်မယ်များ ထင်နေသလား'

ဟု ငေါက်ကာ အသာအယာ ရှောင်တိမ်းပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်လျှင်....

'စုန်း....'

'ဆွဲန့်....'

လုံကွေ့သည် ခြေထောက်ကန်ချက်မိသွားပြီး အဝေးသို့ လွင့်စဉ်သွားလေသည်။

လုယိကျုံး သက်ပြင်းချလိုက်သည်။

သတိမေ့နေကြပြီဖြစ်သော လုံးကွန့်နှင့် ယင်းချောင်တို့ကို လည်းကောင်း၊ စုချင်းနှင့်ကျဖုံးတို့ကို လည်းကောင်း ဝေ့ကြည့်လိုက်၏။

မျက်နှာဖုံးစွပ်ထားသူ လေးယောက်သည် အလွန်ကြောက်မက်ဖွယ်ကောင်းသူများ ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

မည်သို့ဆိုစေ....

ထိုသူလေးယောက်အား ရင်ဆိုင်နိုင်မှ မိမိ၏ ရည်ရွယ်ချက်ပြည့်ဝမည်ဟု နားလည်ထားလေသည်။

လုယိကျုံးက ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က....

'ရွှေပုရပိုက်ကိုပေးပါ၊ မင်းကို အသက်ချမ်းသာပေးမယ်'

ဟု ပြောလာလေသည်။

လုယိကျုံးက....

'ရွှေပုရပိုက်ကို လိုချင်ရင် ကျုပ်ကိုနှိုင်အောင် တိုက်ခိုက်ပါ'

မျက်နှာဖုံးစွပ်က....

'မင်းသေချင်ပြီထင်တယ်'

လူယုံကျုံးက....

'ကျုပ်က ခင်ဗျားကိုဆုံးမပါ့မယ်'

မျက်နှာဖုံးရှင်က လှောင်ပြောင် ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား.... မင်းက ဘာတတ်နိုင်မှာမို့လဲကဲ....သတိသာထားပေတော့'

စကားဆုံးလျှင် စတင် တိုက်ခိုက်လိုက်လေသည်။

လုံယိကျုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင် မိလိုက်သည့်နှင့်....

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

လုယိကျုံး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး....

'ဝေါ့....'

ပါးစပ်ထဲမှ သွေးမည်းမျှား အန်ထုတ်လိုက်လေသည်။

'ဟား... ဟား... ဟား'

မျက်နှာဖုံးစွပ်ထားသူက ဟားတိုက်ရယ်မောလိုက်ပြီး....

'ရွှေပုရိုက်ဘယ်မှာလဲ ပြောစမ်း'

ဟု မေးလေသည်။

လုယိကျုံးက အဖြေမပေးဘဲ အံတင်းတင်းကြိတ်ကာ တိုက်ခိုက်လိုက်လေသည်။

'မင်းသေချင်ပြီထင်တယ်'

မျက်နှာဖုံးစွပ်ထားသူက အသာအယာ ရှောင်တိမ်းပြီး လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဝုန်း....'

'အား'

လူယုံကျုံး မြေပေါ်လဲကျသွားလေသည်။

မျက်နှာဖုံးစွပ်ထားသူက....

'ပြောစမ်း ရွှေပုရိုက်ဘယ်မှာလဲ'

ဟု ငေါက်လိုက်၏။

လုယင်ကျုံးက မြေပေါ်မှ လူးလိမ့်ထလိုက်၏။

သို့သော်....

'ဖုတ်'

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် မြေပေါ်ပြန်လည်လဲကျသွား လေသည်။

ကောင်းစွာမရပ်နိုင်တော့သဖြင့် မြေပေါ်တွင် တင်ပျဉ်ခွေကာ ထိုင်လိုက်ရလေသည်။

အဆက်ကိမ့်မှန်ရွှေရှိုက်ရင်း အတွင်းအားကို ဖော်ထုတ် လိုက်လေသည်။

အဆိပ်ဒဏ်ကြောင့် လည်းကောင်း၊ တိုက်ခိုက်ခြင်းခံရ၍ လည်းကောင်း အခြေအနေမဟန်တော့ပေ။

သို့သော်....

တင်ပျဉ်ခွေထိုင်ချပြီး အတွင်းအားကို ဖော်ထုတ်လိုက် သောအခါ သူ၏ခန္ဓာကိုယ်တဲ့ ထူးခြားသောအငွေ့တစ်ခုဖြစ် ပေါ်လာလေသည်။

ထိုအပူငွေ့ကြောင့် တစ်ခဏအတွင်းမှာပင် တစ်ကိုယ်သုံး လန်းဆန်းပေါ့ပါးသွားသည်ဟု ခံစားထားရလေသည်။

လုယိကျုံးသည် ပတ်ဝန်းကျင်ကို လျစ်လျူရှုကာအာရုံ အား တိုးတက်လာအောင် လေ့ကျင့်နေလိုက်၏။

မျက်နှာဖုံး စွပ်ထားသူက....

'မင်းသောချင်ပြီဆင်တယ်'

ဟု ငေါက်ကာ လုယိကျုံးအား လက်ဝါးဖြင့် ရိုက်ချလိုက် ၏။

ချတ်တရက်....

'ဂွိုး'

သူ၏လက်ဝါးသည် လေထဲသို့သာ ရိုက်ချလိုက်လေသည်။

အင်္ကျီင်းကား....

လုယင်ကျုံးသည် ဒေဇာတွင်မရှိတော့ဘဲ အဝေးသို့ခဏချင်း ထွက်ပြီးသား ဖြစ်သွားခြင်းခင်္ကြင့်ပင်....

မျက်နှာဖုံးစွပ်ထားသူ ရုပ်ထိတ်သွားသည်။

'မင်း...မင်း'

လုယိကျုံးက ထိုင်ဆုမှခုန်ထလိုက်၏။

သူသည်ရန်သူ၏တိုက်ခိုက်မှုကြောင့် အဆိပ်များကိုအန်ထုတ်ခဲ့ရသည် ဖြစ်ရကား အချိန်မတန်မီ အဆိပ်များကင်းစင်သွားခြင်းပင် ဖြင့်ပေတော့သည်။

လုယိကျုံးက....

'ခင်ဗျားတယ်သူလဲ၊ ထင်းရှောင်ကဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

မျက်နှာဖုံးစွပ်က....

'မင်း...မင်း'

လုယိကျုံးက....

'ခင်ဗျားတို့ဟာ ကျုပ်အဖေကို လုပ်ကြံတဲ့လူတွေပဲ ဖြစ်မယ်ဆိုတာ ကျုပ်သိပြီးပါပြီ'

ဟု တည်ကြည်သောမျက်နှာထားဖြင့်ပြောလိုက်လေသည်။

မျက်နှာဖုံးစွပ်က....

'ဟုတ်တယ်... ငါတို့ဟာ ရွှေပုရပိုက်ကိုရယူဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကာတည်းက ကြိုးစားခဲ့ကြတာ၊ မင်းအဖေဟာ အေးအေးဆေးဆေး ပေးမယ်ဆိုရင် မင်းအဖေအသက်ခံရစရာ အကြောင်းမရှိဘူးပေါ့'

လုယိကျုံးက....

'ခင်ဗျားတို့လိုချင်တဲ့ ရွှေပုရပိုက်ကို ရရစေပါ့မယ်ဗျာ'

မျက်နှာဖုံးစွပ်က....

'ပေးစမ်း'

ဟု လက်ဝါးဖြန့်ကာ တောင်းလေသည်။

လုယိကျုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ကို အနှိုင်တိုက်ခိုက်နိုင်မှရမယ်'

'ဩော်....ဒီလိုလား'

မျက်နှာဖုံးစွပ်ထားသူ မကျေမနပ်ဖြစ်သွားလေသည်။

'သိကြသေးတာပေါ့'

ဟု ကြုံးဝါးကာ လျှပ်တစ်ပြက် ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

လုယိကျုံးကလည်း ပြုံးလည် တိုက်ခိုက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုသည် အလွန်သွက်ဆန်းနေသည်။

မျက်နှာဖုံးစွပ်၏ တိုက်ခိုက်မှုကို အာသာအယာပင် ရှောင်တိမ်းကာ လက်ဝါးဖြင့် ပြန်လည် ရိုက်ချလိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

မျက်နှာဖုံးစွပ်ထားသူမှာ မြေပေါ်အချပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

* * *

'ဟင်'

'ဟာ'

'ဘယ်လိုဖြစ်တာလဲ'

မျက်နှာဖုံးစွပ်ထားသူသုံးယောက် လွှတ်ခနဲ ဇရုတ်လိုက်၏။

သူတို့၏ အဖော်တစ်ယောက် ခံလိုက်ရသည်ကို တွေ့ရလျှင် ခံပြင်း ဒေါသထွက်သွားပြီး....

'သိကြားတာပေါ့'

ဟု ကြုံးဝါးကာ တိုက်ခိုက်လိုက်ကြလေသည်။

ရုတ်တရက်....

မျက်စိ ကန်းသွားစေနိုင်လောက်သော လျှပ်ပြက်သည့် အလင်းတန်းများ ဖြစ်ပေါ်လာလေသည်။

'ဂျိမ့်'

မီးကြိုးသွားလက်နက်သည် ကျယ်လောင်စွာသော မြည်ဟည်းသံပေးကာ တိုးဝင်လာ၏။

ထို့အပြင်....

တိမ်မျင်များကဲ့သို့ ဖြူဖွေးသော ပိုက်ကွန်တစ်ခုကရစ်ပတ်လာလေသည်။

လုယိကျုံးသည် ခန္ဓာကိုယ်တစ်ပတ်လှည့်လိုက်၏။

'ခြွမ်း'

ကျယ်လောင်သော မြည်သံနှင့်အတူ ရွှေဆောင်ဝင်းလက်ဆောက်ပသွားလေသည်။

မရွေးမနှောင်းမှာပင်....

'ငုန်း'

'အား'

'အမယ်လေး'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာ၏။

မျက်နှာဖုံးစွပ်သုံးယောက်မှာ မြေပေါ် ဘိုင်းခနဲ ဘိုင်းခနဲ လဲကျသွားကြလေတော့သည်။

* * *

မျက်နှာဖုံးစွပ်ထားသူလေးယောက်စလုံး လဲကျနေ၏။

လုယ်ကျုံးက မျက်နှာဖုံးစွပ်များကိုဆွဲချွတ်လိုက်၏။

ထိုအခါ....

မီးအိမ်ဂိုဏ်းချုပ် ကျွန်ုပ်ဟန်။

တိမ်ဖြူဂိုဏ်းချုပ် မန်ပို့။

မိုးကြိုးချုပ်ဂိုဏ်းချုပ် ထင်းရှောင်။

လျှပ်စီးဂိုဏ်းချုပ် စုကျင်း။

တို့ဖြစ်နေကြသည်ကို တွေ့ရ၏။

လုယ်ကျုံးသည် ကူးယင်သင်ပေးထားသဖြင့် ရွှေပုရိုက်မှ သိုင်းပညာရပ်များကို ဘတ်မြောက်ထားရကား မီးအိမ်ဂိုဏ်းချုပ်တို့ မရှုမလှုအရေးနိမ့်သွားကြခြင်း ဖြစ်ပေတော့သည်။

သူတို့သည် သမားတော်ခြံဝင်းအား ဖျက်ဆီးခဲ့ကြသူများဖြစ်လေသည်။

ယခုတော့ လုယ်ကျုံးက ဖော်ထုတ်ဆုံးမနိုင်လိုက်ပြီ ဖြစ်လေသည်။

မည်သို့ဆိုစေ....

လုယ်ကျုံးသည် စုချင်းနှင့် ကျေဖုံးတို့အား မျက်နှာချင်းဆိုင်ဖို့ မစဉ်းရဲအောင် ဖြစ်သွားရလေတော့သည်။

* * *

သိုင်းလောကတွင်....

မိုးကြိုးဂိုဏ်းချုပ်ထင်းရှောင်တို့ကဲ့သို့ အဖြူရောင် သိုင်းသမား အမည်ခံထားကြသူများသည် တစ်ချိန်ကမကောင်းမှုပြုလုပ်ခဲ့ကြသူများဖြစ်ကြောင်း ပေါ်ပေါက်သွားလေသည်။

မိုးကြိုး၊ တိမ်ဖြူ၊ လျှပ်စီးနှင့် မီးအိမ်ဂိုဏ်းတို့သည် အလိုလို ပြိုကွဲသွားလေတော့သည်။

* * *

ဝန်းကပ်တစ်ခုလုံး စီမံးလန်းစိုပြည်နေ၏။
အားမြေသောလေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်နေ၏။
သိုင်းလေးကမ္ဘ လေဘသားကောင်မျိုးက ရွှေပုရပိုတ်ကို လှုယူနိုင်ရေးအတွက် လုံယိကျုံးအား သဲကြီးမဲကြီး လိုက်လံရှာဖွေနေကြချိန်မှာပင်....
လယိကျုံးသည် သိုင်းလောကနှင့်ဝေးရာမြောင်နယ်ခြားသို့ ဦးတည်ထွားနေပြီဖြစ်လေသည်။
သူက သိုင်းလေးကသို့ပြန်လည်ခြေချတော့မည်မဟုတ်ပါ။
သူချစ်ရသော ဓမဝါးနှင့်အတူ ဘစ်သက်လုံးဇာတ်သိမ်းစွာ နေထိုင်သွားတော့မည်ဖြစ်လေသည်။

(မြီးပါပြီ)